# တန်းခိုးဆရာတွင်း



**တန်ခိုးဆရာထွန်း**

# ရခိုင်သာခြင်းများ


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၉၄၂/ ၂၀၀၀(၁၁) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၆၄၅/ ၂၀၀၁ (၈) |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | ၂၀၀၁-ခုနှစ်၊ စက်တင်ဘာလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၅၀၀)ကျပ် |

ထုတ်ဝေသူ

ဦးထွန်းလှိုင်
အမှတ်-၇၅၊ ဝေပုလ္လ၂ လမ်း၊
(ဃ)ရပ်ကွက်၊
မြောက်ဥက္ကလာ။

ပုံနှိပ်သူ ------ ဒေါ်ခင်ခင်ဝင်း
ကလျာပုံနှိပ်တိုက်
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊
သုဝဏ္ဏ၊ ရန်ကုန်မြို့ ။

ဖြန့်ချိရေး

ရခိုင်သားကြီးစာပေ
ခ၊ ၅၅–ကျွန်းရွှေဝါလမ်း၊
ဘုရင့်နောင်ပွဲရုံတန်း၊ ရန်ကုန်မြို့။
ဖုန်း–၆၈၀၆၇၂၊ ၆၈၁၈၂၆

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ထုတ်ဝေသူအမှာ ဥဒါန်း ရခိုင်လှမြင့် | ၄ |
| ၂။ | ရခိုင်တေးဂီတစာပီထုတ်ဝီမှု နတ်မြစ်-စန်းအောင် | ၃ |
| ၃။ | မွေးမိခင်ကေသနီနှင့် သားဉဒိန်သာခြင်းသစ် | ၁ |
| ၄။ | အလောင်းတော်ရာမ သာခြင်းသစ် | ၉၁ |


# ဥဒါန်း

"စေတနာ ပုံနှိပ်တိုက်က ကိုအောင်ကျော်သာ ရခိုင်စာအုပ်နန့် ရခိုင်တိတ်ခွေတိကို မရောင်းဗျာယ်၊ မဖြန့်ပီးဗျာယ်ဆိုဝါ၊ ဟုတ်လား၊ မင်းနန့်ကိုအောင်ကျော်သာ ဖုန်းပြောနိန်ခါ နားသန်းနားဝါ ကြားရရေလို့ ဦးခင်မောင် တစ်ရက်နိန့်က လက်ဖက်ရည်သောကယင်း ပြောပြရေဝေ"

"ဟုတ်တေဆရာ၊ ကိုအောင်ကျော်သာ တစ်ယောက် စိတ်ပျက်လားခဗျာယ်လေ၊ စာအုပ်တိကလည်း ရောင်းမစွံ၊ သိမ်းထားစွာ စာအုပ်တိကလည်း ပျက်စီးလာရေ၊ ရောင်းဖို့ချဖို့လည်း လက်မလုံ ခြီမလုံဖြစ်နီရစွာနန့် မြို့နယ်မဂ္ဂဇင်းတိကိုကြားက ဖေသာစိုက်လို့ သယ်ယူပို့ဆောင်ရေး လုပ်ထားခရကေလေ့ စိုက်ပီးထားရေဖေသာတိကို အကြွီးတောင်းလို့ မရစွာကလေ့ ဒုက္ခဖြစ်နီရရေလတ်၊ ယင်းလူတိကလေ့ အကူအညီတောင်းခါ တောင်းပြီးကေ အခုမှ တစ်ခုလေ့မသိကတ် ပိုင်ပျင်နီကတ်တေဆိုဝါ၊ ယင်းပိုင်ယင်းပိုင် အကြောင်းအမျိုးမျိုးတိကြောင့် ရခိုင်စာအုပ်နန့် ရခိုင်တိတ်ခွေတိကို ဖြန့်ချိမပီးနိုင်ဗျာယ်လို့ ကျွန်တော်ဖုန်းဆက်တေခါ အပြန်အလှန်ပြောနီကတ်စွာကို ဦးခင်မောင်ကြားလားခလို့ ရာဟိဖို့ အခြားမြို့နယ်တိမှာလဲ ရောင်းလို့မရဗျာယ်ကာ. . ."

ဆရာမောင်ထွန်းရေ အင်တန်သျှေလောက် စဉ်းစားပြီးခါမှ. . .

"ကိုအောင်ကျော်သာ တစ်ယောက် စစ်တွေမြို့မှာ အမာခံအဖြင့်နန့် ရခိုင်စာအုပ်နန့် ရခိုင်တိတ်ခွေတိကို ဖြန့်ပီးနီစွာက ဖြန့်ချိမပီးနိုင်ဗျာယ်လို့ဆိုကေ ငါရို့အတွက် အခက်အခဲတိ အများကြီးကြုံလာနိုင်ရေဒေနှုန်း၊ တခြားမြို့နယ်တိနန့် ဆက်ဆံစွာမှာလေ့ ကိုအောင်ကျော်သာ အကူအညီအများကြီး ပီးခရေမနား၊ ယင်းပိုင် လူတစ်ယောက် ဒေပိုင်စိတ်ပျက်လားခရေဆိုကေ ဒုက္ခဗျာယ်ယေ"

"ဟုတ်ပါရေ၊ ကိုအောင်ကျော်သာ အနေနန့် စေတနာအြားစိုက်လို့ လုပ်ပီးနိုင်သလောက်လေ့ လုပ်ခပါဗျာယ်ပါဆရာ"

"နီကောင်းတတ်တေ မဟုတ်လား လှမြင့်၊ ငါလေ့ရောက်စွာ တစ်ပတ်လောက်ဟိဗျာယ်၊ စိုက်ပျိုးရေးဘဏ် သင်တန်းကိစ္စနန့်လာစွာ၊ အခုသင်တန်းတက်နီရေ၊ လသာလမ်းမှာ"

"ထိုင်ပလင်အစ်ကို၊ မိုးထ ထမင်းစားပြီးမှ ပြန်လီပလင်"

“ဟိပတ်စီဖိဝေ၊ အလုပ်တိလေ့ ဟိသိရေ၊ လားစရာဟိလေ့ ဟိသိရေ၊ အခု ဧရာဝတီတိုင်းဘက်ကလာစွာ၊ ယင်းမှာအသိတစ်ယောက် ပါးကို လားခီရေ၊ အပြန်မှာ မင်းဘက်ကို တစ်ခေါက်ဝင်ခစွာရာဒေ၊ စာအုပ်တိဝါ အသစ်ထွက်လား၊ ဇာစာအုပ်ထွက်နီလေ”

“အဂု ရခိုင်ဆီးသဒ္ဒါကျမ်းကို ရိုက်နီရေကိုး၊ ပြီးကေ တန်ခိုးဆရာထွန်း ‘ရခိုင်သာခြင်းများ”ဆိုရေ စာအုပ်ကို ရိုက်ဖို့”

“ဩော် ဆီးသဒ္ဒါကျမ်းဆိုစွာ ထိုတစ်ခါက မင်းစီစဉ်နီရေ ကဏ္ဍထဲက စာအုပ်လား”

“ဟုတ်ပါရေ”

“အစ်ကို မသိသိလား၊ ကျွန်တော် ၁၃-၈-၉၈ ကပင် စီစဉ်လာစွာ၊ ယာ. . . တစ်ခေါက်ဖတ်ကြည့်ယာ”

သို့

နေ့စွဲ. . .

ဆရာ. . .

ရိုသေလေးစားစွာ စာရီးလိုက်ပါရေ။

ကျွန်တော်ရို့ ရခိုင်သားကြီး စာပီက ‘ရခိုင်သမိုင်းအစုံလင်ဆုံး’ကို သက္ကရာဇ် (၂၀၀၀)တွင် ထုတ်ဝီရန် စီစဉ်စိတ်ကူးနီရေ။ ယင်းပိုင်ကြိုးစားရေနီရာမှာ ဒေပိုင် အခန်းကဏ္ဍတိကို ခွဲခြားသတ်မှတ်ထားပါရေ။

၁။ ရခိုင်သမိုင်း (ရှိုဦးရခိုင်မှ မြောက်ဦးခေတ်နှောင်းပိုင်းအထိ)
၂။ ရခိုင်နှစ်လေးဆယ် (၁၇၈၄ ခုနှစ်မှ ၁၈၂၄ ခုနှစ်အထိ)
၃။ အင်္ဂလိပ်ခေတ် ရခိုင် (၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ)
၄။ လွတ်လပ်ရေးခေတ် (၁၉၄၈ ခုနှစ်မှ ဒေနိအထိ)
၅။ ရခိုင်ယဉ်ကျေးမှု
၆။ ရခိုင်စာပီ
၇။ ရခိုင်ဗုဒ္ဓအနုပညာ
၈၊ ရခိုင်ပထဝီ
၉။ ရခိုင်တိုင်းရင်းဆီးဝါးလို့ ယာယီသတ်မှတ်ထားပါရေ။

ယင်းအတွက်နန့် ပီပြင်တိကျရေ သမိုင်းကြောင်းတိ ပါဝ်ငနိုင်ဖို့အတွက် ဆရာ့အား. . . . . . . . . . . . . . . . . . . ကဏ္ဍကို ပါဝင်ရီးသားပီးပါရန် လေးစားစွာ မေတ္တာရပ်ခံပါရေ။

စီစဉ်သူ
ရခိုင်လှမြင့်
ရခိုင်သားကြီးစာပီ
ခ/၅၅၊ ဘုရင့်နောင်ပွဲရုံ
ရန်ကုန်မြို့။

“ယေကေ ဒေကဏ္ဍတိကို အသူရို့က ရီးကတ်ဖို့စွာလေ”

“အမှတ်စဉ်(၁)ကို ဆရာကြီး ဦးရွှေဇံအောင်နန့် ဆရာကြီးဦးကျော်၊
အမှတ်စဉ်(၂)ကို ဆရာဦးလှထွန်းဖြူ။
အမှတ်စဉ်(၃)ကို ဆရာဦးမြထွန်းအောင်။
အမှတ်စဉ်(၄)ကို ဆရာဦးမောင်ကျော်ဇော(မြောက်ဦး)။
အမှတ်စဉ်(၅)ကို ဆရာဦးအောင်လှသိန်း။
အမှတ်စဉ်(၆)ကို ဆရာဦးမောင်ဗသိန်း။
အမှတ်စဉ်(၇)ကို ဆရာဦးကျော်ကျော်လှ(မြောက်ဦး)။
အမှတ်စဉ်(၈)ကို ဦးထွန်းရွှေ(ထွန်းရွှေခိုင်-မဟာဝိဇ္ဇာ)။
အမှတ်စဉ်(၂)ကို ဆရာဦးအောင်ချစ်ရို့ သဘောတူလက်မှတ်ရီးထိုးထားကတ်တေဝါ”

“အေလေ. . .၊ တတ်ကျွမ်းနားလည်ရေ သုတေသီတိက ရီးပီးကတ်ဖို့ဆိုကေ ပိုလို့ကောင်းလာရေ ရခိုင်သမိုင်းတိ ထွက်လာနိုင်ဖို့မနားယေ။ အဂု ရခိုင်ဆီးသဒ္ဒါကျမ်းက. . .”

“ဒေအစီအစဉ်မှာပါရေ အမှတ်စဉ်(၉)ရခိုင် တိုင်းရင်းဆီးဝါးကို ရခိုင်ဆီးသဒ္ဒါကျမ်းလို့ နာမည်ပြောင်းဗျာယ်ထုတ်စွာရာ”

“ကျန်ရေစာအုပ်တိဝါ ထွက်ဖို့နီးနီဗျာယ်လား”

“ဟုတ်တယ်၊ သဘောတူထားရေ ဆရာကြီးတိက ရီးနီကတ်တုန်းသိ”

“ယင်းပိုင်ဆိုကေ ရခိုင်စာအုပ်ကောင်းတိ ထုတ်ဝီပီးဖို့သိဆိုလို့ ငါကောင်းကောင်း ဝမ်းသာရေထော လှမြင့်”

“ထုတ်ဝီစွာကတော့ ဟုတ်ပါဗျာယ် ကိုစံညွန့် အသူဖတ်ဖို့လဲ၊ ရခိုင်သားတိ စိတ်ဝင်စားမှု ဟိရေလို့ကား မမြင်ကာ”

“ဇာဖြစ်လို့လဲ”

“အစ်ကိုစဉ်းစားကြည့်လေ၊ အစ်ကိုရို့အယင်ခါ စာအုပ်တစ်ရာ မင်းပြား ကို ဖြန့်ပီးရေ၊ အဂု နှစ်ဆယ်တောင်မကုန်ဗျာယ်၊ ဖြန့်မပီးနိုင်ဗျာယ်ဆိုပြီးကေလေ့၊ ညီနီကတ်တေ မဟုတ်လား၊ ကျွန်တော်ညည်းကေတော့ အသံကြားရရေလတ်”

“ဟုတ်တေဝေ၊ ငါရို့လေ့ တဖြည်းဖြည်း လျှော့လာရေ၊ ပျော့လောရေ၊ အယင် ခါဆိုကေ အာပေါင်အာရင်းသန်သန်နန့် လက်ဖက်ရည်ဆိုင်တိ၊ လူစုရေနီရာတိ မှာ ရခိုင်စာအုပ်တိကို ကိုင်ဗျာယ်ဒေစာအုပ်တိ ဇာပိုင်ကောင်းကြောင်း၊ ဒေမဂ္ဂဇင်း တိမှာ ဇာတိပါကြောင်း ပြောဆိုရှင်းပြလို့ အတင်းရောင်းရေ၊ အဂုကတော့ ရောင်းဖန် များလာလို့ လာတော့မသိ၊ ငါ့ကိုမြင်ကေ စာအုပ်ရောင်းဖို့လာ ဗျာယ်ထောလို့ အမြင် မျိုးနန့် ကြည့်နီကတ်တေ၊ ရောင်းရရေလူတောင် ရှက်လာ ဗျာယ်ဝေ”

“အစ်ကိုရို့စာအုပ်နှစ်ဆယ်သုံးဆယ် ရောင်းရရေလူတိ စိတ်ပျက်ခဗျာယ်ဆို ကေ ကျွန်တော်ဝါ. . . ”

“မင်းစိတ်ပျက်လားလို့တော့မဖြစ်၊ မင်းကိုယ်မင်း အချိန်မှန်မှန် တွန်နိုင်ရေ တိုက်ကြက်တစ်ကောင်ပိုင် သဘောထား၊ နိစဉ်တွန်နိုင်အောင်ကြိုးစား”

“ဇာ. . . အစ်ကို၊ တိုက်ကြက်တစ်ကောင်းပိုင် အချိန်မှန်မှန် တွန်ဖို့. . . ဟုတ်လား”

* * *

ဇာတိလား. . . မြောက်ဦးမြို့သား၊ မြို့ထက်ကတော့ မဟုတ်။ ကွမ်းသီးတော မဟာထီးက။ ဒေပိုင်ရှင်လက်ထဲကိုရောက်မှ ရွှေနီလို့ နာမည်ပီးစွာ၊ အစကျွန်းမှာ နီရေခါ နာမည်မဟိ။ ဒေလူကလေ့ ချစ်လို့မွီးစပ်စွာမဟုတ်။ သူရို့သျှစ်သောင်း ဘုရားပွဲမှာ ထမင်းဆိုင်ရောင်းဖို့ ကြက်ဝယ်ရင်း ရီစက်ဆုံလို့ တွီခကတ်စွာရာ။ ယေကေလေ့ အိမ်ကိုရောက်ပြီးမှ တိုက်ကြက်ဆိုပြီးကေ မွီးစပ်လို့ အသက်ရှင်ခွင့် ရစွာ။ ရွာမှာကတော့ အရိပ်မြိုင်မြိုင် ကွမ်းသီးပင်အောက်မှာ နီရစွာ ဇိမ်ဗျာယ်။ သူနန့်တွီခါစက ဆယ်လသားရာဟိသရေ။ တက်တုန်းပျိုတုန်းအရွယ်ဖြစ်လို့ အင်အားလေ့ အဟိဆုံးဗျာယ် မနားယေ။ မြို့ထက်မှာဆိုကေ အာခံဝံ့သူမဟိ။ တွန်သံ ကြားကေ ဖျားလားကတ်စွာဗျာယ်။ နန်းရာကုန်းနားက သူရို့အိမ်မှာ အကြာကြီး နီဖူးရေ။ တစ်ခါတစ်ခါလေ့ နန်းရာကုန်းဆိုစွာကို ဖြတ်လို့ ခွပ်ဖို့လားဖူးယင့်။ နန်းရာကုန်းဆိုစွာ အကျယ်ကြီးရာမနားယေ။ အနည်းသျှေ ကြီးကျယ်ခမ်းနားလီဖို့ စွာကမဟုတ်။ ယင်းကြောင့်လားမသိ။ ငါရို့ပိုင်သျှင်တစ်ယောက် နန်းရာကုန်းကို လက်ညှိုးထိုးဗျာယ် ဂုဏ်ယူလို့ တက်ကြွနိန်လီယင့်။ ယေကေလေ့ ကောက်ရိုးမီးဂုဏ် ယူနည်းနန့် ဂုဏ်ယူစွာရာ။ သူမှာဇွဲနည်းရေ။ အမှန်ဆိုကေ ဇာပင်လုပ်လုပ် ဇွဲဟိဖို့ တော့လိုလိမ့်မေ။ ရွှေနီရို့က ဇွဲကိုအဓိကထားတတ်တေ။ လုပ်လိုက်ဗျာယ်ဆိုကေ သူသီကိုယ်သီ။ ယင်းကြောင့်လေ့ ရွှေနီနန့်ဆို စိတ်ချလက်ချ စပ်ကတ်လောင်းကတ် တေရာမနား။ ရွှေနီကို ဒေပိုင်ပုံစံချိုးလို့ ရဖို့လား။ နာမည်တစ်လုံးနန့် နီလာစွာ ရာမနား။ ကြုံကေလေ့ မိန်းကြည့်လီ။ ဒေါက်တူရှယ်တူဆိုကေ ဆော်ရီလို့ရာမှတ် ထား။ နွံခဖူးရေ ပွဲပေါင်းလည်းများဗျာယ်။ ရှုံးပွဲဇာမှာ ဟိဖူးလို့လဲ။ တစ်ပွဲတစ်ရီ သရေဆိုကေလေ့ အနိုင်နန့်ပိုင်းခစွာရာမနား။ တစ်ပွဲလောက်ဆိုပြီးကေ သုံးပတ် လောက်နား။ ပြီးမှရာ နောက်တစ်ပွဲဆွဲ။ ပြောရဖို့ဆိုကေ ဆယ်လသားကပင် ခွပ် လက်ဝင်ပါလတ်စွာ။ အဂုဆိုကေ နှစ်ခါလည်သား နှစ်နှစ်သားပင် ဟိနီဗျာယ်။ ခြံချင်းကပ်လို့ တစ်ဖက်ခြံမှာလေ့ ဒုန်းဖားတိ ဗန်ဒတ်တိ၊ က-ပျက်တိ၊ တေကျောင်တိမြင် ယင့်။ တစ်ခါတစ်ရီလေ့ စိတ်ဝင်စားလို့ ပျောကြည့်မိဖူးရေ။ တစ်ခါက အဖြစ်အပျက် ကို ပြောကေ ယုံဖို့မဟုတ်။ တောထဲက တေကျောင်တိကို တည်ရေကြက်‘တေကျောင် ကြက်’။ ယင်းကြက်ယေ အရှင်အားကိုးနန့် ဟန်နန့်လုပ်စားနီရေကြက်။ တစ်ခါ တစ်ခါ ကံမကောင်းလို့ တောကြက်တိပါးမှာ အခွပ်ခံရလီကေဖြစ်စီ၊ ယှုံးလာလို့ ဖြစ်စီ ယင်းကြက်ကို တောယှုံးကြက်လို့ ခေါ်ကတ်တေလတ်၊ ယင်းပိုင်ကြက်မျိုးယေ တစ်သက်မှာ တစ်ခါလေ့ ပြန်မခွပ်လီဗျာယ်ဆိုဝါ။ သူများကိုရာ မခွပ်စွာ မဟုတ်၊ ကိုယ့်တာထဲက ကြက်မတိကိုလေ့ မခွပ်ဗျာယ်။ ခွပ်ချင်စိတ်လေ့ မဟိဗျာယ်။ ကြက် တိုင်းပါးမှာ အယှုံးပီးလို့ တစ်ဘဝလုံး ဖုံဖုံပစ်ဗျာယ် သီပွဲဝင်လားခလီရေ။ ယုတ်စွ အဆုံး တွန်တောင် မတွန်ဗျာယ်လတ်။ ဘဝမှာ အနိုင်၊ အယှုံး၊ သရေဆိုစွာ ဟိစွာ ရာမနား။ တစ်ခါတစ်ရီ ယှုံးကေပင် တုံးဗျာယ်လားယေဘဝ။

အေး. . . အေး၊ ယင်းချင့်ရာမဟုတ်။ စစ်တွေရောက်ခါစ မြို့ပါးမဝခင် တစ်သျှေခံလိုက်ရသိရေ။ မြို့သားတိလေ မျောက်ခြောက်ခြောက်တတ်တေယေ။ မြို့သားလို့ ပြောကတ်စွာရာ။ အားလုံးကျွန်းသားချင့်။ မြို့မှာနီစွာ တစ်သျှေကြာ လားကေ မြို့သားယောင်ယောင်၊ ဇာယောင်ယောင် ခပ်တည်တည်ပျင်နီကတ်တေ။

တိုက်ကြက်သဘောမှာလေ ကြက်ဝင်၊ ကြက်ထောင်၊ ကြက်လူးလို့ အမျိုးမျိုး ဟိရေမနား။ ကြက်ထောင်ဆိုစွာက ထောင်ထောင်ထောင်ထောင်နန့် အောက်ခြံ လွတ်ပနာ ဟောင်ဖွာဟောင်ဖွာ ပျင်တတ်တေ ကြက်မိုက်။ ကြက်ဝင်ဝါ ဇာထူးလေ၊ ထိုအတောင်အောက်ကို အောက်ကြောင်းထိုး၊ ဒေအတောင်အောက်မှ အောက် ကြောင်းထိုးနန့် သတ္တိပင်မဟိလားမသိ။ ကြက်လူး. . . ယင်းချင့်ရေကြက်။ ယင်းပိုင်

မျိုးဟိရဖို့။ ကိုယ့်နန့်ခွပ်ဖို့ အကောင်ကိုကြည့်။ အလိမ္မာသုံး၊ ခွာသင့်ကေခွာ။ ပူးသင့်ကေပူး။ ပရိယာယ်ထားသင့်ကေထား။ တစ်လျှော်အလိမ္မာသုံးပနာ ခွပ်ရရေ။ ပထမ တစ်နာရီလောက်မှာ ပွဲကြည့်ပရိသတ် အခြေအနေကို နားလည်ဖို့လိုရေ။ ပွဲကြည့်ပရိသတ်ရေ သူ့ဘက်ကလား၊ ကိုယ့်ဖက်ကလား။ အခြေအနေကိုစောင့်ကြည့်။ ပွဲအားလုံးမှာ လက်ရင်းနန့် လက်ဖျား ဟိရေမနား။ လက်ဖျားလောင်းကြေးကစီ ပိုများတတ်တေ။ ပရိသတ်က ကိုယ့်ဖက်ကရာ လောင်းကြေးများနီရေ ဆိုကေ ပွဲကို အချိန်တိုနန့်ဖြတ်။ သူ့ဖက်ကရာ လောင်းကြေးများနီရေဆိုကေ တစ်လီ၊ နှစ်လီ၊ သုံးလီ လောက်ဝင်အောင် စောင့်ဗျာယ်ပွဲသိမ်းလိုက်ဖိ။ ပွဲသဘောမှာ အနိုင်ရဟိရေးရာ အရေးကြီးရေမနား။

ဒေပိုင်ပွဲမျိုးကလည်း ပြောကေရာလွယ်စွာ။ အစကပင် ခွပ်လက်ဝင်ထားဖို့တော့လိုရေ။ ပွဲမဝင်ခင် ပြင်မှာကျင်းပလို့စီ ဆိုရိုးစကား ဟိရေရာမနား။ ယင်းပိုင် ဗျာယ်ယေ ကြက်ခွပ်လက် လက်ခွပ်လက်ရို့ ဝင်ထားပြီးဗျာယ်ဆိုကေ တန်းလွဲတန်းကျော်ရို့ လုပ်ထားမှ တော်ရုံကျရေ။ မဟုတ်ကေ ဒုံးဗောက်ဆောက်လားဖို့။ ကြက်ဆိုစွာမျိုးကလေ့ တစ်နှစ်ခွဲသားမှာ အမွီးသစ်ထိုးရေ၊ အတောင်သစ်လဲရေ။ ယင်းပိုင် အမွီးသစ်ထိုးရေအချိန်မှာ ခွပ်ဖို့ လုံးဝစိတ်မကူးလီကေ့။ အမွီးသစ် အတောင်သစ် သျှေရို့ စုံဗျာယ်ဆိုကေ ဆွဲချင်ဆီရာဆွဲလီဖိ။ ယေလေ့ ပြောရာပြောရရေ တစ်နှစ်ခွဲကျော်၊ နှစ်နှစ်သားရောက်ဗျာယ်ဆိုကေ အဆီတက်တတ်တေ။ အရိုး၊ အခြင်းလီးလာရေ။ မလှုပ်မရှားနိုင်ပင် ဖြစ်လာရေယှင့်။ ယင်းခါ အဆီကျလို့ သွက်သွက်လက်လက် ဖြစ်လာအောင် တပျင်းရာ လှုပ်ရှားလီဖိ။ လှုပ်ရှားဖို့စွာကို ပျင်းရေဆိုကေ ခံဘက်ကရာနီဗျာယ် ဘီလူးရုပ်ပေါ်ဖို့ရာပြင်။

တိုက်ကြက်တစ်ကောင်ဘဝမှာ ဇွဲရေ အရေးကြီးဆုံး။ သတ္တိလေ့ဟိဖို့လိုရေ။ သတ္တိလေ့ ကောင်းဖို့လိုရေနူန်း။ မဟုတ်ကေ စုံကန်းယှုံး၊ ကြောက်ယှုံး၊ ပေါင်ကျိုးယှုံး၊ တောင်ကျိုးယှုံး၊ ယင်းပိုင်ယှုံးပွဲတိနန့် ကြုံရဖို့။ တချို့တော့ ဘုမသိ ဘမသိနန့် သတ္တိ ကောင်းရေဆိုဗျာယ် ဟန်နန့်မာန်နန့် ခွပ်ကြည့်ကတ်တေ။ ဒေခေတ်မှာ ဟန်အရေး မကြီး၊ လိမ္မာဖို့ရာလိုရေ။ သတ္တိကတော့ မျိုးနန့်ရိုးနန့်လေ့ ဆိုင်ဖို့ထင်ယှင့်။ အယင်ခါ စာဆိုဟိရေမနား။ ဇာ. . . ခြီဆစ်သုံးဆယ် ဝိုင်းလုံးပယ်လတ်၊ နောက်တစ်ခုက အသံကပေါက်ဆိန်ပေါက်၊ နှုတ်သီးက ရီတန်းရှောက်၊ အမြီးက သဇင်ကောက်ဆိုဝါ။ ဒေခေတ်မှာ ယင်းချင့်တိ မဟိဗျာယ်။ ယင်းစာဆိုတိ ဝေးပစ်လိုက်ဖိ။ အေးမှတ်ထား လီ၊ ကြက်ကြီးကေတိုက်၊ ဖဲကြီးကေ လိုက်လတ်။ အရွယ်ကြီး၊ အသက်ကြီး၊ိ အကောင် ကြီးလို့ကတော့ အဝီးကရာ ယှောင်လီဟာလူ။ ဇာပင်ဖြစ်ဖြစ် ဇွဲဟိဖို့တော့ လိုလိမ့်မေ။

တချို့ကလေ့ ဘိုးဘီးဘီဘင် မျိုးနန့်ရိုးနန့် သမိုင်းကြီးရေလေး၊ ဘာလေးဆိုဗျာယ် မာနတစ်ခွဲသားနန့်။ အေး အေး . . . မျိုးရိုးလေ့ အရေးကြီးရေ။ ယေကေလေ့ အတိတ်က ရွှေထီးဆောင်းခစွာ ကိုချည်းဗျာယ် ပြောနီလို့မရ၊ ဂုဏ်ယူနီလို့မရ။ လက်တွိကိုယ်တိုင်၊ လက်ငင်းလေ့ လုပ်ပြကတ်ဖို့ လိုရေယေ။

ဒေစစ်တွေမှာဒေ။ ကြက်ခြံဆိုဝါတစ်ခု။ နည်းစွာမဟုတ် ကျယ်ယှင့်။ ကြက်တိလေ့အများကြီး။ မြို့သားတိဖြစ်လို့လားမသိ လုံးကြီးပေါက်လှ။ ယာ. . . ကြည့်ယှင်း ကြည့်ယှင်းနန့် အမ,တိရာ မနားဂု။ ဥစားကြက်ဆိုဝါ။ ဥချည်းဗျာယ် ဥနီလီယှင့်။ မျိုးဆိုစွာလေ့ ကိုယ့်ပြည်၊ ကိုယ့်ရွာနန့် အနာဂတ် ကိုယ့်အမျိုးသားအတွက် အမွိထားကတ်စွာရာမနား။ အဂုက ရောင်းစားနီကတ်စွာရာ မနားဂု။ တစ်ဝမ်းတစ်ခါးလှဖို့ သည်းခံခြင်းပါရမီကို စုန်ကန်ဗျာယ် စောင့်နီကတ်စွာရာမနား။

ထော. . . ထော. . . ။ ထိုဘက်ခြံမှာလေ့ ဆွတ်ဆွတ်ဖြူလို့။ ကြက်ဖတိချည်းဗျာယ်ကာ။ လှကလှနန့်။ ရီသောက်လိုက် အစာစားလိုက်။ ထိုနားကို ပြီးလိုက်၊ အေနားကိုပြီးလိုက် ပျော်နီကတ်စွာရာ အနားဂု။ တချို့တလီလေ့ လီသျှောခံလို့ အဝတ်သစ်အစားသစ်ရို့နန့် ဟိုတယ်မှာပိုင်ပျင်နိန်ကတ်တေ မြင်ယှင့်။ ကြည့်. . ကြည့် တစ်ကောင်နန့်တစ်ကောင် အတို့အထောင်လုပ်နီကတ်ဗျာယ်။ ယေ. . . ထင်ရေအတိုင်းဗျာယ်။ အတူနီလို့ အတူစား၊ အချင်းချင်းပြဿနာဖြစ်နီကတ်ဗျာယ်။ အတို့အထောင်နန့် တစ်ကောင်ကို တစ်ကောင် စောင်းနီလီကတ်ယှင့် ထော။ ဇာလေ. . . တစ်ကောင်ပင်လေ့ မတွန်ကာ။ တွန်ရရေဆိုစွာကို မိနီကတ်ဗျာယ်လား။ ဝေး. . . ကြက်ဘဝမှာလေ၊ မတွန်ရေကြက်၊ ဥဒါန်းမကျူးရေ ကြက်ဇာတန်ဖိုးဟိဖို့လဲချင့်။ ဇာ. . . အသားစားကြက်၊ စီပီကြက်၊ ဇာပိုင်စွာလေတစ်ခု။ အစာစားရေ၊ ချီးစိုက်တေနန့် အသီခံဖို့ အစားခံရဖို့နီကို စောင့်နီကတ်စွာ လာ။ ဘဝမှာလေ လွတ်လွတ်လပ်လပ်၊ လားယှင်းလာယှင်း၊ ရှာဖွေစားသောက်ယှင်း၊ ခုန်ယှင်းပျံယှင်းပင် တစ်ခါမနီဖူး။ ခြံထဲက ခြိုင့်ထဲမှာရာ ပျော်နီကတ်စွာရာ မနား။ မဖြစ်မဖြစ် ငါ ဒါဖြင့် တစ်ခေါက် တွနမ်ပြရဖို့ဟန်။ တွန်ရေဆိုစွာလေ သူ့ တာ၊ ကိုယ့်တာဆိုစွာကိုလေ့ ကျူးရင့်စွာရာမနား။

ယာ. . . ယေကေ တွန်လိုက်မေ။

ဇာလေ. . . ဇာလေ. . . ဇာဖြစ်လားခကတ်လေ။

ဇာယက်မေသေ ဖြစ်လားခကတ်လေ။

ထူးဆန်းရေလို့ ထင်သူကထင်။

ကျွီးသူကကျွီး။
ငိုသူကငို။
ကြောက်သူကကြောက်။
ကုလားတိုက်ကို ကျားဝင်ပိုင် ရောင်းရောင်းသတ်လို့။
ဇာပိုင်ဖြစ်လားခကတ်လေ အသင်ရို့။

"ရခိုင်စာပီ တိုးတက်ထွန်းကားပါစီ"

**ရခိုင်လုမြင့်**

(အသျှောခါမွီးစပ်ခဖူးရေ တိုက်ကြက်ဖကြီး ရွှေနီကို အမှတ်ရမိပါရေ)

# ရခိုင်တေးဂီတစာပီ ထွန်းဝီမှု

ရခိုင်ပြည်နယ်မှာ ရခိုင်တေးဂီတစာပီရို့ တစ်ချိန်က ခေတ်စားခဖူးပါရေ။ သာခြင်း ဆိုစွာလည်း ရခိုင်တေးဂီတ စာပီပင်ဖြစ်ပါရေ။ ရခိုင်ရို့ဖွဲ့ဆိုထားရေအဖွဲ့အနွဲ့မျိုးတည်း။ အဖွဲ့အနွဲ့တေးဂီတ သီချင်းဟူသမျှဆိုစွာ အရွှေ့သာခြင်းအမျိုးအစားလည်း ဖြစ်ပါရေ။ ယင်းနှင့် အဂုတင်ပြလိုရေ ရခိုင်သာခြင်း (မြန်မာအလို သာချင်း) ဆိုစွာလည်း အရွှေ့သာခြင်းဖွဲ့၊ ကျေးလက်သီခြင်းမျိုး အပါအဝင် ဖြစ်ပါရေ။

တေးဂီတစာပီရေ လူပေါ်စခေတ်ကပင် မွီးဖွားဆင်းသက်ပါလာရေလို့ ဆိုကတ်ပါ ရေ။ ကဗျာက စာပီထက်ရှိကျနီလို့၊ အမိက သားသမီးရို့ကို သီခြင်းဆို၊ ချော့သိပ်လာခရစွာ မဟုတ်ပါလား။ ယင်းနှင့် တေးကဗျာဆိုစွာ စိတ်အာရုံခံစားချက်ပင် ဖြစ်ပါရေ။ ယင်းခံစားချက်ကို နှုတ်သို့ပို့ဆောင်သီဆိုမှု ဖြစ်လာရေ။နှုတ်ထွက်သီဆိုမှု သရုပ်ဖော်အတတ်ပညာ ဆိုကလည်းမမှားနိုင်ပါ။

လူတစ်ဦးတစ်ယောက်၏ အတွင်းသန္တာန် သို့မဟုတ် အတွေးအခေါ်ရို့ကို သူ၏တေးကဗျာရို့က ဖော်ပြထင်မြင်မှု ပီးနီစွာ သက်သီခံနီပါရေ။

# ရခိုင်သာခြင်းစာပီ

ရခိုင်လူမျိုးရို့မှာ အရွှေ့သာခြင်းဆိုစွာ အခရာဖြစ်ပါရေ။ အရင်းခံမပျောက်မပျက်ရအောင် ထိန်းသိမ်းနိုင်ဖို့ လိုပါရေ။ အဂုထိ သီဆိုလာနီရစွာလည်း အရင်းခံမပျောက်စီချင်လို့ ဖြစ်ရခြင်းဆိုက မမှားနိုင်ပါ။ ရခိုင်ရို့မှာ ကဗျာစပ်နည်း၊ စပ်သားပုံစံစနစ်လည်း ဟိလာရေအတိုင်း ရခိုင်တေးကဗျာ စပ်နည်းစာအုပ်ကို ဖော်ထုတ်တင်ပြထားဗျာယ် ဖြစ်ပါရေ။

အရွှေ့သာခြင်းရို့မှာ အမျိုးအစားကွဲပြားကေလည်း ဝတ္ထုဇာတ်လမ်းကို ဖွဲ့ဆိုရေးသားခြင်းဖွဲ့က ဂုနိုထိ တည်ဟိနီပါရေ။ ဝိမလအမတ်ကြီးရေ မြောက်ဦးခေတ်မှာ ကော်ကာနုသာခြင်း၊ သတ္တဌာနုသာခြင်းဖွဲ့ရို့ကို စပ်ဆိုခရေလို့ အဆိုဟိပါရေ။ ဆရာဦးမိုးဝယ်ဆိုကေလည်း မြောက်ဦးခေတ်မျာပင် သာခြင်းအဖွဲ့ရို့ကို စပ်ဆိုခပါရေ။ ဆရာစပ်ဆိုရေ အရွှေ့သာခြင်းဖွဲ့ကြောင့် ရှင်ဘုရင်က ရန်ငြိုးထားလို့ မြန်မာပြည်ကို ထွက်ပြီးဖူးခရပါသိရေ။

မြောက်ဦးဘုရင် စန္ဒသုဓမ္မရာဇာ(ကောဇာ ၁၀၁၄-၁၀၃၆)မင်းလက်ထက်က မဟာမုနိ ဘုရားဖူးလမ်းညွှန် သာခြင်းကို ဆရာမောင်စံလှက ရီးစပ်ခဖူးပါရေ။ လောကမာန်အောင် ဆရာတော် ဆိုကေ မိုးပန်းဝေနှင့် ထွန်းအောင်ကျော်သာခြင်းကို စပ်ဆိုထားခပါရေ။ မြောက်ဦးထီးနန်းပျက်စီးပြီးနောက်တွင် ဆိုကေ၊ အနောက်

ပြည်ဗိုလ်မင်းထောင်၊ သက်ထောင်၊ ဖလောင်းချိပ်၊ မင်းဝါ၊ အဝကျွန်း၊ ဟာလတင်း၊ သော်တကျာ စသောဒေသရို့မှာ ရခိုင်သာခြင်း အဆိုအရွတ် ဆက်ခံကျန်နီစွာ ဖြစ်ပါရေ။

## ကိုလိုနီခေတ် စာပီထုတ်ဝီမှု

ရခိုင်ကို အင်္ဂလိပ်အုပ်ချုပ်လာရေအခါ ပုံနှိပ်စက်ပေါ်လာပါရေ။ သတင်းစာထုတ်ဝေမှုမှ စတင်လို့ ခရစ်သက္ကရာဇ် (၁၈၅၃)ခုနှစ်မှာ လုပ်ငန်းဖြစ်လာပါရေ။ အင်္ဂလိပ်အုပ်ချုပ်ပြီး အနှစ်(၂၀)ကျော် (၃၀)နီးပါးမှာ ဖြစ်ပါရေ။ ဆရာမောင်ဖော်က ဆရာမောင်စောဖော်ပိုင် ခရစ် (၁၉၂၀)နှစ်မှာ မြန်မာဘာသာဖြင့် ထုတ်ခရေ ပထမဦးဆုံး ပြည်ကြီးမဏ္ဍိုင် သတင်းစာကို ထုတ်ဝီခပါရေ။ ယင်းတိုက်က ပေါက်တောမြို့နယ်၊ ဆားပြင်ကြီးရွာ ဆရာအောင်ထွန်းလှ ရီးရေ ဗုဒ္ဓဝင်သာခြင်း(ပထမတွဲ)ကို၊ (၁၂၈၄)(၁၉၂၂)နှစ်က ထုတ်ဝီခပါရေ။ စစ်တွေမြို့ စစ်တွေပုံနှိပ်တိုက်က (၁၈၈၄)ခုနှစ်မှာ ဦးစံဘော် စာအုပ်ရို့ကို ထုတ်ဝေဖူးပါရေ။ ဆရာမောင်ဖော်ပင် တန်ခိုးဆရာထွန်း၏ အောင်ဗလတိုက်သာခြင်းကို ထုတ်ဝေခရေလို့ သိရပါရေ။ တန်ဖိုးမှာ (သုံးပဲ)နှင့်(၆-ပိုင်)ဖြစ်ပါရေ။ ထိုနောက် ဆရာစောလှဦး၏ ပျင်းသာခြင်းဆန်းကိုလည်း (၁၂၉၈)ခုနှစ်မှာ ရိုက်ခရေလို့ ဆိုပါရေ။

## ရခိုင်ပုံနှိပ်တိုက် ထုတ်ဝီမှု

ရခိုင်ပြည်နယ် စာပုံနှိပ်တိုက်မှာ ဆရာဦးအောင်ထွန်း (ကောဇာ ၁၂၆၀-၁၃၂၃)၏ ဝိဇယသာခြင်းသစ်ကို (၁၃၂၈)ခုနှစ်မှာ ရိုက်နှိပ်ခပါရေ။ စာအုပ်ဆိုင်သည် ဦးအောင်ထွန်းဦးဆိုကေ၊ ၎င်းပိုင်ရေ ပြည်သူ့မေတ္တာတိုးတက်ရေး စာပုံနှိပ်တိုက်မှာ သာခြင်း၊ လင်္ကာ၊ ရတု စာပေမျာကို ရိုက်နှိပ်ခပါရေ။ စစ်တွေမြို့ လမ်းမကြီး မှာ တည်ဟိရေ နယူးဘားမား စာပုံနှိပ်တိုက်မှာလည်း (၁၃၁၇)ခုနှစ်က ဆရာထွန်းသာခြင်းရို့ကို ရိုက်နှိပ်ခဖူးပါရေ။

## သာခြင်းစာဆိုတော်တိ

ထိုခေတ် သာခြင်းစာဆိုတော်တိဆိုကေ၊ ဆရာမောင်သာအောင်၊ ဆရာမောင်ယောက်ကေ၊ ဆရာအောင်ထွန်းလှ၊ ဆရာစောလှဦး၊ တန်ခိုးဆရာထွန်း၊ ဆရာကျော်ဇောဦး၊ ဦးပဏ္ဍိတ၊ ဆရာဦးအောင်ထွန်း၊ ဆရာထွန်းအောင်ကျော်၊ ကျောက်ကလေငအုပ်ဆရာတော်၊ ရမ်းပြည့်ငချမ်းယေ၊ တိမ်ညိုဆရာတော် စသူရို့ဖြစ်ပါရေ။

ဆရာမောင်သာအောင် ဆိုကေ၊ ပန်းရွှေမြိုင်သာခြင်းကိုလည်းကောင်း၊ ဆရာအောင်ထွန်းလှဆိုကေ ဗုဒ္ဓဝင်သာခြင်းအပြင် ကော်ကာနုသာခြင်းကိုလည်းကောင်း၊ ဆရာမောင်ယောက်ကေ ဆိုကေ သတ္တဌာနုထားခြင်းကိုလည်းကောင်း ထုတ်ဝီခဖူးပါရေ။

ဆရာအောင်ထွန်းလှဆိုကေ ဆားပြင်ရွာသား ဖြစ်ဗျာယ်၊ တိုက်သာခြင်း၊ ကော်ကာနုသာခြင်း၊ ဗုဒ္ဓဝင်သာခြင်းရို့ကိုလည်းကောင်း၊ ဆရာစောလှဦးမှာ ပျင်းသာခြင်းဆန်းကိုလည်းကောင်း၊ ဆရာကျော်ဇောဦးဆိုကေ ကာလပေါ်သာခြင်း၊ အထောက်စာ၊ မေတ္တာစာ၊ လင်္ကာ၊ ၁၂ရာသီ သာခြင်း၊ တောင်ရင်းကျွန်းသမိုင်း၊ ပြိုင်လောင်းသံချပ်များကိုလည်းကောင်း၊ ဦးပဏ္ဍိတဆိုကေ သံချပ်-ကဗျာ မှတ်တမ်းတိ၊ သာခြင်း၊ လင်္ကာ၊ ရတုတိ အများကြီးရီးစပ်ခပါရေ၊ ကျောက်ဆိပ်ရွာကျောင်း ပေါက်တောမြို့နယ်က ဖြစ်ပါရေ။

ဆရာဦးအောင်ထွန်းဆိုကေ ရခိုင်သာခြင်း အများအစား ရီးထုတ်ခရေ ပုဂ္ဂိုလ်ပါ၊ ပဒကုသလသာခြင်းသစ်၊ ဖောင်မျှောနာရဒသာခြင်းသစ်၊ ဆဒ္ဒန်ဆင်မင်းသာခြင်းသစ်၊ လွမ်းမပြေသာခြင်းသစ်၊ မဟောရှင်၏ ဥမှင်လှစ်ခန်းပျို့ သာခြင်းသစ်၊ ဂုတ္တိလနှင့်မုသိက သာခြင်းသစ်၊ ရှင်မွန်လှပြဇာတ်သစ်၊ ပဋာစာရီသာခြင်းသစ်၊ အလောင်းတော်တေမိ သာခြင်းသစ်၊ မယ်ကုဝဏ်နှင့် ဝိဇယသာခြင်းသစ်၊ ဒွေးမယ်နော် ငွေတောင်သာခြင်းသစ်၊ ရတုအဖွဲ့တိ၊ ကောင်းရာလမ်းပြဆုံးမစာပျို့ (နီတိစာပေ)တိကိုလည်းကောင်း ရီးစပ်ခပါရေ။

ဆရာထွန်းအောင်ကျော်ဆိုကေ-သံချပ်တိ၊ တောင်ရင်းကျွန်းဖွဲ့သာခြင်း၊ ဘုရားသမိုင်းကျမ်း၊ ဆံတော်ရှင် အတ္ထုပ္ပတ္တိစကားပြင်ရို့ကိုလည်းကောင်း၊ ကျောက်ကလေ ငအုပ်ဆရာတော် ဆိုကေ သုခနု(သထော်နု)သာခြင်း၊ စန္ဒာကုမ္မာသူရိယကုမ္မာလင်္ကာ၊ သုမ္ဘာမိတ္တလင်္ကာကိုလည်းကောင်း၊ ရမ်းပြည့် ငချမ်းယေဆိုကေ ကျွန်းစဉ်ပတ်သာခြင်းကိုလည်းကောင်း၊ တိမ်ညိုဆရာတော်ဆိုကေ-စန္ဒာမုနိဘုရားသာခြင်းကို ရေးဖွဲ့ခရေလို့တွိရပါရေ။

ဖော်ပြရေ ဆရာရို့၏သာခြင်းတိကို ဆရာမောင်ဖော်၊ ဦးစံဘော်၊ ကုန်သည်စံအောင်၊ စောလှမောင်၊ မောင်ရွှေထွန်း၊ မောင်မောင်၊ ကောက်ရ၊ အောင်သာဦး (ကုန်သည်)ရို့က ထုတ်ဝီခကတ်ပါရေ။ နောက်ဆုံး လွတ်လပ်ရေးခေတ်မှာဆိုကေ စာအုပ်ဆိုင်သည် အောင်သာဦးကပင် အများဆုံး ထုတ်ဝီခပါရေ။ ၎င်းထုတ်ဝီရေ စာအုပ်စာရင်းက (၃၂)အုပ်ဖြစ်တေလို့ သိရပါရေ။ (ရခိုင်မဂ္ဂဇင်း၊ အမှတ်(၁၄)၊ ၁၉၉၁-ခုနှစ်၊ ဇူလိုင်လ)။

# အမျိုးသားစာဆိုတော် တန်းစိုးဆရာထွန်း
# (၁၂၃၀–၁၂၉၄)

ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ဦးရာဇ်တောင်ကျွန်း၊ တန်းခိုးကျေးရွာ ဟိ အဖ ဦးအောင်ဇံ၊ အမိ ဒေါ်စမွယ်ရို့မှ ကောဇာ (၁၂၃၀-ခုနှစ်)၊ တန်ဆောင်မုန်းလ၊ သောကြာနိမှာ မွီးဖွားပါရေ။ ငယ်မည်ထွန်းဖြူဖြစ်ပြီးကေ၊ ကျေးရွာဘုန်းကြီးကျောင်းမှာ ပညာသင်ကြားခပါရေ။ အငယ်ကပင် ဉာဏ်ထက်မြက်တေအတွက် လောကီပညာစွယ်စုံတတ်သိခရေလို့ သိရပါရေ။ အသက် (၁၈)နှစ်ကပင် သာခြင်း၊ ကဗျာ၊ လင်္ကာ၊ ရတု၊ သံချပ်၊ ဟောစာ စရေ အဖွဲ့အနွဲ့ရို့ကို စပ်ဆိုတတ်မြောက်လာပါရေ။ အရွယ်ရောက်လာရေခါ စစ်တွေမြို့ကို ရောက်လာပြီးကေ အိမ်ထောင်ကျလို့ အရောင်းအဝယ်ဘဝဖြင့် သုံးနှစ်နီခပါရေ။ မယားသီဆုံးရေအတွက် မိမိတို့ရွာလာပြီးကေ အိမ်ထောင်နှစ်ဆက် ပြုခပါရေ။ နောက်ဆုံးအိမ်ထောင်နှင့် သားလှကျော်ဇံ၊ သမီး မအောင်ဖြူရို့ကို ရဟိခပါရေ။ ဆရာရေ (၁၂၆၅)ခုမှ (၁၂၇၉)ခုနှစ်ထိ စစ်တွေမြို့နယ်၊ ကြို့တဲကျွန်းမှာ အရပ်ဆရာဘဝနှင့် စာသင်စာပြ နီခဖူးပါရေ။ ထိုက (၁၂၈၉)ခုနှစ်ထိ၊ ဦးရာဇ်တောင်ကျွန်း၊ နတ်ဆိပ်ကျေးရွာမှ စာသင်စာပြလို့ နီခပါရေ။ ကိုလိုနီအစိုးရ၏ လောကဓာတ်ကျောင်းအဖြစ် သွတ်သွင်းခံရလို့ ဆင့်ချီးမြှင့်ခံရလီပါရေ။ ဘုရားသျှင်၏ "တံတောင်ခွီတော်" ဓာတ်တည်ဟိလို့ တန်းတောင် ခွီက တန်းခိုးရွာခေါ်လာစွာဖြစ်ပါရေ။ မိမိရွာနှင့် နာမည်ရင်းကို တွဲစပ်လို့ တန်းခိုး ဆရာထွန်းလို့ ကလောင်ကို အသုံးပြုခပါရေ။

ဆရာရေ သာခြင်းဝတ္ထုတို့ကို အများကြီး ရွီးစပ်ခပါရေ။ နတ်ဆိပ်ရွာကျောင်းမှာ စာသင်နီတုန်း စာပီရီးစပ်စွာ များပါရေ။ အသက်(၄၀)ကျော်၊ ကောဇာ (၁၂၇၀) ခုနှစ် ပုံနှိပ်ဘဝရောက်ခရပါရေ။ စစ်တွေမြို့ ပုံနှိပ်တိုက်နှင့် ရန်ကုန်မြို့ ပုံနှိပ်တိုက်ရို့က ရိုက်နှိပ်ခပါရေ။ စာမူခက ကာလတန်ဖိုး (၂၃)ကျပ်မှ (၂၅)ကျပ် ထိရာ ချီးမြှင့်ခံရပါရေ။ ဝေဿန္တရာဃာခြင်း တစ်ခုရာ (၅၀)ကျပ်အမြှင့်ဆုံးရခပါရေ။ တစ်အုပ်ကို (၄)ပဲ(တစ်မတ်)၊ ၃၅ ပဏ္ဏံ(၃၅)ပြားစီ ရောင်းချခရေလို့ သိရပါရေ။ ဆရာရေ ဝတ္ထုသာခြင်းတစ်ပုဒ်ကို အများဆုံး လခွဲရာရီးရရေလို့ ဆိုပါရေ။ အကြိမ်ကြိမ်ပြုပြင်ရီးရ၊ ပျောက်ပျက်လို့ ပြန်ရီးရစွာမျိုး ဟိပါသိရေ။ ဒေသနီးစပ်တေ ဆရာအောင်ထွန်းလှ၊ ဆရာမောင်သာအောင်(မြေငုံကျွန်း)၊ ဆရာမောင်ယောက်ကေရို့၏စာမူဟောင်းရို့ကိုလည်း မွမ်းမံရီးစပ်ခရေလို့ သိရပါရေ။ သာခြင်းရီးစပ်နိုင်သူဆိုကေ ဆရာကို တုနိုင်ရေလူရှားပါရေ။ တသီထိရီးခပါရေ။ မျောက်နှင့်လူသား မယားလုသာခြင်းရေ အကျယ်ချဲ့လို့ မသီခင် တစ်နှစ်က ရီးစပ်ခပါရေ။ (၁၃၁၇)ခုနှစ်မှာ စစ်တွေ၊ နယူးဘားမား စာပုံနှိပ်တိုက်မှာ ရိုက်ခပါရေ။

ဆရာရေ၊ စာပေအပြင် လက်မှုနှီးဝါးအတတ်၊ စာဟော၊ စာပြောဆရာ၊ ပုံဆွဲပန်းချီဆရာ၊ အားကစား သိုင်း ကိုယ်ခံအတတ်ပညာရို့ကိုလည်း ကျွမ်းကျင်ပါသိရေ။ ဆရာထွန်း ရီးစပ်သမျှ ဝတ္ထုဇာတ်လမ်းရို့ကို ကုသရတုတွင် ကြော်ငြာထားစွာပါပါရေ။ မိမိကျွန်းကမ်းဆိုင်ရာ ပြိုင်လောင်းသံချပ်များအပြင် အရပ်ရပ်က တောင်းခံလို့ ရီးပီးရေ သံချပ်တိလည်း အများပါ။ ရာမသံချပ်ကို နတ်မြစ်က လှမြသျှင် ဖခင်၏မြီရို့တောင်းခံလို့ ရီးပီးဖူးစွာ တွီ့ရပါရေ။ လူမှုရီး၊ ဘာသာရီး၊ ပညာရီးရို့ကိုလည်း အကျိုးပြုဖို့ အားသွန်ခစွာလည်း တွီ့ရပါရေ။ အမျိုးသားစာဆိုတော်အဖြစ် ဆရာကို ချီးကျူးစရာ ကောင်းပါရေ။ ဆရာအသက်ရေ (၆၄)နှစ်ရာ ရှည်ခပါရေ။ (၁၂၉၄) ခုနှစ်မှာ တန်ခိုးရွာမှာ ကွယ်လွန်ခပါရေ။ ဆရာရေ ဆရာမောင်သာအောင်ကိုလည်း အဘပိုင် မွီးမြူထားခပြီးကေ တန်းခိုးရွာမှာပင် သင်္ဂြိုဟ်မှုပြုခပါရေ။ ဆရာ၏ မြှုပ်နှံသင်္ဂြိုဟ်ပါလီရေလို့ သားမြီးရို့က ပြောပြဖူးပါရေ။

## ဆရာထွန်း၏သာခြင်းစာရင်း

ဆရာထွန်း၏သာခြင်းစာရင်းကို အချို့က အမျိုး(၆၀)ကျော်ခရေလို့ ဆိုပါရေ။ ဆရာ၏ ကုသရတုမှာ ပါရေစာရင်းက ဆရာသက်ဟိခါကပင်ဖြစ်လို့ ပိုခိုင်မာပါရေ။ စာအုပ်ကုန်သည် ဦးအောင်ထွန်းဦးက သာခြင်း(၃၂)ပိုဒ်လောက်ရာ ထုတ်ဝီခဖူးပါရေလို့ သူ၏ကြော်ငြာမှာ ဆိုထားပါရေ။ ဆရာထွန်းရေ ကိုယ်ရီးခရေ သာခြင်းနာမည်တိကို ခေါင်းစဉ်စာရင်းဖော်လို့ သာခြင်းတစ်ပိုဒ် ရီးခပါရေ။ "သာခြင်းဖွဲ့ဟု၊ နွဲ့ကဗျာလျှင်၊ ပဥ္စဝီသ၊ ကျွန်ုပ်စီသည်၊ ဤမျှကျပြီ" ဟု ဆိုထားပါရေ။ ပိုလို့သီချာအောင် ကုသရတုပါ ကြော်ငြာကို ဖော်လိုက်ရပါရေ။

## ဆရာထွန်း၏ရေးဖွဲ့ခဲ့ရာ စာအုပ်စာရင်းများ

**လင်္ကာများ**

၁။မေတ္တေယျသုတ်
၂။နေမိ ဇာတ်တော်ကြီး
၃။အရိန္ဒမာလင်္ကာ
၄။ကာဋ္ဌုဒါ၍ချွတ်ခန်း
၅။ဆားတောင်ပို့ ဆရာတော် ထေရုပ္ပတ္တိ
၆။ကြွေတဲဆရာတော် ထေရုပ္ပတ္တိ
၇။ကျက်တောပြင်ဆရာတော် ထေရုပ္ပတ္တိ
၈။မဟာမြတ်မုနိ ဘုရားသမိုင်း
၉။ဦးရာဇ်တောင်ဘုရားသမိုင်း
၁၀။ ဆံတော်ရှင် ဘုရားသမိုင်း
၁၁။ ဝစနမာလာ သံပေါက်လင်္ကာ
၁၂။ ဝိပဿနာလမ်း သက္ကာယသတ်ခန်း ကမ္မဋ္ဌာန်းသံပေါက်
၁၃။ ကပ္ပကရဏခေါ် ကမ္ဘာသစ်တည်ခန်း၊ ပျက်ခန်း ကျမ်းငယ်
၁၄။ သာသနာတော်လျှောက်ခန်းကျမ်းငယ်
၁၅။ နှိုးဆော်စာအမျိုးမျိုး
၁၆။ မေတ္တာစာအမျိုးမျိုး
၁၇။ ဩဘာစာအမျိုးမျိုး

**ရတုများ**

၁၈။ ဥဒိန္နရတု
၁၉။ ကုသနှင့် ပဘာဝတီရတု
၂၀။ သတ္တထာနုရတု

**သာခြင်းဖွဲ့ကြီး**

၁။ရာမသီတာသာခြင်း
၂။ကော်ကာနုသာခြင်း
၃။ဝေဿန္တရာသာခြင်း
၄။အောင်ဗလခေါ် တိုက်သာခြင်း

**ရတုများ**

၅။ငွေတောင်ကိန္နရာ
၆။အလောင်းတော်စန္ဒကိန္နရာ
၇။ဓမ္မဝိဇယျနှင့် သုဝဏ္ဏ
၈။သူရိယနှင့် ကဥ္စန
၉။ပဒုမ္မဝတီ
၁၀။ သတ္တထာနု
၁၁။ ဥဒိန္နနှင့်သာမာဝတီ
၁၂။ ပဋာစာရီနှင့် မောင်ဒါသ
၁၃။ ဇာတ်တော်ကြီးစန္ဒကုမ္မာ
၁၄။ ပန်းရွှေမြိုင် နှင့် နန်းကေခိုင်
၁၅။ လူဝံမောင်နှမ
၁၆။ ကြိုးကြာသာခြင်း
၁၇။ မင်းသမီးနတ်ရေတူ

**သာခြင်းဖွဲ့ငယ်**

၁၈။ ၁၂-ရာသီ သာခြင်း
၁၉။ နန္ဒိယနှင့် ရေဝတီ
၂၀။ သူခိုးကို ဓားရိုးကမ်း
၂၁။ ဓနုဂ္ဂသာခြင်း
၂၂။ လိပ်ကမ္ဘာမ
၂၃။ ရွှေကျေးဖြူ
၂၄။ သတင်းရေသောက်
၂၅။ ကာဋ္ဌုဒါ၍ချွတ်ခန်း
၂၆။ မင်းနန်ချွတ်ခန်း
၂၇။ ငနုံပေါင်တို
၂၈။ ဥပက-ဆာဝါ

၂၉။ အလှအာမခံ
၃၀။ ဘိမ်းသာချင်း
၃၁။ ကျွဲမင်းသာချင်း
၃၂။ မျောက်နှင့်လူသားမယားလုသာချင်း
၃၃။ သာချင်းပဒေသာ
၃၄။ ပြိုင်လောင်းဖွဲ့ ပိုဒ်စုံသံချပ် အမျိုးမျိုး

**ဟောစာကြီး**

၃၅။ ဗုဒ္ဓဝင်ဟောစာကြီး
၃၆။ ဝေဿန္တရာဟောစာ
၃၇။ တေမိဟောစာ
၃၈။ ရွှေမဥ္ဇူနတ်မေ ကိန္နရာမပြဇာတ်
၃၉။ ကထိန်နတ်ထွက်ခန်း
၄၀။ စကားပဒေသာ
၄၁။ ဘုန်းကြီးပျံ ငိုချင်းရှည်
၄၂။ တေးထပ်တွန့်အမျိုးမျိုး
၄၃။ ဟံသိုဏ်းသံချပ်အမျိုးမျိုး
၄၄။ ပကိဏ္ဏကစာတမ်းအမျိုးမျိုး

**နတ်မြစ်-စန်းအောင်**
**၆-၇-၂၀၀၁**

**ကိုးကားချက်**

(၁) ရခိုင်ယဉ်ကျေးမှုများ အမှတ်(၃)၊ (အသျှင်စက္ကိန္ဒ)
(၂) စစ်တွေဒေသကောလိပ်မဂ္ဂဇင်း(၁၉၈၀-၈၁)
(၃) ပြည်တွင်းမကိုဋ်-ခေတ်ဦးရာဇ်၊ (အသျှင်စက္ကိန္ဒ)

# နိဒါန်း

တစ်နည်းဇီဝ
ရေးစီ၍ သလိုက်သည်
တေးဂီတထုံး၊ ဆေးပီယရှုံးလောက်အောင်
အကုံးအဖွဲ့-ထုံးဓလေ့နှင့်
အန္တွဲ့အခရာ၊ ဖွဲ့ကဗျာတို့တွင်
**အလောင်းတော် ဥဒိန္နကို**

အနုပီယ
ပမာမယွင်းအောင်

**သာခြင်းသံ ကဗျာဆန်းနှင့်**

**ဆရာထွန်း**
ရေးလိုက်သည်

**မွေးမိစင် ကောသနီ**
နှင့်

**သားဥဒိန်သာခြင်းသစ်**

# ကဗျာဂီတ အာသီသ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အောင်မင်္ဂလံ၊ အောင်ဇေယျံလေ၊ အောင်သံကျူးလို့၊ အောင်ဆုပန်ကော၊ အောင်လံကိုစိုက်၊ မဋ္ဌိမေလေ၊ အောင်မြေတိုက်တွင်၊ ရန်စစ်အောင်ခြင်း၊ အောင်ဇေယျံလေ၊ မြေဘုမ္မိ၌၊ ဗောဓိပင်ဝယ်၊ ပလ္လင်အောင်နန်း၊ အောင်ကြငှန်းမှာ၊ အောင်ပန်းမင်္ဂလာ၊ ပန်ဆင်ကာဖြင့်၊ မေဃလာဂီရိ၊ ကြီးမြင့်ခေါင်ကော၊ တောင်တရှိမ့်၊ ပြောင်ကြီးသနင်း၊ ထက်ရပ်ဘုံမှာ၊ ဂုဏ်ဒြပ်နှင့် မာရ်နတ်မင်းကို၊ အရင်းပဏာမ၊ ဗောဓိညောင်တွင်၊ အောင်ပြီးမှလျှင်၊ ပကပြဟ္မာ၊ နာဠာဂီရိ၊ ဟိတ္ထိဆင်ကော၊ အင်္ဂုလိနှင့်၊ဣတ္ထိမိစ္ဆာ၊ စိဥ္စမာဏ၊ အာဠာဝက၊ ပနန္ဒကော၊ သစ္စကပရိဗိုဇ်၊ ခါရှစ်တန်ကို၊ လှန်ကာတိုက်ကော၊ ငမိုက်တက္ကသိုလ် များထိုထိုကို၊ ပုဂ္ဂိုလ်လူ့ဘာ၊ အတုလလျှင်၊ ညာဏ်ရှစ်တန်၊ မိုက်ရာရာကို၊ တိုက်ကာဖျက်ကော၊ စကြာပျံဟု၊ ပရမံခန္ဓီ၊ ဤသည်လက်နက် ပစ်တိုင်းအောင်လို့၊ ပြောင်ပြောင်ညီးကော၊ လောင်မီးစက်နှင့်၊ တိုက်ဖျက်လွယ်ကူ၊ အောင်တော်မူကော၊ အောင်သူများဘာ၊ ခြောက်ရောင်လျှံကော၊ သမ္ဗုဒ္ဓနှင့်၊ ဓမ္မသံဃာ၊ မြတ်သုံးဖြာကို၊ သုံးခါဦးချ၊ ထုံးကေဆံမှာ၊ ပန်ပြီးမှလျှင်၊ မမအာစရိကျေးဇူးဟုန်လေ၊ ဂုဏ်မမျှကော၊ ဘနှင့်မိကို၊ မနသီကာယ၊ ပထမ ဒုတိယံ၊ တတိယံလေ၊ ဆံဦးလျှော့လို့၊ ကန်တော့ပြီးခါ၊ လွန်သာယာကော၊ ကဗျာဂီတ၊ ဂမုန်းသရဖီ၊ လုံးကာသီယောင်၊ ကုံးစီပြလို့၊ ဥဒိန္နဝတ္ထု၊ ဖြစ်ပျက်မှုကို၊ ယခုအခါ၊ လူတကာတို့၊ သဒ္ဒါရမ္မဏ၊ ပျားသကာသို့၊ ကြားနာရအောင်၊ အာစရိယာ၊ ထွန်းဆရာလျှင်၊ ကျမ်းစာကနုတ်၊ စကြာယုန်သို့၊ ပုံနှိပ်လုပ်လို၊ ထုတ်လိုက်တော့မည်၊ ရှေးဦးစွာလေ၊ အာသီသဖြင့်၊ ကန်တော့ရလေ။

# ကောသမ္ဘီပြည်ဝယ် ကေသနီမိဖုရားနှင့် နှစ်ပါးတူကွ ပူရုံတပ္ပမင်းကြီး ထီးနန်းစိုးစံ

အောင်မြေဝသုံ၊ အောင်ဇေယျုံလေ၊ ဘုံလောကဓာတ်၊ ဤကမ္ဘာလေ၊ မဟာကပ်တွင်၊ အမြတ်ခေါင်ထိ၊ လူနတ်ပြဟ္မာ၊ မြတ်ရာရာတွင်၊ သာတုလွတ်ကော၊ မြတ်မုနိဟု၊ ဓိပတိမြတ်မွန်၊ မြတ်ဆုံးစွန်ကော၊ မြတ်သမ္ဗုဒ္ဓ၊ သုံးလောကမှာ၊ ဂေါတမမြတ်စွာ၊ ဘဂဝါလေ၊ အာဏာစက်နှင့်၊ လက်ထက်တော်၌၊ မဋ္ဌိမာသမိုက်၊ ဇမ္ဗူသပြေ၊ ပံသုမြေလေ၊ အလယ်တိုက်မှာ၊ ဧကရာဇ်ဆက်ထက်၊ အုပ်စိုးပိုင်ကော၊ စည်မပျက်ဘဲ၊ ကနက်စိုက်ရာ၊ အမြစ်ဖြာလို့၊ အောင်ချာဌာနီ၊ ထက်နတ်ရွာသို့၊ လွန်ကျော်စောကော၊ ကောသမ္ဘီကို၊ ခွန်ဆီစိုးရ၊ တန်ခိုးပလို့၊ ဒသဆယ်ပါး၊ စုတေ့သေသော်၊ ပါယ်မလားရန်၊ တရားသဖြင့်၊ မမှားသင့်အောင်၊ အကျင့်လည်းမှန်၊ ဆောက်စိုက်ထူကော၊ ထီးဖြူမိုးလို့၊ အုပ်စိုးစံသည်၊ ပူရုံတပ္ပ၊ မည်နာမနှင့်၊ နရရာဇာ၊ လူတကာကို၊ အာကာမိုးလို့၊ စိုးစံပျော်သော်၊ တောင်ညာမဟေသီ၊ ကေသနီဟု၊ ဒေဝီထွတ်ထား၊ နန်းရဝေမှာ၊ အသရေရှိကော၊ မိဖုရားနှင့်၊ နှစ်ပါးတူကွ၊ မိုးနတ်ဟန်သို့၊ စိုးစံကြက၊ ကာလမြင့်စွာ၊ အတန်ကြာသော်၊ ရှေးခါပြုကြ၊ ကုသလလျှင်၊ ဥပဓော်၊ ဆော်စီမံ၍၊ ကိုယ်ဝန်တည်ငြား၊ ညာနန်းဆောင်မှာ၊ တောင်ညာထားလျှင်၊ သားပဋိသန်၊ ရှိလေပြန်သော်၊ ထိပ်စွန်လက်မြှောက်၊ မိမိလင်ကို၊ ဦးတင်လျှောက်ကော၊ တစ်ယောက်နန်းမ၊ စံထဆွေမှာ၊ သန္ဓေယူသော်၊ စပ်ပူချဉ်ခါး၊ အဖြာဖြာလေ၊ ရသာများကို၊ မစားစေလို၊ ရွှေပြည်ရင်မှာ၊ ကြင်မယားကို၊ တားမြစ်ဆိုလို့၊ ထိုထိုမသျှား၊ အစေခံက၊ ခြွေရံများနှင့်၊ မိဖုရားဒေဝီ၊ ကေသနီကို၊ အစီအပြောင်၊ သောင်းခြောက်ထောင်တို့၊ ရံဆောင်ပြီး ထွယ်၊ ရွှေ့ထက်ပင်လေ၊ လင်မင်းဖျားမှာ၊ ထားတော့သည်လေ။

# မိဖုရား မဟေသီ ကေသနီကို ငှက်ဆင်ချီခန်း

ထားတုံလေကော၊ မဟေညာရ၊ သောင်းခြောက်ထောင်တွင်၊ အခေါင်ထွန်းကော၊ တောင်နန်းမမှာ၊ ဂဗ္ဘာကိုယ်ဝန်၊ ပဋိသန်လျှင်၊ ရှိပြန်တုံတ၊ ပတ္တမြားရွှေကြုတ်၊ နှုတ်မှာငုံကော၊ ပုံတမျှသို့ ကလယ ရေကြည်၊ ပထမလျှင် အစ တည်၍၊ နောက်ဝယ်တစ်နည်း၊ ပေသိတံလေ မှန်မလွဲကော၊ သွေးခဲသားထင်၊ ဖြစ်သည်မှန်လှ၊ ဓာတ်ငါးဖြာတွင်၊ အာကာသကြောင့်၊ ခက်မငါးဖြာ၊ အသီးသီးလျှင်၊ ဖော်ပြခါမှ၊ ရင့်ရော်တုံဘိ၊ သတ္တမသတ္တဟံ၊ ပဋိသန်လျှင်၊ ရှိပြန်မိက၊ မျက်စိနားနှာ၊ စုံညီပေါ်ကော၊ ဇိဝှာကာယ၊ သတ္တဟလျှင်၊ ဒသမမြောက်၊ စေ့တုံလေကော၊ ထိုသည်နောက်၌၊ ထိုက်ရောက်ရာလေ၊ ဖြစ်ပေါ်ကြက၊ သတ္တဟသည်၊ စစ်တွက်ရေသော်၊ သုံးဆယ်နှစ်ရ၊ ကလလက၊ ကာယဒွါရေ၊ ရောက်ခါဝယ်၌။ ဆယ်သတ္တဟ၊ ပေါင်းသောခါလေ၊ ဒွါစတ္တဟု၊ သတ္တဟတွက်ရေ၊ ထိုခါဝယ်၌၊ မဟေဒေဝီ၊ ကေသနီမှာ၊ သက်ဝီပတ္တမြား၊ ပဋိသန်လေ၊ ကိုယ်ဝန်သားကို၊ မြင်ဖွားချိန်တန်၊ မြောက်ဟေဝန်က၊ လေပျံဆော်သွင်း၊ လူတကာတို့၊ ပူဆာဝေးကော၊ ချမ်းအေးခြင်းဖြင့်၊ ဆီးနှင်းဝေလျှံ၊ လေသွန်သွန်နှင့်၊ ဟေမန်သမယ၊ ဆောင်းရာသီလေ၊ အချိန်ကျလို့၊ နန်းမတောင်ညာ၊ ဒေဝီချာမှာ၊ နီတျာရဲရဲ၊ လွန်နီးနွေးကော၊ သားမွေးကမ္ဗလာ၊ ခြုံပြီးခါမှ၊ ရတနာရွှေနန်း၊ အမိုးအကာ၊ မထားပါကော၊ လသာခန်းမှာ၊ ချမ်းအေးခစ်ကြုံ၊ နေဆာလှုံ၍၊ ရွှေဘုံနန်းထဲ၊ ကိုယ်လုပ်ကျွန်နှင့်၊ စံနေဆဲမှာ၊ ပျံ့ဝဲမရှောင်၊ ဟေဝန်တောင်က၊ ဆင်ပြောင်ငါးစီး၊ အားလျှင်ပြီးကော။ ငှက်ကြီးထိလိင်္ကာ၊ ဝဲပျံလာ၍၊ ရှုမျှော်ကြည့်ကျင်၊ ညာနန်းခေါင်၏၊ စောင်သားမွေးကို၊ ရဲရဲမြင်ကော၊ ယခင်ငှက်မင်း ပြင်းတောင်ဟုန်နှင့်၊ တစ်ဟုန်ချင်းဖြင့်၊ ပျံ့ဆင်းတုံလတ်၊ ကြက်သူငယ်မြင်၊ ပမာထင်ကော၊ စွန်လျှင်သုတ်သို့၊ မလွတ်နိုင်ရာ၊ ထိုအခါ၌ ရုံကာနေမြဲ၊ မောင်းမများဖျင်၊ နန်းတော်ခွင်ကို၊ ခိုဝင်ပြေးက၊ ကိုယ်လေးလက်ဝန်၊ ပဋိသန်နှင့်၊ ညာစံနန်းမ၊ အသက်မသေ ငှက်၏ခြေမှာ၊ ပါလေရရေ။

ပါလေရကော၊ များလှပျိုတော်၊ ထိုအခါတွင်၊ ငိုကာလန့်ထိတ်၊ လျှင်မနေကော၊ ကြောက်သည်စိတ်နှင့်၊ လိပ်ပြိုလိပ်ပြာ၊ စိုင်ပြီးခါမှ၊ ဝင်ကာထွက်ပြေး၊ မိဖုရားတောင်ညာ၊ မရှောင်သာကော၊ ပါတုံခဲ့၍၊ ပျံ့ဝဲကောင်းကင်၊ အာကာပြင်ကို၊ ငှက်ဆင်တက်ခါ၊ တောင်ညာပျော်လျှင်၊ ပါတုံလေသည်၊ မြင်ကြပေကော၊ ထိုသည်အခါ၊ တစ်နန်းလုံးသား ပျိုတော်များတို့ ဟောကြော်ကာဖြင့်၊ များစွာအသီးသီး၊ လက်ခုပ်တီးကော၊ မှုးကြီးမတ်ဝန်၊ အတန်တန်နှင့်၊ ပူရတပ္ပ၊ အမည်ရကော၊ လင်လှရာဇာ၊ ထိုအခါ၌၊ နေရာတော်က၊ ဝတ်စားတန်းဆာ၊ မစစ်ပါဘဲ၊ လျင်စွာထလို့၊ များလှမှုးမတ်၊ ပရိတ်သတ်နှင့်၊ ပူရံတပ္ပ၊ အမည်ရကော၊ လင်လှရာဇာ၊ ထိုအခါ၌၊ နေရာတော်က၊ ဂတ်စားတန်းဆာ၊ မစစ်ပါဘဲ၊ လျင်စွာထလို့၊ များလှမှုးမတ်၊ ပရိသတ်နှင့်၊ ထက်ရပ်ကောင်းကင်၊ ပျာကယာလေ၊ မော်ကာလှည့်လို့၊ ကြည့်တုံကျင်သော်၊ ငှက်ဆင်ဆေခြေမှာ၊ ကြင်ရာတော်လျှင်၊ ပါသည်ကိုမြင်၊ ထိုခါတွင်၌၊ ဘုရင်စောထီး၊ ရေးတကြီးဖြင့်၊ တီးလက်ခုပ်ခတ်၊ များထိုထိုလေ၊ ဗိုလ်မှုးမတ်တို့၊ ရပ်ကာလှန့်ခြောက်၊ ပဲ့တင်ခြောက်မျှ၊ တစ်ယောက်မကျန်၊ တသောသောဖြင့်၊ ဟောကြပြန်ကော၊ အသံအုပ်ကျက်၊ တစ်ပြိုင်နက်လျှင်၊ ကြောက်မက်ဖွယ်သာ၊ ကျော်ကာကြွေးလို့၊ ကြော်ဟဲပါလည်း၊ ထိလိင်္ကာတွင်၊ မိုးကောင်းကင်က၊ ငှက်ဆင်ပျံပြေး၊ ထက်ဗဟိုတွင်၊ တိမ်ကိုခွဲ၍၊ အဝေးရောက်လျှင်၊ ကြည့်မမြင်သော်၊ ဘုရင်မင်းလှ၊ မိဖုရားဒေဝီ၊ ကေသနီလေ၊ ဒါလီကုံးကို၊ အဆုံးချလို့၊ သောကကြီးကျယ်၊ ပလ္လင်ပြင်မှာ၊ ထိုင်ကာတွဲလို့။ မှိုင်ငေးနေရေ၊ ခြွေရွှေသောင်းပြောင်း၊ ပျိုတော်ဟူကော၊ နန်းသူပေါင်းတို့၊ သောင်းသောင်းသဲသဲ၊ ထိုအခါလေ၊ ငိုကာကြွေးလို့၊ အိုလည်းထိပ်တင်၊ တောင်နန်းရှင်လေ၊ ဇောင်ပင်ကံဆိုး၊ ဇာဒါတော်ကော၊ ကြမ္မာညှိုးလို့၊ မျိုးမဟာဆီ၊ ညာမဒီမှာ၊ ဒါလီပတ္တမြား၊ ပဋိသန်လေ၊ ကိုယ်ဝန်သားကို၊ မြင်ဖွားမည်ဆဲ၊ စံမြန်းပျော်ကော၊ နန်းတော်ထဲမှာ၊ ချမ်းအေးခစ်ကြုံ၊ ကမ္ဗလာကို၊ လှမ်းကာသိုင်းလို့၊ တစ်ပိုင်းခြုံ၍၊ ခိုလှုံနေဆာ၊ ဆောင်လေသာမှာ၊ စံပျော်တုံငြား၊ မအပ်မရာ၊ ငှက်မိစ္ဆာမှာ၊ အစာသျှားသို့၊ သားငါးအတူ၊ ထိုးသုတ်ယူလို့၊ နန်းသူဒေဝီ၊ မဟေသီလျှင်၊ ပါလီတုံရ၊ တို့ထိပ်တင်လေ၊ သခင်မကို၊ မြင်ရမည်ပင်၊ စိတ်မထင်လို့၊ ငှက်ဆင်ကသေ၊ လှမောက်တော်လေ၊ တောင်ညာထွန်းကော၊ လွတ်ပါစေဟု၊ မှတ်ရည်ဆဲဆို၊ ငိုလည်းငိုလို့၊ လက်ကိုလည်းချိုး၊ ငှက်တိရစ္ဆာန်တို့လက်ထံသို့၊ တောင်ပံကျိုးလို့၊ ဇောက်ထိုးမနေ၊ မြေကမ္ဘာမှာ၊ အာကာသက၊ ကျပါစေဟု၊ ခြွေရွှေမောင်းမ၊ ဆဲကာဆိုလို့၊ ကြွေးငိုကြကော။ ။ ယိုကျမျက်ရည်၊ ရွှမ်းရွှမ်းတည်းလေ။

ယိုကျမျက်ရည်၊ ရွှမ်းရွှမ်းဝေလို့၊ ရုံရွှေမောင်းမ၊ တချို့ကလည်း၊ ပြသသွန်သင်၊ ဦးထိပ်တင်ကော၊ မိခင်တမျှ၊ တစ်နန်းလုံးတွင်၊ အထွတ်တင်ကော၊ တို့ရှင်မနှင့်၊ ကွဲရသည်မှာ၊ ငှက်မိစ္ဆာလေ၊ ဟေမာတောထဲ၊ တို့ပမာယောင်၊ အဖော်ကွဲလို့၊ ဖွဲ့ယောင်းလည်းခါ၊ ပြာယောင်လည်းလွင့်၊ ခေါင်းဆံပင်ကို၊ မျှင်စည်လွှင့်လို့၊ ရွှင့်ပါလေစေ၊ တို့ရှင်မကော၊ လှမဟေမှာ၊ သန္ဓေရင့်မာ၊ ဖွားမည်ခါ၌၊ မရာမဖွေ၊ ဤငှက်ဆင်ကြောင့်၊ တို့ရှင်မလျှင်၊ ပါရလေ၍၊ အမွေကိုမျှ ရုပ်ပိုင်ပြင်ကို၊ မမြင်ရဟု၊ တကာငိုကြွေး၊

အကြိမ်ကြိမ်လျှင်၊ ကျိန်ကာဆဲလို့၊ မစဲညံ့ညံ့၊ များထိုထိုလေ၊ ပျိုဇမ္ဗူတို့၊ ငိုကြွေပြန်ကေ၊ ပူရံတပွ၊ တောင်ညာရှင်မှာ၊ လမင်းလှလည်း၊ နှမဒေဝီ၊ ကေသနီကြောင့်၊ ဖြေမဆည်နိုင်၊ ထီးနန်းပိုင်လျှင်၊ ဖြိုင်ဖြိုင်စီးယို၊ ပြည်ဘုရင်လေ၊ လင်မင်းကြီးလည်း၊ ဟီးချငိုရေ၊ ပြည်ကိုစိုးရ၊ တန်ခိုးပကေ၊ သမ္မတနွယ်မျိုး၊ ငါရာဇမှာ၊ ကံတော်ဆိုးလို့၊ ဘိုးဘရိပ်ရာ၊ တိုင်းဌာနေလေ၊ ပြည်ကိုချုပ်လို့၊ မင်းလုပ်ပါလည်း၊ ပုတ္တဓီတ-နန်းဝေယံကို၊ မွေ့ခံငြားအောင် သားမရလို့၊ ရပါစေကြောင်း၊ ကုသလံလျှင်၊ ပြုပြန်ငြားလို့၊ သားဆုတောင်းကေ၊ ငယ်ပေါင်းညာစံ၊ ပဋိသန်လျှင်၊ ရှိပြန်တုံငြား၊ နန်းဝေယံကို၊ မွေ့ခံသားလျှင်၊ မြင်ဖွားပါစေ၊ စိတ်မှတ်ရည်၍၊ ခြွေရွှေအများ၊ နန်းဝေယျာန်မှာ၊ ဝန်းရံထားကေ၊ မဖွားခင်ပင်၊ တောင်နန်းရှင်ကို၊ ငှက်ဆင်ထိုးချီ၊ ညာဒေဝီလျှင်၊ ပါလီခြင်းရာ၊ ငါရာဇာမှာ၊ ကြင်ရာလည်းဆုံး၊ နန်းမွေ့ခံလေ၊ ဧကန်တုံးလို့၊ ယူကျုံးမရ၊ လွန်တရာလေ၊ ကံတော်ဆိုးကေ၊ ကျိုးမလှ၍၊ သားလှရုပ်သွင်၊ တစ်ချက်တရာလေ၊ ကံတော်ဆိုးကေ၊ ကျိုးမလှ၍၊ သားလှရုပ်သွင်၊ တစ်ချက်ပင်လေ၊ မမြင်လိုက်ရ၊ လူတကာကို၊ အာဏာချင်းကေ၊ မင်းလုပ်ရလည်း၊ ဒုက္ခသားများ၊ ငါရာဇာလေ၊ မဟာဖွားမှာ၊ မယားလည်းဆုံး၊ သားလည်းတုံးကေ၊ နှလုံးကြေကွဲ၊ မစဲငိုယို၊ ငါမင်းအိုမှာ၊ တစ်ကိုယ်တည်းကေ၊ ဤကဲ့သို့လျှင်၊ ဖြစ်ခြင်းအင်မှာ၊ တစ်ပင်လဲမူ၊ တစ်ပင်ထူကေ၊ ကြင်သူကလျာ၊ ပျိုကြွတ္တိယ၊ မိန်းမလှလျှင်၊ ရနိုင်သော်လည်း၊ ညာမဟေသီ၊ ကေသနီကေ၊ ဒေဝီနှင့်မူ၊ အကြင်သူတို့၊ တူမည်မထင်၊ ငယ်ကျွမ်းဝင်လေ၊ ကြင်မယားကေ၊ သားမိခင်က၊ လင်ကိုကြည်ညို၊ ရှွင်ရယ်ချိုလို့၊ လင်လိုလိုက်တတ်၊ ရှိရှိသမျှ၊ ဣတ္ထိယတွင်၊ မိန်းမမြတ်ကေ၊ လင်ဝတ်ဆိုရာ၊ မလိုသာအောင်၊ ပိုပါဘိလျက်၊ အလှဒေဝီ၊ ကေသနီကို၊ ဤအတွက်ကြောင့်၊ စုံမက်မပြေ၊ နိုင်တော့ဘူးလေ။

# မိဖုရားမဟေသီ၊ ကေသနီကို၊ လွယ်ချီကာ၊ ငှက်ဆင်ဆောင်၍၊ ပညောင်ပင်မှာ တင်ထားလျက်၊ အကြင်သားကို မြင်ဖွားတော်မူခန်း

စုံမက်မယေမပြေ၊ ထွက်ကာစွေကေ၊ မျက်ရည်ယိုစီး၊ ရွှေပြည်ရှင်ကေ၊ လင်းမင်းကြီးလျှင်၊ ငိုညည်းတော်မူ၊ တိုက်ခန်းဆောင်မှာ၊ ကိုယ်ရောင်ထွန်းကေ၊ တောင်နန်းသူမှာ၊ အမူအလှ၊ လူမကကေ၊ ရူပလက္ခဏာ၊ နတ်ကညာလည်း၊ သာမည်မထင်၊ ပြန့်ရယ်ရှွင်လို့၊ လင်ဝတ္တရား၊ လွတ်မမှားအောင်၊ မယားအပြား၊ လက္ခဏာကို၊ တွက်ကာစစ်က၊ ခုနစ်ပါးမှာ၊ ပိုင်းခြားနိုင်းညှို၊ ကျွန်ဣတ္ထိနှင့်၊ အမိတမျှ နှမအတူ၊ ငါဘုရင်လေ၊ လင်ယောက်ကျားကို၊ သဘောဖြူကေ၊ နန်းသူဒေဝီ၊ ကေသနီနှင့်၊ ရွယ်ညီတူကွ၊ လူ့ဌာနီလေ၊ ဤလောကမှာ၊ ပေါင်းရမည်ပင်၊ စိတ်မထင်ဟု၊ ဘုရင်မင်းကြီး၊ ညာနန်းဦးကြောင့်၊ ဆိုငိုညည်းက၊ ထီးသုံးနန်းသုံး၊ အရင်းပထမ၊ သမ္မတကေ၊ ရှေ့ကထုံးနှင့်၊ နိဂုံးနီထွာ၊ အဖြာဖြာကေ၊ ဥပမာ-ဥပမေ ၊ အသွယ်သွယ်ဖြင့်၊ ကြံစည်တုံပြီး၊ မှူးမတ်ကြီးတို့၊ ထိန်းသိမ်းဖြေဖျော်၊ ထားလေပါလေ၊ ကြမ္မာကိုယိုး၊ ဖြစ်ရဟန်မှာ၊ ကံအကျိုးဟု၊ တညိုးတငင်ငင်၊ ကြင်ရာတော်ကို၊ မျှော်ကာတလို့၊ နေ့ရရေလေ၊ မဟေညာနတ်၊ ထက်ကောင်းကင်က၊ ငှက်ဆင်သွယ်လို့၊ ရှေ့ဝဋ်ကြမ္မာ၊ ပါလေပါကေ၊ ပထဗျာမြေ၊ အာကာဘွေနှင့်၊ ကွာသည်အတွက်၊ ငှက်ဆင်ခြေကို၊ မေရေဖက်လို့၊ အသက်ဇီဝေ၊ ညက်ညက်ကြေလို့၊ သေမည်ကိုထောက်၊ ညာနန်းစံမှာ၊ အလွန်ကြောက်လို့၊ အောက်မြေကိုသည်၊ မကြည့်ဝံ့ဘဲ၊ တွန်ရှုံ့ထွယ်ဖြင့်၊ ပါလေသောခါ၊ ထက်အာကာမှာ၊ ဝဋ္ဋာအမွှန်၊ မိုးမင်းရုံသို့၊ တောင်ဟုန်ပြင်းပြင်း၊ ဝဲကာပျံကေ၊ လျင်မြန်ခြင်းဖြင့်၊ ဆီးနှင်းသည်းထန်၊ မြောက်လေပျံနှင့်၊ ဟေဝန်အနီး၊ ပညောင်ပင်မှာ၊ ဆောင်တင်ပြီးလျှင်၊ မင်းသမီးဒေဝီ၊ ကေသနီကို၊ ချီကာလည်းချ၊ ထိုငှက်ဆင်နှင့်၊ ညောင်ပင်ခွမှာ၊ သကုဏဘာသာ၊ ဆောင်ယူပါသည်၊ အစာများကို၊ စားမည်ခါ၌၊ လာလမ်းကိုသည်၊ စောင်းကာလှည့်လို့၊ ကြည့်တုံတေလကေ၊ မဟေညာနတ်၊ ကြောက်၍တုန်ပြာ၊ သံဟုန်ကဲကေ၊ ကြွေးကြော်လတ်က၊ လန့်ဖျပ်မနေ၊ ထက်အာကာကို၊ ပျံဝဲကာကေ၊ ပြေးလေသည်လေ။

ပြေးတုံလေကေ၊ မဟေညာစံ၊ နိဂြောဆိုင်ကေ၊ ပညောင်ခွ၌၊ ချကာကြံကေ၊ ဘုန်းကံကြီးငြား၊ ဝမ်း၌တည်ကေ၊ သန္ဓေသားကြောင့်၊ မိဖုရားတောင်ညာ၊ ငှက်အ

စာလျှင်၊ ချမ်းသာသော်လည်း၊ ညောင်ညိုညိုမှာ၊ တစ်ကိုယ်တည်းလျှင်၊ လက်ဝဲဘယ် ညာ၊ လေးမျက်နှာကို၊ ပတ်ကားလည်းလှည့်၊ ညောင်ပင်ပေါ်က၊ မျှော်ရှုကြည့်သော်၊ ခိုးငွေ့မြူမှုန်၊ ဆီးနှင်းခြုံလို့၊ ရဂုံမြိုင်ယံ၊ ဆည်ကြံကြံနှင့်၊ ဟေမဝန်တောင်မင်း၊ တောသုံးတောင်လေ၊ မြိုင်ချောင်တွင်းကို၊ စာရင်းအဝင်၊ ဖြစ်ခြင်းအင်ကြောင့်၊ သစ်ပင်များမြောင်၊ တောတောင်ထူထပ်၊ ပန်းဂနိုင်နှင့်၊ စိမ့်မြိုင်ရပ်မှာ၊ မအပ်မရာ၊ ငှက်ရန်သူလေ၊ ဆောင်ယူခဲ့လို့၊ ရောက်၍လာကော၊ တောင်ညာမပော၊ ဘေးဘယာ ကို၊ တွေးကာထောက်လို့၊ ကြောက်စိတ်ပိုကော၊ ငိုလိုက်တေကော၊ ရွှေပြည်ဌာနီ၊ ကောသမ္ဗီတွင် ဒေဝီတောင်ညာ၊ ဖြစ်ခြင်းရာကြောင့်၊ ဝေဒါရိပ်ငြိမ်၊ နတ်စည်းစိမ် နှင့် နှိုင်းချိန်မခြား၊ နန်းဝေယံမှာ၊ မေစံစားလို့၊ ရှည်လျားမြင့်ကြာ၊ ယခုခါ၌၊ သို့ဖြစ် သည်ကြောင့်၊ ရွှေပြည်ဘုရင်၊ မေ့ဆွေလင်မှာ၊ အလျှင်ကထက်၊ မေတ္တာဟုန်နှင့်၊ ချစ်စုံမက်၍၊ ဆတက်တိုးပြား၊ မေ့သခင်လေ၊ ရှင်မင်းကြီးမှာ၊ ချီးမြှောက်ထားလို့၊ ဖွားလုချိန်တန်၊ လလျှင်စေ့လို့၊ နေသာကျန်ကော၊ ဗိမာန်ရွှေဘုံ၊ ကမ္ဘလာခြုံလို့၊ ခိုလှုံ နေဆာ၊ မေစံပျော်သော်၊ ကြမ္မာလည်းငင်၊ ယာဉ်ငှက်ဆင်လျှင်၊အရှင်လတ်လတ်၊ ကြက်သူငယ်ကို၊ စွန်ဝယ်သုတ်သို့၊ ထက်ရပ်ကောင်းကင်၊ အာကာပြင်က၊ ညောင်ပင်မှာချ၊ ငှက်မိစ္ဆာလျှင်၊ ပျံကာသွားကော၊ မစားခလည်း၊ ဇီဝရှည်ကြာ၊ မနေ သာဘဲ၊ သေပါရမည် ဤမြိုင်လယ်မှာ၊ လူနေမနီး၊ တိုင်းနှင့်ကွာကော၊ ရွာနှင့်ဝေးလို့၊ တောကြီးဆိတ်ညံ၊ တည်းကြံကြံနှင့်၊ လူသံမကြား၊ သစ်ကျားဘေးရန်၊ တိရစ္ဆာန်ကော၊ မြေသံများနှင့်၊ ဆင်းသွားခြင်းငှာ၊ မတတ်သာကော၊ အစာအဟာရ၊ ငှက်ဆောင်တင် ကော၊ ညောင်ပင်ခွမှာ၊ ဆာလှာငတ်မွတ်၊ အာဟာရပြတ်လို့၊ ခြောက်ကပ်မနေ၊ သက်မရှည်ဘဲ၊ မေနှမမှာ၊ သေရမည်လေ။

သေရမည်လေ၊ ဘယ်ဘယ်ညာညာ၊ အဖြာဖြာကို၊ မျှော်ကာချင့်မြှောက်၊ မေ့ခန္ဓာကို၊ ညှာမထောက်ပါ၊ တစ်ယောက်ပတ္တမြား၊ ရင်နှစ်သားကို၊ မဖွားခင်လျှင်၊ ဤညောင်ပင်မှာ၊ ဆောင်တင်ခဲမြှောက်၊ သားသန္ဓေကို၊ မေလျှင်ထောက်လို့၊ လန့်ကြောက်စိုးရိမ်၊ နေမငြိမ်ကော၊ ကေသနီမိဖုရား၊ စိမ်းညိုလွင်လေ၊ ညောင်ပင်ဖျား မှာ၊ လွမ်းအားလည်းပို၊ စိတ်နုပျိုလို့၊ ငိုယိုလျက်ပင်၊ ညောင်ခွတွင်လေ၊ နေဝင်ချိန် ကျ၊ ရိပ်ဆာယာတို့၊ ပိတ်ကာလွှမ်းကော၊ ချမ်းမြမြနှင့်၊ တောင်ကကျူးကျော်၊ မျောက် ကဆော်လို့၊ ငှက်တော်ငှက်ကျား၊ ငှက်ငန္ဒွားတို့၊ သောသောဆူညံ၊ ဥရွှေဒေါင်းတို့၊ ကျူးညောင်းတွန်ကော၊ အသံသာယာ၊ ငှက်နက်ကျော်တို့၊ ပျံကာရင့်ကျူး၊ သစ်တစ် ပင်က-တစ်ပင်ကူးလို့၊ မြူးထူးရွှင်ပျော်၊ သူ့ဘာသာလေ၊ မာဂဓနှင့်၊ ဖိုမခေါ်ကော၊ လင်းပြာချိုးညို၊ သံချိုချိုနှင့်၊ ဟံလို့ဟံရ၊ ကရဝိတ်မောင်နှံ၊ တိရစ္ဆာန်တို့၊ မြီးတံကော့ နှင့်၊ ပျံကတုံလျက်၊ နှင်းဝေဝေလေ၊ ညနေချမ်းတွင်၊ အိပ်တန်းထက်က၊ တောကြက် တောင်ပံ၊ ခတ်ကာတွန်ကော၊ သဒ္ဒံချိုမြ၊ ဖော်ကွဲသူတို့၊ စိတ်ပူကျွမ်းကော၊ လွမ်းကာ တအောင်၊ ဖိုမခေါ်ဆို၊ ရွှေကျီးညိုနှင့်၊ ဝံလို-ဝံလက်၊ သစ်တောက်ငှက်က၊ စီးရက်မိုးစီ၊ ငှက်ဖိုးခေါင်နှင့်၊ တောင်ဝီဆုံးကော၊ ပြုန်းပုတီးတို့ နာရီစောင်းသံ၊ တူရိယာပေါင်း၊ ငြိမ့်ကာညောင်းသို့၊ သောင်းသောင်းညံအောင်၊ တွန်ကာကျော်ကျူး၊ ပျံကာမြူးကော၊ ထူးထူးထွေထွေ၊ ကေသနီလေ၊ ဒေဝီနားမှာ၊ ကြားရပေကော၊ တားဆည်းမနိုင်၊ သဲကမ်းယိုင်သို့၊ ဖြိုင်ဖြိုင်မျက်ရည်၊ ထွက်ကာစွေလို့၊ ရွှေပြည်ကိုတမ်း၊ ပင်ညောင်ညို က၊ လင်ကိုလွမ်းလို့၊ ယဉ်နန်းတော်သူ၊ တကျူကျူနှင့်၊ တ-ရှုလျက်ပင် နေမင်းဝင်လို့၊ မှိုင်းလျှင်လည်းကျ၊ ယုန်စန္ဒာလျှင်၊ ပျော်စံမြန်းကော၊ လဝန်းပလည်း၊ အေးမြရောင် ခြည်၊ မပြောင်ဝေဘဲ၊ မှောင်ကွယ်မှိုင်းမှိုင်း၊ တဆိုင်းဆိုင်းနှင့်၊ ညောင်ကိုင်းညောင် ခက်၊ ရောထွက်ယှက်လို့၊ ညောင်ခက်အုပ်မိုး၊ မှိုင်းမှောင်မှောင်နှင့်၊ ရောင်မထိုးကော၊ လွမ်းမိုးလည်းစွေ၊ မေလျှင်နေကော၊ ရွှေပြည်နန်းကို၊ လွမ်းသိရေလေ။

လွမ်းသိရေလေ၊ ရွှေပြည်ကြငှန်း၊ နေပျော်လှုံကော၊ ရွှေဘုံနန်းမှာ၊ နေဝန်းဝင်ချိန်၊ ညမှိုင်းရီဝယ်၊ ဗေဟီစည်ကြီး-တပိုကျော်ထွင်၊ ဆော်ကာဟီးလို့၊ မှုတ်တီးဖြေဖျော်၊ ခန်းဆောင်ကြာတွင်၊ လသာမီးရောင်၊ ညီးပြောင်ပြောင်နှင့်၊ ခြောက်ထောင် တစ်သောင်း၊ ပျိုတော်ဟူကော၊ နန်းသူပေါင်းတို့၊ ခညောင်းရံကာ၊ မေ့ထံလာ၍၊ နံ့သာ ဆယ်မျိုး၊ မွှေးပျံ့ကြည်ကော၊ ရေကတိုးကို၊ ချိုးလို့ပြီးခါ၊ လိမ်းစရာဟု၊ သွေးကာလည်း ထား၊ သုဝဏ္ဏကော၊ ရွှေဖလားနှင့်၊ ခစားဖြေဖျော်၊ ရံပျိုတော်တို့၊ မွေ့လျော်လေအောင်၊ မြကြာညောင်ကော၊ ခြင်ထောင်အတွင်း၊ ပန်းမွေ့ရာကို၊ ကြဲကာခင်းလို့၊ သင်းတပျံ့ပျံ့၊ ဂန္ဓာရုံလေ၊ ထုံရနံ့နှင့်၊ နူးညံ့ကမ္ဗလာ၊ ဒုတစ်ထွာမှာ၊ မွေ့လျော်တူကွ၊ လမင်းနှင့်သာ၊ စက်တော်ခေါ်ကော၊ ပျော်ပါရလို့၊ ခုမှတစ်ခါ၊ မှိုင်းမှောင်မှောင်နှင့်၊ မြိုင်ချောင်စတွင်၊ ညောင်ခွပေါ်၌၊ မေသာခုဝယ်၊ စက်တော်ခေါ်ကော၊ ပျော်ဝံ့မည်လေ၊ တွေအာကာသ၊ ကြယ်ကိုပင်လေ၊ မမြင်ရကော၊ လ-ရောင်မထွန်း၊ သစ်တောရိပ်မြိုင်၊ နိဂြောဆိုင်ကော၊ ပင်ညောင်နန်း၌၊ စမ်းစမ်းမိုက်မှောင်၊ ထိုထိုတောင်က၊ ဆင်ပြောင်အူကြွား၊ ပင်-ပညောင်လေ၊ မြိုင်ချောင်တောပါ၊ ကျားမင်းလည်းဟုံ၊ ပျားလည်းရုံလို့၊ တုံကာလန့် ထိတ်၊ တစ်ယောက်မေလျှင်၊ ကြောက်သည်စိတ်ကြောင့်၊ မအိပ်မစက်၊ ထိုညဥ့်တွင် လေ၊ ညောင်ပင်ထက်မှာ၊ ချမ်းလျက်လည်းတုံ၊ ကမ္ဗလာကို၊ လွှမ်းကာအုပ်လို့၊ ချုပ်ကာ ခြုံလည်း၊ မလုံနိုင်လို၊ လပြာသိုမှာ၊ ကျလိုဖြောက်ဖြောက်၊ ဆောင်းခါမို့ကော၊ ရာသီ တွင်းမှာ၊ ဆီးနှင်းပေါက်နှင့်၊ မိုးသောက်အရုဏ်၊ အခါကြုံသော်၊ တုန်တဆတ်ဆတ်၊ ဒုက္ခပေါပုံ၊ ငရဲဘုံသို့၊ ကြုံပြန်လတ်ကော၊ ရဟတ်စကြာ၊ ထွက်ကာထွန်းလို့၊ နေဝန်းပေါ်

လည်း၊ ရောင်ဝါပချင်း၊ ဆီးနှင်းမှုန်လေ၊ ခြုံနေခြင်းကြောင့်၊ ဝင်းဝင်းစက်စက်၊ နေရောင်ခြည်လေ၊ ပြောင်လာလက်လို့၊ မထွက်နိုင်ဖွယ်၊ မေသက်ဝေမှာ၊ အနေလည်းခက်၊ ချမ်းမပြေကော၊ ယရေထက်မှာ၊ တည်လျက်သန္ဓေ၊ သားသူငယ်လျှင်၊ ဖွားမည်လည်းပြု၊ သည်အမှုကြောင့်၊ ပေါင်းစုဝိုင်းအုံ၊ အခက်ထဲမှာ၊ အခဲကြုံကော၊ ဆွဲပုံမီးနေ၊ အသည်းအူက၊ ပူလို့ညီးအောင်၊ ကြီးတော့သည်လေ။

ကြီးတော့သည်လေ၊ လေကမ္ဘဇ၊ ပတ္တမြားကြုတ်မှာ၊ သားပုတ္တာကို၊ လှူပ်ကာလ၌၊ အူမ အူသိမ်၊ တွန့်လိမ်ကန်ထိုး၊ သားသန္ဓေကို၊ ဖွားမည်စိုးလို့၊ တညိုးငေငေ၊ ကြောက်စိတ်လည်းပို၊ နန်းရိပ်ခိုမှာ၊ ငိုလတ်တေက၊ ရွှေပြည်ဌာနီ၊ ကောသမ္ဗီမှာ၊ သက်ဝီပုတ္တာ၊ သားသန္ဓေကို၊ ဖွားပေရက၊ မေလှတစိ၊ စိုးရိမ်းရန်လေ၊ မှန်မရှိပါ၊ မိဘမျိုးဆွေ၊ မစိုးပေအောင်၊ ခြွေရွေမရှား၊ တတ်လိမ္မာကော၊ ဆရာများနှင့်၊ သားငယ်ပုတ္တ သနားဖွယ်ကို၊ ဖွားပေကမူ၊ ယသူယို့သူ၊ လှမေဖြူကို၊ ရေပူရေချမ်း၊ ဒုက္ခနှင့်ဝေး၊ မုချအေးလို့၊ ဆင်းရဲမရှိ၊ စိုးရိမ်ဖွယ်လေ၊ မေမသိပါ၊ ဇာတိချက်ကြွေ၊ ယခုဝယ်က၊ ရွှေပြည်ကြငှန်း၊ ရွှေနန်းနှင့်ကွာ၊ မကြံသာကော၊ ဂန္ဓာမြိုင်နက်၊ နိဂြောဆိုင်က၊ ပင်ညောင်ထက်မှာ၊ အသက်အန္တရာယ်၊ ပျက်ကာကွယ်အောင်၊ သန္ဓေတော်သား၊ မေတစ်ကိုယ်လေ၊ ဘယ်လိုဖွားမည်၊ သမားဝေးကွာ၊ လက်သည်ခေါ်ကော၊ ဆရာကင်းဝေး၊ တစ်နည်းတစ်ဖုံ၊ အရေးဆုံလို့၊ တွေ့ကြုံခဲက၊ ဆေးဝါးနှင့်ကင်း၊ အေးမြခြင်းဖြင့်၊ မီးထင်းမရှိ၊ ဦးထိပ်တင်လေ၊ လင်မသိကော၊ ဘမိနှင့်သျှင်း၊ ဉာတိကင်းလို့၊ ထမင်းဖြူဖြူ ဟင်းပူပူကို၊ ဘယ်သူကပေး၊ တောမြိုင်ငူမှာ၊ ဘယ်သူကျွေးမည်၊ အရေးတကြီး၊ အချည်းနှီးလျှင်၊ ပျက်စီးရမည်၊ ဘေးဘယာကို၊ တွေးမြော်ထောက်က၊ ကြောက်လှရေလေ၊ ရွှေပြည်နန်းထဲ၊ သားရွှေစင်ကို၊ မေမြမွေးမူ၊ အေးအေးသာသာ၊ ငှက်မိစ္ဆာလျှင်၊ ထိုးကာယူချီ၊ ကေသနီကော၊ ဒေဝီခေါ်ဆို၊ မေ့တစ်ကိုယ်ကို၊ မျိုမျိုထားထား၊ စားစားသောက်သောက်၊ ညာနန်းနေကော၊ မေတစ်ယောက်မှာ၊ သည်လောက်တောင်မူ၊ ငှက်ရန်သူအား၊ မပူမကြောက်၊ ယခုမူလေ၊ အကူလှောက်လို့၊ တစ်ယောက်မသေ၊ ဤဂနိုင်လေ၊ ပင်ညောင်ထက်မှာ၊ နှစ်သက်သေဟု၊ မျက်ရည်စီးယို၊ အဖြာဖြာကို၊ စာနာထောက်ကော၊ ကြောက်တိုင်းငိုရေ။

ကြောက်တိုင်းငိုကော၊ အိုအိုဘုရား၊ သူဇာလင်ဟု၊ ကျော်ထင်ရှားကော၊ နတ်များကိုယ်တိုင်၊ ဝတီပိုင်နှင့်၊ စုံမြိုင်တရိုး၊ ကုသိုလ်ဟုန်လေ၊ ဂုဏ်တန်ခိုးနှင့်၊ ရုက္ခစိုးတွင်၊ ဤမြိုင်ခွင်မှာ၊ သစ်ပင်စောင့်ကြပ်၊ စိုးထွတ်တင်ကော၊ အိုရှင်နတ်တို့၊ ဖြောင့်မတ်ကြည့်ရှု၊ သားမိခင်ကို၊ ညောင်ပင်ခွမှာ၊ စောင်မပြုပါ၊ ဖွားလုချိန်ကြုံ၊ ဝမ်း၌လုံကော၊ နှုတ်ငုံပတ္တမြား၊ မျိုးနန်းနွယ်လေ၊ သန္ဓေသားကြောင့်၊ ခါးကလည်းကျဉ်၊ ရင်ကလည်းတိုက်၊ ဝမ်းကအိုက်လို့၊ ဖြိုက်ကာရွှရွှ၊ ကိုယ့်ကိုယ်ကိုလေ၊ ဝမ်းကိုမလို့၊ ရုက္ခပညောင်၊ လေးခွပြောင်မှာ၊ ဆောင့်ကြောင့်လည်းထိုင်၊ ခေါင်းထက်တွင်လေ၊ ညောင်ပင်ခက်ကို၊ လက်နှင့်ကိုင်၍၊ မိန့်မှိုင်တွေဝေ၊ အရေးဆုံးပျာ၊ တွေ့ကြုံဘိလည်း၊ သတိတည်လို့၊ သန္ဓေရှိထ၊ ဣတ္ထိယကော၊ မိန်းမကိုယ်ဝန်၊ သားရင်းသွေးကို၊ မွေးဖွားဟန်မှာ၊ ပူပန်ဆင်းရဲ၊ မေနှင့်မူလေ၊ မတူကွဲကော၊ ထူးကဲပိုမို၊ မေတစ်ကိုယ်လျှင်၊ ငြိုငြိုငြင်ငြင်၊ ညောင်ခွတွင်၌၊ ပင်ပင်ပန်းပန်း၊ မရွှင်လန်းအောင်၊ ဝမ်းတွင်းဆရာ၊ မရှိပါကော၊ အဖော်ကင်းဝေး၊ ညောင်ညိုညိုမှာ၊ တစ်ကိုယ်တည်းလျှင်၊ မွေးရတော့သည်၊ တောမြိုင်ခွင်မှာ၊ ရှင်ဒေဝတို့၊ စောင်မစေဟု၊ မျက်ရည်ပျစ်ပျစ်၊ ဖွားစေလို၍၊ ခါးကိုဖြိုက်လို့၊ ဝမ်း၌သန္ဓေ၊ သားသူငယ်လျှင်၊ ဖွားမည်ကာလ၊ တရွရွကော၊ ကမ္ဘဇဝါယော၊ သားပုတ္တာကို၊ လှုပ်ဆော်ငြားကော၊ အာပေါရေဓာတ်၊ တစိုစိုကော၊ စီးယိုစွတ်ကော၊ ကာသ၊ ယောနိဝကို၊ ဖွင့်ထလှိုက်ကျင်၊ ရတနာလေ၊ နန်းလျာသားကို၊ ဖွားမြော်မြင်ကော၊ ရွှင်ရွှင်လန်းလန်း၊ မွေးမိခင်လေ၊ မပင်ပန်းကော၊ ချမ်းချမ်းသာသာ၊ ထိုအခါ၌၊ နေဝါထွက်စ၊ နံနက်တွင်လေ၊ နှင်းလျှင်ကျလို့၊ ညကိုမိုးရွာ၊  မွန်းလျှင်တည့်ကော၊ နေ့လယ်ခါ၌၊ နေဝါထွန်းငြား၊ ဤသို့အားဖြင့်၊ သုံးပါးဥတု၊ စုံလင်မှုကြောင့်၊ သမုစိန်မြ၊ သားသက်ဝီကို၊ ဥဒိန္နဟု၊ နာမသညာ၊ တစ်ကမ္ဘာကို၊ တွင်ခေါ်လေစေ၊ ဘွဲ့နာမည်လေ၊ ရွှေတံဆိပ်ကို၊ နှိပ်လိုက်တေလေ။

နှိပ်ကာခတ်ကော၊ မြတ်မဟေသီ၊ နတ်ဒေဝီသို့၊ ကေသနီမိဖုရား၊ မျက်နှာမြင်၍၊ သန့်စင်ဖွားကော၊ သားကိုချီရွက်၊ ထိုညောင်ပင်တွင်၊ ရင်ခွင်ထက်၌၊ တင်လျက်ပိုက်ထွေ၊ စို့ပါစေဟု၊ နို့ရည်ချိုမြိုက်၊ သားရွှေစင်ကို၊ မိခင်တိုက်လို့၊ စိုက်စိုက်လည်းခေါ်၊ ကိုယ်ဖြစ်ဟန်ကို၊ ပြန်ကာလှည့်လို့၊ ကြည့်လိုက်ပါသော်၊ ဝမ်းသာဝမ်းနည်း၊ အသက်ရှင်၍၊ ငှက်ဆင်ဘေးက၊  လွတ်ဝေးချမ်းသာ၊ သားဖွားရာမှာ၊ ရောဂါမရှိ၊ အေးချမ်းသာ၍၊ ကျမ်းမာဘိလည်း၊ အမိနှင့်သား၊ ပညောင်ပင်နှင့်၊ တောင်ခွင်တောမှာ၊ အစားအနေ၊ သည်အတွက်ကြောင့်၊ အသက်သေမည်၊ လူ့ပြည်ကသာ၊ တောမုဆိုးတို့၊ သားမျိုးရှာ၍၊ လာသည်ခိုက်ကြုံ၊ တွေ့လိုဆုံသော်၊ ရွှေဘုံရဝေ၊ တိုင်းဌာနေကို၊ စာခွေနှင့်သာ၊ ပြည်ကြီးရှင်၏၊ ရွှေရင်သားနှင့်၊ ထားတောင်ညာကို၊ ဆောင်ပါခလိုက်၊ မေ့သခင်လေ၊ ငယ်လင်ချစ်ကို၊ မှာလိုက်ပါချင်၊ စုံတစ်ယောက်မျှ၊ မရောက်ကျင်လည်း၊ မြိုင်ခွင်ပေမာ၊ ဤတောမှာပင်၊ မွေ့လျော်စီးဖြန်း၊ ကမ္ဘန်းဌာန်နှင့်၊ ရဟန်း-ရသေ့၊ မေ့ကိုမူလေ၊ ကြုံလို့တွေ့ကော၊ ယနေ့ကသော်၊ သက်ချမ်းသာ၍၊ တော်ပါလိမ့်မည်၊ အသွယ်သွယ်ကို ကြံစည်မျှော်ထွေး၊ ကျေးလိမ္မာကို၊ စာခွေဆွဲလို့၊ ပြည်ထဲသို့သာ၊ စေချင်ပါဟု၊ ထင်ရာရည်စူး၊ အထူးထူးကို၊ စိတ်ကူးနေကျင်၊ သားရွှေ

စင်လျှင်၊ ရင်ခွင်ထက်မှာ၊ ငိုလေပါသော်၊ ဖြေဖျော်တုံလျက်၊ မြရိပ်ဆောင်ကော၊ ပညောင်ထက်မှာ၊ ပုခက်ယဉ်သာ၊ မပါပါကော၊ ကြံကာလည်းတွက်၊ တန်းဆာပြောင်ပြောင်၊ ကမ္ဗလာစောင်ကို၊ ညောင်ပင်ထက်၌၊ အခက်မှာထဲ၊ အမြစ်မြွာနှင့်၊ ရစ်ကာဆွဲကော၊ လွှဲလို့သိပ်ချင်၊ ပုခက်သွင်၌၊ ယှက်တင်ပြီးထွေ၊ သားရွှေစင်ကို၊ ဧယင်ပြုကော၊ ကျူးလိုက်မည်လေ။

# ကေသနီ မိဖုရားဒေဝီ သားလှရွှေစင် ပုလဲသွင်ကို ဧယင်ကျူး၍ သားချော့စန်း

ကျူးလိုက်မည်လေ၊ သပြေလက်ယာ၊ မြေမျက်နှာတွင်၊ စကြာရဟတ်၊ ကျွန်းကြီးလေးသွယ်၊ ထက်နတ်ပြည်ကို၊ လှည့်လည်ပတ်ကော၊ မဏ္ဍပ်နွယ်ရိုး၊ ထီးနန်း ခရိုင်၊ အုပ်စိုးပိုင်ပျာ၊ စည်တိုင်းစိုးကော၊ တန်ခိုးနေမီး၊ ဘုန်းတော်ရောင်လေ၊ ပြောင်ပြောင်ညီးကော၊ ဘီးစကြာစိုး၊ ကြီးတန်ခိုးနှင့်၊ ဘိုးစက္ကဝဠ်၊ ဘမန္ဓာတ်တို့၊ နေနတ်သမုတ္တိ၊ တုမရှိကော၊ သာကီနွယ်ဝင်၊ သားရွှေစင်မှာ၊ ဖခင်ထိပ်ပွဲ၊ ကောသမ္ဗီလေ၊ ရွှေပြည်ကြီးမှာ၊ ထီးနန်းစံကော၊ ပူရံတပွ၊ အမည်ရသည်၊ နေလတနုန်း၊ ဘက်မပေါ်နိုင်၊ စကြာပိုင်၍၊ ပြိုင်သူရှုံးလို့၊ ဘုန်းကျက်သရေ၊ တက်ဖြိုးဝေလို့၊ မျိုးနွယ်သန့်စင်၊ တောင်သပြေလေ၊ အောင်မြေကျွန်းမှာ၊ ထီးနန်းရှင်နှင့်၊ မိခင်မာတာ၊ မျိုးဆွေဥာလေ၊ နွယ်လာအမြစ်၊ သမ္မတက၊ စလို့စစ်လျှင်၊ မန္ဒရာဇ်ရင်သွီး၊ ချစ်မငြီးကော၊ သမီးသက်ဝီ၊ ကေသနီကို၊ ဒေဝီတောင်ညာ၊ သားရွှေစင်လေ၊ ဖခင်မင်းမှာ၊ နှင်းပြီးခါမှ၊ နှစ်ဖြာမောင်နှံ၊ ရာပြည်ထောင်ကို၊ အခေါင်မိုးလို့၊ အုပ်စိုးစံသော်၊ နန်းရံနန်းညောက်၊ ကြငှန်းဝေယံ၊ နန်းမွေခံကော၊ ပြည်တန်ကျောက်သို့၊ တစ်ယောက်ရတနာ၊ သားရွှေလှော်ကို၊ မေတော်သန့်စင်၊ သန္ဓေတည်၍၊ စံရွှေသားလျှင်၊ မဖွားခင်ကို၊ ငှက်ဆင်ချီငြား၊ ဤညောင်ပင်မှာ၊ ဆောင်တင်ထားလို့၊ မိခင်ဖွားလည်း၊ တိုင်းကားရွာပြည်၊ မဟုတ်ချေ၍၊ ဗုဒ္ဓဟေခက်၊ ရက္ခေထက်မှာ၊ ပုခက်ရတနာ၊ မရသာကော၊ ကမ္ဗလာနီလွင်၊ ညောင်နန်းသာမှာ၊ လွှမ်းကာကြက်ကော၊ ပုခက်သွင်သို့၊ မိခင်ပြုပြင်၊ သားရွှေစင်ကို၊ တင်ကာလွှဲကော၊ ဧယင်ကျူးလည်း၊ မျက်ရှုရတနာ၊ စက်တော်ခေါ်ကော၊ ပျော်ပါနိုင်ပဲ၊ မြပုခက်လျှင်၊ မဟုတ်ကျင်၍၊ မိရင်သွေးမှာ ငိုကြွေးသလား၊ ပန်းမာလာယောင်၊ နန်းလျှာသားလေ၊ ဘိုးဘွားဝံသာ၊ မျိုးမဟာဟု၊ နွယ်လာကိုကိုး။ သားရွှေစင်လေ၊ သင်မဆိုးနှင့်၊ ပိုးကမ္ဗလာ၊ ပုခက်ပေါ်မှာ၊ စက်ပျော်စေရေး။ ။ မြညောင်ပင်မှာ၊ မိခင်လွှဲကော၊ ဧလည်းယင်ယင်၊ ဧယင်ယင်လေ။

ဧယင်ယင်လေ၊ လွှဲငင်ကြိတ်ကြိတ်၊ နိဂြောဆိုင်လေ၊ ပညောင်ရိပ်မှာ၊ အိပ်ပါစေကြောင်း၊ တဖျောင်းဖျောင်းနှင့်၊ ချီညောင်းသာယာ၊ မိမာတာမှာ၊ ကဗျာတေးနှင့်၊ လွှဲခြင်းရာက၊ မေတော်မိခင်၊ ဝမ်း၌လွယ်၍၊ သန္ဓေရကော၊ ဆယ်လကြင်လို့၊ သဇင်ပုလဲ၊ ညောင်ပင်ပေါ်မှာ၊ မြင်ကာမွေးကော၊ ရင်သွေးရတနာ၊ ကောသမ္ဗီလေ၊ ရွှေပြည်ကြီးမှာ၊ ထီးနန်းလျှာလေ၊ အောင်ချာဌာနေ၊ နန်းရဝေမှာ၊ သွန်းရွှေတမျှ၊ သားပန်းပင်ကို၊ ဖွားမြင်ရက၊ မြပုခက်တွင်၊ အသွယ်သွယ်လေ၊ ရွှေချည်ထိုးကော၊ ရွှေကြိုးမျှင့်နှင့်[illegible]ရောင်ဆို့[illegible] ခရုတ

## ဝေဒဒီပရသေ့ နှင့် အာလံကပ္ပရသေ့တို့အကြောင်း
## ရင်းအာလံ ကပ္ပရှင်ရသေ့နှင့် မိဖုရားတို့တွေ့ဆုံစန်း

ညွှန်းပြမည်လေ၊ ထိုသည်မြိုင်ယံ၊ ဟေမဝန်မှာ၊ အာလံကပ္ပ၊ အမည်ရကော၊ နာမသိမ်မွေ့၊ ထေရ်သခင်လေ၊ ရှင်ရသေ့လျှင်၊ ရှေးဦးခါဝယ်၊ ထိုမြိုင်ခြေတွင်၊ ဝေဒဒီပ၊ ရသေ့ကျော်လေ၊ တာပသတို့၊ လောကလူ့ဘောင်၊ ပြည်တည်ထောင်၍၊ အာခေါင်စိုးခြင်း၊ ပြည်နှစ်ပြည်လေ၊ မိတ်ဆွေချင်းကော၊ မင်းမူကြရာ၊ များမကြာခင်၊ နှစ်ဖြာတူကွ၊ ထိုထိုပိုလ်ခြေ၊ အို-နာ-သေ၍၊ သံဝေရလျက်၊ တောမြိုင်နက်ကို၊ ထွက်၍လာထွယ်၊ ရသေ့ထေရ်ဟု၊ ဖန်ရည်ဆို့စွမ်း၊ ဓမ္မတာလေ၊ လျှော်သက်န်းနှင့်၊ သင်္ခမ်းပြင်ဆောက်၊ ရွှင်ဝမ်းမြောက်လျက်၊ တစ်ယောက်တခြား၊ ထိုခါမူလေ၊ နေတုံ ငြား၍၊ တရားတော်တိုင်း၊ များစွာခိုင်းလျက်၊ ကသိုဏ်းပရိကံ၊ အဘိညာဉ်နှင့်၊ ဈာန် ကိုကြိုးစား၊ မြင့်တာရှည်လေ၊ နေတုံငြားက၊ ပျက်ပြားဇီဝေ၊ ခန္ဓာကွယ်၍၊ ဝေဒဒီပ၊ မြတ်ရသေ့ထေရ်၊ ထက်နတ်ပြည်မှာ၊ ဖြစ်လေရကော၊ ဒေဝဥပ္ပပတ်၊ တန်ခိုးမြတ်သည်၊ မိုးနတ်ဖြစ်ခါ၊ တောမြိုင်ခြေလေ၊ လူ့ပြည်တွင်းကို၊ ဆင်းလို့လာပျာ၊ အာလံကပ္ပ၊ ရသေ့ကျော်လေ၊ တာပသကို၊ သိပ္ပပညာ၊ ဆင်ခေါ်မန္တန်၊ ချိုသံညောင်းကော၊ နတ် စောင်းပျံကို၊ အပ်နှံပြီးထွယ်၊ တန်းခိုးတော်နှင့်၊ မိုးပေါ်ထက်ကို၊ တက်သွားလေကော၊ မိတ်ဆွေနတ်သား၊ မ-လာငြားသို့၊ သင်ကြားသမျှ၊ မန္တန်ကျော်လေ၊ ဂါထာကောင်း နှင့်၊ စောင်းကိုရ၍၊ ကာလမကြာ၊ တစ်ရံခါ၌၊ မဟာတာပသ၊ သစ်သီးရှာလေ၊ သွားကာလ၌၊ ရုက္ခခေါ်တွင်၊ ပညောင်ပင်က၊ အထင်အရှား၊ သူငယ်တန်လေ၊ ငိုသံ ကြားက၊ ခွဲခြားသိစေ၊ ထိုညောင်ပင်ကို၊ ရှင်ရသေ့လျှင်၊ ကြည့်တောသည်လေ။

ကြည့်တုံလေကော၊ နတ်နှယ်တမျှ၊ ဆင်းရူပနှင့်၊ မိန်းမရုပ်သွင်၊ ညောင်ပင်ပေါ် ကို၊ မော်ကာကြည့်လို့၊ ရသေ့မြင်ကော၊ သိချင်ကြောင်းရေ၊ ညာမဟေသီ၊ ကေသနီကို၊ ဤသို့မေးရေ၊ ဝေးလွန်းလှစွာ၊ ထိုဟေမာကို၊ ဘယ်ခါတထူး၊ မိန်းမဟူလေ၊ လူတစ် ယောက်ကော၊ မရောက်ဖူးပဲ၊ ထူးထူးလွန်လွန်၊ မြင်ရဟန်မှာ၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗ နှင့်၊ ဒေဝများစွာ၊ အသူရာကော၊ ပြိတ္တာစုန်းဖုတ်၊ နတ်မိစ္ဆာတို့၊ နာနာရုပ်ဖြင့်၊ ပြုလုပ် ပြီးထွက်၊ ကျင့်ဇာဂီလေ၊ ငါ့သီလကို၊ စမ်းတော့သည်လား၊ ပြုလေသမျှ၊ ကုသလကို၊ အမျှရစေ၊ မေတ္တာပို့ကော၊ ငါတို့ဝေလျက်၊ နှုတ်ပယ်မုသား၊ သင်တစ်တန်လေ၊ မှန်ရာ ပြောဟု၊ မေးသောအခါ၊ သားမေတော်မှာ၊ ဆယ်ဖြာမြောက်ကော၊ လျှောက်ခြင်းရာက၊ အောင်ချာဌာနီ၊ ကောသမ္ဗီက၊ ဒေဝီတောင်ညာ၊ ပဋိသန်လေ၊ ကိုယ်ဝန်သားကို၊ ဖွားလုခါ၌၊ နေဆာစံလှုံ၊ ရွှေနန်းဘုံမှာ၊ လှမ်းခြုံကမ္ဗလာ၊ နေသောခါ၌၊ ပျံလာပြီးလျှင်၊ ကြမ္မာငင်၍၊ ငှက်ဆင်ထိုးချီ၊ မိုးတိမ်ဆီက၊ ဤသည်ညောင်ပင်၊ ခွကြားတွင်၌၊ ချတင်သောခါ၊ ကြောက်သည်ရေးကြောင့်၊ ဟစ်ကြွေးကြော်သော်၊ ပျံကာလည်းသွား၊ ရှိကိုယ်ဝန်လေ၊ သန္ဓေသားကို၊ ဖွားသည်အဟုတ်၊ မုသားကံဖြင့်၊ အကျွန်ုပ်လျှင်၊ ဝေဝုစ်ပရိယာယ်၊ အသွယ်သွယ်ဖြင့်၊ ကြံစည်ပြုလုပ်၊ နတ်မိစ္ဆာလေ၊ နာနာရုပ်ကော၊ စုန်းဖုတ်ပြိတ္တာ၊ ဇကဝုစ်ကော၊ မဟုတ်ပါလေ၊ ကိုယ်တော်မြတ်လှ၊ ကျွန်ုပ်မကို၊ မ-စ-ကြည့်ရှု၊ မြရိပ်ဆောင်ကော၊ ပညောင်ခွက၊ စောင်မပြုမှ၊ အာယုသက်ရှည်၊ ချမ်းသာ မည်ဟု၊ လျှောက်လေသောခါ၊ ရသေ့ကျော်က၊ ရာဇဒေဝီ၊ မဟေသီလျှင်၊ အညီစင်စစ်၊ သင်တစ်ဖန်လေ၊ အမှန်ဖြစ်က၊ ရာဇပရိယာယ်၊ ဆယ့်နှစ်မည်ကို၊ ခွဲဝေမုချ၊ သင်မ-ဆိုကော၊ ငါ့ကိုပြဟု၊ တာပသထေရ်၊ ညှိဆင်ခြင်၍၊ သိမြင်ရေးနှင့်၊ စစ်မေးရေလေ။

# မိဖုရားကေသနီသည် တာပသီ ရသေ့အကျော်ကို မွေ့လျော်အောင် နှောင်အိမ်အတွင်းသို့ လှောင်သွင်းကာ အကြောင်းပါ၍ ပေါင်းဖော်တော်မူခန်း

စစ်ကာမေးကော၊ ချိုအေးသာယာ၊ ညာနန်းစံမှာ၊ ပြန်လာခေါက်လို့၊ လျှောက်ခြင်းရာက၊ မဟာတာပသ်၊ ကျင့်သီလလံလေ၊ အလွန်မြတ်လို့၊ လူနတ်သာခုံ၊ ခေါ်ဝေါ်ပြုကော၊ အောင်ဆုပွင့်ရန်၊ ရညကင်ဖြင့်၊ ရွှင်ပျော်မွေ့ကော၊ ရသေ့ပျံလေ၊ ဟုတ်မှန်သမျှ၊ ယုတ်မလွန်ဘဲ၊ ထုတ်ပြန်ပြလို့၊ ရာဇပရိယာယ်၊ ဆိုတုံသည်က၊ မထေရ်သူမြတ်၊ အနည်းငယ်လေ၊ ခွဲဝေပြောမည်၊ ရွှေနားချပ်လော၊ ပွတ်ကြိုးငင်ဆွဲ၊ ရှင်ရသေ့လေ၊ မြေထဲကျောက်ခံ၊ ဆယ့်နှစ်တင်တွင်၊ မှည့်ခွံသရက်၊ တစ်ဇကလေ၊ မှန်မပျက်ကော၊ လက်ဝှက်ကစား၊ တွင်းထားပွေးကြွက်၊ စက်ပွက်မီးခုံ၊ ဆယ့်နှစ်ပုံကို၊ စေ့စုံအောင်ပင်၊ မဆိုခင်ကို၊ ထိုရှင်ရသေ့၊ ကိုယ်တိုင်လေ့၍၊ စေ့အစုံလျှင်၊ သိလေကျင်ကော၊ သင်ဒကာမ၊ ချောကိုယ်ပိုင်နှင့်၊ ယဉ်နုလှလေ၊ ငါကတစ်မူ၊ ရှေးဦးအစ၊ အာကလူရာ၊ ထီးဖြူပိုင်ခြင်း၊ ပြည်ဗာရာကို၊ အာဏာချင်း၍၊ မင်းလုပ်သောခါ၊ မမွေ့လျော်ကော၊ ပမာချင့်နှိုင်း၊ ပြည်ဌာနီလေ၊ ကာသိန်တိုင်းကို၊ သချိုင်းအသွင်၊ စိတ်ကထင်၍၊ ဘုရင်ရိပ်ငြိမ်၊ မင်းစည်းစိမ်ကို၊ နှောင်အိမ်အဟန်၊ ဟောင်ညှီနံ့လို့၊ စံမပျော်မွေ့၊ ပန်းဂနိုင်နှင့်၊ စမ်းမြိုင်ကွေ့မှာ၊ ရသေ့ရဟန်း၊ ကသိုဏ်းပန်းကို၊ စီးဖြန်းပြီးထွယ်၊ ငါလျှင်နေကော၊ မဟောတောင်ညာ၊ ကွတ္ထိယာကို၊ ကာမေသုစစ်၊ ရှောင်မကွယ်ဘဲ၊ လက်ခြေတိုက်က၊ အပြစ်ကြီးကျယ်၊ ငါတကယ်လည်း၊ သေမည်အမှန်၊ ဖြစ်ခြင်းဟန်ကြောင့်၊ စီမံကြံဆောင်၊ ပင်ရုက္ခမှာ၊ လှေကားထောင်၍၊ ညောင်ညိုကချုံပင်အောက်မြေကို ရောက်လေကလျှင် တာပသခေါ်၊ ရသေ့ကျော်၏၊ နောက်တော်ကသည်၊ သားဥဒိန်ကို၊ ချီကာပိုက်လို့၊ လိုက်တုံလေက၊ ရောက်ပေတုံရှောင်း၊ သခ်မ်းကျောင်းမှာ၊ မပေါင်းမဖော်၊ သင့်လျော်ရာက၊ မဟာတာပသ၊ သားမေတော်ကို၊ ထားကာလ၌၊ ညာရမေဟာ၊ စိတ်ကူးဉာဏ်နှင့်၊ ကြံလတ်တေကော၊ အကယ်စင်စစ်၊ ရသေ့ကျော်လေ၊ နှစ်ကာပစ်လို့၊ မချစ်မခင်၊ မစစ်ကျင်ကော၊ ငါလျှင်မှန်စွာ၊ ဤတောမှာပင်၊ ပြည်ရွာမရောက်၊ သားတစ်ယောက်နှင့်၊ သက်ပျောက်ဇီဝေ၊ မကြံသာ၍၊ ခန္ဓာတုံးကော၊ ဆုံးရမည်လေ။

ဆုံးရမည်လေ၊ မထေရ်မြတ်မွန်၊ ရသေ့ပျံကို၊ ညွှန်တဏှာတွင်း၊ သံယောဇဉ်လေ၊ ချည်နှောင်ခြင်းဖြင့်၊ မငြင်းသာအောင်၊ သွင်းကာနှောင်လို့၊ နောက်နောင်တာရှည်၊ မေနှင့်မူလေ၊ အတူပေါင်းမှ၊ ကောင်းနိုင်မည်လေ၊ ကြံစည်တုံလျက်၊ နောက်တစ်ဖန်လေ၊ ပြန်ကာတွက်ကော၊ ရမ္မက်တဏှာ၊ ကိလေသာကို၊ ဖယ်ခွာကာဖြတ်၊ မင်းစည်းစိမ်ကို၊ ရေအိမ်မှတ်လို့၊ တောရပ်ဆောက်တည်၊ မြတ်မထေရ်ကို၊ လွယ်မည်မထင်၊ သို့ရာတွင်လေ၊ အကြင်ရှိထ၊ ပုရိသတို့၊ ရာဂတဏှာ၊ ကုန်ကာခန်းကော၊ ရဟန္တာလျှင်၊ ဖြစ်ခါပြီးမှ၊ ထိုမိန်းမတို့၊ ကြံဆခြင်းငှာ၊ ရာဂဓာတ်ဖြင့်၊ မတတ်သာကော၊ တဏှာလောဘ၊ ကာမောဃနှင့်၊ ရာဂမရှင်း၊ ပုထုဇဉ်လေ၊ အယဉ်ဖြတ်၍၊ လွှင်မကင်းက၊ မင်းသော-ချင်းသော၊ ရသေ့ရဟန်း၊ ဈာန်ကမ္မဋ္ဌာန်းနှင့်၊ ပျံသန်းငြားလည်း၊ လောဘအာရုံ၊ မကင်းတုံသော်၊ ငြင်းခုံမလွတ်၊ မိုးပျံမြေလျှိုး၊ တိညာဉ်မျိုးဖြင့်၊ ဈာန်ကြိုးပြတ်မည်၊ မှတ်တုံပေ၍၊ ထေရ်ရသေ့ကျော်၊ မမွေ့လျော်အောင်၊ ထွေရာကိစ္စ၊ မိန်းမအာရုံ၊ ကာမဂုဏ်နှင့်၊ ဆော်လှုံပြလို့၊ ကာယဝိညတ်၊ အရပ်ရပ်ဖြင့်၊ ဓာတ်သဘာဝ၊ ထိုခိုက်ကြအောင်၊ ဆိတ်ဆော့ပြောဆို၊ ရသေ့ဈေကာ်ကို၊ တဏှာဓာတ်ဖြင့်၊ စပ်ယှက်လို၍၊ ထိုထိုရာရာ၊ အဖြာဖြာကော၊ မာယာပရိယာယ်၊ အသွယ်သွယ်ဖြင့်၊ ကြံစည်ပြုလုပ်၊ တဏှာဟူသည်၊ ဆာပူခြင်းဖြင့်၊ ကင်းမပြုတ်၍၊ ထိန်းချုပ်မခိုင်၊ မငြိမ်းနိုင်ကော၊ ယိမ်းယိုင်ပြောင်းညွတ်၊ ဂူဥမင်မှာ၊ ဓူတင်လေ့ကော၊ ရသေ့မြတ်လျှင်၊ မအပ်မရာ၊ မာတုကာဟု၊ ပယ်ကာငြင်းခုံ၊ ထေရ်ပုဂ္ဂိုလ်ကို၊ မျက်ချိုသွေးကော၊ ချွဲကာမြူလို့၊ အမူအရာ၊ ရူပကာနှင့်၊ မာယာအပလီ၊ လှဒေဝီက၊ တီတီတာတာ၊ မလျော်ရာလေ၊ လော်မာမှုကို၊ ပြုသောခါ၌၊ ထေရ်ကျော်ရသေ့၊ ကျင့်သိမ်မွေ့လည်း၊ အတွေကိုသည်၊ မရှောင်ကြဉ်ဘဲ၊ မဟေညာနတ်၊ ကိလေသာလေ၊ တဏှာညွတ်က၊ မလွတ်နိုင်ရှာ၊ ညွှတ်မှိုင်ကာဖြင့်၊ ဃရာဝါသ၊ ဂဟေနှောင်ကော၊ တည်ထောင်ကြလို့၊ တူကွပေါင်းဖော်၊ ရသေ့ကျော်လျှင်၊ ပေးကာကျွေးမွေး၊ သစ်သီးရှာ၍၊ ဝိဟာထဲမှာ၊ ရင်သွေးသားလှ၊ ဥဒိန္နလည်း၊ ဒေဝသူငယ်၊ ပုံအလားကော၊ သနားဖွယ်ဖြင့်၊ ပြုံးရယ်ချောမော၊ အသာသာလေ၊ ထကာသွားကော၊ ဖဝါးချခြီ၊ ကေသနီဟု၊ ဒေဝီမိခင်၊ သားရွှေစင်ကို၊ သုတ်သင်မြတ်လေး၊ ရသေ့ကျော်လျှင်၊ ဖွေရှာကျွေးကော၊ အေးအေးသာသာ၊ ချမ်းငြိမ်းတည်းလေ။

အေးအေးမယေသာသာ၊ ရသေ့ကျော်လျှင်၊ မေတ္တာလည်းမျှ၊ လောင်းသမ္ဘိန်လေ၊ ဥဒိန္နကို၊ သားလှအသွင်၊ စိတ်ကထင်၍၊ သွန်သင်ပြသ၊ ဆယ့်ရှစ်ဝကော၊ သိပ္ပသိပ္ပံ၊ အတန်တန်ကို၊ စီမံကြံစည်၊ ထိုသူတော်လေ၊ တာပသမှာ၊ သင်ပြလေကော၊ အရွယ်လည်းမြောက်၊ တစ်ဆယ်ခြောက်သို့၊ စေ့ရောက်လေသော်၊ ခါတစ်နေ့၌၊

ရသေ့ကျော်လျှင်၊ ညခါသမယ၊ အဇ္ဈောလေ၊ အာကာသမှာ၊ သီဟဗျက္ခဇာ၊ ဂြိုဟ်တာရာတို့၊ မကွာမြဲတုံ၊ နိရထုံဟု၊ အခုန်အပြောင်း၊ ကြောင်းအကျိုးကော၊ ဆိုးအကောင်းနှင့်၊ အပေါင်းဂြိုဟ်ရပ်၊ စက်ရဟတ်သို့၊ နက္ခတ်ဝင်ထွက်၊ အချက်ချက်နှင့်၊ အထက်ပါရာ၊ လက္ခဏာကို၊ တွက်ကာဆင်ခြင်၊ ရှစ်မျက်နှာကို၊ ပတ်ကာလှည့်လို့၊ ကြည့်လေကျင်သော်၊ ရှုမြင်တုံငြား၊ ဂြိုဟ်အသွားနှင့်၊ ကောသမ္ဗီပြည်၊ နက္ခတ်ကြယ်လျှင်၊ ညိုးငယ်နွမ်းသုန်၊ အရောင်မှုန်၍၊ ဒိဋ္ဌမှတ်စု၊ ဣရုအမှာ၊ လောကီလမ်းမှာ၊ ကျမ်းရွှေစာနှင့်၊ စူဠာမုနိ၊ အမည်ရှိကော၊ အသီတိကျမ်း၊ ဓာတ်ဆန်းဓာတ်ပျက်၊ နရစက်နှင့်၊ နက္ခတ်အဟော၊ ဓာတ်သဘောမှာ၊ ကောသမ္ဗီမင်း၊ ဆောင်းထီးဖြူနှင့်၊ လူထိပ်နှင်းလျှင်၊ ကင်းဇီဝိန်ပြတ်၊ ရုပ်ကလာပ်တို့၊ နဝရတ်ရွှေဘုံ၊ ကွာကိန်းကြုံဟု၊ စိတ်ယုံလက်ချ၊ ရသေ့ထေရ်မှာ၊ ပြောလေကလျှင်၊ ဥဒိန္နမိခင်၊ ကြားသိကျင်သော်၊ ငယ်လင်ယောကျ်ား၊ ငယ်မယားကြောင့်၊ ချစ်အားလည်းပို၊ ယိုမျက်ရည်ကို၊ လက်ရွှေသုတ်ကော၊ ရှုပ်ရှုပ်ငိုရေ၊ အပျိုအရွယ်၊ သက်နုနယ်ကော၊ အငယ်ကပင်၊ ဆယ်ဆကြင်၍၊ လင်နှင့်မယား၊ နန်းရွှေဘုံမှာ၊ လက်ဆုံစားလို့၊ နှစ်ပါးအတူ၊ လူတကာကို၊ အုပ်ကာမိုးလို့၊ စိုးတော်မူကော၊ ကြည်ဖြူမြတ်လေး၊ ငှက်ဆင်ဟူကော၊ ရန်သူခွဲလို့၊ ကွဲခဲ့ရကျင်၊ သားဖခင်ကို၊ မမြင်လိုက်ရ၊ တို့မောင်နှံမှာ၊ ပန်ဆုတောင်းကော၊ မကောင်းခလို့၊ ဘဝတစ်ပါး၊ ပြောင်းသွားရလေ၊ ငယ်ကကြင်ကော၊ ငယ်ခင်ပွန်းကို၊ လွမ်းတော့သည်လေ။

လွမ်းတော့သည်လေ၊ ရွှေပြည်ကြင့်နှန်း၊ သိမ်းစံမြန်းသည်၊ ထီးနန်းသခင်၊ ငယ်ကျွမ်းဝင်ကော၊ ငယ်လင်ယောကျ်ား၊ သီရိသရေ၊ ရှိပါစေဟု၊ ဆောင်းရွှေထီးနှင့်၊ ချီးမြှောက်စားလို့၊ မိဖုရားမဟေသီ၊ ကေသနီဟု၊ ဘွဲ့ချီသတ်မှတ်၊ မောင်းမများမြောင်၊ သောင်းခြောက်ထောင်တွင်၊ အခေါင်တပ်ကော၊ အထွဋ်လည်းတင်၊ မေ့ငယ်လင်လျှင်၊ ရွှေစင်ပတ္တမြား၊ မေ့သက်ဝီလေ၊ ဥဒိန်သားကို၊ မြင်ဖွားတုံဘိ၊ လင်မင်းကျော်လျှင်၊ ခြင်းဇာတိကို၊ မသိလေကျင်၊ တစ်ချက်ပင်လေ၊ မမြင်လေရ၊ နတ်ပြည်စံကော၊ သွေလွန်စွဟု၊ တ-သငိုခါ၊ ရသေ့ကျော်က၊ ဖြေဖျော်ဆုံးမ၊ ဖြစ်ပျက်ဟန်မှာ၊ မှန်သဘောဟု၊ တရားပြလျက်၊ ဥဒိန္နကုမ္ဘာ၊ သားနန်းလျာက၊ မာတာမိခင်၊ ငိုသည်မြင်သော်၊ ကြောင်းအင်သိရေး၊ မိမေတော်ကို၊ ခါခါမေးက၊ ရင်သွေးပတ္တမြား၊ ငါ့ချစ်သားကို၊ ပြောဟောလေလျှင်၊ ကြောင်းဇာတိကို၊ သိတုံကျင်သော်၊ ဖခင်တိုင်းပြည်၊ သွားလိမ့်မည်ကို၊ စိုးသည်တွက်တာ၊ မိဒေဝီလျှင်၊ ဥဒိန်သားကို၊ မပြောပါကော၊ ခါခါဖန်ဖန်၊ မေးလေပြန်သော်၊ ဖြစ်ဟန်ကြောင်းရေး၊ ထွက်ကာစွေကော၊ မျက်ရည်ရွှေးနှင့်၊ ရင်သွေးရတနာ၊ သားနန်းလျာကို၊ ချန်ကာမထား၊ မိခင်မာတာ၊ ဟုတ်မှန်ရာကို၊ ပြန်ကာပြောက၊ စိတ်ထားစိတ်နေ၊ မတည်ကြည်ကော၊ ရွှေပြည်နဂရာ၊ တိုင်းအောင်ချာကို၊ သွားလိုပါကြောင်း၊ မိခင်ထံမှာ၊ ခွင့်ပန်တောင်းသော်၊ သားကောင်းမောင်လှ၊ သမုစိန်သို့၊ ဥဒိန္နလေ၊ မွေးဖပြည်ရွာ၊ သွားလိုပါလည်း၊ တော်မည်မုချ၊ မဟုတ်လှပါ၊ မိမာတာကို၊ အောင်ချာဌာနီ၊ ကောသမ္ဗီက၊ ငှက်ချီဆောင်ကာ၊ ညောင်နန်းသာမှာ၊ ရတနာပတ္တမြား၊ သားပန်းပင်ကို၊ မိခင်ဖွားသည်၊ ကြောင်းလျာဇာတိ၊ တို့ပြည်သူလေ၊ လူမသိဘဲမွေးမိကိုထား၊ ဖခင်ပြည်ကို၊ သားငယ်သွားလို့၊ ရောက်ငြားခါဝယ်၊ ကေသနီလေ၊ ဒေဝီသားဟု၊ ပြောတုံလေသော်၊ ယုံမည်မုချ၊ မဟုတ်လှဘူး၊ ဒုက္ခဆင်းရဲ၊ မွေးမိခင်ကို၊ ရှင်ရှင်ခွဲလို့၊ ရင်သွေးသည်းချာ၊ သွားမလျော်ဟု၊ မယ်တော်မိဖုရား၊ သားမင်းပျိုကို၊ ဆိုကာထားကော၊ မသွားစေချင်၊ စေချင်ကြောင်းလေ။

# ကောသမ္ဗီ ပြည်တော်နန်းကို သားဥဒိန်း ရည်မျှော်မှန်းပြီးလျှင် တောလမ်းက လှမ်းချီတော်မူသော တောစခန်း

မသွားမယေစေချင်၊ သားရွှေစင်ကို၊ မိခင်မြစ်တား၊ သို့ဖြစ်ငြားလည်း၊ ချစ်သားဥဒိန်၊ အကြိမ်ကြိမ်လျှင်၊ နှိမ်ကာဦးချ၊ တုမမျှကေ၊ ဂုဏကြီးထု၊အရာအထောင်၊ ပမာဆောင်သော်၊ တောင်မေရုထက်၊ ကျေးဇူးကြီးကျယ်၊ ဆပ်မကုန်အောင်၊ ဂုဏ်ဒြပ်နှင့်၊ မြတ်မဟေလေ၊ သေသေချာချာ၊ ကျွန့်စကားကို၊ ရွှေနားနာပါ၊ မြိုင်ချာတောအုပ်၊ ဤဂန္ဓလေ၊ ဇနပုဒ်မှာ၊ ကျွန်ုပ်သည်းချာ၊ ယနေ့ကပင်၊ မမွေ့လျော်ပါ၊ နရသဘ၊ ခတ္တိယဟု၊ ဖခမည်းတော်၊ မစံသာကေ၊ ခန္ဓာပြတ်လို့၊ နန်းရပ်ပျော်သော်၊ ပြည်ရွာထီးနန်း၊ အခန်းခန်းကို၊ သိမ်းမြန်းအုပ်ချုပ်၊ နန်းပလ္လင်မှာ၊ မင်းလျှင်လုပ်လို့၊ ကျွန်ုပ်ပုတ္တာ၊ ဩရသလျှင်၊ နန်းမရဝေ၊ ဖခင်သေသော်၊ အမွေရသင့်၊ ဖြစ်သဖြင့်လျှင်၊ ထောက်ချင့်လိုက်မူ၊ ဖရိုက်ရာကို၊ အုပ်ကာမိုးလို့၊ စိုးမည်သူကေ၊ သည်းအူပတ္တမြား၊ ဖပီတာ၏၊ သားတော်စစ်ကေ၊ ဖြစ်ပါငြားလျက် မသွားတုံပေ၊ တောမှာနေကေ၊ ကျက်သရေသိမ်နုပ်၊ ခတ္တိယာလေ၊ မဟာဖွားကေ၊ သားမဟုတ်သို့၊ တိမ်မြုပ် ညှိုးငယ်၊ မွေးမယ်တော်လေ၊ တွေးမြော်ချင့်က၊ မတင့်တယ်ပါ၊ အကယ်တန္တိ၊ ကျွန်ုပ်ကိုမူ၊ တိုင်းပြည်သူကေ၊ လူမသိလည်း၊ မိမိဘုန်းကံ၊ မိမိဉာဏ်နှင့်၊ ကြံဖန်ပြီးမူ၊ ဖခင်နေကေ၊ ရွှေပြည်ကြီးကို၊ သိမ်းလို့ယူမည်၊ ကြည်ဖြူမြတ်လေး၊ မွေးသည့်မိခင်၊ ရွှေနို့ရှင်မှာ ခွင့်လျှင်ပေးပါ၊ တောင်းသောအခါ၌၊ မေတော်စိုးနှောင်း၊ သားနန်းလောင်းကို၊ အကြောင်းမဆိုင်၊ တားမနိုင်ကေ၊ အားယိုင်ခွေပျော့၊ ရသေ့ကျော်အား၊ သားသည်းချာကို၊ တားပါတော့ဟု၊ မြွက်ဟဆိုသော်၊ ရသေ့ကျော်က၊ တွေးမြော်စဉ်းစား၊ တောကြက်တစ်ကောင်၊ ဖမ်းဆီးနှောင်ပျာ၊ ချိုင့်လှောင်ထားသို့၊ သင့်သားကိုသည်၊ တားမြစ်ပေလို့၊ နိုင်မည်မထင်၊ ထွက်ခွာဝေးအောင်၊ မပြေးခင်ကို၊ ကြောင်းအင်စကား၊ ပြောစုပြောရန်၊ ကြွင်းမကျန်အောင်၊ စီမံငြားလို့၊မှာလိုက်ပါဟု၊ ငါကသော်လည်း၊ သင့်လျော်အောင်ပ၊ မစိုးသာအောင်၊ အကျိုးဆောင်လို့၊ သားမောင်လှကို၊ စောင်မလိုက်မည်၊ ရသေ့ကျော်မှာ၊ တွေးမြော် ငြားကေ၊ ပြောတော့သည်လေ။

**မိခင်မှာပုံတော်**

ပြောတုံလေကေ၊ မွေးသည့်မိခင်၊ သားသက်ရှင်ကြောင့်၊ မရွှင်နွမ်းညှိုး၊ ကိုယ့်သည်းချာလေ၊ မဟာမျိုးကို၊ ကြောင်းကျိုးစပ်ကာ၊ များထိုထိုကို၊ ငိုယိုငြားလို့ပြောခြင်းရာက၊ မာတာမိခင်၊ မျက်ရှုဆင်၍၊ ကြည့်မြင်မဝ၊ အားမရကေ၊ သားလှဥဒိန်၊ ကောသမ္ဗီကို၊ ခွန်ဆီစိုးမည်၊ ဖိုးထိုက်စိန်လေ၊ အသမ္ဘိန္န၊ ခေတ္တိယကေ၊ ဝံသလည်းဖြစ်၊ ဖခြေရာကို၊ ဖွေရှာစစ်၍၊ သားချစ်သက်ဝေ၊ မိကိုပစ်လို့၊ လိုက်တော့မည်လား၊ တကယ်ဧကန်၊ လိုက်မည်မှန်သော်၊ ဖိုးတန်စကား၊ မိမာတာလေ၊ မှာတော်ထားမည်၊ ချစ်သားရတနာ၊ မိသည်းခေါင်မှာ၊ ရှောင်မရှားဘဲ၊ ထောင်နားနာလော၊ အောင်ချာရွှေပြည်၊ ရောက်တုံလေသော်၊ မတ်ငယ်မတ်ကြီး၊ အသီးသီးသို့၊ ကြောင်းရေးစုံလင်၊ ယုံစေချင်ကေ၊ ဖခင်နန်းစံ၊ ပူရံတပ္ပ၊ ခမည်းတော်လေ၊ ဘွဲ့နာမနှင့်၊ နဂရဌာနီ၊ ကောသမ္ဗီတွင်၊ ကေသနီမိဖုရား၊ မဟေသီလေ၊ ဒေဝီဘွားကေ၊ သားဥဒိန္န၊ ရင်သွေးမွေခံ၊ တဧကန်ကေ၊ မှန်ပါလှဟု၊ နာမသညာ၊ ပြောပြကာဖြင့်၊ မဟာသေန၊ အမဇ္ဇကာ၊ နန်းမမတ်ဝန်၊ အတွင်းဝန်နှင့်၊ ပြင်ဝန်လေးပါး၊ မှူးကြီးမတ်ငယ်၊ အသွယ်သွယ်လေ၊ နာမည်များကို၊ ပြောပြလေတုံ၊ မယ်ဝန်များတို့၊ ကြားမယုံသော်၊ ရွှေဘုံနန်းမှာ၊ မွေးမိခင်လေ၊ ဆင်ယင်လတ်လို့၊ ဝတ်တုံပါကေ၊ ရတနာကျောက်မြတ်၊ ဖိုးသိင်္ဂီလေ၊ ဤလက်စွပ်နှင့်၊ သက္ကလတ်ကမ္ဗလာ၊ ငှက်ချီရာမှာ၊ ပါလာတုံငြား၊ ကေသနီဟုသညီရှိကေ၊ မိဝတ်စားကို၊ ချစ်သားပြလေ၊ ထိုခါတုံ၌၊ အကုန်သိကေ-ယုံလိမ့်မည်။ မှာပေတုံလျက်၊ သားပန်းခိုင်အား၊ ရွှေလည်ဖက်လို့၊ အသက်တမျှ၊ မိမာတာလေ၊ မေတ္တာရိစလို့၊ ချစ်မဝကေ၊ မိဘတံထွာ၊ သားတစ်ရာနှင့်၊ များစွာနှစ်ကဲ၊ အတူထိုင်ကေ၊ လည်ချင်းဆွဲလည်း၊ ရောင့်ရဲမပြေ၊ မကြည့်နိုင်ဘဲ၊ မိမာတာမှာ၊ ရတနာကျောက်ကေ၊ တစ်ယောက်တည်းဇူ ခွဲရမည်ချက်၊ ဝမ်းထဲဆာပူ၊ သည်းနှင့်အူလေ၊ ပြုကာထွက်သို့၊ ခက်လှတော့သည်၊ သားရွှေစင်ကို၊ မိခင်နမ်းကေ၊ လွမ်းစိတ်ဖြေရေ။

လွမ်းစိတ်ဖြေကေ၊ မပြေနိုင်တုံ၊ ချစ်အာရုံနှင့်၊ စုံစုံမက်မက်၊ တသက်သက်ကေ၊ စစ်စက်လည်းခေါ်၊ သားရင်သွေးကို၊ မခွဲသာ၍၊ သည်းချာသက်စု၊ တစ်ယောက်ကျူကေ၊ သားဦးမေတော်၊ နေမပျော်ကေ၊ ရွှေကြာနေထိုး၊ မလန်းသာကေ၊ နွမ်းကာညှိုးသို့၊ စိုးလွမ်းသည်ပင်၊ သားရွှေစင်လည်း၊ ဘဝင်စိုးနှောင့်၊ စိတ်မရွှင်ကေ၊ မိခင်ကြောင့်လျှင်၊ မဖြောင်မသက်၊ သို့ပါလျက်လည်း၊ စိတ်လက်တမ်းယမ်း၊ လူတို့ရွာကို၊ မျှော်ကာမှန်းလို့၊ ရွှေနန်းဘယ့်နှယ်၊ ရွှေပြည်ဘယ်သို့၊ ရွှေမြို့ဘယ်ပုံ၊ အလုံးစုံကို၊ အာရုံမျက်မြင်၊ ရော်ကာရမ်းလို့၊ နန်းစည်ရှင်မှာ၊ ရောက်ချင်လိုဘိ၊ စိတ်တော်ရှိ၍၊ မွေမိကိုလျှင်၊ ထုတ်ကာဆို၍၊ နှုတ်ချိုပျားနှင့်၊ ပြောခြင်းအင်က၊ ဂုဏ်အင်နှိုင်းဘိ၊ တိုင်းမသိကေ၊ မွေးမိမာတာ၊ မှားခြင်းရာကို၊ နားမှာဆတ်ဆတ်၊ တံဆိပ်ခတ်သို့၊ မှတ်မိပါပြီ၊ မိဒေဝီမှာ၊ ညှိုးပိန်ဒုက္ခ၊ သားဥဒိန်ကြောင့်၊ စိုးရိမ်နှောင်းကေ၊ မကြောင့်

ကြနှင့်၊ သားလှလိမ္မာ၊ မိခင်ဝတ်ကော၊ မြတ်တန်ဆာနှင့်၊ ကမ္ဗလာလက်စွပ်၊ ယူပြီးခါမှ၊ ဆယ်ဖြာညွှတ်၍၊ တုပ်ဝပ်ရိုကျိုး၊ ခါသုံးလီလျှင်၊ ဦးနှိမ်မိုးကော၊ ရှိခိုးပြီးခါ၊ မိမာတာကို၊ လက်ယာရစ်ပတ်၊ ပညာသင်၍၊ ဂုဏ်အင်ကဲကော၊ ရသေ့မြတ်ကို၊ ရိုကျိုးသုံးလီ၊ တာပသီက၊ လောကီပညာ၊ အရာရာတွင်၊ တေဇာထက်မြက်၊ လူအပေါ်မှာ အာဏာစက်နှင့်၊ စုံမက်ကြည်လင်၊ မျက်နှာမြင်ကော၊ ချစ်ခစ်စေရန်၊ ပီယံနုကိုပြုစီမံ၍၊ မန္တန်လက်ဖွဲ့၊ ထေရ်သခင်လေ၊ ရှင်ရသေ့လျှင်၊ ခါးလှည့်နှုတ်ငုံ၊ အလုံးစုံကို၊ အကုန်စီရင်၊ သားရင်သွေးကို၊ ပေးပြီးကျင်မှ၊ ဆင်ခေါ်မန္တန်၊ စောင်းကိုတီးလို့ဟီး လိုက်ပြန်သော်၊ အသံကြားရာ၊ မနေသာကော၊ များစွာဆင်ပေါင်း၊ ထိုခါဝယ်၌၊ ရောက်လေရှောင်းကော၊ အလောင်းမင်းကျော်၊ စောင်းတီးကာဖြင့်၊ ဥတေဘော်သထ၊ ဂဇာတွင်ကော၊ ဆင်ဟတ္ထိကို၊ စီးပြီးမှလျှင်၊ များလှသောင်းသောင်း၊ ရှင်မညောင်းအောင်၊ ဆင်ပေါင်းရနထွယ်၊ မင်္ဂလာလေ၊ အခါမှန်းကော၊ လှမ်းချီရေလေ။

လှမ်းချီလေကော၊ နန်းနွယ်နန်းဖွား၊ နန်းစည်ရှင်လေ၊ ဘုရင်သားကို၊ ဆင်များခြံရံ၊ သွားလေပြန်သော်၊ ညာစံမွေးမိ၊ ဝမ်းထဲဆာပူ၊ သည်းနှင့်အူကို၊ နုတ်ယူဘိသို့၊ သတိမတည်၊ စိတ်မကြည်ကော၊ မျက်ရည်ရွှမ်းရွှမ်း၊ ငိုသည်းချာလေ၊ ပြည်တော်နန်းကို၊ ဖြောင့်တန်းရောက်ထွယ်၊ အောင်ပါလေကော၊ အောင်စေသတည်း၊ မျက်ရည်ယိုကော၊ စို့ရွှဲရွှဲနှင့်၊ ဝမ်းနည်းဝမ်းနု၊ ရွှေရင်အုံကို၊ ဖုံဖုံထုလို့၊ သက်စုလည်းရွှေး၊ သားရင်သွေးကို၊ အဝေးရောက်လျှင်၊ မျှော်ကာငဲ့လို့၊ ကြည့်မမြင်ကော၊ မိခင်ဒေဝီ၊ ကေသနီမှာ၊ ဖြေဆည်နိုင်ဘဲ၊ သားမင်းပျိုကြောင့်၊ ငိုကာကြွေးကော၊ ရသေ့သူတော်၊ ဆောင်ယူကာဖြင့်၊ ဖြေဖျော်နားချ၊ တညိုးငယ်ငယ်၊ စိုးမပြေဘဲ၊ နေလေရကော၊ သားလျှနရိန်၊ လောင်းဥဒိန်လည်း၊ ဒေဝီတောင်ညာ၊ မိမာတာကြောင့်၊ မသာစိတ်ထဲ၊ ရဲတင်းဖြည့်လည်း၊ ဝမ်းနည်းဝမ်းသာ၊ ဆယ်ကိုးခါလေ၊ မျက်နှာနောက်လှည့်၊ သားမင်းကျော်မှာ၊ ပြန်ကာကြည့်လို့၊ တငဲ့ကွက်ကွက်၊ စေ့စေ့တွက်က၊ တစ်ချက်မရှင်၊ တစ်ချက်တွင်လည်း၊ ဖခင်တိုင်းပြည်၊ ငါ့ကံထောက်ကော၊ ရောက်တော့မည်ဟု၊ ရှင်ကြည်နှလုံး၊ ဥဘော်တွင်လေ၊ ဆင်ကျောက်ကုန်းက၊ ရှေးဘုန်းတော်ရှိန်၊ မျိုးသမ္ဘိန်ကော၊ ဥဒိန်မင်းသား၊ ဖပြည်တော်ကို၊ ရည်ရော်သွားကော၊ တောကြားတောချောင်၊ တောသာခေါင်မှာ၊ မြောင်နဂါးပတ်၊ တောင်ထပ်ထပ်နှင့်၊ ဝန်းပတ်သေလာ၊ ဘယ်ညာတိုင်းကော၊ တံတိုင်းကာသို့၊ သွားရာအတိ၊ လမ်းမရှိလည်း၊ ဟတ္ထိခေါ်ဆို၊ နန်းစည်ရှင်မှာ၊ ဆင်နှင့်လှမ်းသော်၊ လမ်းမလိုလေ၊ ညိုတသုံသုံ၊ ထိုရဂုံမှာ၊ ဟောဝန်တောမှာ၊ ရောထွေးယှက်လို့၊ အထက်နှင့်အောက်၊ နှင်းဖြောက်ဖြောက်နှင့်၊ ကင်းပျောက်နေရောင်၊ ရှေ့အနောက်ကော၊ မြောက်နှင့်တောင်ကို၊ ထင်ယောင်ထင်မှား၊ မင်းလုလင်မှာ၊ ဆင်အများနှင့်၊ မမောမပန်း၊ သွားစခန်းမှာ၊ တောလမ်းခရီး၊ စားကောင်းဖွယ်လေ၊ ငယ်အကြီးကော၊ သစ်သီးမှည့်ဝါ၊ တွေ့သောခါလည်း၊ ဆင်ပေါ်ကရပ်၊ သီးမွှေးကြူကို၊ လှမ်းယူဆွတ်ကော၊ တောရပ်ရဂုံ၊ စုံစမ်းတော့လေ။

တောရပ်မယေရဂုံ၊ လမ်းကိုစုံကော၊ ကင်းငုံငယ်ကြီး၊ သရက်သီးတို့၊ ဆွတ်ပြီးယူ၍၊ ရောင်းစားသူလေ၊ လူမတွေ့လို့၊ မှည့်ကာဝါဝင်း၊ အပင်ရင်းကို၊ မင်းဥပရာ၊ ဆင်နှင့်ကပ်ကော၊ ရပ်ပြီးခါမှ၊ ရှီးကာဆွတ်ယူ၊ သုံးတော်မူကော၊ နေပူမသန်း၊ ထုံဂနိုင်လေ၊ စုံမြိုင်လမ်းက၊ ထီးနန်းစိုက်သည်၊ ဖခင်ပြည်လျှင်၊ ဘယ်မှာရှိသည်၊ စုံတစိမျှ၊ မသိချေဘဲ၊ မှတ်ရည်ပြီးခါ၊ မြောက်မျက်နှာက၊ ဒက္ခိဏာတောင်၊ မင်းသားမောင်မှာ၊ ဆင်ပြောင်ကိုစီး၊ မင်းလူပျိုမှာ၊ တစ်ကိုယ်တည်းဖြင့်၊ ခရီးစွန့်ရှည်၊ ရောက်လိုအားနှင့်၊ အင်းအိုင်ထူပြော၊ အကြြင်သူလေ၊ လူမသွား၍၊ ကျူတောပတ်ရုံ၊ နွယ်ချုံပိတ်ဆီး၊ ဗျိုက်တောကြီးနှင့်၊ တစ်စီးရွံ့ညွှန်၊ အတန်တန်ကို၊ လွန်ခဲ့တုံမြောက်၊ အေးရနံ့လှိုင်၊ မွှေးပျံ့ကြိုင်ကော၊ ဂနိုင်ရောက်က၊ ကြက်မောက်နီဝါ၊ ကတ္တီပါက၊ မဟာလှေကား၊ ဂမုန်းအင်နှင့်၊ သဇင်ပန်းကော၊ ဒန်းဆပ်သွားဖြင့်၊ ချရားဒဝေ၊ ချပ်လွှာစုံလို့၊ ပွင့်ပုံဆန်းကော၊ ပန်းမိုးစွေက၊ ရွှေတူငွေတူ၊ စံပယ်ဖြူကော၊ မဥ္ဇူသက၊ သည်းတော်စွယ်တော်၊ အဝေယာလေ၊ ရွှေသော်ကနှင့်၊ ဒေါနရင့်မာ၊ ပွင့်ဝါဝါကော၊ မာလာသရဖီ၊ မှုန်ရွှေဖီက၊ ရိုးနီအင်ကြင်း၊ နေအရုဏ်တွင်၊ ပွင့်ပုံဆန်းကော၊ ပန်းခပင်းတို့၊ သင်းသင်းလှိုင်လှိုင်၊ ကြိုင်ကြိုင်အေးအေး၊ မွှေးမွှေးထုံထုံ၊ ပျားလိပ်ပြာတို့၊ ပျံကာသန်းလို့၊ ပန်းဝတ်မှုန်ကို၊ အာရုံခံစား၊ တွေ့ကြုံသူကော၊ လူအများလည်း၊ မနောမွေ့လျော်၊ စိတ်ရွှင်ပြုံးကော၊ နှလုံးပျော်လို့၊ ဂန္ဓာယတန၊ ပသာဒဖြင့်၊ ဃာနဝိဉာဏ်၊ ထိုမြိုင်ယံမှာ၊ ခံစံစားရာ၊ တောသာယာကို၊ ရောက်တော်မူက၊ မျိုးနရိန်လေ၊ ဥဒိန္နမှာ၊ ဟဒယရွှင်ပြုံး၊ စမ်းအိုင်ညိုတွင်၊ ရေချိုးသုံးလို့၊ အနုံးတော်ဖြေ၊ စခန်းသတ်လို့၊ တန့်ရပ်နေကော၊ လေပြည်ညင်းညင်း၊ တဝင်းဝင်းကော၊ သင်းတပျံ့ပျံ့၊ ထိုဂနိုင်လေ၊ မြိုင်လုံးနံ့မျှ၊ ပန်းနံ့သင်းထုံ၊ ကျူးကျော်တုံကော၊ မြူးခုန်ကျေးငှက်၊ ထနောင်းခေါ်ကော၊ ပင်ပေါ်ထက်မှာ၊ ပျံတက်ခါနား၊ ကူသံသာကော၊ တွန်ကြော်ငြာလို့၊ ချိုးသားရင့်ယူ၊ တကျူကျူနှင့်၊ စိတ်ပူဝမ်းနည်း၊ မင်းသားဥပ္ပရာ၊ မိမာတာကို၊ မျှော်ကာတမ်းကော၊ လွမ်းမစဲလေ။

လွမ်းမစဲကော၊ ဝမ်းနည်းဝမ်းနု၊ သာပြန်ပြုမျှ၊ ကြည်နူးစိတ်ဝေ၊ မိမာတာကို၊ မျှော်ကာမှန်းကော၊ လွမ်းမိသည်က၊ အငယ်ကပင်၊ ဆယ်စကြြင်ကော၊ သုတ်သင်ကျွေးမွေး၊ ရွှေနို့ရှင်ကို၊ ငါလျှင်ခွဲ၍၊ ခမည်းတော်မြတ်၊ လောကနတ်၏၊ ပိုင်ကွက်စိုးသည်၊ တိုင်းရွှေပြည်ကို၊ အမွေဆင်းသက်၊ ငါမင်းပျိုလျှင်၊ လိုသည်တွက်ကြောင့်၊ စုံမက်ချစ်ကြင်၊ မွေးမိခင်ကို၊ ခွင့်လျှင်ပန်ညောင်း၊ အခါခါကို၊ ငါလျှင်တောင်းက၊ သားကောင်းသက်ဝေ၊ မသွားလေနှင့်၊ မျက်ရည်ယိုစီး၊ ရေးတကြီးဖြင့်၊ မွေးမိနို့ရှင်၊ တားပါကျင်လည်း၊ သွားချင်အားကြီး၊ ဂဇာတွင်ကော၊ ဆင်ဟတ္ထိကို၊ စီး၍လာခါ၊ မိမာတာမှာ၊

ဘယ်ညာယိုထွက်၊ အသွယ်သွယ်ကော၊ မျက်ရည်စက်နှင့်၊ ညှိုးလျက်နွမ်းခွေ၊ နေလိုက်သည်ကို၊ ခုဝယ်ပကတိ၊ စိတ်မှာထင်ကော၊ မြင်တုံမိ၍၊ သတိရကာ၊ အတွက်ပေါ်လို့၊ ငါလျှင်တစ်ဖန်၊ ကျေးဇူးဟုန်လေ၊ ဂုဏ်ထူးရှိကော၊ မိခင်ထံကို၊ ပြန်ကာသွားချင်၊ သို့ရာတွင်မူ၊ ဖခင်အမွေ၊ နန်းရွှေပြည်ကို၊ ဤသည်အခါ၊ ကြာမလင့်ခင်၊ ရသင့်လျော်လို့၊ သွားရပါမည်၊ ရုံတစ်ခါထူး၊ မိမာတာနှင့်၊ ငါလျှင်ဝေးအောင်၊ မခွဲဖူးပါ၊ မွေးမိရင်ခွင်၊ ဝင်ကာစို့ကော၊ နို့ညှိုပင်လျှင်၊ မစင်နိုင်သေး၊ ငါတစ်ဖန်လေ၊ အံကိုခဲလို့၊ လုံးချည်းတစ်ယောက်၊ မွေးဖပိုင်စံ၊ တောမြိုင်ယံက၊ နိုင်ငံရောက်အောင်၊ ကြောက်လျှင်သေခဲ၊ ရဲလျှင်မင်းဖြစ်၊ ရှေးထုံးပုံကို၊ လုံးခြုံစစ်လို့၊ ထိုက်ရာမှာနား၊ ငါတစ်ဖန်လေ၊ ပြန်မသွားဟု၊ ယောကျ်ားအာဇာနည်၊ ပါရမီနှင့်၊ သာကီနွယ်ဆက်၊ မျိုးနန်းနွယ်လေ၊ ဖြစ်သည်တွက်ကြောင့်၊ ရက်ရက်ရဲရဲ၊ မိမေတော်ကို၊ ငယ်ခါတည်းက၊ ခွဲ၍မနေ၊ ထိုမြိုင်ခြေက၊ ပြည်ကောသမ္ဗီ၊ တိုင်းဌာနီလျှင်၊ ဘယ်ဆီမှာသည်၊ ရှိတုံလေဟု၊ ရိပ်ခြေတစိ၊ စူးစူးရည်၍၊ သွားမည်လမ်းကို၊ မှန်းမသိဘဲ၊ ယမ်းမိယမ်းရာ၊ လောင်းဥဒိန်မှာ၊ နာဂိန်များနှင့်၊ သွားလေပါကော၊ ဟေမာရဂုံ၊ စုံလမ်းတည်လေ၊ ဟေမာရဂုံ၊ တောစခန်းက၊ သွားလမ်းစုံကော၊ ယုန်ကြောင်ဒရယ်၊ ချေသူငယ်တို့၊ ညနေအေးမြ၊ တောမြိုင်ချောင်မှာ၊ တောင်ရင်းစဉ်၊ ဘာဝအလျောက်၊ သူ့နဂိုမှာ၊ ဦးချိုတောင်းနှင့်၊ ခုန်ပေါက်လူးလာ၊ မြူးထူးကာဖြင့်၊ မြေစာညွန့်ရှင်၊ ကျူးပန်းပင်ကို၊ လှမ်းငင်ကာစား၊ ရွှေသမင်တို့၊ မြောင်ခွင်နားမှာ၊ သွားလာမြူးပျော်၊ လောင်းမင်းကျော်မှာ၊ ဆင်ပေါ်ထက်က၊ အထူးထူးကို၊ ကြည့်ရှုရလို့၊ ဟဒယမြူးရွှင်၊ နာဂီတွင်ကော၊ ဆင်အများနှင့်၊ သွားလေကျင်သော်၊ မြိုင်ခွင်ပတ်ကုံး၊ သွားစခန်းမှာ၊ တောလမ်းဆုံးလို့၊ ကျုံးအတန်တန်၊ အုတ်တံတိုင်းဖြင့်၊ ပတ်ဝိုင်းရံကော၊ ဗိမာန်သီးသီး၊ လောကခံမှာ၊ စံမညီးကော၊ ပြည်ကြီးဌာနီ၊ ကောသမ္ဗီကို၊ ဥဒိန်မင်းမွန်၊ နတ်လမ်းညွှန်သို့၊ ရှေ့ကံထောက်လို့၊ ရောက်လေပြန်ကော၊ ရပ်စွန်ပြည်နား၊ ဆင်များစွာကို၊ တောမှာထားလို့၊ စဉ်းစားဝေဖန်၊ ပညာဉာဏ်နှင့်၊ စီမံတုံငြား၊ ထိုပြည်သူလေ၊ လူအများတွင်၊ သောက်စားမူးယစ်၊ ဖမ်းဆီးလုကော၊ ဒုစရိုက်ဖြင့်၊ လူမိုက်လူဆိုး၊ လူမရိုးကော၊ သူခိုးဓားပြ၊ ပထမရိက၊ အစကပင်၊ စောန်ရိန်လေ၊ ဥဒိန်ဘက်ကို၊ တစ်ဝက်ဝင်လို့၊ တိုင်ပင်စီမံ၊ တိုက်ဖျက်ရန်လျှင်၊ ဓားလှံသေနတ်၊ ဒိုင်းလွှားလှိုင်းချက်၊ ခဲယမ်းကူလီ၊ များစုံညီနှင့်၊ စစ်ချီတက်ရန်၊ လက်နက်ကိရိယာ၊ စုံလေပါကော၊ သေစာသောက်စား၊ တချို့များမှာ၊ စွမ်းအားကိုပြ၊ တချို့ကလည်း၊ ခုန်ကပြီးလျှင်၊ ယခုပင်လေ၊ တိုက်ချင်တော့သည်၊ တချို့ဝယ်က၊ ဤပြည်ပတ်ကုံး၊ တစ်တိုင်းလုံးကို၊ ထုံးကဲ့သို့ခြေ၊ ရေကဲ့သို့နှောက်၊ တိုက်ဖျက်ရန်ကို၊ ဆန်တစ်ကျိုးမျှ၊ စိုးမကြောက်ဟု၊ လက်ခမောင်းတီး၊ အသီးသီးလျှင်၊ ခတ်ဟည်းအောင်စည်၊ များဗိုလ်ခြေကို၊ ရလေသောခါ၊ နန်းစည်ရှင်မှာ၊ ဆင်အပေါင်းကို၊ စောင်းနှင့်ခေါ်၍၊ ဥပေါသထ၊ ဥဒိန်မောင်လျှင်၊ ဆင်ပြောင်ကြီးမှား၊ စီးပြီးမှလျှင်၊ များလှုဗိုလ်ခြေ၊ အောင်တပ်ချီ၍၊ ဌာနီမြို့ကို၊ ဝန်းလို့နေရေ။

ဝန်းလို့နေကေ ဗိုလ်ခြေရံပတ်၊ မြို့တော်ပြင်က၊ ဆင်ချင်းတပ်လို့၊ စစ်တပ်လည်းတည်၊ လောင်တော်မင်းမှာ၊ ကြောင်းခြင်းသွယ်၍၊ ရွှေပေသဝဏ်၊ ရေးခြင်းဟန်က၊ ဘုန်းကံတန်ခိုး၊ စကြာသခင်၊ ဘက်မမြင်အောင်၊ ဆင်ဆယ်မျိုးကို၊ အစိုးရလည်း၊ မျိုးသမ္ဘာန်ကော၊ ဥဒိန္နဟု၊ ဘဝသခင်၊ ဆဒ္ဒန်ရှင်က၊ ကြောင်အင်းစကား၊ ရွှေပေလွှာနှင့် စည်ဆော်ငြားလို့၊ ကြားမှာလိုက်သည်၊ ဤမြို့ပြည်မှာ၊ မတ်ငယ်မောင်ကြီး၊ အောင်လံထူကော၊ စစ်သူကြီးတို့၊ မီးနှင့်ကရေ၊ လေနှင့်မြေသို့၊ ရှင်လျှင်ကစပ်၊ များထိုထိုကို၊ တိုလျှင်ဖြတ်ဟု၊ သူမြတ်ပြည့်ညွှန်၊ ရှေးနိဂုံးကော၊ ထုံးပုံစံနှင့်၊ ဓားလှံမကျိုး၊ ပန်းမညှိုးအောင်၊ အမျိုးဆက်စပ်၊ ထီးနန်းမြတ်ကို၊ နှင်းအပ်မည်လော၊ မဟုတ်ငြားလည်း၊ အလားပုံဆောင်၊ ကြောင်တစ်ကောင်လေ၊ မိညောင်တွက်ကြောင့်၊ အသက်ပျက်ပြုန်း၊ ကြွက်တစ်မြုံလျှင်၊ အကုန်ဆုံးသို့၊ လက်ရုံးချင်းဆိုင်၊ ဘုန်းချင်းယှဉ်ကော၊ ပြိုင်တော့မည်လား၊ ဤနှစ်ပါးကို ခြားနားသေချာ၊ သဝဏ်လွှာနှင့်၊ ပြန်စာရေးကော၊ ပေးစမ်းပါဟု၊ မိန့်တော်ရွှေပေ၊ ပေးကမ်းလေသော်၊ ရွှေပြည်စိုးကွပ်၊ ပေါင်းသွယ်သွယ်နှင့်၊ စလွယ်ဝတ်ကော၊ မှူးမတ်သီးသီး၊ အောင်လံထူကော၊ စစ်သူကြီးတို့၊ ရုံဆီးရုံတား၊ မြို့တံခါးကို၊ ဆို့ထားပြီးလျှင်၊ လွှတ်သဘင်မှာ၊ တိုင်ပင်ဆွေးနွေး၊ သဝဏ်လွှာနှင့်၊ ပြန်စာရေး၍၊ ပေးသည်ခြင်းရာ၊ အကြောင်းမှာက၊ ဂဇာရောင်လွင်၊ ပြောင်မာတင်ဟု၊ ဆင်အထပ်ထပ်၊ မြို့ပြင်မှာလေ၊ ရံကာပတ်ကော၊ ဆင်တပ်သခင်၊ စစ်လျှင်ယှဉ်၍၊ ပြိုင်လာငြားကော၊ ဆင်များရှင်လေ၊ စစ်လျှင်မခံ၊ နိုင်ငံမအပ်၊တိုင်ပင်ခံကော၊ မတ်ဝန်ပေါင်းတို့၊ ကြောင်းထုပ္ပတ်မှာ၊ မင်းမြတ်ဘုရင်၊ ငါတို့ရှင်လျှင်၊ အကြွင်ရုပ်နာမ်၊ နတ်ရွာစံ၍၊ ကံမကုန်မီ၊ ကေသနီဟု၊ ဒေဝီထွတ်ထား၊ ရင့်ကိုယ်ဝန်လေ၊ သန္ဓေသားကို၊ မဖွားခဲ့မီ၊ ငှက်ဆင်ချီ၍၊ ပါလေတုံကျင်၊ ကြောင်းခြင်းအင်မှာ၊ သေရှင်ကိစ္စ၊ ဘယ်သို့ရှိဟု၊ မသိရ၍၊ ကာလမကြာ၊ သုံးနှစ်တာကို၊ ဆိုင်းပါယခု၊ သတင်းနာ၍၊ ရှာကြိုးပမ်းကော၊ စုံစမ်းဦးမည်၊ ရွှေပေလွှာဖြင့်၊ ပြန်စာရေးကော၊ ပေးလိုက်တေလေ။

# ကောသမ္ဗီရွှေပြည်နန်းကို ရည်မှန်းသည့်နှင့်အညီ မင်းဥဒိန်–သိမ်းမြန်း၍ ထီးနန်းစခန်း

ပေးတုံလေကော၊ ရွှေပေအက္ခရာ၊ ရောက်လေပါကော၊ ခြင်းရာဇာတိ၊ ကြောင်းမျိုးစုံကို၊ အကုန်သိကော၊ မိမိအတွက်၊ မတ်တော်ဝန်တို့၊ ရည်သန်ချက်ကို၊ နှစ်သက်ဝမ်းသာ၊ ထိုအခါ၌၊ ဗိုလ်ပါရဲမက်၊ စစ်နှစ်ဖက်က၊ လက်နက်ချထွေ၊ ကြောင်းခြင်းရာကို၊ သင်္ကာရှင်းအောင်၊ လင်းကြမည်ဟု၊ ဆိုပေးပြီးလျှင်၊ ကိုယ်ရံတော်နှင့်၊ လောင်းလျာမင်းမှာ၊ မြို့တွင်းဝင်၍၊ သဘင်လွှတ်နန်း၊ မြတ်ကြငှန်း၌၊ ရံဝန်းထပ်ထပ်၊ များထိုထိုကော၊ ဗိုလ်မှူးမတ်နှင့်၊ နှူးနပ်အောင်သာ၊ ရှင်မင်းသားမှာ၊ ပြောခြင်းရာက၊ မဟာသေန၊ အမဇ္ဇတို့၊ ငါကထင်ရှား၊ မိဖုရားမဟေသီ၊ ကေသနီကော၊ ဒေဝီသားရာ၊ တိုင်းကားသာစည်၊ ဤသည်ပြည်ကို၊ အမွေဆက်ခံ၊ ကျွန်ုပ်နှင့်လျှင်၊ ရသင့်တန်ဟု၊ ပြန်ကာစကား၊ မှန်ရာပြောသော်၊ အများဗိုလ်ပုံ၊ ကြားမယုံ၍၊ သိန်ဂုဏ်ဒြပ်၊ ရွှေကြိုးသွယ်ဖြာ၊ စလွယ်ဝတ်ကော၊ မတ်ဝန်ရှင်တော်၊ အရင်းရှာ၍၊ ခြင်းရာရေးကို၊ မေးလတ်ရာက၊ ညမဟေသီ၊ ကေသနီ၏၊ သက်ဝီသားသည်၊ ခံတုံပေကော၊ ယုံကြည်စေရန်၊ သက်သေခံနှင့်၊ ပြည္ဆန်မှသာ- သင့်မသင့်ကို ချင့်ချိန်ပါမည်၊ ဆိုတုံလေကော၊ ကြီးငယ်သီးသီး၊ ရာထူးခံကော၊ မတ်ဝန်ကြီးတို့၊ ကြောင်းရေးသိစေ၊ ကျွန်ုပ်ရှင်းကော၊ လင်းပြမည်လေ၊ ဤပြည်ဌာနီ၊ ကောသမ္ဗီကို ခွန်ဆီပိုင်စိုး၊ လူတကာကို၊ အာဏာမိုးကော၊ တန်ခိုးပေါ်ထင်၊ ပူရံတပ္ပ၊ မည်နာမနှင့်၊ မွေးဖခင်၏။ ညာတင်ဒေဝီ၊ ကေသနီကို၊ ငှက်ချီသွားရာ၊ တောမြိုင်သာတွင်၊ မဟာရကွော၊ ဗုဒ္ဓဟော၌၊ မသေအရှင်၊ ထိုငှက်ဆင်လျှင်၊ တင်ကာလည်းထား၊ ကျွန်ုပ်ကိုပင်လေ၊ မိခင်ဖွားလို့၊ တွင်းပြောနာမ၊ မေတော်ဒေဝီ၊ ရွှေဘွဲ့ချီကော၊ ဥဒိန္နဟု၊ ရုက္ခပင်ပေါ်၊ မိနှင့်သားတို့၊ နေသောခါ၌၊ အာလာကပ္ပ၊ အမည်ရသည်၊ တာပသကျော်၊ တွေ့သောခါလေ၊ ဆောင်ကာမြတ်လေး၊ သင်္ခမ်းတွင်လေ၊ သုတ်သင်ကျွေးလို့၊ ကြီးကဲလတ်လျှင်၊ ပညာသင်ကော၊ ဖခင်ဇာတိ၊ ရှင်ရသေ့ထေရ်၊ နက္ခတ်ကြယ်ကြောင့်၊ အတည်သိ၍၊ မွေးမိအထံ၊ ခွင့်တောင်းပန်လို့၊ အကျွန်ုပ်သည်၊ ဖမွေခံရန်၊ နိုင်ငံဆိုက်အောင်၊ လိုက်လာရေလေ၊ လိုက်လာရေလေ၊ ယုံကြည်စေရန်၊ အရင်းစစ်ကော၊ အမြစ်လှန်၍၊ ဖြစ်ဟန်စကား၊ ကြောင်းခြင်းရာကို၊ လောင်းလျာပြောသော်၊ အများပရိသတ်၊ မင်းမှူးမတ်တို့၊ နှူးညွတ်ယုံကျင်၊ တချို့လျှင်ကော၊ ဆင်ခြင်စဉ်းစား၊ နေခြင်းအင်ကို၊ မြင်လေငြားသော်၊ မင်းသားဥဒိန္န၊ လက်စွပ်တန်ဆာ၊ ကမ္ဗလာကို၊ ထုတ်ကာပြရေ၊ မုချတကယ်၊ မယုံကြည်သော်၊ ဤသည်တန်ဆာ၊ ကမ္ဗလာနှင့်၊ ရတနာလက်စွပ်၊ မွေးမိခင်၏၊ ဆင်အဝတ်ကို၊ အမတ်ပဏ္ဍိ၊ ပညာရှိတို့၊ သိသိသာသာ၊ သက်သေခံလျှင်၊ အကျွန်ပြမည်၊ ကြည့်ကြပါဟု ထုတ်ကာလည်းပြ၊ ထိုခါမုံ၌၊ ကြည့်တုံကြသော်၊ လှမဟေသီ၊ ကေသနီက၊ ဒေဝီရတနာ၊ တို့ရှင်မကော၊ လှမောင်တော်၏၊ တန်းဆာအစစ်၊ ဖြစ်ပါတော့သည်၊ ထိုခါဝေမှ၊ ယုံကြည်လေးမြတ်၊ မတ်ဝန်အိုတို့၊ ကိုယ်ကိုပွတ်လို့၊ ရွှေလွှတ်ကြငှန်း၊ ပြာသာဒ်နန်းမှာ၊ ပတ်ဝန်းဘယ်ညာ၊ မှူးမတ်များတို့၊ ပြောခြင်းရာက၊ တို့မှာရှင်ကြီး၊ ထက်နက်ယံကို ၊ ပျော်စံမှီး၍၊ ထီးညွှန့်နန်းရံ၊ ကွှင်းမကျန်ကော၊ အမွေခံပြတ်ကင်း၊ သို့ဖြစ်ခြင်းကြောင့်၊ ခပင်းရှင်လူ၊ အကြင်လူတို့၊ ဆာပူကြောင့်ကြ၊ စိုးရိမ်မပြေ၊ ညှိုးသိမ်ငယ်၍၊ နေကာလ၌၊ ရှေးကကံကူ၊ ရှင်မမွေးကော၊ သားသည်းအူလျှင်၊ ထီးဖြူစိုးရန်၊ မသေမပျောက်၊ အရွယ်မြောက်၍၊ ရောက်လာပြန်ကော၊ ပုံစံယူနှုန်း၊ ပျိုးမအောင်ဘဲ၊ မိုးခေါင်တုန်းမှာ၊ အုံး၍တက်ကာ၊ တဖြိုးဖြိုးကော၊ သွန်းကြိုးရွာသို့၊ ပမာတူကျင်၊ ငါတို့တွင်၌၊ အရှင်ကိုယ်စား၊ အရှင်သားကို၊ တို့ကားခုဝယ်၊ မျက်ရှုဆင်ကော၊ မြင်ရသည်ဟု၊ ကြည်ကြည်ညိုညို၊ များလူဗိုလ်တို့၊ ကောက်မျိုမတတ်၊ ပုဏ္ဏားကျော်နှင့်၊ မှူးတော်မတ်တို့၊ အထွတ်ဥကင်၊ သီဟာခွင်မှာ၊ ပင့်တင်ပြီးထွေ၊ ဘိသိက်တင်၍၊ ရေစင်သွန်းကော၊ နန်းအပ်မည်ဟု၊ ကြံစည်တိုင်ပင်၊ ပွဲကြီးဆင်၍၊ စီရင်တုံကြ၊ များထိုထိုလေ၊ ပျိုကုမ္မာတို့၊ ရှင်မတန်းဆာ၊ ကမ္ဗလာကို၊ မျက်နှာမှာဟပ်၊ တ-ကာဆို၍၊ ငိုပြန်လတ်က၊ လွမ်းဆွတ်မပြေနိုင်တော့ဘူးလေ။

လွမ်းဆွတ်မယေမပြေ၊ မြို့ရွှေပြည်၌၊ လမ်းငယ်မကြွင်း၊ သဲဖြန့်ခင်းလျက်၊ နန်းတွင်းနန်းပြင်၊ ကြည့်ရှုခမန်း၊ ထူးအဆန်းဖြင့်၊ တန်းဆာဆင်၍၊ ရေစင်ပန်းဆိုင်၊ မွှေးပျံ့ကြိုင်ကော၊ ပန်းခိုင်ကိုဆွဲ၊ ကြငှန်းဇေယျုံ၊ နန်းရွှေဘုံမှာ၊ ပန်းစုံကြဲလျက်၊ အံ့အဲမကုန်၊ အမြိတ္တာနှင့်၊ လာဘဆုံ၍၊ ကြိုက်ကြုံနက္ခတ်၊ မင်္ဂလာလေ၊ အခါမြတ်၌၊ မှူးမတ်ကတော်၊ အထပ်ထပ်လျှင်၊ ရံပတ်ကာဖြင့်၊ ဆရာပြာဟ္မဏ၊ ပါမောက္ခတို့၊ ဇေယျမလံ၊ အောင်ဇေယျံကော၊ အောင်သံရင့်ညောင်း၊ အောင်ဘာလေ လေ၊ အောင်စည်ကျူးကော၊ အောင်ဆုတောင်းလျက်၊ အောင်ကြောင်းမပြတ်၊ အောင်လံဝေကော၊ အောင်မြေနင်း၍၊ အောင်ခြင်းရွတ်လျက်၊ မင်းမြတ်သည်းဝင်၊ ထွက်မှန်ကူကို၊ ထီးဖြူသင်းချပ်၊ သားမြီးယပ်နှင့်၊ ဖိနပ်သန်လျက်၊ ပေါင်းစုံညီကော၊ ဤငါးချက်နှင့်၊ ဘယက်ဒူးတောင်၊ ရောင်စုံဖြိုးလို့၊ ပြိုးပြိုးပြောင်ကော၊ ဦးသျှောင်မကိုဋ်၊ အထွတ်စိုက်လို့၊ ဦးတိုက်ညွှတ်ခ၊ လူ့သမ္မိန်လေ၊ ဥဒိန္နကို၊ သကလဘိသေ၊ မြတ်ဦးကင်းမှာ၊ ရေစင်သွန်းကော၊ ဖြန်းကြလေ၍၊ ရွှေပြည်နန်းမြတ်၊ ဆောင်းထီးဖြူကို၊ သိမ်းယူအပ်ကော၊ အထွတ်တိုင်တော်၊ မူပြီးခါမှ၊ ဗိုလ်ပါစစ်သည်၊ ပါလေသမျှ၊ သင့်ရာလျော်ရာ၊ ချင့်မြော်ကာဖြင့်၊ ဆုတော်ချလို့၊ နာဂထောင်သောင်း၊ တောဆင်ပေါင်းကို၊ စောင်းတော်တီးလတ်၊

ဆင်မန္တန်ကို၊ အပြန်ရွက်က၊ တောရပ်မြိုင်ခြေ၊ သွားကြလေကော၊ ထိုသည်အခါ၊ ရွှေပြည်တော်မှာ၊ နေပျော်သူများ၊ ဘုန်းရောင်ရှိန်ကော၊ ဥဒိန်မင်းကို၊ သတင်းကြားက၊ မြင်ငြားချင်ထွယ်၊ လာကြပေကော၊ ကြီးငယ်လူပေါင်း၊ တသောင်းသောင်းဖြင့်၊ ကုန်းကြောင်းတစ်သွယ်၊ ရေကြောင်းတစ်ရပ်၊ မြစ်ချောင်းလယ်မှာ၊ လှေအပေါင်းလျှင်၊ လောင်းချင်းထပ်လျက်၊ ရတတ်ကြေးငွေ၊ လူကုန်သည်နှင့်၊ သူကြွယ်သူဌေး၊ ပလက်ကျီကော၊ ဂါရီလှည်းနှင့်၊ လမ်းဈေးအရပ်၊ များလူရှင်လေ၊ ရင်ချင်းထပ်မျှ၊ မင်းမြတ်ရာဇာ၊ မျက်နှာတော်ကို၊ မျှော်ကြည့်ရှုကော၊ ဖူးပြီးခါမှ၊ ဘဏ္ဍာဆက်သ၊ ကိုယ်စီကိုယ်စီ၊ မိမိအိမ်ကို၊ ပြန်လီကြရေ။

ပြန်လီကြကော၊ နရသနင်း၊ စောနရိန်လေ၊ ဥဒိန်မင်းဟု၊ သတင်းညာကြေ၊ ပန်းရန်နံ့သို့၊ ပျံ့နှံ့လေ၍၊ အပြည်ပြည်ထောင်၊ မင်းများမြောင်တို့၊ လက်ဆောင်ကစ၊ ဘူးဘဏ္ဍာလေ၊ ဆက်လာကြလို့၊ နာမပျံ့မွှေး၊ ခနကြေးနှင့်၊ သူဌေးသူကြွယ်၊ ထိုထိုပြည်က၊ ကုန်သည်အပေါင်း၊ နာဝါကြီးကျယ်၊ သဘော်လှေနှင့်၊ ရောက်ပေရှောင်း၍၊ ရောင်းချဝယ်ယူ၊ မြို့တော်ဈေး၌၊ သဲသဲဆူကော၊ ဇမ္ဗူကျော်စော၊ အံ့တသြမျှ၊ ကောသမ္ဗီမည်၊ သာမောစည်ကော၊ ရွှေပြည်အောင်ချာ၊ ထက်နတ်ရွာသို့၊ သာယာကြီးကျယ်၊ လောင်းဥဒိန်လျှင်၊ သိင်္ဂီနန်းနှင့်၊ စံမြန်းနေကော၊ ထိုသည်ကာလ၊ မိသာမာကို၊ သိသာရအောင်၊ ပြသနည်းငယ်၊ စပ်ကာရန်ကို၊ သံချိုမြနှင့်၊ ဆိုပြမည်ကား၊ ရွှေပြည်ဌာနီ၊ ကောသမ္ဗီမှာ၊ စည်းစိမ်ကြွယ်ဝ၊ ထုပ်သပြာဟု၊ ဥစ္စာပေါကော၊ ဃောသကနှင့်၊ ဘဒ္ဒီယမြို့နေ၊ ဂုဏ်သရေဖြင့်၊ မိတ်ဆွေဖြစ်ကြ၊ သဟာယကော၊ ဘဒ္ဒဝတီ၊ သညီပျံ့မွှေး၊ ရှေးကုသိုလ်ကြောင့်၊ တို့သူဌေးမှာ၊ ရင်သွေးမိန်းမ၊ ထက်နတ်ပြည်က၊ သန္ဓေရကော၊ သာမာဝတီ၊ လူ့လောကီမှာ၊ ဂေါ်ရီအရွယ်၊ ကညာဆိုလေ၊ ပျိုမမြောက်ခင်၊ ရောက်ခါဝယ်၌၊ ထိုသည်နဂရ၊ ဘဒ္ဒိယမှာ၊ မိန်းမယောကျ်ား၊ အကြင်သူကော၊ ရှင်လူများတို့၊ ခေါင်းပါးငတ်မွတ်၊ ကပ်ရောဂါလေ၊ ယဉ်းနာသက်၍၊ သက်ပြတ်ဇီဝိန်၊ ကြောက်မက်ဖွယ်လျှင်၊ သေကျေပျက်စီး၊ အချည်းနှီးကော၊ ပြုန်းတီးကြရာ၊ အန္တရာယ်လေ၊ သည်ကိုထောက်ကော၊ ကြောက်လှပါ၍၊ ဘဒ္ဒါတွင်ပြီး၊ သူဌေးကြီးလျှင်၊ ဇနီးမယား၊ သမီးချောကို၊ ပြောဟောတိုင်ပင်၊ ငါတို့လျှင်လေ၊ သက်ရှင်ချမ်းသာ၊ ဒုဗ္ဘိက္ခာကော၊ ရောဂါဘေးနှင့်၊ ဝေးလို့ကွာအောင်၊ တစ်ရွာတစ်ပြည်၊ ပျော်စံနေသည်။ မိတ်ဆွေသူဌေး၊ သူ့ထံခွင်ကို၊ သက်ရှင်ရေးနှင့်၊ ပြေးပါကြမည်၊ ဆိုတုံပေ၍၊ ရွှေငွေရတနာ၊ ပစ္စည်းဝန်နှင့်၊ ကျေးကျွန်များပါ၊ ထားပြီးခါမှ၊ မြင့်ကြာမနေ၊ ပြေးကြလေကော၊ မြိုင်ခြေတောလမ်း၊ သွားစခန်းမှာ၊ မောန္ဓမ်းကာရိ၊ ပန်းမချိဘဲ၊ အတိဒုက္ခ၊ သုံးယောက်စုံလေ၊ ရောက်ကုန်ကြလျက်၊ အာဟာရပြတ်ကင်း၊ လမ်းစပ်ကြားကော၊ တောအတွင်းမှာ၊ ထမင်းကင်တော်၊ သက်ဇီဝေလေ၊ သေမတတ်လျှင်၊ ပြည်မြတ်ဌာနီ၊ ကောသမ္ဗီကို၊ ညချိန်နေဝင်၊ ရောက်လေကျင်ကော၊ မြို့ပြင်ကကပ်၊ ဇည့်သည်ခိုကော၊ ထိုဇရပ်၌၊ ငတ်မွတ်နွမ်းနေ၊ အိပ်ကြလေကော၊ ထိုပြည်ဌာန၊ ဃောသကဟု၊ နာမတွင်ပြီး၊ စည်းစိမ်ဟုန်နှင့်၊ ဂုဏ်သိမ်မွှေးကော၊ သူဌေးကြီးမှာ၊ ဇနီးမယား၊ လင်ယောကျ်ားကို၊ ပြောဟောတိုင်ပင်၊ ငါတို့တွင်၌၊ များဖျင်ခနေ၊ ယခုဝေလေ၊ ကြွယ်တုံကြကော၊ ရှေးကပြုဖန်၊ ကုသိုလ်ကံကြောင့်၊ ပစ္စုပ္ပန်ဘဝ၊ များရွှေငွေလေ၊ ပွားကြွယ်ဝလို့၊ ဒါနဆောက်ဦး၊ ယခုလှူမှ၊ နောင်မှုဘဝ၊ လောကီဥစ္စာ ရတနာနှင့်၊ ချမ်းသာကြမည်၊ သို့ဖြစ်သည်ကြောင့်၊ ရွှေငွေဥစ္စာ၊ ထုပ်သပြာနှင့်၊ မဟာဒါန၊ ကုသလကို၊ ပြုကြတော့မည်၊ စိတ်သံဝေဖြင့်၊ ကြံစည်တုံငြား၊ လင်သခင်နှင့်၊ တိုင်ပင်ပြောကော၊ သဘောကြည်ဖြူ၊ ကြည်ဖြူသောဝ်လေ။

# သာမာဝတီ၏ အတ္တုပ္ပတ္တိ

သဘောမယေကြည်ဖြူ စိတ်ချင်းတူကော အလှူမဏ္ဍပ် လွန်လျောက်ပတ်အောင် ဆောက်လတ်ပြီးခါ တစ်နေ့မှာ၌ သပြာတစ်ထောင် ထုတ်ယူဆောင်၍ ကုန်အောင်စွန့်ကြ ဒါနဟူသည် အလှူပွဲဖြင့် ပေး၍နေခါ ဇရပ်မှာ၌ မှီကာနေငြား သူဌေးတွင်လေ လင်မယားတို့ ပြောဟောခြင်းရာ ငါတို့မှာ၌ ခန္ဓာကာယ သက်မသေလည်း နွမ်းနယ်လှ၏ ဟာရခေါင်းပါး အကြောင်းများကြောင့် ရေသားပိန်ကြုံ ယခုတုံ၌ လူပုံမကျ ယောသကထံ ဝင်သွားပြန်၍ ဟန်မလှကော ဟာရဖြည့်တင်း တောင်းရမ်းခြင်းဖြင့် ထမင်းရေစာ စားသောက်ရ၍ ဝပြောခါမှ ဝင်ပါကြမည် ယခုဝယ်ကား စားဖွယ်ရိက္ခာ သုံးယောက်စာလျှင် ဖွေရှာလိုငြား သမီးငယ်ကိုလက်စွဲခွက်နှင့် အုတ်ကျက်သောင်းသောင်း တချို့သူလေ လူအပေါင်းဟု ဖုန်းတောင်း ယာစကာ သွာရာ၌လျှင် လိုက်လေပါလည်း များစွာသောင်းပြောင်း လူသာမန်ကော လျှခံပေါင်းတို့ တောင်းရာသို့လျှင် တိုးမဝင်ဘဲ အပြင်ကသည် ရှက်ကြောက်ငဲ့၍ ရပ်ကြည့်နေသော် ပေးသည့်အလှူ စီမံသူတို့ အမူအရာ မိသာမာကို မြင်ခေါ်ကာလ သမီးသွင်သို့ ထင်တုံကြ၍ လှပရုပ်ရည် ဤမိငယ်က ဣန္ဒြေထိန်းကျောင်း မတိမ်းစောင်းဘဲ မျိုးကောင်းသမီး ဖြစ်တုံကျင်ဟု ထင်တုံပြီးလျှင် အနီးကပ်ကျင် ကြောင်းရေးရာကို မေးခြင်းအင်က သင်မိန်းမငယ် ပြင်ကနေ၍ ရှက်ပေတုံရှောင်း ဘယ်ကြောင့်ပင်လေ ဝင်မတောင်းဟု အကြောင်းမေးခါ ရှက်ကြောက်ရွံ့ကော မငံ့ပါဟု ဆိုခါကာလ အဘယ်မျှလျှင် လိုတော့သနည်း အကြောင်းရေးကို မေးလေကြရာ သုံးယောက်စာလျှင် လိုပါတော့သည် သနားဖွယ်ဖြင့် ပြောလေသောခါ သုံးယောက်စာလျှင် ယူကာပေးငြား လျှင်မြန်စွာလေ ပြန်ကာလွှားလို့ နှစ်ပါးမိဘ ထံတော်သာမှာ ရောက်ကာလ၍ ဆက်သလေကျင် သူ့မိခင်လည်း လင်ကိုမြတ်လေး အနည်းငယ်သာ ယူထားကာဖြင့် များစွာကျွေးက သူဌေးကြီးသည် ဝတ်မွတ်နေ၍ ခဲဖွယ်ရငြား ဝမ်းမကန်အောင် လွန်စွာစားက စားပိုးလည်းနင် ထို့သည့်ညဥ့်ပင် စုတေခြင်းဖြင့် မိုးလင်းသောခါ မကြံသာကော ခန္ဓာရုပ်နာမ် မြေသုသာန်မှာ မြှုပ်နှံတုံပြီး မွေးမိခင်နှင့် ကြင်သမီးတို့ ငိုညည်းပြီးထွေ သာလာယံမှာ မကြံတတ်ကော လွမ်းဆွတ်နေကော။

လွမ်းဆွတ်နေကော ထို့သည်အခါ ညဥ့်မှောင်ပျောက်လို့ နေ့ရောက်ပါသော် သာမာတွင်ပြီး ချစ်သမီးလျှင် ယိုစီးမျက်ရည် ခပ်သိမ်းသူကို လှူမဏ္ဍပ်သို့ ကပ်တုံလေ၍ ခဲဖွယ်ရသာ နှစ်ယောက်စာလျှင် တောင်းခါယူပြီး မိမာတာကို စားပါပေးလို့ သမီးနည်းငယ် စားတုံလေကော မွေးသည့်မိခင် သူ၏လင်သို့ ချင်သမျှသည် ထမင်းဟင်းငါး မကွင်းငြားအောင် စားတုံလေသော် မကြေအစာ ထိုသည်နေ့ကော ညဥ့်အခါ၌ ခန္ဓာပြတ်ကွယ် စုတေ့လေသော် ကြံစည်မမြောက် သမီးဖြူလေ သူတစ်ယောက်ကို ကူထောက်တုံငြား နီးစပ်ရာလေ ရပ်ရွာသားသို့ သနားကြည်ညို ကွင်းနဂိုရ်ကို သင်္ဂြိုဟ်တုံကြ အရပ်ကောင်းသော် အလောင်းလှလို့ သာမာဝတီ ဆင်းကြန်ညီလျှင် စီစီညံညံ သည်းနှင့်အူက ပူလို့ဆွဲကော ကွေ့ငိုသံနှင့် ကြွင်းကျန်တုံမြောက် တငေါက်ငေါက်ကော တစ်ယောက်တည်းသာ ဇရပ်ပေါ်က သွားကာရကြောင်း တစ်ယောက်စာလျှင် ဆိုကာတောင်က ဝင်းဒါန နေ့မကျန်ပင် စီမံရကော စိတ္တသူကြွယ် ထိုအခါဝယ် အဘယ်တွက်ကြောင့် ယနေ့အခါ တစ်ယောက်စာလေ လာကာတောင်းကော အပေါင်းအဖော် သင့်မှာသော်ကား ဘယ်ရွာရပ်သူ ဘယ်သည်းအူကော ဘယ်လူသမီး ယခုဝယ်လေ ဘယ်ကြောင်းရေးကြောင့် ယိုစီးမျက်ရည် ပန်းကြာဖြူကို နေပူထိုးယောင် ညှိုးငယ်ငယ်နှင့် ငိုပေသနည်း အရင်းရှာကော ခြင်းရာမေးကော အိုလည်းဖခင် ကြောင်းရာများကို မပြောချင်ပါ ကျွန်ုပ်မှာကော မြို့ရွာဌာန ဘဒ္ဒိယမှာ နေဥစ္စာ ထုပ်သပြာနှင့် လုပ်ရာကစ ရာကုဋေလျှင် ပွားကြွယ်ဝကော သမီးရတနာ ထိုမြို့ရွာမှာ ရောဂါဥပဒ် ဒုဗ္ဘိက်လေ မှန်မလွတ်လေ ဝတ်မွတ်ခေါင်းပါး ဘေးအန္တရာယ် လွန်ကြီးကျယ်ကော သည်ကြောင်းများကြောင့် နှစ်ပါးမိဘ ကျွန်ုပ်မနှင့် တူကွမကွာ သက်ရှင်ရေးကြောင့် ထွက်ပြေးလာကော လမ်းမှာဝတ်မွတ် သက်ဇီဝေလေ သေမတတ်ဘဲ ဤရပ်ဤပြည် ဤဌာနေကို ရောက်ပေတုံကြ ဤမြို့ရွာမှာ လွန်ကျော်စောကော ယောသကဟု မွေးဖမိတ်ဆွေ ရှိပေတုံလည်း အခြေမကျ သွားလိုပြန်သော် ဟန်မရ၍ ပထမနေ့မှာ သုံးယောက်စာလျှင် တောင်းခါယူငြား ဇရပ်တွင်၌ ဖခင်ဖျားမှာ အစားလက်လွန် ထိုသည်ညဥ့်၌ စုတေ့ပြန်၍ ကြွင်းကျန်တုံရှောင်း ဒုတိယမှာ နှစ်ယောက်စာလျှင် ရပါကြောင်းနှင့် တောင်း၍ယူလျင် ကျွန့်ကိုမွေးကော ကျေးဇူးရှင်လည်း ဖခင်ပမာ သက်ခန္ဓာလျှင် အစာမကြေ သေတုံလေ၍ ခုဝယ်အခါ ကျွန်သာတစ်ယောက် ကျန်ငေါက်တောက်ကြောင့် တစ်ယောက်စာလျှင် တောင်းပါတော့သည် ကြောင်းမိပ္ပာယ်ကို မျက်ရည်စီးယို တငိုငိုလျှင် ထိုထိုစကား ဖြစ်ပျက်ဟန်ကို ပြန်ကာပြောကော ကြားကြားသမျှ မိသာမာကို မေတ္တာမျှလို့ စိတ္တသူကြွယ် ယိုမျက်ရည်ကို ဖျော်ဖြေသုတ်ပြီး မေတ္တာဝင်ကော ကြင်မငြီးဘဲ သမီးပြုထွယ် ထိုအိမ်တွင်လေ ခေါ်တင်ကျွေးကော မွေးစားရေလေ။

မွေးစားလေကော၊ နေ့စဉ်မပြတ်၊ တစ်ရက်မတူ၊ ခပ်သိမ်းသူကို၊ လှူမဏ္ဍပ်၌၊ မလတ်မပြုတ်၊ မြတ်အယုတ်၊ အုတ်အုတ်ကျက်ကျက်၊ အချို့သူလေ၊ လှူဝတ္ထုကို၊ လုအယက်ဖြင့်၊ သူ့ထက်ငါလျှင်၊ ရလိုကြောင်းနှင့်၊ တောင်းကြကျင်ကော၊ များဖြင်သောင်းပြောင်း၊ အကြင်သူလေ၊ ရှင်လူပေါင်းတွင်၊ အကောင်းအဆိုး၊ အမျိုးမျိုးဖြင့်၊ အကျိုးအကန်း၊ ပြိုးအပြွမ်းလျှင်၊ မစွမ်းမသန်၊ အလှူခံတို့၊ မည်းမစဲ၊ နားနှစ်ဝမှာ၊ ကြားရခဲသော်၊ မေးသည်ခြင်းရာ၊ မိသာမာက၊ ပီတာဖခင်၊ ကျွေးမွေးပြုကော၊ ကျေးဇူးရှင်လေ၊ များဖြင်လူသံ၊ အလှူခံအား၊ ဆိတ်ညံအောင်သည်၊ မကြံစည်လော၊ ထုတ်ကာဆိုလေ၊ နှုတ်ချိုပျှားဖြင့်၊ မေးငြားသောခါ၊ အဘယ်မှာလျှင်၊ ကြံပါနိုင်မည်။ ရှုမငြီးကော၊ သမီးငယ်ဟု၊ ပြောလေသောခါ၊ ခပ်သိမ်းသူအား၊ လှူတင်းကုပ်ကို၊ ဝင်းလုပ်ကာဖြင့်၊ ရံကာတံမြောက်၊ မွေးဖခင်မှာ၊ ထွက်ဝင်ပေါက်လျှင်၊ တစ်ယောက်ဆံ့ရုံ၊ ထားလေတံကော၊ ငြင်းခုံမရှို၊ များစွာလူသံ၊ အလှူခံတို့၊ ဆိတ်ငြိမ်လိမ့်မည်၊ ဆိုတံလေကော၊ သူကြွယ်ဖခင်၊ စီမံပြင်သော်၊ များဖြင့်လှူခံ၊ ထိုကာလ၌၊ ရောက်ကြပြန်လည်း၊ အသံတိတ်တိတ်၊ ညံဆိတ်ဆိတ်ဖြင့်၊ နိမိတ်လက္ခဏာ၊ ထောက်ချင့်စာ၍၊ မဟာသေဌ်ိယ၊ ရတနာဟု၊ သပြာပေါ်ကော၊ ယောသကက၊ နေ့ညတိုင်းမူ၊ သဲသဲဆူမျှ၊ အလှူတင်းကုပ်၊ အကြောင်းမှာမူ၊ တောင်းလာသူကော၊ လူချင်းရှုပ်လို့၊ အုတ်အုတ်ကျက်ကျက်၊ ယာစကာဖုန်းတောင်း၊ ခပ်သိမ်းသူလေ၊ လူအပေါင်းတွင်၊ အကောင်းအဆိုး၊ ပေါင်းနှစ်မျိုးဖြင့်၊ အကျိုးအကန်း၊ ဆိုးအသွမ်းဟု၊ ရဟန်းပုဏ္ဏား၊ ရောက်လာသူလေ၊ ဟူသမျှကို၊ ဒါနကြည်ဖြူ ဘယ်အရေးကြောင့်၊ မပေးလှူဟု၊ ခေါ်ယူစစ်ဆေး၊ သိလိုရေးကို၊ မေးမြန်းတံလေ၊ ထိုသူကြွယ်က၊ လှူပေလျက်တာ၊ သို့ပါသော်လည်း၊ ယာစကားအများ၊ လူအပေါင်းတွင်၊ သူတောင်းစားတို့၊ မကြားအသံ၊ တိတ်တံပြန်၍၊ ဆိတ်ညံခြင်းရာ၊ ကျွန်ုပ်မှာ၌၊ ဉာဏ်ပညာကြီး၊ ကြံတိုင်းပြီးကော၊ သမီးစီမံ၊ အလှူခံတို့၊ ဆိတ်ညံတော့သည်၊ ကြောင်းစကားကို၊ ပြောတံလေကော၊ သူကြွယ်သင့်မှာ၊ဤမျှကြာအောင်၊ ရင်းချာသမီး၊ အစီးအပွား၊ ပကတိလျှင်၊ မရှိငြားဘဲ၊ ထူးခြားနိုင်မျှ၊ ယခုဝယ်မှ၊ ဘယ်ကရဟု၊ ယောသကသူဌေး၊ စစ်ကာဆေးသော်၊ လွှဲမဖယ်သာ၊မိသာမာ၏၊ ခြင်းရာစကား၊ အရင်းကပင်၊ ရှင်းပြပြောကော၊ ကြားရတံကျင်၊ ထိုအခိုက်၌၊ အပြစ်တင်၍၊ ငါ့တွင်မိတ်ဆွေ၊ သူဌေးကြီး၏ သမီးငယ်ကို၊ အဘယ်ကြောင့်လျှင်၊ ဝှက်ထားကျင်ဟု၊ ခေါ်တင်ချက်ချင်း၊ သူဌေးစံကော၊ ဗိမာန်တွင်းမှာ၊ ချစ်ခြင်း မငြီး၊ ကိုယ့်ရင်သွေးသို့၊ သမီးပြုထွယ်၊ မိသာမာကို၊ ခြွေရွေများနှင့် ထားတော့သည်လေ။

# သာမာဝတီမိန်းမလှကို့ ဥဒိန္နမင်းရာဇာသည် ကြင်ရာတော် ဆောင်ကြာမဟေသီဟူ တောင်ညာဒေဝီ နှင်းတော်မူခန်း

ထားတံလေကော၊ ခြွေရွေငါးရာ၊ ပေါင်းများစွာတွင်၊ ခုဇ္ဇုတ္တရာတွင်ပြီး၊ မိန်းမကြီးလျှင်၊ အထိန်းပြုလုပ်၊ ပေါင်းငါးရာတွင်၊ ပေါ်ကချုပ်လို့၊ အုပ်ထိန်းပြီးခါ၊ တူမကွာကော၊ မွေ့လျော်ရွှင်ပ၊ ဘုံဗိမာမှာ၊ ပျော်စံရကော၊ သာမာဝတီ၊ လှနှင်းဆီလျှင်၊ ဂေါရီလွန်မြောက်၊ သူ့နဂိုလေ၊ ပျိုတစ်ယောက်ဟု၊ ဆိုလောက်သောခါ၊ လက္ခဏာနှင့်၊ မျက်နှာမွေ့သိန်၊ ပုဏ္ဏမိန်သို့၊ စုံညီလှပ၊ ဆံတောက်ဆံကို၊ နောက်လှန်ချကော၊ စိမ်းမြကေသာ၊ သုံးတောင်ထွာနှင့်၊ ပဋ္ဌာနှစ်အုံ၊ နံ့သာမှုန်ကော၊ ကြာငုံအသွင်၊ နုရွှေရင်မှာ၊ သဇင်ညှင်းပွင့်၊ မျက်ခုံးမျက်မှောင်၊ လုံးနှာရောင်မှာ၊ ပြောင်မပိကော၊ နိမ့်မမြင့်ဘဲ၊ အတင့်အတယ်၊ အပြေအပြစ်၊ သျှုတ္တရတွင်၊ ကျမ်းအဝင်ကို၊ ဆန်းတင်စစ်က၊ ကျစ်လျစ်မွေ့သိမ်၊ ကလျာဏီဟု၊ ကာယိန္ဒြေ၊ ကိန္နရီလေ၊ ဒေဝီနွဲ့ယောင်၊ သိမ်မွေ့ထွယ်ဖြင့်၊ အနေအထိုင်၊ အယဉ်အကျေး၊ အဟဲအနု၊ အရှုအကြည့်၊ အနွဲ့အမူ၊ စံမတူအောင်၊ ဟန်ယူဟန်ရ၊ လှထက်လှလို့၊ မိန်းမရတနာ၊ မိသာမှာမှာ၊ အင်္ဂါပေါင်းစုံ၊ အသားမှာလေ၊ ဂွမ်းဝါနုသို့၊ မုဒုလက္ခဏာ၊ ထင်အရှားကော၊ အင်ငါးဖြာတွင်၊ ကေသာကစ၊ မကျန်ရအောင်၊ မံသအထိ၊ ဆ-ဝိဝါရ၊ ငါးအင်္ဂါလေ၊ ကလျာဏနှင့်၊ ဣတ္ထိယဇာတ်၊ မိန်းမမြတ်ကော၊ မိုးနတ်သမီး၊ လူတို့ပြည်မှာ၊ သန္ဓေမှီးလို့၊ စံသည်းရှုပ၊ အမူအရာ၊ လူထက်သာကော၊ ကျော်၍လှလျက်၊ နတ်မိန်းမတူ၊ ကညာဆိုလေ၊ အပျိုစစ်လျှင်၊ ဖြစ်တော်မူလို့၊ တိုက်ဂူပြောင်ညီး၊ သူဌေးစံကော၊ ဗိမာန်ကြီးမှာ၊ သမီးရတနာ၊ မိသာမာလျှင်၊ အခါတစ်ပါး၊ နက္ခတ်တွဲကော၊ သဘင်ပွဲကို၊ ရှုကြည့်သွားမည်၊ သို့ဖြစ်ပေ၍၊ ပျိုမေထုံးစံ၊ နှုန်းမတန်အောင်၊ ဟန်ပန်လိုငြား၊ လှစေချင်ကော၊ ဆင်ဝတ်စားလို့၊ ဆယ်ပါးနံ့သာ၊ ဂန္ဓမာနှင့်၊ စမ္ပာကတိုး၊ ပျိုကညာလေ၊ ကိုယ်မှာချိုးလို့၊ ဖိုးထိုက်ဖိုးတန်၊ ရွှေဇာပြန်နှင့်၊ နားပန်နားကပ်၊ စိန်ကျောက်အရောင်၊ ထိန်တောက်ပြောင်ကော၊ ရောင်လျှပ်လျှပ်နှင့်၊ လက်ကျပ်လက်ကောက်၊ ဆန်းတကြယ်လေ၊ နှမ်းချည်ထိုးကော၊ ယိုးပန်းပြောက်မှာ၊ စိန်ကျောက်ကိုစီ၊ တောက်ထိန်ထိန်ကော၊ သိင်္ဂီပုလဲ၊ တစ်သွယ်နှစ်သွယ်၊ မြကြိုးနွယ်နှင့်၊ လည်ဝယ်ဆွဲလို့၊ ယဉ်ကျေးနုလှ၊ ရှုမဝအောင်၊ ရှုပစံသီး၊ ဆံကေသီမှာ၊ ဆီမလိမ်းဘဲ၊ စိမ်းမြညိုပြောင်၊ ပိတုန်းရောင်ကို၊ ထုံးနှောင်

သေသပ်၊ ရွှေနှမ်းချည်ကို ခြွေကာဆန်းကော၊ ပန်းကုံးစွပ်လို့၊ ဆံချပ်ဆံထိုး၊ ဆန်းတကြယ်လေ၊ ဆင်စွယ်မျိုးနှင့်၊ ခါကြိုးဒွါဒရာ၊ ပိုးမုကာလည်း၊ ရိုးပါလှသည်၊ ပန်းစုံခြေကော၊ ဘွာငွေရစ်ပတ်၊ ဖဲညွှန့်အင်္ကျီ၊ ရွှေထဘီကို၊ သီကာဝတ်ကော၊ မိုးနတ်သူဇာ၊ ပုံပမာသို့၊ ရူပါဝဏ္ဏာ၊ ပသာဒမှာ၊ လှပစုံလင်၊ တန်ဆာဆင်ကော၊ ရှုချင်ကမန်း၊ သူ့အသွင်ကို၊ မြင်မခန်းကော၊ နန်းထိုက်ဖိုးတန်၊ ဟန်၏တည်းလေ။

နန်းထိုက်မယေဖိုးတန်၊ ဟန်ထက်ဟန်ကော၊ စံလွန်မိန်းမ၊ တန်ဆာစုံလင်၊ ကိုယ်သဇင်မှာ၊ ဆင်ပြီးမှလျှင်၊ များလှငါးရာ၊ ခြံရံကာ၍၊ ဥဇ္ဈာတွင်ပြီး၊ ယိမ်းမချွာအောင်၊ ထိန်းတော်ကြီးနှင့်၊ မနီးမပါး၊ မိသာမာမှာ၊ ချီကာလှမ်းကော၊ လမ်းစုံသွားလို့၊ ဖဝါးခြေလှမ်း၊ မကြမ်းတမ်းဘဲ၊ ထီးနန်းနီးဟပ်၊ ကြတ္တိကာနှင့်၊ ယှဉ်ကာစပ်လို့၊ နက္ခတ်သဘင်၊ ပွဲစုံဆင်ကော၊ ရှုမြင်ရစေ၊ မိသာမာလျှင်၊ ပျိုတော်များနှင့်၊ သွားတုံလေကော၊ ညနေချမ်းချမ်း၊ မင်းဥဒိန်မှာ၊ သိင်္ဂီနန်းနှင့်၊ စံမြန်းပျော်မွေ့၊ ခြသေ့ခံကော၊ လေသွန်ပေါက်ကို၊ ထောက်လို့ကြည့်ခါ၊ မေ၏ရုပ်သွင်၊ မြင်လေကျင်လေ၊ ကြည်ချင်စိတ်ဓာတ်၊ စံပျော်ရာသို့၊ ခေါ်ဝါပြုကော၊ တစ်ဦးမတ်အား၊ လျှောက်ပတ်တင့်တယ်၊ ဤမိငယ်က၊ ဘယ်သူသားမြေး၊ အရင်းရှာ၍၊ ခြင်းရာရေးကို၊ စစ်မေးကာလ၊ ယောသကဟု၊ နာမပံ့မွှေး၊ ဓနဟုန်ကြောင့်၊ သိန်ဂုဏ်ကဲကော၊ သူဌေးရင်သွေး၊ ကြင်မငြီးသည်၊ သမီးရတနာ၊ မှန်စစ်စစ်ကော၊ ဖြစ်တုံပါဟု၊ ခြင်းရာလျှောက်တင်၊ မင်းဘုရင်က၊ လင်ရှိမရှိ၊ အ-သာမိနှင့်၊ သာမနှစ်ပါး၊ ထိုစကားကို၊ မေးငြားလေကျင်၊ ဝန်မဟာက၊ ပန်ထွာပြုကော၊ လျှောက်ဦးတင်ရေ၊ သားလင်နတ္ထိ၊ အသာမိကော၊ ဣတ္ထိရတနာ၊ ပျိုကညာဟု၊ လျှောက်တော်မူလိုက်၊ ရတနာလေ၊ ဥစ္စာထုပ်ကို၊ ခလုတ်တိုက်သို့၊ နှစ်ချစ်ဝမ်းသာ၊ ငါရာဇာမှာ၊ တောင်ညာနှင်းရန်၊ သူဌေးကြီးကို၊ မိန့်တော်ပြန်ဟု၊ တမန်လွှတ်ခါ၊ မတ်ဝန်များတို့၊ သွားလေပါ၍၊ ခြင်းရာကြောင်းရေး၊ မိန့်တော်သံကို၊ ပြန်တုံခဲ့သော်၊ သူဌေးလင်မယား၊ ပြောစကားမှာ၊ ပတ္တမြားပုလဲ၊ သမီးတော်လေ၊ ရတနာကျောက်ကော၊ တစ်ယောက်တည်းကို၊ လည်ရွဲအသွင်၊ ငါတို့နှစ်ဦး၊ အာရုံပြု၍၊ မျက်ရှုဆင်ကော၊ ချစ်ကြင်မဝ၊ သည်ကိစ္စနှင့်၊ ထိုမှတစ်ပါး၊ ပြည်ဘုရင်လေ၊ ရှင်မင်းဖျားမှာ၊ မိဖုရားမောင်းမ၊ သောင်းသောင်းဆာကော၊ များပါလှ၍၊ ငါ့သမီးဖြူ ငါ့သည်းအူကို၊ ရန်သူအကြား၊ နန်းတောင်ငူကို၊ ဆောင်ယူသွားလို့၊ မထားနိုင်ပါ၊ ဆိုသောခါလျှင်၊ စေကာခန့်ထား၊ ဒြပ်ချွန်ကော၊ မတ်ဝန်များတို့၊ သွားလာလျင်မြန်၊ စံပျော်ရာလေ၊ ထံတော်မှောက်၌၊ လျှောက်လေပြန်ကော၊ အသမ္ဘိန္န၊ ခတ္တိယဟု၊ ဥဒိန္ဒရာဇာ၊ မိန့်အာဏာနှင့်၊ စာချွန်တံဆိပ်၊ သူဌေးနှစ်ဖော်၊ နေအိမ်တော်မှာ၊ ခတ်ကာနှိပ်လို့၊ အိမ်ရိပ်ကိုမှ၊ သူဌေးကိုလေ၊ မခိုရဘဲ၊ မိန့်ဟတော်ထွယ်၊ မတ်တော်ဝန်တို့၊ စောင့်ဖန်သားနှင့်၊ ထားကြသည်လေ။

ထားကြလေကော၊ ထိုသည်အခါ၊ သမီးတော်လျှင်၊ ပြန်လာကာထ၊ သူဌေးတွင်လေ၊ ဂုဏ်အင်ရှိကော၊ မိနှင့်ဖတို့၊ အိမ်မဂေဟာ၊ မနေသာ၍၊ ထွက်ခွာရကျင်၊ ကြောင်းခြင်းအင်နှင့်၊ အိမ်တွင်တံဆိပ်၊ မင်းဂေဟာဟု၊ ခတ်ကာနှိပ်လို့၊ နိမိတ်လက္ခဏာ၊ ကြောင်းခြင်းရာကို၊ မြင်ခါကာလ၊ သမီးငယ်လေ၊ မေသာမမှာ၊ မိဘကိုသာ၊ ကြောင်းရာရေးကို၊ မေးလေပါကော၊ ပြန်ကာစကား၊ ခြင်းမျိုးစုံကို၊ အကုန်ပြောကော၊ နှစ်ပါးမိပတိ၊ ကျေးဇူးဟုန်လေ၊ ဂုဏ်နန္တဖြင့်၊ ဖနှင့်မိတို့၊ ပြည်ကြီးသခင်၊ ရွှေထီးရှင်ကို၊ ဆန့်ကျင်ဘက်သည်၊ ပြုတုံပေ၍၊ မထီလေးစား၊ ခုတကယ်လေ၊ သည်ကြောင်းလျှာကြောင့်၊ ကြီးမားမင်းဒဏ်၊ ပြစ်မလွတ်ဘဲ၊ ဆိုက်ကပ်ဟန်ကို၊ ပြန်၍မနေ၊ ထံတော်သာမှာ၊ ပန်ထွာမြှောက်ကော၊ လျှောက်ရမည်ကား၊ သက်ဝေသည်းအူ၊ သမီးဖြူကို၊ ရန်သူလက်ထဲ၊ တစ်ကိုယ်တည်းလျှင်၊ မပေးနိုင်ပါ၊ ရံငါးရာနှင့်၊ ဆောင်တော်မူက၊ ငြင်းမဖယ်သာ၊ မင်းရာဇာကို၊ နှင်းပါတော့မည်၊ ဖပီတာမှာ၊ ဆယ်ဖြာမြှောက်ကော၊ ပန်လျှောက်ချေဟု၊ ဆိုလေသောခါ၊ သမီးတော်က၊ သည်းချာဖြစ်ငြား၊ ဖရင်သွေးကော၊ သမီးချော၏။ သဘောရှိရာ၊ မွေးဖမိတို့၊ မသိသာ၍၊ ပယ်ပါလိုက်သည်၊ ယခုဝယ်က၊ အသေအချာ၊ သင့်ဇာတိကို၊ သိခြင်းရာကြောင့်၊ လျှောက်ပါခိမ်မည်၊ ဆုံထုံပေ၍၊ မနေလျှင်လျှား၊ ညီလာသဘင်၊ သီဟာခွင်ကို၊ ခိုဝင်ငြားလို့၊ မင်းဖျားရာဇာ၊ ရှေ့တော်သာမှာ၊ ပန်ထွာတုတ်မြှောက်၊ ၎င်းတစ်ဖန်၊ အကြောင်းပြန်ကော၊တောင်းပန်လျှောက်တော၊ ထက်အောက်မြေချာ၊ ဘက်မပေါ်ကော၊ စကြာသခင်၊ တစ်သောင်းမြေမှာ၊ ဆောင်းရွှေထီးနှင့်၊ ပြည်ကြီးရှင်လေ၊ ဘုရင်မင်းကြီး၊ ကျွန့်သမီးကို၊ ချီးမြှောက်လိုသော်၊ ရံငါးရာပါ၊ ဆောင်တော်မူက၊ မြတ်ရာဇာကို၊ အပ်ပါတော့မည်၊ ရှေ့တော်ဝယ်၌၊ လျှောက်လေသောခါ၊ မင်းရာဇာမှာ၊ ငါးရာမက၊ လွန်များမြောင်ကော၊ ငါးထောင်မျှလျှင်၊ မောင်းမပျိုတော်၊ ရှိတုံပါလည်း၊ ငါဆောင်တော့မည်၊ ဆိုလိုက်ပေ၍၊ ရွေးချယ်တုံရှောင်း၊ မင်္ဂလာလေ၊ အခါကောင်းမှာ၊ ရွှေပေါင်းသွယ်သွယ်၊ ကြီးစလွယ်နှင့်၊ မတ်ငယ်မတ်ကြီး၊ အသီးသီးအား၊ မင်းကြီးရာဇာ၊ မိန့်အာဏာနှင့်၊ နန်းတော်ဝေယံ၊ သူဌေးကြီးနှင့် သမီးစံသည်၊ ဗိမာန်တစ်ရောက်၊ လမ်းတစ်လျှောက်တွင်၊ ဖျင်ပြောက်သင်ဖြူး၊ အထပ်ထပ်လျှင်၊ ခင်းစပ်ပူးလို့၊ ထူးထူးထွယ်ထွယ်၊ ဆေးစုံခြယ်၍၊ ဆန်းကြယ်ထုလုပ်၊ ဂဠုန်နဂါး၊ ယုန်နှင့်ကျားကော၊ ဗိတာန်ညောင်ရွက်၊ ထက်အပေါ်မှာ၊ မျက်နှာကြက်တွင်၊ ပန်းခက်ပန်းနွယ်၊ အသွယ်သွယ်ကော၊ ဝေဝေဖားဖား၊ အောင်လံဆူဆူ၊ တံခွန်ဖြူကို၊ စိုက်ကာထူလို့၊ ငှက်ပျောတစ်စိုင်၊ ကြံတစ်စိုင်လျှင်၊ ပြိုင်ကာစိုက်ပျိုး၊ သပြေပင်ကော၊ ရေစင်အိုးနှင့်၊ ဖြိုးဖြိုးဝေဝေ၊ တင့်အတယ်ဖြင့်၊ ဆန်းကြယ်စုံလင်၊ ကြောင်းဇင်းခါလေ၊ ဒွါရာလမ်းကို၊ တန်ဆာဆင်ရေ။

တန်ဆာဆင်ကော၊ သဘင်ပွဲကြီး၊ အသီးသီးတွင်၊ မှုတ်တီးတူရိယာ၊ အငြိမ့်ဖျော်လို့၊ ခရာသံစုံ၊ အကြမ်းအနု၊ လမ်းနှစ်ခုဖြင့်၊ ရှုမကုန်အောင်၊ ရုပ်ပုံကိုနှိပ်၊ သွားလာနေပျာ၊ လည်ကာပတ်အောင်၊ ခါတ်တံဆိပ်နှင့်၊ အရိပ်ပြပွဲ၊ ယိုးဒယားကချေ၊ သဘင်သည်ကော၊ လောင်းလှေပွဲနှင့်၊ ကျင်ပွဲတစ်ရပ်၊ ဇာတ်ပွဲတစ်ခြား၊ ဝိညာဉ်ဝင်ကော၊ အရှင်ပြောယောင်၊ သစ်သားကိုခုတ်၊ ပန်းပုဆရာ၊ လူပမာသို့၊ တူစွာလုပ်လို့၊ အရုပ်ထုပြီး၊ ကြိုးနှင့်သီ၍၊ ချီကာချကော၊ က,ရုပ်သေးဟု၊ ပွဲကြီးပွဲငယ်၊ ရယ်ရွှင်ဖွယ်ကော၊ ငွေယ်သာခြင်း၊ ပေါင်းခပင်းကော၊ စောင်းညင်းပတ္တလား၊ လူများစွာလေ၊ မြူးပျော်ကြောင်းကို၊ စောင်းတရောနှင့်၊ ကျွမ်းသမားတိုင်တက်၊ ကြည့်ကာမြင်လည်း၊ အထင်ခက်အောင်၊ မျက်လှည့်လက်လှည့်၊ နှစ်ယောက်ယှဉ်လို့၊ ပြိုင်ကာရပ်ကော၊ သတ်လက်ဖွဲ့က၊ ကြည့်ဖွယ်ရှုဖွယ်၊ ပွဲစုံကျင်းကော၊ ခင်းပြပေ၍၊ ရွှေထမ်းစင်တွင်၊ တန်ဆာဆင်လျက်၊ မင်္ဂလာအချိန်၊ ထိုနာရီမှာ၊ ဒေဝီအလောင်း၊ လှတင့်တယ်၍၊ ကျက်သရေရှိကော၊ မိန်းမကောင်းကို၊ အပေါင်းအဖော်၊ ရံငါးရာပါ၊ ဆောင်ကာယူမြောက်၊ စံပျော်ငှာလေ၊ နင်းတော်ရောက်ကော၊ ဝမ်းမြောက်စရာ၊ ရေနံ့သာနှင့်၊ သွန်းခါချိုးငြား၊ ရွှေအထက်တွင်၊ မြကိုတင်သို့၊ ဆင်ဝတ်စားမှာ၊ မိဖုရားတန်ဆာ၊ စုံလင်စွာကော၊ ဒွါဒရာမျိုး၊ သုဝဏ္ဏေလေ၊ ရွှေခါကြိုးနှင့်၊ ဆံထိုးဆံစူး၊ လွန်ဆန်းထူးကော၊ နဖူးဥသျှောင်၊ ထိန်ထိန်ပြောင်လို့၊ စိတ်တောင်ဘယက်၊ နီလာကြောင်ကော၊ ရောင်လိတ်လက်နှင့်၊ ကျက်သရေမင်္ဂလာ၊ ဆောင်အံ့ငှာလျှင်၊ တန်ဆာဆင်ပြီး၊ ဥဒိန်တွင်ကော၊ ရှင်မင်းကြီးနှင့်၊ ထိမ်းမြားဆက်စပ်၊ ပုဏ္ဏားကျော်လေ၊ ဆရာမြတ်တို့၊ ဆုယူတောင်းလို့၊ မင်းကောင်းနရ၊ လောင်းနရိန်လေ၊ ဥဒိန္ဒက၊ သာမာဝတီ၊ မဟေသီဟု၊ ဘွဲ့ချီသတ်မှတ်၊ နန်းညာတောင်လေ၊ တစ်ဆောင်အပ်လို့၊ ရံပတ်ငါးရာ၊ ပေါင်းပျိုတော်နှင့်၊ နှစ်ဖြာမောင်မေ၊ စည်းစိမ်ဟုန်နှင့်၊ ရွှေဘုံနန်းမှာ၊ စံမြန်းနေရေ။

# နဂရုပ္ပတ္တိ သံစေပနိဒါန်း

ဤလည်းလည်းကော၊ ဤလည်း ယခု၊ ဤသို့စီကော၊ ဤဝတ္ထုကို၊ ဖတ်ရှုရအောင်၊ လူတကာတို့၊ နာပျော်မှုဖြင့်၊ ပြုကြံဆောင်သည်၊ တစ်ထောင်ရတနာ၊ စွန်းမှာရှစ်ဆယ်၊ ခြောက်ခုဝယ်၌၊ စစ်တွေနဂရ၊ ထက်နတ်ပြည်သို့၊ တည်ကာချလို့၊ နာမတံဆိပ်၊ သတင်းဟိတ်နှင့်၊ အင်္ဂလိပ်ဘုရင်၊ ကြီးတန်ခိုးနှင့်၊ စိုးမိုးကျင်၍၊ စီရင်ကြံစည်၊ မြို့စစ်တွေမှာ၊ ကြီးကျယ်ခမ်းနား၊ ရောင်းဝယ်ရာလေ၊ ဈေးနှောများနှင့်၊ ရထားမြင်းဆင်၊ မြို့တွင်းပြင်သို့၊ ထွက်ဝင်သွားလာ၊ အကြင်သူလေ၊ လူခပင်းကော၊ တိုင်းရင်းသားနှင့်၊တခြားဘာသာ၊ သူတကာတွင်၊ ရေမာတခြား၊ မျိုးကွဲပြားကော၊ ကုလားတရုတ်၊ လူချင်းရှုပ်အောင်၊ အယုတ်အလတ်၊ အမြတ်သုံးပါး၊ လောကီဘာသာ၊ ဓမ္မတာဖြင့်၊ နေပျော်ငြားလျက်၊ သွားလာထွက်ဝင်၊ များလူရှင်တို့၊ ဂုဏ်အင်မချို့၊ ကျက်သရေလေ၊ ဝေမို့မို့နှင့်၊ မြို့ကိရိယာ၊ စုံလင်စွာနှင့်၊ အင်္ဂါငါးမည်၊ ဝပြောစည်၍၊ ကြီးကျယ်ဆောက်အုံ၊ ပြည့်စုံလင်လေ၊ အင်မချို့ကော၊ မြို့ကြီးသူတို့၊ တိုက်ဂူပြောင်ညီး၊ အသီးသီးလျှင်၊ သမီးမောင်နှံ၊ စည်းစိမ်ခံကော၊ ဗိမာန်အပေါင်း၊ ရိပ်ငြိမ်စံကော၊ သိပ္ပံကျောင်းနှင့်၊ တတ်ကောင်းစုံလျှင်၊ တချို့သင်လို့၊ ထိုပြင်တခြား၊ မြို့သူရွာကော၊ ရှင်သူများတို့၊ ကမ္ဘလာဖဲပိုး၊ အမျိုးမျိုးတို့၊ ဖိုးထိုက်ဖိုးတန်၊ ဆိုင်ဒုက္ကန်နှင့်၊ စွန့်ပါလိုကြောင်း၊ တခြားပိုင်စံ၊ များနိုင်ငံက၊ ဝန်အပေါင်းကို၊ ရောင်းသူဝယ်သူ၊ သဲ့သဲ့ဆူလို့၊ ရှင်လူကြီးငယ်၊ သုံးဆောင်ရာလေ၊ တန်ဆာပေါင်းကို၊ ရောင်းချဝယ်ကော၊ စစ်တွေမြို့ထဲ၊ မြူနီစီပါယ်၊ တွင်နာမည်နှင့်၊ ထိုသည်ဈေးမှာ၊ ငွေကြေးများမြောင်၊ ရင်းပြီးနောင်၌၊ မောင်မောင်ကောက်ရ၊ တူနှစ်ဖြာကော၊ မဟာသဖြင့်၊ တကွပေါင်းသင်း၊ ဝန်စုံဆိုင်သည်၊ ဒုက္ကန်တည်ကော၊ ကြေးငွေရင်း၍၊ သာခြင်းစာအုပ်၊ မြို့ရန်ကုန်က၊ ပုံနှိပ်ထုတ်လို့၊ ပြုလုပ်စီရင်၊ အသီးသီးကို၊ ရောင်းပြီးကျင်မှ၊ နားတွင်ယိုင်နု၊ မင်းဥဒိန်လေ၊ ဤဝတ္ထုကို၊ ဖတ်ရှုစေငှာ၊ ရွှေပြည်သူလေ၊ လူအပေါင်းကို၊ ရောင်းရသင့်စွာ၊ ထွန်းဆရာလျှင်၊ ကဗျာထုံးမှီ၊ စာယဉ်ကျေးဖြင့်၊ ရေးကုံးစီကော၊ ဤကာရန်စပ်၊ စခန်းသတ်၍၊ တန့်ရပ်ကြလေ၊ နောက်တစ်ဖန်မှာ၊ ကျန်နံပါတ်ကို၊ ဆက်စပ်သွယ်၍၊ စာပေအရ၊ မာဂဓီလေ၊ သံထီပုဒ်ကော၊ ယုတ်သမျှကို၊ ထုတ်ပြပြီးထွယ်၊ လောင်းဥဒိန်ကို၊ ဆင်ခြေဆုံးအောင်၊ ကုံးပြမည်လေ။

## တစ်ခန်းရပ်

တစ်ခန်းမယေပိုင်းဖြတ်၊ နောက်တစ်ဖန်လေ၊ ကာရန်ဆန်းနှင့်၊ တစ်ခန်းစပ်မည်၊ သောင်းရပ်ဌာနေ၊ မြေပံသုတွင်၊ ဇမ္ဗုဘွေ၌၊ ရွှေပြည်သိင်္ဂီ၊ ဥဇ္ဇေနီ၊ ခွန်ဆီပိုင်သ၊ လွန်ကြီးကျယ်အောင်၊ ထီးစည်မိုးလို့၊ အစိုးရကေ၊ စန္ဒပဇ္ဇော၊ စွမ်းဆောင်နိုင်ကေ၊ သည်ငါးပါးကို၊ ပိုင်းငြားစိုးရ၊ ရှေးအကျိုးဟု၊ ပြည့်ဖြိုးစုံကေ၊ ဂုဏ်တဝနှင့်၊ နရသနင်း၊ ထိုသည်မင်းမှာ၊ သားရင်းရတနာ၊ မရပါကေ၊ ဓိတာတွင်ပြီး၊ ရူပရုပ်သွင်၊ ငါးပါးအင်နှင့်၊ ကြင်မငြီးကေ၊ သမီးတော်လှ၊ တစ်ယောက်ရလို့၊ ဝါသုလဘတ္တာ၊ ဘွဲ့ နာမည်လေ၊ ရွှေတံဆိပ်ကို၊  နှိပ်ပြီးခါမှ၊ ကညာပျိုပေါက်၊ လှတင့်တယ်ကေ၊ အရွယ် ရောက်က၊ ဆောက်လုပ်ပြီးလျှင်၊ မွေးဖခင်မှာ၊ တပင်နန်းမ၊ နေပျော်ရန်လေ၊ ဗိမာန် ထွတ်ကေ၊ ပြာသာဒ်လှနှင့်၊ ထိန်းယမကျန်၊ အစေခံကေ၊ ခြွေရံအများ၊ သမီးတော်ကို၊ ဖြေဖြော်ခြင်းဖြင့်၊ နှင်းအပ်ထားလို့၊ လှချောကိုယ်ပိုင်၊ တပင်တိုင်မှာ၊ ဘက်ပြိုင်မရ၊ နတ်ကညာသို့၊ ဝါသုဋ္ဌကေ၊ ဘတ္တာတွင်ခေါ်၊ မည်သညာဖြင့်၊ ယဉ်ပါဘိခြင်း၊ ကျောနှင့် ရင်မှာ၊ သဇင်ညှင်းနှင့်၊ ဝါဝင်းသားရေ၊ သုဝဏ်ရွှေသို့၊ လက်ခြေညှံ့နု၊ ပန်းဝတ်လွှာ ကေ၊ ဂွမ်းဝါမှုန့်သို့၊ မုဒုလက္ခဏာ၊ မေဘတ္တာမှာ၊ ကာယိန္ဒြေ၊ တိုမရှည်ကေ၊ ကြီးကယ် ဆူကြုံ၊ ရူပါရုံမှာ၊ တစ်စုံတစ်ခု၊ မြူမှုန်နုမျှ၊ ပြောစုပြောရန်၊ ခြောက်ပြစ်စင်ကေ၊ အင်ငါးပါးနှင့်၊ ချောမောဟန်ကို၊ ဆိုရန်မရှိ၊ လှအပေါ်မှာ၊ ယဉ်ပါဘိကေ၊ ပဋိရူပ၊ ကညာဆိုလေ၊ ပျိုကြုတ္တိကေ၊ မိန်းမလှဟု၊ ဝါသုလဘတ္တာ၊ နန်းဝေယံမှာ၊ ခြွေရံများ နှင့်၊ စံစားပျော်ကေ၊ အခါတစ်ပါး၊ မွေးဖပြည်ပိုင်၊ မွေးပုံ့ကြိုင်ကေ၊ ဥယျာဉ်တောကို၊ ပျော်ပါးအံ့ငှာ၊ သွားလေပါက၊ များစွာပရိသတ်၊ အတွင်းဝန်နှင့်၊ ပြင်ဝန်မတ်တို့၊ ရံပတ်မွန်းဖြင်၊ ထိုဘုရင်မှာ၊ ဆင်ယာဉ်မြင်းယာဉ်၊ ရထားယာဉ်ကို၊ ဥယျာဉ်ထဲတွင်၊ ရှုကာမြင်သော်၊ သာရွှင်ဝမ်းမှာ၊ ကိုယ်တော်ရံလေ၊ မတ်ဝန်ရင်းကို၊ မေးခြင်းရာက၊ ငါကဲ့သို့မင်း၊ သပြေငူလေ၊ ဇမ္ဗူတွင်းမှာ၊ ဆင်မြင်းရထား၊ အင်ငါးပါးနှင့်၊ များပြား ဗိုလ်ပုံ၊ စည်းစိမ်ဟုန်ဖြင့်၊ ပြည့်စုံသူသည်၊ ရာဇာဓိကေ၊ ရှိသိရေးလာ၊ မိန့်တော်ထွေ ပျာ၊ မေးလေငြားကေ၊ ပလွှားဂုဏ်မာန်၊ တင်းကင်းတည်းလေ။

## ယန္တရားစက်ဆင်ပြီးလျှင် ဆင်အသွင်ပြုစီမံ၍ ထီးနန်းစံ မင်းဥဒိန်ကို လှည့်လိမ်၍ ဖမ်းယူခန်း

ပ-လွှားယေဂုဏ်သံ၊ မေးလေပြန်ကေ၊ ကိုယ်ရံတော်မတ်၊ မြှောက်ပနာဆင်၊ လျှောက်ကာတင်ကေ၊ ရှင်မင်းမြတ်ထက်၊  ဒြပ်ဂုဏ်သိန်၊ တုမမှိန်ကေ၊ ဥဒိန္နမင်း၊ တန်ခိုးထက်သန်၊ မိုးနတ်ဟန်သို့၊ ထွဋ်မှန်ကင်းမှာ၊ ဆင်မြင်းရထား၊ ပြည့်စုံလင်ကေ၊ အင်ငါးပါးနှင့်၊ များပြားကိရိယာ၊ ဗိုလ်ပါရဲမက်၊ တစ်ဖက်ရန်ကို၊ လှန်ကာပစ်ကေ၊ စစ်လက်နက်သို့၊ ဤထက်မက၊ တို့ကိုယ်တော်ထက်၊ သာပါလှလျက်၊ ထိုမှတစ်ရပ်၊ သူ၏ဘိုးတော်၊ ရသေ့ကျော်လေ၊ သင်ကာတတ်သည်၊ ဆင်လွှတ်ဆင်ခေါ်၊ ဂါထာမန္တန်၊ စောင်းသံဟီးလို့၊ တီးလိုက်ပြန်သော်၊ ဆဒ္ဒန်ဆင်မှ၊ မကျန်ငါ့အောင်၊ လာရတော့သည်၊ သို့ဖြစ်ပေ၍၊ ကြီးကျယ်ပညာ၊ ဂုဏ်တေဇာနှင့်၊ အာဏာဇိန္ဒိ၊ ကောသမ္ဗီမှာ၊ ဥဒိန်မင်းသား၊ တစ်မင်းရှိဟု၊ ကဝိမဟာ၊ လျှောက်လေပါကေ၊ ရာဇစန္ဒပဇ္ဇောတက၊ သိပ္ပမန္တန်၊ ဂါထာပျံကို၊ အလွန်လိုချင်၊ ထိုခြင်းအင်ကြောင့်၊ ဆင်ခေါ်မန္တန်၊ ဂုဏ်သိပ္ပကို၊ ရနိုင်ရန်လျှင်၊ အကြံပေးကာ၊ မတ်တစ်ယောက်လျှင်၊ လျှောက်ခြင်းရာက၊ ဘုန်းတော်ကြီးလှ၊ ရာဇာ့ဌာနီ၊ ကောသမ္ဗီက၊ ဥဒိန္နကို၊ ရနိုင်မှသာ၊ ထိုပညာကို၊ ကိုယ်တော်မင်းလှ၊ ယွင်းမခွအောင်၊ ရနိုင်တော့မည်၊ လျှောက်တုံလေက၊ ထိုသည်ဘုရင်၊ မတ်တော်များကို၊ ပြောခြင်းအင်က၊ ဆင်ဂါထာထက်၊ မင်းရာဇိန်လေ၊ ဥဒိန္နကို၊ အရခက်ဟု၊ နှုတ်မြွက်လိုက်လျှင်၊ ပညာရှင်တို့၊ ဆင်ခြင်စဉ်းစား၊ ထိုဘုရင်ကို၊ လျှောက်တင်ရှောင်းကေ၊ ကြောင်းစကားက၊ ယန္တယားစက်ဆင်၊ အသွင်လုပ်ကေ၊ ဆင်ရုပ်ပြင်လို့၊ စီရင်ကြံစည်၊ ဖမ်းတုံလေသော်၊ အလွယ်နှင့်ရ၊ အစီအမံ၊ ဤအကြံသည်၊ လျော်ကန်လှဟု၊ ပန်သလျှောက်တင်၊ ထိုခါတွင်လေ၊ ဘုရင်ပဇ္ဇောတ၊ ရွှင်အားရ၍၊ ခဏမနေ၊ ဥယျာဉ်သာက၊ ချီကာလှမ်းလို့၊ နန်းရဝေကို၊ ရောက်လေသောခါ၊ တတ်လိမ္မာကေ၊ ပညာသည်များ၊ မင်းအာဏာနှင့်၊ ခေါ်ဝါငြားလို့၊ ကြီးမားသောဆင်၊ လွင်အရုပ်လျှင်၊ လုပ်လေကျင်၍၊ အရှင်သဖွယ်၊ ဆင်ရေကဲ့သို့၊ ဆေးစုံခြယ်ကေ၊ အခြေလေးချောင်း၊ လွန်တင့်တယ်ကေ၊ စွယ်နှစ်ချောင်းနှင့်၊ နှာမောင်းမြီးတံ၊ သက်ဝင်ဟန်သို့၊ မျက်ဆန်နားရွက်၊ နှစ်ဖက်ယှက်၍၊ တက်တက်လည်းခတ်၊ ဟတ္တိအသွင်၊ ပြီးတုံကျင်သော်၊ မြင်ပြန်လတ်ကေ၊ မင်းမြတ်ဘုရင်၊ ရွှင်ဝမ်းတော့လေ။

မင်းမြတ်မယေဘုရင်၊ ဆင်ကိုမြင်ကေ၊ သာရွှင်ဝမ်းမြောက်၊ ရဲစွမ်းသူလေ၊ လူသူရဲကို၊ ရွေးချယ်ကောက်လို့၊ လုံလောက်ကိရိယာ၊ ဆင်ဝမ်းတွင်းမှာ၊ သွင်းပြီးခါ

မှ၊ ဗိုလ်ပါရဲမက်၊ လက်နက်အစုံ၊ ပစ်မကုန်အောင်၊ အလုံအလောက်၊ အရမနေ၊ ဖမ်းကြချေဟု၊ စေလေမြောက်က၊ ဆင်ပေါက်ဝမ်းတွင်၊ သူရဲများလျှင်၊ ငါးရာဝင်၍၊ ကြိုးငင်ကြိုးဆွဲ၊ စက်နှင့်ဟုတ်ကျင်၊ သစ်ရုပ်ဆောင်လျှင်၊ အရှင်ကဲ့သို့၊ မနှေးလျင်မြန်၊ သွားလေပြန်၍၊ နိုင်ငံဌာနီ၊ လူလောကီမှာ၊ ကောသမ္ဗီမည်၊ သာမောစည်ကော၊ ရွှေပြည်အဝင်၊ တောမြိုင်ခွင်မှာ၊ အထင်အရှား၊ လုပ်သည်ဆင်လျှင်၊ အရှင်လားသို့၊ ဝင်သွားလှည့်လည်၊ နေတုံပေ၍၊ ယုံကြည်စေရန်၊ ဆင်ချေးဟန်သို့၊ စီမံပြီးထွယ်၊ တောလမ်းများမှာ၊ ပစ်ထားလေကော၊ ပရိယာယ်ဆင်၊ ထဲဝမ်းတွင်း၌၊ ခိုဝင်ဗိုလ်ခြေ၊ ချက်ပြုတ်စားလို့၊ သွားနေလေကော၊ ပြည်ကောသမ္ဗီ၊ တိုင်းဌာနီက၊ မုန္တိမုဆိုး၊ ငရဲသူလေ၊ တောလူမျိုးမှာ၊ အားကြိုးရှာဖွေ၊ စုံမြိုင်ခြေကို၊ လှည့်လည်သွားလာ၊ ခွေးများစွာကို၊ ခေါ်ဝေါ်ငြားလို့၊ ခွေးကျားခွေးကြောင်၊ မွေးမှင်ထောင်ကော၊ အူဟောင်ကိုက်ခဲ၊ ခွေးလိုင်ဖြူကော၊ နားကူခွေးနှင့်၊ ခွေးစိတ်တရ၊ ခွေးမျိုးစုံကော၊ ခွေးပုဏ္ဏက၊ ခွေးမခွေးနီ၊ ခွေးဖောင်းဂျီနှင့်၊ မြီးလျှင်ခုန်ဆွဲ၊ တောမြိုင်ယံမှာ၊ အလွန်ရဲကော၊ အပြေးလည်းလျင်၊ ခွေးသမင်က၊ ခွေးတွင်အထူး၊ ခွေးဘီလူးနှင့်၊ မြားဒူးစူးလေး၊ ခွေးများမြောင်ကို၊ ခေါ်ဆောင်ခဲ့၍၊ အမဲသားကောင်၊ ထိုတောတောင်မှာ၊ တိမ်းရှောင်ပုန်းလျှိုး၊ ရနိုးနိုးဖြင့်၊ မုဆိုးဒုသီ၊ မုန္တိမှာ၊ ဝက်ချေဒရယ်၊ ဂီသယ်ကို၊ ရှာဖွေကာလ၊ ထိုသည်ဆင်ကို၊ မြင်ကာလ၌၊ အေရဟတ္တိ၊ ဧရာဝဏ်သို့၊ အလွန်ကြီး၍၊ ရပ်ဝီးကတန့်၊ အနီးကပ်ကော၊ မဟပ်ဝံ့ဘဲ၊ ကြောက်လန့်ဆုတ်ကာ၊ လာပြီးခါမှ၊ ရာဇာဘုရင်၊ ရွှေပြည် ရှင်ကို၊ လျှောက်တင်ကာလ၊ တစ်ခုခုကော၊ ဆုလာဘ်ရမည်၊ မှတ်တုံပေ၍၊ မနေလျင် မြန်၊ အိမ်ကိုပြန်လို့၊ ဝေယံနန်းဘုံ၊ မုဆိုးကြီးမှာ၊ သွားပြီးတုံမှာ၊ လက်စုံမိုးမြှောက်၊ မုဆိုးကျော်၊ လျှိုးကာလျှောက်တော၊ ဆင်ပေါက်ဟတ္တိ၊ ပမာဆောင်ကော၊ တောင် လောက်ကြီးလို့၊ ဘိုးဘေးလက်ထက်၊ အဆက်ဆက်က၊ တောနက်မြိုင်ခွင်၊ ဤသည် ဆင်ယောင်၊ မမြင်ဖူးပါ၊ ဝန္ဒနာနှင့်၊ ပန်ထွာမြှောက်လို့၊ လျှောက်လေပါကော၊ ရာဇာမင်းလှ၊ ဥဒိန္နမှာ၊ ဥပေါသထဆင်၊ စိတ်တော်ထင်၍၊ ငါလျှင်တကယ်၊ နတ်စောင်းသံလေ၊ မန္တန်စွမ်းနှင့်၊ ဖမ်းပြမည်လေ။

## ဥဒိန္နဘုရင် တောမြိုင်ခွင်မှာ ဆင်ဖမ်းရန် ထွက်တော်မူခန်း

ဖမ်းပြမည်လေ၊ မတ်ငယ်မတ်ကြီး၊ အသီးသီးအား၊ နှိုးနှောတိုင်ပင်၊ လိုက်မည်ပြင်သော်၊ ညာတင်မြှောက်စား၊ ချီးမြှောက်ထားသည်၊ မိဖုရားသာမာ၊ လင်မင်းကျော်ကို၊ ဆယ်ဖြာမြှောက်ကော၊ လျှောက်ခြင်းရာက၊ မောင်တော်ဘုရား၊ မေ့ထိပ်တင်ကော၊ ရှင်မင်းဖျားလေ၊ တောကျား-တောဆင်၊ တောင်မြိုင်ခွင်မှာ၊ အရှင်ဖမ်းရန်၊ သွားမည်ကြံကော၊ လျော်ကန်တော့မည်၊ ဧကဝုစ်ကော၊ မဟုတ်ချေပါ၊ လွန်လေညည့်ခါ၊ သလွန်သာမှာ၊ စံပျော်အိပ်စက်၊ နိမိတ်တော်ထင်၊ စိတ်မရွှင်အောင်၊ မြင်အိပ်မက်က၊ ထိပ်တင်ဦးကင်း၊ မေ့ခေါင်တွင်လေ၊ ပန်ဆင်နေ့တိုင်း၊ တဆိုင်းဆိုင်းနှင့်၊ ခက်ကိုင်းညွှန့်ရှင်၊ မြင်မခန်းကော၊ မြပန်းပင်ကို၊ အကြင်လူများ၊ လွယ်တကူလေ၊ နုတ်ယူသွားဟု၊ မြင်ငြားအိပ်မက်၊ မေသက်ဝေမှာ၊ သည်အတွက်ကြောင့်၊ စိတ်စက်က လေး၊ အိပ်မက်ကြောင်းအင်၊ မကောင်းအင်ကို၊ ဆင်ခြင်တွေးက၊ အရေးကြီးစွာ၊ စုံတစ်ခုလျှင်၊ မှုပြစ်ပေါ်၍၊ ဖြစ်ပါမည်ချက်၊ ရေးအရာကို၊ တွေးမြော်တွက်ကော၊ အိပ်မက်ကောင်းပင်၊ ဤသည်ဆင်ဟု၊ ထင်မြင်တော့သည်၊ သို့ဖြစ်ပေ၍၊ နှမေကျွန်မ၊ မင်းစောနရိန်၊ မျိုးသမ္ဘန်ကြောင့်၊ စိုးရိမ်လှဟု၊ ညွှတ်ခပန်ထွာ၊ လင်မင်းဖျားကို၊ တားမြစ်ပါသော်၊ နရသဘ၊ ရွှေဘုန်းတော်ရှိန်၊ သမုစိန်သို့၊ ဥဒိန္နက၊ သာမာဝတီ၊ လှဒေဝီမှာ၊ စိုးရိမ်စရာ၊ စုံတစ်မျှ၊ မရှိပါလေ၊ ပညာသတ္တိ၊ ဒြပ်ရှိသည်၊ ဟတ္ထိဂန္ဓ၊ အမည်ရသား၊ တေဇမောက်ဖြိုး၊ ပညာဟုန်လေ၊ ဂုဏ်တန်ခိုးကြောင့်၊ ဆယ်မျိုးသောဆင်၊ မုန်ဝင်ခိုက်တွင်၊ ရိုင်းမိုက်ကျင်လည်း၊ မောင်လျှင်ခေါ်က၊ မန္တန်တေဇော်၊ အာနုဘော်ကြောင့်၊ မကြာလှကော၊ လာရတော့၊ သို့ဖြစ်ပေ၍၊ ကြက်ငယ်ကိုလှော်၊ တောဆင်ပြောင်ကို၊ မောင်မကြောက်ကော၊ တစ်ယောက်ဒေဝီ၊ မောင့်ကြောင့်မူလေ၊ ဆံမြူကျိုးမျှ ၊ မစိုးရိမ်နှင့်၊ ရိပ်ငြိမ်ဗိမာန်၊ နန်းဝေယံမှာ၊ ခြွေရံနှင့်သည်၊ မောင့်ကြင်ရာမှာ၊ သာရွှင်လန်းကော၊ စံမြန်းလေဟု၊ မှာပေပြီးလျှင်၊ မတ်ဝန်ရှင်တို့၊ မြင်ချင်မူက၊ စွမ်းသန်သူလေ၊ ဟူသမျှကို၊ တူကွမကွာ၊ ကိုယ်ရံတော်ဟု၊ ခေါ်ဝါတုံရှောင်း၊ ပတ်ကာရံကော၊ မတ်ဝန်းပေါင်းနှင့်၊ စောင်းကိုဆောင်ယူ၊ ကိုယ်တော်တိုင်လေ၊ တောမြိုင်နက်ကို၊ ထွက်တော်မူရေ။

ထွက်တော်မူကော၊ ဆောင်ယူပြီးမှ၊ မုဆိုးကျော်ဟု၊ ခေါ်သမုတ်ကော၊ လုတ္တကလျှင်၊ ညွှန်ပြလေကျင်၊ ဥာဏ်ဥပါယ်ကော၊ ကြံစည်မှုဖြင့်၊ ပြုစီရင်သည်၊ ဆတင်ပရိ

ယာယ်၊ မသိချေ၍၊ အကယ်ခုပင်၊ အသက်ရှင်ကော၊ တောဆင်ရိုင်းမှတ်၊ နတ်စောင်းသံနှင့်၊ မန္တန်ရွတ်က၊ မဟပ်ရှောင်ခွာ၊ ဆင်မလာကော၊ နောက်ပါခြွေရံ၊ မတ်တော်ဝန်ကို၊ အတန်ငဲ့ကွက်၊ ရှေ့ကအသွင်၊ မလာကျင်ကော၊ သစ်ဆင်တွက်ကြောင့်၊ အရှက်တော်ရ၊ မျက်တော်မာန်လေ၊ ပြင်းထန်ထလို့၊ နာဂတောဆင်၊ ငါခေါ်ကျင်ကော၊ နင်တကယ်ပ၊ မလာချေဘဲ၊ မနေရဟု၊ ဥဒိန္နမင်းကြီး၊ စောင်းကိုတီးလို့၊ ဟတ္ထိမန္တန်၊ ဩြောင်ဥုံတပ်၍၊ ရွတ်ခြင်းဟန်က၊ ဥုံ ဂဝံပမီး၊ အောင်သံဟီး၍၊ တြီးသီဟော၊ နာဂေါသတ္တာ၊ ပဠပိဿနိုး၊ ကြီးတန်ခိုးနှင့်၊ လေးမျိုးမဟာရာဇ်၊ အချာစိုက်၍၊ ရှစ်ရဟန္တာ၊ ယက္ခာဇကော၊ ဒွေးရာဇာနှင့်၊ ဗြဟ္မာပဠ၊ ဣန္ဒကကော၊ နဝဒေဝေါ၊ ဆ-ဝသောက၊ လေးပါးသစ္စာ၊ ရှစ်ဝိဇ္ဇာနှင့်၊ မယာဓိပတိ၊ အရဟံလေ၊ သမ္ဗုဒ္ဓေါကော၊ ငါးမုနိ၏၊ ကြီးဘိတေဇော်၊ ငါခေါ်ပြုကော၊ အာနုဘော်ကြောင့်၊ ကာလာဝက၊ ဟတ္ထိဆင်ကော၊ ဂင်္ဂေယျနှင့်၊ ပဏ္ဍြတပ္ပ၊ ပိင်္ဂလက၊ ဂန္ဓမင်္ဂလာ၊ ဟေမာဥပေါသထ၊ တန်ခိုးထက်သန်၊ ဘိုးနဂ္ဂီ ကော၊ ဆဒ္ဒန္တဟု၊ နာမတွင်ရိုး၊ တောမြိုင်ခွင်မှာ၊ ဆင်ဆယ်မျိုးတို့၊ ပုန်းလျှိုးမနေ၊ ငါ့အာဏာနှင့်၊ ခေါ်သမျှကို၊ လာရမည်ဟု၊ သရဖွှာယ်မန်းမှုတ်၊ နတ်စောင်းသံနှင့်၊ မန္တန်စုတ်လည်း၊ ပြုလုပ်စီရင်၊ အသွင်လုပ်ကော၊ ဆင်ရုပ်ဇကန်၊ ဖြစ်ခြင်းဟန်ကြောင့်၊ မန္တန်တေဇော်၊ အာနုဘော်လည်း၊ မပေါ်မထင်၊ ပမာတင်သော်၊ အကြင်ရောဂါ၊ သွေးလေပွမ်း၍၊ လုံးရမ်းနာကို၊ ချမ်းသာပါစေ၊ စိတ်မှတ်ရွယ်လို့၊ ရေကိုပက်ဖျန်း၊ မန္တန်ကျော်ဟု၊ ဂါထာစမ်း၍၊ မန်းလေ-ရမ်းလေ၊ ပမာနယ်သို့၊ ပရိယာယ်ဆင်၊ ထဲဝမ်းတွင်၌၊ ခိုဝင်နေပြား၊ တစ်ပြည်လူလေ၊ ရန်သူများတို့၊ ယန္တ ရားစက်ဆင်၊ ဇက်ကြိုးမျှင်ကို၊ ငင်ကာဆွဲကာ၊ ဝိညာဉ်ဝင်ကော၊ အရှင်ကဲ့သို့၊ ပြေးခြင်း ရာကြောင့်၊ ဝေးကွာနိုင်မျှ၊ ရှေ့ပမာသို့၊ ခေါ်၍မရ၊ ဥဒိန္နဆို၊ စောမင်းပျိုမှာ၊ စောင်း ကိုတီးကာ၊ ရှက်သည်ဖြစ်၍၊ လိုက်ခြင်းရာကြောင့်၊ နောက်ပါခြွေရံ၊ မတ်တော်ဝန်တို့၊ အလွန်ဝေးကွာ၊ မင်းဥဒိန်ကို၊ မမီလိုက်ကော၊ ကျန်လိုက်ရှာ၍၊ စောင့်ကာဆိုင်းထွယ်၊ သစ်နန်းတည်လို့၊ နေလေတုံကြ၊ စောနရိန်ကော၊ ဥဒိန္နလည်း၊ နောက်ကလိုက်လျှင်၊ သူတို့နေကော၊ ရွှေပြည်ကြီးနှင့်၊ နီးလတ်ကျင်သော်၊ ခိုဝင်ပုန်းအောင်၊ ဆင်ဝမ်းခေါင်း ကော၊ လူပေါင်းများစွာ၊ ကိုင်လက်နက်နှင့်၊ ထွက်ပြီးခါမှ၊ ဝဲယာဖမ်းတွယ်၊ ဥဇ္ဇေနီသို့၊ ဥဒိန်မင်းကို၊ ဆောင်ကြဉ်းလေကော၊ ဗိုလ်ခြေသဲ့သဲ့၊ သောင်းသောင်းတည်းလေ။

# မိသာမာ–လင်မိတ်ကျွမ် ကို၊ မှိတ်မပျော် မျှော်စိတ်တမ်းပြီးလျှင် ရိပ်နန်းက လွမ်းငိုစန်း

သဲသဲမယေ သောင်းသောင်း၊ တစ်ပြည်သူကော၊ လူအပေါင်းတို့၊ လျှင်ကြောင်းမနေ၊ ဖမ်းဆောင်လေကော၊ ရွှေပြည်ဌာနီ၊ ကောသမ္ဗီမှာ၊ ဒေဝီတောင်ညာ၊ မိသာမာလျှင်၊ ကြင်ရာလင်ချစ်၊ ဟတ္တိတွင်ကော၊ တောဆင်မိုက်ကို၊ လိုက်၍ဖမ်းမည်၊ တောမြိုင်ခြေသို့၊ သွားလေသည်နောက်၊ ဦးထိပ်တင်ကော၊ လင်တစ်ယောက်လျှင်၊ မရောက်မလာ၊ မပေါ်လှာကော၊ ကြာလေသည်ချက်၊ အရေးအရာ၊ ဘေးဘယာကို၊ တွေးမြော်တွက်လို့၊ စိတ်စက်မကြည်၊ ညာနန်းခိုလေ။ ပျိုနုမမှာ၊ ငိုတော့သည်က၊ ရွှေပြည်သခင်၊ မေ့ဆွေလင်မှာ၊ တောဆင်ဖမ်းမည်၊ နန်းရဝေက၊ လှမ်းလေတုံကျင်၊ မြိုင်တောခွင်မှာ၊ အောင်မြင်သည်နောက်၊ ထက်နတ်အသွင်၊ ချစ်မြတ်ကြင်ကော၊ လင်တစ်ယောက်လျှင်၊ ရောက်ချိန်လည်းတန်၊ မေ၏ထံကို၊ ပြန်ချိန်လည်းသင့်၊ ကြောင်းခြင်းရာကို၊ မြော်ထောက်ချင့်က၊ ဆင်နှင့်အန္တရာယ်၊ မေ့ချစ်ဆွေလျှင်၊ ဖြစ်လေသလား၊ ဦးထိပ်တင်လေ၊ လင်သာမိကို၊ မသိရလေ၊ တောဝမြိုင်ယံ၊ ဟေမဝန်မှာ၊ ဘေးရန်ကများ၊ မေနှင့်ကြင်ကော၊ လင်မင်းဖျားမှာ၊ သစ်ကျားခြသေ့်၊ တောမြိုင်ခွင်မှာ၊ ရင်ဆိုင်တွေ့၍၊ မငဲ့စေသာ၊ ဘေးဘယာလေ၊ တွေပါသလား၊ မဟုတ်ငြားကော၊ တောကြားမြိုင်ကွေ့၊ ထိုသည်ဆင်ကို၊ မြင်မတွေ့၍၊ ပတ်လှည့်ဖွေရှာ၊ နန်းဝေယံမှာ၊ မေ့ထံမှောက်သို့၊ မရောက်သာကော၊ ကြာလေသလား၊ စစရာရာ၊ အဖြာဖြာကို၊ မျှော်စဉ်းစားက၊ နှစ်ပါးမောင်နှံ၊ နန်းဝေယံမှာ၊ ပျော်စံနေခါ၊ ငရဲသူလေ၊ တောလူမျိုးဟု၊ မုဆိုးကျော်လျှင်၊ ဖလာစောင်းကန်း၊ မှန်ရဝေနှင့်၊ စံရွှေနန်းကော၊ ဆင်ဖမ်းအောင်သည်၊ ဇနက်သွယ်၍၊ ဆောင်လေတုံကျင်၊ ဆင်မန္တန်ကို၊ အလွန်ကျွမ်းကော၊ စွမ်းဂုဏ်အင်ကြောင့်၊ငယ်ကြင်ယောကျ်ား၊ နန်းစည်ရှင်လေ၊ လင်ဘုရားကို၊ ဆီးတားမနိုင်၊ တောရိပ်မြိုင်နှင့်၊ ဂနိုင်သို့ထွက်၊ နိမိတ်ထင်ကော၊ မြင်အိပ်မက်ကြောင့်၊ စိတ်လက်သော၊ အခါခါလေ၊ တားပါတုံလျက်၊ မေစကားကို၊ နားမထောင်ကော၊ ရှားရှောင်တွက်ကြောင့်၊ ချစ်လျက်နှင့်ပင်၊ နန်းဆောင်ခွင်မှာ၊ မကြင်ရဘဲ၊ ငယ်ကျွမ်းဝင်နှင့်၊ မေလျှင်တွဲလို့၊ဆင်းရဲငြိုငြင်၊ မေ့ကြောင်းအင်ကို၊ မောင်လျှင်မသိ၊ လင်မင်းမွန်မှာ၊ ဘေးရန်ထိလည်း၊ တစ်မိငါလျှင်၊ သိမမြင်ဘဲ၊ ရှိကျင်လေရ၊ နန်းမဋ္ဌုမှာ၊ တူတကွလျှင်၊ စံကြ သည်ခိုက်၊ တွေ့လိုကြုံကော၊ စုံတစ်ခုလျှင်၊ ဥပဒ်ဖြစ်ကော၊ သနစ်ဇာတိ၊ အရေးတယူ၊ အေးအပူကို၊ နန်းသူမိလျှင်၊ သိရပါဖို့၊ ကြမ္မာငင်ယောင်၊ တောဆင်ခွဲကော၊ ကွဲကြလို့လေ။

ကွဲကြလို့လေ၊ ဤသို့ကေတမ်းရမ်း၊ မောင်ရှိရာကို၊ လိပ်ပြာသန်းလို့၊ လွမ်းတကြူကြူ၊ စိတ်ညိုးပူကေ၊ ချိုးဖြူငှက်မ၊ ညနေညိုတွင်၊ ဖိုကိုတ,ယောင်၊ ဗျာယမဆိတ်၊ ငယ်ကကြင်လေ၊ လင်မိတ်ကျွမ်းကို၊ လွမ်းသည်စိတ်ကြောင့်၊ စက်အိပ်မွေ့ရာ၊ သလွန်သာမှာ၊ မေသာလူးလဲ၊ လှမေပျို့မှာ၊ တစ်ကိုယ်တည်းကြောင့်၊ အမွှေးမကျုံ၊ ပန်းမပန်ကေ၊ မှန်လျှင်မကြည့်၊ မေ၏ကံကို၊ ပြန်အောက်မေ့လို့၊ စေ့စေ့တွက်ကျင်၊ ငယ်ကပင်လေ၊ ဖခင်မိရင်း၊ ကစားရွယ်လေ၊ ငယ်သီးသီးက၊ ကြီးမပြင်းခင်၊ ထမင်းရေစာ၊ တို့ပြည်ရွာမှာ၊ ရောဂါထူထပ်၊ ဒုဗ္ဘိက်လေ၊ မှန်မလွတ်၍၊ ဥပဒ္ဒဝါ၊ တွေ့ခြင်းရာကြောင့်၊ ဥစ္စာကုဋေ၊ ဤခြွေရွှေနှင့်၊ ရွှေငွေရတနာ၊ ကျွဲလယ်ယာကေ၊ သပြာပစ္စည်း၊ အဖြာဖြာလေ၊ ရတနာ၌ကို၊ စွန့်ပစ်ခဲ့၍၊ ထွက်ပြေးတိမ်းရှောင်၊ သက်ရှင်အောင်ကို၊ တောတောင်ချောင်ကြား၊ ကျားဆင်ပြောင်ကို၊ ရှောင်ကာရှားလို့၊ သားမိသုံးဖော်၊ သက်ဇီဝလေ၊ သေမတတ်အောင်၊ ငတ်မွတ်ကာဖြင့်၊ တစ်ရွာတစ်ပြည်၊ မသေကျန်ကေ၊ ရှေးကံထောက်လို့၊ ရောက်တုံပေလည်း၊ တာရှည်မြင့်စွာ၊ မနေသာကေ၊ အစာခေါင်းပါး၊ သည်ကြောင်းလျှားကြောင့်၊ စားလိုက်တိုင်းပင်၊ မွေးမိခင်နှင့်၊ ဖခင်နှစ်ယောက်၊ မရဏံလေ၊ ခန္ဓာပျောက်လို့၊ တစ်ယောက်တစ်ရက်၊ မြေသုသာန်မှာ၊ ရုပ်နာမ်ပျက်ကေ၊ မွေးထက်လည်းဆို၊ ဇာတာတိုင်လေ၊ မခိုင်ကျိုးလို့၊ ကိုးကွယ်ရာမေ့၊ မေတစ်ဖန်လေ၊ ကျန်တုံခဲ့လည်း၊ ရပ်နှင့်လည်းကွာ၊ မျိုးဆွေဉာလေ၊ ရွာနှင့်လည်းဝေး၊ ခြွေရွှေမပါ၊ မနေသာအောင်၊ အဖော်ကွဲလို့၊ မိလည်းမမြင်၊ မေ့ကိုကြင်သည်၊ ဖခင်မရှိ၊ ချေသငယ်လေ၊ မြိုင်ခြေထဲမှာ၊ ခဲခဲမွှိယောင်၊ ရှိနေသည်ခိုက်၊ အလှူပေးကျင်၊ သူကြွယ်မြင်သော်၊ ကြင်ကာချစ်လို့၊ တထိုက်အေးကျင်၊ မကြာခင်လျှင်၊ အကြင်ဘဝ၊ ဘုရားဂူမှာ၊ လှူဒါနကြောင့်၊ မိဘအဟောင်း၊ ဖြစ်တုံရှောင်းဟု၊ အကြောင်းမသိ၊ ကျေးဇူးဟုန်လေ၊ ဂုဏ်ထူးရှိကေ၊ မိရင်း-ဖရင်း၊ ပုံမယွင်းအောင်၊ ချစ်ခြင်းမငြီး၊ ကိတ္တမကေ၊ ငါ့သမီးဟု၊ မြှောက်ချီးခေါ်ကျင်၊ အိမ်ပေါ်တင်၍၊ များဖြင်ခြွေရံ၊ အစေခံနှင့်၊ စံစံပပ၊ ဆန်းကြယ်စွာလေ၊ တန်ဆာများနှင့်၊ ထားကာလ၌၊ အေးမြချမ်းသာ၊ သူဌေးစံလေ၊ ဗိမာန်ကြီးမှာ၊ သမီးတော်ဟု၊ အကျော်စေရ၊ မိသာမာမှာ၊ ရွှေကြာပန်းသို့၊ ချမ်းလှလို့၊ ဒုက္ခသုခံ၊ အတန်တန်လေ၊ ပူပန်နှစ်ရပ်၊ မေသက်နှံ့မှာ၊ ခံသည်ဝဋ်လျှင်၊ ထပ်ထပ်ပြန်ပြန်၊ ပြောင်းပြောင်းတည်းလေ။

ထပ်ထပ်မယေပြန်ပြန်၊ အဖန်ဖန်လေ၊ ခံစံနှစ်ရပ်၊ ထပ်ထက်ထက်ကေ၊ မလွတ်နိုင်သေး၊ မိခင်ဖခင်၊ ငယ်ကပင်လေ၊ ရှင်ရှင်ကွဲလို့၊ သူဌေးမောင်နှံ၊ မွေးစားပြန်ကေ၊ အတန်အတော်၊ သူရကန်ယောင်၊ ပူပန်ဝေးလို့၊ အေးချမ်းသာကေ၊ မောင်တော်ဘုရား၊ မေ့သခင်လေ၊ ရှင်မင်းသားလျှင်၊ သနားချစ်ခင်၊ မေတ္တာဝင်လို့၊ မမြင်စဖူး၊ ရွှင်ကာမြူးအောင်၊ အထူးအကဲ၊ အလေးအမြတ်၊ ကြိုးပြတ်ကြွေကေ၊ မိုးမေနတ်သို့၊ အထွတ်လည်းတင်၊ ယာဉ်ထမ်းစင်နှင့်၊ ဆောင်ကြဉ်ယူပြီး၊ အသီးသီးကေ၊ ချီးမြှောက်တုံကျင်၊ မောင်မေစုံကို၊ ထီးဖြူရိပ်တွင်၊ ဘိသိက်တင်လို့၊ မေ့လင်မင်းဖျား၊ ရွှေဖြင်ငွေဖြင်၊ လှစေချင်ကေ၊ ဆင်ဝတ်ငြားလို့၊ မိဖုရားဒေဝီ၊ မဟေသီဟု၊ မြှောက်ချီဘွဲ့တပ်၊ နန်းဆောင်ကြာမှာ၊ တောင်ညာနတ်ကေ၊ အထွတ်တင်ထား၊ ပြည်ကြီးရှင်လေ၊ လင်ဘုရားမှာ၊ ပတ္တမြားကျောက်စိန်၊ တောက်လျှံထိန်ကေ၊ သိင်္ဂီပုလဲ၊ တပြောင်ပြောင်လေ၊ ကြောင်မျက်ရွဲကို၊ ဆွဲဆွဲဝတ်ဝတ်၊ ချွတ်ချွတ်ဆင်ဆင်၊ ဇာပင်ပြင်လည်း၊ အရှင်မင်းမြတ်၊ မေ့ကိုမူလေ၊ စုပုံအပ်လို့၊ နဝရတ်တန်ဆာ၊ ကမ္ဗလာလေ၊ ဆန်းပါနိုင်မျှ၊ ဝတ်စားမကုန်၊ တန်ဆာစုံကို၊ စုပုံမိုးကေ၊ မေစိုးရလို့၊ ပပလွှားလွှား၊ မိဖုရားဓမ္မတာ၊ ရံရွှေတော်ကေ၊ ပျိုတော်များနှင့်၊ ပျော်ပါးကာစံ၊ နန်းဝေယံမှာ၊ မောင်နှံ့နှစ်ဖြာ၊ တူမကွာကေ၊ ဟင်္သာဖိုမ၊ မြရေကန်မှာ၊ ဝဲပျံသယောင်၊ ထလည်းတူပြိုင်၊ ကိုယ်ချင်းယှဉ်ကေ၊ ထိုင်လည်းတူဖက်၊ မြသလွန်မှာ၊ ပျော်စံစက်လို့၊ တစ်လက်ရာတည်း၊ ရွှေဟင်းလျာလေ၊ စားတော်ပွဲနှင့်၊ မင်း၏ရိပ်ငြိမ်၊ ဘုံနန်းအိမ်မှာ၊ မွေ့သိမ်ချမ်းမြ၊ မောင်မေမကွာ၊ တူနှစ်ဖော်လေ၊ ပျော်စံကြကေ၊ ကာလများဖြင့်၊ မကြာခင်ကို၊ မြင်သည်အိပ်မက်၊ ကျွက်ကျွက်ဆူယောင်၊ ပူသည်တွက်ကြောင့်၊ တောနက်မြိုင်ချောင်၊ ထွက်ရအောင်ကို၊ ကြံဆောင်သွယ်ပိုး၊ တို့ရန်သူလေ၊ လူမုဆိုးကြောင့်၊ လန့်စိုးရိမ်ဖွယ်၊ တို့မောင်နှံလေ၊ စံမည်ထဲမှာ၊ ကွဲရသည်ဟု၊ မျက်ရည်မျက်ခွက်၊ တစက်စက်နှင့်၊ နေ့ရက်မဟူ၊ ညာနန်းသူမှာ၊ ပူနေသောခါ၊ ရံငါးရာတွင်၊ ဥဇ္ဇာတွင်ပြီး၊ ပူငြိမ်းငှာဟု၊ ထိန်းတော်ကြီးလျှင်၊ တားဆီးသိမ်းဆည်း၊ မိသာမာကို၊ သိသာငြားအောင်၊ ပြောပြသည်က၊ လူ့ပြည်လောက၊ ပထဝီမည်တွင်၊ ဤမြေပြင်မှာ၊ မြင်သမျှကေ၊ မိန်းမများစွာ၊ ဟူရာရာမှာ၊ ပူဗျာမအေး၊ လူမှုဆောင်၍၊ တည်ထောင်ခဲက၊ သားကွဲလင်ကွာ၊ နည်းအများသာ၊ ပြောရပါမည်၊ ဓမ္မတာသဘော၊ လွတ်မငြိမ်းမူ၊ ခပ်သိမ်းသူလေ၊ တူမခြားကေ၊ လင်သားကွဲကွာ၊ မိသာမာမှာ၊ ကြင်ရာချစ်လင်၊ တောမြိုင်ခွင်တွင်၊ ဆင်လျှင်ဖမ်းမည်၊ ဤရွှေနန်းက၊ ချီလှမ်းလေကေ၊ မည်သည်ကိစ္စ၊ မသိရဘဲ၊ စီးကျမျက်ရည်၊ ငို၍နေကေ၊ တော်မည်မထင်၊ နိမိတ်အကြောင်း၊ တိတ်အပေါင်းလျှင်၊ မကောင်းကျင်လေ၊ ဆင်ဇွေ မြင်းဇွေ၊ ကျွဲနွားဇွေထက်၊ နွတ်ဇွေအမျိုး၊ လူတို့မှာလေ၊ သာ၍ဆိုးဟု၊ ဘေးဘိုးစဉ်လာ၊ ပြောခြင်းရာကြောင့်၊ မင်္ဂလာအကြောင်း၊ နိမိတ်ပေါင်းလည်း၊ မကောင်းဖြစ်တတ်၊ လောင်းဘုန်းဝေလေ၊ သွားသည်ရပ်ကို၊ ရည်မှတ်တုံရှောင်း၊ ပြုလှူဒါနှင့်၊ ဆုတော်တောင်းဟု၊ အကြောင်းလျှောက်ကာ၊ မိသာမာလျှင်၊ ထိုခါပြီးမှ၊ သတိရလို့၊ ဒါနလှူတာ၊ တစ်ခုခုလျှင်၊ ပြုပြီးခါမှ၊

စိတ်မှာရည်မှန်း၊ လင်မင်းခေါင်မှာ၊ ဆင်ပြောင်ဖမ်းလို့၊ အောင်ပန်းမင်္ဂလာ၊ အောင်ချမ်းသာ၍၊ အောင်ပါစေကြောင်း၊ အေးချမ်းသာယာ၊ ဘေးဘျမ်းကွာ၍၊ ကျန်းမာကြောင်းကို၊ ဆုတောင်းပြီးခါ၊ ပို့မေတ္တာနှင့်၊ စိတ်မှာရည်မှန်း၊ ချမ်းသာစေအောင်၊ ပန်းကြာညောင်နှင့်၊ ညာတောင်နန်းမှာ၊ ရေချမ်းလည်းတည်၊ ပန်းသပြေနှင့်၊ ညောင်ရေလည်းသွန်း၊ လင်မင်းကျော်လေ၊ သွားရာလမ်းကို၊ မျှော်တမ်းပြီးထွယ်၊ မိသာမာမှာ၊ ပြည်တော်နန်းက၊ ရည်မှန်းနေရေ။

ရည်မှန်းနေကော၊ ဥဇ္ဇေ့တွင်ငြား၊ တစ်တိုင်းနေကော၊ တစ်ပြည်သားတို့၊ ယန္တရားစက်ဆင်၊ အသွင်လုပ်ကော၊ ဆင်ရုပ်ပြင်၍၊ မျှားဖြင့်ဗိုလ်ခြေ၊ ဘုန်းတော်ရှိန်လေ၊ ဥဒိန်မင်းကို၊ ဆောင်ကြဉ်းလေ၍၊ ရောက်သည်ချက်ချင်း၊ လောင်းဥဒိန်ကို၊ နှောင်အိမ်သွင်း၍၊ ခြေချင်းခတ်ကာ၊ ထားပြီးခါမှ၊ ရာဇာမင်းလှ၊ ပဇ္ဇောတမှာ၊ အားရဝမ်းသာ၊ အောင်ပွဲခံ၍၊ ခြွေရံမျှားနှင့်၊ ပျော်ပါးကာဖြင့်၊ နေတော်မူမြောက်၊ ငါးရက်ရောက်က၊ ဘုန်းတောက်ကာထိန်၊ လောင်းဥဒိန်မှာ၊ ဇီဝိန်အသက်၊မျက်မာန်မူကော၊ ရန်သူလက်မှာ၊ ပျက်ပါမည်လျှောက်၊ မလန့်ကြောက်ဘဲ၊ စိတ်နောက်မာန်ပါ၊ ကိုယ်၏ထံမှာ၊ စောင့်ဖန်သားကို၊ ပြောခြင်းရာကား၊ သင်တို့မှာမင်း၊ မိန်းမဟာန်သို့၊ အကြံဖျင်းနှင့်၊ သက်ကင်းဆုံးဖြတ်၊ ငါတို့မူလေ၊ ရန်သူမှတ်က၊ သတ်ချင်လျှင်သတ်၊ မသတ်ပါက၊ လွှတ်သော်လွှတ်သို့၊ မအပ်မရာ၊ ယခုမှာကား၊ ပြန်ကာမလွှတ်၊ မှန်မသတ်ဘဲ၊ နှောင်စကားဆိုသော်၊ ဝန်းပန်ရံကော၊ စောင့်ဖန်သားတို့၊ သွားပြီးခါမှ၊ ပန်ကာလျှောက်တင်၊ ထိုဘုရင်မှာ၊ လက်တွင်စွဲငြား၊ အသွားထန်၍၊ အလွန်ထက်ကော၊ သန်လျက်ဓားနှင့်၊ လျင်လျားမကြာ၊ လာပြီးခါမှ၊ ခြင်းရာစစ်ဆေး၊ ဤသို့ပြောဟု၊ စကားမေးက၊ မလွဲမဖယ်၊ ထိုစကားကို၊ ငါပြောသည်ဟု ဆိုလေတုံကျင်၊ ထိုဘုရင်မှာ၊ အသင်မင်းသား၊ မသတ်ကျင်ဘဲ၊ လွှတ်ချင်ငြားက၊ မြတ်သောပညာ၊ ဆင်ဂါထာကို၊ သင်ပါဆိုလျှင်၊ ထိုဘုရင်ကို၊ လိုချင်ဖြစ်လာ၊ ငါ့ကိုမူလေ၊ လက်စုံမိုးကော၊ ရှိခိုးတော့ဟု၊ မြွက်ဟဆိုလျှင်၊ ထိုအခါ၌၊ ဆင်ခြင်စဉ်းစား၊ ငါ့ကျွန်အသွင်၊ ငါ့လက်ဝင်ကော၊ ဖြစ်ကျင်ငြားလျက်၊ အလားတူကျင်၊ ဆိတ်နှင့်ဆင်သို့၊ ငါလျှင်တစ်ဖန်၊ ရှိခိုးရန်လျှင်၊ အလွန်လည်းခက်၊ တစ်ရာဇာလေ၊ သမ္ဘာလင်းကော၊ ငါမင်းထက်လျှင်၊ အသက်လည်းငယ်၊ သို့ဖြစ်ပေ၍၊ သတ်မည်အဟန်၊ ငါတစ်မူလေ၊ သူလျှင်ကြောက်အောင်၊ ခြောက်ခြိမ်းပြန်မှ၊ မန္တန်ကိုသည်၊ သင်ရမည်ဟု၊ မှတ်ပေတုံငြား၊ အသွားလျှံကော၊ သန်လျက်ဓားကို၊ မိုးထားပြီးလျှင်၊ သင် မသင်သော်၊ ငါလျှင် လတ်လတ်၊ ကိုယ်တော်တိုင်လျှင်၊ လည်ကိုဖြတ်အံ့၊ ဆိုလတ်သောခါ၊ လောင်းမင်းကျော်က၊ ခန္ဓာကာယ၊ ငါ့ကိုပင်လေ၊ သင်မင်းမျိုးမှာ၊ အစိုးရလည်း၊ ငါ့ပညာဉာဏ်၊ ဆင်မန္တန်ကို၊ တစ်ဆံခြည်မျှ၊ သင်ကိုယ်တိုင်လေ၊ ပိုင်ကာမိုးကော၊ စိုးမရလေ၊ ငါ့ကိုလတ်လတ်၊ ခုတစ်ဖန်လေ၊ သတ်ချင်သတ်ဟု၊ လောင်းမြတ်နန်းစံ၊ ကိုယ့်ကိုယ်တိုင်လေ၊ လည်ကိုဆန့်ကော၊ စွန့်လို့ခံရေ။

# ဥဒိန္နမင်းရာဇာသည် ဝါသုလမေဘတ္တာနှင့် ပြည်တော်သို့ ထွက်ပြေးစခန်း

ဆန့်လို့ခံကေ၊ အလွန်ရဲဝံ့၊ ဆင်မန္တန်ကို၊ မသင်လိုဘဲ၊ သက်ကိုစွန့်ကေ၊ မလန့်မကြောက်၊ သူ့ခန္ဓာကို၊ ညှာမထောက်ကေ၊ ယောကျ်ားအာဇာနည်၊ စွမ်းသတ္တိကို၊ သိတုံလေကေ၊ တစ်ပြည်စိုးငြား၊ လင်မင်းသားမှာ၊ သင်ကြားချင်မူ၊ ရှိခိုးသူကို၊ ဘယ်သူဘယ်ဝါ၊ ယုတ်မြတ်ရေးကို၊ မရွေးပါဘဲ၊ ဂါထာကိုသည်၊ သင်ပါမည်လော၊ စကားသွယ်ပျာ၊ မေးလေငြားက၊ သိကြားရာဇာ၊ ကိုယ်တိုင်လာလည်း၊ ပနာရိုကျိုး၊ ငါ့ကိုသော်လေ၊ အာစရိဟု၊ ရှိမခိုးကေ၊ အဖိုးထိုက်တန်၊ ဆင်မန္တန်ကို၊ အမှန်မသင်၊ ရိုညွှတ်ကျိုးလို့၊ ရှိခိုးကျင်သော်၊ ခွေးပင်တစ်စစ်၊ ကျေးငှက်ပင်လေ၊ ဖြစ်ချင်ဖြစ်လည်း၊ သင်လိုက်တော့မည်၊ ဆိုတုံလေကေ၊ ထိုသည်မင်းဖျား၊ စိတ်ကူးဉာဏ်နှင့်၊ ကြံစဉ်းစားလို့၊ တခြားသူကို၊ သင်စေဆိုသော်၊ ထိုသူလည်းတတ်၊ နောက်မှသာလျှင်၊ ငါလည်းတတ်ကေ၊ သင့်မြတ်တော့မည်၊ ဧကဝုစ်ကေ၊ မဟုတ်ချေလေ၊ သက်ဝေပတ္တမြား၊ သမီး ချောကို၊ သင်ကြားခိုင်းလျှင်၊ မတတ်ခင်ကို၊ လင်နှင့်မယား၊ ရှင်မင်းသားနှင့်၊ ဖြစ်ငြား လိမ့်မည်၊ ပရိယာယ်နှင့်၊ သင်စေမှသာ၊ ဤအရာ၌၊ သင့်လျော်လိမ့်မည်၊ ရှင်မင်းသား ကို၊ ပြောလတ်တေက၊ ခိုင်စေတုံမြောက်၊ စားဖို့ပေါက်ကေ၊ တစ်ယောက်ကျွန်မ၊ သူ့ကိုပင်လေ၊ သင်စေတော့မည်၊ ဆိုတုံပေ၍၊ မနေ့းလျှင်မြန်၊ နန်းသို့ပြန်ကေ၊ သက်နှံ့ သမီး၊ နန်းပင်တိုင်မှာ၊ လှယဉ်နုကေ၊ ရှုမငြီးကို၊ မင်းကြီးရာဇာ၊ ခေါ်ပြီးကာမှ၊ အင်္ဂါမစုံ၊ ကျိုးပဲ့သုံကေ၊ ငနုံင,အ၊ ဖိုးထိုက်တန်ကေ၊ မန္တန်ကိုသည်၊ သမီးဖြူမှာ၊ သင်ယူချေဟု၊ ခိုင်းစေပြီးလျှင်၊ ရုပ်ပိုင်ပြင်ကို၊ မမြင်ကြအောင်၊ ပြုကြံဆောင်လို့၊ ခြင်ထောင်ကန့်လန့်ကာ၊ အသီးသီးကို၊ ကာပြီးခါမှ၊ ဂါထာကိုသည်၊ သင်စေလေက၊ ထိုသည်အခါ၊ ရှင်မင်းကျော်မှာ၊ ကန့်လန့်ကာဘက်က၊ ဆင်ဂါထာကို၊ သင်ကာချ ကေ၊ နှုတ်ကမပီ၊ ကရိုဏ်း၌ာန်လေ၊ အသံလွှတ်သော်၊ ညွှတ်မညီလို့၊ ပြာရီကျွတ်မ၊ ကုမ္မဆိုကေ၊ စားဖို့ပေါက်သည်၊ အိုမျောက်မလေ၊ လျှာကထူငြား၊ စကားမပီ၊ ဖဝါးရီ နှင့်၊ တူညီငြားလို့၊ သင်ကြားမတတ်၊ ကျောက်နှင့်သာလေ၊ တိုက်ကာပွတ်မှ၊ ထူးမြတ် ကြီးကျယ်၊ ဆင်ဂါထာကို၊ သင်ကာချကေ၊ ရတော့မည်လေ။

ရတော့မည်လေ၊ ဆိုလေသောခါ၊ ဝါသုလကေ၊ လှဘတ္တာက၊ ဟက်ကရာဟက်ကရီ၊ ငဒုသီကေ၊ ဤသည်ငနုံ၊ ငါ့ကိုတုံလေ့၊ ရုပ်ပုံမပြ၊ ငါ့ပိုင်ပြင်ကို၊ မမြင်ရကေ၊ ဂုမ္ဘသာမှတ်၊ ငါ့ရုပ်သွင်ကို၊ မြင်ပြန်လတ်က၊ ဖတ်ဖတ်မောထွေ၊ အလိုလိုလေ၊ ချွေးယိုကျကေ၊ ငိုက်ရမည်လေ၊ ငါ့နှယ်မိန်းမ၊ တစ်ပင်တိုင်မှာ၊ ပြိုင်မမျှအောင်၊ ဝါသုလဘတ္တာ၊ အလှကျော်ကေ၊ ငါမဟုတ်လော၊ မျက်မာန်ပို၍၊ ထိုစကားကို၊ ဆိုပြောသောခါ၊ လောင်းမင်းကျော်မှာ၊ ငါလာငနုံ၊ ပညာဂုဏ်နှင့်၊ ရွှေဘုံဌာနီ၊ ကောသမ္ဗီကို၊ ခွန်ဆီစိုးရ၊ တန်းခိုးပကေ၊ ဥဒိန္နမင်းသား၊ ငါရာဇာကို၊ မကျော်လားဟု၊ ပြောပြီးမှသာ၊ ခြင်းဇာတိကို၊ သိကြပါကေ၊ ထိုခါကာလ၊ တစ်ယောက်ရုပ်သွင်၊ တစ်ယောက်ပင်လေ၊ မြင်ချင်ကြလို့၊ ကြားကပကတိ၊ ဆီးကာရှိကေ၊ ချူချိချူချာ၊ ကန့်လန့်ကာလေ၊ မြင့်ကာလည်းတက်၊ ရှင့်ကာထွက်အောင်၊ ပယ်ဖျက်ကာလ၊ မျက်နှာပြင်ကို၊ မြင်လေကြကေ၊ လှဆေးကိုစား၊ သူ့မိခင်လေ၊ မြင်ကာဖွားသို့၊ မနောမှတ်ကာ၊ ဝါသုလာဟု၊ လှဘတ္တာမှာ၊ မောင်တော်ဘုရား၊ ကြောင်းဇာတိကို၊ မသိငြားလို့၊ ဆိုပြောမိရာ၊ နှမတော်လေ၊ ညာပုလဲကို၊ သည်းခံပါဟု၊ ပြင်ကာတောင်းပန်၊ အကြောင်းပြန်သော်၊ နန်းစံမင်းသား၊ သဘောကျလေ၊ ပီယမေတ္တာ၊ မောင်ကသော်မူ၊ ကြင်နာနှစ်ချစ်၊ လှမေပျိုလည်း၊ မောင့်ကိုချစ်က၊ လိုက်တော်မူပါ၊ ရွှေပြည်တော်မှာ၊ ဘမရာဒေဝီ၊ မဟေသီဟု၊ မြှောက်ချီးပြီးငြား၊ ရံရွေငါးရာ၊ မေစံပျော်ဖို့၊ မောင်တော်ထားမည်၊ ပြောတုံလေကေ၊ လှရည်စံသီး၊ တစ်ပင်တိုင်လေ၊ ယဉ်နန်းမြင့်က၊ မင်းသမီးလည်း၊ ကွမ်းသီးကိုမူ၊ ကြိုက်တတ်သူအား၊ တောင်ငူသို့လျှင်၊ ပို့သောသွင်သို့၊ လုလင်မောင်တော်၊ ချီးမြှောက်တော်မူ၊ လိုက်ပါတော့မည်၊ ဆိုတုံလေကေ၊ နှမဘတ္တာ၊ အာမခံသည်၊ မှန်ပါလှက၊ ညကိုတိမ်းရှောင်၊ မောင်တို့နေသည်၊ ရွှေပြည်ကျေးသို့၊ ပြေးရအောင်ကို၊ ကြံဆောင်ပြီးခါ၊ ဘရာဇာကို၊ မာယာပရိယာယ်၊ ဤစကားကို၊ ပြောပါချေဟု၊ ဆိုလေသောခါ၊ ဝါသုလကေ၊ လှကလျာက၊ ပီတာဖခင်၊ သီဟာခွင်ကို၊ ခိုဝင်ပြီးထွယ်၊ ခမည်းတော်ကို၊ ဆယ်ဖြာမြှောက်ကေ၊ တင်လျှောက်တေလေ။

တင်ကာလျှောက်ကေ၊ လက်မြှောက်ချီကာ၊ မြင်းမိုရ်တောင်ထက်၊ ဂုဏ်ရောင်ကဲကေ၊ ခမည်းတော်လေ၊ အင်္ဂါမစုံ၊ ယင်ရုံရုံနှင့်၊ ငနုံထံမှာ၊ ဆင်ဂါထာကို၊ သင်ကာကျွမ်းကျင်၊ သို့ရာတွင်မူ၊ ဆင်ကိုခေါ် ရာ၊ မန္တန်ကျော်နှင့်၊ မဟာဩသထ၊ ဆေးတော်ကိုလေ၊ လိုပါလှလို့၊ ဤညအခါ၊ ထက်အာကာမှာ၊ တာရာနက္ခတ်၊ စန်းနှင့်ပြိုင်ပျာ၊ ယှဉ်တုံလတ်၍၊ ဆေးမြတ်တူးရန်၊ ခါချိန်တန်ကေ၊ အလွန်တရာ၊ သင့်မြတ်ပါလို့၊ ပီတာမင်းကြီး၊ ဟတ္ထိတွင်ကေ၊ ဆင်တစ်စီးနှင့်၊ သမီးရတနာ၊ ထိုဆရာအား၊ ပူဇော်ကြေးငွေ၊ တစ်နည်းငယ်လျှင်၊ လိုသည်အပြင်၊ နန်းတော်ခွင်ကို၊ ထွက်ဝင်တံခါး၊ တစ်ပေါက်ထားဟု၊ လျှောက်ကြားသောခါ၊ ဖပီတာမှာ၊ များစွာအားရ၊ သမီးပျိုလေ၊ လိုသမျှကို၊ ရစေသတည်း၊ ကိုယ့်သက်ဝေကို၊ ယုံကြည်ရေးကြောင့်၊ ခွင့်ပေးသောခါ၊ မေဘတ္တာမှာ၊ ရတနာများမြောင်၊ ငွေသုံးထောင်ကို၊ ယူဆောင်တုံပြီး၊ အသွားလျှင်

ကော၊ ဆင်တစ်စီးကို၊ ယူပြီးသောခါ၊ လောင်းမင်းကျော်လေ၊ မှာသမျှကို၊ ရလေပါက၊ နှစ်ဖြာမောင်နှံ၊ သန်းခေါင်ယံမှာ၊ စီမံကြံစည်၊ ဆင်ကိုစီးကော၊ ပြေးကြလေရေ၊ ရောင်ခြည်ပြောင်းဝင်း၊ မိုးလျှင်လင်းမှ၊ ဘမင်းရာဇာ၊ သမီးတော်၏၊ ခြင်းဇာတိကို၊ သိလေပါကော၊ အာဏာပြင်းထန်၊ လူခြေမြန်လေ၊ စေကျွန်တို့သည်၊ လိုက်ကာဝန်းပျာ၊ ဖမ်းကြချေဟု၊ ဆိုလေသောခါ၊ လျင်မြန်စွာလေ၊ ပြည်တော်ကသည်၊ လိုက်ကြပေသော်၊ ဝေးမြေရောက်လျှင်၊ မီမည်မြင်ကော၊ လင်နှင့်မယား၊ ရှင်မင်းသားမှာ၊ လမ်းနားဝဲယာ၊ ငွေသပြာကို၊ ဆင်ပေါ်ကကြဲ၊ လိုက်လာသလေ၊ လူသူရဲတို့၊ ကြေးငွေကိုလျှင်၊ မြင်လေကျင်သော်၊ လိုချင်စိတ်ကတ်၊ ဣစ္ဆာရုံနှင့်၊ ကြုံကြိုက်ကြသော်၊ လောဘတပ်၍၊ တန့်ရပ်ပြီးမြောက်၊ သူ့ထက်ငါပင်၊ ရလိုချင်ကော၊ မြင်တိုင်းကောက်က၊ နောက်ကျနေကျင်၊ မယားလင်တို့၊ တိုင်ပင်ခြင်းရာ၊ ဝါသုလကော၊ နှမတော်လျှင်၊ ပြန်ကာနောက်လှည့်၊ ရန်သူများစွာ၊ လာမလာကို၊ ခါခါကြည့်လေ၊ ဤနေ့ရောက်အောင်၊ ယဉ်ဆင်ပြောင်ကို၊ မောင်လျှင်မောင်းမည်၊ ဆိုတုံပေ၍၊ ပြည်ကောသမ္ဗီ၊ တိုင်းဌာနီက၊ ဥဒိန်ရာဇာ၊ ဆင်စီးရာမှာ၊ ဆရာတက္ကသိုလ်၊ အလိုလိုပင်၊ ဆင်ကိုလည်းစီး၊ တောမြိုင်ခွင်မှာ၊ ဆင်နှင့်ကြီးလို့၊ ဆင်ချေးတောင်ပင်၊ လက်ဝါးပြင်က၊ မစင်တတ်သေး၊ အသွားလျင်အောင်၊ ဆင်မောင်းနည်းကို၊ မေညည်းနှမ၊ ညှိုးကာပိန်၍၊ စိုးရိမ်နှောင်းကော၊ မကြောင့်ကြနှင့်၊ မောင်ကမောင်းမည်၊ ချစ်မိုးစွေကော၊ နှမကြည့်ငြား၊ များမဝေးပင်၊ ပါးနီးကျင်သော်၊ မြင်လျှင်ပြောဟု၊ စကားတိုင်ပင်၊ စီးတော်ဆင်ကို၊ လျင်စေကြောင်းနှင့်၊ မောင်းကာနှင်ရေ။

မောင်းကာနှင်ကော၊ ယခင်လူစွမ်း၊ ငခြေလျင်ဟု၊ ခေါ်တွင်ပြုကော၊ မင်းမှုထမ်းတို့၊ ဖမ်းမည်-ဆီးမည်၊ အားအံ့စိုက်၍၊ လိုက်တုံပေလည်း၊ ငွေနှင့်တွေ့လျှင်၊ ငြိနေကျင်လို့၊ မြင်တိုင်းကောက်ထွယ်၊ ငွေသပြာကို၊ ရှာမရမှ၊ လိုက်ကြလေသော်၊ နှမေဘတ္တာ၊ လိုက်လာသူလေ၊ ထိုလူများကို၊ မြင်သောခါ၌၊ မောင်တော်မင်းဖျား၊ မေတို့ပြည်က၊ ခြေလျင်သားတို့၊ လိုက်ငြားလာပြီ၊ သူတို့မီမည်၊ စိုးရိမ်လှပါ၊ ဆိုသောခါ၌၊ ဘတ္တာနှမ၊ ဝါသုလမှာ၊ ငွေစကိုသည်၊ ဝဲလက်ယာလေ၊ လမ်းမှာကျအောင်၊ ကြဲချလေဟု၊ ဆိုသည်ကာလ၊ ရတနာကို၊ ကြဲကာချကော၊ နောက်ကလိုက်သူ၊ ထိုငွေဖြူကို၊ မြင်မူစိတ်က၊ ငါတို့မှလေ၊ လူရွှေအိုးကို၊ အစိုးရဟု၊ မှတ်ကြတုံကျင်၊ တချို့လျှင်လေ၊ အထင်အရှား၊ ကောသမ္ဗီက၊ ဤမင်းသားသည်၊ ဘုရားဝမ်းပူ၊ ဆိုသောသူသာ၊ လူပင်စင်စစ်၊ ဖြစ်မည်မထင်၊ တချို့များတို့၊ ပြောတုံကျင်၍၊ သူလျှင်ငါရ၊ တောင်ငွေဖြူကို၊ ကောက်ယူကြလို့၊ နောက်ကျနေကျင်၊ ဤသို့နည်းဖြင့်၊ ပြေးကြကျင်၍၊ ဝေးခွင်ရပ်မြေ၊ ပြည်ကောသမ်လေ၊ နိုင်ငံကြီးနှင့်၊ နီးလတ်ပေသော်၊ လိုက်သည်လူများ၊ ကိုယ့်နိုင်ငံကို၊ ပြန်လို့သွားကော၊ မယားနှင့်လင်၊ ပျားနှင့်ယင်သို့၊ ကြင်ကြင်နာနာ၊ ထိုအခါမှ၊ လိုက်လာသူလျှင်၊ ကြည့်မမြင်ကော၊ ဆင်မနှင့်ပြေး၊ ရန်နှင့်ဝေးလျက်၊ ဘေးနှင့်လည်းကွာ၊ ဖြည်းသာသာဖြင့်၊ နှစ်ဖြာမောင်မေ၊ ချစ်ဖွယ်ပြောလို့၊ သွားကြလေကော၊ မြိုင်ခြေလမ်းတွင်၊ ပန်းများဖြင်ကို၊ ရှုမြင်လေတုံ၊ ယခုကြုံ၍၊ ပွင့်ပုံထူးဆန်း၊ ထိုသည်ပန်းကို၊ ခွဲခြမ်းသညာ၊ မောင်ဘုရားလျှင်၊ ပြောစမ်းပါဟု၊ မေးတော်မူက၊ ဝါသုလဆို၊ လှပြာညိုကော၊ ပျိုနှမစင်၊ ပန် လိုချင်ဟု၊ တောင်းကျင်တုံလတ်၊ ထိုသစ်ပင်တွင်၊ ဆင်နှင့်ကပ်၍၊ ရပ်ကာမောင်ညွတ်၊ နှမညိုကြိုင်၊ သဇင်ခိုင်ကို၊ ကိုင်ကာဆွတ်လို့၊ မင်းမြတ်လုလင်၊ မေ့ခေါင်းတွင်လေ၊ ပန်ဆင်ပြီးမှ၊ စီးတော်ဆင်နှင့်၊ လင်မယားတို့၊ သွားကြလေကော၊ ဝါသုလဘတ္တာ၊ နှုတ်ပျူငှာနှင့်၊ မောင်တော်မင်းလှ၊ စံဌာနေလေ၊ ရွှေပြည်မလျင်၊ ဘယ်မျှဝေးကွာ၊ မောင့်နန်းတော်ကို၊ ဘယ်ခါရောက်မည်၊ နှုတ်သံခြေဖြင့်၊ ရယ်တမြုံ့မြုံ့၊ တပြုံ့ပြုံ့ကော၊ ပတုံ့ပလေ၊ တဏှာသံနှင့်၊ ဟန်ယူနွဲ့လို့၊ ညာသက်ထားလေ၊ ဤတောထွက်လျှင်၊ ပြင်တစ်ပြင်ကို၊ ဆင်နှင့်လည်းလှမ်း၊ တောင်တစ်တောင်နှင့်၊ မြောင်ကိုသန်းကော၊ စမ်းအိုင်နားတွင်၊ ပန်းမြိုင်ခွင်မှာ၊ ကန်းကျင်ပင်ကောက်၊ လမ်းစခန်းကို၊ လှမ်းကာရောက်က၊ ထိုနောက်တစ်ချက်၊ တစ်တောဝင်လို့၊ တစ်ပြင်ထွက်လျှင်၊ လက်လက်အရောင်၊ မောင့်နန်းဆောင်က၊ ထွန်းပြောင်ပဝင်း၊ တထိန်ထိန်လေ၊ စိန်မှန်ကင်းကို၊ သက်နှင်းနှမေ၊ ထိုကာလမှ၊ မြင်ရမည်ဟု ဆိုလေသောခါ၊ စံဌာနေလေ၊ ရွှေပြည်ကျေးလျှင်၊ ဝေးသေးပါဟု၊ လိုရာစကား၊ မပီတစ်ခါ၊ ပီတစ်ခါလေ၊ ဆိုကာပြောလို့၊ နှစ်ပါးမကွာ၊ တောရိပ်မြိုင်က၊ ဆင်ယဉ်ကြီးကို၊ စီးကာလာလို့၊ အောင်ချာဌာနေ၊ ပြည်ကောသမ်လေ၊ နိုင်ငံကြီးနှင့်၊ နီးလတ်တေလေ။

နီးတုံလေကော၊ စောင့်နေတုံငြား၊ ကိုယ်တော်ရံလေ၊ မတ်ဝန်များတို့၊ မင်းဖျားမလာ၊ ကာလကြာဟု၊ ရှုမျှော်ကြည့်ကျင်၊ ဝေးခရီးက၊ ဆင်စီးမြင်သော်၊ တို့ရှင်မင်းလှ၊ လိုက်လေကျင်ကော၊ ဆင်ပြောင်ကြီးကို၊ ဖမ်းဆီးရဟု၊ စိတ်ကမှတ်ထွေ၊ ခရီးဆို၍၊ ကိုယ်တော်လှကို၊ ကြိုကြမည်ဟု၊ ဗိုလ်ခြေအလုံး၊ လိုက်လေကျင်သော်၊ ဆင်ကျောက်ကုန်း၌၊ ခပြုန်းခသွင်၊ နှစ်ယောက်မြင်ကော၊ အထင်ရခက်၊ တချို့လျှင်လေ၊ ထင်တုံချက်က၊ ဆင်ထက်မက၊ တို့ရှင်မှာလေ၊ ကြင်ရာရဟု၊ စိတ်ကထင်မှတ်၊ မတ်ဝန်ကြီးတို့၊ ပါးနီးဟပ်၍၊ ရံပတ်ပြီးခါ၊ ခရီးဝေးက၊ ထဲနန်းသာကို၊ ရောက်တော်မူက၊ ကြောင်းကုန်စင်ကို၊ သိချင်ရေးနှင့်၊ မေးလျှောက်ကြသော်၊ ဥဒိန္နရာဇာ၊ ရွှင်ဝမ်းသာလို့၊ ခြင်းရာစကား၊ မတ်ဝန်များစွာ၊ ကိုယ်ရံတော်ကို၊ ပြန်ကာပြောလို့၊ ကြားကြသောခါ၊ ဝမ်းပန်းသာ၍၊ ရာဇာဘုရင်၊ ငါတို့ရှင်သို့၊ သောင်းခွင်ဇမ္ဗူ၊ မြကျွန်းငူတွင်၊ ထီးဖြူဆောင်းခြင်း၊ ဘုန်းတော်ရောင်လေ၊ ပြောင်ရောင်ဝင်းလို့၊ နှစ်မင်းမရှိ၊ ငါတို့မှာလေ၊ ရာဇာဓိက၊ ဟတ္တိမန္တန်၊ လိုခြင်းဟန်ကြောင့်၊ ကြံဖန်ဖမ်းကြ၊ ငါတို့ရှင်ကို၊ လက်ဝယ်ရလည်း၊ ပစ္စေ့တမင်း၊ ဘုန်းချင်းတစ်ဖန်၊ နှုန်းမတန်ကော၊ အကြံဖျင်းနှင့်၊

ဆင်မင်းမန္တန်၊ ဂါထာပျံနှင့်၊ မတန်မထိုက်၊ တို့ပညာကို၊ တစ်ပါဒမျှ၊ မရလိုက်ဘဲ၊ ဖိုးထိုက်တုံပြီး၊ အသွားလျင်ကေ၊ ဆင်တစ်စီးနှင့်၊ သမီးကညာ၊ ရတနာရွှေငွေ၊ ပမာ ဆွေသော်၊ ဘူးရေသာခမ်း၊ ငါတို့ရှင်မှာ၊ သာရွှင်လမ်းလို့၊ နန်းကိုလည်းရောက်၊ ငါတို့မှာလေ၊ ရွှေကြာပန်းသို့၊ ဝမ်းလျှင်မြောက်ဟု၊ လက်ပမ်းပေါက်ခတ်၊ ပေါင်းစ လွယ်လေ၊ တင့်တယ်ခြင်းနှင့်၊ မင်းမှူးမတ်တို့၊ မြင့်မြတ်အောင်သည်၊ နန်းတော်တွင်း ကို၊ သွင်းကြမည်ဟု၊ အောင်စည်အမြောက်၊ ပွဲထင်ချောက်အောင်၊ ပစ်ဖောက်တုံပြီး၊ အောင်လံထူကေ၊ စစ်သူကြီးတို့၊ တီးမှုတ်ခြိမ်းညံ၊ ရန်သူဘောင်မှာ၊ အောင်သည်ရေး ကြောင့်၊ အောင်ပွဲခံ၍၊ အောင်သံကျူးကာ၊ ဝင်လေပါကေ၊ နန်းမှာလည်းရောက်၊ မိသာမာကို၊ ရွှင်ပျော်လန်းကေ၊ ဝမ်းလျှင်မြောက်လို့၊ တစ်ယောက်ကညာ၊ နောက်ကြင်ရာကို၊ သစ္စာမဖောက်၊ ဆန်းလှလေအောင်၊ နန်းမြဲညောင်လျှင်၊ တစ်ဆောင်ဆောက်လို့၊ ချီးမြှောက်ပြီးခါ၊ ရံငါးရာကေ၊ များစွာမောင်းမ၊ အပျိုတော် တို့၊ ရံကာခလို့၊ မဖွဲ့မဒေဝီ၊ မဟေသီဟု၊ ဘွဲ့ချီတုံရှောင်း၊ ပစ္စောတသည်းအူ၊ တစ်ပြည် သူလေ၊ ဖြူနွဲ့နှောင်းနှင့်၊ ပေါင်းသင်းဖော်သစ်၊ ဤသို့ဖြစ်၍၊ ချစ်ချစ်ခင်ခင်၊ ကြင်ကြင် နာနာ၊ သာသာကြည်ကြည်၊ ရယ်ရယ်ပြုံးပြုံး၊ မယားလင်တို့၊ ရွှင်နှလုံးဖြင့်၊ ရွှေဘုန်း တော်ပြောင်၊ ဆင်းကိုယ်ရောင်ဖြင့်၊ တောင်နှင့်မြောက်က၊ နှစ်ယောက်မောင်မှာ၊ ဘုံဆောင်နန်းလယ်၊ ချမ်းသာစွာလေ၊ စံပျော်မြန်းကေ၊ တစ်ခန်းနေရေ။

# မိဘ ဘိုးဘွား–ဆွေမျိုး စုနှစ်ဆက်ကာစ၍ နာမသညီ– မာဂဏ္ဍီတို့၏ အခန်း

တစ်ခန်းနေကေ၊ ဤသည်နိဒါန်း၊ ပြည်ကောသမ္ဗီ၊ မင်းဥဒိန်လေ၊ ဤအခန်း၌၊ ရွှေနန်းသခင်၊ ယာဉ်ငါးမျိုးကို၊ စိုးမိုးကျင်ကေ၊ ဘုရင်စန္ဒ၊ ပစ္စောတမှာ၊ ကိုယ်ကဖြစ် ပွား၊ ကိုယ့်သွေးသားဟု၊ သည်းကြားရင်သွေး၊ ချစ်မငြီးကေ၊ သမီးတော်လှ၊ မိုးနတ် သူဇာ ပုံပမာသို့၊ ဝါသုလကို၊ မွေးစကပင်၊ မိဖခင်တို့၊ ကျင်ငယ်ကျင်ကြီး၊ သူတို့ကိုယ် က၊ ယိုကာစီးလို့၊ နုပ်ချေးလိမ်းကျံ၊ တရှုတ်ရှုတ်နှင့်၊ စက်ဆုပ်ရွံ့အောင်၊ ညှီနံ့တုံလိုက်၊ ဤသိုဖြစ်လည်း၊ အညစ်အကြေး၊ အတန်တန်ကို၊ ခံကာမွေးလို့၊ ကြီးခဲ့သောခါ၊ သမီး တော်ဟု၊ ရတနာစိန်ကျောက်၊ ထိန်ထိန်တောက်အောင်၊ လက်ကောက်လက်ကြပ်၊ မိခင်ဖခင်၊ အလှမြင်အောင်၊ ဆင်ယင်ဝတ်လို့၊ အမြတ်တနိုး၊ လစ်မညိုးအောင်၊ စိုက်ပျိုးပန်းပင်၊ ပုံအသွင်သို့၊ သန့်စင်ချေးသေး၊ အရွယ်ရောက်လို့၊ မြောက်ကာကြီး ကေ၊ သမီးရတနာ၊ ဖြစ်တုံပါလည်း၊ တစ်ခါရံထူး၊ ငယ်ကပင်လျှင်၊ မမြင်ဖူးဘဲ၊ မြူး ထူးစိတ်တွင်၊ ကောသမ္ဗီက၊ ဥဒိန္နကို၊ ခဏမြင်သော်၊ မိခင်မွေးဖ၊ တွေးရှုဆင်ခြင်၊ ကျေးဇူးအင်ကို၊ မမြင်ခဘဲ၊ မွေးဖရန်သူ၊ ရွှေငွေသိန်းသန်း၊ ကုန်ကာခန်းအောင်၊ ဖမ်းဆီးယူသည်၊ လူတစ်ပြည်သား၊ တစ်ပိုင်စံကေ၊ နိုင်ငံခြားကို၊ လင်သားပြုဖွယ်၊ မိဖခင်ကို၊ ရှင်ရှင်ပစ်လို့၊ လိုက်တုံလေကေ၊ ဤသည် ဤထုံး၊ ဤနိဂုံးကို၊ နှလုံးသွင်း ကာ၊ လူတကာတို့၊ လိမ္မာကြစေ၊ ယခုဝယ်က၊ ရွှေပြည်စိုးရ၊ တန်းခိုးပသည်၊ ဥဒိန္န မင်းသား၊ ကဗျာသံဖြင့်၊ ကာရန်စပ်ကို၊ ဖြတ်ကာထားလို့၊ စကားဆင်ခြင်၊ ရှေးထုံးမှီ ၍၊ ကုံးသီမပျက်၊ မာဂဏ္ဍီကို၊ စီကာဆန်းကေ၊ တစ်ခန်းဆက်မည်၊ အထက်အာကာ၊အ ဝန်းကိုးရာ၊ ဟိုးဟိုးကျော်လို့၊ ခေါ်ဝေါ်ကြသည်၊ မဖွဲ့မတိုက်၊ မြေချာဥဂ္ဂင်၊ ခုတိုင်တွင် လို့၊ အဝင်ဖြစ်သား၊ ဂုရုရာဇ်တိုင်း၊ တဆိုင်းဆိုင်းဖြင့်၊ သမိုင်းနာမ၊ မှိုင်းညိုညိုနှင့်၊ထို ဌာန၌၊ ကမ္မသခေါ်၊ နိဂုံးရွာတွင်၊ မာဂဏ္ဍီလှ၊ ပညာဂုဏ်နှင့်၊ ပုဏ္ဏေးမမှာ၊ လင်က တစ်လီ၊ မာဂဏ္ဍီကေ၊ ညီလည်းတစ်ဝ၊ မာဂဏ္ဍီပင်၊ သညီရလို့၊ အလှစံသီး၊ ရှုမငြီး သည်၊ သမီးမာဂဏ္ဍီ၊ သုသက်ဝီမှာ၊ ဂေါ်ရီကကျူး၊ ငါးအင်္ဂါလျှင်၊ အတော်အတန်၊ သုသဏ္ဍာန်သည်၊ ဟန်ပန်လည်းရ၊ ဣတ္ထိယကေ၊ မိန်းမကညာ၊ မူအရာဖြင့်၊ မျက်နှာ သိမ်မွေ့၊ဆံကေသာမှာ၊ ဆီမလိမ်းဘဲ၊ စိမ်းလဲ့လဲ့နှင့်၊ အကြည့်အရှု၊ အနုအချော၊ အပြော အရယ်၊အနေအထိုင်၊ အယဉ်အကျေး၊ မာဂဏ္ဍီကို၊ ပန်းချီရေးသို့၊ ဆယ့်လေးငါးနှစ်၊

သက္ကရာဇ်မှာ၊ တွက်စစ်ဝင်သွယ်၊ ကုမ္ဘရီလေ၊ စုံညီရောက်ကေ၊ မြောက်တော့သည်လေ။

မြောက်တော့သည်လေ၊ အရွယ်နုသီး ရှုမငြီးကေ၊ မကြီးမငယ်၊ ကျက်သရေနှင့်၊ တင့်တယ်စုံလင်၊ လှသည်မြင်ကေ၊ လိုချင်ကြငြား၊ သူဌေးဟူကေ၊ သူကြွယ်များတို့၊ ဆိုပြောကြကျင်၊ သူ့သမီးကြောင့်၊ စိတ်ကြီးဝင်၍၊ ဖခင်ပုဏ္ဏား၊ သူ့သဘောမှာ၊ နုချောလှသီး၊ ငါ့သမီးကို၊ ဇနီးကြင်ရာ၊ အပ်နှင်းဌာလျှင်၊ မဟာစက္ကဝတ်၊ လေးဒီပါကို၊ အာဏာခြင်းကေ၊ မင်းမန္ဓာတ်မှ၊ နှင်းအပ်တောင်ညာ၊ ထိုက်တန်ရာဟု၊ စိတ်မှာမှတ်ထင်၊ သို့ခြင်းအင်ကြောင့်၊ အကြင်လူများ၊ ထိမ်းမြားလိုဟု၊ ပြောဆိုငြားလည်း၊ စကားဆက်ဆံ၊ လက်မခံဘဲ၊ ပယ်ကန်ငြင်းခုံ၊ သို့ဖြစ်တုံ၍၊ တစ်စုံတစ်ယောက်၊ မရောက်ပေါက်ဘဲ၊ တစ်ယောက်သမီး၊ သက်အရွယ်လျှင်၊ နှစ်ဆယ်နီးမျှ၊ ကြီးရင့်နေရာ၊ ထိုအခါ၌၊ ပြည်တော်ဌာနီ၊ ကောသမ္ဗီတွင်၊ စည်းစိမ်ချမ်းသာ၊ ပြည့်စုံစွာဖြင့်၊ ပဝါရိက၊ ကက္ကုဋနှင့်၊ ယောသကတွင်မြောက်၊ ရှေးကပြုဖန်၊ ကုသိုလ်ကံကြောင့်၊ ကြံတိုင်းမြောက်ကေ၊ သုံးယောက်သူဌေး၊ သံသရာမှာ၊ နောင်ခါဘေးကို၊ ထောက်တွေးမျှော်ရှု၊ ကုသလံကို၊ စီမံပြု၍၊ ကောင်းမှုတိုးပွား၊ အကျိုးများအောင်၊ ဘုရားသတင်း၊ အကြောင်းရင်းကို၊ ကောင်းခြင်းစကား၊ သူတို့ဆရာ၊ ရသေ့ကျော်ကို၊ ဖော်ကာ ပြော၍၊ ကြားကာလည်းသိ၊ ပြည်အောင်ချာလေ၊ သာဝတ္ထိမှာ၊ မုနိမြတ်စွာ၊ စိန္တေယျာကို၊ သွားကာပင့်ကြ၊ အခွင့်ရသော်၊ ကျောင်းဝိဟာကို၊ ကောင်းစွာအံ့လောက်၊ တစ်ကျောင်းစီလေ၊ အညီဆောက်လို့၊ ပြီးမြောက်သောခါ၊ ရွှေပြည်မကို၊ ချီကြွသောခါ၊ မြတ်ဇိန္နော်လျှင်၊ ဉာဏ်တော်၌တွင်၊ မာဂဏ္ဍီယ၊ ထိုပုဏ္ဏကို၊ ဒိဋ္ဌမြင်သော်၊ ရှင်ပင်ဗုဒ္ဓ၊ သွားမြဲတန်းတွင်၊ လမ်းလွှဲကြွသော်၊ ပုဏ္ဏမယား၊ သူ့အိမ်ရှင်လေ၊ လင်ယောကျ်ားကို၊ စကားချုပ်ချယ်၊ ပြောလတ်သည်ကား၊ တည်ထောင်မချ၊ သားမိန်းမအား၊ ရင့်ရော်လေအောင်၊ မြင့်ရှည်ထားက၊ မောင်ဖားမိဘ၊ ဣန္ဒြေလေ၊ မတည်ပျက်ကေ၊ အရှက်ရဟု၊ လောကစကား၊ ပြောသံများကို၊ စဉ်းစားဆင်ခြင်၊ စေ့စေ့တွေးလို့၊ ကြီးအောင်ထားဟု၊ ပြောဟောတုံကျင်၊ အပြစ်တင်ကေ၊ လင်ပုဏ္ဏားကြီး၊ သို့တပြီးက၊ သမီးလင်လျာ၊ သမက်တော်ကို၊ ငါလျှင်မနေ၊ ယနေ့တွေ့အောင်၊ ရှာခဲ့မည်ဟု၊ သွားသည်ကာလ၊ ဗုဒ္ဓမြတ်စွာ၊ ရွှေကိုယ်တော်လေ၊ တစ်ကာယတည်း၊ ကြွ၍လည်းလာ၊ ပုဏ္ဏကျော်လေ၊ ရွာကလှည့်လို့၊ တွေ့လေပါကေ၊ ရောင်ဝါခြောက်သွယ်၊ ကျက်သရေနှင့်၊ တင့်တယ်ဂုဏ်အင်၊ ရူပါရုံလေ၊ ပြည့်စုံလှလို့၊ ပုဏ္ဏမြင်ကေ၊ သာရှင်ဝမ်းမြောက်၊ ဝမ်းသာသောလေ။

# ပုဏ္ဏားလင်မယား မြတ်စွာဘုရားထံ အကျွတ်တရားရသော ကြောင့် သမီးလှ မာဂန္ဒီကို ဦးပုဏ္ဏားအား အပ်ကြ၍ ဥဒေန္နမင်းမြတ်အား နှင်းအပ်ခန်း

ဝမ်းမြောက်မယေသာရှင်၊ ထိုပုဏ္ဏားလျှင်၊ ကြံရကျင်၍၊ အသင်ယောကျ်ား၊ ကျွန့်ရင်သွေးကေ၊ သမီးချောနှင့်၊ ထိမ်းမြားဆက်ဆံ၊ ထိုက်ခြင်းဟန်ကြောင့်၊ အကျွန်ခုဝယ်၊ သမီးဖြူ၏၊ ရုပ်ရူပကို၊ ယူပြမည်လေ၊ ဤသည်အခါ၊ ဤနေရာမှာ၊ နေပါတုံလိုက်၊ ပုဏ္ဏားအိုမှာ၊ ထိုချက်ချင်းပင်၊ ခြေပြင်းတိုက်လို့၊ ဆိုက်ရောက်ကိုယ့်အိမ်၊ မာဂဏ္ဍီကို၊ စုံညီတန်ဆာ၊ လှစေချင်၍၊ မြင်မငြီးအောင်၊ ဆင်ပြီးခါမှ၊ မာတာပီတ၊ သမီးလှကို၊ မိဘမျိုးဆွေ၊ ကြင်စရာလေ၊ လင်လျာရသည်၊ ပြခဲ့မည်ဟု၊ သွားလေသောခါ၊ ရပ်ရွာသားကေ၊ လူများစွာတို့၊ မာဂဏ္ဍီယ၊ တို့ဌာနမှာ၊ နာမတွင်ပြီး၊ သမီးပျို ကြောင့်၊ ဂုဏ်ကိုပြကေ၊ ပုဏ္ဏားကြီးမှာ၊ သမီးလင်လျာ၊ သမက်ရှာသည်၊ မြင့်ကြာပြီးမှ၊ ယခုရကေ၊ သာမညလူ၊ မကမူ၍၊ သူသူငါငါ၊ လူတကာသို့၊ သုံညာကာရ၊ ပုရိသလျှင်၊ ရှိကြတော့မည်၊ ဧကဝုစ်ကေ၊ မဟုတ်ချေဟု၊ ရုပ်ရည်ရူပ၊ ဘယ်မျှလှဟု၊ ကြည့်ကြတော့မည်၊ ရပ်ရွာသူလေ၊ လူအများလည်း၊ လိုက်သွားလေကေ၊ ထိုသည်အခါ၊ စိန္တေယျာလျှင်၊ ခြေရာတော်သည်၊ မိဋ္ဌာန်ချလို့၊ ကြွတုံလေကေ၊ ထိုသည်ပုဏ္ဏား၊ ထိုနေရာမှ၊ ရှာမရလို့၊ မယားကလျှင်၊ မေးလေကျင် ကေ၊ လင်မာဂဏ္ဍီ၊ တစီစီဖြင့်၊ ဤနေရာတွင်၊ မိုးနတ်ဟန်သို့၊ မှန်စင် စစ်ကေ၊ နေလိုက်ကျင်လျက်၊နင်လျှင်မှန်စွာ၊ မြန်မလာဘဲ၊ ကြန့်ကြာ နှောင်နှေး၊ နေတုံပေကေ၊ သည်အရေးကြောင့်၊ ယဉ်ကျေး ရုပ်သွင်၊ ထိုလုလင်လျှင်၊ ဘယ်တွင်သွားသည်၊ ခြင်းဇာတိကို၊ မသိချေဟု၊ ရှာဖွေလေလျှင်၊ ခြေရာမြင်သော်၊ ခုပင်ပကတိ၊ နင်မယုံသော်၊ ကြည့် လှည့်ခေါ်လို့၊ ခြေရာ ရှိဟု၊ သိသိသာသာ၊ ပြလေပါကေ၊ ကြင်ရာမယား၊ စေ့အစုံလေ၊ ကြည့်တုံငြားက၊ ဘုရားခြေရာ၊ ရာရှစ်ကွက်ကေ၊ စက်ပါဒါကို၊ လက္ခဏာစုံလင်၊ကုန် အစင်လျှင်၊ သိမြင်လေကေ၊ ထိုခါတုံလေ၊ ပုဏ္ဏေးမမှာ၊ ပုဏ္ဏားကိုလျှင်၊ အပြစ်တင်လို့၊ ငါ့လင်အသွတ်၊ ကျမ်းဗေဒင်ကို၊ သင်တုံဘိလည်း၊ မသိတတ်ဘဲ၊ တန့်ရပ်နေရှာ၊ ဤခြေရာက၊ ယရာဝါသ၊ မှုကိစ္စကို၊ စိတ်ကမတပ်၊ တဏှာဟူသည်၊ ဆာပူခြင်းမှ၊ ရှင်းရှင်းလွတ်ကေ၊ ပရမတ်ထွတ်ဖျား၊ မြတ်ဘုရား၏၊ ဖဝါးခြေရာ၊ ဖြစ်တုံပါ၍၊

သမ္မာသမ္ဗောဓိ၊ နှုန်းတုမမြင်၊ သုံးလူ့ရှင်ကို၊ သင်မြင်တွေ့လည်း၊ မသိတုံကျင်၊ စိတ်ပေါ်လွင်လို့၊ အသွင်ထူးကော၊ ရှုးသည်ထင်ဟု၊ လင်ကိုပြောခါ၊ မျှားလူရှင်ကို၊ မြင်သည်တွက် ကြောင့်၊ ရှက်လှပါ၍၊ နင်သာငါ့ထက်၊ မိန်းမပျက်မှာ၊ ဆတွက်သိတတ်၊ ဤသို့ဆို၍၊ ကျောကိုသပ်က၊ ထက်ကြပ်မကွာ၊ အတူပါကော၊ ရပ်ရွာလူများ၊ ဝဲယာကိုင်ပျာ၊ ဖြေဖျဉ်ထားက၊ ဘုရားမြတ်စွာ၊ စောထွတ်ချာလျှင်၊ သံဃာဝန်းရံ၊ ဆွမ်းတော်ခံကော၊ ပြန်လာတုံ၍၊ ထိုနေရာမှာ၊ ကြုံကာတွေ့ကော၊ရှုကြည့်မြင်တော်မူ၏တည်းလေ။

ရှုကြည့်မြင်ကော၊ လင်ပုဏ္ဏားသွန်း၊ မယားကိုလေ၊ ဆိုကာဟောက်၍၊ ငေါက်ကာငမ်းလျက်၊ ရဟန်းဤရှင်၊ ဤသခင်ပင်၊ ငါမြင်လိုက်သူ၊ သို့ဖြစ်မူ၍၊ သည်းအူနှသီး၊ ကျွန့်သမီးလည်း၊ ကျွန်းကြီးဇမ္ဗူ၊ တစ်သောင်းငူတွင်၊ ဘယ်သူကမျှ၊ ရှုပကနှင့်၊ မိန်းမရတနာ၊ ဖြစ်ခြင်းရာကြောင့်၊ ဆင်းဝါတူငြား၊ အရှင်အားသာ၊ ထိမ်းမြားတော်မူ၊ သိမ်းကာယူဟု၊ သည်းအူမိန်းမ၊ သမီးလှကို၊ ပြကာအပ်ကျင်၊ မြတ်ရှင်ပင်လျှင်၊လင်နှင့်မယား၊ နှစ်ယောက်စုံလေ၊ သူတို့အားကို၊ တရားဒေသနာ၊ ဟောသည်မှာကား၊ တဏှာလောဘ၊ အာသဝေါကော၊ ကာမောဃနှင့်၊ မောဟမြူမှောင်၊ ဘုံသုံးမည်လေ၊ သုံးဆယ့်တစ်ဟု၊ အမိုက်ထောင်က၊ ခွာရှောင်ထွက်ငြား၊ ဘဂဝါလေ၊ ငါဘုရားလျှင်၊ သားလှရတနာ၊ ရာဟုလာနှင့်၊ ကြင်ရာတစ်ဦး၊ နတ်ကညာသို့၊ ယသော်မှူးလျှင်၊ အထူးပင်လှ၊ သားစားကြူးသည်၊ ဘီလူးမသို့၊ စိတ်ကထင်မှတ်၊ မကြင်မနာ၊ မတွယ်တာကော၊ ငါစွန့်လွှတ်လို့၊ မာရ်နတ်မင်းကြီး၊ ရှုမငြီးကော၊ သမီးတော်လှ၊ မိုးဒေဝီလေ၊ ညီအစ်မဟု၊ လှပဆင်းဝါ၊ ထက်ဘုံရပ်က၊ နတ်ကညာတို့၊ တဏှာဒေဝီ၊ ရာဂီရာဂျာ၊ ငါဘုရားကို၊ ပြောဆိုလှာ၍၊ မာယာပရိယာယ်၊ အသွယ်သွယ်ဖြင့်၊ ပြုံးရယ်ချောမော၊ နတ်သမီးပင်၊ ဖြစ်ပြီးငြားလည်း၊ နှစ်ပါးလျက်ဆုံ၊ မြူးပျော်လှုံကော၊ မေထုန်အမှု၊ ရွံ့ဖွယ်စရာ၊ ညွန်တဏှာကို၊ ငါမပြုကော၊ ယခုခါလျှင်၊ အမှုအင်မှာ၊ သင်ပုဏ္ဏားကြီး၊ သင့်ရင်သွီးထက်၊ နတ်သမီးပင်ဖြစ်ပြီးကျင်လည်း၊ အမြင်ကဆိုး၊ ပမာတင်သော်၊ မစင်အိုးသို့၊ နှစ်မျိုး စုံမက်၊ နှစ်သက်စရာ၊ စုံတစိမျှ၊ မရှိပါလေ၊ မျက်နှာပါးပြင်၊ အသားမျှင်နှင့်၊ ကြောခြင်ခြေလက်၊ စည်မပျက်ကော၊ လည်ဆက်မိတ်ပါး၊ ရင်ခါးပုခုံး၊ ကာယဆိုကော၊ တစ်ကိုယ်လုံးတွင်၊ အသုံးကျစရာ၊ ဉာဏ်မျက်စိဖြင့်၊ တွေ့အောင်ရှာသော်၊ ခြင်းရာပေါင်းစု၊ အပုပ်အစပ်၊ စက်ဆုပ်အပ်သည့်၊ တို့ရုပ်ဝတ္ထု၊ နှစ်ခုသုံးဆယ်၊ ဖိုးထိုက်မထိုက်၊ ကျိုးအပြစ်ကို၊ စိစစ်ချေသော်၊ အရေတစ်မျိုး၊ မသတီအောင်၊ ညီပုပ်သိုးကော၊ အရိုးအကြော၊ အသားအသွေး၊ အသည်းအဆုတ်၊ အပုပ်အစပ်၊ အထပ်ထပ်တိ၊ ချွေးနှပ်တံတွေး၊ ကတိုးအဟာန်၊ ဖိုးမတန်ကော၊ ဆံအမွှေးနှင့်၊ ပြည်သွေးမစင်၊ ထဲဝမ်းတွင်၌၊ ကြေးနှင့်ဆီကြည်၊ ထွက်ကာစွယ်ကော၊ မျက်ရည်ဦးနှောက်၊ ကျောက်ဟာဒယ၊ ပိတ္တသည်းခြေ၊ အူခွေအူမ၊ စသည်ပေါင်းစု၊ အဋ္ဌကလာပ်၊ သဟဇာတ်ကော၊ ဓာတ်လေးခုဟု၊ ဝတ္ထုအပြင်၊ သင့်ရင်သွေးကော၊ သမီးတွင်၌၊ ချစ်ခင်စရာ၊ သူ့ခန္ဓာမှာ၊ ရှိပါသလော၊ ဘဂဝါဗုဒ္ဓါ၊ အာလုပ်တော်က၊ ထုတ်ဖော်ဟောကော၊ တရားသံချို၊ အေးအေးတည်းလေ။

သံချိုမယေအေးအေး၊ လှပျိုစင်လေ၊ သင့်ရင်သွေးမှာ၊ သုံးဆယ့်နှစ်ဖြာ၊ ပေါင်းကာစပ်ကော၊ ဒွတ္တိံသာတွင်၊ ကေသာအစ၊ မုတ္တာအဆုံး၊ ဝတ္ထုကြီးငယ်၊ အသွယ်သွယ်ကို၊ ရွေးချယ်သုံးက၊ မုန်းစရာပင်၊ ဝတ်အထည်နှင့်၊ ကာကွယ်ရုန်းလို့၊ မဖုံးကျင်သော်၊ အမြင်ရခက်၊ ကာယဆိုကော၊ တစ်ကိုယ်လုံးကို၊ သိမ်းရုံးတွက်က၊ အထက်လည်ချောင်း၊ အောက်ဌာနတွင်၊ ဒွါရကြောင်းနှင့်၊ ဇင်းစပ်ကြား၊ ပြောင်းစပါးကို၊ ဆာလားအိတ်တွင်၊ သွင်းကာနှိပ်ကော၊ သိပ်ထားသွင်သို့၊ ဆင်ခြင်စေ့စေ့၊ ကိုယ်ဖြစ်ဟန်ကို၊ ဉာဏ်မျက်စိနှင့်၊ သိအောင်ကြည့်လေ၊ သင်၏သမီး၊ ချစ်မငြီးကော၊ စံသီးရုပ၊ ဖိုးထိုက်ဖိုးတန်၊ မိုးနတ်ဟန်သို့၊ အလွန်လှလည်း၊ ညကစွန့်ကျင်၊ ပွားမစင်သို့၊ ထင်တုံတော့သည်၊ သို့ဖြစ်ပေ၍၊ ခြေနှင့်တွေ့ထိ၊ တို့ခြင်းငှာလေ၊ ငါမရှိဟု၊ မုနိရှင်စော၊ သုံးဆယ့်နှစ်ဖြာ၊ ဒွတ္တိံသာကို၊ ထုတ်ဖော်ဟော၍၊ လေးပါးသစ္စာ၊ ပြသောခါ၌၊ အနာဂါမိ၊ မဂ်တွင်ခိုကော၊ ဖိုလ်မှာထိလို့၊ ဝိစိကိစ္ဆာ၊ မရှိပါဘဲ၊ မာဂဏ္ဍီယ၊ အမည်ရကော၊ ပုဏ္ဏားလင်မယား၊ ထင်အရှားဖြင့်၊ တရားမြတ်သိ၊ ပရိသတ်များစွာ၊ တရားနာတို့၊ သမာဓိနှင့်၊ မိမိဇာဂိ၊ ပါရမီလေ၊ ဝသီအလိုက်၊ ဤအခိုက်၌၊ ထိုက်ရာလျော်ရာ၊ အကြင်သူလေ၊ လူနှင့်နတ်တို့၊ ကျွတ်ကြပါရေ၊ မာဂဏ္ဍီဆို၊ ပုဏ္ဏားကြီးမှာ၊ သမီးပျိုအား၊ ညီကိုအပ် နှံ၊ မြတ်ဗုဒ္ဓကော၊ လူ့ဘဝထံ၌၊ နိဗ္ဗာန်ရည်မှန်း၊ သာသနာတွင်၊ လျှော်သက်န်းနှင့်၊ ရဟန်းပြုဖွယ်၊ ဘပုဏ္ဏားတို့၊ နေကြလေကော၊ သက်ဝေရင်သွေး၊ ထိုသမီးလျှင်၊ ဘထွေးနှင့်သည်၊ ကျန်လိုက်ကေကော၊ ကြံစည်စိတ်က၊ ငါ့ကိုပင်လေ၊ မစင်အိုးနှင့်၊ ကျိုးရှုတ်ချလို့၊ ဗုဒ္ဓဘုရား၊ ငါမလိုဟု၊ ဆိုမပြောဘဲ၊ ခြေဖျားထိုး၍၊ တို့မကြည့်ဟု၊ ကျိုးမဲ့စကား၊ မနာလိုဘဲ၊ ငါ့ကိုပြောကော၊ လင်သားလှပ၊ မကြာခင်လေ၊ ငါလျှင်ရမှ၊ ဒုက္ခဖိစီး၊ ဤရှင်ကြီးကို၊ ပျက်စီးလောက်အောင်၊ ထိုနောက်နောင်၌၊ ကြံဆောင်တော့မည်၊ မှတ်နေလေကော၊ မြင့်ရှည်မကြာ၊ တစ်ရံခါ၌၊ ရာဇာမင်းလှ၊ ကောသမ္ဗီတွင်၊ ဥဒိန္နကို၊ ညွှတ်ခရိုသေ၊ ဘပုဏ္ဏားလျှင်၊ ဆက်သပေကော၊ အလယ်နန်းမ၊ နှင်းပြီးမှလျှင်၊ စူဠမဟေသီ၊ ဘွဲ့ထူးချီလို့၊ ဥဒိန်မင်းသား၊ ရံငါးရာလေ၊ အပ်ကာထားလို့၊ မိဖုရားသုံးဖော်၊ ကြင်ရာတော်နှင့်၊ မွေ့လျော်ပြီးထွယ်၊ နန်းသုံးဆောင်လေ၊ ပြောင်ပြောင်ထွန်းလို့၊ စံမြန်းနေရေ။

စံမြန်းနေကေ၊ ဤဝယ်တစ်ခန်း၊ ဖြတ်ရပ်တန့်လို့၊ ဆန့်ကာတစ်ရပ်၊ ယခုအခါ၊ ဤကဗျာမှာ၊ အနာဂတ်ဖြင့်၊ စပ်ဟပ်ကုံးစီ၊ မာဂန္ဒီဟု၊ သံထည်ပုဒ်မ၊ ကြောင်းခြင်းရာကို၊ ဖော်ကာပြမည်၊ ဗုဒ္ဓပရမေ၊ ထိုနောက်ဝယ်၌၊ ပြည်ကောသမ္ဗီ၊ တိုင်းဌာနီသို့၊ ကြွချီတုံမြောက်၊ မြတ်ဘုန်းမော်ကေ၊ ကိုယ်တော်ရောက်က၊ သုံးယောက်သူဌေး၊ လွှန်မြတ်လေးလို့၊ အရေးတကြီး၊ ခရီးဝေးက၊ ဆီး၍ကြိုဆို၊ မြတ်ပုဂ္ဂိုလ်နှင့်၊ ထိုထို သံဃာ၊ အရိယာကို၊ ပင့်ကာဆောင်မြောက်၊ သဒ္ဓါကြည်ဖြူ၊ သူဌေးဟူကေ၊ လူသုံးယောက်တို့၊ ဆောက်လုပ်ပြီးစီး၊ ကောက်ချီးခေါ်၍၊ ကျောင်းတော်ကြီးကို၊ သီးသီးသွယ်သွယ်၊ ပူဇေယဖြင့်၊ လှူကြပေ၍၊ လှည့်လည်ဆွမ်းကျွေး၊ မြို့ရွာသူကေ၊ လူခပင်းလည်း၊ ပေါင်းစည်းအတူ၊ ဆွမ်းတော်ဖြူနှင့်၊ အလှူမကင်း၊ လူခပင်းတို့၊ သတင်းမကွာ၊ ပြည်နိဗ္ဗာန်ကို၊ စိတ်ကြံဆလို့၊ နေကြခါဝယ်၊ မာဂန္ဒီယုတ်၊ ကြွတ္တိယကေ၊ မိန်းမပုပ်က၊ အနုတ္တရ၊ သုဂတဟု၊ ဗုဒ္ဓဘုရား၊ ထိုမြို့ရွာ၌၊ ရောက်ပါခြင်းကို၊ သတင်း ကြားက၊ ဂေါတမရှင်ကြီး၊ ငါ့ကိုတကယ်၊ ကြွန္ဓေလေ၊ မတည်ပျက်အောင်၊ ဖျက်ကာ ဆီးလို့၊ ရေစီးတစ်ခါ၊ ရေသာတစ်လှည့်၊ ခုတစ်မူလေ၊ ကြံရပြန်ကေ၊ ငါ့အလှည့်လေ၊ မမေ့ပါနိုင်၊ မရွှေ့ရည်သို့၊ ယနေ့တိုင်နာ၊ သို့ခြင်းရာကြောင့်၊ ဥပမာ-ဥပမေ၊ ထုတ်တုံ ပေသော်၊ ပျံသည့်ငှက်ခါး၊ နောက်တစ်ခါလေ၊ ရောက်ကာနားမှ၊ မြားနှင့်ပစ်ချ၊ ပမာနသို့၊ ငါကတကယ်၊ ယခုချက်မှာ၊ နှိပ်စက်မည်ဟု၊ မှတ်ရည်တုံငြား၊ သူ့ခြွေရံလေ၊ ကျေးကျွန်များနှင့်၊ ကြံငြားတုံလိုက်၊ မြို့ရွာပြည်မှာ၊ သေသောက်ကြူးဟု၊ မူးကာယစ် ကေ၊ လူမိုက်လူကြမ်း၊ လူသရမ်းနှင့်၊ လူသွမ်းလူနုတ်၊ လူတကာတွင်၊ သာ၍ယုတ်ကေ၊ လူပုတ်လူဆိုး၊ အမျိုးမျိုးလျှင်၊ ကြိုးထိုးဘိန်းသောက်၊ လေးပါးအပါယ်၊ ငရဲပြည်မှာ၊ နေအိမ်အောက်ကေ၊ ရှက်ကြောက်မရှိ၊ ကောင်းကျိုးမလို၊ ဆိုးမည်ဆိုကေ၊ မိုးကိုထိလို့၊ မသိမလိမ္မာ၊ အယူမှားကေ၊ လူများစွာကို၊ ဥစ္စာကြေးငွေ၊ ပေးတုံပေ၍၊ စေကာခိုင်း လွှတ်၊ ဆရတ်ခရေ၊ ငါ့တိုင်းပြည်က၊ ရွှင့်စေမှတ်လို့၊ မအပ်မရာ၊ ကြံလေပါကေ၊ မုနိရတနာ၊ အရိယာလေ၊ သံဃာများနှင့်၊ ကြွသွားတုံကျင်၊ ဆွမ်းခံဝင်ကေ၊ ယခင်လူ မျိုး၊ ငရဲအိုးကေ၊ လူဆိုးအလဇ္ဇီ၊ ငဒုဿီတို့၊ နေအိမ်ဈေးနှာ၊ သွားလာသူလေ၊ မထူ ထပ်ဘဲ၊ လူပြတ်ရာက၊ ခိုကာနေ၍၊ အကျိုးမဲ့အောင်၊ ကဲ့ရဲဆဲဆို၊ အိုးနားတိုနှင့်၊ မြို့ကိုလည်းငြား၊ နေတိုင်းလာပျာ၊ တောင်းကာစားကေ၊ ယောက်ျားအဆွေး၊ လူချင်းမ တူ၊ အကင်းယူ၍၊ လူအဖျင်းကေ၊ ငပျင်းကြီးတို့၊ ထီးထီးမားမား၊ လူတိုင်းအိမ်ကို၊ ကိုယ်စီသွားလို့၊ အစားတစ်သပိတ်၊ လည်ကိုညိတ်ကေ၊ အအိပ်ညဥ့်လုံး၊တမင်းဖြုန်း ကေ၊ ခေါင်းတုံးထိပ်ပြောင်၊ လူအပေါ်မှာ၊ သူတော်ယောင်သို့၊ ကြောင်သီတင်းသုံး၊အ ဖျင်းဆုံးတို့၊ အုန်းရည်ထန်းရည်၊ တစ်ခပ်တစ်ကျည်၊ ငါတို့ညှဉ်းမည်၊ သောက်ကြည့် လေလော၊ မစင်ကိုမူ၊ ငါတို့လှူကေ၊ ယူမည်လောလေ၊ မယားမရ၊ သားမရကေ၊ဘဝ လည်းဆုံး၊ ခေါင်းလည်းတုံးလို့၊ အသုံးမဝင်၊ အကြင်သူတို့၊ ဇမ္ဗူတိုက်တွင်၊ လူဖြစ်ကျင် လျက်၊ ဇာပင်မသိ၊ ဘိန်းဘင်းရှုလို့၊ ကွမ်းဗုံခြောက်ပင်၊ မသောက်မိဟု၊ ပစိကိုက်ပြ၊ တချို့ကလည်း၊ အုတ်ခဲနှင့်ဝဲ၊ ဤသို့နည်းဖြင့်၊ဆဲရေးတိုင်းထွာ၊လေ၏တည်းလေ။

ဆဲရေးမယေတိုင်းထွာ၊ ထိုအခါ၌၊ အာနန္ဒာမည်၊ ကိလေမျှင်လျှင်၊ မစင်တတ် ကေ၊ မြတ်မထေရ်က၊ သဗ္ဗညုတ၊ အတုလအား၊ ဦးချပြီးခါ၊ ဤမြို့ရွာက၊ လွတ်ရာတ ခြား၊ ရပ်တစ်ပါးကို၊ သွားပါကြမည်၊ မြတ်ဘုရားကို၊ လျှောက်ကြလေကေ၊ စိန္တေဘုန်း လူ၊ အာနန်ထေရ်မှာ၊ ဘယ်အရေးဟု၊ မေးတော်မူသော်၊ လူသူအများ၊ တချို့ဝေလေ၊ ဤပြည်သားတို့၊ ပျားသကာတွင်၊ ပမာတင်သော်၊ မစင်စွန့်ကြဲ၊ ယခုဆိုကေ၊ ထိုသည်ခွေးသို့၊ တွေးဆမရှိ၊ အကောင်းအဆိုး၊ ပေါင်းနှစ်မျိုးကို၊ ကျိုးမသိဘဲ၊ မိမိအ ပြစ်၊ မိမိ၌ပင်၊ ကံထိုက်အောင်သာ၊ မနိုင်းထုထိက်အောင်၊ ရိုင်းမိုက်ကာဖြင့်၊ တိုင်း ထွာဆဲဆဲ၊ အုတ်ကျောက်ခဲလည်း၊ ကြဲကြတော့သည်၊ သို့ဖြစ်ပေ၍၊ ဤပြည်အတွင်း၊ ထေရ်ပုဂ္ဂိုလ်တို့၊ မှီခိုခြင်းဖြင့်၊ သီတင်းသုံးတော်၊ မမူပါနှင့်၊ ပြည်ရွာရပ်ခြား၊ တိုင်း တစ်ပါးသို့၊ ကြွသွားကြမည်၊ ညီအာနန်မှာ၊ ပန်ကာမြှောက်လို့၊ လျှောက်တုံလေကေ၊ အဘယ်ပြည်ရွာ၊ အာနန္ဒာလေ၊ ကြွပါမည်နည်း၊ မြတ်ဗုဒ္ဓါက၊ ထုတ်ဖော်ကေ၊ ခမည်း လူ့ဘ၊ ခြောက်ရောင်ရှိန်ကေ၊ မုနိန္ဒလေ၊ နဂရာသီရိ၊ အောင်ချက်သပြေ၊ တောင်ဒက္ခေ မှာ၊ မြေဘုမ္မိဟု၊ မြေဘုမ္မိဟု၊ သာဝတ္ထိဆို၊ ရာဇဂြိုဟ်နှင့်၊ တက္ကသိုလ်အာဠဝီ၊ ဝေသာလီ က၊ ကပ္ပိနဂရ၊ ပြည်အောင်ချာကေ၊ ဗာရာဏဟု၊ ရာဇဌာနေ၊ သမိုင်းတည်ကေ၊ တိုင်းပြည်မမှား၊ ထိုထိုမည်ကေ၊ ဌာနေများသို့၊ ကြွသွားမှလျှင်၊ မြတ်ကိုယ်တော်နှင့်၊ သံဃာပေါင်းတို့၊ ကောင်းမည်ထင်ဟု၊ လျှောက်တင်သောခါ၊ ဘထွေးတော်၏၊ ပုတ္တပတ္တမြား၊ ငါနှင့်မူလေ၊ အတူဖွားကေ၊ ငါးဇေတဒဂ်၊ မပျက်ရငြား၊ နှုတ်မြွက်ကာ ဖြင့်၊ တင်ကာထားကေ၊ ချစ်သားထေရ်မွန်၊ သိလိမ္မာကေ၊ ညီအာနန်လေ၊ နိုင်ငံဌာနေ၊ ထိုထိုပြည်ကို၊ ကြွလေသောခါ၊ ဤမြို့ရွာသို့၊ များစွာဆဲရေး၊ တချို့သူတို့၊ ပြုတုံခဲ့သော်၊ ဘယ်ကျေးဘယ်ပြည်၊ အာနန္ဒာမှာ၊ ဘယ်ဌာနသို့၊ ကြွတော့မည်လေ၊ လူ့ပြည်ဌာန၊ လူ့လောကမှာ၊ ရှုတ်ချကဲ့ရဲ့၊ ဓမ္မတာကို၊ ခါမငဲ့နှင့်၊ ကျိုးမဲ့ကျိုးရှိ၊ ငါ့ချစ်ရှင်ကေ၊ သင်အသိကို၊ သတိမထား၊ လောကဓံလေ၊ မှန်ရှစ်ပါးမှာ၊ ဘုရားရဟန္တာ၊ ပါသည်ဝင်၍ လည်း၊ များဆုံးအလွန်၊ ခုနစ်ရက်ကေ၊ ပျောက်ပျက်ပြန်မည်၊ ခံကာသည်းညည်း၊ ပြစ်မေ့ဘေးနှင့်၊ ဆဲရေးသမျှ၊ ချင်းတို့ထံမှာ၊ ပြန်ကာကျမည်၊ လောကတရား၊ ထိုရှစ် ပါးနှင့်၊ မြတ်စွာဘုရား၊ ထုတ်ဖော်ဟောလို့၊ တားမြစ်ကာဖြင့်၊ ကြွရိယာပထ၊ သပ္ပာ ယလျှင်၊ မျှတပြီးထွယ်၊ ယောသိတာလေ၊ ဝိဟာကျောင်းမှာ၊ကျိန်းအောင်နေရေ။

# ခုဇ္ဇုတ္တရာနှင့် သာမာဝတီတို့အခန်း

ကျိန်းအောင်နေကော၊ တစ်သွယ်ထိုမှ၊ ဖွဲ့ကာစီပျာ၊ ဆင်ခြေညွှန်းကော၊ တစ်ခန်းပြမည်၊ သာမာဝတီ၊ လှဒေဝီအား၊ ဥဒိန်မင်းမွန်၊ သာလွန်တိုး၍၊ မြတ်နိုးဟန်ကြောင့်၊ ပန်းမန်နံ့သာ၊ ဆင်အံ့ဌာလျှင်၊ သပြာရှစ်ကျပ်၊ နေ့မပြတ်လျှင်၊ ပေးအပ်တော်မူ၊ ညာနန်းသူမှာ၊ အတူမကွာ၊ ရံငါးရာတွင်၊ ဥဇ္ဇာတွင်ပြီး၊ ပေါ်ကစီးကော၊ အကြီးဥက္ကဋ္ဌ၊ ပြုပြီးမှလျှင်၊ နေ့ညမကျန်၊ ဆောင်ကြဉ်နန်းမှာ၊ တောင်နန်းစံဖို့၊ ပန်းမန်ဝယ်ရာ၊ ရှစ်သပြာတွင်၊ နှစ်ဖြာခွဲပြား၊ လေးသပြာကို၊ သိုကာထား၍၊ ဝယ်ပြားသောခါ၊ လေးသပြာဖို့၊ နံ့သာပန်းမန်၊ နေ့မကျန်လျှင်၊ ညာစံနန်းမ၊ သာမာဝတီ၊ မဟေသီလေ၊ ဒေဝီလှကို၊ ဆက်သလေရာ၊ အတန်ကြာသော်၊ ထိန်းတော်ကျွန်မ၊ ပန်းဝယ်မည်ဟု၊ သွားလေကလျှင်၊ သုမနဂေဟိန်၊ ပန်းသည်အိမ်တွင်၊ အစိန္တေယျ၊ မုနိန္ဒအား၊ ပဏ္ဍာကြိုင်မွှေး၊ မွန်မြတ်စွာလေ၊ ဆွမ်းတော်ကျွေးလို့၊ ပေးရန်ပန်းများ၊ လက်မအား၍၊ တနားနေပါ၊ ဆိုပြီးခါမှ၊ မြတ်စွာဘုရား၊ ဒေသနာကို၊ ထိုခါဟောလို့၊ အများတကာ၊ တရားနာကော၊ ထိန်းတော်ကျွန်မ၊ ခုဇ္ဇုတ္တလည်း၊ ငါကတစ်ယောက်၊ တငေါက်ငေါက်လျှင်၊ စောင့်ရှောက်နေရ၊ အလိုလိုလေ၊ တစ်ကိုယ်တည်းကော၊ ပျင်းရိစွာဟု၊ ဓမ္မဒေသနာ၊ တရားတော်ကို၊ ကြားနာကာလ၊ ဉာဏ်ပညာလေ၊ သမ္ဘာလှ၍၊ နယတစ်ထောင်၊ နည်းပေါင်းဆောင်လို့၊ တွေ့မှောင်ကင်္ခါ၊ ဥပ္ပဒါန၊ သက္ကာယတို့၊ ကိုယ်ကကွာ၍၊ သောတာပတ္တိ၊ မဂ်မှာခိုပျာ၊ ဖိုလ်ကိုထိက၊ ပီတိသောမနည်၊ သူ့ဥစ္စာကို၊ ငါစိတ်တပ်ကော၊ မအပ်ပါချေ၊ ရှစ်ကျပ်ငွေဖို့၊ ဝယ်ကာယူလျက်၊ ရှင်မထံမှာ၊ ဆင်ရန်ဆက်ကော၊ နေ့တိုင်းထက်သာ၊ ပန်းမာလာလေ၊ များပါခြင်းကြောင့်၊ ရှင်မင်းကျော်မှာ၊ သပြာကြေးငွေ၊ ယနေ့ဖိုးမှာ၊ တိုးပေးရေလား၊ ညာနန်းနေမှာ၊ မေးလေငြားက၊ စကားမှန်ရာ၊ လွန်မယုတ်အောင်။ ကျွန်နိုပ်မလျှင်၊ လျှောက်ရပါမည်၊ သပြာငွေကြေး၊ ရှင်မင်းပျိုမှာ၊ ပိုမပေးပါ၊ ပန်းနည်းပန်းများ၊ ဆိုစကားမှာ၊ ရှေးသောအခါ၊ ရှစ်သပြာလျှင်၊ ပေးပါတုံငြား၊ တစ်ဝက်ဖို့ဝယ်၊ တစ်ဝက်ငွေကို၊ ဝှက်ကယ်ငြားလို့၊ ထားပါတော့သည်၊ ယနေ့ဝယ်က၊ ပန်းသည်အိမ်မှာ၊ မြတ်ဘုရား၏၊ တရားတော်ကို၊ ကြားနာခဲ့ရ၊ သည်ကိစ္စကြောင့်၊ လောဘတပ်ကာ၊ သူ့ဥစ္စာကို၊ ခိုးရာသို့ရောက်၊ အဒိန္နကံ၊ အပြစ်ဒဏ်ကို၊ အလွန်ကြောက်လို့၊ များမြောင်ဥစ္စာ၊ ရှစ်သပြာတို့၊ ဝယ်ခဲ့ပါသည်၊ ဟုတ်မှန်ရာကို၊ ထံတော်မှောက်မှာ၊ ပန်လျှောက်တေလေ။

ပန်လျှောက်လေ့ကော၊ ခြွေရွှေအများ၊ ဒေဝီတောင်ညာ၊ ရံငါးရာတို့၊ နားမှာကြားက၊ တရားဟူသည်၊ လွန်ကြီးကျယ်လို့၊ မေခုဇ္ဇုတ္တ၊ ပန်းဝယ်ရာမှာ၊ ကြားနာမျှနှင့်၊ ပါပဆိုးညစ်၊ ဒုစရိုက်ကို၊ စွန့်ပစ်ပြီးခါ၊ ငါ့ထံမှာ၎င်း၊ ပန်ထွာစကား၊ ဟုတ်မှန်ရာကို၊ ပြန်ကာပြောလို့၊ ရိုးသားဖြောင့်မတ်၊ အကျင့်မြတ်နှင့်၊ ညီညွတ်တော့သည်၊ သို့ဖြစ်ပေ၍၊ မေခုဇ္ဇုတ္တ၊ ငါတို့ကိုလေ၊ ထိုတရားလျှင်၊ ဟော၍ပြပါ၊ တောင်းပန်းထွာကော၊ ကြားနာချင်မူ၊ ယဉ်နန်းသူမှာ၊ လူတို့တန်ဆာ၊ ပန်းနံ့သာဖြင့်၊ ပန်ထွာရိုသေ၊ မြတ်ဓမ္မကို၊ နာရမည်လေ၊ ကျွန်ဝယ်မှန်စွာ၊ မြင့်မြတ်ရာက၊ ဟောကာပြမည်၊ ဆိုတုံလေကော၊ မဟေညာရ၊ မေသာမက၊ များလှခြွေရံ၊ ဂုမ္ဘကျွန်နှင့်၊ ချိုး၍တင်အပ်၊ နန်းပြသာဒ်တွင်၊ မြင့်မြတ်နေရာ၊ ထားပြီးခါမှ၊ နံ့သာပန်းခိုင်၊ ကိုယ်စီကိုင်၍၊ စီရင်သင့်စွာ၊ ထိုင်ပြီးခါမှ၊ သာမာဝတီ၊ ဆင်းကြွန်ညီသည်၊ ဒေဝီရတနာ၊ ရံငါးရာလေ၊ အဖော်များနှင့်၊ တရားနာကော၊ ဆရာကျွန်မ၊ ခုဇ္ဇုတလျှင်၊ ဗုဒ္ဓမြတ်စွာ၊ ဒေသနာကို၊ အက္ခရာဇကော၊ ယွင်းမခွအောင်၊ ဟောပြသောခါ၊ တောင်နန်းမကော၊ လှသမာနှင့်၊ ငါးရာကျွန်မ၊ ပါရမီလေ၊ စုံညီကြလို့၊ ပထမ ဖလဌာန်၊ သောတာပန်ဟု၊ အောင်သံဘွဲ့ရ၊ အခိုက်ကြုံ၍၊ ဖြစ်တုံကြကော၊ သာမာဝတီ၊ လှနှင်းဆီမှာ၊ ဤသည်နေ့က၊ ဂုမ္ဘဟူကော၊ ခုဇ္ဇုတ္တလျှင်၊ မောင်းမငါးရာ၊ အထံမှာ၎င်း၊ ကျွန်ရာကလွတ်၊ တတ်လိမ္မာကော၊ ဆရာမြတ်ဟု၊ ခန့်လွှတ်သောခါ၊ ကျောင်းတော်သာကို၊ ကောင်းစွာသွား၍၊ တရားတော်ကို၊ ကြားနာခဲ့ငြား၊ ကျောင်းကလာသော်၊ နန်းမှာဟောကော၊ ပြန်သွားလူးလာ၊ ခေါက်သန်းတည်းလေ။

# မိဖုရား မာဂဏ္ဍီ မသတိသောကြောင့် ကြံစည်ကာ မာယာဆင်၍ လင်ကိုလျှောက်တင်စခန်း

ခေါက်သန်းမယေလူးလာ၊ များမကြာခင်၊ ပညာပါရမီ၊ ရှေးကပြုသည်၊ ကုသိုလ်ဟုန်ကြောင့်၊ အစိန္တေယျ၊ မုနိန္ဒ၏၊ ဇဝနလုံးစုံ၊ ထွန်းတောက်ငြားကေ၊ ခြောက်ပါးဂုဏ်နှင့်၊ သုံးပုံပိဋကတ်၊ သရုပ်အစုံ၊ နှုတ်မှာငုံ၍၊ အကုန်တတ်လို့၊ မြတ်ဇေတဒဂ်၊ တံဆိပ်တော်ကို၊ နှိပ်ကာမြွက်ကေ၊ အောင်ချက်ဘွဲ့ရ၊ ဂုမ္ဗဟူကေ၊ ခုဇ္ဇုတ္တာလျှင်၊ ဓမ္မဒေသနာ၊ ဟောလေပါ၍၊ ငါးရာမိန်းမ၊ တရားရလျက်၊ သာမာဝတီ၊ လှဒေဝီက၊ ပါရမီထွတ်ထား၊ ငါးမာန်အောင်လေ၊ ခေါင်တုလွတ်ကေ၊ မြတ်ဘုရားနှင့်၊ အများသံဃာ၊ အရိယာကို၊ သဒ္ဓါကြည်ရွှင်၊ ရူပါရုံနှင့်၊ ဂုဏ်တော်ထူးကို၊ ဖူးမြော်ချင်ဟု၊ တိုင်ပင်သောခါ၊ ဆောင်နန်းတော်မှာ၊ လေသာတံခါး၊ ရှုမြင်ရုံလေ၊ ဖောက်တုံငြား၍၊ ဘုရားရဟန္တာ၊ စုံအညီလေ၊ ဤသည်နန်းက၊ ဆွမ်းခံလာသော်၊ ဖူးပါရှင်မ၊ လက်ညိုးညွှန်၍၊ ကျွန်ုပ်မလျှင်၊ ပြပါတော့မည်၊ ဆိုတုံလေကေ၊ နန်းငယ်ပြုပေါက်၊ ခန်းဆောင်ကြားမှာ၊ လေသာဖောက်၍၊ ဝမ်းမြောက်သာရွှင်၊ နေကြကျင်ကေ၊ ရှင်ပင်လုထွတ်၊ မြတ်စိန္တေလေ၊ သဗ္ဗညုကေ၊ အတုလွတ်လျှင်၊ ရံပတ်များစွာ၊ ထေရ်သံဃာနှင့်၊ ပြည်တော်ဌာနီ၊ ကောသမ္ဗီတွင်၊ ကြွချီပြီးလျှင်၊ ခြောက်သွယ်ရောင်လေ၊ ပြောင်ပြောင်ရွှန်းလို့၊ ဆွမ်းခံဝင်ကေ၊ ထိုတွင်ကာလ၊ ထိန်းတော်ဟူကေ၊ ခုဇ္ဇုတ္တာမှာ၊ ရှင်မရှုပါ၊ ညာလက်ယာက၊ ပညာဆီမီး၊ ရဟန္တာတွင်၊ ကျော်ကိတ္တိနှင့်၊ သာရိပုတ္တရာ၊ လက်ဝဲတော်က၊ မဟာမောဂ္ဂလန်၊ ထိုထေရ်မွန်က၊ အာနန်ညီတော်၊ ထိုသံဃာလျှင်၊ မဟာကဿပ၊ သက်ကြီးအိုလေ၊ ထိုရဟန်းသည်၊ ကောဏ္ဍညနှင့်၊ ရေဝတခေါ်၊ ထိုနောက်တော်က၊ သားရာဟုနှင့်၊ ကာလုဒါဟု၊ ခူဇာညွှန်ပြ၊ စေတနာလေ၊ သဒ္ဓါမြူးကေ၊ ဖူးပါရလို့၊ ရွှင်ပဝမ်းသာ၊ လှဒေဝီမှာ၊ ကျင့်သီလနှင့်၊ နေကြရာတွင်၊ မာဂန္ဒီဆိုရာဟုပြိုဟ်ထက်၊ ပိုကာဆွမ်းသွမ်း၊ မိဖုရားမ၊ ဣတ္ထိယကေ၊ မိန်းမကြမ်းမှာ၊ ရဟန်းဂေါတမ၊ ဣန္ဒြေလေ၊ မတည်ပျက်ကေ၊ အရှက်ရအောင်၊ ငါ့ကိုဆိုပြော၊ တရားဟောလို့၊ လင်သားရစေ၊ ငါတစ်ဖန်လေ၊ ပြန်နှိပ်စက်ကေ၊ လက်စားချေမည်၊ မာဂဏ္ဍီမှာ၊ သန္ဓေဆိုးနှင့်၊ ငြိုးသသိရေကေ။

ငြိုးလို့နေကေ၊ တာရှည်မကြာ၊ မိန်းမပျက်မှာ၊ အကွက်ရှာသော်၊ သာမာမိဖုရား၊ ပြတင်းဟူကေ၊ ပြုပေါက်ထားလို့၊ ဘုရားကိုလျှင်၊ ဖူးခြင်းအင်ကို၊ သိမြင်သောခါ၊ ဤအချက်မှာ၊ အကွက်ပေါ်ဟု၊ စိတ်မှာမှတ်ထင်၊ သူ့ဆောင်ခွင်မှာ၊ လုလင်မင်းသား၊ ခါတစ်ရံလေ၊ ပျော်စံစားသော်၊ မယားဂဏ္ဍီ၊ လက်ဦးချီလို့၊ ပလီမာယာ၊ သူကြပုံကို၊ ယုံကြည်လောက်အောင်၊ လျှောက်ခြင်းရာကား၊ သာမာမိဖုရား၊ မောင်ဘုန်းခေါင်မှာ၊ တောင်ညာထားလျှင်၊ ရိုးသားဖြောင့်မတ်၊ လင်၏ဝတ်နှင့်၊ ညီညွတ်၏လော၊ လင်မင်းကျော်လျှင်၊ ပညာရှိလည်း၊ သတိထားပါ၊ ဘုရားလုက၊ ဂေါတမကို၊ လောဘတပ်ကာ၊ ရှိသေပါလည်း၊ သဒ္ဓါမစစ်၊ တစ်ထောင့်ငါးရာ၊ ကိလေသာကေ၊ တဏှာရစ်လို့၊ ချစ်ကြိုက်တော့သည်၊ လျှောက်တုံလေကေ၊ မဖွယ်မရာ၊ လင်မင်းသားလျှင်၊ ပြောသည်မှာကား၊ ဘဂဝါထွတ်ထား၊ သူ့မယားကို၊ ဘုရားတို့မှာ၊ ကြိုက်ချစ်ရေးနှင့်၊ ဝေခြင်းရာကြောင့်၊ မတော်စကား၊ သင်တစ်ဖန်လေ၊ ကြံမပြောနှင့်၊ မင်းသားဆိုခါ၊ မယုံပါသော်၊ ကိုယ်တော်မင်းလှ၊ သူပြုဟန်ကို၊ ဆန်တစ်စိတ်မျှ၊ ရိပ်မကျလို့၊ စိတ်ကကြည်ယုံ၊ သတိပြုကေ၊ ကြည့်ရှုတုံလော၊ ရွှေဘုံနန်းမှာ၊ ပြတင်းပေါက်လျှင်၊ ဖောက်ပြီးခါမှ၊ ရှုမျှော်ကြည့်လိုက်၊ ဂေါတမနှင့်၊ မျက်စပစ်လို့၊ ချစ်ကြိုက်ကြပုံ၊ အလုံးစုံကို၊ မယုံမကြည်၊ သတိပြုကေ၊ ကြည့်ရှုချေဟု၊ ဆိုလေသော်မူ၊ ရေးမယူဘဲ၊ လျစ်လျူပြုကာ၊ တစ်ခါတစ်ရံ၊ သာမာဝတီ၊ စံပျော်မြန်းသည်၊ နန်းရွှေအိမ်သို့၊ ဥဒိန်ရာဇာ၊ ရောက်သောခါ၌၊ လေသာနှင်းသောက်၊ ပြတင်းပေါက်လျှင်၊ ဖောက်သည်ကြောင်းအင်၊ လင်မင်းကျော်မှာ၊ ခြင်းရာရေးကို၊ မေးလေကျင်သော်၊ လျှောက်တင်ခြင်းရာ၊ မိသာမာက၊ မေတ္တာဆပွား၊ ရွှေထီးသခင်၊ ပြည်ကြီးရှင်ကေ၊ လင်မင်းဖျားလေ၊ ဘုရားလူ့ဘ၊ အတုလကို၊ မျက်ဝါးထင်ထင်၊ ရွှေနန်းဘုံက၊ အာရုံပြုပျာ၊ ဖူးမြင်ချင်လို့၊ တိုင်ပင်ကြံစည်၊ မြက်ရှင်ပင်ကို၊ ရှုမြင်လောက်အောင်၊ ဖောက်ပေးလေကေ၊ မေဂဏ္ဍီမ၊ ထိုကြောင်းအင်ကို၊ မြင်ပြန်ရကေ၊ စိတ်ကမသာ၊ အကြံရှာလို့၊ ပီတာခမည်း၊ သူ့ဘထွေးကို၊ စာရေးပြီးခါ၊ ကြောင်းခြင်းရာနှင့်၊ ကြားမှာတုံမြောက်၊ ကြက်ရှစ်ကောင်ကို၊ ယူဆောင်ရောက်က၊ အကောက်ကြံကျင်၊ လင်မင်းကျော်ကို၊ ပန်ထွာမြှောက်ကေ၊ လျှောက်ကာတင်ရေ။

လျှောက်ကာတင်ကေ၊ ယခင်ပထမ၊ ကျွန်ုပ်ထိပ်တင်လေ၊ လင်မင်းလှကို၊သာမာဝတီ၊ မဟေသီဟု၊ ဒေဝီစံသီး၊ ဂေါတမတွင်၊ လောကခွင်မှာ၊ ထိုရှင်ကြီးနှင့်၊ သမီးရည်းစား၊ ချစ်အာရုံကြောင့်၊ ဖြစ်တုံငြား၍၊ ရည်စားမျှော်မြောက်၊ ပြတင်း ပေါက်လျှင်၊ ဖောက်တော်မူသည်၊ လျှောက်တုံပေလည်း၊ မကြည်မယုံ၊ နေပါတုံ ကေ၊ ခုမူတစ်ချက်၊ ထိုဒေဝီအား၊ ဤသည်ကြက်ကို၊ သူ့လက်နှင့်ပင်၊ ချက်စီရင်လို့၊ ဘုရင်ရာဇာ၊ ငါ့ထံမှာလျှင်၊ ဆက်လာရမည်၊ စေတုံပေကေ၊ မဟေသတ္တိ၊ မြတ်ကိုယ်တော်မှာ၊ ထိုခါသိမည်၊ ပရိယာယ်နှင့်၊ ဆိုသည်တိုင်းသာ၊ စေခိုင်းပါကေ၊ ဆောင်ကာယူလျက်၊

ညာနန်းတောင်မှာ၊ လေးကောင်ကြက်ကို၊ ပို့ဆက်လေခါ၊ သက်ခန္ဓာကို၊ ငါတို့မသတ်၊ ကြက်တိရစ္ဆာန်၊ သက်ရှိဟန်ကြောင့်၊ ပြန်ကာလွှတ်လို့၊ မင်းမြတ်ထံမှာ၊ ဆက်ပြန်လာကော၊ မာဂဏ္ဍီမ၊ နောက်တစ်ဖန်လေ၊ ပန်လျှောက်ခ လို့၊ သိရပြီလော၊ သာမာဝတီ၊ ထိုဒေဝီအား၊ ဤကြက်များကို၊ ဘုရားကိုသည်၊ စီရင် ချက်လေ၊ ဆက်ကပ်လေဟု၊ ပေးသည်ဖြစ်လျှင်၊ ဤသည်ကြက်ကော၊ သက်အရှင်ဟု၊ မသင်မဖျက်၊ မချက်မပြုတ်၊ မလုပ်မကြံ၊ ငြင်းပယ်ဆန်လို့၊ နေပြန်ဖို့လား၊ သလျှောက် ထားသည်၊ ဘုရားဆိုလျှင်၊ မချက်လိုဘဲ၊ ကြက်ကိုထားလို့၊ နွားကိုပင်လေ၊ စီရင်ပြီး ထွယ်၊ ရှင်မင်းထံသို့၊ ပြန်မလွှတ်ဘဲ၊ သတ်စေမည်ဟု၊ ဆိုလေတုံကျင်၊ ထိုဘုရင်မှာ၊ သူတင်တိုင်းသည်၊ မှန်မယုတ်ကော၊ ဟုတ်ပမည်လား၊ ခုတစ်လီလေ၊ ဤကြက်သား ကို၊ ချက်ငြားစီရင်၊ ဘုရားရှင်ကို၊ ဆွမ်းလျှင်လောင်းလေ၊ တောင်ညာပျော်၏။ နန်တော်သို့လျှင်၊ ပို့လေ စေကော၊ ထိုသည်ခါလျှင်၊ မာဂဏ္ဍီလေ၊ ဥာဏ်လိမ်မှုဖြင့်၊ ပြုစီရင်၍၊ အရှင်ကို ပယ်၊ ကြက်အသေကို၊ ချက်ပေးပြီးမူ၊ ဆွမ်းတော်ဖြူကို၊ လှူပါစေလေ၊ ရှင်မင်းမြတ်မှာ၊ ပေးအပ်ချေဟု၊ မေဂဏ္ဍီကျွန်၊ အစေခံလျှင်၊ အပ်နှံတုံဘိ၊ ခုတကယ် လေ၊ ဤသည်ကြက်မှာ၊ သက်မရှိမူ၊ အပြစ်ကင်းကော၊ ပုံသကူဟု၊ သိမ်းယူကာထား၊ ထိုကြောင်းလျာကို၊ မိဖုရားဂဏ္ဍီ၊ ရွှေပြည်ရှင်လေ၊ လင်မျက်ရှုဟု၊ မင်းဥဒိန်အား၊ ပလီမာယာ၊ ပြောခြင်းရာကား၊ ကိုယ်တော်စားချင်၊ ဆိုလေကျင်သော်၊ အရှင်လတ်လတ်၊ ကြက်သတ္တဝါ သက်ခန္ဓာကို၊ ငါမသတ်ဟု၊ ပြန်လွှတ်တုံငြား၊ ဘုရားကိုသည်၊ ဆွမ်းကပ်လေဟု၊ အပ်ပေငြားကော၊ သနားမညှာ၊ ထိုသည်ကြက်မှာ၊ သက်မပါသို့မြင်ပါလျက်သား၊ မေသာမာ၏၊ ခြင်းဇာတိကို၊ အသိသားနှင့်၊သတိထားတော်မူပါဦးလေ။

သတိမယေထားပါ၊ မိသာမာကို၊ ယုံတော်မူငြား၊ ရွှေနန်းစံမှာ၊ အလွန်မှားမည်၊ ဘုရားနှင့်လင်၊ နှစ်ပါးတွင်၌၊ လင်ကိုထက်ပင်၊ ဘုရားရှင်ကို၊ ချစ်ခင်လေတုံ၊ ကျွန့်စကားကို၊ ပြောမယုံကော၊ ကြံမှုသာသိ၊ ရွှေနန်းပိုင်ကော၊ မေ့လည်ဆွဲမှာ၊ ဘေးကြီးထိလို့၊ တွေ့ပါရမည်၊ ယခုဝယ်၌၊ မထီမဲ့မြင်၊ ကိုယ်တော်ရှင်ဖို့၊ စီရင်ချက်သော်၊ ကြက်အရှင်ဟု၊ သူလျှင်အမှန်၊ ကြက်ကိုသတ်လို့၊ ဆွမ်းကပ်လေကျင်၊ ဤသို့ပြုကော၊ အမူအင်ကြောင့်၊ အရှင်မင်းဖျား၊ မြတ်ကိုယ်တော်မှာ၊ ပညာရှိလည်း၊ သတိထားပါ၊ မယားကြင်ရာ၊ သာမာဝတီ၊ မြတ်ဘုရားနှင့်၊ သဘောညီ၍၊ ကြံစည်လှည့်ပတ်၊ ကိုယ်တော်ရှင်ကို၊ စီရင်သတ်၍၊ နန်းရပ်ထီးဖြူ၊ ဘုရားမြတ်ကို၊ အပ်တော်မူမည်၊ အသွယ်သွယ်ဖြင့်၊ ကြံစည်ပြီးခါ၊ မာဂဏ္ဍီလေ၊ သံထီကောက်မှာ၊ လျှောက်ပြုပါလည်း၊ ခြင်းရာဥသုံ၊ သူဖြစ်ပုံကို၊ မယုံတစ်ဝက်၊ စိတ်အာရုံမှာ၊ ယုံတစ်ဝက်နှင့်၊ စုံမက်ချစ်ခင်၊ သို့ရာတွင် မူ၊ ဆင်ခြင်စဉ်းစား၊ မေသာမာ၏၊ ဆောင်တော်ကူးသော်၊ စုံစမ်းငြားကာ၊ ဘုရားမြတ်စွာ၊ စောသတ္တာနှင့်၊ မရာမအပ်၊ လိပ်၏ကိုယ်မှာ၊ ဆိတ်ချိုတပ်ယောင်၊ ထောပတ် မစင်၊ ပုံအသွင်သို့၊ အရှင်ထွတ်ထား၊ မြတ်ဘုရားနှင့်၊ မိဖုရားသာမာ၊ မလျော်ရာကို၊ လော်မာမှုသည်၊ စုံတစ်ခုမျှ၊ မပြုချေဟု၊ ယုံကြည်စိတ်ထား၊ ခြင်းမျိုးစုံကို၊ သိတုံ ငြား၍၊ မိဖုရားတောင်ညာ၊ ကြင်ရာတော်ကို၊ သာ၍မြတ်နိုး၊ သူ့ကောင်းကျိုးကြောင့်၊ တိုးလို့သာချစ်၊ မိသာမာမှာ၊ ဆံမြွှာကျိုးမျှ၊ ညှိုးမညစ်ဘဲ၊ အပြစ်မပြု စုံတစ်ခုလျှင်၊ အမှုမမြင်၊ ပမာတင်သော်၊ ဘုရင်ရာဇာ၊ နော်ရထားလျှင်၊ ခါခါဖန်ဖန်၊ ဗိုလ်ခြေ ပေါင်းနှင့်၊ သေကြောင်းကြံလည်း သူ့ကံခိုင်မြိုက်၊ ကြိမ်ဖန်ဖန်လေ၊ ကြံမဖြစ်ဘဲ၊ ကျန်စစ်တွင်ငြား၊ ပြည်ပေါက္ကံကို၊ နောက်စံစိုးကော၊ သတိုးသားသို့၊ ညှိုးငြားမညစ်၊ မြူတစ်ရစ်မျှ၊ အပြစ်မတင်၊ သူ့ကြောင်းအင်ကို၊ ရှုမြင်တုံငြား၊ ဝင်္ဂနိဒ္ဒိဖြင့်၊ ကြံစည်ငြားကော၊ မိဖုရားအလဇ္ဇီ၊ မာဂဏ္ဍီမှာ၊ ဥာဏ်လိမ် ဥာဏ်ကောက်၊ ငါတစ်ဖန်လေ၊ ကြံတုံ မြောက်လည်း၊ ပပျောက်လေပြန်၊ သဲရေသွန်သို့၊ အကြံမမြောက်၊ ဖြစ်တုံပါလည်း၊ မာန်သာလျှောက်၍၊ တစ်ယောက်မျောက်မ၊ တောင်ညာရနှင့်၊ ဂေါတမရှင်ကြီး၊ သုံးလူ့ထီးအား၊ ပျက်စီးစေရန်၊ ဘယ်အကြံဖြင့်၊ စီမံရမည်၊ နေ့မကျန်လေ၊ ဝေဖန်ပြုကော၊ စိတ်ကူးရေလေ။

# ဝဂ်န္တညာဏ်ပလီနှင့် မာဂဏ္ဍီအကောက်ကြံစန်း

စိတ်လျှင်ကူးကော၊ ထူးထူးထွေထွေ၊ ပရိယာယ်ဖြင့်၊ ကြံစည်စဉ်းစား၊ တစ်ဖက်သားကို၊ ပျက်ပြားစေရန်၊ အတွက်ခံကော၊ အကြံလည်းရ၊ မင်းစောနရိန်၊ သမုစိန်သို့၊ ဥဒိန္ဒမှာ၊ သရိယတွင်ငြား၊ ထင်အရှားဖြင့်၊ မိဖုရားသုံးယောက်၊ နန်းသုံးဆောင်လေ၊ ပြောင်ပြောင်ဆောက်လို့၊ တစ်ယောက်ငါးရာ၊ အပျိုတော်တို့၊ ရံကာပြီးမှ၊ မိန်းမရတနာ၊ ငါးကလျာဖြင့်၊ ဝါသုလနှင့်၊ သာမာဝတီ၊ မာဂဏ္ဍီဟု၊ ဒေဝီဘွဲ့သ၊ အစေခံက၊ ခြွေရံများနှင့်၊ ထားပြီးမှလျှင်၊ တစ်လတစ်ကြိမ်၊ ရွှေနန်းအိမ်မှာ၊ စည်းစိမ်ခံငြား၊ မွေ့လျော်ကာဖြင့်၊ စံပျော်ပါးလို့ သွားလာလှည့်လည်၊ ထိုနေ့ဝယ်၌၊ မပဟေတောင်ညာ၊ ဆောင်တော်သာမှာ၊ မွေ့လျော်ကာဖြင့်၊ စံပျော်ပါးလို့ သွားလာလှည့်လည်၊ ထိုနေ့ဝယ်၌၊ မပဟေတောင်ညာ၊ ဆောင်တော်သာမှာ၊ မွေ့လျော်ချိန်ကျ၊ သွားချင်လိုကော။ ထိုကာလ၌၊ သူ့ဘထွေးထံ၊ မာဂဏ္ဍီမှာ၊ စာစီရေး၍၊ ပေးခြင်းဟန်ကြောင့်၊ စီမံကြံစည်၊ အလမ္ပာယ်နှင့်၊ အစွယ်ချိုးမြောက်၊ အရေပြောက်နှင့်၊ မြွေဟောက်တစ်ကောင်၊ ဖမ်းယူဆောင်လို့၊ လှေခါင်စံသီး၊ ရှုမငြီးကော၊ သမီးတော်ထံ၊ ဆက်ရပြန်ကော၊ အခွန်ပြောက်ပြောက်၊ ကြောက်ကောင်းဖွယ်လေ၊ ထိုမြွေဟောက်ကို၊ စောင်းကောက်ထဲမှာ၊ ညဥ့်ခါကပင်၊ ထည့်ပြီးခါမှ၊ ပိတ်ကာဆို့ထား၊ ထိုခါတွင်လေ၊ ရှင်မင်းသားမှာ၊ မယားကြီးထံ၊ သွားမည်ကြံကော၊ မာဂဏ္ဍီမိုက်၊ မာယာပို၍၊ ထိုအခိုက်တွင်၊ လင်ချစ်ဘုရား၊ မသွားပါနှင့်၊ မြစ်ကာတားက၊ မင်းသားဘုန်းခေါင်၊ နားမထောင်သော်၊ ကြံဆောင်လီဆယ်၊ ပရိယာယ်နှင့်၊ မျက်ရည်ယိုစီး၊ ရေးတကြီးဖြင့်၊ တားဆီးပြီးခါ၊ နန်းမြည်ိုလေ၊ ဗဟိုတွင်းမှာ၊ ငိုခြင်းရာက၊ မောင်တော်မင်းမြတ်၊ လောကနတ်ဟု၊ အထွတ် တင်ထား၊ မေ့သခင်ကော၊ လင်မင်းဖျားလေ၊ မသွားစေလို၊ တားကာဆိုလေ၊ ရယ်ချိုပြုံးပြုံး၊ ရှုမဆုံးလေ၊ နန်းလုံးသူမောင်၊ မေ့စကားကို၊ နားမထောင်ကော၊ ရှားရှောင်ပြီးထွယ်၊ မိသာမာလေ၊ တောင်ညာနန်းကို၊ လှမ်းတော့မည်လား၊ အကယ်စင်စစ်၊ မေ့စကားကို၊ ရှားကာပယ်လို့၊ သွားသည်ဖြစ်က၊ အပြစ်ကြီးကျယ်၊ မျိုးနန်းနွယ်မှာ၊ အန္တရာယ်ဘေးကျမ်း၊ မအေးချမ်းအောင်၊ မေးသန်းပြီးလျှင်၊ မှန်စင်စစ်ကော၊ ဖြစ်မည်ထင်ရေ၊ ဆင်ခြင်စဉ်းစား၊ သက်စုအသွင်၊ မျက်ရှုဆင်ကော၊ လင်မင်းဖျားမှာ၊ မယားဆိုလျှင်၊ မေ့အပြင်ကို၊ အကြင်မိဖုရား၊ ရှိပါငြားလည်း၊ ချစ်သောအာရုံ၊ မေ့ကိုမုံသို့၊ မယုံပါကဲ့၊ ရွှေပြည်ရှင်မှာ၊ ဆင်ခြင်နှိုင်းကော၊ စဉ်းစားကြည့်ပါ၊ ဤညဥ့်အခါ၊ သုပိန္နာလျှင်၊ ထင်လာသည်ချက် အကြောင်းမတန်၊ မကောင်းဟန်ကို၊ ကြံကာတွက်ကော၊ အိပ်မက်ကဆိုး၊ နန်းဝေယံတွင်၊ မှန်ကင်းကျိုးလို့၊ စိုးရိမ်မကင်း၊ သို့ဖြစ်ခြင်းကြောင့်၊ ရှင်မင်းကိုသည်၊ အိပ်မက်ထင်ကော၊ မြင်တုံငြားလို့၊ တားမြစ်သည်လေ။

မြစ်ကာတားကော၊ မယားချင်းချင်း၊ ဖြစ်တုံးလျှင်လည်း၊ အချစ်ချင်းမူ၊ လင်မင်းဖြူကို၊ တူမည်မထင်၊ သို့ဖြစ်ကျင်၍၊ ဆင်ခြင်စဉ်းစား၊ ဝါသုလတတ္တာ၊ နန်းတော်သာကို၊ လှမ်းကာသွားက၊ တာမြစ်တော့မည်၊ ဧကဝုစ်ကော၊ မဟုတ်ချေလေ၊ မေသာမာနန်း၊ နေပျော်မြန်းရန်၊ ချီလှမ်းကာလ၊ မိသာမာလေ၊ တောင်ညာရကို၊ ယနမကင်း၊ ညှိုးကာပိန်အောင်၊ စိုးရိမ်ခြင်းကြောင့်၊ လင်မင်းမျက်ရှု၊ မေသက်နှံ့လေ၊ တောင်းပန်ပြုမည်၊ ယခုခါသည်၊ တစ်ဖဝါးမျှ၊ မသွားလေနှင့်၊ နောက်ဝယ်တစ်ဖန်၊ မေ့ဆွေလင်လေ၊ ရှင်မင်းဖျားမှာ၊ သွားလိုပြန်မူ၊ ဝေဖန်စဉ်းစား၊ သတိထားလို့၊ ပျော်ပါးပါလေ၊ သက်ဆုံးကြင်၍၊ မြင်မမုန်းကော၊ လင်ဘုန်ကြွယ်ဟု၊ လေးဆယ်မာယာ၊ ထိုထက်သာ၍၊ ပိုပါသေးငြား၊ ဤသို့ဆို၍၊ ငိုကာတားလည်း၊ မင်းသားဘုန်းခေါင်၊ နားမထောင်ဘဲ၊ ရှားရှောင်ပြီးမူ၊ စောင်းကိုယူ၍၊ နန်းသူဒေဝီ၊ မေသာမာ၏၊ ဆောင်ကြာခန်းကို၊ လှမ်းကာချီသော်၊ မာဂဏ္ဍီမိုက်၊ တစ်ညဥ့်ကြာသော်၊ စောင်းကာရစ်၍၊ လိုက်လို့သွားကာ၊ ချောင်းကြည့်ပါသော်၊ လောင်းလျာမင်းသား၊ သလွန်သာမှာ၊ စံပျော်ညောင်းကော၊ ခေါင်းရင်းပါးက၊ ထားသည့်စောင်းမှာ၊ အဆို့မှိုက်ကို ဖွင့်လိုက်ပါသော်၊ သတ္တဝါမြွေ၊ စောင်းကာရစ်၍၊ အောင်း၍နေကော၊ မြင့်ရှည်တုံမြောက်၊ ထိုမြွေဟောက်လျှင်၊ လမ်းပေါက်မြင်ကာ၊ တစ်ချက်တည်းဖြင့်၊ ထွက်၍လာကော၊ ဖြူဖြာရှူးရှဲ၊ ဟူးဟဲမြည်မြောက်၊ ထိုသည်စောင်းမှာ၊ အခေါင်းပေါက်က၊ လိုဏ်ခေါင်းညွှတ်ရှုံး၊ ပါးပျဉ်းမိုးကော၊ ဖရိုးဖရာ၊ သလွန်သာက၊ လျှောကာပြေးငြား၊ ရွှေပြည်ရှင်လေ၊ လင်မင်းသားကို၊ မယားဒေဝီ၊ မာဂဏ္ဍီလျှင်၊ ပလီမာယာ၊ ဟောကြော်ငြားလို့၊ ပြောခြင်းရာက၊ မောင်တော်ဘုရား၊ မိန်းမလော်မာ၊ စံပျော်ရာလေ၊ ထံတော်ပါးကို၊ မသွားစေချင်၊ အန္တရာယ်လေ၊ ဧကန်စစ်ကော၊ ပြုမည်ထင်ဟု၊ ကျွန်လျှင်မှန်စွာ၊ အခါခါလေ၊ တားပါတုံလျက်၊ မေ့စကားကို၊ နားမထောင်ကော၊ ရှားရှောင်တွက်ကြောင့်၊ အသက်အန္တရာယ်၊ ပျက်ပါစေဟု၊ စောင်းတွင်မြွေလွှတ်၊ မိန်းမပျက်ချွာ၊ သက်ခန္ဓာကို၊ ကြံကာသတ်ဟု၊ ရင်ဘတ်ကိုမ၊ ထိုသည်မြွေ၏၊ စွယ်မကျဘဲ၊ လွတ်ခလျက်လား၊ သို့ဆိုကျင်၍၊ လင်မင်းသားကို၊ သွားလို့လည်းဖက်၊ မေ့ထိပ်ပန်မှာ၊ ကံအကြောင်းလျှင်၊ ကောင်းသည်တွက်ကြောင့်၊ အသက်မသေ၊ မြွေမကိုက်ခင်၊ ကျွန်လိုက်လေဟု၊ ဆိုပေပြီးခါ၊ မိသာမာကို၊ မာန်ပါဒေါသ၊ ပယောဂနှင့်၊ ရာဂပြင်းထန်၊ ကမြင်းသံကော၊ လင်းပြန်ပြုမ၊ ပြည်တန်းဆာလေ၊ ဗိုင်းဒါမမှာ၊ လျှောက်နှင့်ပျော်ချင်၊ ကြောင်းခြင်းအင်ကြောင့်၊ စောင်းတွင်မြွေလွှတ်၊ ရွှေထီးသခင်၊ ပြည်ကြီးရှင်ကို၊ နင်လျှင်သတ်ဟု၊ ပါးစပ်တညောင်း၊ လဲရာမှာလေ၊ လှဲကာထောင်းယောင်၊ ဆဲမောင်းပြောဆိုလေ၏တည်းလေ။

# ဥဒိန္နမင်းရာဇာသည် သာမာဝတီမိဖုရားနှင့် ငါးရာသော နန်းတွင်းသူတို့ကို ဖမ်းယူကာ သနားမညှာဘဲ မြားတော်ဖြင့် ကြွင်းမလတ်အောင် စွင်းသတ်စန်း

ဆဲမောင်းမယေပြောဆို၊ စားမည်လိုသို့၊ ထိုသည်အခါ၊ တစ်ရာဇာဟု၊ အာဏာပြင်းကော၊ လင်မင်းကျော်မှာ၊ ပြင်းစွာအမျက်၊ ခြောင်းခြောင်းထွက်၍၊ အသက်သတ်ရန်၊ ငါ့ကိုကြံသည်၊ အတန်ကြာပြီး၊ မာဂဏ္ဍီလျှင်၊ လီလီဖန်ဖန်၊ ဘေးဘယာကို၊ တွေးမျှော်ထောက်လို့၊ လျှောက်တုံပြန်လည်း၊ တစ်ဆံမယုံ၊ ယခုတုံ၌၊ တွေ့ကြုံပကတိ၊ သူ့မှာလျှင်လေ၊ ရှောက်လင်ရှိလို့၊ သာမိလလင်၊ ငါဘုရင်ကို၊ စောင်းတွင်မြွေလွှတ်၊ သူကြံစည်ကော၊ အသေသတ်လို့၊ ပြည်ရပ်နိုင်ငံ၊ ဘယ်သူကိုပင်၊ နင်ချစ်ခင်ကော၊ လင်လျှင်ပြုလို့၊ ယခုစံမည်၊ အကြံအစည်၊ ပရိယာယ်နှင့်၊ ရှေ့တည်နောက်လိုက်၊ နန်းလုံးသူလေ၊ အကုန်မိုက်လို့၊ ကံထိုက်ရာနား၊ တစ်ယောက်မကျန်၊ သက်ဝိညဉ်ကို၊ ချန်မထားဘဲ၊ မြားမှာဆိပ်ခတ်၊ နန်းလုံးသူကို၊ အကုန်သတ်မည်၊ ဆိုတုံလေကော၊ ကြံစည်မတတ်၊ သေဘေးဆုံ၌၊ တွေ့ကြုံလတ်လို့၊ လှနတ်သာမာ၊ တောင်ညာပျော်နှင့်၊ ငါးရာခြွေရံ၊ ကြောက်ကာပိုကော၊ ထိုကာလ၌၊ ငိုကြွေဟန်က၊ ဇာကံနှိပ်စက်၊ ငါတို့မှာလေ ဇာဝိပါတ်လည်း၊ သစ်ခက်ခေါင်းတွင်၊ ကျသောသွင်သို့၊ ဘုရင်မင်းမြတ်၊ မျက်မာန်ပါ၍၊ ရာဇဝတ်ကို၊ မလွှတ်နိုင်တုံ၊ မေတို့ဝယ်၌၊ ဘယ်အ ရေးကြောင့်၊ သေဘေးကြုံရေ၊ ရွှေဘုံနန်းမှာ၊ မြတ်ဘုရား၏၊ တရားတော်ကို၊ ခူဇာ တွင်ငြား၊ အထိန်းတော်လေ၊ ထုတ်ဖော်ဟောလို့၊ တရားလည်းရ၊ အဋ္ဌင်္ဂီလေ၊ အင်ညီ မျှအောင်၊ သီလကျင့်သုံး၊ တစ်နန်းလုံးလျှင်၊ ကျင့်ထုံးမကွာ၊ တို့ရှင်မကော၊ လှသာမာနှင့်၊ နေပျော်သည်ခိုက်၊ တို့ထိပ်တင်လေ၊ ရှင်မင်းစစ်လဆင်၊ ပျော်ပိုက်ရွှင်မြူး၊ တောင်နန်းသာကို၊ ဆောင်တော်ကူးလို့၊ ညဦးကပင်၊ စံပျော်ရွှင်ကော၊ ဘယ်တွင်တစိ၊ ပြစ်မထိဘဲ၊ ယနေ့နံနက်၊ တောင်သပြေမှာ၊ ရောင်ခြည်ထွန်းကော၊ နေဝန်းထွက်က၊ ရှစ်ချက်တီးချိန်၊ ထိုနာရီမှာ၊ မာဂဏ္ဍီတွင်၊ ရာဂျီဝင်သို့၊ လျှောက်လျှင်ရောက်ချင်း၊ ငါတို့ငါးရာ၊ စံမြန်းပျော်ကော၊ နန်းတော်တွင်းမှာ၊ ဟန်ပြင်းဒေါသ၊ မိုးကြိုးကျသို့၊ ရှေးကဆိုယောင်၊ ပမာနှုန်းလို့၊ ထုံးကိုဆောင်သော်၊ အမောင်လည်းရောက်၊ ငါ့နွား ပျောက်လည်း၊ တစ်ယောက်နွားခိုး၊ သင့်ကိုသော်လေ၊ ငါမယိုးဟု၊ ဆိုရိုးလည်းရှိ၊ သို့ဖြစ်ဘိ၍၊ မိမာဂဏ္ဍီ ပမာပုံလျှင်၊ ကဆုန်လမှာ၊ ထလေပွဲကြောင့်၊ ဤသို့ခုဝယ်၊ သေဘေးတုန်လော့သည်လေ။

သေဘေးမယေတွေ့ဆုံ၊ ယနေ့ဘုံ၌၊ တွေ့ကြုံတုံလတ်၊ သူဇာလင်ကော၊ ရှင်နတ်မြတ်တို့၊ မအပ်မရာ၊ သပွေ့ါမြွေနှင့်၊ သေစေမှုကို၊ မပြုပါဘဲ၊ ရှုမျှော်ထောက်ချင့်၊ တို့ငါးရာကို၊ ခန္ဓာဖြတ်၍၊ မသတ်သင့်ပါ၊ လွှတ်ခွင့်လွှတ်ရာ၊ နတ်ဒေဝါတို့၊ ကယ်ပါစေကြောင်း၊ ယိုမမျက်ရည်နှင့်၊ လက်ဆယ်ချောင်းကို၊ ခေါင်းထက်တင်ကာ၊ ပေါင်းငါးရာတို့။ နန်းတော်အထဲ၊ တသဲသဲကော၊ ကြော်ကြွေးကာငို၊ ညဥ့်ချိန်တွင်လေ၊ သစ်ပင်ထက်မှာ၊ ဆက်ရက်ပြိုသို့၊ ထိုထိုမောင်းမ၊ ငိုယိုကြကော၊ သာမာဝတီ၊ ဒေဝီပုလဲ၊ မကြံနိုင်ကော၊ မှိုင်ကာငေးလို့၊ သေဘေးနှင့်ကြုံ၊ အရေးဆိုကော၊ တွေ့ကြုံတုံငြား၊ သတိတော်ကို၊ စိတ်မှာထားလို့၊ တရားသံဝေ၊ ငိုမည်စိတ်ကို၊ အံကြိတ်ဖြေလို့၊ ရွှေပြည်ဘုရင်၊ မိမိလင်ကို၊ ဦးတင်တုံမြှောက်၊ မကြံသာ၍၊ ထံတော်မှောက်မှာ၊ ပန်လျှောက်ကာတင်၊ ရာပြည်ထောင်ကို၊ အခေါင်စိုးမည်၊ တန်ခိုးရှင်လေ၊ ဘုရင်မင်းဖျား၊ ဟုတ်မဟုတ်တန်၊ ဟုတ်အလွန်နှင့်၊ မှန်အမှားကို၊ စဉ်းစားဆင်ခြင်၊ မထင်မြင်၍၊ စီရင်ဆုံးဖြတ်၊ သက်ဝိညဉ်ကို၊ မကျန်သတ်လည်း၊ လင်မြတ်မင်းခေါင်၊ ညာနန်းတောင်တွင်၊ ရှေ့ဆောင်ဦးစီး၊ ပေါင်းငါးရာတွင်၊ ဆောင်းကာထီးသို့၊ အကြီးဥက္ကဋ္ဌ၊ တောင်နန်းစံလေ၊ ကျွန်ုပ်မအား၊ မုချမှန်စွာ၊ သက်ဝိညာဉ်လေ၊ ကျန်မလတ်အောင်၊ သတ်သင့်ပါရေ၊ ငါးရာရံရွေ၊ သူတို့ဝယ်က၊ မပယ်မရှား၊ တကယ်ဇကန်၊ စေသည်ကျွန်ကော၊ ထွန်သည်နွားသို့၊ အလားတူစွာ၊ ယနေ့ရက်မှာ၊ မေ့တွက်တာကြောင့်၊ ထောက်မျှော်ကာချင့်၊ များခြွေရံကို၊ ရုပ်နာမ်ပြတ်အောင်၊ မသတ်သင့်ပါ၊ လွှတ်ခွင့်လွှတ်ရန်၊ အကြောင်းပြန်လို့၊ တောင်းပန်သောခါ၊ မင်းရာဇာမှာ၊ မျက်တော်ချခိုက်၊ ပြောဆိုဟန်မှာ၊ အသံအိုက်နှင့်၊ မိုက်သောအကြံ၊ ငိုက်သောဉာဏ်ကော၊အလွန်လည်းမိုက်၊ ခတ္တိယကော၊ မိန်းမမိုက်မှာ၊ အပြစ်အကျိုး၊ ပေါင်းနှစ်မျိုးကို၊ ကောင်းဆိုးမသိ၊ မိုးကိုထိအောင်၊ ပရိယာယ်များစွာ၊ အဖြာဖြာဖြင့်၊ သူတော်အ ယောင်၊တူစွဆောင်လို့၊ ကြောင်သီတင်းသုံး၊ ကြွက်ကိုမြင်သော်၊ ရွှင်ပြုံးပြုံးဟု၊ ရှေးထုံး ဝေါဟာပြောခြင်းရာသို့၊ ကြံဖော်ကြံဖက်၊ ဘုန်းစက်ရှိန်နှင့်၊ ဥဒိန္နဟု၊ ငါ့အသက်ကို၊ ဆုံးပျက်လေအောင်၊ မာယာမြှောင်၍၊ ရှေ့ဆောင်နောက်လိုက်၊ နန်းလုံးသူပင်၊ အကုန်မိုက်လို့။ အမြစ်ပါဖြုတ်၊ ပုံအသွင်မှာ၊ ကျူပင်ခုတ်က၊ ကျူငုတ်မကျန်၊ ပုံသဏ္ဌာန်သို့၊ အလွန်မိုက်ရှောင်း၊ များစွာအကုန်၊ ငါးရာစုံလေ၊ နန်းသူပေါင်းကို၊ ဆိုးကောင်းမရွေး၊ ငါရာဇာလေ၊ မြားစာကျွေးမည်၊ ဆုံတုံပေ၍၊ ငိုရယ်မလွှတ်၊ မရှောင်တတ်အောင်၊ နှောင်ခတ်တုံငြား၊ တစ်ယောက်မကျန်၊ ရှေ့နောက်ပြိုင်ပျာ၊ ဆိုင်ကာထားက၊ ကျော်ဟောတိုက်ဟဲ၊ ငရဲရွာသို့၊ နန်းတော်ထဲမှာ၊ မစဲအသံ၊ ထက်ဝန်းကျင်မှာ၊ ပဲ့တင်ကြယောင်၊ သဲသဲညံရေ။

သဲသဲညံကော၊ ခြွေရံငါးရာ၊ ငိုသောခါ၌၊ တောင်ညာထွတ်ထား၊ နတ်အလား
သို့၊ မိဖုရားသာမာ၊ မကြံသာကော၊ ခန္ဓာအသက်၊ ချစ်မြတ်ကြင်ကော၊ လင်မင်းသား၏၊
မြားလက်နက်နှင့်၊ ပျက်ရမည်သူ၊ အတူတူကို၊ ပူရာမရှိ၊ မရဏာဟု၊ ခေါ်သမုတ်ကော၊
နုဿတိဖြင့်၊ မိမိအတွက်၊ မငဲ့ကွက်ဘဲ၊ စုံမက်ချစ်ကြည်၊ ရံငါးရာလေ၊ အဖော်များကို၊
ပြောလတ်တေက၊ ရံရွေခညောင်း၊ ငါနှင့်တစ်မူ၊ အတူတူကော၊ နန်းသူပေါင်းတို့၊
မကောင်းကျိုးဟုန်၊ ယခုကြုံ၍၊ ဆံဖြူတစိ၊ ငါတို့ထံ၌၊ သေဒဏ်ထိုက်အောင်၊ ပြစ်မရှိ
ဘဲ၊ ဇီဝိမရဏံ၊ ရှင်မင်းမြတ်က၊ သတ်မည်ကြံလည်း၊ မျက်မာန်ဒေါသ၊ မပွားကြနှင့်၊
ဟောပြမျှားစွာ၊ မြတ်ဘုရား၏၊ တရားတော်ကို၊ နားမှာ၀၀၊ ခုဇ္ဇုတ္တရာ၊ သူ့ပညာ
ကြောင့်၊ ကြားနာရ၍၊ ပါပဆိုးညစ်၊ ဒုစရိုက်ကို၊ စွန့်ပစ်ပြီးခါ၊ ဤနန်းတော်မှာ၊
ငါတို့အလုံး၊ တရားထုံးကို၊ စောင့်သုံးဧကန်၊ တကယ်မှန်မူ၊ ပြန်၍ဖြောင့်ဖြောင့်၊
ပေါင်းငါးရာလေ၊ ငါတို့များကို၊ တရားစောင့်မည်၊ သို့ဖြစ်ပါ၍၊ ယုံကြည်စိတ်ချ၊ဒေါသ
ဟူသည်၊ ဆံဖြူခြမ်းမျှ၊ မသန်းကြနှင့်၊ မာနလည်းထွက်၊ သူ့ကိုဖျက်က၊ ကိုယ်ပျက်တတ်
သည်၊ ဗြဟ္မစိုရ်လေ၊ ထိုတရားကို၊ ထားကြလေဟု၊ ဆိုပေပြီးခါ၊ မိသာမာလျှင်၊ စိတ်မှာ
လည်းကြံ၊ ကရုဏာလေ၊ မေတ္တာဟိတ်နှင့်၊ မိဌာန်ဟန်က၊ ခန္ဓာဆုံးဖြတ်၊ ကျွန့်ကိုမူ
လေ၊ ရန်သူမှတ်လို့၊ သတ်ပင်သတ်ငြား၊ ယခုစိတ်တွင်၊ ဦးထိပ်တင်ကော၊ လင်မင်းဖျား
ကို၊ ဒေါသဟူသည်၊ မေတစ်မူက၊ ဆံဖြူခြမ်းမျှ၊ မသန်းချေလေ၊ ကြံစည်လှည့်ဖြား၊
ယခုမြင်လေ၊ ထင်အရှားဖြင့်၊ မိဖုရားဒေဝီ၊ မာဂဏ္ဍီကို၊ မအီမသာ၊ မျက်မာန်ဟူသည်၊
မြူတခြမ်းမျှ၊ မသန်းပါဘဲ၊ မေတ္တာစိတ်ရှိ၊ ဤသစ္စာလျှင်၊ မှန်ပါဘိက၊ မထိလေးလုံ၊
ဘေးနှင့်ဒဏ်လျှင်၊ ပြန်ပါစေသား၊ ဟုတ်မမှန်ဘဲ၊ အကျွန်ပြောက၊ မြားသွားစကြာ၊
ကျွန့်ရင်မှာ၌၊ ဝင်ပါစေသား၊ စိတ်အကြံနှင့်၊ မိဌာန်ထားက၊ မိဖုရားလဇ္ဇီ၊ မာဂဏ္ဍီလျှင်၊
ဤခါ၌တွင်၊ ငါမာန်မူကော၊ ရန်သူကြီးတို့၊ ပျက်စီးအင်ကို၊ မြင်ပါရမည်၊ စောင်းမလှည့်
ဘဲ၊ ကြည့်နေလေကော၊ ထိုသည့်အခါ၊ မိသာမာကို၊ ဦးစွာရှေ့က၊ ထားပြီးမှလျှင်၊
ရင်၀ကိုကြည့်၊ မြားနှင့်တည့်လည်း၊ မြူငွေ့အဟန်၊ မထွက်ပြန်ဘဲ၊ မျက်မာန်မပွား၊
မေတ္တာခေါ်တုံ၊ စိတ်အာရုံကို၊ လွှမ်းခြုံထားသို့၊ မြားကိုဖြုတ်လျှင်၊ မပြုတ်ကျင်ကော၊
အားတင် ကိုင်းညွတ်၊ ညို့က လွှတ်လည်း၊ လွတ်ကာမသွား၊ ထိုဘုရင်လေ၊ ရှင်မင်း
သားမှာ၊ ချထားခြင်းငှာ၊ မရပါဘဲ၊ ကြောင်းရာကိုလျှင်၊ မြနန်းဆောင်မှာ၊ တောင်ညာ
ရကော၊ သာမမြင်သော်၊ အရှင်မင်းဖျား၊ ခြားတစ်ပါးသို့၊ မြားကိုလွှတ်ပါ၊ ထိုစကားကို၊
ဆိုသောခါ၌၊ ရာဇာဘုရင်၊ အောက်မြေပြင်ကို၊ စေနှင့်ပစ်မှ၊ ထိုခဏ၌၊ သရရွှေမြား၊
လျင်မြန်စွာလေ၊ လွှတ်ကာသွားသော်၊ အံ့သြလက်ချ၊ မျက်မာန်ဟန်နှင့်၊ ဥဒိန္နလျှင်၊
စိတ်ကဆင်ခြင်၊ ငါဘုရင်လေ၊ အလျင်များစွာ၊ မြားစကြာကို၊ လက်မှာစွဲငြား၊ ပစ်

သောခါလေ၊ လိုရာထားလျက်၊ ထင်ရှားခုခါ၊ မိသာမာကို၊ ခန္ဓာဖြတ်၍၊ သတ်အံ့ငှါ
လျှင်၊ လွှတ်ကာမသွား၊ ဤကြောင်းလျှာသည်၊ ထင်ရှားမျက်မြင်၊ ထိုခြင်းအင်ကို၊ဆင်
ခြင်ကြံစည်၊ သက်မရှိငြား၊ ပြုလုပ်ထားကော၊ မြားစူးသည်လျှင်၊ ကြီးကျယ်ဂုဏ်အင်၊
ကျင့်ဇာဂီလေ၊ ညီအမျှဖြင့်၊ သီလရှင်ကို၊ သိမြင်သေးသည်၊ ငါ့မှာဝယ်က၊ ရွှေပြည်း
သနင်း၊ လူတကာကို၊ အာဏာချင်းကော၊ မင်းဖြစ်ပါလျက်၊ သာမာဝတီ၊ မဟေသီကို၊
ဤအချက်၌၊ ရှက်ကြောက်စရာ၊  မြတ်သောဂုဏ်ကို၊ စုံတစိမျှ၊ မသိပါလေ။

မသိပါလေ၊ ငါလျှင်စင်စစ်၊ အမွေးထူလေ၊ နားကူကြီးကော၊ ခွေးထက်မိုက်လို့၊
မြားပစ်ဝံ့သည်၊ မှတ်တုံပေ၍၊ ချိုးရေသစ်ကာ၊ ပြီးသောခါမှ၊ သာမာဝတီ၊ လှဒေဝီကို၊
ချီကာရွှင်လန်း၊ ပခုံးပေါ်မှာ၊ တင်ကာထမ်း၍၊ ရွှေနန်းကိုသာ၊ ပတ်သွားကာဖြင့်၊
ဂုဏ်သမာဓိ၊ သီလဟုန်နှင့်၊ ပြည့်စုံဘိဟု၊ မသိတုံငြား၊ ညာနန်းနေလေ၊ အသရေ
ရှိသည့်၊ မိဖုရားအား၊ ပြစ်မှားကျူးလွန်၊ လေးသောဝန်ကို၊ သည်းခံတော်မူ၊ ဂုဏ်နှံ့
ကြိုင်ကော၊ တစ်ခိုင်ပန်းသို့၊ ယဉ်နန်းသူတို့၊ အလှူဒါန၊ ဟူသမျှကို၊ စိတ်ကကြည်ဖြူ
ငဲ့မဆိုင်းနှင့်၊ နေ့တိုင်းလှူလေ၊ အယူဖောက်ပြန်၊ မိစ္ဆာဉာဏ်နှင့်၊ မာဂဏ္ဍီမိုက်၊ ကုန်း
ချောတိုက်၍၊ ပြစ်မှားမိကံ၊ အကြောင်းပြန်၍၊ တောင်းပန်သောခါ၊ မိသာမာက၊
မောင်တော်ဘုရား၊ ရှင်မင်းဖျားလည်း၊ ဘုရားမြတ်စွာ၊ စောထွတ်ချာနှင့်၊ ရတနာသုံး
ပါး၊ နှလုံးထားလို့၊ ဘုရားကျောင်းကန်၊ သွားလေပြန်၍၊ အကျွန်ုပ်မ၊ တရားတော်ကို၊
ကြားနာရအောင်၊ ဓမ္မဒေသနာ၊ မြတ်တရားကို၊ ဟောနိုင်ပါသည်၊ သံဃာတစ်ပါး၊
ပင့်ဖိတ်ငြား၍၊ ပေးသနားပါ၊ ထိုစကားကို၊ ဆိုသောခါ၌၊ ရာဇာမင်းဖျား၊ ကျောင်း
တော်သာကို၊ ကောင်းစွာသွား၍၊ တရားတော်နာ၊ မိဖုရားကို၊ ဟောအံ့ငှာလျှင်၊
သံဃာတစ်ပါး၊ ပင့်ဖိတ်ငြားလည်း၊ ဘုရားမြတ်မွန်၊ ညီအာနန်အား၊ လျော်ကန်သင့်
မြတ်၊ အခွင့်လွှတ်၍၊ ပြာသာဒ်ဗိမာန်၊ နန်းဝေယံမှာ၊ ခြွေရံများစွာ၊ တရားနာကော၊
ငါးရာရှိငြား၊ မိဖုရားအား၊ ဟောကြားပြသ၊ လွန်ကြည်ညိုကော၊ ထိုကစ၍၊ တစ်လတစ်
ကြိမ်၊ မိသာမာတို့၊ ပျော်စံမြန်းကော၊ နန်းရွှေအိမ်မှာ၊ ညီအာနန္ဒာ၊ တရားတော်ကို၊
ဟောလာသမျှ၊ စိတ်ကြည်ဖြူကော၊ လှူဒါနနှင့်၊ မိန်းမများစွာ၊ တရားနာလျှင်၊ ငါးရာ
သကျ်န်း၊ နန်းတော်သူတို့၊ ကပ်လှူဒါန်းလို့၊ အေးချမ်းသာယာ၊ မိသာမာတို့၊ ရတနာ
သုံးပါး၊ မြတ်သောဂုဏ်ကို၊ အာရုံစော၍၊ တရားတန်ခိုး၊ ကြီးပွားတိုးလို့၊ အကျိုးဂုဏ်
အင်၊ အာနိသင်ကို၊ မျက်မြင်ဒိဋ္ဌ၊ လောကခံမှာ၊ ခံစားရလို့၊ စိတ်ကကြည်ဖြူ ယဉ်နန်း
သူတို့၊ အလှူမကင်း၊ ဖြောင့်နှလုံးကော၊ စောင့်သုံးခြင်းဖြင့်၊ သီတင်းမကွာ၊ ဘာဝနာ
နှင့်၊ မွေ့လျော်ပြီးထွယ်၊ ညာမဟေလေ၊ မေသာမာတို့၊ နေကြလေကော၊ ရွှေပြည်စိုးရ၊
တန်ခိုးပကော၊ ဥဒိန္နရာဇာ၊ ထိုအခါမှ၊ ရတနာသုံးပါး၊ နှလုံးထား၍၊ တရားမကွာ၊

ကြင်ရာတော်လေ၊ သုံးဖော်ရှိငြား၊ မိဖုရားနှင့်၊ မတ်များဝန်းရံ၊ မှန်ကင်းထောင်ကော၊
သုံးဆောင်နန်းမှာ၊ စံမြန်းမွေ့လျော်၊ အတန်ကြာသော်၊ မာယာကြံစည်၊ မာဂဏ္ဍီလျှင်၊
လီလီဖန်ဖန်၊ ဝဂ်န္တကော၊ မိန်းမဉာဏ်ဖြင့်၊ ကြံဖန်သမျှ၊ သဲရေသွန်ယောင်၊ အမှန်ကျ
လို့၊ သာမာဝတီ၊ လှဒါလီမှာ၊ ပါရမီပေါင်းစု၊ ပအကြောင်းပြုကော၊ ကောင်းမှုတိုးပါး၊
အကျိုးများကြောင့်၊ ညိုးငြားမညစ်၊ ကျက်သရေလေ၊ နေတက်သစ်သို့၊ ဖြစ်လေတုံ
ကျင်၊ ထိုကြောင်းအင်ကို၊ ရှုမြင်ကာလေ၊ မေဂမ္ဘီယောင်၊ ဂဏ္ဍီမမှာ၊ ဒေါသမျက်ငြိုု
အလိုလိုလေ၊ ဝန်တိုစိတ်က၊ မိစ္ဆေရဖြင့်၊ မာနတိုးပွား၊ တစ်ဖက်သားကို၊ ကိုက်စားမ
တတ်၊ ဝဂ်ဉာဏ်နှင့်၊ ကြံပြန်လတ်လည်း၊ ချော်ချွတ်ကျလျက်၊ အကြံကုန်ကော၊ ဂဋ္ဌုန်
ငှက်လျှင်၊ ဆားချက်သည်သွင်၊ မိမိလင်လျှင်၊ ဆောင်ခွင်လှည့်လည်၊ သူ့ထံမှောက်သို့
ရောက်တုံလေသော်၊ မေမာဂဏ္ဍိုန်၊ မ-ပြာရီမှာ၊ အပလီမာယာ၊ အခရာနှင့်၊ မောင်
တော်ဘုရား၊ ခါနက်ဖြလေ၊ ဉယျာဉ်တောသို့၊ ပျော်ပါးလှည့်လည်၊ နန်းတော်ထက်က၊
ထွက်ကြမည်ဟု၊ လျှောက်သည်ကာလ၊ အခွင့်ရကော၊ သာမာဝတီ၊ ခုတလီ၌၊ ပထဝီ
မှတ်၊ ခုတ်စပြီးကော၊ လှီးစဖြတ်ယောင်၊ လက်စသတ်ထွယ်၊ ပိတ်တောစလျှင်၊
ကြံတော့မည်ဟု၊ ခိုင်စေပြီးခါ၊ သူ့ဘထွေးကို၊ စာပေးခေါ်၍၊ ရောက်ခါကာလ၊
မာဂဏ္ဍီဟု၊ သံထိပုတ်ကော၊ မိယုတ်မမှာ၊ သုဘကိုသည်၊ စိတ်မှာဆင်ကော၊ ချင်သည်
တိုင်းကို၊ ခိုင်လို့စေရေ။

## သာမာဝတီ ပျော်စံမြန်းသော၊ ရတနာကြငှန်း၊ နန်းရဝေကို၊ မာဂဏ္ဍီခိုင်းစေ၍၊ ဆိုင်းမနေ ပုဏ္ဏားမှိုက်သည် မီးမြိုက်သောအခန်း

ခိုင်းခန့်စေကော၊ ငါသည်မှန်စွာ၊ နက်ဖြန်ခါတွင်၊ ရာဇထိပ်ပန်၊ ဤပြည်ကြီး
မှာ၊ ထီးနန်းစံနှင့်၊ ပန်းမန်သာမော၊ ဉယျာဉ်တောမှာ၊ ပျော်ပါးနေခါ၊ မိသာမာနှင့်၊
ငါးရာခြွေရံ၊ ပျော်စံမြန်းကော၊ နန်းဝေယံကို၊ မီးလျှံတိုက်လေ၊ မကြာစေနှင့်၊ အကယ်၍
လျှင်၊ သူ့ထံနေကော၊ ရံရွေများတို့၊ ဟန့်တားကျင်သော်၊ ဘုရင်ရာဇာ၊ မိန့်အာဏာနှင့်၊
ငါလျှင်တိုက်သည်၊ ဆိုတုံပေ၍၊ အထည်ပတ်ရစ်၊ နန်းဝေယံကို၊ ဆီသွန်ပြီးလျှင်၊
မီးနှင့်မြိုက်လေ၊ စေခိုင်းပေ၍၊ ရွှေပြည်စိုးရ၊ မင်းဥဒိန်လေ၊ နရိန္ဒလျှင်၊ တူကွအညီ၊
မာဂဏ္ဍီနှင့်၊ အချိန်ရောက်ခါ၊ ဉယျာဉ်တော်သို့၊ မွေ့လျော်ပျော်ပါး၊ များခြွေရံလေ၊
မတ်ဝန်းများနှင့်၊ ရထားမြင်းဆင်၊ စီမံပြင်၍၊ အုတ်အင်များစွာ၊ ရံကာငြားက၊ ပုဏ္ဏား
ယုတ်မာ၊ သွားလေပါ၍၊ နန်းမှာရောက်ငြား၊ မုခ်တံခါးကို၊ ပိတ်ထားတုံလိုက်၊
သာမနေကော၊ နန်သည်တို့မှာ၊ ပုဆိုးရစ်၍၊ ဆီနှစ်လောင်းသွန်၊ ပြုစီမံကော၊ ခြွေရံ
များစွာ၊ ထိုပုဏ္ဏားကို၊ မြင်သောခါ၌၊ ပဇာကိစ္စ၊ ရှိတုံကြ၍၊ သင်ကယခု၊ ဤသို့ပြုဟု၊
အနုညာတ၊ ထိုရေးရာကို၊ မေးကာလ၌၊ နရရာဇိန်၊ မင်းဥဒိန်က၊ ဤအိမ်နန်း၌၊
ကြွင်းမကျန်အောင်၊ ဆီသွန်ပြီးကော၊ မီးဖြင့်တိုက်ဟု၊ စေလိုက်တုံပါ၊ မင်းအာဏာနှင့်၊
ငါလျှင်ခုဝယ်၊ ဤအမှုကို၊ ပြုရသည်ဟု၊ ဆိုလေသောခါ၊ မဖွယ်ရာကော၊ မိစ္ဆာပုဏ္ဏား၊
သင်တစ်ဖန်လေ၊ ပြန်မသွားလား၊ ဝိုင်းစုကာဖြင့်၊ လာတုံငြားလို့၊ အများခြွေရံ၊ ဆဲ
ဆိုသံကို၊ ကြားပြန်ကာလ၊ မေးသာမာမှာ၊ နေရာကလျှင်၊ ထ၍လာကာ၊ ဤပုဏ္ဏား
ကို၊ မတားပါနှင့်၊ ငါတို့အားလုံး၊ ယူမြင်မြော်ကော၊ သူတော်ထုံးဖြင့်၊ စောင့်သုံးသစ္စာ၊
မြတ်တရားကို၊ မှတ်သားနာ၍၊ အရိယာမ၊ ဖြစ်ပြီးမှလျှင်၊ မာနမျက်မှန်၊ အန်လျှင်
တုလို့၊ ရန်ပြုပြန်ကော၊ မခံသည်းညည်း၊ မိုက်သောသူနှင့်၊ တူတုံခဲ၍၊ ခွေးကိုတစ်မူ၊
ရိုက်သတ်သူက၊ သတ်သူလည်းခွေး၊ ခွေးလည်းခွေးဟု ပြောမြဲဓမ္မတာ၊ အရှိသားကို၊
းသိငြားပါလျက်၊ မာန်ပါညစ်ကျူး၊ တိုကိုမူလေ၊ ရန်သူပြုလည်း၊ ရန်တုမျက်ငြိုး၊
မာန်မာနဖြင့်၊ ရန်စပိုအောင်၊ မဆိုပေအပ်၊ တို့ကိုမူလေ၊ သူမသတ်လည်း၊ လူနတ်
ပြဟ္မာ၊ တစ်ဘဝမှာ၊ သတ္တဝါတို့၊ တစ်ခါသေမြဲ၊ ဧဝကန်လေ၊ မှန်မလွဲကော၊ အချည်း
နှီးသည်၊ မြင့်တာရှည်အောင်၊ မနေရဘဲ၊ သေရမည်ထက်၊ ခုဝယ်တစ်မူ၊ ပုဏ္ဏားဟူ

ကော၊ ရန်သူလက်ထဲ၊ ငါတို့မူလေ၊ သေတုံခဲ့လည်း၊ ငရဲအောက်ပြည်၊ မလားချေဘဲ၊ အပါယ်တံခါး၊ ပယောဂဟုန်၊ လောဘကုန်၍၊ ပိတ်တုံငြားလျက်၊ ထက်ဖျားနတ်ဘုံ၊ ရောက်လိုတုံက၊ စိတ်ယုံလက်ချ၊ မီးတိုက်ပေ၍၊ သေမည်လျှောက်ကို၊ မကြောက်ကြနှင့်၊ ပုဏ္ဏားမိုက်ရန်၊ ခုမခံဘဲ၊ မာန်ကိုညွှန်ကော၊ စွန့်လိုခံဟု၊ အကြံပေးသော်၊ ဥပေက္ခာဖြင့်၊ ရှုမျှော်ပြီးထွယ်၊ အဝိဇ္ဇာကို၊ ပညာထိန်း၍၊ ငြိမ်းငြိမ်းနေကော၊ ဆီကြည်ဆွတ်နှိုက်၊ ပုဏ္ဏားမိုက်မှာ၊ မီးတိုက်သောခါ၊ မလွတ်သာကော၊ ပါသည်ဝိပါတ်၊ အကုသိုလ်လေ၊ ထိုအတွက်ကြောင့်၊ ဗရပွက်ဆူညံ၊ ကြွေးကြော်သံနှင့်၊ မီးလျှံအရောင်၊ ညီးပြောင်ပြောင်ကော၊ လောင်တိုက်တလား၊ နန်းရွှေဘုံကို၊ ပြုတုံငြားလို့၊ မီးပွားမီးလျှံ၊ လွန်ပြင်းထန်၍၊ မကျင်မကြွင်း၊ နာမ်ဗလာလေ၊ ခန္ဓာကင်းကော၊ မုန်ညင်းဆန်နှမ်း၊ ရတနာနန်းဘုံ၊ ငါးရာစုံပါ၊ အကုန်ကျွမ်းရေ။

# မာဂဏ္ဍီဘီးဘိုး နွယ်အရိုးဟု ဆွေမျိုးတကူရှိကို မင်းဥဒိန် သင်ပုန်းချေခန်း

အကုန်ကျွမ်းကော၊ ရွှေနန်းဗိမာန်၊ တပြောင်ပြောင်လေ၊ အရောင်ညီးကော၊ လောင်မီးလျှံကို၊ မြင်ပြန်ကာလ၊ မင်းရာဇိန်လေ၊ ဥဒိန္နလျှင်၊ သောကညှိုးပိန်၊ စိတ်မငြိမ်ကော၊ စိုးရိမ်မကင်း၊ သို့ဖြစ်ခြင်းကြောင့်၊ ချက်ချင်းမကြာ၊ ဗိုလ်ပါဆင်မြင်း၊ ဥယျာဉ်တွင်းက၊ အပြင်းလာလေ၊ ရတနာနန်းဘုံ၊ မိဖုရားတို့၊ ငါးရာစုံပါ၊ ပြာပုံကိုသည်၊ မြင်တုံလေသော်၊ ရွှေပြည်သနင်း၊ ဘုန်းသမ္ဘာနှင့်၊ အာဏာချင်းကော၊ မင်းမိပတိ၊ ဖြစ်တုံဘိလည်း၊ အမိနှင့်မူ၊ တူသည်မယား၊ သဘောထားနှင့်၊ မိဖုရားသာမာ၊ လှတောင်ညာကို၊ သာ၍ထမ်းပိုး၊ ဆယ်ဆတိုး၍၊ မြတ်နိုးတော်မူ၊ ရှိရှိကြငြား၊ မိန်းမများနှင့်၊ လားမတူကော၊ နန်းသူဥက္ကာ၍၊ သီလဟုန်ကော၊ ဂုဏ်ဒြပ်နှင့်၊ ညီညွတ်လက္ခဏာ၊ ငါးကလျာဖြင့်၊ ရတနာမိန်းမ၊ ကျမ်းရွှေစာတွင်၊ တော်လေးဝကော၊ ပြည့်ခလို့သာ၊ မဟုတ်သော်မူ၊ ငါ၏မယား၊ မိဖုရားလျှင်၊ တော်လေးပါးမှာ၊ တစ်ပါးဝင်လို့၊ သို့စင်လှချော၊ မောင်ကြင်သူလေ၊ ဖြူသဘောနှင့်၊ မိဖုရားဟောင်း၊ နန်းရဝေမှာ၊ နေနှင့်လသို့၊ မိန်းမကောင်းအား၊ အလောင်းကိုပင်၊ ငါဘုရင်လျှင်၊ မမြင်လိုက်ရ၊ ထွက်တုံလေသော်၊ မျက်ရည်ကျလို့၊ သောကပူမီး၊ ဣန္ဒြေကို၊ တည်ကြည်ထိန်းလည်း၊ မငြိမ်းပါနိုင်၊ ယိမ်းကာယိုင်လို့၊ မိန့်မှိုင်းတွေဝေ၊ အတန်နေ၍၊ ကြံစည်ဆင်ခြင်၊ ရွှေနန်းဆောင်၏၊ မီးလောင်ရေးကို၊ စစ်မေးကျင်သော်၊ အထင်အရှား၊ မီးမြိုက်သူလ၊ မိုက်လူများကို၊ သိကြားနိုင်ရန်၊ ဤအချက်တွင်၊ ခက်လှပြန်၍၊ မျက်မာန်ကိုချုပ်၊ ငါတစ်ဖန်လေ၊ ဟန်လျှင်လုပ်မှ၊ မဟုတ်တကယ်၊ ခြင်းဇာတိကို၊ သိနိုင်မည်ဟု၊ ကြံစည်ပြီးမူ၊ မိဖုရားမိုက်၊ ဤနန်းစစ်ကို၊ မီးတိုက်သူက၊ ထီးဖြူဆောင်းထိုက်၊ ကြောင်းသနစ်မှာ၊ မကိုင်ရှုပတ္တမြား၊ ဘုန်းတေဇာနှင့်၊ သမ္ဘာလင်းကော၊ ငါမင်းဖျားမှာ၊ မယားရန်သူ၊ ဖြစ်ခဲ့မူ၍၊ လွယ်ကူခုလျှင်၊ ယူကာငင်ကော၊ ကျူပင်ခုတ်လို့၊ ရန်ငုတ်စင်အောင်၊ သုတ်သင်သောသူ၊ ထိုသည်လူကို၊ ငါမူသိချင်၊ ဆိုလေကျင်သော်၊ အရှင်မသိ၊ မေ့အကြံနှင့်၊ စီမံဘိဟု၊ မိဂဏ္ဍီပင်၊ ဆိုကျင်တုံကော၊ ဖခင်ပုဏ္ဏား၊ ခပ်ရှားရှားဖြင့်၊ လာငြားပြီးခါ၊ ကျားခေါင်းမှာ၌၊ သန်းရှာသောသွင်၊ ဆောင်ရွှေထီးနှင့်၊ ပြည်ကြီးရှင်ကို၊ ကျွန်လျှင်ခုဝယ်၊ ရွှေနန်းဆောင်ကို၊ ပြောင်ပြောင်ညီးအောင်၊ မီးတိုက်သည်ဟု၊ လျှောက်လေသောခါ၊ ထိုရာဇာမှာ၊ တော်ပေသပ၊ ထိုက်လျော်ရာကို၊ ဆုတော်ချရန်၊ မိဘမျိုးဆွေ၊ သင်တို့ဝယ်၌၊ ရှိလေသမျှ၊ ကြွင်းမကျန်အောင်၊ မျိုးသိသတွင်၊ တစ်စ

မလပ်၊ အရပ်ရပ်၌၊ စပ်ကာဟပ်ကာ၊ ရင်းအချာပါ၊ တော်ရာသမျှ၊ ရောက်ကြလှ
အောင်၊ ၊ ခေါ်ပါတော့ဟု၊ မင်းလှရာဇာ၊ ဆိုသောခါလျှင်၊ မာဂဏ္ဍီမိုက်၊ မျိုးဉာတကာ၊
ရှိလေရာကို၊ ကြော်ငြာလိုက်က၊ ဆိုက်ကပ်မေမှာ၊ ငယ်ယောက်မက၊ ဘကြီး-ဘထွေး၊
မိထွေး-မိကြီး၊ အသီးသီးကော၊ မရီးတချို့၊ ဦးရီးတို့နှင့်၊ တချို့မှာသော်၊ ပုံလို့ဝေးငြား၊
မကွဲပြားဘဲ၊ မျောက်သားတော်လို့၊ ကျွန့်မှာအစ်မ၊ ကျွန်တလီလျှင်၊ သူ့ညီမဟု၊
ပေါင်မဘီဘိုး၊ ကောင်းအဆိုးကော၊ အမျိုးကြီးငယ်၊ သေလိုသူလေ၊ လူငမျောက်တို့၊
ရောက်ကြသည်လေ။

ရောက်ကြလေကော၊ မျိုးဆွေအစစ်၊ ဖြစ်သူကရှား၊ မစစ်သူလေ၊ လူလျှင်များ
လို့၊ အလားပုံဆောင်၊ ကျားကိုက်နွားမှာ၊ တောစယောင်သို့၊ မီးလောင်ကံထိုက်၊
မကောင်းမှုကော၊ ဒုစရိုက်နှင့်၊ လူမိုက်လူဆိုး၊ လူမရိုးကော၊ သူခိုးသူဝှက်၊ ဘိန်းဘင်း
လည်းရှု၊ တချို့သူတို့၊ ဝမ်းပူကြွက်နှင့်၊ ရွှက်ပျက်ရွှက်ဆိုး၊ အမျိုးမျိုးကော၊ ပိုးထိုး
လောက်ကိုက်၊ လူမိုက်များစွာ၊ ဝေးရပ်ရွာက၊ တစ်ခါရုံထူး၊ ရုပ်ပိုင်ပြင်ကို၊ မမြင်ဖူးဘဲ၊
ထူးထူးထွေထွေ၊ ရောက်လှာပေ၍၊ မျိုးဆွေတော်ကြ၊ မဟာယကော၊ မိဘ ဘိုးဘိုး၊
နွယ်အရိုးဟု၊ ဆွေမျိုးခုနစ်ဆက်၊ စဉ်မပျက်ဘဲ၊ အုတ်ကျက်များစွာ၊ သေမင်းရွာကို၊
ရှာကာစစ်တွယ်၊ ရွှေ့တော်မျောက်သို့၊ ရောက်ကြလေသော်၊ ရွှေပြည်သခင်၊ ဘုရင်
ရာဇာ၊ မာဂန်မေကို၊ မျိုးဆွေကြားမှာ၊ ထားပြီးခါမှ၊ ဘရဝါယောက်ျား၊ သူသတ်မောင်
လေ၊ ထောင်မှူးများတို့၊ မိဖုရားဒေဝီ၊ မာဂဏ္ဍီလျှင်၊ သံထီလည်းညစ်၊ ခွေးထက်သာ
ကော၊ တစ်ပွာမိုက်လျက်၊ အပြစ်အကျိုး၊ ပေါင်းနှစ်မျိုးကို၊ ကောင်းဆိုးမသိ၊ သူ့အဖပါ၊
မဒိဋ္ဌိကို၊ မျိုးစေ့တောင်မှ၊ မကျန်ရအောင်၊ မိဘမျိုးဆွေ၊ တကုရှိအား၊ အညီခုဝယ်၊
ဆုတော်ကြီးကို၊ ပေးရမည်ကား၊ မသေအရှင်၊ ခုမျက်မြင်ပင်၊ မြို့ပြင်သို့ထုတ်၊
ခြေလက်ချိုင်ပျာ၊ လည်လောက်မြှုပ်၍၊ ငုတ်တုတ်ထားထွေ၊ ရှားမီးကြီးကို၊ ဆုပေးလေ
ဟု၊ ရွှေပြည်မင်းမြတ်၊ အမိန့်တော်နှင့်၊ အာဏာစက်ကို၊ တစ်ချက်လွှတ်၍၊ ဆုံးဖြတ်
ကာပေး၊ ထိုအခါမှ၊ ငိုကာကြွေးကော၊ သဲသဲသောင်းသောင်း၊ ချစ်ကြိုးနွယ်ကော၊ မျိုး
ဆွေပေါင်းနှင့်၊ အလောင်းမသာ၊ မျိုးမတော်ဘဲ၊ လိုက်လာတုံငြား၊ အကြင်သူလေ၊
လူအများမှာ၊ အလကားသာ၊ ပုဏ္ဏားတို့နှင့်၊ မျိုးမတော်ပါ၊ တချို့မှာက၊ ငါတို့မဟုတ်၊
အလိုလိုလေ၊ ဆိုကာလုပ်ဟု၊ တုန်လှုပ်လဲပြို၊ အကျွန်ုပ်တို့၊ ဆုမလိုပါ၊ ထိုအခါတွင်၊
ဆိုကာငြင်းလတ်၊ အချင်းချင်းလျှင်၊ ရုန်းရင်းခတ်က၊ ထောင်ကွက်အာဏာ၊ ဘရဝါ
တို့၊ ဖမ်းကာနှောင်ခတ်၊ လဲပြိုကာဖြင့်၊ ပြေးကာပုန်းကော၊ ရုန်းမလွတ်အောင်၊ သတ်
ခတ်ထုထောင်း၊ မျိုးဆွေဟူကော၊ ထိုသူများအား၊ နွားကိုမောင်းယောင်၊ သောင်း
သောင်းမွမ်းဖြင်၊ ဆောင်လေကျင်ကော၊ မည်တွင်သညီ၊ မာဂဏ္ဍီကို၊ အရေတစ်ထပ်၊

တွတ်တွတ်နီကော၊ ကြွေကာကျအောင်၊ ကြိမ်သတ်ပြီးလျှင်၊ ထုတ်လေကျင်ကော၊ မြို့ပြင်
ရောက်ခါ၊ မြေမျက်နှာမှာ၊ နက်စွာတွင်းများ၊ တူးတုံငြား၍၊ ချထားအညီ၊ ဖမ်းယူ
မြောက်ကော၊ တစ်ယောက်စီလျှင်၊ အိမ်တိုင်သဏ္ဍာန်၊ သဲမြေထီးဖုံး၊ ခေါင်းတစ်လုံး
စီ၊ အုန်းသီးဟန်သို့၊ စီမံပြီးထွေ၊ မသေခင်လေ၊ မြေတွင်အုပ်ကော၊ မြှုပ်ထားရေလေ။

မြှုပ်ထားလေကော၊ မသေမရှင်၊ တန်းကြီးတင်လို့၊ မျက်မြင်ဆင်းရဲ၊ ကြွေးငို
သံလေ၊ ညံမစဲဘဲ၊ ပွဲမဏ္ဍပ်အောက်၊ ခေါင်းပေါ်ပုံလေ၊ ခုံတောက်ဆောက်သို့၊
ကြောက်လျက်နှင့်ပေ၊ တချို့သေလို့၊ ငိုရယ်မလွတ်၊ ရှေးကြမ္မာလေ၊ ပါသည်ဝဋ်
ကြောင့်၊ သူသတ်ဘရဝါ၊ သူတို့မှာလည်း၊ အပေါ်ကဖြိုး၊ ကြောက်စနိုးဖြင့်၊ ကောက်
ရိုးနည်းငယ်၊ ခေါင်းအားလုံးကို၊ ဖုံးတုံပေ၍၊ လယ်မြေထွန်တပ်၊ မကျန်တလူ၊ ထိုသည်
သူတို့၊ ချေးအူချေးသည်း၊ သွေးရဲရဲနှင့်၊ ပေါက်ကွဲသည်ဖြစ်၊ ယမ်းခင်းပြီးလျှင်၊
မီးနှင့်တိုက်က၊ စင်စစ်မှန်စွာ၊ မကျန်ရအောင်၊ ခန္ဓာပြတ်စဲ၊ တောင်ယာပြင်မှာ၊
သစ်ပင်ခုတ်ကော၊ သစ်ငုတ်လဲသို့၊ ပြတ်စဲခန္ဓာ၊ ကုန်လေပါကော၊ မာဂဏ္ဍီလှ၊ မိုက်ချက်
သန်၍၊ အလွန်ယုတ်ကော၊ မိပုပ်မကို၊ လင်လှမင်းကျော်၊ အမိန့်တော်နှင့်၊ ကြီးစွာဆု
သည်၊ ချကြပေ၍၊ အရေကိုခွာ၊ ချင်းခန္ဓာက၊ တပွာအသား၊ လှီးယူငြားလို့၊ ဆားနှင့်
လိမ်းကျင်၊ မီးတွင်ကင်လေ၊ အရှင်ရဲရဲ၊ မသေခင်လေ၊ ရင်ကိုခွဲလျက်၊ အသည်းကိုယူ၊
ခွေးကိုလှူ၍၊ အအူအဆုတ်၊ သူ့ခန္ဓာက၊ ယူကာနုတ်လို့၊ နုပ်နုပ်စဉ်းကား၊ ဆီနှင့်ကြော်
ကော၊ ကျီးစာကျွေးကျင်၊ လောကခွင်မှာ၊ မျက်မြင်ဆင်းရဲ၊ ဤသို့နည်းဖြင့်၊ ငရဲအပါယ်၊
သူလျှင်သေကော၊ ဆိုဖွယ်မရှိ၊ များလူရှင်တို့၊ မြင်အသိကို၊ သတိထားပါ၊ ထိုအခါ၌၊
ရာဇာဥဒိန်၊ မာဂဏ္ဍီကို၊ စဉ်းတီတုံးနှင့်၊ သင်ပုန်းချေ၍၊ ကျေတုံပြီးမှ၊ မေဘတ္တာလေ၊
ပါသုလနှင့်၊ နရဘုန်းလူ၊ ကောသမ္ဗီကို၊ ခွန်ဆီမိုးကော၊ စိုးတော်မူရေ၊ ရှင်လူမှတ်ပါ၊
မိသာမာလျှင်၊ အရိယာစစ်၊ ငါးရာစုံလေ၊ အကုန်ဖြစ်လျက်၊ ခုတကယ်လေ၊ ဘယ်
အတွက်ကြောင့်၊ သေချက်မလှ၊ ရောင်ညီးအဟုန်၊ လောင်မီးပုံနှင့်၊ သေတုံရဟုများလှ
သံဃာ၊ ကျောင်းတော်သာမှာ၊ ကြောင်းရာစကား၊ ပြောဟောသံကို၊ ကြားပြန်ငြား
သော်၊ ဘုရားမြတ်မွန်၊ သံဃာများကို၊ ဟောခြင်းဟန်က၊ လွန်လေရှေးခါ၊ ပြည်ဗာ
ရာတွင်၊ ငါးရာခြွေရံ၊ နန်းဗိမာန်၌၊ ပျော်စံနေပြီး၊ မင်းသမီးနှင့်၊ ချမ်းငြိမ်းသာကြည်၊
တစ်နေ့ဝယ်၌၊ လှည့်လည်သွားလာ၊ မြစ်ပင်လယ်မှာ၊ ရေကစား၍၊ ချမ်းငြားလေတုံ၊
လမ်းတောချုံ၌၊ မီးလှုံအံ့ငှာ၊ တိုက်လေပါကော၊ ပစ္စေကာရှင်မြတ်၊ ထိုတောရပ်တွင်၊
သမာပတ်ဝင်ကာ၊ ကျောင်းဝိဟာလျှင်၊ လောင်ကာကျွမ်းကြင်၊ မြတ်ရှင်ပင်ကို၊ မြင်
လေသောခါ၊ ဖပီတာ၏၊ ဆရာဖြစ်ကျင်၊ ဤကြောင်းအင်ကို၊ သိမြင်တုံလတ်၊ ငါတို့
မှာလေ၊ ရာဇဝတ်ကို၊ မလွတ်နိုင်ရာ၊ သို့တွက်တာကြောင့်၊ ဝိပါက်ပြစ်ဒဏ်၊ ခုဘဝ၌၊

ခံရဟန်ကို၊ မြတ်မွန်ဘုရား ရွှေနှုတ်တော်က၊ ထုတ်ဖော်ဟောသည်၊ တရားကျမ်းဂန် ညွှန်၏တည်းလေ။

တရားမယေကျမ်းဂန်၊ လမ်းအမှန်ဖြင့်၊ ပြည့်ညွှန်ဟောရာ၊ သံဃာများတို့၊ ကြား ပါရကေ၊ အထိန်းတော်ချုပ်၊ ရံငါးရာမှာ၊ ပေါ်ကအုပ်ကေ၊ ခုဇ္ဇုတ္တရာ၊ တစ်ယောက် မှာ၌၊ လေးဖြာယုတ်မြတ်၊ ဆိုးအကောင်းတို့၊ ကြောင်းထုပ္ပတ်ကို၊ အတပ်သိချင်၊ များသံဃာတို့၊ ထံတော်မှောက်မှာ၊ လျှောက်လေကျင်ကေ၊ ငါ့ရှင်အများ၊ ဘိက္ခဝေ လေ၊ ထေရ်ချစ်သားတို့၊ ရှေးသရောခါ၊ ဗာရာမည်ကေ၊ တည်သမိုင်းနှင့်၊ တိုင်းအောင် ချာတွင်၊ ခုဇ္ဇုတ္တရာမ၊ ရှေးဘဝက၊ မောင်းမမိဿံ၊ နန်းဝေယံမှာ၊ ခြွေရံကျွန်မ၊ ဖြစ်ကာလ၌၊ ပြဟ္မဒတ္တရာဇာ၊ တစ်ရံခါ၌၊ ပစ္စေကာရှစ်ပါး၊ မြတ်ဘုရားအား၊ ဆွမ်းစားဖိတ်ကာ၊ နန်းတော်ထဲ၌၊ ကျွေးမွေးရာတွင်၊ ပစ္စေကာရှစ်ပါး၊ မြတ်ဘုရား အား၊ ဆွမ်းစားဖိတ်ကာ၊ နန်းတော်ထဲ၌၊ ကျွေးမွေးရာတွင်၊ ပစ္စေကာတစ်ပါး၊ ကျောက်ကုန်းတော်လေ၊ ကိုင်းကာညွတ်ကေ၊ မြတ်ဘုရားလျှင်၊ ပါငြားတုံထွယ်၊ ဆွမ်း ပန်းကိစ္စ၊ ကျွေးမွေးကြလို၊ ကြွသွားလေသော်၊ ညနေရောက်ခါ၊ နန်းဘုံသာ၌၊ ခုဇ္ဇုတ္တ ရာအလောင်း၊ ပျိုတော်ဟူကေ၊ နန်းသူပေါင်းကို၊ စုဆောင်းမြူးပျော်၊ ရယ်စရာဟု၊ ကမ္ဗလာဝတ်လုံ၊ သင်္ကန်းရုံသို့၊ လွှမ်းခြုံဝတ်ကာ၊ သူ့လက်မှာလျှင်၊ ဖက်ကာလည်းထား၊ သပိတ်သဖွယ်၊ သုဝဏ္ဏောလေ၊ ရွှေဖလားနှင့်၊ ကြွသွားဆွမ်းခံ၊ ပုံသဏ္ဍာန်သို့၊ အဟန် ပြုငြား၊ ရှင်ပစ္စေကာ၊ ပုံပမာသို့၊ ကုန်းကာသွားလို့၊ ပြငြားတုံထွယ်၊ အကုသလ၊ ဝိပါကကြောင့်၊ ဘဝဝယ်၌၊ ငယ်ခါကစ၊ သူ့ကျောက်ကုန်းလျှင်၊ ကုပ်ကုန်းရလို့၊ ဂုမ္ဗတွင်ထွယ်၊ ခုဇ္ဇုတ္တာဟု၊ နာမမည်ရေ၊ ရှေးထုံးဟောင်းကေ၊ အကြောင်းမှာကား၊ ဘဂဝါလူ့ဘ၊ တူမမျှသည်၊ ကဿပမြတ်စွာ၊ လက်ထက်မှာ၌၊ ဥစ္စာကြွယ်ဝ၊ သူဌေး ကြီး၏၊ သမီးလှလျှင်၊ ဖြစ်ရသောခါ၊ သူနှင့်မူလေ၊ ရွယ်တူမြောက်ကေ၊ တစ်ယောက် မှာက၊ အိမ်ရာမထောင်၊ လူတို့ဘောင်ကို၊ ခွာရှောင်ပြီးမှ၊ ဘိက္ခုနီလေ၊ ထေရီမလျှင်၊ ပြုထပြီးခါ၊ ဖိုလ်မဂ်ရလို့၊ ကာလကြာသော်၊ ခုဇ္ဇုတ္တရာအလောင်း၊ ငယ်ကပေါင်း၏၊ စံညောင်းပျော်မှီ၊ ဂေဟာအိမ်သို့၊ ကြွချီရောက်လိုက်၊ ငယ်ကပင်လေ၊ ကျွမ်းဝင်ဖြစ်၍၊ ကြုံကြိုက်ဆည်းတွင်၊ တန်ဆာဆင်ကေ၊ အရှင်မကောင်း၊ ကမ္ဗလာငြေလ၊ တန်ဆာ မြတ်နှင့်၊ အဝတ်တောင်းကို၊ ပြောင်းလို့ဆိတ်ဆာ၊ ကန်တော့ပါ၏၊ ယူကာလှမ်းကေ၊ ကမ်းစမ်းပါဟု၊ တောင်းခါကာလ၊ ရဟန်းမက၊ တွေးဆဆင်ခြင်၊ သူခိုင်းခဲ့လို့၊ မပေး လျှင်လေ၊ မာန်ဝင်ဒေါသ၊ သူလျှင်သေသော်၊ ပါယ်ငရဲမှာ၊ ဇောက်ဆွဲကျမည်၊ ပေးထ အမှန်၊ ခိုင်းစေမှုကို၊ ငါပြုပြန်လည်း၊ သူ့ကျွန်စင်စစ်၊ ဘဝပေါင်းမှာ၊ ရှည်လျားစွာ လေ၊ ငါးရာဖြစ်မည်၊ မြင်သိလေ၍၊ ပါယ်ငရဲ၌၊ ခံရဟန်ထက်၊ ကျွန်အဖြစ်လျှင်၊ အပြစ်သက်သာ၊ ဂရုလဟု၊ ထိုနှစ်ခုကို ထောက်ရှုကာဖြင့်၊ ခိုင်းရာအရေး၊ အဝတ် တောင်းကို၊ ပြောင်းကာပေး၍၊ ငရဲကပင်၊ လွတ်တုံကျင်လည်း၊ ဆင်ခြင်မနိုင်း၊ သီလဆင်ဖြူ မြတ်သောသူကို၊ ဝန်ယူခိုင်းလို့၊ ဘဝတိုင်းမှာ၊ အစေခံလေ၊ ကျွန်မိန်းမ လျှင်၊ ဖြစ်ရပါရေ၊ ပစ္စေကမထေရ်၊ သပိတ်ခြေသို့၊ ဆင်စွယ်သက်ချင်း၊ စိတ်ကြည်ဖြူ နှင့်၊ လှူတုံခြင်းကြောင့်၊ ရှင်ရင်းဟောရွတ်၊ ပရိယတ်ဟု၊ ပိဋကတ်တော်သုံးပုံ၊ ပရမတ် ကို၊ ကပ်တော်မူဟု၊ မှတ်ယူကြပါ၊ သောတပန်လေ၊ မှန်စင်စစ်ကေ၊ ဖြစ်ခြင်းရာကား၊ ပစ္စေကာအထွတ်၊ ထံတော်မြတ်၌၊ ဆည်းကပ်ပြီးခါ၊ ပညာဉာဏ်လေ၊ ရင့်သန်ရေး ကို၊ မေးမြန်းကာဖြင့်၊ ဝိဇ္ဇာဘက်က၊ ဆည်းပူးခလို့၊ ပထမဖလဌာန်၊ တရားတော်ကို၊ နားမှာကြားလို့၊ သောတာပန်ဟု၊ ဓမ္မပဒ၊ ဋ္ဌကထာမှာ၊ ဖော်ကာပြကေ၊ များလှတုံ ရှောင်း၊ ဖတ်နာသူလေ၊ သြော်လူပေါင်းတို့၊ အကောင်းအဆိုး၊ ပေါင်းနှစ်မျိုး၏၊ ကြောင်းကျိုးကိုရှု၊ ပေါင်းလေးခုတွင်၊ ဒုကိုကပစ်၊ သုကိုလိုက်လို့၊ မှတ်ထိုက်သောသူ၊ ဤကြောင်းရေးကို၊ နည်းနာယူဟု၊ ကြည်ဖြူစေတနာ၊ ကျွန်ဆရာထွန်း၊ စာပေကျမ်း နှင့်၊ ညွှန်းလို့မှာလို၊ ဒုရာဇီဝ၊ ဒုပါပကို၊ ရောင်ကြတုံပါ၊ ဆရာလုပ်သည်၊ ကျွန်ုပ်မှာ ၌၊ သမ္မာဇီဝ၊ ပဥ္စင်္ဂီလေ၊ ကျင့်သီလနှင့်၊ ညီမျှစေကြောင်း၊ များလူဗိုလ်တို့၊ ဝမ်းကို ကျောင်းလည်း၊ မကောင်းသက်မွေး၊ ဒုစရိုက်နည်းကို၊ ဝေးစွာပယ်ရှား၊ အားလပ်ခါ ဝယ်၊ စာပြောဟောလို့၊ အများခေါ်ဝါ၊ ထွန်းဆရာဟု၊ သညာအစစ်၊ ပညာဉာဏ် လေ၊ စွမ်းသန်ရေးကြောင့်၊ တစ်နည်းဖြစ်လို့၊ သနစ်သနာ၊ စစ်ကာရှာသော်၊ ကဗျာ သာခြင်း၊ ဉာဏ်ရင့်သူလေ၊ လူတို့နားမှာ၊ စကားဖျင်းကို၊ ပယ်ခြင်းပြီးလျှင်၊ ဤကဗျာ သို့၊ စီကာခဲ့၍၊ မဖွဲ့ချင်လည်း၊ လင်္ကာစကားပြေ၊ ကျဉ်းအကျယ်လျှင်၊ သေသေသပ် သပ်၊ ထုံးပုံစံလေ၊ မှန်ညီညွတ်အောင်၊ စပ်ဟပ်စီရင်၊ ဆရာခံကေ၊ အကျွန်ုပ်လျှင်၊ ပြုလုပ်ချင်လည်း၊ အကြင်ရှင်လူ၊ ခိုင်းသူမရှိ၊ သို့ဖြစ်ဘိ၍၊ ဇာတိသနစ်၊ ခေတ်အလိုက် ဖြင့်၊ နှိုက်ချစ်ရာရာ၊ ဤကဗျာကို၊ စီကာကုံးလိုက်၊ သက္ကရာဇ်ကား၊ ဇက်ဒွေးအင်္ဂ သတ်၊ မိုးဝသန်လေ၊ ရွာသွန်းညှင်းကေ၊ သီတင်းကျွတ်၌၊ စပ်ဟပ်စီကုံး၊ ပြီးဆုံးခြင်းသို့၊ ရောက်လတ်တေလေ။

## ကဗျာအစ–နိဒါန်း

ရာမသီတာ၊ ဤကမ္ဘာမှာ ညီတော်လက္ခဏာ၊ ဒသဂီရိ၊
ရှေးအတိက၊ ဝိပရိဖြစ်သမျှကို၊ သနစ်ကျ၊
သာခြင်းကဗျာဖြင့်၊ နားတော်သွင်းပမာ၊ အထက္က
မူလကဲ့သို့၊ ရက္ခပူရပြည်ရခိုင်၏၊
နယ်ခရိုင်လူ့ခေတ်ဘောင်တွင်၊
ဦးရာဇ်တောင် ရွှေကျွန်း၌၊
မြေကြွင်နှန်း တန်ခိုးရှာက
မျိုးမြန်မာ၊ ဆရာထွန်းသည်၊
ကဗျာဆန်းဖွဲ့စီကာဖြင့်၊
မယ်သီတာလောင်းရာမတို့ကို၊
အပေါင်းသဟာယ အမျိုးသားတို့အား၊
တိုးပွားကာ ဗဟုသုတရှိကြစေဖို့၊
ယခုဒိဋ္ဌ အကြောင်းကဗျာ ပြလိုက်သော

# အလောင်းတော်ရာမသာခြင်း

**မူဟောင်း**

# ကြော်ငြာစာ

ရာမအိန္ဒြောင်၊ သုထော်နုဘုန်းခေါင်၊ ငွေတောင်ကိန္နရာ၊ သီတာကို ဆောင်ယူသောစကား၊ ဘဒရနောင်ညီမျိုး၊ စစ်ထိုးသောစကားတို့သည်၊ ဘုရားဟောဒေသနာမှ၊ ပေလာယအပ၊ ဇင်းမေပဏ္ဏာသ၊ ဗာဟီရကျမ်းအလာဖြင့်၊ သမ္ဘဖလာပ၊ ဝဇနအစစ်၊ ဖြစ်လင့်ကစား၊ ဓမ္မပသညီတော၊ ဂီတောဝတ္တတိ၊ ဂီတုဂသညီတော၊ ဓမ္မောနိတ္တတိ။ အစရှိသောပါဠိဖြင့်၊ မိမိသာမူလ၊ နာတတ်က-ဘာဝနာ၊ မနာတတ်မှ-တဏှာ၊ လိမ္မာလျှင်-အဖိုးထိုက်၊ မလိမ္မာလျှင်-အဆိုးဖြစ်၊ နှိုက်ချစ်က-ပျားသကာ၊ မနှစ်ချစ်မှ၊ ခါးတမာဟု၊ စကားအလာပေါရာဏ၊ ဝေါဟာရရှိသည်နှင့်အညီ၊ ဤရာမဝတ္ထုသနစ်ကို၊ ဦးရာဇ်တောင်ကျွန်း၊ တန်ခိုးရွာ ဆရာထွန်းသည်၊ အကန်းအဆွံ့၊ မစွမ်းမသန်သူတို့အတွက်၊ အသက်မွေးရန်အလို့ငှာ၊ သာခြင်းဖွဲ့ကဗျာဖြင့်၊ ချဲ့ထွင်ကာ စီရင်လိုက်သည်ကို၊ မြို့စစ်တွေကနေ၊ ဆိုင်သည်တို့က၊ ပထမတစ်ကြိမ်၊ ဒုတိယတစ်လီဖြင့်၊ ဟံသာဝတီမြို့ ရန်ကုန်က၊ ပုံနှိပ်ထုတ်၍၊ စာအုပ်ပေါင်းနှစ်ထောင်ကျော်၊ ကုန်လေပါသော်၊ ဖွေရှာစေ့င၊ ဝယ်ကာမရသောကြောင့်၊ တောင့်တခြင်းမပြေ၊ ရှိကြပေ၍၊ မြို့ရွှေတွေ အောက်ဈေးတန်း၌၊ ခွဲခြမ်းသတ်မှတ်၊ ဆိုင်နံပါတ်(၃၂-၃၃)ဖြင့်၊ စိတ်နှလုံးမနောက်လှသော၊ မောင်ကောက်ရ၊ ထိုမှတစ်ရပ်၊ ဆိုင်နံပါတ်၊ (၃၆-၃၇)ဖြင့်၊ မှတ်စိုက်တည်ထောင်၊ ကုန်စုံဆိုင်သည်၊ မောင်မောင်တို့က၊ အတ္တဟိတ အကျိုးများထက်၊ အာနတ္ထိက အမျိုးသားတို့၊ ပရဟိတ တိုးပွားအောင်၊ အဖိုးများကုန်ကျလျက်၊ ဤရာမသာခြင်းကို၊ ရေးစီရင်း ဆရာထွန်းထံမှ၊ ကာရန်ဝါကျ၊ ပုဒ်ပါဒတို့၊ ယုတ်လျော့ယိုယွင်း၊ မတူခြင်းကြောင့်၊ မူရင်းမူဟောင်း၊ တိမ်းစောင်းယိုယွင်း၊ ချို့တဲ့ခြင်းတို့ကို၊ ထည့်သွင်းစိစစ်၊ အပြီးဖြစ်အောင်၊ အသစ်ထပ်မံ၊ ကာရန်သင့်စွာ၊ ရှေ့ရှေ့မူကို၊ ရေးယူကာဖြင့်၊ အက္ခရာအစုံစကြာရုံကဲ့ သို့၊ ရန်ကုန်မြို့၊ ပုံနှိပ်တိုက်မှ ရိုက်နှိပ်၍၊ ရောင်းနေပါသည်၊ ဝံသာနုရက္ခိတဖြစ်သော၊ ရက္ခမဏ္ဍိုင်၊ ရွှေခိုင်ပြည်သူ၊ လွယ်တကူဖြင့်၊ ဝယ်ယူဖတ်ရှုတ်ရန် အကြောင်းကို၊ ကြော်ငြာမောင်းတီးလိုက်ပါသည်၊ ပြည်ကြီးသူမိတ်ဆွေအပေါင်းတို့။

# မခွဲစပ်ဘဲ–တေးထပ်ကျိုး

မျှားသူငါ ရေးစပ်သည်၊ ခဲမကပ်ဟိုကဗျာ၊ တေးထပ်လို့ဆိုတာမှာ၊ လိုရာကို ဖွဲ့နှုန်း၊ လောင်းရာမ သာခြင်းစာကို၊ ထွန်းဆရာဆန်းကာဖြင့်ကုံး၊ တိုင်းရက္ခပြည် ရခိုင်မှာ၊ နယ်ခရိုင်ရပ်လုံး၊ ဗွေမဏ္ဍိုင်ပတ်ကုံးမှာဖြင့်၊ ဖတ်သုံးရလေအောင်၊ ရှင်သီတာခင်တစ်ပါးကိုလား၊ စျာန်ရထား တင်ပြေားယူဆောင်၊ မင်းရာမညီနောင်မှာ၊ လေးစွန်တောင်ထမ်းပါလို့၊ မှော်ရုံလမ်းဟေမာန်ဗွေချာ၊ လှမ်းလျှောက်လို့ရှာ၊ လွမ်းအဆွဲ-ကွယ့်အကွာကို၊ တေးကဗျာ ညွန့်ပါလို့လေး။ ကျွန်ုပ် ဆရာထွန်းသည်၊ လင်္ကာမော်ကွန်းမှစ၍၊ အဆန်းအရိုး၊ အမျိုးမျိုးသောတေးခြင်း၊ သာခြင်း၊ နားတော်သွင်းကဗျာ၊ ဟောစာပြဇာတ်၊ နိမိတ်ရာဇဝင်၊ လိုချင်သမျှ၊ စီရင်၍ ပေးနိုင်ကြောင်းကို၊ ရွှေခိုင်ပြည် မိတ်ဆွေ အပေါင်းတို့အား၊ ကြော်ငြာမောင်းခတ်လိုက်ပါသည်။

# ကဗျာအစ ပဏာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ။ဖယျန္တူ။ ။ ရတနာမယေမဥ္ဇူ မွေးပျံ့ကြူကော၊ နတ်လူမကိုင်မှု၊ ငါးပါးမာန်အောင်၊ ဗောဓိညောင်တွင်၊ ခြောက်ရောင်လင်းကော၊ မင်းဆုံးဖြတ်လျက်၊ ဓမ္မရာဇ် အထွတ်၊ မြတ်ထက်မြတ်ကော၊ တမွတ်ရတနာ၊ ဘဂဝါဟု၊ မဟာဓိပတိ၊ အဂ္ဂေါပုဂ္ဂလံ၊ အရဟံလေ၊ သမ္မာဓိဟု၊ သီရိဖေယိန်၊ အကြိမ်ကြိမ်ကော၊ အစိန္တေယျ၊ ကိုးနဝဂုဏ်၊ ပြည့်ဖြိုးစုံကော၊ သုံးဘုံနတ်ဟု၊ မြတ်သကျနှင့်၊ ဓမ္မစကြာ၊ ဘိဓမ္မာကော၊ အရိယာစစ်၊ သုဒ္ဓိဖြူစင်၊ မြူမတင်လေ၊ မျှင်မသန်းကော၊ စွမ်းမညစ်ဘဲ၊ မဂ်၌တည်ခို၊ ထေရ်ပုဂ္ဂိုလ် ကော၊ ဖိုလ်၌လေးပါး၊ မုနိရတနာ၊ အရိယာလေ၊ သံဃာများနှင့်၊ သုံးပါးရတနာ၊ မြတ်သုံးဖြာကို၊ သုံးခါဦးချ၊ ကာယဝစီ၊ မနောချီပျာ၊ သုံးကြိမ်ပြုကော၊ ဆံဦးလျှော့လို့၊ ကန်တော့ပြီးမှ၊ လေးရောင်စိုလေ၊ မြင်းမိုရ်ဦးသို့၊ တုမမျှကော၊ မွေးဖမွေးမိ၊ မြတ်ဆရာ လေ၊ အာစရိကို၊ မနသိကံ၊ ကျွန့်ထိပ်တွေလေ၊ ကေဆံထုံးမှာ၊ ပန်းကုံးဟန်သို့၊ ဆင်ပန်ပြီးမှ၊ မိဘဆရာ၊ ရတနာကို၊ ဂါရဝဖြင့်၊ ဘယအန္တရာယ်၊ သန့်စင်ကြည် အောင်၊ ကာကွယ်ထိပ်မိုး၊ ထုံကေဆံမှာ၊ ပန်ရှိုးခိုး၍၊ အကျိုးနိသံ၊ ယခုတစ်ခဏ၊ ပြုသမျှကော၊ ကုသလကံကြောင့်၊ ဉာဏ်ဝစန၊ စီကုံးဆိုသော်၊ လိုတိုင်းရလို့၊ ရာမလောင်းတော်၊ လှသီတာနှင့်၊ ညီတော်လက္ခဏ၊ ပြည်ကခွာရှောင်၊ မေနှင့်မောင် လေ၊ ညီနောင်လှတို့၊ တောဝမှော်ရုံ၊ မြိုင်ရဂုံတွင်၊ ခိုလှုံပျော်ပါး၊ သိဃ်ပြည်က၊ စွယ်ခေါခေါနှင့်၊ သားစားလည်းကြူး၊ တန်ခိုးပါရမေ၊ လွန်ကြီးကျယ်ကော၊ ခေါင်းဆယ် လုံးဟု၊ ဘီလူးရာဇာ၊ မေသီတာကို၊ ချီကာဆောင်သွား၊ လေယာဉ်ပျံလေ၊ ဈာန်ရထား နှင့်၊ ခိုးငြားယူရှောင်း၊ အလောင်းတော်လေ၊ ရာမဇာတ်ဟု၊ ဝတ္ထုဟောင်းကို၊ အပေါင်း ရှင်လူ၊ ရွှေပြည်သူတို့၊ ဝယ်ယူတုံမြို့၊ တချို့ဖတ်ကာ၊ တချို့နာပျာ၊ ဤသာခြင်းနှင့်၊ အပျင်းပြေလျှင်၊ ဖြေကြဖို့လေ၊ တချို့လူရှင်၊ မျက်မမြင်တို့၊ သက်ရှင်စေရေး၊ သာခြင်း သာယာ၊ အရွာရွာမှာ၊ ဆိုကာကြွေးလို့၊ သက်မွေးလိုသူ၊ လွယ်တကူလျှင်၊ ဝယ်ယူပြီး မှ၊ ဖိုးသက်သာနှင့်၊ သင့်ပါရအောင်၊ ရာမလောင်းတော်၊ ဖြစ်ကြောင်းရာကို၊ ကဗျာ မောင်ကွန်း၊ တန်ခိုးနေပျော်၊ မည်သညာနှင့်၊ ဆရာထွန်းလျှင်၊ မကြီးမကျယ်၊ နိဒါန်း သွယ်လို့၊ ဆန်းကြယ်စုရုံး၊ စကားတန်ဆာ၊ ပန်းမာလာသို့၊ စီကာကုံးလို့၊ တိုင်းလုံး မွှေးကြည်၊ ပြည်ရခိုင်မှာ၊ ကြိုင်မဆုံးအောင်၊ ကုံးလိုက်မည်လေ။

၂။ ပဏာမကေတပ္ပ၊ အာသီသဖြင့်၊ ဂီတကဗျာ၊ ဇောဝသီနှင့်၊ လောကီသားတို့၊ နားတန်ဆာကို၊ ကြားနာကြစေ၊ နှုတ်သံချိုနှင့်၊ ထုတ်ဆိုပြုကော၊ ကျူးလိုက်မည်က၊ သပြေဒီပါ၊ တပြောင်ပြောင်လေ၊ မြရောင်ထွန်းကော၊ တောင်ကျွန်း ချာကို၊ ဘယ်ညာ ပတ်ဝန်း၊ တပ်ဟန်ပမာ၊ ခြံရံကာကော၊ ငါးရာကျွန်းတွင်၊ ဦးစွန်းတ မွတ်၊ မြတ်စိတ္တေ လေ၊ သဗ္ဗညုကော၊ သုံးလူနတ်၏၊ မြတ်သာသနာ၊ ဓာတ်မွေတော်တို့၊ တည်ကာဖြစ် ထွန်း၊ လက်ာဒီပ၊ မည်နာမနှင့်၊ သီဟဠဆို၊ စိမ်းမြညိုကော၊ ထိုသည် ကျွန်းကို၊ စံမြန်း စိုးရ၊ ဝဏ္ဏမျက်ကျယ်၊ အသက်ရှည်ကော၊ မည်နာမနှင့်၊ ယက္ခမဟာ၊ တရာဇာဟု၊ အာဏာထန်ပြင်း၊ လွန်ကြီးကျယ်ကော၊ စွယ်ရောင်မြူးလို့၊ ဘီလူးမင်းမှာ၊ နှင်းသည် တောင်ညာ၊ ဆောင်နန်းပျော်ကော၊ ဂဏ္ဍာမုက္ခ၊ အစီအပြောင်၊ သောင်း ခြောက်ထောင်တွင်၊ လှခေါင်ကျူးကော၊ ဘီလူးမနှင့်၊ နာဂရသာစည်၊ သိဃ်ပြည်ကို၊ စိုးသည်ကာလ၊ နန်းမွေခံလေ၊ ဇကန်ရှားကော၊ သားမရလို့၊ ပုတ္တစီတာ၊ များမကြာခင်၊ ရပါလိုကြောင်း၊ နတ်တကာကို၊ ပန်ထွာပြုပျာ၊ သားဆုတောင်းက၊ အကြောင်းသင့်စွာ၊ ပြဟ္မာရွာက၊ ခန္ဓာအာယန၊ ရုပ်ကာယိန်လေ၊ ဇီဝိန်စေ့ကော၊ စုတေကျလို့၊ ဂဏ္ဍာမုက္ခ၊ မယကွေကော၊ မေက္ကတ္ထိ၏၊ ကုစ္ဆိဝမ်းဝယ်၊ သန္ဓေတည်၍၊ စေ့လေဆယ်လ၊ ဒသမ၌၊ ယက္ခမိခင်၊ သမီးငယ်ကို၊ ရွှေနန်းထက်မှာ၊ မျက်နှာမြင်ရေ။

၃။ မျက်နှာမြင်ကော၊ ဖခင်ယက္ခ၊ မကြီးအရွယ်၊ သမီးငယ်လေ၊ ရုပ် ရည်ရလှလို့၊ ရူပဂုမ္ဘီ၊ ဘွဲ့တော်ချီကော၊ သက်ဝေစံသီး၊ ချစ်သမီးမှာ၊ ကြီးအရွယ်ရောက်၊ လှပြုံးချိုကော၊ ပျိုဆံတောက်ဟု၊ ဆိုလောက်သောခါ၊ ဓမ္မတာဖြင့်၊ ယာရာဝါသ၊ ဂဟေနှောင် ကော၊ တည်ထောင်ချမည်၊ မိနှင့်ဖတို့၊ ပြုကြလေကော၊ မြတ်သည်နေရာ၊ ပြဟ္မာရွာက၊ လာသူဖြစ်၍၊ လောကီအာရုံ၊ ကာမဂုဏ်လေ၊ ကြုံအတွေ့ကို၊ မမွေ့ ချင်လို့၊ ငြင်းဆန် ဆိုသော်၊ အိုအိုသမီး၊ သားလင်ကိုလေ၊ လိုမရှိက၊ မိဘမျိုးဆွေ၊ မြို့ရွှေပြည်မှာ၊ နေလို့မလျော်၊ တောခန်းဝါမှာ၊ သူတော်နှလုံး၊ ဘိက္ခုနီကော၊ ထေရ် ရီထုံးဖြင့်၊ ကျင့်သုံးနေလေ၊ ဆိုတုံပေ၍၊ မြိုင်ခြေတောအုပ်၊ ခမည်းရာဇာ၊ သမီးတော် ကို၊ နှင်ကာထုတ်ကော၊ ရက္ခဆာယာ၊ တောဟေမာကို၊ ယက္ခမေလှ၊ လူတမျှတို့၊ ရူပ ဂုမ္ဘီ၊ တိုင်းဌာနီက၊ ထွက်ချီတုံရှောင်း၊ အဝေါထံဟု၊ ဈာန်ကိုလှေ့ကော၊ ရသေ့ကျောင်း ကို၊ လျင်ကြောင်း မကြာ၊ ရောက်လေပါကော၊ ခြင်းရာစကား၊ ကြောင်းမျိုးစုံကို၊အကုန် ပြော၍၊ ကျင့်ငြား သီလ၊ ရသေ့မ,လျှင်၊ ပြုထပြီးထွယ်၊ သင်္ခမ်းငယ်ဖြင့်၊ နေလေ သောခါ၊ ရသေ့ကျော်က၊ တွေးမြော်ထောက်ဆ၊ ဘိက္ခုနီလေ၊ ဂုမ္ဘီမမှာ၊ ရှေ့ကပစ္စည်း၊ အကြောင်းရေး ကြောင့်၊ ရင်သွေးသုံးယောက်၊ ရလောက်ရှိသည်၊ ရသေ့ပျံမှာ၊

ဉာဏ်မျက်စိဖြင့်၊ မြင်သိလေ၍၊ ဓိပ္ပာယ်မကွဲင်း၊ ပြောပြခြင်းက၊ လင်ရင်းကြင်ယာ၊ ပကတိကေ၊ မရှိ ပါဘဲ၊ ပုတ္တာသားကို၊ ဒကာမမှာ၊ ရချင်လိုကေ၊ ဗြဟ္မစိုရ်တရား၊ နှလုံးထားက၊ ပတ္တ မြားပမာ၊ သားရတနာလျှင်၊ ရပါလိမ့်မည်၊ ရသေ့ကျော်မှာ၊ မျှော်စဉ်းစားဗျာ၊ ပြောတတ်တေလေ။

၄။ ပြောတတ်တေလေ၊ မေဂုမ္ဘီမ၊ သားရွှေစင်ကို၊ လိုချင်လှ၍၊ ဗြဟ္မဝိဟာ၊ စီးဖြန်းပါသော်၊ ရှည်ကြာမြင့်ညောင်း၊ နှစ်ရှစ်သောင်းကို၊ ကျင့်ကောင်းဘာဝနာ၊ အာနုဘော်ကြောင့်၊ ဗြဟ္မာနတ်မင်း၊ ထက်ဝဠာက၊ သက်ကာဆင်းလို့၊ ကျင့်ခြင်းသီလ၊ ရသေ့မအား၊ တ,သ,ငါ့ကို၊ အဘယ်ဆုကို၊ ယခုလိုဟု၊ မိန့်ဆိုကာလ၊ ရသေ့မမှာ၊ သားရလိုကြောင်း၊ တောင်းပန်ဆို၍၊ ဆုကိုတောင်းသော်၊ ရကြောင်းသင့် လျော်၊ မိယက္ခာ၏၊ ဝမ်းပေါ်အထက်၊ မိုးဗြဟ္မာလေ၊ ညာရွှေလက်နှင့်၊ ချက်ကိုရစ် လှေ့၊ သုံးပတ်မွှေ့က၊ နတ်ငွေ့သင့်ထွယ်၊ အိပ်ပျော်လေ၍၊ ထက်ပြည်ဗြဟ္မာ၊ ပြန်လေပါသော်၊ ထိုခါကာလ၊ ရသေ့နွှေလေ၊ မေယက္ခမှာ၊ သုပိန္နာထင်စွာ၊ မြင်ကာ မက်သည်၊ လက္ခဏာမှာ၊ ရသာချိုမြတ်၊ သီးတံခက်နှင့်၊ သရက်သုံးခိုင်၊ ပင်ပေါ်ထက်က၊ လက်နှင့်ကိုင်၍၊ အခိုင်ဆယ်လုံး၊ သရက်ချိုကို၊ စားမျိုးသုံးလို့၊ တစ်လုံးတစ်ခိုင်၊ သီးညိုညိုကို၊ မျိုကာစားသော်၊ များစွာချိုင်လို့၊ တစ်ခိုင်သုံးလုံး၊ သရက်ချိုကို၊ မသုံးဘဲ၊ နှစ်လုံးကိုမူ၊ ထေရ်သခင်လေ၊ ရှင်ရသေ့ကို၊ သွားတဲ့လှူကေ၊ ယူကာကိုင်ငြား၊ တစ်လုံးကိုလေ၊သုံးမျိုစားလို့၊ မြင်ငြားအိပ်မက်၊ သုပန္နာလေ၊ ပြလာချက်ကြောင့်၊ နိုးလျက် ကေထခါ၊ရသေ့ကျော်ကို၊ ကြောင်းရာမကျန်း၊ သင်္မ်းသာလေ၊ ဝိဟာထက်မှာ၊ အိပ်မက်ပြန်ရေ။

၅။ အိပ်မက်ပြန်ကေ၊ ပြည့်ဝန်ခဲတုံ နိမိတ်ပုံကို၊ တိတ္ထုံအရ၊ ရသေ့ကျော်မှာ၊ မျှော်ထောက်ဆသော်၊ ရတုံသန္ဓေ၊ ဒကာမမှာ၊ ဂဗ္ဘတည်၍၊ ဖွားမည်တုံ မြောက်၊ သားသုံးယောက်တွင်၊ တစ်ယောက်သားမှာ၊ ခေါင်းဆယ်မြွာနှင့်၊ တေဇာထွန်း တောက်၊ ထိုနောက်ဝယ်တွင်၊ အလယ်ဖွားကေ၊ သားတစ်ယောက်က၊ အားမြောက်တုံပြီး၊ သရက်ခိုင်ပြီး၊ အချိုင်သီးသို့၊ မရှိပညာ၊ နောက်ဆုံးဖွားကေ၊ သားပုတ္တာ၏၊ လက္ခဏာအကြောင်း၊ သရက်မဥ္ဇူ ဆက်ကပ်လှူ၍၊ သူတော်ကောင်းတို့၊ ထုံးဟောင်း ကိုလျှောက်၊ သားညီကိုလေ၊ ထိုသုံးယောက်ကို၊ ဖွားမြောက်လိမ့်မည်၊ ရသေ့ကျော်မှာ၊ မျှော်စဉ်းစားလို့၊ ဟောလိုက်ပေကေ၊ သန္ဓေလည်းရ၊ ယက္ခမမှာ၊ စေ့ဆယ်လဖြင့်၊ ပထမသားမှာ၊ ခေါင်းဆယ်ဖြာနှင့်၊ ဖွားမြင်ပြီးမှ၊ ဒုတိယနှင့်၊ တတိယမြောက်၊ ပတ္တမြားတစ်ကုံး၊ အလားနှုန်းကေ၊ သားသုံးယောက်ကို၊ ဖွားမြောက်သန့်စင်၊ မွေးမိခင်လျှင်၊ မြင်သည်မျက်နှာ၊ ရသေ့ကျော်က၊ ဘွဲ့တော်နာမ၊ သုံးယောက်သည်းချာ၊ လက္ခဏာကို၊ ထောက်မျှော်ဆလို့၊ ဒသဂီရိ၊ သားအကြီးမှာ၊ ခေါင်းများစွာလေ၊ ဆယ် ဖြာရှိဟု၊ ဂုမ္ဘိဂဏ္ဏ၊ တစ်ယောက်ဝယ်လျှင်၊ အလယ်သားကို၊ ထားပြီးမှလျှင်၊ နောက်မှ ဖွားမျှော်၊ သားယက္ခာမှာ၊ ပညာမျက်စိ၊ သိမြင်မြော်ကေ၊ သူတော်ထုံးလျှင်၊ နှလုံးရှိလို့၊ ဘိဘိသန၊ ရသေ့ကျော်လေ၊ တာပသမှာ၊ နာမသီးသီး၊ သားသုံးဖြာကို၊ ဘွဲ့တော်ပေးလို့၊ အကြီးအငယ်၊ အလယ်အလတ်၊ တဆတ်ဆတ်ကေ၊ ကြီးလတ်တုံ မြောက်၊ လှပတင့်တယ်၊ ရှုစဖွယ်လေ၊ အရွယ်ရောက်တေ။

၆။ အရွယ်ရောက်ကေ၊ ချစ်လောက်ကြင်နာ၊ သားသုံးဖြာတို့၊ လိမ္မာတုံမြောက်၊ လှတင့်တယ်လေ၊ အရွယ်ရောက်က၊ တွေးထောက်ဆင်ခြင်း၊ မွေးဖခင်ကို၊ မမြင်မသိ၊ သားရင်းချာတို့၊ ခြင်းဇာတိကို၊ သိရစေချင်၊ မွေးမိခင်အား၊ ကြောင်းအင်စစ်ဆေး၊ နေ့မကျန်ကို၊ ဖန်ဖန်မေးက၊ ရင်သွေးသီးသီး၊ ရှုမငြီးကေ၊ သားကြီးသားငယ်၊ ရွှေနို့ ရှင်လေ၊ မိခင်ဖွားကေ၊ သနားဖွယ်တို့၊ မျိုးနွယ်ဝံသ၊ တိုင်းဌာနီလေ၊ သီဟဠမှာ၊ ယက္ခနွေရိုး၊ ထီးဖြူပိုင်လေ၊ ယည်းဖြူစိုးကေ၊ မောင်ဘိုးရာဇာ၊ ဖပီတာက၊ ဗြဟ္မာမိုး နတ်၊ သားသည်းချာတို့၊ မြဲစွာမှတ်လော၊ သည်းပွတ်ကကြင်၊ ငါမိခင်က၊ သားလင် မြတ်ကို၊ ကိလေဘောင်လေ၊ နှောင်အဖွဲ့ကို၊ မတွေ့လို၍၊ တောညိုမြိုင်ဝ၊ ဘာဝနာနှင့်၊ ပျော်ကာဖွဲ့ကေ၊ ရသေ့မဟု၊ ယက္ခမိခင်၊ ပြောလေကျင်သော်၊ ဖခင်ရှိရာ၊ ဗြဟ္မာရွာကို၊ သွားပါရစေ၊ သားယက္ခတို့၊ ပြောကြလေသော်၊ အငယ်အကြီး၊ ငါမိခင်လေ၊ ရွှေရင်သီးတို့၊ ရပ်ဝေးမြေတာ၊ ဗြဟ္မာရွာကို၊ သွားရာအကြောင်း၊ ထက်ဝဠာလေ၊ အာကာရပ်ကို၊ မတတ်ကောင်းတည်း၊ သားကောင်းယက္ခ၊ မွေးဖခင်ကို၊ မြင်ချင်ကြက၊ ဗြဟ္မမန္တန်၊ ဘာဝနံကို၊ နေ့ယံမပြတ်၊ သားငယ်သားကြီး၊ မေ့ရင်သွေးတို့၊ စီးဖြန်း လတ်မှ၊ မိုးနတ်ဗြဟ္မာ၊ ဖပီတာလျှင်၊ ရောက်လာလိမ့်မည်၊ မွေးမိခင်မှာ၊ သားရှင်တို့ကို၊ သို့ဆိုလေသော်၊ ရုပ်ရည်ပိုင်ပြင်၊ မွေးဖခင်ကို၊ မြင်ချင်စိတ်တတ်၊ ဗြဟ္မစိုရ်လေ၊ ထိုတရားကို၊ ပွားကြလတ်၍၊ မြတ်အာနုဘော်၊ နှစ်ရှစ်သောင်းကို၊ မြင့်ညောင်းကြာ သော်၊ ဗြဟ္မာနတ်မင်း၊ ထိုခါတုံ၌၊ ဘုံကဆင်း၍၊ သားရင်းရှိရာ၊ လာပြီးခါမှ၊ မေတ္တာ ကမ္မဋ္ဌာန်း၊ စီးဖြန်းရွတ်ကြ၊ ငါ့ကိုတသည်၊ သားလှသားကောင်း၊ ညီအစ်ကိုတို့၊ လိုသော ဆုကို၊ ယခုတောင်းလေ။

၇။ ယခုတောင်းလေ၊ အကြောင်းစကား၊ သားသက်ရှင်ကို၊ ဖခင်ပြောက၊ သုံးပါးနောင်ညီ၊ သားသက်ဝေတွင်၊ ဂုမ္ဘိဂဏ္ဏ၊ သားလှအလတ်၊ ဆုတောင်းမြတ်ကို၊ တောင်းလတ်ခြင်းရာ၊ အကြောင်းမှာကား၊ ကျွန်တော်သားလှ၊

# ညီနောင်သုံးပါးတို့ မိစင်ထံခွင့်ပန်၍ ပြည်ပြန်စန်း

၈။ ပန်ဆုတောင်းကေ၊ အကြောင်းစာနာ၊ ဖပြဟ္မာမှာ၊ ထောက်မျှော်စဉ်းစား၊ ငါ၏သားသည်၊ မီးပွားစနက်၊ အမှုဆိုင်မူ၊ တုပြိုင်သူလေ၊ ပြုမထွက်က၊ နှိပ်စက်ချင် တိုင်း၊ မချင့်နှိုင်းဘဲ၊ မိုက်ရိုင်းကြမ်းတမ်း၊ ဘုံလောကီမှာ၊ ဂုဏ်သိမ်ညှိုးလို့၊ အကျိုးနွမ်း အောင်၊ ဆိုးသွမ်းလိမ့်မည်၊ မှတ်တုံပေ၍၊ သက်ဝေသားလှ၊ ယခုလိုဟု၊ ဆုကိုတောင်းကေ၊ ကြောင်းကိစ္စမှာ၊ အဌစန္ဒာ၊ စကြာတစ်ဆူ၊ မျောက်နှင့်လူကို၊သည်း အူရှောင် ကေ၊ သည်ကပေသော်၊ အောင်စေသတည်း၊ သားသုံးဖော်ကို၊ ဆုတော်ပေး၍၊ မြင့်မြဲ မကြာ ပြဟ္မာရွာသို့၊ ပြန်ကာမနေ၊ သွားတုံလေက၊ ထိုသည် ကာလ၊ ခမည်းတော်ကို၊ တောင်းကာပြုကေ၊ အောင်ဆုရက၊ ဒဿဂီရိ၊ အဆိပ်ရှိ၍၊ စိတ်ကြီးလည်းဝင်၊ မပျော်ရွှင်ကေ၊ မြိုင်ခွင်တောက၊ သွားလိုချင်၍၊ မိခင်လှကို၊ ခယ တောင်းပန်၊ အကြောင်းပြန်လို့၊ နိုင်ငံသာစည်၊ မျိုးအစည်လေ၊ ပိုင်အုပ်စိုးကေ၊ ဘိုးမင်းပြည်ကို၊ အမွေခံကြောင်း၊ သားသက်နှံတို့၊ ခွင့်ပန်တောင်းက၊ တောကျောင်းစံပျော်၊ မိမာတာမှာ၊ တားကာဖျက်ဆို၊ ပြောပါသော်လည်း၊ သားတော်များတို့၊ နားမချိုသော်၊ အိုအိုသက်ဝေ၊ ဘယက်သွယ်တို့၊ အငယ်အထွေး၊ အလယ်မွေးကေ၊ အကြီးအလတ်၊ မိမာတာလေ၊ မှာစကားကို၊ နားဝယ်ချပ်လို့၊ မှတ်ကြပါလေ၊ တိုင်းဌာနေမှာ၊ ရွှေပြည် သိဃီ၊ ချုပ်ခရိုင်ဖြင့်၊ အုပ်ပိုင်စိုးကေ၊ ထိုမင်းအိုကို၊ ခေါ်ဆိုနာမ၊ ဂဏ္ဍမျက်ကျယ်၊ အသက်ရှည်ဟု၊ အမည်ရကေ၊ မောင်မတသီး၊ မှူးကြီးမတ်ငယ်၊ ဘွဲ့နာမည်ကို၊ မှာပေပြီးမှ၊ ရင်သွေးသက်ဝေ၊ ဘိုးမင်းကျော်ကို၊ ခြင်းရာများလျှင်၊ ပြောကြလေဟု၊ သေသေချာချာ၊ မိမာတာမှာ၊ ပြောမှာပြီးမှ၊ တိုင်းဌာနေလေ၊ ရွှေပြည်နန်းကို၊ လမ်းညွှန်ပြရေ။

၉။ လမ်းညွှန်ပြကေ၊ သားလှသုံးဖော်၊ ရသေ့ကျော်ကို၊ ဖူးမြော်ဦးချ၊ မိမာတာကို၊ ဂါရဝဖြင့်၊ ညွှတ်ခအဉ္စလီ၊ လက်ဦးချီပျာ၊ နောင်ညီသုံးယောက်၊ သွားတုံလေကေ၊ ပြည်ကိုရောက်က၊ မြောက်ဥတ္တရ၊ တံခါးဝဝယ်၊ စောင့်ထဘီလူး၊ တံခါးမှူးနှင့်၊ ပူး ပေါင်းတိုင်ပင်၊ ပန်းတော်ခွင်ကို၊ ခိုဝင်တုံမြောက်၊ ဘိုးမင်းကျော်၏၊ ရွှေ့တော်ရောက်က၊ သုံးယောက်လုလင်၊ ခြေတော်ရင်းကို၊ ဘိုးမင်းမြင်သော်၊ ကြောင်းအင်သိရေး၊ အရင်ရှာပျာ၊ ခြင်းရာမေးက၊ မြေးလှသုံးဖော်၊ ထိုအခါတွင်၊ မိတာမိလှ၊ အခါခါလေ၊ မှာသမျှနှင့်၊ အဖပြဟ္မာ၊ ကြောင်းသနစ်ကေ၊ ဖြစ်ခြင်ရာကို၊ ဘိုးတော်ထံမှောက်၊ စမကျန်ကို၊ ပန်းကြားလျှောက်က၊ ကောက်မျိုးမတတ်၊ ဘိုးမင်းအိုမှာ၊ မွေးသည့်ဖခင်၊ မျက်နှာ ပြင်ကို၊ မြင်ချင်လှ၍၊ နေ့ည မဆိတ်၊ မအိပ်မနေ၊ ပြဟ္မစိုရ်လေ၊ ထိုတရားကို၊ ပွားများပေ၍၊ လိုသည့်ဆုမှာ၊ ဆယ့်နှစ်,နှစ်ကို၊ တွက်စစ်ကြာအောင်၊ အိပ်ပါရစေ၊ အချိန်ကျ၍၊ ထတုံပေလည်း၊ ညီသည်မဆို၊ စားချင်လိုသော်၊ ကောက်မျိုသုံးစား၊ အရသာမှာ၊ သကာပျားသို့၊ လျှာဖျားဌိသည်၊ ပထဝီမှာ၊ မြေကိုစားလည်း၊ ရှိငြားစေ ဟု၊တောင်းလေကာလ၊ မဟာဂ္ဂုတ်ချမ်းသာ၊ စျန်နှင့်ပျော်ကေ၊ ပြဟ္မာဖက၊ သားလှရစေ၊ ဆိုတုံလေသော်၊ အငယ်ပုတ္တ၊ တောင်းဆုဆိုက၊ လိုကိစ္စမှာ၊ သားလှကျွန်တော်၊ သူတော်ကောင်းကို၊ အကြောင်းမျှော်၍၊ ပေါင်းဖော်ရကြောင်း၊ မွေးဖခင်ကို၊ ဆုလျှင် တောင်းကေ၊ သားကောင်းပဏ္ဍိ၊ ပညာရှိကေ၊ ဘိဘိသန၊ နောက်ဆုံးမျှော်ကေ၊ သည်းချာလှကို၊ အဖပြဟ္မာ၊ သာစုခေါ်၍၊ ဆုတော်ရစေ၊ ဆိုတုံလေကေ၊ ထိုသည် ကာလ၊ ဩရဋ္ဌဟု၊ ဒဿဂီရိ၊ တုမရှိအောင်၊ ဆုကြီးကိုပန်၊ ဖပီတာလေ၊ ပြဟ္မာမင်း ကို၊ တောင်းခြင်းဟန်က၊ အကျွန်သားလှ၊ ဩရဋ္ဌကို၊ လောကမြေပေါ်၊ လွန်ပြင်းထန် အောင်၊ ရန်စနက်လျှင်၊ အဖက်ရှာလည်း၊ ထွက်ပေါ်မည့်သူ၊ ကျွန်းဇမ္ဗူမှာ၊ တစ်လူ မရှိ၊ အင်ပြည့်စုံလေ၊ ဂုဏ်သတ္တိနှင့်၊ ခပ်သိမ်းများစွာ၊ ရန်တကာကို၊ အောင်ပါလို ကြောင်း၊ ဖခင်ထံမှာ၊ ကျိုးနွံပြုပျာ၊ ပန်ဆုတောင်းရေ။

ကိုယ်ကိုပွတ်လို့၊ သည်းပွတ်စံသီး၊ ငါ့သမီး၏၊ ရင်သွေးရင်သား၊ လှယဉ်ကျေးကော၊ ငါ့မြေးများတို့၊ အဘွားအဘိုး၊ အားအင်တိုးလို့။ အရိုးအရာ၊ မျိုးနွယ်လာဖြင့်၊ ဆက်ခါခံယူ၊ ချုပ်အချာ လေ၊ အုပ်ကာမိုးလို့၊ စိုးမည့်သူကော၊ မြေးဖြူသုံးယောက်၊ ပမာဆောင်သော်၊ ရွှေတောင် ပေါက်လို့၊ လာရောက်သည်မှာ၊ ငါဘိုးတော်လည်း၊ ဇရာဝယ၊ ရှုပရုပ်ရည်၊ မတင့် တယ်လေ၊ အရွယ်ကျလို့၊ ပြည်မတိုင်းမြတ်၊ မြေးသုံးဖြာတွင်၊ နောင်တော်ကြီးကို၊ ထီးနန်းအပ်မည်၊ မှတ်တုံပေ၍၊ စေကာခန့်ထား၊ ပတ်ဝန်းရံကော၊ မတ်ဝန်များတို့၊ ပရောဟိတ၊ ဗြဟ္မာဏနှင့်၊ ဒဿဂီရိ၊ ကျော်နှံ့သိလို့၊ မည်ရှိနာမ၊ ဘိုးမင်းရာဇာ၊ မိန့်အာဏာနှင့်၊ မြေးတော်လှကို၊ ခဂ္ဂဆတ္တာဝံ၊ ဥုံဏှိုသံနှင့်၊ ဝါလံဗီဇနဏီ၊ အမည်ရှိ သည်၊ မဏိရတနာ၊ မင်းတန်ဆာကို၊ ဆင်ကာလည်းဝတ်၊ ဘိသိက်တင်ပျာ၊ ရေစင် သွန်းကော၊ ထီးနန်းအပ်တော။

၁၀။ ထီးနန်းအပ်ကော၊ မှူးမတ်ဝန်းရံ၊ နန်းဝေယံမှာ၊ ဘက်စံမမျှ၊ ဘုန်းတေဇာနှင့်၊ အာဏာချင်းကော၊ မင်းဒဿဟု၊ နာမထင်ပေါ်၊ သတင်းကျော်ကော၊ ညီတော် နှစ်ယောက်၊ ဘီလူးကြီးမှာ၊ မြေးနန်းဥာဏ်ကို၊ ချီးမြှောက်တုံပြီး၊ အောင်လံထူကော၊ စစ်သူကြီးနှင့်၊ အိမ်ရှေ့ရာအပ်၊ နန်းဝေယံလေ၊ မှန်ပြာသာဒ်မှာ၊ မတ်ကြီးမှူးကြီး၊ အသီးသီးနှင့်၊ ထီးဖြူပလ္လင်၊ ဥဂ္ဂင်ဖြန့်မိုး တိုင်းခရိုင်ကို၊ ပိုင်အုပ်စိုးကော၊ အမျိုးယက္ခ၊ ခေါင်းဆယ်ခွမှာ၊ မွေးဖပီတာ၊ ဗြဟ္မာဆုရ၊ ရှေ့ကကုသိုလ်၊ ထိုဘီလူးမှာ၊ အထူးပို၍၊ သိဃ်ိပြည်မ၊ အစိုးရလို့၊ သတ္တမဒီဝါ၊ ခုနစ်နေ့လျှင်၊ စေ့သောခါဝယ်၊ အာကာထက် ပြင်၊ ဟေဝန်ခွင်နှင့်၊ မြေပြင်တစ်လျှောက်၊ သွားမည်ဆိုသော်၊ လိုရာပေါက်လို့၊ ရောက်စေတတ်ငြား၊ လေယာဉ်ပျံလေ၊ ဈာန်ရထားလျှင်၊ ထံပါးတော်မှာ၊ တောင်းဆု ဆိုကော၊ ကုသိုလ်ထောက်လို့၊ ရောက်တုံလှာကော၊ တေဇာတန်ခိုး၊ တိုးတက်တိုးလို့၊ အစိုးလည်းပိုင်၊ လေယာဉ်ပျံနှင့်၊ ဂနိုင်တောတောင်၊ ဟေဝန်ချောင်ကို၊ မရှောင်ပျံ သန်း၊ တိုက်စကြဝဠာ၊ ရစ်လက်ယာဖြင့်၊ ပတ်ကာဝန်းလို့၊ အစွမ်းကိုပြ၊ တစ်သောင်း မြေမှာ၊ ခေါင်းဆယ်ခွဟု၊ ချိမ်းပပြီးကွယ်၊ အပြည်ပြည်ကို၊ လှည့်လည်သွားရာ၊ တစ်နေ့ ခါဝယ်၊ ရတနာမြကျောက်၊ တောင်မင်းဗဟို၊ လေးရောင်စိုကော၊ မြင်းမိုရ်အောက်မှာ၊ ခလောက်သုံးလုံး၊ ပိတ်ဖုံးရံကာ၊ ယူဇနာလေ၊ သချာလောင်းကော၊ သောင်းမျက်နှာ၌၊ ရတနာသဲပြင်၊ ဖြူဖွေးဖွေးကော၊ ပုလဲသွင်ကို၊ ဘုရင်ရာဇာ၊ အသူရာတို့၊ နေပျော်တုံ မြောက်၊ သမိုင်းတည်ကော၊ ရွှေပြည်နန်းကို၊ ပျံသန်းရောက်တော။

# ခေါင်းဆယ်လုံး ဘီလူးကျော် အသူရာသမီးကို့ရစန်း

၁၁။ ပျံသန်းရောက်ကော၊ ဘုန်းတောက်ဘီလူး၊ ရန်ညွန့်ခူးကို၊ နတ်မှူးရာဇာ၊ အသူရာလျှင်၊ မြင်သော်ကြောက်လန့်၊ ဘုန်းတော်ရန်ကို၊ မခံဝံ့၍၊ ဝမ်းမှတ်စိတ်က၊ ဤယက္ခသည်၊ ထက်ကပျံသန်း၊ ငါ့ဘုံနန်းမှာ၊ ဂုဏ်အစွမ်းနှင့်၊ ထူးဆန်းသတ္တဝါ၊ သူ့ရုပ်ဝါမှာ၊ ခန္ဓာဇကော၊ ကိုယ်ကာယတွင်၊ ဒသဆယ်ဖြာ၊ စုကာပေါင်းကော၊ ခေါင်းများ စွာလျှင်၊ သူ့မှာလည်းရှိ၊ ပမာဆောင်သော်၊ တောင်ဂီရိသို့၊ မျက်စိတွက်ရေ၊ လုံးနှစ် ဆယ်နှင့်၊ ကြီးကျယ်ယက္ခ၊ တံခါးဝသို့၊ ပါးစပ်ဆယ်ပေါက်၊ သွားအံပေါက်နှင့်၊ စွယ် ရောင်တောက်ကော၊ လန့်ကြောက်ခမန်း၊ ရထားယိုင်နှင့်၊ ပြိုင်ကာသန်းကော၊ ငါ့နန်း ကိုရောက်၊ အစွမ်းဟုန်နှင့်၊ ဂုဏ်ကိုတောက်သော်၊ ဘုန်းတောက်ရောင်မြူ ဤဘီလူး ကို၊ စပ်ပူးပေါင်းဖက်၊ သမီးကညာ၊ ရတနာကို၊ ငါလျှင်ဆက်လို၊ ငါသမက်တော်၊ ပြုပြီးခါမှ၊ ဗိုလ်ပါရဲမက်၊ မြင်းမိုရ်မဏ္ဍိုင်၊ ဝတီးပိုင်ကို၊ ကိုယ်တိုင်တက်လို့၊ တိုက်ဖျက် ရသော်၊ သမက်တော်ကြောင့်၊ အောင်ပါလိမ့်မည်၊ မှတ်တုံပေ၍၊ ထိုသည်ရာဇာ၊ အသူရာလျှင်၊ ပျူငှာချောညက်၊ ထုတ်ကာညွှန်းကော၊ နှုတ်ခွန်းဆက်လို့၊ လက်ထပ် မင်္ဂလာ၊ သမီးတော်ကို၊ နှင်းပါတော့မည်၊ သို့ဖြစ်သည်ကြောင့်၊ ကြီးကျယ်သဘင်၊ ရှုမငြီးအောင်၊ ပြုပြီးကျင့်မှ၊ ပဥ္စင်တူရိယာ၊ အသီးသီးကို၊ တီးမှုတ်ကာဖြင့်၊ ရတနာ ပေါင်းစု၊ သမက်တော်လောင်း၊ သူ့ဦးခေါင်းကို၊ အကြောင်းပြု၍၊ ဆယ်ခုမကိုင်၍၊ အထွတ်စိုက်လျက်၊ ချစ်လို့မဝ၊ ကိုယ့်ရင်သွေးကော၊ သမီးလှဟု၊ ရှုပလှချော၊ ရုပ်ပိုင်ပြင် ကို၊ မြင်သူမောကော၊ မန္ဒောဒရီ၊ မည်ရှိနာမ၊ သမီးလှကို၊ မြဒွါဒရာ၊ မြင်မငြီး အောင်၊ ဆင်ပြီးခါမှ၊ နှစ်ဖြာလက်ထပ်၊ အသူရာလေ၊ ရာဇာမင်းမှာ၊ ဆောင်းနှင်းအပ်လေ။

၁၂။ ဆောင်နှင်းအပ်ကော၊ လက်ထပ်မင်္ဂလာ၊ ပြုပြီးခါမှ၊ အသူရာ ရင်သွေး၊ ဘီလူးဘုရင်၊ မြူးကာရွှင်ကော၊ ကြင်ဇနီးနှင့်၊ စီးနင်းတုံလျက်၊ ရထားပေါ်မှာ အသာတက်လို့၊ ငှက်၏အဟန်၊ လေယာဉ်ပျံနှင့်၊ ပြန်ကာလာမြောက်၊ ပြည်သိဃ်ို တွင်၊ ထိုခါရောက်ကော၊ တစ်ယောက်ကြင်ရာ၊ နတ်ကညာကို၊ ဘိုးတော်ယက္ခ၊ ရုပ်ပိုင် ပြင်ကို၊ မြင်လတ်ကလျှင်၊ အာဂမြေးတော်၊ ဘုန်းရောင်ဖြိုး၍၊ ဟိုးဟိုးကျော်အောင်၊ အသူရာတွင်၊ နတ်မင်းကြီးမှာ၊ သမီးရတနာ၊ တပင်ပျော်ကို၊ ကြင်ရာမယား၊

ရွှေနန်းဆောင်မှာ၊ တောင်ညာထားဟု၊ သွား၍ကိုယ်တိုင်၊ ရထားယိုင်နှင့်၊ ရနိုင်ချေတတ်၊ အာဂလူလေ၊ အူကသားကော၊ ယောကျ်ားမြတ်ဟု၊ နတ်ဘီလူးအို၊ ကိုယ်၏မြေးကို၊ ချီးမြှောက်ဆိုကော၊ သိယ်ိပြည်မ၊ အုပ်စိုးပိုင်ပျာ၊ ယာဥ်ကိုရကော၊ ဒသရာဇာ၊ ခေါင်းဆယ်လုံးကော၊ ဘီးလူးကျော်က၊ အသူရာသမီး၊ ကြင်ဇနီးကို၊ ပုတီးစိန်ကျောက်၊ ထိန်ထိန်တောက်မျှ၊ လက်ကောက်လက်ကြပ်၊ ကိုယ်သဇင်မှာ၊ ဆင်ကာဝတ်ကော၊ နဝရတ်မျိုး၊ လျှပ်စစ် ထိုးလို့၊ ခါးကြိုးဒွါဒရာ၊ အသီးသီးလျှင်၊ ဆင်ပြီးခါမှ၊ တောင်ညာရွှေညီ၊ မဟေသီဟု၊ ဒေဝီဘွဲ့တပ်၊ တပြောင်ပြောင်လေ၊ အဆောင်ခန်းနှင့်၊ တောင်နန်းအပ်တော။

**၁၃။** တောင်နန်းအပ်ကော၊ ပြာသာဒ်ရတနာ၊ နန်းသိင်္ဂါမှာ၊ ဆွေတော်မျိုးပေါင်း၊ အထပ်ထပ်ကော၊ မှူးမတ်ကောင်းနှင့်၊ တစ်သောင်းခြောက်ထောင်၊ ရွှေနန်းဆောင်ဝယ်၊ အပြောင်အစီ၊ ရံရွှေညီတွင်၊ ဂမ္ဘီမည်ရ၊ မင်းဒသမှာ၊ နှမလည်းဖြစ်၊ အရင်း ရှာပျာ၊ ခြင်းရာစစ်က၊ မိချစ်မာတာ၊ ညီမတော်မှာ၊ သည်းချာရင်သွေး၊ လက်ဦးမြင်၍၊ ကြင်မငြီးကော၊ သမီးမိန်းမ၊ အကြံအစည်၊ ဉာဏ်ပလီနှင့်၊ ဂမ္ဘီမမှာ၊ ယောက်မတော် ထံ၊ များခြွေရံကို၊ စီမံခန့်ခွဲ၊ မှုခပ်သိမ်းမှာ၊ ကြီးအကဲကော၊ မြတ်လေးအင်တိုး၊ ပြည့်ဖြိုးစုံကေ ဂုဏ်တန်ခိုးနှင့်၊ သတိုးယက္ခ ခေါင်းဆယ်ခွဟု၊ နာမထင်ပေါ်၊ အသူရာ နတ်မင်း သမီးတော်ကို၊ ဆက်ပါခြင်းကို၊ သောင်းတွင်းကျော်လို့၊ အာဏာစက်တောက်၊ ထက်နှင့်အောက်ကို၊ နှိမ့်ချောက်ကျော်စော၊ အဝေးပြည်ရွာ၊ ဧကရာကော၊ ရာဇာမင်းတို့၊ သတင်းကြားက၊ နဂါးဂဠုန်၊ ဖိမ့်ဖိမ့်တုန်ကော၊ ဂုမ္ဘဏ်ကစ၊ ဂန္ဓဗ္ဗနှင့်၊ ဒေဝကိန္နရီ၊ အညီကိန္နရာ၊ ခေါင်းတော်ဆယ်လုံး၊ သူ၏ဘုန်းကို၊ မန္တန်းသာ၍၊ ပန္နာ လက်ယှက်၊ သမီးကညာ၊ မီးတစ်ရာတို့၊ လာကာဆက်လို့၊ ဘုန်းကျက်သရေ၊ တိုးတက်ပေ၍၊ ပြည်ကိုချုပ်ကာ၊ အာဏာဟိန်လေ၊ ထိန်ထိန်ကြိုးလို့၊ စိုးစံပျော်သော်၊ တောင်ညာ မိဖုရား၊ မန္ဒောဒနီ၊ လှပြာဖြူလေ၊ နန်းသူမိမှာ၊စွဲရှိသန္ဓေ၊ ဒသမလျှင်၊ ဆယ်လ နေ၍၊ တွက်ရေစေ့ကျင်၊ ရတနာလေ၊ နန်းလျာသားကို၊ ဖွားမြော်မြင်ရေ။

**၁၄။** ဖွားမြော်မြင်ကော၊ ဖခင်ရာဇာ၊ သားရွှေလှာကို၊ ဣန္ဒြာစိတ္တာ၊ သြရသဟု၊ နာမသညာ၊ ဘွဲ့တံဆိပ်ကို၊ နှိပ်ပြီးခါမှ၊ ရတနာပြိုးပြက်၊ ကြိုးသိင်္ဂီလေ၊ စိန်ပုခက်နှင့်၊ တစ်ဖက်ငါးရာ၊ သားရွှေလှာကို၊ ဖြေဖျော်ထိန်းရ၊ ဘီလူးကြီးမှာ၊ ထားပြီးမှလျှင်၊ နန်းမဝေယံ၊ ကမ္ဘာပေါ်မှာ၊ ကျော်တစောဖြင့်၊ ပျော်ပါးစံကော၊ တစ်ရံရောခါ၊ ဖွဲ့သံချို နှင့်၊ ရှေ့ကိုဆန်းကော၊ တစ်ခန်းမှာက၊ အသူရာတွင်း၊ ခြင်းမြကျောက်တိုင်လေ၊ ခရိုင်တွင်းမှာ၊ နတ်မင်းရာဇာ၊ တာဝတိံကို၊ နှိမ်ကာစိုးကော၊ မိုးဣန္ဒာနှင့်၊ ကမ္ဘာရန်ဖက်၊ ဖြစ်သည်တွက်ကြောင့်၊ အထက်ဒေါသ၊ ပယောဂဖြင့်၊ ကောဓအေမျက်၊ အသူရာလေ၊ ရာဇာမင်းမှာ၊ ပြင်းပြင်းထွက်၍၊ သမက်ကျော်ခေါင်၊ ဘီလူးမောင်ကို၊ အင်ထောင်အားကို၊ ဝတိံပိုင်ကို၊ ကိုယ်တိုင်တက်ပျာ၊ စစ်မက်ထိုးမည်၊ သို့ဖြစ်သည် ကြောင့်၊ ရွှေပေရွှေလွှာ၊ ရေးပြီးခါမှ၊ ရာဇတော်သံ၊ သမက်ထံကို၊ တမန်စေလွှတ်၊ စစ်ကူပါဟု၊ ခေါ်ပြန်လတ်ကော၊ နတ်ဘီလူးမင်း၊ မှတ်တုံခြင်းကော၊ သတင်းတေဇာ၊ နင်းအာဏာနှင့်၊ အသူရာတွင်ပြီး၊ နတ်မင်းကြီးမှာ၊ သမီးကြင်ဖက်၊ သမက်ရှိသည်၊ ငါ့သတ္တိကို၊ မသိလေလော၊ နတ်ပြည်စိုးခြင်း၊ သမီးကြင်ဖက်၊ သမက်ရှိသည်၊ ငါ့သတ္တိကို၊ မသိလေလော၊ နတ်ပြည်စိုးခြင်း၊ သိကြားမင်းလျှင်၊ မာန်တင်ထောင်လွှား၊ သမက်ကျော်လေ၊ ငါတစ်ယောက်ကို၊ မထောက်ထားဘဲ၊ မောက်ကြွားဂုဏ်ပြ၊ သူကတင်ကပျာ၊ အရင်စလို့၊ ငါ့ဦးရီးတော်၊ သမက်တူလေ၊ ကူပါတော့ဟု၊ ငါ့ကိုခေါ်ရေ၊ စော်စော်ကားကား၊ မိုးသိကြားကို၊ ထွားထွားကြေမွ၊ တောင်မြင်းမိုရ်ပါ၊ ပြိုလို့ကျအောင်၊ လျင်စွမနေ၊ ငါတစ်မူလေ၊ စစ်ကူလိုက်ပျာ၊ တိုက်ခိုက်မည်လေ။

**၁၅။** တိုက်ခိုက်မည်လေ၊ ကြံစည်တုံငြား၊ သူ့မယားကို၊ ပြောဟောတုံပြီး၊ ဘီလူး ကြီးမှာ၊ စီးနင်းတုံငြား၊ ရထားယာဥ်နှင့်၊ ပြိုင်ကာသွားသော်၊ ပတ္တမြားကျောက်၊ မြရောင်တောက်ကော၊ ခလောက်ရံဝန်း၊ တစ်ထောင်ယူဇနာ၊ အသူရာတို့၊ စံပျော်မြန်းကော၊ ရွှေနန်းရွှေပြည်၊ လျင်မနေကော၊ ရောက်သည်ကာလ၊ ယောက္ခမက၊ အားရဝမ်းသာ၊ ထိုအခါလျှင်၊ ဗိုလ်ပါအုတ်ကျက်၊ မြင်းမိုရ်အာလိန်၊ တာဝတိံကို၊ ချီကာတက်၍၊ လက်နက်ပြင်ထိန်း၊ အသူရိန်နှင့်၊ ဒေဝိန်ဒရာဇ်၊ သမီးတော်လေ၊ သူဇာသွေးကြောင့်၊ စစ်ပွဲဖြစ်လို့၊ လျှပ်စစ်လည်းပြက်၊ ဝရဇိန်လေ၊ ထိန်ထိန်ကြိုးကော၊ မိုးကြိုးစက်ကို၊ စစ်မြေတာမှာ၊ တေဇာကွန့်မြူး၊ စစ်ဗိုလ်မှူးကော၊ ဘီလူးရာဇာ၊ ဘုန်းတေဇာကြောင့်၊ ပြိုကာပျက်ပြုန်၊ မြင်းမိုရ်ခရိုင်၊ ဝတိံပိုင်လေ၊ မနိုင်ရှုံးကော၊ စုရုံး ဗိုလ်ခြေ၊ သမက်ကျော်လေ၊ လာကာတိုက်လို့၊ စစ်အောင်လေသော်၊ အောင်စည်အမြောက်၊ နတ်မင်းရာဇာ၊ အသူရာမှာ၊ ဆော်ကာဖောက်လို့၊ မြကျောက်ရတနာ၊ ရံဝန်းကာကော၊ အောင်ချာဌာနေ၊ များခြွေရံနှင့်၊ ပြန်လာမြှောက်လို့၊ အောက်နတ်ပြည်ကို၊ ရောက်သည့်ကာလ၊ ယောက္ခမက၊ ငါ့သမက်ရင်း၊ ဘီလူးမင်းလျှင်၊ ပျင်းရိလိမ့်မည်၊ အောင်ပွဲခံဗျာ၊ အောင်လံဆောက်ကော၊ ချီးမြှောက်တေလေ။

**၁၆။** ချိုးမြှောက်တေကော၊ ကြီးကျယ်သဘင်၊ သိဿိမှုးကော၊ ဘီလူးမင်း
က၊ စီးနင်း တုံငြား၊ ကိုယ့်နိုင်ငံကို၊ စျန်ရထားနှင့်၊ ပြန်သွားမည်ခါ၊ ယောက္ခမမှာ၊
မြှောက်ဆကာဖြင့်၊ ရတနာရွှေငွေ၊ သူရာပြည်က၊ ဗိုလ်ခြေရဲမက်၊ နတ်လက်နက်ကို၊
ဆက်သ တုံလိုက်၊ သိဿိ၌ ပြည်ကို၊ ပြန်လေငြားကော၊ ရထားတိုက်ကော၊ စစ်အောင်
မြင်ခြင်း၊ ကြောင်းတစ်သင်းကြောင့်၊ ဆောင်နှင်းတောင်ညာ၊ ကြင်ရာတော်ဟု၊
အသူရာသမီး၊ ရှုမငြီးကော၊ စံသီးရူပ၊ မန္ဒောဒနီ၊ အမည်ရှိကော၊ နတ်မိန်းမက၊ ရှေး
ကထက်ပင်၊ မိမိလင်ကို၊ ချစ်ခင်စုံမက်၊ သူရာပြည်က၊ သေအရက်ကို၊ ချက်လုပ်ပြီးခါ၊
ဆက်သပါ သော်၊ များစွာသောက်လိုက်၊ ပြည်သိဿိလေ၊ ထိုဘီလူးမှာ၊ မူးကာယစ်လို့၊
လစ်လပ် တရား၊ ကျင့်ဖောက်ငြားကော၊ ဆယ်ပါးမင်းကျင့်၊ ယွင်းသ ဖြင့်လျှင်၊ မသင့်
နှလုံး၊ အရက်သေစာ၊ မေရိယာကို၊ ဝစွာသုံးကော၊ ယစ်မူးကာလ၊ အာဟာရကို၊
ဝါဒတတ်ကာ၊ သာမယဖြင့်၊ ကာလကြာသော်၊ အသူရာသမီး၊ သူ့ဇနီးလည်း၊ သစ်သီး
သစ် ခေါက်၊ ရွေးကာကောက်၍၊ များမြောက်လုံးစုံ၊ ဆောက်အအုံကို၊ စုပုံထားလျက်၊
မြင့်တာရှည်အောင်၊ သေအရက်၊ ကျိုချက်တုံငြား၊ ဘီလူးကြီးမှာ၊ သစ်သီးရှာလေ၊
စေကာထားကော၊ အများကုမ္ဘဏ်၊ သူ့ကျေးကျွန်ကို၊ ရှာကြံသစ်သီး၊ တောရိပ်မြိုင်လေ၊
ဂနိုင်ကြီးမှာ၊ ခိုမှီးနေပျော်၊ ရသေ့ကျော်တို့၊ မွေ့လျော်သုံးစား၊ လုံးငယ်လုံးကြီး၊
ချိုအီးအီးကော၊ သစ်သီးများကို၊ ဆွတ်ငြားမကျန်၊ ဘီလူးကြီးတို့၊ ဖျက်ဆီးဟန်ကြောင့်၊
ရှာကြံမရ၊ ရသေ့ကျော်တို့၊ မွေ့လျော်တော်မှာ၊ ရှားပါးကြရေ။

**၁၇။** ရှားပါးကြကော၊ အာဟာရဓာတ်၊ ခေါင်းပါးလတ်၍၊ ငတ်မွတ်
သောခါ၊ အငေါ်ခံဟု၊ စျာန်ပျံမွေ့ကော၊ ရသေ့ကျော်တို့၊ ဣရိယာပထ၊ မမျှကြဘဲ၊
ဒီပအောင်မြေ၊ သိဿိပြည်က၊ သပြေဒီပါ၊ ဤကျွန်းချာကို၊ ကြွလာတုံကြ၊ ခေါင်းတစ်
ဆယ်မှာ၊ စွယ်မြ မြနှင့်၊ ယက္ခဘီလူး၊ သေသောက်ကြူးလည်း၊ မြူးထူးသောက်စား၊
သူ့မယားနှင့်၊ သူ့သားအိမ်ရာ၊ သူ့ကြင်ရာကို၊ ညှာတာမရှိ၊ ကျင့်ဖောက်ပြန်ပျာ၊
လွန်ဆိုးသွမ်းကော၊ မှန်းမသိဘဲ၊ ရမိရရာ၊ ပြုကျင့်ကာဖြင့်၊ အခါတစ်ပါး၊ ရထား
စျာန်နှင့်၊ ပျံကာသွားကော၊ တောဟေဝန်မြိုင်၊ ကြန္တာအိုင်ကို၊ ရံဆိုင်ပိတ်ဖုံး၊ စိမ်းညို
ပြောင်ကော၊ တောင်ငါးလုံးတွင်၊ တစ်လုံးသေလာ၊ ဂန္ဓမာဝယ်၊ စံရာဌာန၊ ထီးနန်း
သည်ကော၊ ဌာရာချလို့၊ ဒုမရာဇာ၊ နတ်မင်းကြီးမှာ၊ သမီးတော်ဟု၊ ခုနစ်ဖြာညီအစ်မ၊
နတ်ကုမ္မာရီ စုံအညီလျှင်၊ ကျင့်သီလနှင့်၊ ဂန္ဓဗ္ဗနတ်သမီးမြတ်တို့၊ နဝရတ်ဝေယံ၊
ပြာသာဒ်ပျံနှင့်၊ ဝဲပျံသွားလာ၊ အခါခါလေ၊ ဖော်အများနှင့်၊ ပျော်ပါးကြရာ ထိုနေ
ခါတွင်၊ ရာဇာစောမှုး၊ ပြည်သိဿိ က၊ ကြည့်ရှုမငြီး၊ နတ်သမီးတို့၊ အထွေးသောသူ၊
လှပျိုဖြူကို မြင်မူ၌ချစ်၊ တဏှာ အဟုန်၊ ကာမဂုဏ်မှာ၊ အာရုံရစ်လို့၊ ကြင်ချစ်စကား၊
ဘီလူးမင်းမှာ၊ အတင်းပြောက၊ နားမနာလို၊ နတ်မေပျိုမှာ၊ ပြောဆိုငြင်းဆန်၊
လက်မခံသော်၊ ဘုန်းကံကြီးခြင်း၊ ခေါင်းဆယ်ဖြာနှင့်၊ ငါသို့မင်းကို၊ ငြင်းရမည်လော၊
သဘောထားနှင့်၊ တရားမဝင်၊ မဆင်ခြင်ဘဲ၊ ညက်စင်ပြာရွှ နတ်သူဇာလေ၊
ကညာလှကို၊ ကာမရာဂီ၊ ငြင်းမလွတ် ဘဲ၊ စပ်ယှက်မှီရေ။

**၁၈။** စပ်ယှက်မှီကော၊ သီတာအလောင်း နတ်ကိန္နရီ၊ လှသိင်္ဂီလေ၊
ကျင့်သီလနှင့်၊ မိန်းမကောင်းကို၊ ပူးပေါင်းစပ်ယှက်၊ ယက္ခရာဇာ၊ မလျော်ရာကို၊
လော်မာမှုလျှင်၊ ပြုသည်တွက်ကြောင့်၊ အရှက်လည်းရ၊ ဇာမရီသို့၊ ကျင့်သီလနှင့်၊
ဂန္ဓဗ္ဗသမီး၊ ပြာသာဒ် ပျံနှင့်၊ လှစံသီးမှာ၊ ယိုစီးမျက်ရည်၊ ကျင့်သီလလျှင်၊
ပျက်ရသည်ကြောင့်၊ တာရှည်မြင့် ကြာ၊ ဤလူ့ရွာမှာ၊ နေသော်ကကျပ်၊ မေသက်
ဝေမှာ၊ သေသော်မြတ်မည်၊ မှတ်တုံ ပေ၍၊ ကြံစေခဲခက်၊ ကာမေသုကို၊ ပြုသည်
တွက်ကြောင့်၊ ပန္နက်သစ္စာ၊ ပြုသည်မှာ က၊ သမ္မာဇာရ၊ ကျင့်ဇာဂီလေ၊ ငါ့သီလလျှင်၊
ပျက်ရဇကန်၊ ယက္ခရန်ကြောင့်၊ ဖြစ်ပြန် ခဲ့မူ၊ သီလဟုန်းနှင့်၊ မီးပုံထင်ရှား၊
မေရှေ့မှာလျှင်၊ ပေါ်စေသားဟု၊ စိတ်အကြံနှင့်၊ မိဋ္ဌာန်ပြုသော်၊ သူ့ကုသိုလ်ဟုန်၊
သီလဂုဏ်ကြောင့်၊ မီးပုံကြီးစွာ၊ အပြီးပေါ်သော်၊ တစ်ခါထပ်မံ၊ မိဋ္ဌာန်ဟန်က၊
ဆံခြေတစ်စိတ်၊ ကာမဂုဏ်မှာ၊ အာရုံဖိတ်၍၊ စိတ်မှာ မလို၊ မကြည်ညိုဘဲ၊မေ့ကိုလည်း
ပြု၊ မကောင်းမှုကြောင့်၊ ယခုချက်ချင်း ကြီးအဟုန်နှင့်၊ မီးပုံတွင်းမှာ၊ ခုန်ဆင်း
သေမည်၊ သို့ဖြစ်သည်ကြောင့်၊ တည်ကြည်ညီမျှ၊ ကျင့်ဇာဂီလေ၊ ငါ့သီလလျှင်၊ ပျက်ရ
တုံငြား၊ အကြောင်းအားကြောင့်၊ နောင်သောကာလ၊ ဤယက္ခ၏၊ သီလဦးခေါင်း၊
စုကာရုံးကော၊ ဆယ်လုံးပေါင်းကို၊ ကောင်းကင်ထက်က၊ ထန်းသီးခိုင်လေ၊ ပြိုင်ကာ
ကျလို့၊ မြင်ရစေသား၊ စိတ်အကြံနှင့်၊ မိဋ္ဌာန်ငြားလို့၊ လျင် လျားမနေ၊ ညီးအဟုန်နှင့်
မီးပုံတွင်းမှာ၊ ခုန်ဆင်းသေရေ။

**၁၉။** ခုန်ဆင်းသေကော၊ အံ့ဖွယ်သရဲ၊ အကြိမ်ကြိမ်လျှင် ကျိန်ကာဆဲ၍၊
မီးထဲ၌ တွင်၊ သေခြင်းအင်ကို၊ မြင်သည်ကာလ၊ နှလုံးထိတ်ကော၊ ကြက်သီးထ,လို့၊
တွက်ဆ ခြင်းရာ၊ ဂန္ဓဗ္ဗဟု၊ လှကလျာကို၊ ကာမေသုတံ၊ ငါကျူးလွန်၍၊ လူ့ထံမနေ၊
ကိန္နရာမှာ၊ ကျိန်စာရွတ်ပျာ၊ ပန္နက်သည်လည်း၊ ကြီးကျယ်နက်နဲ၊ အကြိမ်ကြိမ်လျှင်၊
ကျန်ကာဆဲ ၍၊ ပြတ်စဲဇီဝေ၊ လောင်မီးပုံကို၊ တစ်ဟုန်ချင်းဖြင့်၊ ခုန်ဆင်းသေကော၊
အံ့ဖွယ်သရဲ၊ အသက်ဝိညာဉ်၊ ပျက်စီးဟန်ကြောင့်၊ မီးလျှံစဲက၊ ဖြူဖွေးမြူမှုန်၊
ဤပြာပုံမှာ၊ တစ်စုံ တစ်ခု၊ ဧဝကန်လေ၊ ရှိတန်၏ဟု၊ အမှတ်ပြု၍၊ လေးခုကုမ္ဘဏ်၊

သူ့စေကျွန်ကို၊ ဝန်းရံ စောင့်နေ၊ စုံတစ်ခုသည်၊ မှူကြီးငယ်လျှင်၊ မြင်လေသောခါ၊ ငါမင်းကျော်ဟု၊ လျှောက်လှာရမည်၊ စောင့်ဖန်သားနှင့်၊ ခန့်ထားစေ၍၊ မနေလျင်မြန်၊ ရထားပျံနှင့်၊ ပြန်လေ တုံမြောက် စံမြန်းပျော်ကေ၊ နန်းမှာရောက်က၊ လန့်ကြောက်သံဝေ ရလေသည်။

၂၀။ လန့်ကြောက်မယေသံဝေ၊ ရတုံပေ၍၊ မကြည်စိတ်စက်၊ တသက်သက်ဖြင့်၊ တွက်စားဆင်ခြင်၊ သိဃ်ာရှင်မှာ၊ ငါလျှင်ကျူးလွန်၊ ကာမေသုကို၊ ပြုမိဟန်မှာ၊ အလွန် လည်းမှား၊ သို့ဖြစ်ငြား၍၊ သူ့သားသမီး၊ သူ့ချင်ခင်ကေ၊ ကြင်ဇနီးကို၊ မုဒိန်းအမှု၊ ရန်တစ်ခါမှ၊ ငါမပြုဘဲ၊ အာယုဆုံးအောင်၊ ထိုနောက်နောင်ကို၊ ရှောင်ပါတော့မည်၊ စိတ်မှာရွှေပျော၊ နေသည်ကာလ၊ ရုပ်ရှုပ်လေ၊ အလွန်လှကေ၊ ဂန္ဓဗ္ဗသမီး၊ ရှုမငြီးကေ၊ ရောင်ညီးအဟုန်၊ လောင်မီးပုံမှာ၊ ခုန်ကာဆင်းတွယ်၊ သေတုံလေကေ၊ ဆောက်တည် ခဲ့တုံ၊ ညီအမျှကေ၊ သီလဟုန်ကြောင့်၊ ပြာပုံအထဲ၊ ရှေ့ကပြုဖန်၊ တောင်းဆုကံကြောင့်၊ သန္ဓေစွဲလို့၊ မွှေးရနံ့ထုံ၊ ကြာတစ်ငုံလျှင်၊ ပြာပုံကပေါက်၊ ပွင့်ဖူးတံလေ၊ အလွန်ကြီးကေ၊ ထီးအုံလျှောက်မျှ၊ လေးယောက် ကုမ္ဘဏ်၊ ထိုအကြောင်းကို၊ ခေါင်းဆယ်လုံးဟု၊ ဘီလူးထံမှာ၊ ပန်ကာကြားလျှောက်၊ သစ္စာခိဋ္ဌာန်၊ ပြုခြင်းဟန်ကို၊ ဉာဏ်နှင့်ထောက်က၊ ရွံ့ကြောက်လန့်တုံ၊ ထိုကြာငုံမှာ၊ တစ်စုံတစ်ခု၊ ဧဝကန်ကေ၊ ရှိတန်၏ဟု၊ အမှတ်ပြု၍၊ လေးဦးယက္ခ၊ အမဇ္ဇကို၊ သော့ပေါင်းတစ်ရာ၊ သံသေတ္တာနှင့်၊ မြစ်မှာမျှောလေ၊ မိန့်ခွန်းစေက၊ မနေ လျင်လျား၊ ထိုကုမ္ဘဏ်တို့၊ ပြန်ကာသွား၍၊ ထူးခြားလှစွာ၊ သံ သေတ္တာမှာ၊ တစ်ရသာသော့ပေါင်း၊ ဆိုပေ ခဲ့တုံ၊ ထိုကြာငုံကို၊ ထည့်တုံရှောင်း၍၊ ရေကြောင်းပင်လယ်၊ မျှောလိုက်ပေသော်၊ မြစ်ရေယမုန်၊ အသင့်စုံလို့၊ ဗလုံးလည်းထိုး၊ လှိုင်းတံပိုးဖြင့်၊ ရေရိုးကပင်၊ မိတ္ထိလာလေ၊ အောင်ချာနန်းမှာ၊ ကမ်းသောင်ပြင်၌၊ တင်ကာပါးတွယ်၊ မြင့်တာရှည်အောင်၊ သဲမြေအုပ်ကေ၊ မြုပ်နေလေရေ။

၂၁။ မြုပ်နေလေကေ၊ ဤဝယ်ထင်ရှား၊ စပ်ကာရန်ကို၊ ယဉ်အောင်ဆန်းဗျာ၊ တစ်ခန်းထားလို့၊ စကားတန်ဆာ၊ ရှေ့ကိုဆန်းကေ၊ တစ်ခန်းမှင်က၊ လဟာပင်လယ်၊ သောင်းကမ်းစွယ်မှာ၊ အမည်နာမ၊ ထီးနန်းသည်ပျာ၊ ဌာနေချကေ၊ ကိသကိန္နာ၊ မြို့အောင်ချာတွင်၊ အာဏာထန်ပြင်း၊ ခက်ချင်းဆိုင်ပျာ၊ နန်းမြိုင်ရိပ်မှာ၊ သုကြိတ်မင်း နှင့်၊ ညီရင်းဘာလီ၊ မျောက်သာကီတို့၊ ဒေဝီတောင်ညာ၊ မေဘတ္တာနှင့်၊ ရံကာခညောင်း၊ စံပျော်ရာဝယ်၊ ထံတော်မှောက်မှာ၊ မျောက်အပေါင်းတို့၊ သိန်းသောင်းသချေ်၊ ရာကုဋေတိ၊ ကြီးကျယ်ခွန်အား၊ အစွမ်းဟုန်နှင့်၊ ခုန်ကာလွှားသော်၊ ငါးဆယ် ယူဇနာ၊ သုကြိတ်မျောက်မှာ၊ ရောက်တုံပါကေ၊ ညီတော်တစ်ယောက်၊ တစ်သာကီ လေ၊ ဘာလီမျောက်က၊ ခုန်မြောက်တုံလျက်၊ လျှပ်တစ်ပြက်မှာ၊ အချက်ငါးဆယ်၊ စွမ်းနိုင်ပေ၍၊ ကြီးကျယ်တန်ခိုး၊ မျောက်ညီနောင်တို့၊ ပြည်ထောင်စိုးလို့၊ ဟိုးဟိုး လည်းကျော်၊ တစ်ရံခါဝယ်၊ ညီတော်မျောက်မင်း၊ နန်းမှဆင်း၍၊ ဝင်းဝင်းနေသော၊ လှံ့နေခါတွင်၊ မယာယက္ခ၊ တစ်သောင်းမြေမှာ၊ ခေါင်းဆယ်ဝဟု၊ ဒသဂီရိ၊ မည်ရှိ မင်းခေါင်၊ ရွှေနန်းဆောင်က၊ တောင်ဂန္ဓမာ၊ ခါတစ်ရံလေ၊ စျာန်ရထားနှင့်၊ ပျံသွား ရာတွင်၊ ရာဇာမှန်ကင်း၊ တစ်ယောက်ညီလေ၊ ဘာလီမင်းကို၊ ကျော်နင်းကာသွား၊ သို့ကြောင်းလျာကြောင့်၊ ခုန်လွှားတုလျက်၊ ရထားပေါ်မှာ၊ လွှားကာတက်လို့၊ လက်ကတီးကြား၊ သုအလိုင်က၊ ကိုင်ကာညှပ်ကေ၊ ကျပ်ပြီးငြားမှ၊ အားကိုပြတုံ၊ ယမုန်နာကို၊ စုံကျော်မြောက်ပျာ၊ သုံးခေါက်ခုန်ရေ။

၂၂။ သုံးခေါက်ခုန်ကေ တုန်ကာဆတ်ဆတ်၊ သူ့ရုပ်ရည်လေ၊ သေမတတ်လျှင်၊ မြင်လတ်သောခါ၊ မျောက်ရာဇာမှာ၊ အာဏာပြင်းထန်၊ ပြောခြင်းဟန်က၊ ဘုန်းကံ ကြီးမြင့်၊ ငါ ဘာလီခေါ်၊ မျောက်ရာဇာလေ၊ ငါသို့မင်းကို၊ သတင်းစကား၊ စွမ်းဂုဏ် အင်ကို၊ သင်မကြားလား၊ အားမြောက်အားကိုး၊ ရထားဆိုးနှင့်၊ ကိုးရိုးကားရား၊ငါ့ခေါင်းပေါ်က ကျော်ကာလွှားလို့၊ သွားသည်ခြင်းရာ၊ ငါမင်းဖျားကို၊ အားမနာလို့၊ များစွာလွန်ကျူး၊ အစိမ်းမျိုးကေ၊ သိဃ်ာမှုူးကို၊ ဘီလူးတခြား၊ ရထားတစ၊ မြစ်ပင် လယ်တွင်၊ ရေမှာကျအောင်၊ ငါချတော့မည်၊ ဆိုတုန်းလေကေ၊ ပြည်သိဃ်ာမင်း၊ ခယကျိုးနွံ၊ အကြောင်းပြန်ပျာ၊ တောင်းပန်ခြင်းက၊ မျောက်မင်းအပေါ်၊ အားမနာလို့၊ ကျော်ကာသွားသည်၊ မှန်တုံပေသော်၊ သေအောင်ပင်သတ်၊ ကျွန့်ကိုပင်လေ၊ သင်မလွှတ်က၊ လျှောက်ပတ်သည်ပင်၊ သို့ရာတွင်မူ၊ ဘုရင်မျောက်မင်း၊ နေဆာ လှုံ၍၊ စံတုံခြင်းကို၊ အလျှင်းမသိ သို့ဖြစ်ဘိ၍၊ သွားမိသည်သာ၊ ဤတစ်ခါကို၊ ပြည် ရွှာစိုးခြင်း၊ မင်းချင်းချင်းမှာ၊ မသွင်းမျက်မာန်၊ သည်ညည်းခံပျာ၊ ပြန်၍ လွှတ် ကြောင်း၊ ကြိမ်ဖန်ဖန်လေ၊ တောင်းပန်ရှောင်ကေ၊ ၎င်းထိုမျောက်အသက်တစ် ချောင်း၊ မပျက် ကောင်းဟု၊ အကြောင်းထောက်လို့၊ နောက်နောင်တကယ်၊ မသွားပေနှင့်၊ သေအောင် လတ်လတ်၊ ဤတစ်ခါကို၊ ငါမသတ်ဟု၊ လွှတ်လေသောခါ၊ ရှင်ဝမ်းသာ၍၊ ပြန်ကာ မနေ၊ သိဃ်ာပိုင်မှာ၊ ယာဉ်ရထားနှင့်၊ သွားလေသည်လေ။

# အရှုတ္တရက ဓတရဋ္ဌမင်းအခန်း

၂၃။ သွားတုံလေကော၊ ဤ၀ယ်တစ်ရပ်၊ စပ်ကာရန်ကို၊ တော်တန်ဆန်းပျာ၊ တစ်ခန်းသတ်လို့၊ ၀တ္ထုဆင်ခြေ၊ ရှေ့ကိုဆန်းလို့၊ တစ်ခန်းသွယ်သော်၊ သပြေလက်ယာ၊ မြေမျက်နှာတွင်၊ မဟာရဋ္ဌ၊ ရုတ္တရဟု၊ သာလှနန်းမြေ၊ ကြငှန်းတည်၍၊ ထီးစည် စိုးကာ၊ တန်ခိုးဖြာကေ၊ မဟာဓတရဋ္ဌ၊ ချုပ်အချာလေ၊ အုပ်ကာမိုးပျာ၊ အစိုးရလို့၊ နန်းမတောင်ညာ၊ ကောသလ္လာနှင့်၊ မြောက်ညာနန်းနေ၊ မင်းကေကေဖြင့်၊ အလယ် နန်းမ၊ သုမိတ္တဟု၊ ရူပနိကာယ်၊ အင်ငါးသွယ်နှင့်၊ မဟေအဂ္ဂ၊ မဇ္ဈိမနှင့်၊ စူလေဒေဝီ၊ မဟေသီဟု၊ ရွှေညီသုံးပါး၊ ဆောင်နန်းပေါ်မှာ၊ သညာရှိကေ၊ မိဖုရားနှင့်၊ များပြား မှူးမတ်၊ အထပ်ထပ်တိ၊ ၀န်းပတ်ရံကာ၊ ရုတ္တရာက၊ အုပ်ကာစိုးကေ၊ ဟိုးဟိုးကျော်လို့၊ အခါတစ်ပါး လေးရောင်စိုးကေ၊ မြင်းမိုရ်ဖျားက၊ သိကြားသူရာ၊ ခါဖန်ဖန်လေ၊ စစ်ရန်ဖြစ်လို့၊ တိုက်ကြခါ၀ယ်၊ အသူရာဘက်က၊ သမက်လှဟု၊ ယက္ခစင်စစ်၊ သူလျှင် လာပျာ၊ ကူကာတိုက်လို့၊ စစ်အောင်လေသည်၊ သို့ဖြစ်ပေ၍၊ ကြံစည်စဉ်းစား၊ မိုးသိ ကြားမှာ၊ အားကိုးစရာ၊ လူ့ပြည်ရွာ၀ယ်၊ တွင်ခေါ်နာမ၊ မိုးက္ကန္ဒာမှာ၊ သားတော်ရင်း ကေ၊ မင်းဒဿကို၊ ဆက်သရွေ့လွှာ၊ စစ်ကူခေါ်လို့၊ စေကာမှူးမတ်၊ ရထားပျံနှင့်၊ တမန်လွှတ်လို့၊ ပြာသာဒ်နှင့်သာ၊ လာရောက်လာသော်၊ ရာဇာမင်းဖျား၊ မှူးမတ်၀န်း ရံ၊ တိုင်ပင်ခံပျာ၊ စီမံငြားလို့၊ ရထားစက်ပျံ၊ ၀ေဇယံနှင့်၊ လျင်မြန်မနေ၊ အသူရာကို၊ ကူကာတိုက်လို့၊ လိုက်လေရေလေ။

၂၄။ လိုက်တုံလေကော၊ နတ်ပြည်စိုးခြင်း၊ သိကြားမင်းနှင့်၊ မကင်းမကွာ၊ အသူရာတို့၊ ဗျူဟာခင်းကျင်း၊ စစ်ထိုးခြင်းကို၊ ရှင်ရင်းမြတ်ဖျား၊ ပရိတ်တော်လေ၊ ဓဇဂ်သုတ်မှာ၊ ထုတ်ဖော်ဟောလို့၊ သိကြားရာဇာ၊ စစ်ကူခေါ်၍၊ မဟာဓတရဋ္ဌ၊ နတ်တို့ပြည်ကို၊ ရောက်လေကလျှင်၊ စိုက်ထလေးဆူ၊ တံခွန်ထူ၍၊ ၀ရုဏ်က္ကဿ၊ ကုဝေရနှင့်၊ ဝိရူဠ္ဍနတ်၊ သူရာရန်ကို၊ တိုက်လှန်ပြုကေ၊ လေးဦးမတ်နှင့်၊ ပူးကပ်ယှဉ်ပြိုင်၊ စစ်အင်ကျင်း၍၊ ရင်ချင်းဆိုင်ပျာ၊ မဏ္ဍိုင်မြင်းမိုရ်၊ လေးရောင်စိုလျှင်၊ ကွဲပြိုမတတ်၊ တစ်ယောက်တစ်ချက်၊ နှစ်ဖက်ယှက်လျှင်၊ လက်နက်လွှတ်က၊ ဓတရဋ္ဌမင်းကျော်၊ ဘုန်းတေဇာကြောင့်၊ သူရာပျက်ပြန်း၊ တိုက်ရာတွင်လေ၊ စစ်လျှင်ရှုံးကေ၊ သုံးလုံး ခလောက်၊ မြင်းမိုရ်အောက်ကို၊ အရောက်မနေ၊ ပြေးကြလေကော၊ လူပြည်ဌာန၊ ရုတ္တရက၊ ဓတရဋ္ဌတွင်ခေါ်၊ ဘုန်းရောင်လင်းကေ၊ မင်းရာဇာကို၊ ကက္ကန္ဒာတွင်ငြား၊ နတ်ခြောက်ဘုံကို၊ လုံးခြုံစိုးကေ၊ မိုးသိကြားက၊ များပြားသြဇာ၊ နတ်သုဒ္ဓါနှင့်၊ သုဒ္ဒါ ဝေရီ၊ ရှိမည်တုံငြား၊ ဂုဏ်တစ်ပါးနှင့်၊ ထင်ရှားရုပ်နာမ်၊ မမြင်ပြန်လည်း၊ မြေသံကို ကြား၊ ပစ်တုန်ပြန်သော်၊ မှန်နိုင်ငြားကေ၊ သိကြား လက်နက်၊နတ်တို့စက်ကို၊ ဆက်သ ပြီးသော်၊ လူ့ပြည်ရွာကို၊ ပြန်ကာမနေ၊ ရထားပျံနှင့်၊ နိုင်ငံမြို့ကိုပို့လှာသည်လေ။

၂၅။ ပို့လှာသည်လေ၊ ရွှေပြည်နိုင်ငံ၊ နန်းဝေယံမှာ၊ ခြွေရံသီးသီး၊ မှူးမတ်ကြီးတို့၊ ၀မ်းသိ၀မ်းသာ၊ တို့ရာဇာလေ၊ နတ်ရွာတွင်းက၊ ဆင်းလို့လာဟု၊ ဆီးကာကြိုဆို၊ ကြောင်းထိုထိုကို၊ မေးဆိုလျှောက်တင်၊ အသူရာကို၊ ကူကာတိုက်လို့၊ စစ်မြေပြင်မှာ၊ အောင်မြင်ဇေယျ၊ မိုးက္ကန္ဒာလေ၊ ဝါသဝက၊ သဒ္ဒဝေရီ၊ မည်ရှိလက်နက်၊နတ်တို့စက်ကို၊ ဆက်သလိုက်ကြောင်း၊ ခြင်းမျိုးစုံကို၊ ပြောတုံရှောင်းက၊ အပေါင်းဗိုလ်ပါ၊ တို့ရာဇာလျှင်၊ ကူကာစစ်ထိုး၊ ရန်သူဘောင်မှာ၊ ဘုန်းရောင်ဖြိုး၍၊ မိုးနတ်တောင်မှ၊ လက်နက်ကြီးစွာ၊ မြားစကြာကို၊ ဆက်ကာသဟု၊ ရွှင်ပ၀မ်းသာ၊ အနှံ့အပြား၊ အံ့သြသဖြင့်၊ ပြောကြပါကော၊ ရာဇာဓတ၊ ရဋ္ဌမင်းကျော်၊ အသူရာနှင့်၊ ယှဉ်ကာတိုက်ခိုက်၊ လျှပ်ရောင်ပြိုးပြက်၊ နတ်တို့စက်နှင့်၊ လက်နက်ပစ်က၊ ထိခိုက်ကာရှု၊ လက်ညှိုးမှာလေ၊ အနာရကေ၊ ကာလကြာတင်၊ မသာကျင်ဘဲ၊ နာကျင်ကိုက်ခဲ၊ စိတ်မငြိမ်ကော၊ ဤအရေးကြောင့်၊ အိပ်၍မပျော်၊ ရှိခြင်းရာမှာ၊ မြောက်ညာနန်းနေ၊ လှမြတေကော၊ ကေကေတွင်ငြား၊ မိဖုရားက၊ မင်းဖျားဘုန်းခေါင်၊ ညဥ့်လေးယံတွင်၊ သလွန်ထက်မှာ၊ တစ်မျက်တောင်မှ၊ ကောင်းအောင်မစက်၊ အအိပ်ပျက်ဟု၊ ညဥ့်နက်သောခါ၊ ခံတွင်းမှာ၌၊ ငုံကာလက်ညှိုး၊ ထားလေပြန်သော်၊ သလွန်ရိပ်မှာ၊ အိပ်မနိုးလေ။

၂၆။ အိပ်မနှိုးကော၊ ခတ်ခိုးခတ်ငွေ့၊ ခံတွင်းဂူလေ၊ ပူအတွေ့ကြောင့်၊ ပေါက်၍ သွေးပြည်၊ ကျတုံလေကော၊ ကေကေတွင်ငြား၊ တစ်ယောက်ကလျှာ၊ မျောက်သားတော်လေ၊ မြောက်ညာထားက၊ မင်းဖျားပါရမေ၊ နိုးလိမ့်မည်ကို၊ စိုးသည်တွက်တာ၊ စီးကျ ယိုကေ၊ ဆိုးညစ်ကြေးကို၊ မထွေးပါဘဲ၊ မျိုကာလည်းချ၊ လင်မင်းကျော်လျှင်၊ နိုးကာထသော်၊ ငါ့မှာရောဂါ၊ ကောင်းချမ်းသာကေ၊ ရှားကွာခဲ့ငြား၊ မြောက်ညာပျော်ကို၊ ဆိုကာပြောသော်၊ စကားပရိယာယ်၊ အသွယ်သွယ်နှင့်၊ ကေကေမိဖုရား၊ ခံတွင်းမှာ ငုံ၊ ပြည်ပေါက်ပုံကို၊ အကုန်ပြောက၊ မင်းဖျားဘုရင်၊ ပြည်ကြီးရှင်မှာ၊ သင်၏ကျေးဇူး၊ ငါ့ကိုယ်တွင်လေ၊ တင်ပေဖူး၍၊ ဆုတစ်ပါးပါး၊ တွေးရှုလေတုံ၊ ကျေးဇူးဂုဏ်ကြောင့်၊ ပေးတုံငြားအံ့၊ သဘောလိုရာ၊ မြောက်နန်းခိုလေ၊ ညိုနွေနှောင်းမှာ၊

တောင်းတုံပါဟု၊ ဆိုတော်မူက၊ မိန်းမဉာဏ်နှင့်၊ ကြံယူဆ,၍၊ ကျွန်မလိုခါ၊ ထိုဆုတော်ကို၊ တောင်းပါတော့မည်၊ ရှင်မင်းထံမှာ၊ ပြန်ကာတပ်ပျာ၊ အပ်ထားပေဟု၊ ဆိုတုံလေငြား၊ မျောက်သားတော်လေ၊ မြောက်ညာထားကို၊ မင်းဖျားမြတ်နိုး၊ ဆယ်ဆတိုး၍၊ အုပ်မိုး ထီးဖြူ စိုးတော်မူကေ၊ ဗိုလ်လူဝန်းပတ်၊ နန်းကပြသာဒ်၌၊ မင်းမြတ်ပျော်စံ၊ ခါတစ်ရံတွင်၊ သဒ္ဒံဝေရိ၊ လက်နက်ကိုလျှင်၊ စမ်းလိုဘိ၍၊ မိန့်ရှိအာဏာ၊ တတ်ကျေပွန် လေ၊ မတ်ဝန်များကို၊ စကားမှာရေ။

၂၇။ စကားမှာကေ၊ ပြည်ရွာတိုင်းမြတ်၊ ရေးအရာကို၊ လွှဲကာအပ်၍၊ ဓတရဋ္ဌမင်းကျော်၊ တောမြိုင်သာကို၊ စကြာလက်နက်၊ နန်းဌာနီက၊ လှမ်းချီထွက်ကေ၊ တောနက် တောင်စွယ်၊ စုံမြိုင်ခြေကို၊ ရောက်လေသောခါ၊ ဂနိုင်ညိုလေ၊ ထိုသည်တောမှာ၊ တရားပျော်၍၊ သူတော်တို့ထုံး၊ ဒုကုလနှင့်၊ ပါရိကသွင်၊ ဂူဥမင်မှာ၊ မူတင်သုံးလို့၊ နှလုံးမွေ့လျော်၊ သခ်မ်းသာလေ၊ ဝိဟာကျောင်းနှင့်၊ ကျိန်းအောင်းပျော်ကေ၊ သူတော် တွင်ငြား၊ လင်မယားမှာ၊ သားတစ်ယောက်ရှိ၊ ဝိပါတ်ဟုန်လေ၊ ကြုံကာတွေ့လို့၊ မျက်စိကွယ်ကြင်၊ မိဖခင်ကို၊ သားရှင်မြတ်လေး၊ သစ်သီးရှာပျာ၊ လုပ်ကာကျွေးကေ၊ ရင်သွေးရတနာ၊ ထိုနေ့ခါလျှင်၊ မိဂ္ဂါတွင်ရှောင်း၊ တောမြိုင်ခွင်မှာ၊ သမင်ပေါင်းနှင့်၊ ဘူးတောင်မှာသွတ်၊ လွယ်တကူလျှင်၊ ရေယူခပ်လို့၊ ကမ်းစပ်မြက်အိုင်၊ ကျောက်ဂူလိုဏ်မှာ၊ ထိုင်ကာမတ်မတ်၊ ထိုဘူးကောက်ကို၊ ဒူးထောက်ညွတ်လို့၊ ခပ်ကာယူပြန်၊ ရေဝင်သံကို၊ ညံညံကြားလျက်၊ ဓတရဋ္ဌတွင်ခေါ်၊ မင်းရာဇာမှာ၊ တောင်ပေါ်ထက်က၊ လက်နက်စကြာ၊ လွှတ်လိုက်ပါသော်၊ နံမှာထွင်းဖောက်၊ တောင်ကမ်းယိုင်လေ၊ စမ်းအိုင်ချောက်မှာ၊ ဇောက်ထိုးပြောင်းပြန်၊ မသေခင်လေ၊ မြေတွင်လူးကေ၊ ညည်းညူဟန်က၊ ရန်သူနှိပ်စက်၊ ဤဂနိုင်လေ၊ ဤမြိုင်နက်မှာ၊ တစ်သက်မသေ၊ ရုပ်ခန္ဓာ လေ၊ ချုပ်ကာပျက်ကေ၊ သုံးသက်သေရေ။

၂၈။ သုံးယောက်သေကေ၊ မျက်ရည်စီးယို၊ မိနှင့်ဖကို၊ တ,သ,ငိုကေ၊ ထိုသည် ရာဇာ၊ နရိန္ဒာမှာ၊ ငါလျှင်လွန်မှား၊ လက်နက်သဒ္ဒံ၊ ပစ်လိုက်ပြန်သော်၊ လူသံကြားဟု၊ ခြားနားသိသာ၊ သွားကြည့်ခါဝယ်၊ မာတာပိတ၊ မိနှင့်ဖကို၊ ခ,ယလုပ်ကျွေး၊ တောမြိုင်ခွင်မှာ၊ သားရင်သွေးက၊ လဲ၍တွေ့ခါ၊ မင်းရာဇာမှာ၊ ခြင်းရာမကျန်၊ မေးလေပြန်ကေ၊ အကျွန်ုပ်မှာ၊ သစ်သီးရှာပျာ၊ လုပ်ကာကျွေးကေ၊ ရင်သွေးရတနာ၊ ဖြစ်ခြင်းရာကြောင့်၊ ခန္ဓာဆုံးဖြတ်၊ မျက်ငြိုလို၍၊ ကျွန်ုပ်ကိုသတ်ကေ၊ သက်ပြတ်ခန္ဓာ၊ သခ်မ်းသာ မှာ၊ အာဟာရဓာတ်၊ ခေါင်းပါးလတ်၍၊ ငတ်မွတ်မနေ၊ ရက်သတ္တာမှာ၊ ခန္ဓာဆုံးကေ၊ တုံးလိမ့်မည်ဟု၊ မကြည်စိတ်စက်၊ သည်အတွက်ကြောင့်၊ တစ်သက်မသေ၊ တောရဂုံ လေ၊ စုံမြိုင်နက်မှာ၊ သုံးသက်သေဟု၊ ဆိုလေတုံငြား၊ ထိုကြောင်းလျှောကြောင့်၊ မြားမှာဆိပ်ခတ်၊ တောမြိုင်ညိုတွင်၊ ကျွန်ုပ်ကို သတ်ဟု၊ ဆိုလတ်သောခါ၊ မင်းရာဇာမှာ၊ ခြင်းရာထပ်လောင်း၊ သင်တစ်မူလေ၊ သူတော်ကောင်းကို၊ အကြောင်း မသိ၊ အသံကြားလျှင်၊ ကျား,သစ်,ဆင်ဟု၊ ထင်မှတ် မိ၍၊ ဝေရိသတ္တ၊ အမည်ရကေ၊ ဒေဝလက်နက်၊ သိကြားဆက်ကေ၊ မြားစက်နှင့်သည်၊ ကြားအသံကို၊ မှန်အောင်စစ် ပျာ၊ ပစ်မိရေလေ။

၂၉။ ပစ်မိပါကေ၊ မာတာပီတ၊ မိနှင့်ဖတို့၊ ဇီဝရှည်ကြောင်း၊ သစ်သီးဖွေရှာ၊လုပ်ကျွေးပါကေ၊ သူတော်ကောင်းလေ၊ အကြောင်းဖွေရှာ၊ သောင်းမြေချာမှာ၊ ဆောင်းကာထီးဖြူ ငါတစ်မူလေ၊ လူသာမည၊ မဟုတ်လှဘူး၊ ရုတ္တရမည်၊ ထီးနန်းတည်ကေ၊ ရွှေပြည်ဘုရင်၊ ဧကရာဇ်ကေ၊ ဖြစ်တုံကျင်ရေ၊ လုလင်သင့်အား၊ ငါတစ်ဖန်လေ၊ လက်လွန်မှားလို့၊ ပျက်ပြားခန္ဓာ၊ သင့်မှာသော်ကား၊ သေပါရမည်၊ သို့ဖြစ်ပေလည်း၊ မွေးသည်မိခင်၊ မျက်မမြင်နှင့်၊ ဖခင်တို့အား၊ ကျွေးမွေးရန်ကို၊ အလွန်ညိုးပျာ၊ မစိုး ငြားနှင့်၊ သွားမည်လမ်းမှာ၊ စုတေစိတ်ကျ၊ အနိစ္စနှင့်၊ ဖြောင့်ထပါအောင်၊ စိတ်သာချ လေ၊ သင့်အနေပင်၊ ငါဝယ်သွားလား၊ မိခင်ဖခင်၊ မျက်မမြင်ကေ၊ လင်မယားကို၊ ကိုယ်စားလှည့်လေ၊ လုပ်ကျွေးမည်ကြောင့်၊ နေသည့်ဌာန၊ သခ်မ်းသာသို့၊ သွားရာ လမ်းကို၊ ညွှန်းကာပြဟု၊ ဒဿရမင်းကျော်၊ ပြောလေပါကေ၊ သူတော်ကောင်းသား၊ အကြောင်းကြားက၊ မပြောနိုင်နိုင်၊ ပြောနိုင်နိုင်နှင့်၊ အစည်မပျောက်၊ ကျောင်းတော်သာကို၊ သွားရာလမ်းမှာ၊ စခန်းလှောက်ကို၊ လှမ်းရောက်အောင်သာ၊သွေးစက်စက် နှင့်၊ အသက်ရုပ်နာမ်၊ ချုပ်တုံပြန်ကေ၊ ကျေးစွန်လင်းတ၊ မစားစေဌာ၊ ထားပြီးခါမှ၊ ကျောင်းတော်သခ်မ်း၊ ရေယူဆောင်ပျာ၊ မြိုင်ချောင်အောက်မှာ၊ရောက်အောင်လှမ်းရေ။

၃၀။ ရောက်အောင်လှမ်းကေ၊ သခ်မ်းကိုဝင်၊ သူတော်စင်လေ၊ လင်နှင့်မယား၊ သွားချီဟန်လေ၊ ခြေသံကြားက၊ ငါ့သားပုတ္တာ၊ မဟုတ်ပါဟု၊ နားမှာကြားသိ၊ သို့ဖြစ်ဘိ၍၊ ယနေ့အခါ၊ သခ်မ်းထက်ကို၊ တက်၍လာကေ၊ ခြင်းရာကွဲပြား၊ နဂါးဂဠုန်၊ ဇာတ်မတူကေ၊ နတ်လူများတွင်၊ ခြားနားသစ်မြစ်၊ သင်တစ်မူက၊ ဘယ်သူဖြစ်ဟု၊ စိစစ်မေးခါ၊ ရင်သွေးတော်ဟု၊ ရာဇာမင်းဖျား၊ ပြောလေတုံသော်၊ မယုံငြားဘဲ၊ ငါးသားဧကန်၊ ဖြစ်တုံပြန်သော်၊ ခြေသံသာသာ၊ သင့်မှာသော်က၊ ပါဒါချလှမ်း၊

နင်းခြေသံလေ၊ အလွန်ကြမ်း၍၊ ကန်းပင် ကန်းငြား၊ ငါတို့ကိုမုံ၊ သားဆိုတုံသော်၊ မယုံငြားဟု၊ စကားဆိုကာ၊ ထိုရာဇာမှာ၊ ကြောင်းရာမကျန်၊ တောဌာနေမှာ၊ သားသေခြင်းကို၊ အလင်းပြန်၍၊ အကျွန်ထင်ရှား၊ စကွဲကွယ်ကျင်၊ မျက်မမြင်ကော၊ သတို့သားတို့၊ အလားတူစွာ၊ လုပ်ကျွေးပါအံ့၊ သူတော်မောင်နှံ၊ သားရင်သွေးကြောင့်၊ ဆွေးပူဖန်လည်း၊ သည်းခံကြပါ၊ ဆိုသောခါလျှင်၊ မာတာပီတာ၊ မိနှင့်ဖတို့၊ ကြားရစကား၊ ကိုယ့်ရင်၌ကော၊ ချစ်သောသားကြောင့်၊ တရားလက်ကိုင်၊ မဖြေနိုင်ကော၊ တောမြိုင်ခန့်ဝါ၊ သားရွှေလွှာ၏၊ သေရာရပ်သို့၊ မျက်မမြင်ကို၊ အသင်ပို့ဟု၊ ဤသို့ကေဆိုခါ၊ ထိုရာဇာလည်း၊ ဆောင်ကာမနေ၊ သားသူတော်၏၊ သေရာသို့လျှင်၊ ပို့တော့သည်လေ။

၃၁။ ပို့တုံသည်လေ၊ ရောက်သည်ကာလ၊ မျက်မမြင်ဘဲ၊ ခူတင်ကျင့်ကော၊ မိနှင့်ဖတို့၊ သားလှကိုဖက်၊ အသွယ်သွယ်ကော၊ မျက်ရည်စက်နှင့်၊ လက်ဖြင့်သုံးသပ်၊ သား၏ကိုယ်ကို၊ ငိုကာပွတ်လို့၊ ဆိုလတ်တုံခြင်း၊ မျိုးမတူကော၊ ရန်သူမင်းလေ၊ မကင်း ဗျာယ၊ ငါတို့တစ်မူ၊ သားသည်းအူကြောင့်၊ ပူပင်ရသို့၊ သင်ကတစ်မူ၊ တို့အတူလျှင်၊ သည်းအူဖြစ်ငြား၊ သင်၏သားကြောင့်၊ ယိုငြားမျက်ရည်၊ တို့အပူသို့၊ တူတမျှကော၊ ပူရစေဟု၊ ကြောက်ဖွယ်ခမန်း၊ ဤသို့ဆိုပျာ၊ ငိုမြည်တမ်းကော၊ ရွှေနန်းဘုရင်၊ ပြောခြင်းအင်က၊ များဖြင့်နှစ်ပေါင်း၊ နန်းသီတာမှာ၊ မြင့်ကြာညောင်းအောင်၊ တစ်သောင်းခြောက်ထောင်၊ ရွှယ်များဘောင်မှာ၊ အခေါင်တင်ထား၊ သုံးယောက်ရှိကော၊ မိဖုရားနှင့်၊ စံစားတုံမြောက်၊ အမွေခံလေ၊ ဧကန်ရှားကော၊ သားတစ်ယောက်မျှ၊ မပေါက်မဖွား၊ သို့ဖြစ်ငြား၍၊ သားကြောင့်တစ်မူ၊ ပွားနှောင့်ဆူ၍၊ မပူရပါ၊ ထိုစကားကို၊ ပြောဆိုရာတွင်၊ သူတော်မောင်နှံ၊ ခွန်းနှုတ်ညွှန်၍၊ ရန်သူဘုရင်၊ သင်မင်းဖျားမှာ၊ သားလိုချင်မူ၊ မြိုင်ခွန်ဟေမဝါ၊ သည်တောတန်းကို၊ သန်းလို့ကျော်သော်၊ မိဂ္ဂါသန၊ သုံးလုံးသေလာ၊ ပိတ်ဖုံးကာကော၊ ကုန်းဌာနမှာ၊ တာပသသခေါ်၊ ရသေ့ကျော်ဟု၊ ကေသာဆံကျစ်၊ ခွေရစ်တုံဘိ၊ သုံးခုရှိ၍၊ တြိဇာဂီ၊ ဘွဲ့သညီနှင့်၊ လောကီဈာန်ရ၊ ရသေ့ထံမှာ၊ ပန်ဆုတောင်းကော၊ သားကောင်းရမည်၊ သူတော်စင်လေ၊ လင်မယားတို့၊ ပြောကြသည်လေ။

၃၂။ ပြောကြလေကော၊ ကင်းကွယ်စကျွဲ၊ ရှေးဖြစ်ဟန်လေ၊ ကံအကြောင်းကော၊ မကောင်းမှုကြောင့်၊ ကြည့်ရှုမမြင်၊ မယားလင်တို့၊ သားရှင်ကြောင့်မူ၊ လဲသဲညိုလေ၊ ပြိုကာပိုင်းယောင်၊ ဆွဲလှိုင်းပူ၍၊ သည်းအူသက်စု၊ မိခင်ဖခင်၊ ချိမ္ဗရှင်ကော၊ ရင်ကိုထုလို့၊ အာယုခန္ဓာ၊ ရင်ကွဲနာနှင့်၊ မြေမှာလဲတွယ်၊ သားသည်အူနှင့်၊ တူတကွလျှင်၊ သေကြလေသော်၊ ပြည်ရှတ္တရ၊ စိုးပိုင်သကော၊ ဒဠှရမင်းကျော်၊ ငါတွက်တာကြောင့်၊ သူတော်သားဖ၊ သက်ဇီဝေလေ၊ သေကြရဟု၊ ကာယစေတသိက်၊ နှလုံးထိတ်၍၊ စိတ်တွင်မသာ၊ ထိုအခါဝယ်၊ မရဏာဥတုဇရုပ်၊ ဇီဝိတိန်လျှင်၊ မငြိမ်ရွှေ့ကော၊ စုတေ ချုပ်လို့၊ ပုတ္တိကာယိန်၊ ခန္ဓာအိမ်ကို၊ ရာဇိန်ထိုမင်း၊ သုံးယောက်တူပြိုင်၊ ခေါင်းချင်း ဆိုင်၍၊ တောမြိုင်တွင်းမှာ၊ လုံးချင်းတစ်ကိုယ်၊ ဖုတ်သင်္ဂြိုဟ်၍၊ မြိုင်ညိုတောတန်း၊ မျက်မမြင်တို့၊ သင်ကာညွှန်းကော၊ လမ်းကိုစုန်ကာ၊ လိုက်လေပါသော်၊ မိဂ္ဂါသန၊ ကြီးမြင့်ခေါင်လေ၊ တောင်သုံးလုံး၊ ပိတ်ဖုံးကာကော၊ ကုန်းဌာနကို၊ ဒသရာဇာ၊ ရောက် လေပါသော်၊ ပဇာယန၊ ရသေ့ပျံကို၊ ဆံဦးလျှော့လို့၊ ပုတ္တာရတနာ၊ ရလိုပါကြောင်း၊ လက်ဆယ်ဖြာနှင့်၊ ပန်ထွာပြုပျာ၊ သားဆုတောင်းရေ။

## သားဆုရစန်း

၃၃။ သားဆုတောင်းကော၊ အကြောင့်စေ့စုံ၊ ရသေ့ကြီးမှာ၊ မေးပြီးတုံမှ၊ ရွှေဘုံကြ ငှန်း၊ ထီးနန်းဘုရင်၊ ရှေးကတောင်းဆု၊ အကြောင်းပြုကော၊ ကောင်းမှုအင်နှင့်၊ သားရှင်ပုတ္တ၊ ရ,မရကို၊ ဒိဗ္ဗစကျွဲ၊ ရသေ့ပျံမှာ၊ ဉာဏ်နှင့်ရှုက၊ သက်စုပတ္တမြား၊ လေးယောက်သားလျှင်၊ ပေါက်ဖွားသန့်စင်၊ ရမည်အင်ကို၊ မြင်လေတုံပြီး၊ ငှက်ပျော သီးမှု၊ နှစ်လုံးယူလို့၊ ဘုန်းလူထွတ်ထား၊ ရသေ့မြတ်စွာ၊ ပေးအပ်ကာဖြင့်၊ မှာစကား က၊ ငှက်ပျောသစ်သီး၊ ချိုအီးအီးကို၊ မင်းကြီးမယား၊ မိဖုရားကို၊ ပေးငြားလေမြောက်၊ တစ်လုံးစားသော်၊ သားနှစ်ယောက်စီ၊ ဖွားမြောက်လိမ့်မည်၊ မင်းရာဇာကို၊ ခြင်းရာများလျှင်၊ ပြောလိုက်ပေကော၊ ရွှေပြည်ဥဂ္ဂဠ်၊ သမုတ်နတ်လည်း၊ မြတ်တပသာ၊ ဣသိန္ဒကို၊ ပက္ခိယအဥ္စလီ၊ ဝန္ဒနာလေ၊ ပန်ထွာမှုဖြင့်၊ လက်ဦးချီ၍၊ ဝစီကာယ၊ ပြုပြီးမှလျှင်၊ အားရဝမ်းသာ၊ တိုင်းဌာနေလေ၊ ရွှေပြည်နန်းကို၊ လှမ်းလေပါ၍၊ ကြင်ရာမယား၊ သုံးယောက်ရှိကော၊ မိဖုရားနှင့်၊ ငှက်ပျောသီးမှာ၊ နှလုံးသာလျှင်၊ ဝေရာမစေ့၊ သို့ဖြစ်ဘိမူ၊ မိဖုရားချင်းမူ၊ အတူတူကို၊ ဘယ်သူကိုထား၊ ဘယ်သူကိုလျှင်၊ သုံးမျိုးစားလို၊ ပေးငြားရလျှင်၊ ကောင်းမည်ထင်ဟု၊ ဆင်ခြင်ကြံစေ၊ တူမညီအောင်၊ အဝေခက်ဟု၊ တွက်လတ်တေလေ။

၃၄။ တွက်လတ်လေကော၊ ကြံစည်စဉ်းစား၊ တစ်လုံးအားကို၊ မိဖုရား

တောင်ညာ၊ ကောသလ္လာကို၊ ပေးငှာထိုက်သည်၊ တစ်လုံးဝယ်ကို၊ အလယ်ကဖြတ်၊ ကေကေနှင့် သာ၊ သုမိတ္တာကို၊ ပေးကာအပ်မှ၊ သင့်မြတ်မည်ထင်၊ သို့ရာတွင်မူ၊ ဘုရင်ရာဇာ၊ ငါမင်းကျော်မှာ၊ အသူရာလက်နက်၊ အနည်းငယ်လျှင်၊ ထိသည်တွက်ကြောင့်၊ အိပ်စက်မပျော်၊ ထိုအခါလျှင်၊ မြောက်ညာနန်းနေ၊ ကေကေကျေးဇူး၊ သိသာပေအောင်၊ ရှိလေဖူးဟု၊ စိတ်ကူးရမြောက်၊ စံမြန်းပျော်ကော၊ နန်းမှာရောက်က၊ သုံးယောက်ရှိငြား၊ နှစ်ယောက်အားကို၊ ငှက်ပျောသီးလှညီ၊ တစ်လုံးစီလျှင်၊ ဝေကာပေးငြားသ၊ ကြောင်းမျိုးစုံကို၊ အကုန်ပြောလို့၊ သားကောင်းရမည်၊ ဆုံတုံလေကော၊ ပြုံးရယ်ရွှင်ပ၊ မိဖုရားတို့၊ အားပါးရလို့၊ ပြောကြခြင်းရာ၊ တို့ကိုသာလျှင်၊ ပေးကာရပြီး၊ ငှက်ပျောသီးကို၊ ညည်းနှင့်ငါသာ၊ စားတုံပါလည်း၊ တော်မည်မထင်၊သုံးယောက်စုံလေ၊ တူတကွလျှင်၊ နေကြကြင်လျက်၊ သင်လည်းတစ်ပိုင်း၊ ငါတစ်ပိုင်းလျှင်၊ညှိနှိုင်းပြီးထွယ်၊ သုမိတ္တာကို၊ ဝေခါခွဲပျှာ၊ ပေးကြမည်ဟု၊ ကြံစက်ချင့်နှိုင်း၊ နှစ်ပိုင်းစီလေ၊ အညီပိုင်းလို့၊ တစ်ပိုင်းပေးကွယ်၊ သုံးယောက်စုံလေ၊ တူနှိုပ်နှောပျှာ၊စားကြသည်လေ။

၃၅။ စားလေငြားကော၊ သားပဋိသန်၊ ရှိခြင်းဟန်ကို၊ အတန်ငယ်မျှဝတ္ထုလာကို၊ စာနိဒါန်းနှင့်၊ တစ်ခန်းပြလို့၊ သီဟဠဆို၊ စိမ်းမြညိုကော၊ သိဃ်ီစိုးရ၊ သောင်းဒီပမှာ၊ ကျော်သတင်းနှင့်၊ မယ်ယက္ခက၊ မေရိယသူရာ၊ ယစ်မူးကာဖြင့်၊ များစွာသောက်စား၊ မချင့်ထောက်ကော၊ ကျင့်ဖောက်ပြားလို့၊ တရားမရှိ၊ မှားဒိဋ္ဌဖြင့်၊ ပြည်ကြီးဦးခေါင်း၊ ဤကဲ့သို့လျှင်၊ ချိုတိမ်းစောင်းက၊ ၎င်းနည်းတူ၊ အရေးယူကော၊ ပြည်သူအပေါင်း မှူးကြီးမတ်ကြီး၊ အသီးသီးကော၊ တိမ်းငဲ့စောင်းက၊ ကျင့်ကောင်းသိမ်မွေ့၊ အဓလေ့နှင့်၊ ရသေ့သူတော်၊ မနေသာကော၊ ပြည်ရွှာစောင့်တတ်၊ လူတို့ကိုလေ၊အလိုဖြောင့်အောင်၊ ကိုယ်စောင့်နတ်နှင့်၊ ရေနတ်မြေနတ်၊ ရုက္ခဘုမ္မာ၊ မေခလာကော၊ ဒေဝတာနတ်တို့၊ ညီညွတ်ပေါင်းစု၊ တိုင်ပင်ခံပျှာ၊ အကြံပြု၍၊ စတုမဟာ နတ်ရာဇာကို၊ လာကာပန်လျှောက်၊ ရေးအရာကို၊ တွေးမြော်ထောက်သော်၊ လေးယောက်မဟာ၊ ပြည်သိဃ်ီမှူး၊ ခေါင်းဆယ်လုံးဟု၊ ဘီလူးကျော်ကို၊ ငါတို့လည်းကြောက်၊ သင်တို့နှင့်မူ၊ အတူတူလျှင်၊ ကူပင့်ထောက်၍၊ အာလျောက်လိုက်တွယ်၊ စိုးဝတီသာ၊ မိုးက္ကန္ဒာကို၊ ပန်ထွာမြှောက်ပျှာ၊ လျှောက်ကြမည်လေ။

၃၆။ လျှောက်ကြမည်လေ၊ ကြံစည်တုံမြောက်၊ ဝတီသာမှာ၊ က္ကန္ဒာမင်းကို၊ ဝပ်စင်းလျှောက်လို့၊ မိုးအောက်ဇမ္ဗူ၊ သပြေငူမှာ၊ ဘယ်သူတစ်ယောက်၊ အစွမ်းဟုန်နှင့်၊ ဂုဏ်ကိုထောက်၍၊ ပိုမောက်အန်တု၊ သူ့ကိုလှန်ပျှာ၊ ရန်ဖက်ပြု၍၊ ခုမခံနိုင်၊ ရထားစျန်နှင့်၊ ဘုန်းကံကြီးကော၊ သိဃ်ီပိုင်လျှင်၊ အနိုင်အထက်၊ နတ်နှင့်လူကို၊ သူနှိပ် စက်လို့၊ အထက်နှင့်အောက်၊ စကြဝဠာဝန်းပတ်၊ လောကဓာတ်ကို၊ လှည့်ပတ်နှောက်၍၊ မှောက်ကောင်းမတတ်၊ ထက်နှင့်အောက်လျှင်၊ ယောက်ယက်ခတ်လို့၊ ငါတို့နတ်ပြည်၊ မြင့်တာရှည်ကော၊ မတည်ပျက်မည်၊ သို့စစ်ပေ၍၊ အစွယ်ရောင်မြူး၊ နှစ်ဖက် သွားမှ၊ ငှက်ပျောဖူးသို့၊ ဘီလူးရာဇာ၊ မမြူးသာအောင်၊ ကိုယ်တော် မှန်ကင်း၊ တို့ထိပ်တင်လေ၊ အရှင်မင်းလျှင်၊ နှိမ်နင်းပါမှ၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ချမ်းသာရမည်၊ လျှောက်တုံလေကော၊ နတ်ပြည်စိုးခြင်း၊ သိကြားမင်းမှာ၊ ပြောခြင်းစကား၊ တောင်းပန် ဆိုကော၊ အိုနတ်များတို့၊ သောက်စားယစ်ဝ၊ ပြည်သိဃ်ီကာ၊ ထိုယက္ခမှာ၊ မွေးဖပီတာ၊ မိုးဗြဟ္မာက၊ မေတ္တာမြတ်လေး၊ မြန်ဇမ္ဗူတောင်၊ ရန်သူ့ဘောင်မှာ၊ အောင်ဆုပေး၍၊ ထူးကဲဘုန်းကံ၊ ရထားပျံနှင့်၊ အားခွန်ကြီးခြင်း၊ ဘီလူးရာဇာ၊ သူ့ကိုသာလျှင်၊ ငါ နတ်မင်းလည်း၊ နှိမ်နင်းမနိုင်၊ လက်ဖျားခါပျှာ၊ များစွာငြင်းကော၊ မတင်းနိုင်လေ။

၃၇။ မတင်းနိုင်ကော၊ မခိုင်ရွံ့မြောက်၊ သိဃ်ီစားကို၊ သိကြားကြောက်က၊ လျှောက် သမျှနတ်၊ ရန်ကိုမနိုင်၊ မကြံနိုင်ကော၊ မှိုင်နေလတ်က၊ နောက်ထပ်တစ်ခါ၊ အကြံရှာ၍၊ ဒေဝါသိကြား ပြောစကားမှာ၊ ထက်ဖျားဗြဟ္မာ၊ သူ့ရင်သွေးကို၊ ဆုပေးရာတွင်၊ မနုဿလူ၊ တစ်ဆူစကြာ၊ လစန္ဒာနှင့်၊ မျောက်ပါတကွ၊ ဤသုံးဦးကို၊ ပေါင်းစုမှသာ၊ သိဃ်ီမှူးကော၊ ဘီလူးကျော်ကို၊ နိုင်ပါတော့မည်၊ သို့ဖြစ်ပေ၍၊ နတ်ပြည်ခြောက်ထပ်၊ ဗိမာန်ဘုံကို၊ အကုန်ပတ်လို့၊ ရှာလတ်သောခါ၊ တူသိတာမှာ၊ လောင်းတော်နတ်သား၊ ဓမ္မတာလျှင်၊ ပျော်စံစားလို့၊ များပြားရံရွေ၊ သုံးကုဋေနှင့်၊ တွက်ရေခြောက်သန်း၊ ခြံရံကာဖြင့်၊ ပျော်စံမြန်းကော၊ နန်းဝတီရှင်၊ မိုးဘုရင်မှာ၊ ယခင်ဆိုငြား၊ လောင်းဘုန်းမိုလေ၊ ထိုနတ်သားတို့၊ သွား၍လျှင်မြန်၊ ကြောင်းမျိုးစုံကို၊ အကုန်ရှင်းလို့၊ အလင်းပြန်ကော၊ တောင်းပန်ကာလ၊ အပေါင်းခြွေရံ၊ လောင်းနတ်မွန်မှာ၊ ခံအာမဖြင့်၊ ရုတ္တာရမည်၊ နန်းရွှေပြည်မှာ၊ မဟေတောင်ညာ၊ ကောသလ္လာ၏၊ ဂဗ္ဘာဝမ်း၌၊ အလောင်းတော်မှာ၊ ပျော်ကိန်းပိုက်က၊ နောက်လိုက်နောက်ပါ၊ တူမကွာကော၊ သုံးဖော်နတ်သား၊ ကေကေတွင်ခေါ်၊ သုမိတ္တာဟု၊ သညာရှိကော၊ မိဖုရားတို့၊ နှစ်ပါးဝမ်းဝယ်၊ သန္ဓေနေက၊ သုံးကုဋေခြောက်သန်း၊ ကိန္နာမြိုင်လေ၊ ဂနိုင်အောက်မှာ၊ မျောက်မဝမ်း၌၊ စွဲလှမ်းသန္ဓေ၊ လောင်းခြွေရံကော၊ ကျန်ဒေဝတို့၊ နေကြသည်လေ။

၃၈။ နေကြလေကော၊ သန္ဓေကာလလ၊ ဂဗ္ဘာတည်ကော၊ ဆယ်မာသ၌၊

ကောသလ္လာ တောင်ညာ၊ တထောင်ကျော်ကော၊ လောင်းလျာသားကို၊ ဖွားမြင်မြော်သော်၊ မာတာပီတ၊ မိနှင့်ဖတို့၊ ဟဒယရွှင်ပျော်၊ ရှိခြင်းရာကြောင့်၊ တွင်ခေါ်နာမ၊ ဘုရားလျာကို၊ သားရာမဟု၊ မွေးဖရညော်၊ ဘွဲ့တံဆိပ်ကို၊ နှိပ်တုံပါကော၊ မကြာထိုနောက်၊ သုမိတ္တာမှာ၊  မြင်မြော်ဖွားကော၊ သားတစ်ယောက်က၊ များမြောက်အင်္ဂါ၊ လက္ခဏာနှင့်၊ စုံစွာညီမျှ၊ တစ်နန်းစံမှာ၊ လွန်စုံမက်ကော၊ လက္ခဏာဟု၊ ခတ်သတံဆိပ်ဘွဲ့တော်ချေကော၊ နာမည်နှိပ်လို့၊ နန်းရိပ်ခိုလောက်၊ ရှေးဦးဖွားကော၊ သားနှစ်ယောက်နှင့်၊ ထိုနောက်တစ်ခါ၊ သုမိတ္တာမျာ၊ မြင်မြော်ခဲတုံ၊ ရူပါရုံနှင့်၊ ပြည့်ပုံညီမျှ၊ ဘုန်းတော်ဟုန်နှင့်၊ ပရုဝဏ္ဏဟု၊ နာမဘွဲ့တော်၊ မှည့်ပြီးခါမှ၊ မြောက်ညာကေကော၊ တစ်ယောက်သားကို၊ နောက်ဖွားပေကော၊ ထားသည်နာမ၊ ဘဒရဟု၊ အဖနာမည်၊ နောက်ဆုံးသားကို၊ ထားတုံပေ၍၊ အငယ်အကြီး၊ အသီးသီးကော၊ ရင်သွေးလေးယောက်၊ ရှုမရဲကော၊ ပုလဲကျောက်သို့၊ ချီကောက်သီးသီး၊ တစ်ဆယ့်ခြောက်ကို၊ ပြည့်မြောက်ကြီးအောင်၊ အထိန်းအယ၊ အချော့အချီ၊ တစ်ယောက်သားမှာ၊ ငါးရာဆီနှင့်၊ အညီထားမြောက်၊ သုံးကုဋေဆို၊ ခြောက်သန်းပိုကော၊ ထိုထိုဖျောက်လည်း၊ ချောက်ကမ်းတောတောင်၊ နန်းမြိုင်ချောင်မှာ၊ များမြောင်မျောက်မ၊ သားသန္ဓေကို၊ ဖွားလေကြရေ။

၃၉။ ဖွားလေကြကော၊ ဤမျှတစ်ခန်း၊ ဖွဲ့ကာဆို၍၊ ရှေ့ကိုဆန်းသော်၊ ကျွန်းဇမ္ဗူ ဒိပ်၊ မြရောင်ဝေကော၊ သပြေရိပ်မှာ၊ ဘုမ္မိရတနာ၊ မိတ္ထီလာကို၊ အာဏာဖြန့်မိုး၊ ပြည်တည်ထောင်ပျာ၊ အခေါင်စိုးကော၊ သတိုးရာဇာ၊ မဟာဇနက်၊ အကျော်အညာ၊ တစ်ရာဇာဟု၊ အာဏာစက်နှင့်၊ ကနက္ကဒဏ်၊ ကြက်ကာရံ၍၊ ဆက်ခံထီးဖြူစိုးတော် မူသော်၊ သည်းအူပတ္တမြား၊ အမွေခံကော၊ ဧကန်ရှားကော၊ သားမရတတ်၊ မြင့်တာရှည်လေ၊ နေပြန်လတ်က၊ မှူးမတ်ပြည်သူ၊ နောက်နောင် လာကို၊ ထောက်မျှော်တွေးလို့၊ အရေးယူပျာ၊ သည်းအူရတနာ၊ ရပါစေကြောင်း၊ တို့ရာဇာမှာ၊ ဆုတော်တောင်းဟု၊ စုဆောင်းတိုင်ပင်၊ နန်းရင်ပြင်မှာ၊ ခိုဝင်ညီညွတ်၊ ကျမ်းရွှေစာလေ၊ ဇာတကတွင်၊ ကုသဇာတ်သို့၊ မှူးမတ်ဗိုလ်ပါ၊ ကြွေးကြော်လာကော၊ ရာဇာထိုမင်း၊ မျိုးသမ္ဘိန်မှာ၊ စိုးရိမ်ခြင်းဖြင့်၊ အတွင်းမှူးမတ်၊ ပရိသတ်နှင့်၊ ပူးကပ်တိုင်ပင်၊ ဆောင်ကြာခွင်မှာ၊ ညာတင်နန်းမ၊ ရှုမဝကော၊ ရဇနဒေဝီ၊ မဟေသီနှင့်၊ ဌာနီပြည်မ၊ တစ်ကောသတွင်၊ တောရဆောက်တည်၊ သိဃ်ိပြည်က၊ ရောက်ပေတုံရှောင်း၊ အဂေါခံဟု၊ ဈာန်ပျော်မွေ့ကော၊ ရသေ့ကျောင်းမှာ၊ သားကောင်းရစေ၊ ပတ္ထနာလေ၊ ဆုတော်ကောင်းကို၊ တောင်းကြသည်လေ။

၄၀။ တောင်းတုံလေကော၊ မထေရ်မြတ်မွန်၊ ရသေ့ပျံ့မှာ၊ ဘိညာဉ်စက္ခု၊ ဇနက္က ရာဇာ၊ ဒကာတော်ကို၊ မျှော်ထောက်ရှုကော၊ အမှုမလှ၊ ရှေးအကြောင်းကော၊ မကောင်း ကြ၍၊ အတ္တာပုတ္တံ၊ နန်းမွေခံလျှင်၊ ရရန်မရှိ၊ မြတ်သူမွန်မှာ၊ ဉာဏ်ဖြင့်သိ၍၊ ကိတ္တိ မဆို၊ သမီးပျိုကို၊ အိုဒါကယာ၊ လိုချင်ပါသော်၊ အခါနက္ခတ်၊ အကြောင်းစပ်၍၊ ကောင်းမြတ်မင်္ဂလာ၊ မင်းတို့တွက်ကော၊ ရက်ရာဇာမှာ၊ တန်ဆာဆင်ငြား၊ မြို့ရှေ့မျက်နှာ၊ ရေလတာလေ၊ သီတာနားမှာ၊ နွားဥသဘ၊ ထွန်နှင့်ကလို့၊ ရွှေမြရွှေကြိုး၊ ရွှေရည်ဆန်းကော၊ ရွှေထမ်းပိုးနှင့်၊ သတိုးရာဇာ၊ မျိုမဟာမှာ၊ မင်္ဂလာလယ်ထွန်၊ ပြုလေပြန်သော်၊ ဧကန်မုချ၊ သမီးလှကို၊ ရပါလိမ့်မည်၊ ဆိုတုံလေကော၊ ထိုသည်ချက်ချင်း၊စံလို့ပျော်ကော၊ မြို့တော်တွင်းကို၊ မင်းကြီးရာဇာ၊ ဝင်ပြီးခါမှ၊ မင်္ဂလာကောင်းချက်၊ ပုဏ္ဏားကျော်တို့၊ အခါတွက်၍၊ ရက်မြတ်မင်္ဂလာ၊ နေ့အခါတွင်၊ လျှော်ခါခေါင်း ဆေး၊ အောင်ပါလေကော၊ အောင်စည်တီး၍၊ မင်းကြီးရာဇာ၊ ထွက်ပြီးခါမှ၊ သီတာ မြစ်နား၊ ဥသဘကော၊ ကသည်နွားနှင့်၊ ထွန်သွားထွန်ဆံ၊ ရွှေထမ်းပိုးမှာ၊ ရွှေကြိုး မွန်နှင့်၊ လယ်ထွန်မင်္ဂလာ၊ ပြုလေပ ါသော်၊ သေတ္တာလှပ၊ ရတနာသဲပြင်၊ ထွန်သွားတွင်လေ၊ တင်ကာရရေ။

၄၁။ တင်ကာရကော၊ ဇနက္ကရာဇာ၊ များဗိုလ်ပါနှင့်၊ သေတ္တာအထဲ၊ အဖုံးအံကို၊ လှန်ကာမြှင့်ပျာ၊ ဖွင့်တုံခဲက၊ ပုလဲအသွင်၊ ရွှေစင်တမျှ၊ မြင်မဝအောင်၊ လှပနုနယ်၊ ရှုစဖွယ်နှင့်၊ သန္ဓေတစ၊ သမီးငယ်ကို၊ ရလေကလျှင်၊ မွေးဖရာဇာ၊ နန်းတော်တွင်းကို၊ သွင်းပြီးခါမှ၊ ဝမ်းသာအားရ၊ ပွဲကြီးခြိမ့်ညံ၊ သဘင်ခံကော၊ ရွှင်စံပလျက်၊ မွေးဖ ရာဇာ၊ သမီးကျော်ကို၊ ဘွဲ့တော်မှည့်ငြား၊ ရေလတာလေ၊ သီတာနားက၊ ရငြားမှန်စွာ၊ လက္ခဏာကြောင့်၊ သီတာဒေဝီ၊ ဘွဲ့တော်ချီကော၊ သက်ဝေညိုမြ၊ သမီးလှမှာ၊ ဂန္ဓဗ္ဗ သွေးရည်၊ ဘုံကြိုးပြတ်ကော၊ နတ်မျိုးနွယ်ဟု၊ သန္ဓေတစ၊ ဖြစ်တုံပြန်၍၊ အလွန်လှကော၊ ကိတ္တိမသမီး၊ ရှုမငြီးကို၊ မင်းကြီးဘုရင်၊ ကိုယ့်မှာ မွေးကော၊ ရင်သွေးသွင်သို့၊ တစ်ပင် မြနန်း၊ မြကြငှန်းမှာ၊ မြပန်းအရောင်၊ မြနုယ်ပြောင်ကော၊ မြရောင်ပြိုးပြက်၊ လှအဆန်း ကော၊ မြပန်းခက်နှင့်၊ မြရွက်ပမာ၊ မြကွန်ချာကော၊ ရတနာမြကျောက်၊ ပ,ပပြောင်၍၊ မြရောင်တောက်ကော၊ မြညှောက်ပတ္တမြား၊ စိမ်းမြညိုကော၊ ပြယိုကျားနှင့်၊ မြသားမွမ်း မံ၊ မြသလွန်မှာ၊ ပျော်စံမငြီး၊ သီတာတွင်းကော၊ ရွှေရင်သွေးကို၊ အထိန်းအယ၊ မြချော့ အချီ၊ အသီအကျူး၊ အထူးအဆန်း၊ ဆောက်လုပ်ကြံခိုင်၊ အပန်းဆိုင်လေ၊ ပင်တိုင် နန်းမှာ၊ ရံဝန်းငါးရာ၊ တသောင်းသောင်းကော၊ ပေါင်းပျိုတော်နှင့်၊ ဖြေဖျော်တုံပြီး၊ နန်းဝေယံမှာ၊ စံမငြီးအောင်၊ ကြီးကြီးကျယ်ကျယ်၊ ဖပီတာမှာ၊ သီတာချောကို ထားတော့သည်လေ။

၄၂။ ထားတုံလေကော၊ ဆင်ခြင်းကိုဖြတ်၊ မိသီတာလေ၊ ကာရန်စပ်ကို၊ ဖြတ်ကာ သိမ်းထား၊ ရှေ့ကိုတစ်ဖန်၊ ဖွဲ့ဆိုရန်လေ၊ အလွန်များလို့၊ စကားဆန်းလျက်၊ တစ်ခန်း တက်သော်၊ အထက်စပ်ဆို၊ ချက်ဗဟိုကော၊ နဂိုသာလှ၊ ရတ္တရမှာ၊ ဒဠှရမင်းကျော်၊ သားရင်းချာလျှင်၊ ရတနာနန်းညွှာက်၊ အမွေခံကော၊ ပြည်တန်ကျောက်သို့၊ လေးယောက်ညီနောင်၊ မင်းသားမောင်တို့၊ ဘုံဆောင်ဘုံနန်းထဲ၊ မွေးဖမိခင်၊ မျက်ရှု ဆင်ပျော သုတ်သင်ကျွေးကော၊ ပုလဲမြကျောက်၊ သားလေးယောက်တို့၊ လျောက်ပတ် တင့်တယ်၊ ကြီးအငယ်ကော၊ အလယ်အလတ်၊ တဆတ်ဆတ်လျှင်၊ ကြီးလတ်သောခါ၊ သားဘုန်းခေါင်လေ၊ ညီနောင်ရင်းကော၊ မင်းလေဖော်တွင်၊ နောင်တော် ဇေဋ္ဌ၊ ဘုန်းတော်ရောင်ကို၊ စားမျိုးသုံးကော၊ တစ်လုံးစီလျှင်၊ အညီလည်းကျ၊ ထိုနောက်တုံလေ၊ ဝရုဏ္ဏနှင့်၊ ဘဒရညီမှာ၊ များစွာချို၍၊ စားမျိုးသုံးကော၊ တစ်လုံးသာလျှင်၊ ကြင်နာစုံမက် ချစ်စိတ်ဖြာပျား၊ မေတ္တာသက်၍၊ ငှက်ပျောသီးချင်း၊ အရင်းကိုစစ်၊ အမြစ်ကိုရှာ၊ ညီအစ်ကိုလေ၊ မျိုမတတ်လျှင် ချစ်ကြပါကော၊ မာတာပီတ၊ သက်စုအသွင်၊ မျက်ရှုဆင်ပျော၊ ကြင်မဝဘဲ၊ ရှင်ပဝမ်းသာ၊ ပုထုဇဉ်လေ၊ အယဉ်အားဖြင့်၊ သားနှင့်ပျော်ရေ။

၄၃။ သားနှင့်ပျော်ကော၊ ရာဇမွေးဖ၊ ဒဠှရမှာ၊ သားလှလေးယောက်၊ ဖပီတာလေ၊ ငါမင်းဖျားမှာ၊ အားကိုးလောက်ဟု၊ ဝမ်းမြောက်ဝမ်းသာ၊ မှတ်ခြင်းရာက၊ ပညာတန် ခိုး၊ အင်ပြည့်စုံကော၊ ဂုဏ်သတ္တိလျှင်၊ မရှိနိုးက၊ မကိုးစရာ၊ သို့ဖြစ်သောကြောင့်၊ ပညာအပြား၊ ဆယ့်ရှစ်ပါးဟု၊ မင်းသားတကာ၊ တတ်အပ်ရာသည်၊ ဝိဇ္ဇာသိပ္ပ၊ အဖြာ ဖြာလေ၊ ဋ္ဌာရသကို၊ သားလှလေးယောက်၊ နန်းပွင့်ညွှာက်ကို၊ နှစ်ယောက်တူညီ၊ အတတ်ဂုဏ်လေမတူငြားအောင်၊ တခြားစီလျှင်၊ လောကီပညာ၊ သင်ကြဲရာဝယ်၊ သားတော်ဘဒရ၊ ဝရုဏ္ဏကို၊ အဂ္ဂိပူရံ၊ ရသေ့ထံမှာ၊ အပ်နှံတုံငြား၊ ထိုနောက်မူလေ၊ တူနှစ်ပါးကော၊ သားကြီးရာမ၊ လက္ခဏကို၊ တိဿဇာဂီ၊ ပါရမီကို၊ အညီစုပေါင်း၊ အဂေါမံဟု၊ ဈာန်ကိုလေ့ကော၊ ရသေ့ကျောင်းမှာ၊ နန်းလောင်းနန်းလျာ၊ ညီအစ်ကိုလေ၊ ထိုမင်းသားတို့၊ ထားလေပါကော၊ ဆရာမြတ်မွန်၊ ရသေ့ပျံမှာ၊ ခားလှံ့ လေးမြား၊ ဒိုင်းလွှားဒိုင်းချက်၊ ဆင်တက်မြင်းစီး၊ အသီးသီးကို၊ နောင်ကြီးရာမ၊ လက္ခဏာတွင်၊ သက်မျှင်ကြင်ကော၊ ညီခင်လှအား၊ သိပ္ပကြီးကျယ်၊ ထေရ်သခင်လေ၊ ရှင်ပင်ဖျားမှာ၊ သင်ကြားနေကော၊ ထိုသည်အခါ အသစ်ဆန်း၍၊ တခန်းဖွဲ့သော်၊ ရှေ့ခြင်းရာက၊ အခါတစ်ပါး၊ ဟောဝန်မြိုင်လေ၊ ဂနိုင်တောမှာ၊ သိကြားမာဃ၊ ဝရုဝဏ္ဏနှင့်၊ ကုဝေရတွင်ခြင်း၊ နတ်ဒေဝါလေ၊ ယမာမင်းတို့၊ ပျော်ခင်းသာလှ၊ နတ်တို့ သဘင်၊ ပွဲကြီးဆင်ပျာ၊ ရှင်မြူးကြရေ။

၄၄။ ရှင်မြူးကြကော၊ ထူးလှပွဲတော်၊ နတ်ရာဇာတို့၊ တစ်ခါတလေ၊ ဓမ္မတာလေ၊ သဘာဝဖြင့်၊ ပျော်ကြသည်တွင်၊ မဟေသာရ၊ မည်နာမနှင့်၊ ဇရနတ်မင်း၊ ကြောက် မက်ဖွယ်ဟန်၊ ရုပ်သဏ္ဍာန်ကို၊ ပြုဖန်ဆင်းလို့၊ နတ်မင်းလေးဖော်၊ ပျော်ကြရာမှာ၊ ချောင်းကာသွားမြောက်၊ ကြီးလှရုပ်ဝါ၊ ကိုယ်ခန္ဓာနှင့်၊ လှန့်ကာခြောက်သော်၊ တစ် ယောက်တခြား၊ လန့်ကြောက်ငြား၍၊ သိကြားရာဇာ၊ ပုန်းရာရှားသော်၊ များစွာစုဆောင်း၊ မောရိယာတို့၊ ဖော်အပေါင်းနှင့်၊ ဥဒေါင်းကိုမြင်၊ ထိုငှက်ဟန်လေ၊ သဏ္ဍာန်ရုပ်သို့၊ လုပ်ပြီးကျင်မှ၊ ခိုဝင်ပြီးကော၊ နေလေပါကော၊ ဒေဝါနတ်လူ၊ ဘွဲ့နာမည်မှာ၊ ကုဝေရလည်း၊ များလှပုတ်သင်၊ အထဲတွင်၌၊ ပြေးဝင်တုံထ၊ အင်ပြည့်စုံကော၊ ဝရုဝဏ္ဏဟု၊ ဒေဝရာဇာ၊ နတ်မင်းမှာက၊ ဟသ်ာအထံ၊ ဝင်လေပြန်ကော၊ ယမာမင်းလည်း၊ ခပင်းကျီးဖော်၊ အသီးသီးလျှင်၊ ဝင်ပြီးခါမှ၊ များစွာတုံရှောင်း၊ နတ်တမန်ကော၊ ခွေရံပေါင်းလည်း၊ လွတ်ကြောင်းမနေ၊ ပြေးကြလေကော၊ မဟေသာရ၊ ခြောက်လေတုံ ၍၊ ကြောက်ကုန်ကြသော်၊ လျင်စွမနေ၊ ပြန်သွားလေကော၊ ပုန်းကွယ်ကြငြား၊ ကုသိုလ် ဟုန်ကြောင့်၊ ဂုဏ်ဒြပ်နှင့်၊ နတ်လေးပါးတို့၊ ကြောက်အားပြေသော်၊ ထွက်၍လာပျာ၊ မှီခါခိုဝင်၊ လေးယောက်စုံလေ၊ ဂုဏ်ချီးကျူးပျာ၊ ကျေးဇူးတင်ရေ။

၄၅။ ကျေးဇူးတင်ကော၊ ဘုရင်မာဃ၊ ဝါသဝက၊ ငါ့၌ကျေးဇူး၊ ဥဒေါင်းပင်လေ၊ တင်ပေဖူး၍၊ စက္ခုတစ်သောင်း၊ ငါနတ်မင်းမှာ၊ အလင်းဆောင်လို့၊ နောက်နောင်ကာလ၊ ဒေါင်းငှက်တွင်ကော၊ သင်တို့ကလည်း၊ သဟာဿဆောင်၊ ငါ့အယောင်သို့၊ တစ်ထောင်မျက်စိ၊ မှိန်းဖျားတွင်လေ၊ ထင်တုံဘိ၍၊ ရှိကြလေစေ၊ ဆုပေးလေက၊ ကုဝေရနတ်၊ ပုတ်သင်ထံမှာ၊ ဝင်ပြန်ရေးကို၊ တွေးမျှော်ပြုပျာ၊ ကျေးဇူးဆပ်လို့၊ ရတတ်ဥစ္စာ၊ ငါ့မှာသော်က၊ ရတနာရွှေငွေ၊ ပွားကြွယ်ပြည့်ဝ၊ စားချင်လိုက ဆိုမဟာဘဲ၊ ပြတုံအရိပ်၊ လည်လျှင်ညိတ်က၊ စိတ်အလိုသည်၊ လျင်ခဏကော၊ ပြည့်ရပေသို့၊ မိတ်ဆွေဖြစ်ငြား၊ ပုတ်သင်များလည်း၊ ထင်ရှားငါနှယ်၊ ယနေ့ကစ၊ နောက်ကာလဝယ်၊ ဖြစ်ကြစေဟု၊ ပေးလေဆုမြတ်၊ ထိုနောက်တုံလေ၊ ဧရာဏ်နတ်က၊ ဆပ်ကျေးဇူးတော်၊ တွေးရှုမျှော်သော်၊ ငါလျှင်မုချ၊ ရေတစ်ရိုးကို၊ အစိုးရ၍၊ သကုဏာတွင်ခေါ်၊ ငှက်ဟသ်ာတို့ ရေမှာကျက်စား၊ သူ့ဓမ္မတာ၊ မြူးရွှင်ကာဖြင့်၊ ပျော်စေသော်ဟု၊ သနားမြတ်လေး၊ ရှုမျှော်ကာဖြင့်၊ ဆုတော်နှင်း၍၊ မငြင်းသာနိုင်၊ ကုသေဆိုကော၊

ထိုလေးဦးမှာ၊ ယခုတိုင်လေ။

၄၆။ ယခုတိုင်လေ၊ အပိုင်ဆုရ၊ နေရာရ၍၊ ကာကထိုကျီး၊ ကိုယ်ခန္ဓာမှာ၊ တစ်ဂါ ဝုတ်ကေ၊ အဟုတ်ကြီး၍၊ သိမ်းစွန်မနိုင်၊ ဝဲပြိုင်ကူးသန်း၊ ရသေ့ရှင်တို့ ကျောင်းသခ်မ်း မှာ၊ ဆွမ်းပန်းသစ်သီး၊ စခန်းသိမ်းကို၊ ဖျက်ဆီးလုယူ၊ ကလူနှိပ်စက်၊ ခွန်အားလည်း သန်၊ ကထောင်းကပါး၊ မတည်နိုင်အောင်၊ ယိုင်ပျက်ပြား၍၊ တရားဆောက် တည်၊ ရသေ့ငယ်ကို၊ မနေနိုင်ကြ၊ တောရိပ်မြိုင်မှာ၊ အရည်ဖြင့်၊ ဂေါ်သေ့မွန်၊ ရသေ့ထံမှာ၊ ကျိုးနွံခ,ယ၊ ကျီး၏ရန်ကို၊ ပယ်လှန်ကြောင်းနှင့်၊ တောင်းပန်ကြသော်၊ အဇရိယာ၊ ရသေ့ကျော်မှ၊ လောင်းလျာရာမ၊ တပည့်တော်ကို၊ ခေါ်ပြီးမှလျှင်၊ ကာကဆိုးသွမ်း၊ တောကျီးကန်းတို့၊ ကြမ်းတမ်းလှသည်၊ သင်တစ်ဖန်လေ၊ မြား ဒဏ်ပြပျာ၊ ဆုံးမလေလေ၊ အသေလတ်လတ်၊ သက်ခန္ဓာကို၊ မှန်စွာတုံးအောင်၊ ဆုံးမသတ်နှင့်၊ မြတ်ရသေ့ကျော်၊ မိန့်ခွန်းမှာသော်၊ ရာမမင်းသား၊ ဆရာရှင်မှာ၊ သင်တုံခဲ့ကေ၊ဒူးလေးမြားကို၊ ဆွဲငြားကိုင်ပြန်၊ မိဋ္ဌာန်ဟန်က၊ အားခွန်ကြီးငြား၊ ဤကျီးများကို ပြေးသွားကူးသန်း၊ စက္ကဝါကို၊ ပတ်ကာဝန်းလို့၊ ပျံသန်းမလွတ်၊ သူ့မျက်လုံးမှာ၊ စူးမတတ်လျှင်၊ ကပ်ပါ လေစေ၊ ကျီးများဖြင်ကို၊ မြားတင်ပစ်ပျာ၊ လွှတ်လိုက်တေလေ။

၄၇။ လွှတ်တုံလေကေ၊ ဘုန်းကြွယ်မင်းသား၊ မိဋ္ဌာန်ဆိုကေ၊ ထိုစကားနှင့်၊ မြားကို လွှတ်ကာ၊ ပစ်လိုက်ပါသော်၊ များစွာဆိုးသွမ်း၊ ကျီးသရမ်းတို့၊ ပျံသန်းမလွတ်၊ မျက်တောင်ကြားမှာ၊ မြားစူးတပ်သို့၊ ပတ်ကာဝန်းကာ မလွတ်သာ၍၊ ဘယ်ညာမြောက်တောင်၊ တောမြိုင်ချောင်မှာ၊ အတောင်ကိုခတ်၊ အဖန်ဖန်လေ၊ ပျံကာဝဲ၍၊ ပြေးမလွတ်ဘဲ၊ ကပ်၍လည်းပါ၊ မြားစူးလက်မှာ၊ သက်ခန္ဓာလျှင်၊ ပျက်ပါမည်တွက်၊အားကုန်ဆောင်ပျာ၊ တောင်နှင့်ယှက်၍၊ တစ်ဖက်စကြာဝဠာ၊ ပျံကာပြေးလည်း၊ ဝေးမကွာကေ၊ လောင်းတော်ရာမ၊ ဘုန်းတေဇကြောင့်၊ မြားလှစကြာ၊ မျက်လုံးမှာ၊ စူးကာမ တတ်၊ သူ့တောင်ပံလေ၊ ညောင်းပြန်လတ်လည်း၊ လွတ်ရာမမြင်၊ လောင်းသခင်ကို၊ ခိုဝင်ခ,ယ၊ ယှက်တောင်ပံနှင့်၊ ထံတော်မှောက်မှာ၊ ရောက်လှာရက၊ ရာမမင်းကျော်၊ လတ်တတ္တာဖြင့်၊ ဘယ်ညာကိုင်လျက်၊ ငါ့ဘုန်းတော်ဟိန်း၊ ပါရမီနှင့်၊ ဤကျီးငှက်တို့၊ငါ့ လက်တစ်ဆုပ်၊ သူ့ခန္ဓာလေ၊ တစ်ဂါဝုတ်က၊ အဟုတ်ဖြစ်စေ၊ မိဋ္ဌာန်ဆိုပျာ၊ထိုကျီးမိုက် ကို၊ လွှတ်လိုက်လေကေ၊ ထိုသည်ကာလ၊ ထိုနေ့ကလျှင်၊ စ,၍ခုမူ၊ ခွန်အားကုန်၍၊ကျီး ဖြူကျီးမည်း၊ နှစ်မူကွဲလျက်၊ လက်ဝဲလက်ယာ၊ ညာဘယ်ဘက်ကေ၊ သို့တွက်တာကြောင့်၊ ခန္ဓာမတူ၊ တစ်နည်းမူလည်း၊ လူကိုမြင်ထွေ၊ သူ့အနေလျှင်၊ အတည်မကျ၊အ လောင်းတော်လေ၊ ရာမခြောက်၍၊ ကြောက်တတ်လှ၏။ ထိုက ဆက်လက်၊စဉ်မပျက် ဘဲ၊ ခုထက်တိုင်အောင်၊ ကျီးပျက်ခေါင်တို့၊ ကြောင်တောင်မျက်စိ၊ မြားစကြာသည်၊ စူးဖောက်မည်ကို၊ ကြောက်သည်တွက်ကြောင့်၊ တစ်ဖက်ရှိ၏။ သတိပြုတွေ၊ ရှိမရှိကို၊သိ သာရအောင်၊ ကြည့်ကြလေလေ၊ နာမည်သညာ၊ ရှေ့လူကြီးတို့၊ ကျီးဟု ခေါ်လို့၊ ခုသော်တစ်ရက်၊ တစ်ဖက်စောင်းလေ၊ ကြောင်တောင် ရွှန်းကေ၊ ကန်းမတတ် ကြောင့်၊ နောက်ထပ်သညာ၊ ရှေးအဟိုလေ၊ ထိုဥဒါန်းကြောင့်၊ ကျီးကန်းခေါ်ရေ။

၄၈။ ကျီးကန်းခေါ်ကေ၊ ဖော်ကာလည်းပြ၊ ဗောဓိဉာဏ်၊ ပန်ဆုတောင်းကေ၊ လောင်းရာမက၊ ကာကဆိုးသွမ်း၊ ကျီးသရမ်းကို၊ ငြိမ်းချမ်းစေငှာ၊ လေးစွန်တောင်နှင့်၊ ဘုန်းရောင်ပြကေ၊ ဆုံးမပါ၍၊ ညီတော်သက်မျှ၊ လက္ခဏာနှင့်၊ ဌာရသတတ်၊ ဆယ့်ရှစ်ရပ်ကို၊ ကမ်းခတ်လောက်အောင်၊ တောမြိုင်ချောင်မှာ၊ ဘုန်းခေါင်မြတ်ဖျား၊ ရသေ့ထံလေ၊ နားခံငြားလို့၊ သင်ကြားနေခါ၊ ရှေ့စခန်းကို၊ ဆန်းလင်္ကာဖြင့်၊ ကဗျာမော်ကွန်း၊ သီတာရှင်ကို၊ လိုချင်ရေးကြောင့်၊ လေးတင်ခန်းကို၊ နိဒါန်းဆင်ထွယ်၊ စီကဗျာဖြင့်၊ ငြီကာချဲ့ပျာ၊ ဖွဲ့လိုက်မည်က၊ ဆိုပေခဲ့ငြား၊ ရှေ့စကားကို၊ ရွှေပြားဂဟော၊ ဆက်ကာလည်းပြ၊ ဇနက္ကဟု၊ နာမမည်ကေ၊ ရွှေပြည်စိုးပြီး၊ ထိုမင်းကြီးမှာ၊ သမီးတော်လှ၊ သီတာဖြူလေ၊ လှရူပကို၊ ပီယချစ်ခင်၊ ရင်၌သားသို့၊ သဘောထင်၍၊ တပင်ရွှေထီး၊ ဆောက်လုပ်ပြီးလျှင်၊ ညီးတပြောင်ပြောင်၊ ရောင်တလက်လက်၊ ကျောက်ပေါင်း ရံကေ၊ သလွန်ထက်မှာ၊ လက်ဝဲလက်ယာ၊ ရံငါးရာနှင့်၊ မွေ့လျော်ပျော်ပါး၊ မွေးဖခင် မှာ၊ ကြင်မငြီးကေ၊ အပြီးထားလို၊ ကြီးမားသက်ရွှေ ကညာဆိုကေ၊ ပျိုဆံတောက်လျှင်၊ မြောက်လတ်တေလေ။

## ကညာပြုချစင် သီတာရှင်ကို့ လေးတင်ခန်း

၄၉။ မြောက်လတ်လေကေ၊ သန္တေတစ၊ နတ်မျိုးနွယ်မှာ၊ တည်နေရလို့၊ အလှကုမ္ပဏီ၊ ကုမ္မာရီ၊ စုံညီလက္ခဏာ၊ လှချောရာကို၊ ပြောငှာမရ၊ ခြောက်ပြစ်သန့်စင်၊ မြူမတင်ကေ၊ မြင်မဝအောင်၊ ပဥ္စကလျာ၊ အသားမှာက၊ စံကားဝါအဆင်း၊ မုက္ခဇီဝါ၊ ကြာညိုပန်းသို့၊ ရနံ့ဖြာကေ၊ အာခံတွင်းမှာ၊ ဝါဝင်းနီတျာ၊ ရှုလို့မခန်း၊ သူ့နှုတ်ခွန်းမှာ၊ ထမ်းမှည့်ဝါသို့၊ ကေသာညိုပြောင်း၊ ပိတုန်းရောင်မှာ၊ သုံးတောင်ကကျူး၊ ထုံးနောင်ရစ်ကာ၊ ခုနစ်ထွာလေ၊ ကျော်တာကူးလို့၊ နဖူးခါးပြင်၊ ကျောနှင့်ရင်မှာ၊ သဇင်ညှင်းပွင့်၊ မျက်မှောင်တံကို၊ ဟန်နှင့်မြှင့်၍၊ လှိုက်ဖွင့်ကြည့်ဟန်၊ သူ့ရှုပ်မှာ၊

မူဟန်လည်းရ၊ နန်းမညာပျို၊ ပန်းကြာညိုမှာ၊ ကိုယ်ဟန်လှနှင့်၊ မိန်းမကျက်သရေ၊
ကညာမေမှာ၊ စနေမြင့်ဖြူ၊ လူ့လောကီမှာ၊ ဂေါရီကျူးလို့၊ ငုံဖူးလည်းဆင်၊ နုရွှေရင်
ကို၊ ရှုမြင်မခန်း၊ လှမျိုးစုံတွင်၊ ယဉ်ပုံဖမ်းလို့၊ မြနန်းတော်သူ၊ သီတာဖြူမှာ၊ မထူမပါး၊
သဲသွယ်သွယ်ကော၊ နွဲ့သည်ခါးနှင့်၊ အသားအရေ၊ လှသက်ဝေမှာ၊ လက်ခြေဖြိုးသစ်၊
ဣန္ဒြေနှင့်၊ လွန်ပြေပြစ်ကော၊ ရိုးဆစ်မထင်၊ ပြစ်မထင်အောင်၊ ကြန်အင်ညီညွတ်၊
ငွေတောင်ပျော်ကော၊ မနော်နတ်သို့၊ သျှတ္တရအလို၊ စာပြည့်ွန်းကော၊ ကျမ်းအဆိုနှင့်၊
မပိုမလျော့၊ လှပမျက်နှာ၊ လစကြာလျှင်၊ ထွက်ခါပသို့၊ မျက်စပြုံးချို၊ အမူပိုကော၊
လူပျိုအများ၊ ရှုပရုံကို၊ မြတ်တုံငြားက၊ ဇောဘဝင်ခုန်၊ စက်ရာဘုံမှာ၊ အတူလျောင်း
လို့၊ တစ်ဆောင်းခြုံပျာ၊ ပေါင်းလှချင်စိတ်၊ ကာမဂုဏ်လေ၊ အာရုံဟိတ်လျှင်၊ ယိုဖိတ်
မတတ်၊ ရသေ့ပျံမှာ၊ စျာန်ကြိုးပြတ်အောင်၊ နတ်မိန်းမနှယ်၊ သီတာဖြူမှာ၊ လူမက
အောင်၊ လှတော့သည်လေ။

၅၀။ လှတော့သည်ကော၊ အရွယ်လည်းနု၊ နန်းကညာမေ၊ ပန်းစနေမှာ၊
ငွေကိုဥ သို့၊ အဖူးငုံညှာ၊ စုံနှစ်မွှာနှင့်၊ သီတာဖြူဝင်း၊ နန်းပင်တိုင်နှင့်၊ ပြိုင်မမျှအောင်၊
လှပခြင်းကို၊သောင်းတွင်းဌာနေ၊ အပြည်ပြည်၌၊ စိုးသည်မင်းများ၊ မေသီတာလေ၊
ကျော်စောခြင်းကို၊ သတင်းကြားက၊ မင်းများထိုထို၊ ရချင်လို၍၊ တောင်းဆိုကြပြန်၊
ဇနက္ကဟု၊ ဖခင်ထံမှာ၊ သဝဏ်ရွှေပေ၊ သံကိုစေကော၊ တစ်ပြည်သို့နှင်း၊ သမီးငယ်ကို၊
ပေးလေလျှင်းက၊ တစ်မင်းကနာ၊ တစ်ရာဇာကို၊ ပဏ္ဏာဆက်မြောက်၊ မကင်းမျက်
မာန်၊ တစ်မင်းရန်လေ၊ အမှန်ရောက်လို့၊ တစ်ယောက်ကိုသာ ဆောင်နှင်းပါလည်း၊
တစ်ရာသောမင်း၊ ပြင်းမျက်မှန်နှင့်၊ ရန်မကင်းဘဲ၊ ထန်ပြင်းမျက်မှောက်၊ ငါ့တိုင်းပြည်
ကို၊ ခြေကာနှောက်မည်၊ သို့ဖြစ်ပေ၍၊ ကြံစည်မရ၊ သီတာဖြူလေ၊ လှရူပကြောင့်၊
မွေးဖဇနက်၊ အဖြာဖြာကို၊ စာနာတွက်က၊ အိပ်စက်မပျော်၊ ရှိတုံခါဝယ်၊ သီတာချော
ညက်၊ တောင်းဆုဆိုကော၊ ကုသိုလ်စက်ကြောင့်၊ အထက်နတ်ရွာ၊ ဝတီသာမှာ၊ ဣန္ဒာ
တွင်ငြား၊ ငါးအာလိန်ကို၊ နှိုပ်ကာစိုးကော၊ မိုးသိကြား၏ ပတ္တမြားပဏ္ဍု၊ ကမ္ဗလာလေ၊
ဂွမ်းဝါနုလျှင်၊ မာပြုကြမ်းတမ်း၊ ရွှေကက္ကဋ္ဌာ၊ စည်မျက်နှာသို့၊ ခက်မာကြမ်းက၊
ကြောင်းလမ်းဘယ်သို့၊ လူတို့ဘုံမှာ၊ ရှိတုံမြို့ဟု၊ နတ်သို့စက္ခု၊ ဒေဝဘုရင်၊ သူဇာလင်
မှာ၊ ဆင်ခြင်ရှုရေ။

၅၁။ ဆင်ခြင်ရှုကော၊ အမှုကိစ္စ၊ ရှိသမျှကို၊ သိရအလင်း၊ ငါ့မြေးတော်
လေ၊ ရာမ မင်းနှင့်၊ ကြောင်းလည်းပါ၊ မေသီတာကို၊ တစ်ရာမင်းပေါင်း၊ ရကြလို၍၊
ဆိုကာ တောင်းကော၊ အကြောင်းမလျော်၊ အလောင်းတော်၏၊ ကြင်ရာဖြစ်အောင်၊
လေးစွန်တောင်ကို၊ လူ့ဘောင်သို့သည်၊ ကမ္ဗည်းစာနှင့်၊ ရေးကာသလို့၊ ချလိုက်
ပေကော၊ နန်းမြေမှာကျ၊ လေးတော်စကြာ၊ ကမ္ဗည်းစာနှင့်၊ ဆွဲကာရကော၊ မွေးဖဇနက်၊
ထိုခါတွင်လေ၊ အားအင်တက်လို့၊ ချက်ချင်းမကြာ၊ မြင်းသည်ကျော်ကို၊ တစ်ရာပြည်
ထောင်၊ မင်းများမြောင်အား၊ စာစောင်ရွှေပေ၊ နန်းပြသာဒ်က၊ ကမ်းလွှတ်စေလို့၊
တစ်ပြည် ပြည်မင်း၊ စာအဓိပ္ပာယ်၊ ပါရှိသည်ကို၊ သိလေလျှင်းက၊ သတင်းကြော်ငြာ၊
မင်းတစ်ရာတွင်၊ ပညာထူးမြတ်၊ လေးအတတ်ကို၊ စွဲမှတ်သင်ကြား၊ ဒြပ်ဂုဏ်နှင့်၊
တတ်တုံ လျှင်းကော၊ မင်းအများတို့၊ လေးမြားဆိုလျှင်၊ သာမညဟု၊ စိတ်ကထင်၍၊
ငါလျှင်တင်မည်၊ သူတင်မည်ဟု၊ လာပေတုံကြ၊ ထီးနန်းတည်ကော၊ ပြည်ဌာနတွင်၊
ဗာရာဏသီ၊ ဝေသာလီနှင့် ကပ္ပိနဂရ၊ စေတုတ္တရာ၊ သမုတ်ခေါ်ကော၊ ဥက္ကလာပနှင့်၊
သက်ဿန ဂိုရ်၊ ရာဇဂြိုဟ်ဟု၊ ခေါ်ဆိုနာမ၊ အာဠဝီပြည်၊ ထီးနန်းတည်ကော၊
ဝိဒေဟနှင့်၊ စမ္ပာန ဂိုရ်၊ တက္ကသိုလ်က၊ ဗဟိုအောင်ချာ၊ ပြည်မလ္လာနှင့်၊ နဂရာသီရိ၊
လွန်သာယာကော၊ သာဝတ္ထိက၊ ပါဋ္ဌလိပုတ်၊ သမုတ်သညီ၊ များလူရှင်တို့၊ ခေါ်တွင်
ငြားကော၊ ကောသမ္ဗီ နှင့်၊ ကာသီကောသလ၊ ကမ္ဘောဇက၊ သက္ကသမိုင်း၊ ဇမ္ဗူ့သပြေ၊
ပံသုမြေမှာ၊ ပတ်လည်ဝိုင်းကော၊ တိုင်းအသွယ်သွယ်၊ သမိုင်းတည်ကော၊ ပြည်အချို့ချို့
အမြို့မြို့ က၊ လူတို့သနင်း၊ ဘုန်းတေဇာနှင့်၊ အာဏာပြင်းကော၊ မင်းအဆူဆူ၊
သီတာဖြူကို၊ သူယူငါရ၊ မိတ္ထိလာလေ၊ အောင်ချာနန်းကို၊ လှမ်းချီကြရေ။

၅၂။ လှမ်းချီကြကော၊ ရာဇရာဇာ၊ မိတ္ထီလာတွင်၊ ရတနာတံဆိပ်၊
ညီးလူလူနှင့်၊ ထီးဖြူရိပ်မှာ၊ ကိုးကျပ်ကိုးပါး၊ အပြည်ပြည်က၊ ရောက်သည်များမှာ၊
တစ်ပါးတွက် တာ၊ မစေ့ပါ၍၊ ရက်တာနည်းငယ်၊ ဆိုင်းလို့နေကော၊ ပင်လယ်ပတ်ဝန်း၊
သီဟဠ္ဌဆို၊ စိမ်းမြညိုကော၊ သိဃ်ိုကျွန်းကို၊ စံမြန်းစိုးခြင်း၊ လွန်ကြီးကျယ်ကော၊
ခေါင်းဆယ်လုံးဟု၊ ဘီလူးမင်းက၊ သတင်းစကား၊ ပွဲကြီးလည်းခံ၊ လေးတင်ရန်ကို၊
သန်သန်ကြားက၊ ရထားပေါ်ထက်၊ ဘယက်တန်ဆာ၊ ဒွါဒယာကို၊ ဆင်ကာတက်လို့၊
ဇနက္ကသည်းအူ၊ သီတာဖြူကို၊ ငါယူတော့မည်၊ ငါထက်သာသည်၊ ရာဇာမိလျှင်၊
မရှိချေဟု၊ ကြီးကျယ် တန်ခိုး၊ အားကိုကိုးလို့၊ ထက်မိုးကသာ၊ ယာဉ်ရထားနှင့်၊
သွားလေပါ၍၊ မိတ္ထီလာပြည်၊ ရောက်တုံလေသော်၊ စာသူငယ်ကြား၊ လင်းတနားသို့၊
မင်းများအလယ်၊ ပြည်သိဃ်ိုလေ၊ ထိုဘီလူးမှာ၊ ရွှင်မြူးနေသော်၊ ဗိုလ်ခြေတစ်
ထောင်၊ လေးစွန်တောင်ကို၊ ချီဆောင်ကိုင်မ၊ မိတ္ထီလာမြို့သူ၊ များဗိုလ်လူတို့။
ယူလာကြရေ။

၅၃။ ယူလာကြကော၊ ဇနက္ကရာဇာ၊ မင်းအများကို၊ ပြောသည်မှာကား၊ တစ်ရာမင်းပေါင်း၊ သတိုးဆူဆူ၊ အမျိုးတူကော၊ ထီးဖြူဆောင်းတို့၊ အကြောင်းခြင်းရာ၊ ကျွန်ုပ်မှာ၌၊ ကညာသမီး၊ ရှုမငြီးကို၊ ဇနီးတောင်ညာ၊ ပြည်ပြည်ထောင်က၊ အနောင်မင်းတို့၊ နှင်းလိုပါမူ၊ ကြီးစွာကြွခိုင်၊ သိကြားရာဇာ၊ ကမ္ပည်းစာနှင့်၊ ရေးကာပေးကော၊ လေးသန်ကိုင်ကို၊ တင်နိုင်သောသူ၊ ကျွန်ုပ်သည်းအူကို၊ သိမ်းယူပိုင်လေ၊ ဂဟေနှောင်ကော၊ တည်ထောင်ဖက်ပျာ၊ ဆက်သမည်ဟု၊ ဆိုလေသောခါ၊ မင်းရာဇာတို့၊ သီတာရုပ်သွင်၊ တပင်နန်းမှာ၊ စံမြန်းမြင်သော်၊ လိုချင်စိတ်တပ်၊ ကွက်စုံကာကော၊ ရာဇမတ်နှင့်၊ မဏ္ဍပ်အလယ်၊ လစန္ဒာလေ၊ စကြာလေးကို၊ ဆွဲတင်မည်ဟု၊ တစ်ပြည်စိုးငြားမင်းတစ်ပါးက၊ တအားကြိုးအံထောင်၊ ကိုင်ကာဆွဲသော်၊ လေးရန်အောင်ကို၊ မဆောင်ခဲ့နိုင်၊ မြဲစွာဆောက်ကော၊ ကျောက်စာတိုင်သို့၊ တင်နိုင်မည်ဝေး၊ ရှက်အားပို၍၊ သွားကိုဖြဲလို့၊ လေးကိုပိုင်ပိုင်၊ ယိမ်းယိုင်လှုပ်အောင်၊ မလှုပ်နိုင်ဘဲ၊ ငေးမှိုင်လက်ချ၊ တစ်မင်းဝင်ပျာ၊ တင်ကာလလည်း၊ ချီမ-မပါ၊ ဤပမာသို့၊ များစွာ မင်းပေါင်း၊ သီတာပျိုကို၊ လိုချင်လှ၍၊ တင်ကြရှောင်းလည်း၊ ရှစ်သောင်းလေးထောင်၊ မြင်းမိုရ်တောင်ကို၊ ပြိုအောင်လက်ရိုက်၊ ဆီးစေ့ငယ်နှင့်၊ ရွယ်၍ပစ်သို့၊ မထစ်မရာ၊ မင်းရာဇာတို့၊ များစွာရှက်ကော၊ လက်ဖျားခါရေ။

၅၄။ လက်ဖျားခါကော၊ သိင်္ဂရဋ္ဌ၊ တိုင်းဌာနေကော၊ ရွှေပြည်မက၊ ရာဇညဆို၊ သီတာလှကို၊ ရချင်လိုကော၊ မင်းအိုတစ်ပါး၊ လေးရွှေစင်ကို၊ တင်မည်ထားဘိ၊ မြင်ငြား ကာလ၊ ကိုယ့်အားအင်နှင့်၊ ဆင်ခြင်ထောက်ကော၊ ကြောက်ကြိန်းကျလို့၊ ရာဇပရိ ယာယ်၊ ဆိုစကားနှင့်၊ ပြောလတ်တေက၊ အရွယ်ပျိုမျစ်၊ အားခွန်ကပိုကော၊ ထိုခါဖြစ်လျှင်၊ ပစ်ကာတင်မြှောက်၊ ဤလေးယောက်ကို၊ လောက်မည်မထင်၊ ယခုတွင်က၊ အားအင်ယုတ်လျော့၊ ဇရာယိုယွင်း၊ ကာယကိုယ်ကို၊ လိုမရကော၊ အို၍,လို့သာ၊ အကယ်၍လျှင်၊ ငယ်လည်းငယ်လှ၊ ငါမင်းအိုနှင့်၊ နှစ်ကိုဆသော်၊ နန်းမတောင်ညာ၊ လက်ယာထားလို့၊ စံစားသော်လည်း၊ လျော်မည်မုချ၊ မဟုတ်လှလို့၊ ရဋ္ဌသိင်္ဂါ၊ နန်းအောင်ချာကို၊ ပြန်ပါတော့မည်၊ သို့ဖြစ်သည်ကြောင့်၊ ကျန်ပေတုံငြား၊ သတ္တိယာဟု၊ မဟာမျိုးကော၊ သတိုးဖွားတို့၊ ကြိုးစားပြီးထွေ၊ တင်ကြလေဟု၊ ဆိုသည်ကာလ၊ ဇနက္ကမတ်မွန်၊ လေးမှူးဝန်တို့၊ မပြန်ရဘဲ၊ ပြောကြခြင်းရာ၊ အကြောင်းမှာက၊ ကိုယ်တော်မင်းအို၊ သီတာပျိုကို၊ လိုချင်၍သာ၊ လေးတင်ရာလေ၊ ပွဲတော်ကြီးကို၊ လာပြီးခါမှ၊ တင်ပါလက်ငင်း၊ မာယာဟန်ကော၊ ကြံမငြင်းနှင့်၊ အတင်းအမာ၊ ဆိုသောခါလျှင်၊ ရာဇာမင်းလှ၊ ထီးနန်းပိုင်ကော၊ ရာဇညလည်း၊ ခက်လှတော့သည်၊ သင်တို့ပြည်ကို၊ ရောက်ပေလို့ရှိ၊ သို့ဖြစ်ဘိ၍၊ မိသီတာလှ၊ သူ့ကိုငါလျှင်၊ မလိုချင်လည်း၊ တင်ပါတော့မည်၊ ဆိုတုံပေ၍၊ ကြီးကျယ်ခက်ခဲ၊ တစ်ထောင်ဗိုလ်ကျိုင်၊ မကြံနိုင်ကော၊ သံတိုင်လေးကို၊ ဆွဲ၍ကိုင်ငင်၊ အားကုန်တင်ကော၊ ဘုရင်စောထီး၊ ရာဇညဆို၊ သက်ကြီးအိုလေ၊ ထိုဝါကြီးမှာ၊ ချေးသေးယိုထွေ၊ အားမတန်၍၊ ချော်ကာလဲကော၊ ဒူးကွဲရေလေ။

၅၅။ ဒူးလျှင်ကွဲကော၊ လဲရာကထ၊ ယိမ်းကာယိုင်ကော၊ ရာဇညမှာ၊ အစကပင်၊ ငါဘုရင်လျှင်၊ မတင်ရစေ၊ ဆိုတုံပေလျက်၊ မနေပါရ၊ ဒူးကွဲပါအောင်၊ လဲကာကျလို့၊ ကိစ္စတာဝီ၊ ငါ့အလှည့်လျှင်၊ ယနေ့ကျပြီး၊ နရိန်ထွင်မှု့ထား၊ မင်းတစ်ပါးကို၊တင်ငြားပါစေ၊ ဆိုတုံလေကော၊ ဆောင်သည်ထီးဖြူ မင်းဆူဆူတို့၊ မပြုံ့ကြ၊ လေးသံတိုင်ကို၊ လက်မှိုင်ချလို့၊ ရာဇမင်းဖျား၊ တချို့များလည်း၊ မြားတော်စကြာ၊ လေးစန္ဒာကို၊ ဆွဲ ကာငင်ကိုင်၊ မတင်နိုင်၍၊ ပင်တိုင်စိုးရ၊ သီတာရှင်ကို၊ မကြင်ရလည်း၊ မြင်ရတုံပြန်၊ ငါတို့ကံကြောင့်၊ အလွန်လှပ၊ နတ်ကညာတွင်၊ မေ့ရုပ်ပြင်ကို၊ မြင်ပါရဟု၊ စိတ်ကအောက်မေ့၊ တစေ့စေ့နှင့်၊ ရှုကြည့်မဝ၊ ထိုကာလ၌၊ များလှဗိုလ်ပါ၊ လေးတင်ပွဲကို၊ ရှုကြည့်လာကော၊ မိတ္ထိလာမြို့သူ၊ ဖွေးဖွေးဖြူကော၊ ရှင်လူမှူးမတ်၊ ပရိသတ်တို့၊ ပြောလတ်ခြင်းရာ၊ သိကြားသက်သေ၊ မြားစကြာကို၊ တင်ပါမည်ထား၊ မင်းရာဇိန်တို့၊ဤမျှလောက်တွင်၊ တစ်ယောက်များမှ၊ စွမ်းအားထုတ်၍၊ လေးရွှေစင်ကို၊ ဆွဲငင်လှုပ်လည်း၊ လှုပ်မည်မထင်၊ သို့ဖြစ်ကျင်၍၊ တို့သခင်မ၊ သီတာရှင်မှာ၊ သားလင်လှလျှင်၊ ရပုံမပေါ်၊ ပြုတ်ပြုတ်စီကော၊ ဤသည်မင်းတို့၊ အဖျင်းရာလေ။

၅၆။ အဖျင်းရာလေ၊ ခြင်းရာပြောဟော၊ ခေါင်းဆယ်လုံးကော၊ ဘီလူးကြားကော၊ မင်းဖျားဦးသျှောင်၊ ဇမ္ဗူတောင်မှာ၊ ဘုန်းရောင်လင်းဘိ၊ သတင်းအရ၊ မင်းဒသဟု ငါ့သတ္တိကို၊ သိမည်မထင်၊ ဤပွဲတွင်လေ၊ လေးတင်ပြမှ၊ ရှုမြင်သူလေ၊ လူအများတို့၊ အံ့ဩကြလို့၊ လှသီတာမေ၊ ပင်နန်းပျော်ကော၊ ညာနှမကို၊ ငါရမည်ဟု၊ ဆယ်ခုခေါင်း ၌၊ ဆောင်မကိုဋ်နှင့်၊ ယက္ခိမှန်ကင်း၊ ခြိမ်းပခြင်းက၊ သတင်းကျော်ကြား၊ မင်းတရာတို့၊ ဖူးစာစရိုက်၊ သီတာသက်နှံ့၊ ပင်နန်းစံနှင့်၊ ကံမထိုက်၍၊ မဖြစ်နိုင်ကြ၊ လေးသံတိုင်ကြောင့်၊ လက်မှိုင်ကျလို့၊ ယက္ခမဟာ၊ တစ်ရာဇာကော၊ ငါသာတစ်ယောက်၊ ဤလေးယောက်ကို၊ လောက်မည်မထင်၊ ယခုပင်လျှင်၊ တင်ကာပြမည်၊ ဆုံတုံလေ၍၊ နည်းငယ်အားထုတ်၊ လေးသံတိုင်ကို၊ ဆွဲကိုင်လက်နက်၊ တစ်ချက်လှုပ်

က၊ လှုပ်တုန် ချောက်ချား၊ ကြောင်းခြင်းအင်ကို၊ မြင်တုံငြားသော်၊ အများဗိုလ်ပါ၊ ပြောသည်မှာက၊ ခန္ဓာကြီးမြောက်၊ အားအင်လည်းသန်၊ ငါးဆယ်ကံကော၊ ဆံပုတ်လျှောက်နှင့်၊ ကြောက်ကောင်းဘနန်း၊ ဆန်းဆန်းထူးထူး၊ ရထားယာဉ်ကို၊ စိုးပိုင်ကွပ်လေ၊ နတ်ဘီလူးလတ်၊ ထူးပီးသေသ၊ ကိုယ်ကာယမှာ၊ ပါးစပ်ဆယ်ပေါက်၊ ခေါင်းပေါ်ပုံလေ၊ ခုံတောက်တေဆောက်သို့၊ ယူကောက်ကိုင်ငင်၊ ဤဘုရင်လျှင်၊ တင်နိုင်လိမ့်မည်။ များလူဗိုလ်တို့၊ ပြောဆိုကြပျာ၊ မှတ်ကြရလေ။

၅၇။ မှတ်ကြလေကော၊ ကြီးကျယ်တန်ခိုး၊ ဘီလူးမျိုးကို၊ အစိုးလည်းရ၊ သိဃီပြည်က၊ ခေါင်းဆယ်ခွမှာ၊ ခြိမ်းပခြင်းရာ၊ အကြောင်းမှာက၊ ယူဇနာသောင်းမြေ၊ ကျွန်းသပြေမှာ၊ ငါ့နှယ်ယောက်ျား၊ မတစ်ထောင်မှာ၊ တစ်ကောင်ရှားလို့၊ မွေးဖွားအစ၊ ပထမက၊ အဖပြဟ္မာ ငါ့ထံလာပျာ၊ ဆုတော်ပေးငြား၊ ကျွန်းဇမ္ဗူမှာ ပြိုင်သူရှားအောင်၊ ရထားစကြာ၊ မားစကြာကို၊ ပိုင်ကာစိုးနင်း၊ ငါရာဇာလေ၊ စကြာမင်းကို၊ သတင်းကြော်ငြာ၊ သိကြားဆက်ကော၊ မြားစကြာကို၊ လက်မှာဆွဲမြှောက်၊ တောင်မြင်းမိုရ်ကို၊ လျှိုကာဖောက်လို့၊ လှုပ်ချောက်စကြာဝဠာ၊ သွက်သွက်ခါအောင်၊ ရာဇာဘုရင်၊ သူ့ကိုသာလျှင်၊ တန်ဆာဆင်ငြား၊ လက်ထပ်ရန်ကို၊ စီမံနှင့်ပျာ၊ အသင့်ထားဟု၊ လောဘလည်းသန်၊ အတင်းခံပျာ၊ သွားအံကိုကိုက်၊ အားကုန်ဆောင်ပျာ၊ ဒေါင်လျှင်တိုက်လို့၊ ပစ်မည်ကြံမြှောက်၊ ညှို့ကိုင်ငင်ပျာ၊ တင်မရောက်လည်း၊ ရောက်လုရောက်ချင်၊ သူ့စွမ်းအင်ကို၊ မြင်လေတုံငြား၊ ပွဲရှုသူလေ၊ လူအများတို့၊ အံ့သြသဖွယ်၊ တသောသောကော၊ ပြောကြရေလေ။

၅၈။ ပြောတုံလေကော၊ ပြည်သိဃီရှင်၊ ထွတ်ဘုရင်လည်း၊ တင်နိုင်လုလုသည် အမှုကြောင့်၊ ဂရုစစ်ကာ၊ လေးစကြာကို၊ သုံးခါတိုင်အောင်၊ အားကုန်ဆောင်ပျာ၊ ဒေါင်လျှင်တိုက်မြှောက်၊ ဆွဲကာငင်ကော၊ တင်မရောက်လည်း၊ သူလောက်တစ်မူ၊ စွမ်းနိုင်သူလျှင်၊ တစ်လူမရှိ၊ သို့ဖြစ်ဘိ၍၊ ဂီရိဒသ၊ ဘယ်မမျှကော၊ ယက္ခဘုရင်၊ သိဃီရှင်မှာ၊ ဂုဏ်အင်မချို့၊ တမို့မို့နှင့်၊ ခရိုခရမ်း၊ ပွဲလေဘောင်မှာ၊ တောင်မြှောက်သန်းလို့၊ လစွမ်းပြထွေ၊ အသံပြာနှင့်၊ လွန်စွာဟောကော၊ ပြောလတ်တေက၊ မေသီတာချော၊ မြနန်းဟိုင်လေ၊ ပင်ယံဖွားကို၊ တရားသဖြင့်၊ ငါ့အပြင်လျှင်၊ အကြင်မင်းနှင့်၊ လျှင်းမသင့်ဘူး၊ ထောက်ချင့်လိုက်သော်၊ ငါရာဇာသာလျှင်၊ ရရာထိုက်သည်၊ ဆိုတုံပေကော၊ ပြည်မိတ္ထိလာ၊ စိုးစံပျော်သည်၊ မဟာဇနက်၊ စိတ်မရွှင်ကော၊ ဝမ်းတွင်းထွက်လို့၊ သမက်ပြုပြီး၊ ဘီလူးကြီးနှင့်၊ သမီးရတနာ၊ မိသီတာကို၊ နှစ်ဖြာလက်ထပ်၊ အတင်းအမာ၊ မငြင်းသာကော၊ ဆက်ကာစပ်လို့၊ လက်ထပ်ရမည်၊ မဟာဆွေကော၊ မျိုးနွယ်ပျက်၍၊ ခက်လှသည်လေ၊ ရေကာတွက်စစ်၊ ရက်ခုနစ်လျှင်၊ မစေ့ခင်ကို၊ ဘုရင်မင်းကောင်း၊ ဘက်မပေါ်ကော၊ စကြာလောင်းလျှင်၊ အကြောင်း သင့်စွာ၊ ရောက်၍လာသော်၊ စကြာသံတိုင်၊ လက်မှာကိုင်၍၊ တင်နိုင်လိမ့်မည်၊ မိသီတာလေ၊ ပီတာဖမှာ၊ မှတ်တော့သည်လေ။

၅၉။ မှတ်တုံလေကော၊ ထိုသည်ကာလ၊ သမီးသေချာ၊ ပုလဲညာကော၊ သီတာလှ လည်း၊ ဒသဂီရိ၊ ဘီလူးဘုရင်၊ သူ့ရုပ်သွင်ကို၊ မြင်ကတည်းက၊ ဇာတိရှေ့ခါ၊ ခေါင်း ဆယ်လုံးစစ်၊ ဘီလူးမိုက်နှင့်၊ ဖြစ်ခြင်းရာကို၊ ပြန်ကာအောက်မေ့၊ ခြင်းမျိုးစုကို၊ အကုန်သိ၍၊ ဂီရိဒသ၊ သူ့ကိုဖြစ်လျှင်၊ မမြင်ချင်ကော၊ ပင်နန်းမမှ၊ ယက္ခဘုရင်၊ လေးတင်ပွဲမှာ၊ စွမ်းရည်အင်ကို၊ မြင်လေသော်ခါ၊ သူ့ကြင်ရာလေ၊ ဖြစ်ပါမည်စိုး၊ ပင်နန်းစံမှာ၊ အလွန်ညှိုးလို့၊ သတိုးနရိန်၊ မျိုးသမ္ဘိန်တို့၊ ဝရဇိန်မြေး၊ သိကြားရာဇာ၊ ဆက်သလာကော၊ စကြာလေးကို၊ ဆွဲ၍ငင်ကိုင်၊ တစ်စုံတစ်ယောက်မျှ၊ မရောက်နိုင်ဘဲ၊ မိန်းမှိုင်လက်ချ၊ သတ္တမကော၊ ဒီပထိုနေ့၊ ခြောက်ရက်စေ့လို့၊ တစ်နေ့သာကျန်၊ ပင်နန်းစံက၊ မိဌာန်ခြင်းရာ၊ ယနေ့လွန်သော်၊ နက်ဖြန်ရက်မှာ၊ မေ့သက်လျာကော၊ စကြာသခင်၊ ရွှေလေးရှင်ဟု၊ မေ့လင်အရှာ၊ နက်ဖြန်ခါတွင်၊ ရောက်ပါစေသော၊ ပဥ္စသီလံ၊ ညီအမျှဖြင့်၊ သီလခံပျာ၊ မိဌာန်ငြားလို့၊ ဘုရားညောင်ရေ၊ လောင်းတုံလေကော၊ ကြီးကျယ်သးတင်း၊ အစိမ်းမျိုးကော၊ သိဃီမင်းလည်း၊ ဂုဏ်တင်းပလွှား၊ ပင်နန်းပျော်ကော၊ သီတာလှလျှင်၊ ငါ့မယားဟု၊ သဘောမှတ်ကော၊ တစ်ရက်မှာလျှင်၊ သုံးခါလည်းတင်၊ ပွဲရှုငြားလေ၊ များလူရှင်လည်း၊ တစ်ပင်ရတနာ၊ ရှင်သီတာကို၊ ရာဇာမင်းလှ၊ ရထားသည်ကို၊ ပိုင်စိုးကွယ်ကော၊ နတ်ယက္ခလျှင်၊ ရပါလိမ့်မည်၊ စိတ်မှာထင်ကော၊ ချင်သမျှကို၊ ပြောကြသည်လေ။

၆၀။ ပြောကြလေကော၊ ထိုသည်ထိုနေ့၊ ခုနစ်ရက်လျှင်၊ အချက်စေ့၌၊ ရသေ့ဂေါ ဓံ၊ တပည့်မွန်ကို၊ ရွှေဉာဏ်ဒိပ္ပ၊ သိပညာနှင့်၊ မျှော်ထောက်ဆကာ၊ ရာမညတွင်ငြား၊ သတို့သားသည်၊ သိကြားဆက်လာ၊ မြားစကြာကို၊ တင်ပါနိုင်မည်၊ အလောင်း တော်၏၊ ကြောင်းဇာတိကို၊ သိတုံလေကော၊ မထေရ်မြတ်မွန်၊ ပြောခြင်းဟန်က၊ နိုင်ငံသာယာ၊ မိတ္ထိလာတွင်၊ ကြော်ညာခြိမ့်သဲ၊ လေးတော်တင်ကော၊ သဘင်ပွဲကို၊ အံ့အဲသာထွေ၊ တပည့်ရာမ၊ လက္ခဏတို့၊ ကြည့်ကြမည်ဟု၊ ပြောလေသောခါ၊ ညီနှင့်နောင်လေ၊ ဘုန်းရောင်လင်းကော၊ မင်းနှစ်ဖြာတို့၊ များစွာဝမ်းမြှောက်၊

ရသေ့ကျော် လေ၊ ဆရာနောက်က၊ ကောက်ကောက်မနေ၊ လိုက်တုံလေကော၊ ရွှေပြည်အောင်ချာ၊ မိတ္ထိလာတွင်၊ စကြာရွှေလေး၊ မင်းဘုရင်တို့၊ တင်သည့်ပွဲကို၊ ရသေ့ရောက်ခါ၊ ဒါယကာလေး၊ ဒကာခေတ်ရင်း၊ ဇနက္ကတွင်၊ ပြည်ကြီးရှင်လေ၊ ဘုရင်မင်းကို၊ ကြောင်းခြင်း စကား၊ ငါ့တပည့်ငယ်၊ ပညာစွမ်းကို၊ စမ်းကြည့်မည်ဟု၊ ပြောလေပြေးက၊ မင်းဖျား ရာဇာ၊ ရှုကြည့်မျှော်သော်၊ စိတ်မှာတစ်ဖန်၊ မှတ်ခြင်းဟန်က၊ အားခွန်ကြီးခြင်း၊ သတင်းကျော်ကော၊ တစ်ရာမင်းတို့၊ ဝပ်စင်းကိုယ်တိုင်၊ မတင်နိုင်ဘဲ၊ ေးမှိုင်လက်ချ၊ ငါတို့ဆရာ၊ ရသေ့ကျော်လေ၊ တာပဿမှာ၊ သီသတွင်မြောက်၊ အင်အားထောက်သော်၊ နှစ်ယောက်ကို၊ အားမြောက်အားထောင်၊ လေးရန်အောင်ကို၊ တင်ဆောင်ခိုင်း ရာ၊ ရေးမလျော်လည်း၊ အားနာသဖြင့်၊ ဤရသေ့ကျော်၊ ကျေးဇူးတော်ကို၊ တွေးမျှော် ခံျပ၍၊ အခွင့်မနေ၊ လေးဆရွှေစင်ကို၊ တင်မည်ရေးလျှင်၊ ပေးလိုက်တယ်လေ။

၆၁။ ပေးလိုက်ပါကော၊ မဟာသာကီ၊ တာပသီဟု၊ ပါရမီမျိုးစေ့၊ စိုက်ပျိုးရှာကျင်၊ အကျိုးထင်ကော၊ ရှင်ရသေ့က၊ တပည့်ရာမ၊ လက္ခဏာကို၊ မြွက်ဟသံချိုယောကျ်ားစွမ်း၊ ပွဲသဘင်မှာ၊ ဝင်ကာစမ်းဟု၊ တိုက်တွန်းဆိုကော၊ ထိုသည်ညီနောင်၊ မင်းသားမောင်တို့၊ မြိုင်ချောင်တောတွင်း၊ ကေသရန်လေ၊ ဟောဝန်ထဲမှာ၊ ခြသေ့်မင်းသို့၊ ရဲတင်းတည်ကြည်၊ ဣန္ဒြေနှင့်၊ ပွဲလယ်သို့ဝင်၊ ဆရာရှင်ကို၊ ဦးတင်ညွှတ်ခ၊ ကာယဝစီ၊ မနောချီပျာ၊ သုံးကြိမ်ချလို့၊ လက္ခဏာညီတော်၊ တင်နိုင်သော်လည်း၊ နောင်တော်ရာမ၊ ရှိတုံပေကော၊ သည်ကိစ္စကြောင့်၊ အင္ဒစန္ဒာ၊ မြားစကြာကို၊ ယူကာဆက်သ၊ ဘုန်းရောင်ဖြာကော၊ နောင်တော်လှဟု၊ ရာမမင်းကျော်၊ ဟန်ယုယနှင့်၊ ထွက်ကြွလာသော်၊ သီတာဒေဝီ၊ လှသိင်္ဂီလည်း၊ မှန်စည်ပြောင်ဝင်း၊ မျှားခြွေရံလေ၊ ကျွန်ကုမ္ဘနှင့်၊ မြပြတင်းက၊ လေးညင်းခံကာ၊ ရွှေးကရေစက်၊ ကုသလံနှင့်၊ ဆုပန်ခဲကော၊ ပစ္စည်းဆက်လို့၊ စုံမက်ချစ်ခင်၊ မောင်ကိုမြင်ကော၊ ကြင်ချင်စိတ်နှင့်၊ မေတ္တာဝင်ရေ။

၆၂။ မေတ္တာဝင်ကော၊ စိတ်တွင်ရွှင်မြူး၊ အထူးထူးကို၊ ကူးမိသည်မှာ၊ ယခုအခါ၌၊ ရှုမျှော်မဝ၊ ရုပ်ရူပနှင့်၊ ရာဇာတစ်ပါး၊ ဘယ်တိုင်းဘယ်ပြည်၊ ဘယ်ဌာနေကော၊ ဘယ်မင်းဖျား၏၊ ရင်သားဖြစ်သည်၊ မောင်ဇာတိကို၊ မသိချေလေ၊ အရွယ်နုလိုက်၊ ဇမ္ဗူရာဇ်ကော၊ ဦးသစ်ပမာ၊ မြမျက်နှာမှာ၊ စကြာရွှေလ၊ ယနေ့ခါလေ၊ ပြည့်ကာပသို့၊ မျက်စပြုံးချို၊ သူ့နဂိုမှာ၊ လူပျိုဖြစ်စေ၊ မေနှင့်မူလေ၊ အတူယောင်းပျာ၊ ပေါင်းပါရက၊ နေ-လသဖွယ်၊ကျက်သရေနှင့်၊ တင့်တယ်လျောက်ပတ်၊ မြနှင့်ရွှေကို၊ ဂဟေစပ်သို့၊ သင့်မြတ်မည်ပင်၊ သို့ရာတွင်မူ၊ လုလင်မင်းသား၊ ရုပ်ပိုင်ပြင်ကို၊ ရှုမြင်ငြားက၊ ခွန် အားလည်းနည်း၊ ခါးသေးသေးနှင့်၊ လေးနှင့်မတန်၊ ခက်ခဲပြန်၍၊ ဆက်ဆံတူကွ၊အ ကြောင်းမျှကို၊ ပေါင်းရမည်ရေး၊ တူမောင်နှံတို့၊ အလွန်ခဲလို့၊ ခမည်းမင်းမြတ်၊ လောကနတ်လည်း၊ သင့်မြတ်လေအောင်၊ မေနှင့်မောင်တို့၊ ဘုံဆောင်ပြသာဒ်၊ ကနက်ရပ်မှာ၊ လက်ထပ်မင်္ဂလာ၊ ပြုလိုက်လျှင်ပြီး၊ မူခပ်သိမ်းလျှင်၊ငြိမ်းမည်ငှာကို၊ ရှာရှာဖွေဖွေ၊ အဆာကျယ်၍၊ တာရှည်ရှုပ်ထွေး၊ ယခုမူလေ၊လုပ်တုံခဲ၍၊လေးသောမြားသော၊ စကားများလို့၊ မေဖွားသက်ဝေ၊ မြင်းမိုရ်သွင်လေ၊ ဖခင်မင်းကို၊မြင်ပြင်းရေလေ။

၆၃။ မြင်ပြင်းရေလေ၊ မေသီတာလှ၊ ကိုယ့်ကိုယ်ကိုလေ၊ ဆိုပြီးမှလျှင်၊ ရာမ-မင်းကျော်၊ လေးစကြာကို၊ တင်ပါနိုင်စေ၊ စိတ်မှာရွှေပျာ၊ နှမေတင့်ဆုံး၊ ချပ်ကာပန်ကော၊ ကေဆံထုံးမှာ၊ ပန်းကုံးလှစွာ၊ ရတနာကို၊ အသာယူချွတ်၊ အထက်နတ်ရွာ၊ မြတ်စူဠာကို၊ ပူဇော်ကပ်လို့၊ ရေမှတ်ပြီးထွယ်၊ အဥ္ဇလီလေ၊ ချီကာပြုပျာ၊ ဆုတောင်း သည်ကား၊ ပုဗ္ဗေကတ၊ ပြည့်ဖြိုးစုံကော၊ ရှေးပုညကြောင့်၊ ဂုဏ္ဏာပြည့်ဖြိုး၊ ကြီးတန်ခိုး နှင့်၊ မြေမိုးကောင်းကင်၊ တောမြိုင်ခွင်ကို၊ ပိုင်ကျင်စိုးရ၊ ဥပပါတ်သန္ဓေ၊ မြတ်ရာနေ ကော၊ နတ်ဒေဝဟု၊ ရုက္ခဘုမ္မာ၊ အာကာသစိုး၊ ဗိဿနိုးနှင့်၊ တန်ခိုးကြီးထုလေးရောင် စိုးကော၊ မြင်းမိုရ်ဦးမှာ၊ စတုမဟာ၊ ဝတ်ိသာတွင်၊ ဣန္ဒာတွင်ငြား၊ သူဇာလင်ကော၊ ရှင်သိကြားနှင့်၊ နဂါးငွေ့နှန်၊ ဝရုဏ်ဣသာ၊ နတ်ပေါင်းစုကော၊ သုဓမ္မာတွင်၊ ဒေဝါသရမိ၊ မာတလိနှင့်၊ မုနိမေခလာ၊ မိဒေဝါကော၊ စန္ဒာစန္ဒီ၊ ဘရဏီနှင့်၊ ဒေဝီဣတ္ထိယ၊ ဒြပ် ရှိကော၊ နတ်မိန်းမက၊ ဒသဒီသာ၊ ဆယ်မျက်နှာမှာ၊ သာသနာငါးထောင်၊ ရှည်အလျားဖြင့်၊ စီးပွားဆောင်ကော၊ ကောင်းအောင်စောင့်တတ်၊ တန်ခိုးပေါ် ထင်၊ မိုးဘုရင်ကော၊ အို-ရှင်နတ်တို့၊ မင်းမြတ် မင်းလောင်း၊ ထေရ်သခင်လေ၊ ရှင်ရသေ့ကော၊ တပည့်ကောင်းနှင့်၊ ရှေးဟောင်းကြမ္မာ၊ အကြောင်းစစ်ကြောင့်၊ ပေါင်းထိုက်ပါမူ၊ စကြာမည်တွင်၊ လေးရွှေစင်ကို၊ တင်နိုင်ပါစေ၊ သီတာပျိုလေ၊ ညိုနွဲ့နှောင်းမှာ၊ ဆုတောင်းရေလေ။

၆၄။ ဆုလျှင်တောင်းကော၊ အလောင်းရာမ၊ ပွဲလက်ချာတွင်၊ လေးရွှေစင်ကို၊ တင်ကာပြမည်၊ ထ,တုံလေကော၊ ထိုသည်ကာလ၊ ခေါင်းဆယ်လုံးကော၊ ဘီးလူး

ကြီး၊ ရာဇာ့ရာဇာ၊ မင်းအပေါ်မှာ၊ စော်စော်ကားကား၊ ခရှားရှားဖြင့်၊ ပြောဟော
ခြိမ်းပ၊ ခကျယ်ခပန်း၊ ရယ်ရွှင်လန်းကော၊ လူရမ်းပြလျက်၊ ရာမ-မင်းငယ်၊ လေးတင်
မည်ကို၊ မြင်လေသောခါ၊ သူ့မှာပါကော၊ ဓားတော်သန်လျက်၊ အလွန်ထက်ငြား၊
နှစ်ဖက်သွားကော၊ ငှက်ပျောရွက်မျှ၊ ပမာဏကို၊ လက်နက်ကိုင်ကာ၊ ရှေ့ကဆီး၍၊
လာပြီးခါမှ၊ ရာမအနား၊ ရင်တုံငြား၍၊ ကျောင်သားတပည့်၊ ခါးနွဲ့နွဲ့နှင့်၊ ဤလေး
ကိုထား၊ သင်ဖြစ်ငြားမူ၊ ငါ့ဓားကိုပင်၊ ရွက်ပါကျင်ကော၊ ငွေစင်ရတနာ၊ မြှင့်ပါမြောက်
ကော၊ ခြောက်ဆက်ရွှာမည်၊ ဆုံတုံပေ၍၊ မြေဝယ်စိုက်ငြား၊ မြှင့်လော့ဆိုပျာ၊ ဓားကို
ထားကော၊ မင်းသား ရာမ၊ ကြားတုံပြန်သော်၊ စိတ်မာန်ကြွ၍၊ ခြေမနှင့်ကျောက်၊
ထက်အာကာကို၊ ကွာလို့ မြောက်ကော၊ မြောက်ကာစိုင်ထက်၊ လေးတော်တင်ကော၊
ပွဲပြင်ဘက်မှာ၊ ထွက်ကာကျမြောက်၊ အောက်မြေပြင်မှာ၊ ဖောက်ဝင်ရောက်၍ ဓား
ထောက်ကပင်၊ ကြည့်မမြင်ကော၊ ဘုရင်ဘီလူး၊ ဓားကိုလိုချင်၊ သွားလေကျင်ကော၊
မြေတွင်တူး၍၊ ပေါက်တူးနှင့်ပေါက်၊ ဒူးနှင့်ထောက်ပျာ၊ ဇောက်ခုနစ်ထောင်၊ တူးပြီး
နောင်မှ၊ ယူဆောင်ရပါ၊ အလောင်းလေ၊ ရာမဘုန်းကို၊ မနှုန်းသာကော၊ ယမာတစ်
ချက်၊ ဣန္ဒြေလေ၊ မတည်ပျက်လို့၊ အရှက်တကယ်၊ ပြည်သိယီကြ ထိုလက္ခမှာ၊ရသိ
ရေလေ။

၆၅။ အရှက်ရကော၊ ယက္ခရာဇာ၊ မှိုင်းနေပါသော်၊ လောင်းတော်ရာမ၊
အဌစန္ဒ၊ လေးစကြာကို၊ ချီကာမလို့၊ ခြိမ်းပခြင်းရာ၊ ဘက်မပေါ်အောင်၊
စကြာမင်းသို့၊ သတင်းကျော်ကော၊ ငါဟဲ့ယောကျ်ား၊ ဖက်ကာယှဉ်ပျာ၊ ပြိုင်သူရှားကော၊
မင်းများအာ ဇာနည်၊ ဘာမထီးကော၊ သာကီနွယ်ရိုး၊ သမ္မတမဟာ၊ အစစ္စာက၊
ဆက်ကာစိုးကော၊ ဘီဘိုးဆင်းသက်၊ ရတ္တရမည်၊ ကြငှန်းတည်ကော၊ နန်းမွေဆက်လို့၊
အဂ္ဂမဟာ၊ ကောသလ္လာဟု၊ မယ်တော်မိဖုရား၊ ဆောင်နန်းပျော်လေ၊ တောင်ညာ
ဖွားကော၊ သားဩရဋ္ဌ၊ ငါ့သတင်းတော်၊ သင်းကာကျော်လို့၊ မင်းရာမဟု၊ ဖခမည်း
တော်၊ ပြည်အောင်ချာကို၊ နောင်လာစိုးဖို့၊ သတိုးညာကော၊ ရတနာနန်းလောင်း၊
တစ်ရာဇာလေ၊ ငါမင်းသားကော၊ ယောကျ်ားကောင်းမှာ၊ အလောင်းပါရဂူ၊ တောင်းဆု
ယူကော၊ ရာဇဓိပတိ၊ သးတိုးညာလေ၊ မျိုးသာကီမှာ၊ အဇရိယာ၊ မြတ်ဆရာ၏၊
ပညာလက်ရုံး၊ ရှေ့ကြမ္မာလေ၊ ငါ၏ဘုန်းကြောင့်၊ တုန္နန်းမရ၊ သောင်းမဏ္ဍလာ၊
သတင်းကျော်ကော၊ မင်းရာမဟု၊ ခြိမ်းပပြီးခါ၊ လေးစကြာကို၊ လက်မှာကိုင်စွဲ၊ ဣတ္ထိ
ယာတို့၊ ငါဖလဲသို့၊ ဆွဲ၍ကိုင်ငင်၊ တက်ကောင်းကင်ကို၊ မောင်းတင်ပြီးထွယ်၊
လေးရွှေစင်ကို၊ ဒေါင်လျှင် တိုက်ပျာ၊ ပစ်လိုက်ကေလေ။

၆၆။ ပစ်တုံလေကော၊ ရေမြေအောက်ထက်၊ ဂျိုးဂျိုးဂျိမ်းဂျိမ်း၊ မိုးသို့ဟိန်း
ပျာ၊ အိုးထိန်းစက်သို့၊ ဘဝဂ်အဝီစီ၊ ပံသုသေလာ၊ မြေနှစ်လွှာလေ၊ ရွှေစကြာဘက်အ
ရောင်၊ အက်ကာထိလို့၊ ရှိရှိသမျှ၊ လေးမုက္ခနှင့်၊ ဇကတိံသာ၊ အောက်အထက်လျှင်၊
သွက်သွက်ခါကော၊ စကြာဝဠာနရန်၊ ဆောက်စိုက်ကျမ်းခိုင်၊ ကျောက်စာတိုင်လည်း၊
ယိုင်ကာယွန်းလို့၊ လေးကျွန်းမြင်းမိုရ်၊ ကွဲပြိုမတတ်၊ ယမုန်နာလေ၊ တုန်ကာချောက်
ကော၊ ပြောက်ပြက်ခတ်မျှ၊ လျှပ်စစ်ရောင်ထိုး၊ ပြင်းအဟုန်နှင့်၊ ရုံကာကြိုးလို့၊ မြေမိုး
ကောင်းကင်၊ ငလျင်တော်လဲ၊ သောင်းမြေပြင်မှာ၊ ပွဲတင်ကြဲလို့၊ ရွှေလေးရတနာ၊
မြားစကြာလျှင်၊ ပြန်ကာထုတ်ချောက်၊ လောင်းမင်းထံကို၊ တစ်ဖန်ရောက်က၊ လန့်
ကြောက်တုန်ကာ၊ များဗိုလ်ပါနှင့်၊ တစ်ရာထီးဆောင်း၊ မင်းအပေါင်းနှင့်၊ တစ်သောင်း
အမတ်၊ အလောင်းကျော်ထင်၊ စွမ်းဂုဏ်အင်ကြောင့်၊ ရင်လက်ခတ်လို့၊ ဖတ်ဖတ်
လည်းမော၊ ခတ္တိယာလေ၊ ရာသနင်းကော၊ မင်းမင်းများတို့၊ အံ့ဩသဖွယ်၊ ပြောကြ
သည်ကား၊ အမေမွေးသား၊ ဖမွေးသားဟု၊ ယောကျ်ားဓိပတိ၊ တုမရှိကော၊ သာကီ
နွယ်ရိုး၊ မာဃအသွင်၊ ရာမတွင်လေ၊ ဘုရင်ဖျားကော၊ စောသတိုးကို၊ တို့ဘိုးတို့ဘွား၊
ခန္ဓာကွယ်ပျာ၊ သေကာသွားလို့၊ သိကြားအသွင်၊ လေးရွှေစင်ကို၊ တင်တုံခဲကော၊
ပွဲသဘင်ကို၊ မမြင်လေရ၊ တွက်ဆပြန်သော်၊ အားအံ့ကျလို့၊ တသမပြေ၊ မိနှင့်ဖကို၊
ရှိကြသည်လေ။

၆၇။ ရှိကြသည်လေ၊ ဘုန်းကြွယ်ရာမ၊ လေးရွှေစင်ကို၊ တင်ပြီးမှလျှင်၊
ရာဇာ့ ဣန္ဒြေ၊ တည်ကြည်အားနှင့်၊ မောပန်းဖြေပျာ၊ နေသည်ကာလ၊ မဟေသီခေါ်၊
ဒေဝီ လျာကော၊ သီတာလှကာ၊ ရွှင်ပဝမ်းသာ၊ မောင့်ထံပါးကို၊ သွားတုံ့ပါ၍၊
ကွမ်းယာလိပ် ဆေး၊ သောက်ရေအေးလျှင်၊ ပေး၍မောင့်ကို၊ ဆက်ချင်လိုလည်း၊
အပျိုဣန္ဒြေ၊ မတည်ယိမ်းကော၊ တိမ်းတော့မည်ခု၊ နေလေရပါ၊ ထိုအခါဝယ်၊ တစ်ရာ
ထီးဆောင်း၊ ရာပြည်ထောင်ကို၊ အခေါင်ချင်းကော၊ မင်းအပေါင်းလည်း၊ အလောင်း
ရာမ၊ ဒေဝီအလျာ၊ ကိန္နရာသို့၊ သီတာလှနှင့်၊ နေလှအဟန်၊ ရထိုက်တန်ဟု၊ နိုင်ငံဌာ
နေ၊ မိမိပြည်ကို၊ ပြန်လေတုံကြ၊ သိယီစံဟု၊ ယာဉ်ပျံရကော၊ ဒသဂီရိ၊ ဘီလူးအိုလေ၊
ထိုဒိဋ္ဌိက၊ ပါးစပ်ကိုကိုက်၊ သီတာဖြူလေ၊ လှရူပကို၊ မရလိုက်၍၊ လောင်းစစ်ရာမ၊
ဘုန်းတော်ဟုန်နှင့်၊ ကုမ္ဘာရကို၊ ဒေါသမျက်မာန်၊ ထွက်တုံပြန်လည်း၊ ရန်မတုဝံ့၊
အသက်ထိပ်ဆံ၊ ကြက်သိမ်းဝှန်လို့၊ လွန်ကြောက်လန့်၍၊ တွန်ရွံ့ကိုယ့်ကို၊ ရှက်အိုးပြို

ပျှာ၊ ပိုယိုမတတ်၊ ရထားစျန်နှင့်၊ ပြန်လာကပ်၍၊ ဝမ်းမှတ်စိတ်က၊ ငါယက္ခမှာ၊ အလှသီတာ၊ ငါ့ကြင်ရာကို၊ ရပါသင့်လျက်၊ ဤတစ်ခါဝယ်၊ ချွာကာကျကော၊ ရာမ တွက်ကြောင့်၊ ချက်ထားသည့်ငါး၊ ပမာပုံဆောင်၊ ညဥ့်မိုက်မှောင်တွင်၊ ကြောင်တက် စားသို့၊ ရှက်အားလည်းရ၊ ငါ့ကိုမူလေ၊ သူနှောင့်ယှက်လို့၊ ပျက်ခဲ့ရကော၊ ရာမနှင့်ငါ၊ ဤကမ္ဘာလျှင်၊ ပြိုကာမက၊ နောက်ကမ္ဘာကို၊ ရောက်ကာ ဆက်လည်း၊ လက်မလျှော့ ဘဲ၊ ဒေါသကြီးစွာ၊ သူနှင့်ငါလျှင်၊ တွေ့ရာသချိုင်း၊ မဆိုင်းဘဲ၊ လုပ်တိုင်းဖြစ်စေ၊ အချက်ကျကော၊ လက်စားချေမည်၊ စိတ်မှာရွှေပျှာ၊ မနေလျင်စွာ၊ အုပ်စိုးပိုင်ကော၊ ယာဉ်ရထားနှင့်၊ သွားလေပါရေ။

# ညီနောင်နှစ်ဖြာတို့သည် ပြည်ထောင်နဂရသို့ သီတာကို ဆောင်၍ ပြန်စန်း

၆၈။ သွားတုံလေကော၊ ရွှေပြည်နဂရာ၊ မိတ္ထိလာကို၊ အာဏာစိုးရ၊ ဇနက္ကမှာ၊ သက်မျှကြင်နာ၊ တပင်ပျော်ကော၊ သီတာရင်သွေး၊ သမီးကိုလျှင်၊ လေးတော်တင်လို့၊ ပွဲပြီးလျှင်က၊ မင်းကြီးရာဇာ၊ သမီးတော်ကို၊ ရာမမင်းသား၊ မဟာဆီလေ၊ သာကီ မျိုးကော၊ သတိုးဖွားနှင့်၊ ထိမ်းမြားတော့မည်၊ သို့ဖြစ်သည်ကြောင့်၊ မထေရ်မြတ်ဖျား၊ ရသေ့ကျော်ကို၊ ကြောင်းရာပြော၍၊ နှီးနှောတိုင်ပင်၊ ဘိသိက်တင်ကော၊ ရေစင်သွန်း မည်၊ သို့ဖြစ်သည်ကြောင့်၊ စေကာခန့်ထား၊ နန်းဝေယံမှာ၊ မတ်ဝန်းများနှင့်၊ ယိုးဒ ယားကချေ၊ သဘင်သည်တို့၊ ပလွေပတ္တလား၊ အသီးသီးကို၊ တီးမှုတ်ငြားလို့၊ ငါးပါး တူရိယာ၊ သံသာသာနှင့်၊ ထံလျှာစောင်းညှင်း၊ နစ္စဂီတ၊ ဝါဒိတကော၊ က-တီးခြင်းဖြင့်၊ ခပင်းဥသုံ၊ ပြုပြီးတုံမှ၊ ဝတ်ရုံတန်ဆာ၊ ဒွါဒရာကို၊ ဆင်ကာလည်းဝတ်၊ မေနှင့်မောင် မှာ၊ ငွေတောင်နတ်သို့၊ ကောင်းမြတ်လက္ခဏာ၊ ရက်အခါတွင်၊ မင်္ဂလာထိမ်းမြား၊ နှစ်ပြားရွှေကို၊ ဂဟေနှောသို့၊ စုလျှားလည်းအပ်၊ ဆောင်မြင့်ရဝေ၊ မောင်နှင့်မေကို၊ ရွှေလက်ထပ်တေ။

၆၉။ ရွှေလက်ထပ်ကော၊ နှင်အပ်လေငြား၊ ဤဆင်ချီကော၊ ဤစကား၌၊ ပြောစု ပြောရန်၊ စကားကျန်ဟု၊ နားခံတုံငြား၊ အကြင်သူကော၊ ရှင်လူများတို့၊ သဘောအရ၊ ကိုယ့်အလိုဖြင့်၊ ပြောဆိုကြ၍၊ ရာမ ဝတ္ထု၊ နိပါတ်နှုကို၊ စပ်ပြုစီရင်၊ ပညာရှင်တို့၊ ပြစ်တင်စကား၊ တချို့သူလေ၊ လူဗိုလ်များတို့၊ ပြောဆိုလိမ့်မည်၊ သို့ဖြစ်ပေ၍၊ ဤ သည်တစ်ခန်း၊ နည်းတစ်လမ်းကို၊ ခွဲခြမ်းဓိပ္ပာယ်၊ ပြောဆိုရန်လေ၊ ကျန်သမျှကို၊ ညွှန်ပြမည်က၊ ပြည်မိတ္ထိလာ၊ အုပ်ကာမိုးလို့၊ စိုးစံပျော်ကော၊ သီတာမွေးဖ၊ ဇနက္ကမှာ၊ သက်မျှကျိုးဆောင်၊ ချစ်ကြိုးနှောင်ကော၊ ညီနောင်လေးယောက်၊ ရှိမြောက်ကြရာ၊ ပြည်တည်ထောင်၍၊ ဘုန်းရောင်တောက်ကော၊ သုံးယောက်မှာက၊ ကညာရင်သွေး၊ သက်စုအသွင်၊ မျက်ရှုဆင်ပျှာ၊ ကြင်မငြိးကော၊ သမီးသုံးယောက်၊ ရတုံပေကော၊ ထိုသည်နောက်၌၊ တစ်ယောက်နောင်မှာ၊ ကိတ္တိမဟု၊ လှသီတာကို၊ ရပါတုံငြား၊ ရွှေလေးကိုတင်၊ ရာမတွင်ကော၊ ရှင်မင်းသားနှင့်၊ ထိမ်းမြားမည်ခါ၊ ရာမမှာလည်း၊

ညီတော်သုံးယောက်၊ ရှိမြောက်ခြင်းရာ၊ မြားစကြာမှာ၊ စာကိုဆွဲလို့၊ ပေး၍မှာကေ၊ ညီတော်တို့မူ၊ ရောက်လာတုံသော်၊ ဝရုဏ်ဘဒ္ဒရ၊ လက္ခဏကို၊ ဇနက္ကမင်းကြီး၊ လှုသက်ဝေကေ၊ ညီသမီးနှင့်၊ ထိမ်းမြားလက်ထပ်၊ လေးယောက်အစုံ၊ ရွှေးကောက်ယူပျာ၊ ပြုတုံလတ်ဟု၊ နိပါတ်ရာဇဝင်၊ ရှိပါကျင်လည်း၊ ဆင်ခြင်တုံမြောက်၊ ကျွန်ုပ်ဆရာ၊ အဖြာဖြာကို၊ စာနာထောက်က၊ ရှေ့နောက်စကား၊ ကွေ့ကောက်ငြားလို့၊ အထားအသို၊ အဆိုအမြွက်၊ အဆက်အဟပ်၊ ကွက်မလပ်လျှင်၊ အစပ်အဆော်၊ မသင့်လျော်လို့၊ ချင့်မျှော်ပြီးထွယ်၊ ရာမသီတာ၊ ဤကိုသာလျှင်၊ စီကာထည့်ပျာ၊ ဖွဲ့လိုက်တေလေ။

၇၀။ ဖွဲ့လိုက်တေလေ၊ ထိုသည်ကာလ၊ ဘုန်းတော်ရောင်လေ၊ ပြောင်ပြောင်ဝင်းကေ၊ မင်းရာမနှင့်၊ အလှုသီတာ၊ တူနှစ်ဖြာလျှင်၊ စန္ဒာသူရိယ၊ အာကာဗွေမှာ၊ နေနှင့်လကေ၊ မြနှင့်ကရွှေ၊ သင့်လျော်ရာကို၊ ပမာပြကေ၊ ကြာနှင့်ရေသို့၊ တင့်တယ်လျောက်ပတ်၊ အထပ်ထပ်ကေ၊ ပြသာဒ်ဘုံမြင့်၊ လှုတင့်တယ်လေ၊ ရွှေချည်ရစ်ပျာ၊ ခုနစ်ဆင့်၌၊ သင့်တင့်ပေါင်းဖော်၊ လှုသီတာနှင့်၊ လောင်းတော်ရာမ၊ တစ်ဖက်ငါးရာ၊ များပျိုတော်တို့၊ ရံကာခလို့၊ မြနန်းဝေယံ၊ ကျောက်မျိုးရန်ကေ၊ သလွန်ညောင်စောင်း၊ အုံမွေ့ရာလေ၊ ကော်ဇောကောင်းမှာ၊ စက်လျောင်းတူစုံ၊ ရင်ငွေ့လှုံပျာ၊ ဘုံသလွန်ထက်၊ လောင်းမောင်နှံမှာ၊ ပျော်စံစက်လို့၊ စပ်ယှက်ပေါင်းဖော်၊ သမယဖြင့်၊ ကာလကြာသော်၊ အောင်ချာရရှ၊ ရုတ္တာရကို၊ ရာမမင်းကျော်၊ သွားလိုပါ၍၊ ကြင်ရာဖြစ်ငြား၊ သီတာဖြူနှင့်၊ အတူသွား၍၊ မင်းဖျားဘုရင်၊ မွေးဖခင်ကို၊ လျှောက်တင်ကာလ၊ ဇနက္ကဟု၊ ဖခမည်းတော်၊ ပြောခြင်းရာက၊ သည်းချာရင်သွေး၊ ရှုမငြီးကေ၊ သမီးသမက်၊ ငါ့သည်းအူလေ၊ တူကြင်ဖက်က၊ လက်ရုံးတစ်ဆူ၊ ငါ့-မင်းဖျားမှာ၊ အားကိုးမူလည်း၊ သည်းအူဖြစ်ငြား၊ သင်တို့များကေ၊ နှစ်ပါးမောင်နှံ၊ ရုတ္တာမှာ၊ ဖခင်ထံကိုပြန်ပါလိုကြောင်း၊ ဖခင်ထံမှာ၊ ခွင့်ပန်တောင်းကေ၊ ကောင်းစေအရေး၊ ရက်ရာဇာလေ၊ အခါရွေးလို့၊ ချမ်းအေးသာကြည်၊ ဖသည်းအူတို့၊ တူမကွာလျှင်၊သွားကြလေကေ။

၇၁။ သွားကြလေကေ၊ သာကြည်ချိုအေး၊ ဖရာဇာမှာ၊ ခွင့်တော်ပေးကေ၊ ရွှေလေးသခင်၊ လောင်းကျော်ထင်ကို၊ ဘုရင်ရာမ၊ ကိန္နရီလေ၊ ဒေဝီလျောကေ၊ သီတာ လှုနှင့်၊ လက္ခဏညီတော်၊ မြနှင့်ရွှေလေ၊ လနှယ်ဝင်းကေ၊ မင်းသုံးဖော်တို့၊ ပူဇော်ကန် တော့၊ ယောက္ခမမွန်၊ ဖခင်ထံမှာ၊ ဆံဦးလျှော့လို့၊ ကန်တော့ပြီးခါ၊ ရက်ရာဇာမှာ၊ ထွက်ခေါ်ပြီးလျှင်၊ သွားလေကျင်ကေ၊ ရုပ်သွင်ရှုပ၊ အဆင်းတော်လေ၊ မင်းရာမက၊ မြရောင်မယွင်း၊ လက္ခဏမည်၊ ညီမင်းငယ်မှာ၊ ရွှေအဆင်းသို့၊ သက်နှင်းကြရာ၊ မယ်သီတာက၊ စန္ဒာလမင်း၊ ည,အခါလေ၊ ပ,ကာဝင်းသို့၊ အဆင်းလက္ခဏာ၊ မင်းသုံး ဖော်တို့၊ ထွက်ခါသွားလာ၊ လမ်းစပ်ကြားမှာ၊ တခြားနိုင်ငံ၊ တမင်းစံကေ၊ သံပထပျာ၊ ပြည်အောင်ချာကို၊ ရောက်တော်မူကြ၊ ပရှူးခေါ်ပျာ၊ အာဏာရှုကေ၊ ရာမတစ်ပါး၊ အလောင်းမင်းကျော်၊ မယ်သီတာနှင့်၊ ချီလာခြင်းကို၊ သတင်းကြားက၊ မင်းဖျားရာ ဇာ၊ သတင်းကျော်ကေ၊ ငါလည်းရတနာ၊ မယ်သီတာကို၊ သူသာရပိုင်၊ ငါမဆိုင်ကေ၊ အနိုင်အထက်၊ နန်းကထွက်၍၊ စစ်ဖက်ကာပြု၊ သူခိုးလက်က၊ သဝက်လုသို့၊ ယခုခါမူ၊ သီတာဖြူကို၊ ငါယူတော့မည်၊ ဝရဇိန်လေ၊ စိန်လက်နက်နှင့်၊ ထွက်တိုက် တယ်လေ။

၇၂။ ထွက်တိုက်လေကေ၊ ပါရမီရင့်ညောင်း၊ ပွင့်ဆုတောင်းကေ၊ အလောင်းရာ မ၊ မယ်သီတာနှင့် ညီတော်လှုကို၊ တူကွတခြား၊ လက်နက်စကြာ၊ ပစ်လွှတ်ခါဝယ်၊ လွယ်ရာထားလို့၊ မြားတော်စကြာ၊ ဌစန္ဒာကို၊ ဘယ်ညာစွဲမြောက်၊ တစ်ဖက်ရန်ကို၊ ရွံ့မကြောက်ကေ၊ ယောကျ်ားတံခွန်၊ ပရှူးရာမ၊ ဂုဏ်မာနနှင့်၊ ပုဏ္ဏာရန်ကို၊ ခုခံတိုက် ဖျက်၊ ဝရဇိန်လေ၊ အရှိန်ဖြိုးကေ၊ မိုးကြိုးစက်သို့၊ အဂ္ဂိမုက္ခ၊ ဝါတမုက္ခ၊ အမည်ရှိသည်၊ ကြီးဘိလက်နက်၊ နတ်တို့စက်ကို၊ တစ်ဖက်ကသာ၊ လွှတ်လိုက်ပါသော်၊ လောင်းတော် ရာမ၊ ဘုန်းတေဇာကြောင့်၊ အဌစန္ဒာ၊ မြရောင်ပြေးကေ၊ လေးစကြာနှင့်၊ ပစ်ကာဆီး တား၊ အလောင်းမင်းမွန်၊ ရာမထံမှာ၊ မှန်မည်ခဲကေ၊ ဝေးကသွားလို့၊ နှစ်ပါးလက် နက်၊ ထိခိုက်အက်၍၊ ဘဝဂ်ဆူညံ၊ ဗလောင်ဆန်အောင်၊ အသံပြင်းဟုန်၊ မြေဝသုန် လျှင်၊ လှုပ်တုန်မတတ်၊ မရှူးခေါ်ကေ၊ ရာမပျက်မှာ၊ လက်နက်လွှတ်လို့၊ မတတ်နိုင် တုံ၊ အစွမ်းဟုန်လျှင်၊ ကုန်သည့်ကာလ၊ ဗုဒ္ဓင်ဂူကို၊ ဆုယူတောင်းကေ၊ လောင်းရာမ က၊ အဌစကြာ၊ လေးစန္ဒာနှင့်၊ ပြန်ကာမနေ၊ ပစ်တုံလေကေ၊ ထိုသည်ရာမ၊ ပရှူးက လည်း၊ ဣန္ဒာတွင်ငြား၊ သူ့နဂိုလေ၊ ကုသိုလ်အားကြောင့်၊ သိကြားဆက်လာ၊ အသွားထက်ကေ၊ ဓားစကြာကို၊ လက်မှာကိုင်ငြား၊ တစ်ဖက်ရန်ကို၊ ရွံ့မထိတ်ကေ၊ ဆိပ်လူးမြားကို၊ ဓားနှင့်ကာကွယ်၊ သူ့စွမ်းဟုန်ကေ၊ ဂုဏ်ဒြပ်နှင့်၊ ခုတ်ဖြတ်တေလေ။

၇၃။ ခုတ်ဖြတ်လေကေ၊ နွယ်သာကီယ၊ သီတာမောင်လေ၊ လောင်းရာမက၊ တွေးဆဆင်ခြင်၊ သူ့စွမ်းအင်ကို၊ မြင်လေယုံငြား၊ နတ်လုံပျံသို့၊ အလွန်ထက်ကေ၊ နှစ်ဖက်သွားနှင့်၊ မြားပွားစကြာ၊ ရွက်မြဝါကို၊ ဆက်ကာတစ်ဖန်၊ ပစ်လိုက်ပြန်သော်၊ ခုခံတိုက်ဖျက်၊ ဓားသန်လျက်နှင့်၊ တစ်ချက်ခုတ်ဖြတ်၊ နှစ်ပိုင်းပြတ်ကျင်၊ ထိုခါတွင်၌၊ ဖြစ်ကျင်တုံငြား၊ နှစ်စင်းမြားကို၊ ဓားနှင့်တစ်ဖန်၊

ခုတ်ဖြတ်ပြန်သော်၊ တစ်ဖန်ပွား လိုက်၊ လေးစင်းဖြစ်ကော၊ ခုတ်ထစ်သမျှ၊ အဘိဉာဏ်နှင့်၊ ဖန်ကာပြသို့၊ တစ်ဆတိုး ပွား၊ ဤသို့အားကြောင့်၊ မြားပေါင်းထောင်ရာ၊ ဖြစ်သောခါလျှင်၊ ဘယ်ညာနောက် ရှေ့၊ ပတ်ပတ်လှည့်၍၊ စေ့တုံအလုံး၊ စကြာရွှေမြား၊ တက်ကာပွားကော၊ ပျားပိတုန်း သို့၊ ပြေးပုံမလွတ်၊ မြားချင်းထပ်ကော၊ မချွတ်နိုင်ဘဲ၊ ဓားကိုကိုင်ပျာ၊ မှိုင်ကာငေးလို့၊ သေဘေးတွေ့ကြုံ၊ ဆွေ့ဆွေ့ခုန်ကော၊ တုန်ကာလန့်ကြောက်၊ အသက်နှင့်ယှဉ်၊ ကြက်သီးဝှန်ပျာ၊ အလွန်ကြောက်လို့၊ တစ်ယောက်မင်းရှူး၊ အတင်းကြူးကော၊ ပရှူး ရာမ၊ လောင်းကျော်လေ၊ ခြေတော်ဦးကို၊ နဖူးခလို့ ဦးချပြီးတွယ်၊ သက်ခန္ဓာလေ၊ ချမ်းသာကြောင်းကို၊ တောင်းပန်ရေလေ။

၇၄။ တောင်းပန်ပါကော၊ လောင်တော်မှန်ကင်း၊ ဘ ရာဇာဟု၊ အာဏာရှကော၊ ရာမမင်းလေ၊ ဝပ်စင်းဦးချ၊ ပရှူးရာဇာ၊ ခြေရင်းတော်မှာ၊ ပြုကာလည်၍၊ ပလွှားခြင်း ရာ၊ သတင်းကျော်ကော၊ ငါသို့သောမင်း၊ နတ်အဟန်သို့၊ ထွတ်မှန်ကင်းကို၊ သတင်း စကား၊ စွမ်းဂုဏ်အင်ကို၊ သင်ကြားလား၊ သိကြားဆက်လှာ၊ မြားစကြာကို၊ တစ်ရာ သောမင်း၊ လေးတော်တင်ကော၊ သဘင်တွင်းမှာ၊ ဂုဏ်ချင်းဖက်ပြိုင်၊ မတင်နိုင်ကော၊ ငေးမှိုင်လက်ချ၊ ရှေ့ကံဖူးစာ၊ လှသီတာနှင့်၊ မပါကြကော၊ ရာမသတိုး၊ ငါ့တန်ခိုးနှင့်၊ မြေမိုးစောင်းထောင်၊ ဗိုလ်တစ်ထောင်မှ၊ ချီဆောင်ပါနိုင်၊ လေးစကြာကို၊ ဝါဖလဲသွင်၊ ငါမင်းပျိုမှာ၊ တစ်ကိုယ်တည်းကော၊ ဆွဲကာတင်လို့၊ ကြင်ရာနှမ၊ ဒေဝီလျှာလေ၊ သီတာ လှကို၊ အရဆောင်ယူ၊ လာတော်မူသော်၊ လူသာမည၊ ကြိုးစလွယ်တင်၊ မျိုးနွယ်ဝင် ကော၊ နင်ပုဏ္ဏက၊ ရာမနာမည်၊ ငါ့အနေလျှင်၊ တူပေတုံမြောက်၊ ပမာဆွေသော်၊ တောမွှေဟောက်ကို၊ လန့်ကြောက်သည်မြင်၊ တွင်းကထွက်မြောက်၊ ငါးငါ့ဟောက်လည်း၊ မြောက်သည်သွင်သို့၊ ပုံပြင်မယွင်း၊ ငါ့သို့စဉ်လေ၊ ဘုရင်မင်းကို၊ ရန်တင်ထောင်လွှား၊ နင်တစ်ဖန်လေ၊ လွန်စွာကားဟု၊ မင်းသားရာမ၊ ခြောက်ကာဆိုသော်၊ ထိုကာလ၌၊ ပုဏ္ဏပရှူး၊ ဂုဏ်မောက်ထူး၍၊ ကြောက်ဒူးတုန်ထွေ၊ လက်ဆယ်ဖြာနှင့်၊ ခြေတော်အောက်မှာ၊ လျှောက်သိရေလေ။

၇၅။ လျှောက်သိရေလေ၊ သပြေလက်ယာ၊ မြေမျက်နှာမှာ၊ စကြာသခင်၊ ရသူ ဘောင်မှာ၊ ဂုဏ်ရောင်ကဲကော၊ ရွှေလေးရှင်လေ၊ ဘုရင်သာကီ၊ အစွမ်းဟုန်နှင့်၊ ဂုဏ်သတ္တိကို၊ သိလျက်နှင့်ပင်၊ သို့ရာတွင်မူ၊ အရှင်မင်းဖျား၊ ဘုန်းတေဇာကို၊ ကျော်က စောဖြင့်၊ ထင်ရှားစေဌာ၊ ယခုခါ၌၊ ပြုပါတော့သည်၊ သို့ဖြစ်ပေ၍၊ ပရမေထွန်းပ၊ လောင်းသမ္ဘိန်လေ၊ နရိန္ဒကို၊ ပုဏ္ဏားထုံးတမ်း၊ ဘိသိက်တင်ပျာ၊ ရေစင်သွန်းအံ့၊ ရွှေနန်းဌာနေ၊ ကျွန်ုပ်ပြည်ကို၊ နွယ်မဟာမျိုး၊ ဆောက်စိုက်ထူပျာ၊ ထီးဖြူမိုးလို့၊ စိုးတော်မူပါ၊ ဆိုသောခါလျှင်၊ လောင်းတော်ရာမ၊ နောက်နောင်ဝယ်၌၊ ရှိပေခဲရန် ကာဖြင့်၊ ညီလာသဘင်၊ သီဟာခွင်ကို၊ ခိုဝင်ခစား၊ မေနှင့်မောင်လေ၊ ညီနောင်သား ကို၊ မင်းဖျားရာဇာ၊ မြင်လေပါသော်၊ ခြင်းရာကိုမေး၊ ဇနက္ကတွင် ထိုဘုရင်၏၊ ရွှေရင် သွေးကို၊ လေးတော်ကိုလျှင်၊ ဆွဲကာတင်လို့၊ ဘုရင်မင်းမြတ်၊ သားသက်ဝေနှင့်၊ ရွှေလက်ထပ်လို့၊ နှင်းအပ်လိုက်ကြောင်း၊ ရာမသားတော်၊ ဖပီတာကို၊ ပန်ထွာမြောက် ပျာ၊ လျှောက်လေရှောင်းက၊ အပေါင်းဗိုလ်ပါ၊ မိမာတာတို့၊ ဝမ်းသာအားရ၊ သီတာမေလေ၊ ငါ့ချွေးမဟု၊ ယုယသုတ်သင်၊ တန်ဆာဆင်၍၊ ချစ်ကြင်မငြီး၊ ကိုယ့် ဝမ်းတွင်းလေ၊ ကြင်လို့မွေးကော၊ သမီးအသွင်၊ မွေးဖခင်လည်း၊ ငါ့ကျေးဇူးကို၊ အထူး အထွေ၊ သတိချပ်ပျာ၊ သိတတ်စေဟု၊ ဆိုပေပြီးမှ၊ မေသီတာကော၊ ညီတော်လှနှင့်၊ မွေးဖဌာနေ၊ ကြွချီလေကော၊ ထိုပြည်စိုးခြင်း၊ ရာမတစ်ဦး၊ နာမထူးကော၊ ပရှူးမင်းက၊ ခပင်းဗိုလ်ပါ၊ ခြံရံကာဖြင့်၊ နောင်တော်ကိုသည်၊ လောင်းဘုန်းမိုကို၊ ကြိုကာလိုက်လို့၊ ပို့လိုက်ပေကော၊ ရွှေပြည်သာလှ၊ ရုတ္တရကို၊ မုချမသွေ၊ ညီနောင်ရွှေကို၊ သီတာပျိုလေ၊ ထိုသုံးယောက်တို့၊ ရောက်လေရေလေ။

၇၆။ ရောက်တုံလေကော၊ ထိုသည်အခါ၊ နန်းသီတာမှာ၊ ညီလာခံချိန်၊ အခါကြိမ်၍၊ အသမ္ဘိန္န၊ ခတ္တိယဟု၊ မွေးဖခင်ဖျား၊ တောနန်းနေလေ၊ အသရေရှိကော၊ မိဖုရားနှင့်၊ အများဗိုလ်ပါ၊ ခြံသာရွှင်သာက၊ ချစ်ချွေးမနှင့်၊ ရာမတွင်ငြား၊ ငါ၏သား သည်၊ ပျော်ပါးတင့်တယ်၊ အိမ်ရှေ့နန်းမှာ၊ စံမြန်းစေဟု၊ ရွှေအာဏာမြတ်၊ ဖရာဇာ မှာ၊ သားတော်ရင်းကို၊ ဆောင်နှင်းအပ်ကော၊ ပြာသာဒ်ဘုံဆောင်၊ တပြောင်ပြောင် နှင့်၊ အရောင်တောက်ထွန်း၊ မှန်ကင်းစိန်လေ၊ ထိန်ထိန်လေ့ကော့၊ အိမ်ရှေ့နန်း၌၊ ရံဝန်းခြွေရံ၊ လောင်းမောင်နှံ့တို့၊ ပျော်စံတင့်တယ်၊ လနှင့်နေကော၊ ရွှေနှင့်မြသို့၊ နေကြလေကော၊ ထိုသည်ကာလ၊ ကေကေတွင်ခေါ်၊ ဆောင်နန်းပျော်ကော၊ မြောက်ညာရပ်မှာ၊ မွေးဖပီတာ၊ နတ်ရွာပျော်လို့၊ ကော်ကရာဇ်မည်၊ တိုင်းရွှေပြည်ကို၊ အမွေသက်ဆင်း၊ ကေကေတွင်ခေါ်၊ မြောက်နန်းပျော်မှာ၊ မောင်တော်ရင်းလျှင်၊ ရှစ်စင်းထီးဖြူ၊ စိုးတော်မူကော၊ သည်းအူသားလှ၊ ဘဒရလျှင်၊ နာဂရဌာနေ၊ ဘိုးမင်းပြည်ကို၊ အလည်သွားရာ၊ ချစ်ကြည်ဖြူလေ၊ ဝရုဏ္ဏလည်း၊ တူကွပါလို့၊ ကော်ကရာဇ်

တွင်ပြီး၊ မွေးမိခင်မှာ၊ ကြင်မငြိုးကော၊ ဝရီးထံဝေ၊ အတူတူကော၊ ဝရုဏ္ဏနှင့်၊ရှိကြလေရာ။

၇၇။ ဤသို့ကေခြင်းရာ၊ အဖြာဖြာနှင့်၊ ကဗျာမော်ကွန်း၊ အခန်းခန်းကို၊ သန်းကာကူးလျက်၊ ရက်ကန်းစင်မှာ၊ ချည်ပင်ဆက်သို့၊ အကွက်မလပ်၊ စီကာစီကာ၊ ဤကဗျာတွင်၊ စာနံပါတ်နှင့်၊ စပ်ကာဆော်ကာ၊ ပန်းမာလာသို့၊ အညှာစုရုံး၊ စကားဆန်းစွာ၊ နားတန်ဆာကော၊ စာပန်းကုံးကို၊ စီကုံးပေါင်းစု၊ သာခြင်းပြုလည်း၊ ဝတ္ထုသက်သေ၊ အခန့်ခန့်နှင့်၊ အဓွန့်ရှည်လို့၊ ကြီးကျယ်များပြား၊ နားထောင်သူထက်၊ ဆိုသူများကို၊ အားပါးလည်းနာ၊ ဤကဗျာကို၊ စီကာဆန်းကော၊ ထွန်းဆရာလျှင်၊ ပညာချင့်နှိုင်း၊ အခန်းတိုင်းကို၊ မကျဉ်းမကျယ်၊ ဉာဏ်ချိန်ခွင်နှင့်၊ တင်ကာရုံးလို့၊ ကုံးလိုက်ပေလည်း၊ ကြီးငယ်မဟူ၊ ကြားနာသူတို့၊ ပြောမူချင်တိုင်း၊ ကဗျာသံကို၊ ကာရန်သင့်အောင်၊ မချင့်နှိုင်းဘဲ၊ ကျဉ်းသည်ကျယ်သည်၊ ကိုယ့်သဘောနှင့်၊ ပြောလိမ့်မည်လေ၊ ဤဝယ်တစ်ရပ်၊ စခန်းသတ်လို့၊ တန့်ရပ်ကြလေ၊ ရှေ့ကိုဆန်းက၊ လွမ်းဖွယ်ကော၊ ကွဲကြေလောင်ကျွမ်း၊ မောင်နှင့်မေတို့၊ ပြည်ထွက်ခန်းကို၊ နိဒါန်းဆင်တွယ်၊ နှုတ်သံချိုဖြင့်၊ ထုတ်ဆိုညွှန်းပျာ၊ လွမ်းပြမည်လေ။

**လေးတင်ခန်းမှစ၍ အရုတ္တရပြည်သို့**
**ပြန်လေ၍ ရောက်ခန်းပြီး၏။**
**တစ်ခန်းရပ်**

# အလောင်းရာမ၊ လက္ခဏ၊ သီတာ မင်းသုံးဖော်တို့ မော်ရှုံထွက်ခန်းကို သည်ကစ၍ကြည့်

၇၈။ လွမ်းလို့မယေပြကေ၊ အာမခံချက်၊ ရပ်တန့်ခိုကေ၊ ထိုကစ၍၊ ဆက်ရမည်မှာ၊ ဒက္ခိဏာဟု၊ ငါးရာပတ်ဝန်း၊ ဗုဒ္ဓဆူဆူ၊ ဗောဓိခိုင်လေ၊ ကြိုင်ကြိုင် စွင့်လို့၊ ပွင့်တော် မူကေ၊ ဇမ္ဗူကျွန်းမှာ၊ ကြငှန်းဇေယျို၊ နန်းရွှေဘုံဟု၊ ခေါ်တုံနာမ၊ သမုတ်ကြကေ၊ ရုတ္တာရမည်၊ လျှံလင်းအရောင်၊ မှန်ကင်းထောင်ပျာ၊ ပြောင်ပြောင် ထွန်းကေ၊ နန်းအောင်မြေမှာ၊ မောင်မယ်တူကွ၊ ကိန္နရီကိန္နရာ၊ ညီမကွာကေ၊ သီတာ လှနှင့်၊ ရာမမင်း ကျော်၊ ထိုခါဝယ်၊ မွေလျော်စံမြန်း၊ ချမ်းရိပ်ငြိမ်ကေ၊ အိမ်ရှေ့နန်း၌၊ ကြင်ကျွမ်း မောင်နှံ၊ ထည်ချင်းခြံပျာ၊ ဘုံချင်းမွေ့လို့၊ နေ့မကျန်ကို၊ နတ်ဟန်သမျှ၊ လောကီတံထွာ၊ ဓမ္မတာဖြင့်၊ စံပျော်ကြကေ၊ ကာလမြင့်ကြာ၊ ထိုသရော၌၊ ရာဇာမွေဖ၊ ဒဿရလည်း၊ သုခချမ်းသာ၊ အစီအပြောင်၊ သောင်းခြောက်ထောင်နှင့်၊ ဘုန်းဆောင် နန်းမှာ၊ စံမြန်းပျော်ကေ၊ သက်တော်ရှစ်သောင်း၊ စေ့လေရှောင်၍၊ ဦးခေါင်းသီလ၊ ပဗ္ဗတ၌၊ ပြအလံဖြူ၊ တံခွန်ထူလျှင်၊ ထူကာလည်းပြ၊ ရုပ်ခန္ဓာလေ၊ ဇရာကျကေ၊ သီလဆောက်တည်၊ မမှားသဖြင့်၊ တရားကျင့်ပျာ၊ သင့်အောင်းနေလို့၊ ရွှေပြည်တိုင်း မြွတ်၊ ရာမသည်းချာ၊ ရင်သွေးတော်ကို၊ လွှဲကာအပ်မည်၊ စိတ်မှတ်ရွှေပျာ၊ မတ်ငယ်, မတ်ကြီး၊ အသီးသီးကို၊ နှိုးနှောတိုင်ပင်၊ ပြောလေကျင်သော်၊ များဖြင့်ဗိုလ်လူ၊ ရာမ တွင်ငြား၊ သတိုးသားကို၊ သဘောတူကေ၊ ကြည်ဖြူဝမ်းမြောက် ဝမ်းသာသောလေ။

၇၉။ ဝမ်းမြောက်မယေဝမ်းသာ၊ ခမည်းတော်မှာ၊ ဆရာဗြာဟ္မဏ၊ လွန်လိမ္မာ လေ၊ ပညာမြောက်ကေ၊ ပါမောက္ခကို၊ နှစ်လနာရီ၊ ပြက္ခဒိန်နှင့်၊ တွက်ချိန် ရွေးကြ၊ မင်္ဂလာလေ၊ အခါကောင်းကို၊ တောင်းကာလ၌၊ ဗြာဟ္မဏကျော်၊ မင်းဆရာတို့၊ ပညာစက္ခု၊ စကြာဗေဒင်၊ ထွက်ကာဝင်ပျာ၊ ဆင်ခြင်ရှုကာ၊ ဂုရုရက်သား၊ လောင်းပွင့် ငုံလျှင်၊ ဖြစ်တုံငြားလျက်၊ ဖွားလကဆုန်၊ အမှန်ကြုံကေ၊ နယုန်ဝါဆို၊ မကရာဖုသျှ၊ သမုတ်ကြကေ၊ လပြာသိုမှာ၊ ထိုသုံးလလုံး၊ သတိုးစောမင်း၊ ကိုးနဝင်းနှင့်၊ တြင်းသုဉ်း ကေ၊ ခာတ်ဆုံးတွင်ကျန်၊ အဝသံလျှင်၊ အမှန်လည်းကျ၊ ခနုဗြိစ္ဆာ၊ လ- နတ်တော်မှာ၊ ခါမရလေ၊ မာသတပေါင်း၊ သက္ကရာဇ်ကောဇာ၊ ထို၌မှာလျှင်၊ ခါမကောင်းကေ၊ ကျဆောင်းမပွဲ၊ တပို့တွဲကို၊ ရွေးစစ်ကာလ၊ အန္တောဂဗ္ဘော၊ ခာတ်အနေလျှင်၊ အခြေ ယုတ်ကေ၊ ငုတ်တုန်းကျ၍၊ မရမှန်စွာ၊ ဤသို့နည်းဖြင့်၊ ရွေးစစ်ပါသော်၊ အခါကောင်း လှ၊ စိတ္တရမာသံ၊ မိဿမှန်လေ၊ သကြံန်လမှာ၊ ဆန်းထတနင်္ဂနွေ၊ စနေခေါ်ဆို၊ သမားညိုဇု၊ ထိုမှတစ်ချက်၊ လက္ခဏာကို၊ တွက်ကာရှုကေ၊ ဂုရုရက်လေး၊ ကြွက်နှင့်နဂါး၊ ပြဿဒါးကေ၊ ကျားနှင့်ခြသေ့၊ ဆိုသရွေ့မှာ၊ ထိုနေ့ဒိဋ္ဌိ၊ ရက်ရှည်အမှာ၊ ကြက်ချီးလည်းကျ၊ ဘိသိက်မင်္ဂလာ၊ မြောက်အံ့ငှာလျှင်၊ ခါမရလေ။

၈၀။ ခါမရကေ၊ ဇေယျမင်္ဂလာ၊ အခါကောင်းလိုက်၊ သက္ကရာဇ်က၊ ဇေက်နှင့်ရဝိ၊ အတိတျာ၊ သူရဇ္ဈာဟု၊ ကောဇာတက်သစ်၊ သက္ကရာဇ်မှာ၊ ညွှန့်သစ်ပေါ်စ၊ မြူးခိုးဆင် ပျာ၊ မင်းလွင်မြူးကေ၊ တန်ခူးလ၌၊ ဆန်းစပေါ်ထွက်၊ ဆယ့်သုံးရက်မှာ၊ နေထွက်အ ချိန်၊ ရှစ်နာရီနှင့်၊ ဗီဇနာပြည့်၊ ဇေယျမင်္ဂလာ၊ ရက်ရာဇာလေ၊ သောကြာနေ့မှာ၊ ညဥ့်ကနံနက်၊ ဘိသိက်တင်ပျာ၊ ရေစင်သွန်းကေ၊ နေဝန်းထွက်ဟု၊ ပေရွက်ပေါ်မှာ၊ အခါစာကို၊ ရေးကာဆက်သ၊ ခမည်းတော်လေ၊ ရာဇာဖမှာ၊ ရာမသားတော်၊ ဥပ္ပံ ရာကို၊ ရတနာရွှေနန်း၊ ဘိသိက်တင်ပျာ၊ ရေစင်သွန်းလို့၊ ရဟန်းသိက္ခာ၊ မင်းမှာဘိ သိက်၊ ကမ္ဘာတည်ထောင်၊ ရှေ့ယခေါင်က၊ အောင်နိမိတ်ဖြင့်၊ ဘိသိက်အပြား၊ ဆယ့်လေးပါးတွင်၊ ခွဲခြားသညာ၊ ချုပ်အချာနှင့်၊ ဗုဒ္ဓါဘိသိက်၊ ပုဏ္ဏားရှစ်ဖြာ၊ ဆရာကျော်လေ၊ ပုရောဟိတ်တို့၊ ပရိတ်တော်ဖတ်၊ ခရုသင်းနှင့်၊ အောင်ခြင်းရွတ်လို့၊ နန်းအပ်တော့မည်၊ သို့ဖြစ်သည်ကြောင့်၊ ကြီးကျယ်မဏ္ဍပ်၊ ကွက်စုံကာကေ၊ ရာဇမတ် နှင့်၊ ပြုအပ်သမျှ၊ အစစကို၊ ဗြာဟ္မဏရှစ်ဖော်၊ စီမံကာဖြင့်၊ တူရိယာမှုတ်တီး၊ ရှုမငြီး အောင်၊ ပွဲကြီးလည်းဆင်၊ ဘိသိက်တင်ပျာ၊ ရေစင်ဖျန်းကေ၊ သွန်းမည့်ပြင်ရေ။

၈၁။ သွန်းမည့်ပြင်ကေ၊ မိခင်ဖရင်း၊ နှစ်ပါးမင်းတို့၊ သားရင်းသည်းချာ၊ ရတနာ ကို၊ ဘမရာကြငှန်း၊ အောင်ပါလေကေ၊ သပြေပန်းနှင့်၊ နန်းအပ်မည်ကြံ၊ သို့ဖြစ်ဟန် ကြောင့်၊ အလွန်တရာ၊ မိမာတာဟု၊ တောင်ညာနန်းမ၊ သားသက်နှံ ကြောင့်၊ ကောသလ္လမှာ၊ အားရဝမ်းသာ၊ ထိုအခါဝယ်၊ စန္ဒာလဝန်း၊ ထက်အာကာ တွင်၊ ထွက်ပေါ်လမှာ၊ ရာဟုဖမ်းသို့၊ မြောက်နန်းတော်နေ၊ မိကေကေလျှင်၊ သိလေတုံငြား၊ သဘောမတူ၊ မကြည်ဖြူကေ၊ ပြူစူအားနှင့်၊ ငါ့သားပုတ္တာ၊ ရှိလျက်ပါ ကို၊ ရာဇာမင်း လှ၊ ထောက်မဆဘဲ၊ ရာမကိုမူ၊ ဆောက်စိုက်ထူကေ၊ ထီးဖြူအပ်မည်၊ ကြံကြပေကေ၊ ဤသည်အချက်၊ ကြားကဝင်ပျာ၊ ငါလျှင်မှောင့်ကေ၊ မနှောင့်ယှက်က၊

အသက်တမျှ၊ ငါ့သည်းချာလေ၊ ဘဒရလျှင်၊ မရနန်းမွေ၊ ရှိတော့မည်စု၊ ငါဝယ် နှောင့်ယှက်၊ ရာမ ခေါ်တွင်၊ သားပန်းပင်ကို၊ နန်းတင်ပျက်အောင်၊ ကန့်ကွက်တော့မည်၊ စိတ်မှတ်ရွှေပျာ၊ ရဝေဆောင်ခန်း၊ မာနဟိန်နှင့်၊ မာန်အိမ်နန်းကို၊ ချီလှမ်းဝင်ထွယ်၊ မေ့ကေကေ လေ၊ မေအလှမှာ၊ နေတော့သည်လေ။

## ကေကေမိဖုရား မာန်နန်းဝင်ခန်း

၈၂။ နေတုံလေကော၊ ရွှေပြည်စိုးရ၊ မင်းဒဿမှာ၊ ရာမတွင်ခေါ်၊ နန်းလောင်းလျာ ကို၊ ပြည်ရွာတိုင်းမြတ်၊ သားသည်းအူကို၊ ထီးဖြူအပ်မည်၊ သို့ဖြစ်သည်ကြောင့်၊ မတ်ငယ်တစ်သီး၊ မတ်ကြီးမကျန်၊ အတွင်းဝန်နှင့်၊ အပြင်ဝန်လေးပါး၊ကောလလ္လခေါ်၊ သုမိတ္တာဟု၊ သညာရှိကော၊ မိဖုရားနှင့်၊ စော်ဘွားထီးဆောင်း၊ မောင်းမပေါင်းတို့၊ သောင်းသောင်းသဲသဲ၊ သီဟာဥဂ္ဂင်၊ ညီလာဝင်ကော၊ သဘင်ပွဲမှာ၊ စဲဝဲကြရာ၊ မြောက် ညာပျော်လျှင်၊ မပါမဝင်၊ ရှုမမြင်၍၊ ဘုရင်ရွှေခွန်း၊ ကြောင်းရာရေးကို၊ မေးစူးစမ်း သော်၊ မြောက်နန်းမှာနေ၊ သူခြွေရွှေဟု၊ မေခုပ္ပစိ၊ ကြောင်းမျိုးစုံကို၊ လျှောက်တုံခြင်း ကြောင့်၊ အလင်းသိသော်၊ မင်းကြီးကိုယ်တိုင်၊ မနေပိုင်ကော၊ ဆိုင်ရာကသွား၊ မာန် နန်းအိမ်ကို၊ လှမ်းချီပြီးလို့၊ မိဖုရားကေကေ၊ မြောက်နန်းနေမှာ၊ အဘယ်ကိစ္စ၊သင့် မှာမူလေ၊ ရှိတုံလှလို့၊ မြသီဟာပြင်၊ ညီလာခွင်ကို၊ မဝင်သနည်း၊ လင်မင်းကျော်မှာ၊ ခြင်းရာရေးကို၊ မေးကေတုံပြား၊ စကားမဆို၊ မပြောလိုကော၊ မျက်ညိုထားနှင့်၊ နေပြား လေလျှင်၊ ထိုဘုရင်လေ၊ ပြည်ရှင်မင်းမှာ၊ ပြောခြင်းအပ်ကော၊ သင်မိဖုရား၊ ပြောဆိုရန်ကော၊ရှိပြန်ပြားလည်း၊ စကားဥသုံ၊ အလုံးစုံကို၊ ရွှေဘုံသီဟာ၊ ရွှေ့တော်သာမှာ၊ လျှောက်လှာရမည်၊ မိန့်တော်ညွှန်ပျာ၊ ပြန်လတ်တေလေ။

၈၃။ ပြန်လတ်တေလေ၊ ကေကေတွင်ပြား၊ မိဖုရားလည်း၊ ထွက်သွားတုံ မြောက်၊ နန်းသီတာမှာ၊ ရွှေ့တော်ရောက်က၊ တင်လျှောက်သည်မှာ၊ ဧကရာလေ၊ တေဇာလင်းကော၊ လင်မင်းကျော်လေ၊ မြင့်ကြာသမယ၊ အထက်ကျော်လေ၊ ထိုကာလက၊ မြောက်မညာပျော်၊ မေ့ကျေးဇူးလျှင်၊ ရှိဖူးပါလျက်၊ ရာဇာဓိပတိ၊ ခုတစ်ဖန်လေ၊ မှန်မသိကော၊ မချိမမာ၊ ဖြစ်သောခါမှ၊ မြောက်ညာနန်းနေ၊ ရှိပါသည်ဟု၊ သိပေတုံပြား၊ ယခုတွင်လေ၊ ရှင်မင်းဖျားမှာ၊ မယားအငယ်၊ သားအငယ်၊ ကေကေကိုမူ၊ ရေးမယူကော၊ ရွှေ့မူမိန့်ရှိ၊ နှုတ်ကတိကို၊ မေ့ယောင်ယွယောင်၊ မသိယောင်လျှင်၊ ဆောင်ပါသလော၊ ရှေးကရှိဟန်၊ ကတိဝန်ကို၊ မေပြန်ပြောမည်၊ ရွှေနားတော်နာ၊ မင်းရာဇာလျှင်၊ အသူရာစစ်၊ ကူကာလိုက်လို့၊ တိုက်၍ပြန်ရာ၊ လက်သန်းမှာ၌၊ ဒဏ်ရာဒဏ်ကွက်၊ အနည်းငယ်လျှင်၊ ရသည်ချက်ကြောင့်၊ မသက်မသာ၊ ဝေဒနာကို၊ ကြင်ရာမယား၊ သုံးယောက်ရှိကော၊ မိဖုရားတွင်၊ ကောသလ္လတောင်ညာ၊ သုမိတ္တာတို့၊

ပြန်ကာမကြည့်၊ မေတစ်မုံလေ၊ ငုံကာသွင်းကော၊ ခံတွင်းငွေ့ကြောင့်၊ ပေါက်၍ကျကာ၊ ခံတွင်းမှာ၌၊ ရွံရှာစက်ဆုပ်၊ မွေးမကြည်ကော၊ သွေးပြည်ပုပ်ကို၊ ထုတ်ခါမထွေး၊ မင်းဖျားပါရမေ၊ နိုးလတ်မည်ကို၊ စိုးသည်ရေးကြောင့်၊ လေးမြတ်ကြည်ညို၊ မေလျှင်မျိုကော၊ ရွှေကိုရာဇာ၊ နိုးလေပါသော်၊ အနာကင်းပျောက်၊ ကြောင်းမျိုးစုံကို၊ အကုန်လျှောက်က၊ တစ်ယောက်ကြင်ရာ၊လမင်းကျော်လျှင်၊ ဆုတော်ပေးငြား၊ မေတစ်ဖန်လေ၊ ပြန်အပ်ထားသည်၊ စကားကတိ၊ ရှိမရှိကို၊ သိသိသာသာ သံသရာကို၊ မျှော်စဉ်းစားပျာ၊ ပြောစမ်းပါကော။

၈၄။ ပြောစမ်းပါကော၊ မြောက်ညာနန်းနေ၊ မိကေကေလျှင်၊ မေးလေသောခါ၊ မင်းရာဇာမှာ၊ ခြင်းရာကတိ၊ အထက်ကျော်က၊ ငါလျှင်ရှိဟု၊ သတိလည်းရ၊ ယခုတစ် ဖန်၊ သူ့အကြံကြောင့်၊ လွန်ခက်လှစွ၊ စိတ်ကမှတ်ကာ၊ ပြောခြင်းရာက၊ ဆုတော်ငါ သည်၊ အထက်ဆိုကော၊ ထိုကတိဖြင့်၊ ပေးရှိသည်ဟု၊ မဖယ်မဝိုက်၊ မင်းကြီးဆိုကော၊ ထိုအခိုက်တွင်၊ အလိုက်သင့်စွာ၊ မြောက်ညာပျော်မှာ၊ လျှောက်ကာသံချို၊ ထိုသည်ဆု ကို၊ ယခုလိုရေ၊ တောင်းဆိုတော့မည်၊ ရှင်မင်းဖျားမှာ၊ နားတော်တည်လော့၊ ရွှေပြည် သာလှ၊ ရုတ္တရကို၊ မုချမှန်စွာ၊ မင်းရာဇာလေ၊ ဆုတော်မြတ်လျှင်၊ ပေးအပ်ပါဟု၊ မြောက်ညာနန်းနေ၊ ကေကေနွဲ့နှောင်း၊ တိုင်းဌာနေလေ၊ ပြည်ကိုတောင်းကော၊ ပေါင်း ပရိတ်သတ်၊ ညီလာခံပျာ၊ ဝန်းရံပတ်ကော၊ မှူးမတ်ဗိုလ်ပါ၊ တောင်းဆုဆိုကော၊ ထိုစကားကို၊ မကြားသာက၊ နားဆာကုန်ကြ၊ မင်းဖျားကိုယ်တိုင်၊ ပလ္လင်ပြိုင်မှာ၊ မှိုင်ကာကျလို့၊ နရဘုရင်၊ ပြောခြင်းအင်က၊ တုံချင်တုံရှောင်း၊ မိဖုရားကေကော၊ မြောက်နန်းနေမှာ၊ ပြည်ကိုတောင်းကော၊ အကြောင်းမတော်၊ သင့်လျော်ရာကို၊ တောင်းပါတော့လား၊ မြောက်ညာပျော်ဟု၊ ကြော်ငြာရှိကော၊ မိဖုရားလေ။

၈၅။ မိဖုရားလေ၊ မင်းဖျားရာဇာ၊ ပြောလေပါသော်၊ မြောက်ညာနန်းစံ၊ နောက် တစ်ဖန်၌၊ ပန်ကာလျှောက်တင်၊ ပြည်ကြီးရှင်ကော၊ ဘုရင်မင်းဖျား၊ အထက်ဆိုကော၊ ထိုစကားမှာ၊ မိဖုရားလိုရာ၊ ဆုတော်ကောင်းကို၊ တောင်းစမ်းပါဟု၊ မိန့်တော်ရှိ သည်၊ ပြည်ကိုပေးဟု၊ ဆိုပေသလား၊ သားဖခင်ကော၊ လင်ယောကျ်ားလေ၊ မင်းဖျား ပြည်ရှင်၊ ငါဘုရင်ဟု၊ ခြင်းရာစကား၊ ပြောရငြားလည်း၊ ပြောရမည်သာ၊ ဘယ်သည် ကိုလေ၊ လိုက္ကစ္စိကော၊ မရှိပါလေ၊ ပြည်ရွာတိုင်းမြတ်၊ မေသက်လျာကို၊ ဆုတော်ရေး ကြောင့်၊ ပေးကာအပ်ဟု၊ တောင်းလတ်သောခါ၊ မင်းရာဇာမှာ၊ မှိုင်းကာငေးထွယ်၊ တွေးလို့ နေကော၊ သေနာပတိ၊ မတ်လိမ္မာလေ၊ ပညာရှိတို့၊ နှိုင်းညှိဆင်ခြင်၊ မြောက် နန်းနေကို၊ လျှောက်ကေရှောင်းကော၊ ကြောင်းခြင်းအင်က၊ တို့ရှင်မင်းဖျား၊ ချီးမြှောက် ကာဖြင့်၊ မြောက်ညာထားကော၊ လှပြာဖြူကော၊ သူဇာနတ်သို့၊ ထွက်မပောလေ၊ အကယ်တန္တိ၊ တို့ဘုရင်ကော၊ ရှင်မင်းကြီးနှင့်၊ ကတိသစ္စာ၊ ရှိကြပါလည်း၊ မြောက်ညာ ထွတ်ထား၊ မိန်းမသားမှာ၊ မိဖုရားဘာသာ၊ ဓမ္မတာဖြင့်၊ ရတနာစိန်ကျောက်၊ လ-နှင့်နေရောင်၊ ထိန်ထိန်တောက်ကော၊ လက်ကောက်လက်စွပ်၊ ဒွါဒရာသေ၊ တန်ဆာ မြတ်ဟု၊ နားကပ်နားပန်၊ ဝတ်အထည်ကော၊ ရွှေငွေကိုသာ၊ အကြောင်းချင့်၍၊ တောင့်တပါဟု၊ ပန်ထွာမနေ၊ မြောက်နန်းပျော်ကို၊ကူသာ လျှောက်ပျာ၊လျှောက်ကြသည်လေ။

၈၆။ လျှောက်ကြလေကော၊ ကေကေမိဖုရား၊ ပြောစကားမှာ၊ လေးပါးပဏ္ဍိ၊ ဥာဏ်ကဝိန္ဒာ၊ လွန်လိမ္မာကော၊ ပညာရှိတို့၊ မိန်းမစင်စစ်၊ ကျွန်ုပ်မကော၊ မုချဖြစ်လည်း၊ သနစ်သနာ၊ စစ်ကာရှာသော်၊ ရတနာရွှေငွေ၊ အသွယ်သွယ်ကော၊ အထွေအထူး၊ ဝတ်မည်ပြင်ကို၊ မမြင်ဘူးကော၊ အသုံးမကျ၊ ဣတ္ထိယကော၊ မိန်းမတကယ်၊ ကျွန်ုပ်မ ကို၊ မှတ်ကြသည်လား၊ အခြေအမြစ်၊ မေကိုစစ်ကော၊ စည်ဒရာဇ်မည်၊ တိုင်းရွှေပြည် မှာ၊ မွေးသည်မိခင်၊ မေ့ကိုပင်လျှင်၊ အထင်အရှား၊ နန်းရိပ်မြုံတွင်၊ ရွှေပုံထက်က၊ တက်ကာဖွားလို့၊ စိတ်ထားစိတ်နေ၊ မေကြီးကျယ်လျက်၊ ရွှေငွေဆိုလျှင်၊ မလိုချင်ကော၊ ဘုရင်မင်းကောင်း၊ သင်လိုရာကို၊ ဆိုကာတောင်းဟု၊ ချိုညောင်းသာကြည်၊ မိန့်ရှိသည်ကြောင့်၊ ရွှေဆိုးငွေဆိုး၊ တောက်လျှံထိန်ကော၊ ကျောက်စိန်ဆိုးကို၊ မြတ်နိုးကြည်ညို၊ မေမလိုကော၊ ဆိုကာနှုတ်ထွက်၊ မင်းရာဇာကော၊ မိန့်တော်ချက်ကို၊ မပျက်စေရေး၊ ပေးချင်လိုလည်း၊ ပြည်ကိုပေးပါ၊ ဆိုသောခါလျှင်၊ ရာဇာကိုယ်တိုင်၊ မကြံနိုင်ကော၊ မှိုင်ကာငေးလျက်၊ မယားအထံ၊ စကားခံ၍၊ ပြောလာချက်ကို၊ ကြံတွက်မရ၊ ငါတစ် ဖန်လေ၊ အလွန်မှားဟု၊ အားကြီးကျလျက်၊ ရာမတွင်ပြီး၊ ဘုရားလျာလေ၊ သားတော် ကြီးကို၊ ထီးနန်းရွှေပြည်၊ မင်းအတွက်ကို၊ နှင်းအပ်မည်ချက်၊ မြောက်ညာစံကြောင့်၊ အလွန်ခက်ဟု၊ တွက်စားမရ၊ ပလ္လင်ပြိုင်မှာ၊ ထိုင်ကာငေးပျာ၊ ဇောချွေးကျရေ။

၈၇။ ဇောချွေးကျကော၊ တွေးဆဆင်ခြင်၊ ပြောခြင်းအင်က၊ သင်မိဖုရား၊ ကတိ သစ္စာ၊ ချစ်မေတ္တာကြောင့်၊ ရှိပါငြားလည်း၊ ထောက်ထားဆင်ခြင်၊ ငါဘုရင်မှာ၊ အထင်အရှား၊ ကောသလ္လာဟု၊ တောင်ညာဖွားကော၊ သားတော်ရာမ၊ လက္ခဏာတို့၊ နေလပမာ၊ ရှိပါလျက်ကို၊ ပြည်ရွာနန်းထီး၊ အသီးသီးတွင်၊ သားကြီးကိုထား၊ သင့်သားငယ်ကို၊ အပ်ပေငြားက၊ လောကသံသရာ၊ နှစ်ဖြာအကြောင်း၊ သတင်းစကား၊ မင်းအ

များတို့၊ ကြားမကောင်း၍၊ အကြောင်းမလျော်၊ သို့ဖြစ်သောကြောင့်၊ မြို့ရွာတိုင်းပြည်၊ ဤသည်ဆုကို၊ တစ်ခုပေသော်၊ ဘယ်သည်မဆို၊ သင်ကလိုသော်၊ ငါ့ကိုတောင်းပါ၊ အတောင်းပန်လေ၊ ခံစကားဖြင့်၊ ပြောသောခါလျှင်၊ မြောက်ညာမိဖုရား၊ မကြည်ညို၍၊ ဆိုစကားမှာ၊ မင်းဖျားရာဇာ၊ ဆုပေးရာမှာ၊ ရဲပါတုံလျက်၊ ကိုယ်နှုတ်ထွက်ကို၊ ကိုယ်ဖျက်တုံငြား၊ ကစားရာဝယ်၊ နားမလည်ကော၊ သူငယ်ပြောသို့၊ စကားဒွိဟ၊ မသေမချာ၊ မြွေပမာသို့၊ လျှာနှစ်ခွနှင့်၊ ဓမ္မဆယ်ပါး၊ မတည်ငြားဘဲ၊ တရားချွတ်ယွင်း၊ ငါ့ပြည်မှာလေ၊ ငါသာမင်းလို့၊ မာတင်းစိတ်တွင်၊ ငါ့ရာဇာကော၊ အာဏာရှင်ဟု၊ ပြောချင်တိုင်းပြော၊ စကားဆိုမူ၊ ဆယ်ပုံပုံလို့၊ တစ်ပုံများမှ၊ ယုံငြားစရာ၊ ခုပြောဟန်နှင့်၊ ယှဉ်ကာဆသော်၊ မရပါလေ။

၈၈။ မရပါလေ၊ ရာဇာမင်းဖျား၊ ပြောစကားမှာ၊ အလားဥပမာ၊ ပထမကော၊အ စခါက၊ သကာအလား၊ ယခုခါလေ၊ တမာခါးသို့၊ အလားတူပြီး၊ မယားကြီးနှင့်၊သား ကြီးမျက်နှာ၊ ယနေ့ရက်မှာ၊ ငဲ့ကွက်ကာဖြင့်၊ ရာဇာထီးဆောင်း၊ ချိန်ခွင်ညှာလေ၊လျှာ မတည့်ကော၊ ရွှေ့ကာစောင်းသို့၊ အကြောင်းတူငြား၊ မေတမုန်လေ၊ ပုံအလားမှာ၊ စားသည်ငါးကြော်၊ လျော်သည်ငကျီး၊ နိမ့်ရာမြေကို၊ ရေလျှင်စီးသို့၊ မင်းကြီးရာဇာ၊ မိန့်ခြင်းရာကို၊ စိတ်နာ်လှသည်၊ မြောက်နန်းနေလေ၊ ကေကေကျေးဇူး၊ ပြောမကုန် အောင်၊ ဂုဏ်အထူးကော၊ ရှိဖူးပါလျက်၊ ကတိတာလေ၊ သစ္စာပျက်ကော၊ နှုတ်ထွက်မ တည်၊ ရှက်စဖွယ်နှင့်၊ ရယ်ဖွယ်စရာ၊ သင်လိုရာကို၊ ဆိုပါယခု၊ တောင်းချင်ရာကို၊ တောင်းပါဦးဟု၊ ဆုတော်အပြီး၊ သင်တောင်းရာကို၊ ငါလျှင်ပေးအံ့၊ ကြီးကြီးကျယ် ကျယ်၊ မိန့်တုံပေကော၊ ယုံကြည်တုံရှောင်း၊ မေလိုရာကို၊ ဆိုကာပြုပျာ၊ ယခုတောင်းက၊ ခေါင်းကိုလှူပ်ကာ၊ နားနှစ်ဖက်ကို၊ တက်တက်ခါပျာ၊ ဖျက်ကာထပ်လောင်း၊ တခြား ဥစ္စာ၊ ရတနာကို၊ လိုရာတောင်းဟု၊ ဖင်းတစ်ခါ၊ ဆိုတုံပါကော၊ ရာဇာမင်းကြီး၊ ပြည်ကို ပေးသော်၊ ရွှေကိုပေးလည်း၊ မေထွေးမလို၊ ဤသို့ဆိုပြန်၊ မာန်လိုမာန်ပါ၊ သူစံမြန်း ကော၊ နန်းဆောင်ကြာကို၊ ပြန်ကာမနေ၊ မြောက်နန်းစံမှာ၊ စိတ်ဇောမာန်နှင့်၊ ထသွားလေရေ။

၈၉။ ထသွားလေကော၊ ရွှေပြည်ဥတ္တရ၊ ထီးနန်းဥဂ္ဂိုင်၊ တန်ခိုးလှိုင်ပျာ၊ စိုးပိုင်သ ကော၊ ရာမ ဖခင်၊ တစ်သောင်းမြေမှာ၊ ဆောင်းရွှေထီးနှင့်၊ ပြည်ကြီးရှင်ကို၊ ပြောချင် သမျှ၊ စကားလွန်၍၊ ပြန်ကာရုပ်ကော၊ နုတ်မရလို့၊ ဘဒရမာတာ၊ မြောက်ညာပျော်မှာ၊ ထွေရာထိခိုက်၊ ကတိလစ်ဟု၊ ဆစ်မျက် မလွတ်၊ ပြောတုံလတ်ကော၊ မင်းမြတ်ရာဇာ၊ အသည်းညှာကို၊ ဆွဲကာဆိတ်သို့၊ စိတ်တော်နာ၍၊ များစွာရှက်ရ၊ ဆွေးပူပန်ကော၊ ကြံတွေးဆလို့၊ ရာမတွင်ငြား၊ တစ်ယောက်သားကို၊ ထောက်ထားစာနာ၊ ငါတွယ်တာ လို့၊ ပြည်ရွာတိုင်းမြတ်၊ သားသည်းအူကို၊ ထီးဖြူအပ်မည်၊ ကြံတုံပေကော၊ အချော အလှ၊ ငါအကြံလေ၊ ဟန်မရအောင်၊ ဘယ်ကတစ်ထောက်၊ ညာကမှောက်လို့၊ အနှောင့်အယှက်၊ မိဖုရားမြောက်ညာ၊ ထောက်မညှာဘဲ၊ နှောင့်ကာဖျက်လို့၊ ပျက်ရတော့မည်၊ သို့ဖြစ်ပေလည်း၊ အကယ်၍ပ၊ နန်းလောင်းလျာလေ၊ သားရာမကို၊ အထမြောက်အောင်၊ ငါမရှောင်ဘဲ၊ ကြံဆောင်ကာလ၊ ဝဂ်န္တနှင့်၊ မြောက်မညာကပိုင်၊ စုံတစ်ခုမျှ၊ မပြုနိုင်လည်း၊ အစဉ်ဖြစ်မြောက်၊ သားတစ်ယောက်ကြောင့်၊ နောက် နောင်သောမင်း၊ လောကထံမှာ၊ ထွက်မှန်ကင်းတို့၊ သတင်းညစ်ကြွယ်၊ ရာဇဝင်မှာ၊ စာတင်ဖွဲ့လို့၊ ကဲ့ရဲ့လိမ့်မည်၊ ငါရာဇာလျှင်၊ ထွက်ကာငြိုးကော။

၉၀။ စိုးလှရေကော၊ ကြီးကျယ်တန်ခိုး၊ ငါတို့ မျိုးမှာ၊ ဘေးဘိုးသစဉ်ဆက်၊ အဆက် ဆက်က၊ ကနက္ကဒါန်၊ ကြက်ကာရုံ၍၊ ဆက်ခံပိုင်စိုး၊ ပြည်တည်ထောင်ပျာ၊ အခေါင် မိုးကော၊ အစိုးလည်းရ၊ တန်ခိုးပလျက်၊ ဘိုးဘေးစဉ်လာ၊ ဓမ္မတာမှာ၊ စကြာမဏ္ဍုပ်၊ လေးကျွန်း ပတ်ကာ၊ မင်းမြတ်တို့ ထုံး၊ မင်းကျင့် ဆယ်ဖြာ၊ ယွင်းမကွာအောင်၊ သစ္စာ သုံးကော၊ ထုံးကို ဖျက်မည်၊ သား အတွက်နှင့်၊ ခက်လှသည်လေ၊ ရွှေပြည် ထီးဆောင်း၊ ရှေးမင်း ကောင်းတို့၊ ထုံးဟောင်းအရ၊ အဖြာဖြာကို၊ မျှော်ထောက်ဆ ကော၊ သမ္မတနွယ်လာ၊ ချုပ်အချာနှင့်၊ ဥဂ္ဂါမုက္ခ၊ ဇကေရာလေ၊ တေဇာလင်းကော၊မင်း မှုစ၍၊ သကျသမ္ဘိန်၊ အကြိမ်ကြိမ်လျှင်၊ နရိန္ဒာသွေး၊ တရားမှန်ကို၊ လွန်စောင့်၊စည်း ကော၊ ကျေးမင်းတရာ၊ နွားနှင့်သားကို၊ တရားစီရင်၊ ဖင်းပြင်ဝယ်၊ ကြောင်အင်တဝ၊ ရှေးထုံးပုံကို၊ လုံခြုံဆသော၊ နဂဍာနာရဏီမှာ၊ သာကီနန်းစည်၊ ဓမ္မယဉ်ဟု၊ စိုးပိုင်အာ ဏာ၊ မင်းရာဇာမှာ၊ ကြိုးကြာဟိတ်ည်၊ တိရစ္ဆာန်ကြောင့်၊ ဝိညာဉ်ဆုံးဖြတ်၊ သားသည်း အူကို၊ အတူသတ်လို့၊ မတ်ကဝိန္ဒ၊ သုခမိန်ဟု၊ လိမ္မာလှလေ၊ ဝိဒူရခေါ်၊ အလောင်း တော်နှင့်၊ မဟော်ပဏ္ဍိ၊ ရှေးသူတော်လေ၊ ပညာရှိတို့၊ မိမိအတွက်၊ မငဲ့ကွက်ဘဲ၊ အသက်နှင့်စပ်၊ အမှားမသုံး၊ တရားထုံးကို၊ ပြောဆိုဆုံးဖြတ်ဟု၊ နိပါတ်တော်တင်၊ ရာဇဝင်မှာ၊ ထင်ထင်ရှားရှား၊ ကျမ်းရွှေစာမှာ၊ ရှိပါငြားလျက်၊ သား၏အတွက်၊ ပြောနှုတ်ထွက်ကို၊ အဖျက်ငါသည်၊ အဖြာဖြာကို၊ စာနာတွက်က၊ ခက်လှရေလေ။

၉၁။ ခက်လှရေကော၊ ကြံစည်စဉ်းစား၊ ဘဂဝါဗုဒ္ဓါ၊ အာလုပ်တော်က၊ ထုတ်ဖော် ဟောကော၊ တရားဒေသနာ၊ သေအချာကော၊ ရွှေစာအရ၊ လောကုတ္တရာ၊ ကျမ်းအလာ နှင့်၊ ထောက်မျှော်ဆလည်း၊ အတ္တသမံ၊ ပီယံနတ္ထိ၊ ကျမ်းအဆိုမှာ၊ ကိုယ်မချိက၊ အမိသော်လည်း၊ သနားမျှော်ကော၊ သားတော်ခဲဟု၊ ပြောမြဲဓမ္မတာ၊ ရှိခြင်းရာကြောင့်၊သားတော်အတွက်၊ ငါနှုတ်ထွက်ကို၊ ငါဖျက်တော့မည်၊ ခက်လှသည်စု၊ သက်ဝေပုတ္တာ၊ သားရင်းချာလေ၊ မင်းရာဇာမှာ၊ ကမ္ဗသကာ၊ မှတ်ပြီးခါမှ၊ မိန့်တော်ရွှေခွန်း၊ နှုတ်သံ သာက၊ ထုတ်ဖော်ညွှန်းလို့၊ ရံဝန်းဆည်းကပ်၊ င့ါထံခိုကော၊ အိုမှုုမတ်တို့၊ သားမြတ် သားကောင်း၊ င့ါသည်းအူလေ၊ ထီးဖြူဆောင်းဟုန်၊ နန်းလောင်းရာမ၊ ဩရသကို၊ ချွေးမကြင်ရာ၊ လှသီတာနှင့်၊ ညီတော်လက္ခဏာ၊ သုံးယောက်စုံလေ၊ တူတကွဖြင့်၊ သီဟဥဂ္ဂင်၊ ညီလာဝင်၍၊ တိုင်ပင်ခံစေ၊ မိန့်တော်ထွေကော၊ မယ်ငယ်တစ်ပါး၊ နေအိမ် မင်္ဂလာ၊ စံပျော်ရာလေ၊ ထံတော်နားကို၊ သွားလာပြီးလျှင်၊ အလောင်းတော်လေ၊ ရာမမင်းကို၊ လျှောက်ခြင်းအင်က၊ တို့ရှင်မင်းဖျား၊ ရတနာကော၊ နန်းလျာထားလေ၊ ဖတော်ရာဇာ၊ မိန့်အာဏာမှာ၊ ညီတော်လက္ခဏာ၊ ချွေးမကျော်ကော၊ သီတာလှနှင့်၊ ရာမကိုယ်တော်၊ တူမကွာလျှင်၊ ရှေ့တော်ဝင်စေ၊ အမိန့်တော်လေ၊ အာဏာမြတ်ကို၊ မှတ်ပါရေလေ။

၉၂။ မှတ်ပါရေလေ၊ လျှောက်သည်ကာလ၊ လက္ခဏာနှင့်၊ အလှသီတာ၊ မှတ်ခြင်း ရာက၊ မင်္ဂလာအောင်ပန်း၊ ဘိသိက်တင်ပျာ၊ ရေစင်သွန်း၍၊ နန်းအပ်တော့မည်၊ ထင်တုံပေ၍၊ ပြုံးရယ်ရွှင်ပ၊ နောက်တော်သာက၊ ပါလေကျလို့၊ ရာမသားတော်၊ ဝင်လို့လာသော်၊ ရာဇာဖခင်၊ သားရွှေစင်ကို၊ မမြင်ဝံ့ဘဲ၊ ချစ်စိတ်ဖြာကော၊ မေတ္တာစွဲ လို့၊ ခမည်းတော်မင်း၊ နတ်အဟန်သို့၊ ထွက်မှန်ကင်း၏၊ ထံရင်းမျက်မှောက်၊ နန်းသီ တာမှာ၊ ရှေ့တော်ရောက်ကော၊ လေအောက်လေညာ၊ ပြစ်ခြောက်ရပ်ကော၊ ကင်းလွတ် ရာက၊ ညီညာတူကွ၊ သုံးယောက်တူပြိုင်၊ ရှေ့နောက်ဆိုင်ပျာ၊ ထိုင်တုံကြကော၊ မွေးဖ ရာဇာ၊ ခမည်းကျော်မှာ၊ သည်းချာပုတ္တာ၊ ဩရသကော၊ ရာမသားတော်၊ လက်ရုံး၊ လက်မောင်း၊ ဖသားကောင်းကော၊ နန်းလောင်းလျာလေ၊ ကြောင်းရာစကား၊ ရှေးက ထုံးစံ၊ ဖြစ်ခြင်းဟန်ကို၊ ညွှန်ကာပြပျာ၊ မွေးဖပြောမည်၊ ချစ်သားနားနာ၊ ဤကမ္ဘာ လျှင်၊ ဇေယျာချီးကျူး၊ ဘဒ္ဒခေါ်ကော၊ ကမ္ဘာပြုလို့၊ မနုသမ္ဗထ၊ ပထမက၊ အစဆင်း သက်၊ ထီးနန်းခရိုင်၊ အုပ်စိုးပိုင်ကော၊ စည်းမပျက်ဘဲ၊ မင်းဆက်များစွာ၊ ကာလကြာ သော်၊ ဥက္ကာကရာဇ်၊ ပြည်ဗာရာမှာ၊ အာဏာလှစ်ကော၊ ထီးနန်းစိုက်သည်၊ မင်းမြတ် ရာဇာ၊ လက်ထက်တော်ကို၊ ဆက်ကာမြောက်ကော၊ ရောက်တော့သည်လေ။

၉၃။ ရောက်တော့သည်ကော၊ ရွှေပြည်ဌာနီ၊ ဘွဲ့တော်ချီကော၊ သီဗာရာ၊ တိုင်းအောင်ချာမှာ၊ ဥက္ကာကရာဇ်၊ စောမင်းစစ်ဟု၊ သင်းကျစ်ရာဇာ၊ ဆောက် စိုက်ထူကော၊ ထီးဖြူမိုးလို့၊ စိုးစံပျော်သော်၊ ဥဂ္ဂါမုက္ခ၊ ဘယဂန္ဒ၊ ကြီးအငယ်လေ၊ အမည်ရကော၊ သားလှလေးယောက်၊ နန်းပွင့်ညောက်ကို၊ ဖွားမြောက်တုံပြီး၊ အသီးသီးလျှင်၊ သမီးငါး ယောက်၊ ပတ္တမြားကျောက်သို့၊ ဖွားမြောက်ပြီးခါ၊ မိတောင်ညာမှာ၊ မပျော်စံညောင်း၊ သက်ခန္ဓာလေ၊ နတ်ရွာပြောင်းက၊ ၎င်းထိုနောက်၊ ချစ်ကြင်သူကို၊ ရွေးယူကောက် ကော၊ ချီးမြှောက်တုံငြား၊ မိဖုရားမှာ၊ ဖွားသည်သားလှ၊ စန္တုကကို၊ နရအတွက်၊ စောတမွတ်ဟု၊ နန်းအပ်လိုကြောင်း၊ သားအငယ်က၊ ပြည်ကိုတောင်းသော်၊ ၎င်းမင်း ဖျား၊ မိဖုရားနှင့်၊ ပြောရင်းကတိ၊ ထားခြင်းရှိလို့၊ သမီးငါးယောက်၊ သားငါးယောက် တို့၊ များမြောက်ဗိုလ်ခြေ၊ သောင်းကုဋေနှင့်၊ ရွှေပြည်ကခွာ၊ တောမြိုင်နက်ကို၊ ထွက်ပြီး ခါမှ၊ ကင်းကွာကန္တြေ၊ ဘုမ္မိမြေမှာ၊ မထေရ်တာပသ၊ စံစားပျော်နေ၊ ဈာန်လောကီနှင့်၊ ကပ္ပိလကို၊ မှီထကပ်ခို၊ မြတ်ပုဂ္ဂိုလ်က၊ ထိုမောင်နှမ၊ အာဒိစတွယ်၊ သာကီနွယ်ကို၊ တည်ထောင်ချလို့၊ ကပ္ပိပြည်၊ တည်လေဖူးကော၊ ထုံးသက်သေတို့၊ သက်ဝေသားလှ၊ ဖပီတာမှာ၊ သားတော်ရင်းကော၊ မင်းရာမလည်း၊ ခဏာမနေ၊ နန်းရွှေဘုံက၊ စုံမြိုင် နက်ကို၊ ထွက်ရမည်လေ။

၉၄။ ထွက်ရမည်လေ၊ မျက်ရည်စီးယို၊ ငိုလည်းငိုပျာ၊ အိုအိုင့ါသား၊ မွေးဖပီတာ၊ မြောက်ညာပျော်ကို၊ ဆုတော်ရေးလျှင်၊ ပေးမိမှားလို့၊ စကားလည်းကျွံ၊ အပြောလွန်၍၊ ပြန်ကာရုပ်လျက်၊ မနုတ်ခက်လို့၊ နန်းဆက်နွယ်လာ၊ ဖရိုက်ရာကို၊ အုပ်ကာထီးဖြူ ဘုန်းရောင်ဖြာကော၊ နောင်လာမိုးလို့၊ စိုးမည်သူလေ၊ သည်းအူစင်စစ်၊ ဇဝကန်ကော၊ အမှန်ဖြစ်လျက်၊ သားချစ်ရတနာ၊ ပြည်ကခွာကော၊ သွားပါရမည်၊ သို့ဖြစ်သည် ကြောင့်၊ သက်ဝေသားလှ၊ ဩရသကို၊ မွေးဖငါသည်၊ ချစ်မေတ္တာနှင့်၊ မှာလိုက်မည်က၊ မြိုင်ခြေရဂုံ၊ မှိုင်းမှုန်မှုန်နှင့်၊ မှော်ရုံသာမော၊ ဆယ်နှစ်တောမှာ၊ ထွက်သွားလှည့်လေ၊ တစ်သက်ဝေလျှင်၊ နေပေပြီးမှ၊ ရုတ္တရမှာ၊ မွေးဖပီတာ၊ ခန္ဓာပြုတ်၍၊ ထက်နတ်ရွာ ကို၊ စံပျော်ကာလ၊ ဒွါဒသဟု၊ ရေချတွက်စစ်၊ ဆယ့်နှစ်နှစ်လျှင်၊ စေ့လိုက်ပြီးမှ၊ င့ါသည်းချာလေ၊ သားရာမမှာ၊ မွေးဖအမွေ၊ ကြင့်နန်းတည်ကော၊ ရွှေပြည်ထီးနန်း၊ အခန်းခန်းကို၊ သိမ်းမြန်းပြီးထွယ်၊ တိုင်းနိုင်ငံကို၊ ပြန်ကာချုပ်ပျာ၊ အုပ်စိုးလေဟု၊ သေသေချာချာ၊ ရတနာလေ၊ နန်းလျာသားကို၊ စကားမှာပျာ၊ ခြင်းရာပြောဟော၊ ဖရာဇာမှာ၊ ဗျာပါများကော၊

စိတ်ထားမကြည်နိုင်တော့ဘူးလေ။

၉၅။ စိတ်ထားမယေမကြည်၊ ကျမျက်ရည်နှင့်၊ ပြောသည်ကာလ၊ ဘုရားလျှာလေ၊ သားရာမမှာ၊ ကြားကနားမှာ၊ မသက်သာလည်း၊ မျက်နှာမညှိုး၊ ဖြစ်ပျက်ဟန်မှာ၊ ကံကိုယိုး၍၊ သတိုးဥပရာ၊ ဖရာဇာလေ၊ ထံတော်မှောက်မှာ၊ လျှောက်ခြင်းရာက၊ ပီတာဖဖွား၊ ကျွန်ုပ်သားကြောင့်၊ စကားသြဇာ၊ ဆိုနှုတ်ထွက်ကို၊ မဖျက်ပါနှင့်၊ မြစ်ကြာတွက်စစ်၊ ဆယ့်နှစ်နှစ်ကို၊ မှတ်ပိုက်စိတ်က၊ ဆယ့်နှစ်လမျှ၊ သားလှရေတွက်၊ တောနက်မြိုင်ယံ၊ ထွက်ရပြန်လည်း၊ ဆန်တစ်စေ့မျှ၊ မငဲ့ကွက်ပါ၊ သို့ပါသော်လည်း၊ ကြင်ရာနှမ၊ မွေးဖရာဇာ၊ ချွေးမတော်လေ၊ သီတာလှမှာ၊ မိန်းမဖြစ်ပြန်၊ တောမြိုင်ယံကို၊ လိုက်ပြန်မည်ရေး၊ အင်မတန်လေ၊ အလွန်ခဲလို့၊ ရင်သွေးပမာ၊ ခမည်းတော်လျှင်၊ တွေးမျှော်ထောက်ဆ၊ ကျွန့်ကြင်ရာလေ၊ သီတာလှကို၊ စောင်မကြည့်ရှု၊ သမီးငယ်ကော၊ ရွှေမျက်ရှုကို၊ ပြုစုလိုက်ပါ၊ ဖမင်းဖျားကို၊ စကားမှာကော၊ သီတာပျိုချော၊ မောင်ဆိုသံကို၊ တစ်ရုံကြားက၊ သနားစရာ၊ ညိုမျက်နှာနှင့်၊ ဗျာပါကဲပို၊ စိတ်နုပျိုကော၊ အိုအိုသခင်၊ မေ့မျက်ရှုကော၊ သက်စုလင်လေ၊မကြင်မသနား၊ တိုင်းအောင်ချာက၊ မောင်တော်သွားလို့၊ မယားသငယ်၊ မေ့ကိုမူလေ၊ရန်သူကြားမှာ၊ ထားခဲ့မည်လား၊ ရင်ဝယ်ဖြစ်ငြား၊ ရတနာလေ၊ နန်းလျှာသားကို၊ သနားမကြင်၊ နန်းရဝေမှာ၊ မနေရ ဘဲ၊ ပြည်ကနှင်မှ၊ အကြင်တခြား၊ မေ့မှာတစ်မူ၊ပရန်လူကော၊ သူတစ်ပါးကို၊ သနား စရာ၊ အဘယ်မှာလျှင်၊ ဆိုရာရှိမည်၊ သီတာပျိုမှာ၊ငိုယိုနွှေပျာ၊ ဆိုပြောရေလေ။

၉၆။ ဆိုပြောလေကော၊ နတ်နှယ်တမျှ၊ နန်းစည်ရှင်လေ၊ လင်ရာမမှာ၊ နှမသီတာ၊ လှကလျာကို၊ မေတ္တာမဝင်၊ မချင်ခင်ကော၊ မကြင်မသနား၊ မနာလိုကော၊ ဆိုစကားဖြင့်၊ ပြောသည်မဟုတ်၊ မောပန်းစံပယ်၊ဆောင်နန်း နေကော၊ သွားရွှေရုပ်လေ၊ တောအုပ် မြိုင်ငူ၊ မောင့်ကိုချစ်လို့၊ လိုက်တော်မူကော၊ နေပူတံလျှပ်၊ နှင်းစွေစွေနှင့်၊ မိုးရေစွတ် ၍၊ ငတ်မွတ်ခေါင်းပါး၊ မောင်ကြင်ရာလေ၊ သီတာလှကော၊ မိန်းမသားမှာ၊ ရိုရှားပင် ပန်း၊ တောစခန်းမှာ၊ သွားလမ်းမကောင်း၊ ကမ်းပါးစွေလေ၊ မြေခယောင်းမှာ၊ ခြေညောင်းလက်နာ၊ များစွာထွေးရှုပ်၊ ဆူးခလုတ်နှင့်၊ သစ်ငုတ်သစ်ချွန်၊ အတန်တန်ကော၊ အလွန်လည်းများ၊ စွမ်းအားအင်နှင့်၊ ကြံတိုင်းမြောက်ကော၊ ယောက်ျားသားမှာ၊ သွား လာပင်ပန်း၊ မရွှင်နွမ်းလျက်၊ လမ်းစမ်းမမြင်၊ တောတစ်ခွင်မှာ၊ ကြံ့ဆင်သစ်ကျား၊ သောသောည်ံအောင်၊ အလွန်ရဲကော၊ ခြင်္သေ့များနှင့်၊ သားစားလည်းကြူး၊ စွယ်ပြူးပြူး ကော၊ ဘီလူးကုမ္ဘဏ်၊ အတန်တန်နှင့်၊ ဘေးရန်ကများ၊ သို့ဖြစ်ငြား၍၊ သနားစုံမက်၊ မခွဲချင်ကော၊ သဇင်ခက်ကို၊ ချစ်လျက်နှင့်သာ၊ မလွှဲသာလို့၊ ခွဲခွာရမည်၊ လှမေသီလေ၊ ဒေဝီချောကို၊ မောင်ပြောရေလေ။

၉၇။ ပြောတုံလေကော၊ မေသီတာလှ၊ ထုတ်ကာဆိုကော၊ နှုတ်ချိုမြနှင့်၊ ကျွန်မသခင်၊ ရှုမခန်းကော၊ နန်းစည်းရှင်လေ၊ အကြင်လူများ၊ ဇောဝသီယှဉ်၊ လောကီယဉ်လေ၊ အစဉ်အားဖြင့်၊ မယားနှင့်လင်၊ အကြောင်းမျှလို့၊ ပေါင်းကြကြင်သော်၊လင်၏ တရား၊ ဝတ်ငါးပါးကို၊ မယားမိန်းမ၊ ပုထုဇဉ်လေ၊ ပြုနိုင်မှသာ၊ လောကသံသရာ၊ နှစ်ဖြာအကျိုး၊ ပြည့်ဖြိုးစုံကော၊ သိန်ဂုဏ်တိုးလို့၊ တချို့မိန်းမ၊ ဣတ္ထိယတို့၊ သာမိကတွင်ငြား၊ လင်သခင်လေ၊ ကြင်ယောက်ျားတို့၊ ကောင်းစားသောခါ၊ ရှိသည်လှောက်ကို၊ စား သောက်ခါဖြင့်၊ မွေ့လျော်ပျော်ပါး၊ စည်းစိမ်ဟုန်လေ၊ ကုန်ကာခန်းကော၊ နွမ်းပါးငြားက၊ လင်သားမမှတ်၊ မကြည်ညိုကော၊ ဆဲဆိုလွှတ်လို့၊ လင်ဝတ်ငါးပါး၊ထိုတရားကို၊ ယွင်းမှားမသိ၊ ကျိုးမရှိကော၊ ဒိဋ္ဌိဆိုးပြစ်၊ မိန်းမထုံးကို၊ လုံးလုံးပစ်လို့၊ ကြင်ချစ်ရိုသေ၊ လင်ယောက်ျားကို၊ ပြောဆိုပကော၊ နှုတ်ရေလျှာပါး၊ သနားစရာ၊ မိန်းမကောင်းတို့၊ ထုံးဟောင်းမှာက၊ ကြင်ရာမြောက် သား၊ ဦးထိပ်တင်ကော၊ လင်ယောက်ျားနှင့်၊ ကောင်းစားအတူ၊ ဆိုးမူတူကွ၊ အအေး တူလေ၊ ပူအမျှဖြင့်၊ ဣတ္ထိယပေါင်း၊ မိန်းမကောင်းတို့၊ ထုံးဟောင်းကိုစစ်၊ လင်မင်းကျော်လေ၊ နောက် တော်ပါး၍လျှင်၊ လိုက်ပါရစေ၊ လှသီ တာမှာ၊ ပန်ထွာပြုကော၊ လက်ဦးချီရေ။

၉၈။ လက်ဦးချီကော၊ ဒေဝီကလျာ၊ မေသီတာနှင့်၊ နောင်တော်ရာမ၊ ပြောကာဆို ကော၊ ထိုခဏ၌၊ လက္ခဏာညီငယ်၊ အဖြာဖြာကို၊ ဝန်းရံတွက်သော်၊ ကျမျက်ရည်နှင့်၊ နေသည်ကာလ၊ နောင်ရင်းချာလေ၊ မင်းရာမက၊ လက္ခဏာတွင်၊ သက်မျှကြင်ကော၊ လုလင်ညီချစ်၊ ငါဘုန်းခေါင်လေ၊ နောင်မျက်ရှုကော၊ ဥပရစ်လေ၊ မြိုင်တောရဂုံ၊ တောမှော်ရုံကို၊ ခိုလှုံထွက်ကာ၊ ချစ်ကြိုးနှောင်ကော၊ မောင်မရီးနှင့်၊ နောင်ကြီးငါလျှင်၊ သွားပါတော့မည်၊ သို့ဖြစ်သည်ကြောင့်၊ ညီငယ်သက်မျှ၊ လက္ခဏာကို၊ နောင်လှငါ သည်၊ အရာရာကို၊ ဖော်ကာပြလို့၊ မှာခဲ့မည်က၊ ရွှေပြည်ဌာန၊ ရုတ္တရမှာ၊ တစ်ဖသား ချင်း၊ ရင်သွေးတော်ဟု၊ တွေးမျှော်ထောက်ကော၊ လေးယောက်မင်းတို့၊ နောင်ညီရင်း ချစ်၊ ဧဝကန်ကော၊ အမှန်ဖြစ်လည်း၊ သနစ်သနာ၊ စစ်ကာရှာသော်၊ ညီတော်မင်းလှ၊ လက္ခဏမှာ၊ ငါ့ကိုအတူ၊ သဘောထားနှင့်၊ တခြားသူကို၊ ညီဖြူမင်းငယ်၊ ချစ်အာရုံ ကြောင့်၊ မယုံစားနှင့်၊ မှားလိမ့်မည်လေ၊

ကြည်ကြည်ညိုညို၊ တို့ညီကိုလျှင်၊ မငြိုမကွက်၊ ကြင်နာတော်လေ၊ မူပါလိုက်နှင့်၊ ပေါင်းဖက်တူကွ၊ တိုင်းရွှေပြည်မှာ၊ မနေရဘဲ၊ ခွဲရမည်ရေး၊ နောင်ကြီးငါမူ၊ ညီမင်းဖြူကြောင့်၊ ပူမစဲကော၊ ဝမ်းနည်းကွယ့်ပြို၊ ညီမင်းပျို နှင့်၊ ကိုယ်ချင်းယှက်ပျာ၊ ဖက်လို့ငိုရေ။

၉၉။ ဖက်လို့ငိုကော၊ ရွှေကိုညီလှ၊ လက္ခဏမှာ၊ စီးကျမျက်ရည်၊ ငိုမည်စိတ်ကို၊ အံကြိတ်ဖြေပျာ၊ နေသည်ကာလ၊ နောင်မင်းကျော်လေ၊ လောင်းရာမကလွမ်းစကို ဖော်၊ ထိုအခါဝယ်၊ ညီတော်မင်းငယ်၊ ကျမျက်ရည်ကို၊ ဖြေဆည်မနိုင်၊ မအောင့်နိုင်လေ၊ ဖြိုင်ဖြိုင်စီးထွယ်၊ လျှောက်တင်ဆိုပျာ၊ ငိုလတ်တေက၊ သူငယ်ဘာဝ၊ သက်နုနယ်နှင့်၊ ငယ်ခါကပင်၊ ရာမလောင်းလျှာ၊ ဘုန်းတော်ရောင်လေ၊ ပြောင်ပြောင်ဝင်းကော၊ နောင်ရင်းချာနှင့်၊ နှစ်ဖြာတူကွ၊ တို့ညီကိုမှာ၊ ကြည်ညိုကြလျက်၊ သိပ္ပပညာ၊ သင်သောခါလည်း၊ ကြင်နာမြတ်လေး၊ ရံတစ်ခါလေ၊ ကွာမကွဲကော၊ ဤကဲ့သို့ပင်၊ မေတ္တာဝင်၍၊ ကြင်ပတုံလျက်၊ ယခုမူလေ၊ ရွှေဘုံထက်က၊ တောနက်မှော်ရုံ၊ ထွက်တော်မူသော်၊ ရေပူရေချမ်း၊ ပေးကမ်းပြီးခါ၊ တောဟေမာမှာ၊ များစွာဘေးရန်၊ တွေ့ကြုံပြန်လည်း၊ မြူဆံမငဲ့၊ မရီးကျော်နှင့်၊ နောင်တော်ရှေ့က၊ မငဲ့မရှောင်၊ ညီဘုန်း ခေါင်ကို၊ အင်ထောင်အားကို၊ တောရန်သူကို၊ ဆန်မြူကျိုးမျှ၊ မစိုးမကြောက်၊ မရီးကျော်နှင့်၊ နောင်တော်နောက်က၊ တစ်ယောက်ညီဖြူလိုက်မည်သူကို၊ အတူမကွာ နောင်မင်းကျော်လျှင်၊ မခေါ်တုံဘဲ၊ မကြည်ညိုကော၊ ညီကိုခွဲလို့၊ အရေးတကြီး၊ နောင်မင်းကျော်လေ၊ မဟာထီးနှင့်၊ မရီးထိပ်ပန်၊သွားမည်ကြံကော၊ အလွန်ခုဝေ၊ ညီမင်းကျော်ကို၊ မေတ္တာတုံးပျာ၊ မုန်းရေလားလေ။

၁၀၀။ မုန်းရေလားလေ၊ စကားလည်းဆို၊ ငိုလည်းငိုကော၊ ထိုခါကာလ၊ နောင်မင်း ကျော်လေ၊ လောင်းရာမမှာ၊ လက္ခဏတွင်ငြား၊ မြဒါလီလေ၊ ငါ့ညီချောလေ၊ ဖဝါး မကွာ၊ နောက်တော်သာက၊ သင်ပါတုံမြောက်၊ ပမာနှုန်းလို့၊ မျိုးဇာမရီ၊ သတိုးဆီကော၊ ညီတစ်ယောက်ကို၊ အမြောက်တစ်လုံး၊ လက်ရုံးတစ်ဆူ၊ အင်အားထောင်၍၊ ငါနောင်ဖွားမှာ၊ အားကိုးမူလို့၊ အတူမကွာ၊ တောဟေမာသို့၊ ခေါ်ပါချင်လျက်၊ ညီမင်းကျော်ကို၊ မခေါ်ရက်လို့၊ စုံမက်ချစ်ကြည်၊ နောင်မင်းကျော်လေ၊မှာစကားနှင့်၊ ပြောခ,ရေရာ၊ ဆံခြည်တစ်ခြမ်း၊ မေတ္တာရေလေ၊ ပြေခမန်းကော၊ ရွှေနန်းကခွာ၊ နောင်မင်းငါနှင့်၊ ညီတော်ချစ်လျှင်၊ လိုက်ချင်ပါမူ၊ ရာဇာဘုရင်၊ မွေးဖခင်ကို၊ ခွင့်လျှင်ပန်းညောင်း၊ နောင်ချစ်သူလေ၊ ညီဖြူသောင်းဟု၊ အကြောင်းပြောခါ၊ ဖရာဇာကို၊ ပန်ထွာချီးကျူး၊ သားသက်နှံမှာ၊ တောင်းပန်ပြုလို့၊ မေရုဆယ်ပြန်၊ ခမည်းတော်ကို၊ တွေးမျှော်ရှုက၊ မရီးကျော်လေ၊ သီတာလှနှင့်၊ တောဝမှော်ရုံ၊ ထွက်တော်မူသော်၊ သည်းအူသားတော်၊ နေမပျော်ကော၊ နောင်တော်ရာမ၊ မရီးဖြူနှင့်၊ တူတကွလျှင်၊ သားလှကျွန်တော်၊ လိုက်ပါရကြောင်း၊ မွေးဖခင်ကို၊ ခွင့်လျှင်တောင်းရေ။

၁၀၁။ ခွင့်လျှင်တောင်းကော၊ မင်းပေါင်းညွတ်ခ၊ ပန္နာတင်ပျာ၊ ဦးလျှင်ချကော၊ ဒဋ္ဌရမင်းကျော်၊ သားရင်းချာကို၊ ခြင်းရာစကား၊ နှုတ်သံချိုနှင့်၊ ဆိုကာပြောလို့၊ ငါ့သားလူလှ၊ လက္ခဏမှာ၊ ရာမနောင်တော်၊ မရီးကျော်နှင့်၊ လိုက်ပါချင်ငြား၊ သားရွှေစင်ကော၊ သင်သဘောဟု၊ ဆိုသောကာလ၊ လျင်တဆွဖြင့်၊ ရွှင်ပဝမ်းသာ၊ နောင်တော်ကြီးကော၊ မရီးကျော်တို့၊ အောင်ချာဌာနေ၊ ဖခင်ပြည်မှာ၊ မနေရလည်း၊ လောကညိုးပန်း၊ တောမှာတစ်မူ၊ များရန်သူကို၊ ဆံမြူကျိုးမျှ၊ မစိုးရိမ်နှင့်၊ ညီတော်လက္ခဏဘေးတန်တန်လေ၊ ရန်ကိုဖျောက်ပျာ၊ နောက်တော်ကလျှင်၊ လိုက်ပါတော့မည်၊ ယခုပင်လေ၊ လျင်တဆွဖြင့်၊ သွားကြမည်ဟု၊ လျှောက်လေသောခါ၊ လောင်းရာမနှင့်၊ လှသီတာလည်း၊ ဝမ်းသာအားရ၊ တောဝမြိုင်ယံ၊ သွားကြရန်ကို၊ စီမံကြသော်၊ ကောသလ္လခေါ်၊ သုမိတ္တာဟု၊ မာတာမိခင်၊ ရွှေနို့ရှင်တို့၊ ပူပင်သောက၊ ကိုယ်ဝမ်းဝင်လေ၊ သားရင်သွေးကြောင့်၊ ကြီးဗျာယနှင့်၊ စီးကျမျက်ရည်၊ နန်းရဝေမှာ၊ ကြံစည်မတတ်၊ တပတ်ပတ်နှင့်၊ မင်းမြတ်ဘုရင်၊ ရွှေပြည်ရှင်ကို၊ လျှောက်တင်ကာလ၊ မိန့်တော်သံကို၊ ပြန်ကာဖျက်ကော၊ ခွင်မရလို့၊ သောကလှိုက်ဖို၊ မွေးမိခင်ကို၊ ပူပင်ကြီးကော၊ ဟီးချငိုရေ။

၁၀၂။ ဟီးချငိုရေ၊ အိုအိုသားလှ၊ လက္ခဏနှင့်၊ ရာမသီတာ၊ ငါမိခင်မှာ သဇင်ပန်းကော၊ နန်းလျှာလောင်းတို့၊ လျင်စွာမနေ၊ ယခုပင်လေ၊ မြိုင်ခွင်တောကို၊ သွားကြမည်လေး၊ အရွယ်နုသေး၊ ရှုမငြီးကော၊ မကြီးမငယ်၊ ညီနှင့်နောင်လေ၊ ဘုန်းရောင်လင်းကော၊ မင်းနှစ်သွယ်တို့၊ စလွယ်ကြိုးဝတ်၊ ဘိသိက်တင်ပျာ၊ ရေစင်သွန်းကော၊ ထီးနန်းအပ်မည်၊ စီမံသည်ကို၊ ကေကေတွင်ဆို၊ ယခုခါလေ၊ ပမာပြုကော၊ ရာဟုဂြိုဟ်ကြောင့်၊ နုပျိုရွယ်ရောက်၊ နောင်နှင့်ညီလေ၊ သာကီဖွားကော၊ သားနှစ်ယောက်တို့၊ တောအောက်မြိုင်ခြေ၊ နန်းသီတာကို၊ ထွက်ခွာငြားကော၊ သွားရမည်လေ၊ သားငယ်သားကြီး၊ ချွေးမတော်ကော၊ သီတာလှကော၊ ငါ့ရင်သွေးတို့၊ မြိုင်ကြီးရဂုံ၊ တောမှော်ရုံကို၊ ခိုလှုံသွားလာ၊ အတန်တန်လေ၊ ဘေးရန်မြားတို့၊ သစ်ကျား ပြောင် ဆင်၊ ချေသမင်နှင့်၊ လူရှင်မနီး၊ တိုင်းနှင့်ကွာပျာ၊ ရွာနှင့်ပြတ်ကော၊ ရပ်နှင့်ဝေးလို့၊ သားကြီး

တစ်သွယ်၊ သားငယ်တစ်ဝ၊ နေ-လအတူ၊ ချွေးမဖြူလေ၊ လှရူပတို့၊ တူတကွဘယ့်နှယ်၊ တောဟေမာမှာ၊ ပျော်နိုင်မည်လေ၊ နန်းဝေလည်းမွေး၊ ငါမိခင်မှာ၊ သဇင်ပန်းသို့နန်းလို့ကြီးကေ၊ နန်းသွေးနန်းသား၊ မဟာနွယ်လေ၊ ဧကရာဇ်ကေ၊ ဖြစ်ငြားပါလျက်၊ချစ်သားရတနာ၊ တောဟေမာကို၊ ထွက်ပါရမည်၊ ငါမိခင်တို့၊ ရွှေရင်မို့မှာ၊ ဆို့လှရေလေ။

၁၀၃။ ဆို့လှရေလေ၊ ကြံစည်မတတ်၊ သားညီကိုတို့၊ ကိုယ်ကိုပွတ်လို့၊ ငိုလတ်ခြင်းရာ၊ မေ့မှာသော်က၊ ငယ်ခါကစ၊ ရှက်ကြောက်စဖွယ်၊ သက်ခြောက်ဆယ်လေ၊ အရွယ်ကျအောင်၊ သားမရတတ်၊ မြင့်တာရှည်လေ၊ နေပြန်လတ်က၊ မင်းမြတ်ရာဇာ၊ ၄က်ပျောသီးကို၊ ပေးအပ်လှာကေ၊ ထိုအခါကစ၍၊ ဂဗ္ဘတည်ကေ၊ သန္ဓေရလို့၊ ဆယ်လစေ့လျှင်၊ ရတနာလေ၊ နန်းလျာသားကို၊ ဖွားမြော်မြင်ကေ၊ အားအင်လည်းတိုး၊ ငါမိခင်မှာ၊ ပန်းပင်ပျိုးသို့၊ သတိုးဥပရာ၊ သားပုတ္တာကို၊ ရှုမြော်မငြီး၊ မေသက်နှံ့တို့၊ အတန်ကြီးကေ၊ သမီးပမာ၊ ချွေးမတော်ဟု၊ သီတာပုလဲ၊ ဇနက္ကဘုရင်၊ သက်မျှကြင်ကေ၊ ရွှေရင်သွေးကို၊ ဆွဲကာကိုင်ငင်၊ လေးကိုတင်လို့၊ သားရှင်ရတနာ၊ မင်းရာမမှာ၊ ရလို့လာကေ၊ မြို့ရွာသို့ရောက်၊ ဆောက်စိုက်ထူပျာ၊ ထီးဖြူရိပ်မှာ၊ ဘိသိက်မြောက်မည်၊ စီမံလေသော်၊ ကေကေတွင်ခေါ်၊ ထောက်မညာဘဲ၊ မြောက်ညာမိဖုရား၊ ယခုမူလေ၊ သူ၏သားကြောင့်၊ သဘောမတူ၊ မကြည်ဖြူကေ၊ ငြူစူနှောက်ယှက်၊ မိဖုရားကေကေ၊ ဂြိုဟ်စနေလျှင်၊ ဖြို့မွှေဖျက်လို့၊ ပြိုပျက်မနေ၊ သားမိခင်တို့၊ ရွှေရင်သွေးနှင့်၊ ကွဲရမည်လေ။

၁၀၄။ ကွဲရမည်လေ၊ မဟေညာရ၊ တောင်နန်းစံကေ၊ ကောသလ္လနှင့်၊ သုမိတ္တာတွင်ငြား၊ အင်ငါးပါးနှင့်၊ မိဖုရားနှစ်ယောက်၊ သားရွှေစင်လေ၊ မြင်မခန်းကေ၊ နန်းပွင့်ညောက်ကြောင့်၊ တစ်ယောက်တည်လှည့်၊ လွမ်းခြင်းစီကေ၊ ဤသို့ဖွဲ့ရေယနေ့ကပင်၊ ကြည်မမြင်အောင်၊ သဇင်ပုလဲ၊ သားနန်းစည်လေ၊ ရွှေလည်ဆွဲနှင့်၊ ခွဲရတော့မည်၊ မိသက်ဝေတို့၊ အရွယ်ပုပု၊ ဆင်းရုပ်ရည်မှာ၊ ရွှေကိုဥလို့၊ နုလည်းနုလေ၊ ရှုစဖွယ်နှင့်၊ ငယ်လည်းငယ်သေး၊ သဇင်ခိုင်လေ၊ မိလည်ဆွဲကို၊ ခမည်းဖခင်၊ ပြည်ကြီးရှင်မှာ၊ မြိုင်ခွင်တောအုပ်၊ မကြင်နာကေ၊ နှင်ကာထုတ်လို့။ ရွှေရုပ်တမျှ၊ သီတာမေလေ၊ ချစ်ချွေးမနှင့်၊ သားလှညီကို၊ တောင်မြိုင်ညိုမှာ၊ ကယို ကပါး၊ အလားလားကေ၊ အစားမဝ၊ ခါးမလှ၊ ချွေးမသီတာ၊ ဘီးကျောက်ပျဉ်လေ၊ ထောင်မှန်ဝေးလို့၊ ရေမလျော်ကေ၊ တွေးမျှော်စဉ်းစား၊ နန်းထက်ဖွားကေ၊ မင်းသားမင်းသမီး၊ မြသဇင်ကေ၊ ငါ့ရင်သွေးတို့၊ တောကြီးမြိုင်ယံ၊ ဘေးတန်တန်ကေ၊ ရန်အထပ်ထပ်၊ မှော်ရုံမြိုင်လေ၊ ဂနိုင်ရပ်မှာ၊ ဝတ်မွတ်နန်းနှင့်၊ အချမ်းမတူ၊ အပူမမျှ၊ သနားစဖွယ်၊ အားငယ်နှင့်၊ သားချွေးမတို့၊ ဘယရောဂါ၊ ဖြစ်သောခါလည်း၊ မပါဆေးဝါး၊ အရေးကြုံပျာ၊ တွေ့ကြုံငြားက၊ သမားဝေးကွာ၊ ဓာတ်ဆရာနှင့်၊ ရပ်ရွာမနီး၊ တောဂ နိုင်လေ၊မြိုင်ခရီး မှာ၊ သားကြီးသဖွယ်၊ သနားဖွယ်လေ၊ သားငယ့်ဘဝ၊ ကိန္နရာနေ၊ သီတာမေကေ၊ ချစ်ချွေးမနှင့်၊ နေကြမည်ပင်၊ ကြောင်းခြင်းအင်ကို၊ မိခင်တွန့်ရှုံ့၊ အသွယ်သွယ်လေ၊ မျက်ရည်စက်နှင့်၊ မတွက်ဝံလေ။

၁၀၅။ မတွက်ဝံလေ၊ ရင်ညွှန့်ကိုထု၊ စံမြန်းပျော်ကေ၊ နန်းတော်ဦးမှာ၊ ကျူး၍ကျော်ကျော်၊ ငိုလေပါကေ၊ မယ်တော်မြတ်ဖျား၊ ရွှေနို့ရှင်လေ၊ မိခင်အားကို၊ သားတော်ရာမ၊ တရားပြလို့၊ လောကဟူသည်၊ ဤလူ့ပြည်မှာ၊ အတည်မမြဲ၊ ဖြစ်ပျက်ဟန်မှာ၊ မှန်မလွဲကေ၊ ဖောက်လွဲဖောက်ပြန်၊ ပုထုဇဉ်တို့၊ ဝိဉာဏ်ခြောက်ပါး၊ နေ့မကျန်ကို၊ ခြောက်တံခါးက၊ သွားလာသမျှ၊ လူနတ်ဗြဟ္မာ၊ သတ္တဝါတို့၊ သခၤါရကို၊ တွေ့ရတော့မည်၊ မွေးမယ်တော်လေ၊ တောင်ညာဖျားမှာ၊ တရားဖြေဟု၊ ပြောလေပြီးခါ၊ တောဟေမာကို၊ သွားပါတော့မည်၊ သို့ဖြစ်သည်ကြောင့်၊ ရွှေပြည်ဘုရင်၊ မွေးဖခင်ကို၊ ဦးတင် ညွှတ်ခ၊ ရာမသားတော်၊ မေသီတာကေ၊ ညီတော်လှနှင့်၊ ကန်တော့သောခါ၊ ဖပီတာမှာ၊ သာဓု၊ သာဓု၊ သားလှသည်းချာ၊ ရတနာကေ၊ ရွှေလွှာဦးတို့၊ အာယုဆက်သွယ်၊ ဖသက်ဝေတို့၊ သက်ရှည်သမျှ၊ ဆနဝါလေ၊ ရောဂါဝေးကေ၊ ဘေးဘယနှင့်၊ လွဲကြလေစေ၊ ဆုံတုံပေ၍၊ မျက်ရည်စီးယို၊ ငါမင်းပျိုမှာ၊ အိုခါပြီးမှ၊ သားရင်သွေးကေ၊ လေးယောက်ရလည်း၊ အဖကျိုးဆောင်၊ လက်ရုံးထောင်သော်၊ ဘုန်းရောင်တောက်ပ၊ သတင်းကျော်ကေ၊ မင်းရာမနှင့်၊ လက္ခဏတွင်ငြား၊ ဖသက်နှံ့တို့၊ ပြည်တန်ကျောက် သို့၊ နှစ်ယောက်သားကြောင့်၊ မောက်ပွားလောင်ဆူ၊ ငါတစ်မူက၊ အပူတွေ့ရ ဤရေးရာကို၊ တွေးကာဆသော်၊ ရှေးကတစ်ခါ၊ ဟေမဝါမှာ၊ သူတော်လင်မယား၊ မြားလက်လွန်ကေ၊ မခံသည်းညည်း၊ တို့ပမာသို့၊ သင့်မှာကွဲဟု၊ ကျိန်ဆဲသမျှ၊ ငါ့၏ထံ မှာ၊ အမှန်ကျလို့၊ သားလှနှင့်သည်၊ ငါတစ်မူလေ၊ တူမမြဲကေ၊ ကွဲရရေလေ။

၁၀၆။ ကွဲရရေလေ၊ သားငယ်သားကြီး၊ မြသဇင်လေ၊ ဖရင်သွေးတို့၊ ထီးဖြူပလ္လင်၊ ဘိသိက်တင်ပျာ၊ ဥဂ္ဂဖွင့်လို့ုက်၊ ဖရိုက်ရာကို၊ နောင်လာမိုးလို့၊ စိုးမည်သူကေ၊ သည်းအူစစ်ကို၊ မချစ်မကြင်၊ မွေးဖခင်လျှင်၊ နှင်သည်မဟုတ်၊ သားနန်းနွယ်လေ၊ သွန်းရွှေရုပ်တို့၊ နှုတ်ထွက်စကား၊ သင့်မိထွေးထံ၊ ဖနန်းစံလေ၊ အလွန်မှားလို့၊ သားကြီး သားငယ်၊ မွေးဖခင်နှင့်၊ ကြင်မည်ဆဲမှာ၊ ကွဲရမည်လေ၊ မြိုင်ခြေမှော်ရုံ၊ အားငယ်ငယ် နှင့်၊ သားချွေးမတို့၊ သွားကြတုံသော်၊ ရွှေဘုံနန်းမှာ၊

ဖပီတာက၊ ချမ်းသာလိုက်သည်၊ မမှတ်လေနှင့်၊ မကြည်စိတ်စက်၊ ငါဖခင်လျှင်၊ သင်တို့တွက်ကြောင့်၊ နေ့ရက်မရှည်၊မြှားမကြာခင်၊ ခန္ဓာသက်ကေ၊ ပျက်ရမည်ဟု၊ မနေနိုင်ဘဲ၊ ဖပီတာမှာ၊ မျက်နှာလွှဲကေ၊ ရင်သွေးရတနာ၊ မင်းသုံးဖော်တို့၊ မာတာမိခင်၊ ကျေးဇူးရှင်ကို၊ ဦးတင်ညွတ်ခ၊ လက် ဆယ်ဖြာကို၊ ထိပ်မှာမိုးကေ၊ ရှိခိုးကြသော်၊ နန်းမတောင်ညာ၊ သုမိတ္တာတို့၊ များစွာ စုံမက်၊ ကိုယ့်သက်ဝေကို၊ ကိုယ်စီရွတ်လို့၊ ပန်းခက်အတူ၊ နန်းတော်မူ၍၊ သည်းအူ သက်စု၊ သားမျက်နှာလေ၊ ဂွမ်းဝါနုကို၊ ရှုကာ,ရှုကာ၊ ကရုဏာနှင့်၊ ရတနာပုလဲ၊ သဇင်ခွေလေ၊ မိလည်ဆွဲကို၊ ခွဲရမည်မို့၊ နှလုံးသည်းအူ၊ ကျွတ်ကျွတ်ဆူယောင်၊ ပူလတ် လို့လေ။

၁၀၇။ ပူလတ်လို့လေ၊ ရွှေနို့ရှင်မ၊ ချိမရှင်ကေ၊ မိခင်လှတို့၊ ယိုကျမျက်ရည်၊ ငိုကြ သည်က၊ မွေးမေသက်မျှ၊ ဝမ်း၌လွယ်ပျာ၊ သန္ဓေရလို့၊ ဆင်းလစေ့လျှင်၊ ဖွားမြော်မြင်၍၊ မိခင်သက်စု၊ မြဇယင်မှာ၊ တင်ကာကျကေ၊ သားဦးဘုန်းခေါင်၊ ဖမွေခံပျာ၊ နောင်စံမြန်းဖို့၊ နန်းလုံးမောင်တို့၊ ဘုန်းရောင်ထွန်းပ၊ မိမာတာလေ၊ တောင်ညာဖွား ကေ၊ ဩရသဟု၊ နန်းမမွေခံ၊ တွင်းထွက်စိန်လေ၊ သိင်္ဂီမျိုးသို့၊ ဖိုးပြည်တန်လျှင်၊ ဇကန်ဖြစ်လျက်၊ တောမှော်ရုံလေ၊ ရဂုံနက်ကို၊ ထွက်ရမည်မှာ၊ စေ့စေ့တွေးက၊ အသည်းဆာယေင်၊ သားတော်ကံဆိုး၊ မိမာတာတို့၊ ဇာတာညှိုးလို့၊ အဖိုးမထိုက်၊ သုဝဏ္ဏောလေ၊ ရွှေအစစ်လျှင် ခဲဖြစ်သည်သွင်၊ သားရွှေစင်တို့၊ မထင်အကျိုး၊ မခံသာအောင်၊ ကံတော်ဆိုးကေ၊ အဖိုးမတန်၊ မြောက်ညာစံမှာ၊ ဘုန်းကံမမျှ၊ သူ့သည်းချာ လေ၊ ဘဒရကို၊ အဖအမွေ၊ မြရဝေဟု၊ ပြည်ကိုရကြောင်း၊ သူ့မာတာမှာ၊ ဆုတော်တောင်းကေ၊ အကြောင်းမလျော်၊ ကေသရာဟု၊ ဟေမာမြိုင်ထဲ၊ သားများဘုရင်၊ လိုဏ်ဂူတွင်လေ၊ ရွှေခြင်္သေ့ထက်၊ မြိုင်ခွေးဂုဏ်မောက်၊ ဝေဘူပုံလေ၊ ပြည်တန် ကျောက်ထက်၊ ချက်ကျောက်အရောင်၊ ဤနန်းထဲမှာ၊ အကဲထောင်လို့၊ အခေါင်အ တွက်၊ ဖိုးမတန်ကေ၊ ဖန်ပုလင်းကို၊ မှန်ကင်းတပ်ရောင်၊ မြတ်သူတိမ်မြုပ်၊ ယုတ်သူ ပေါ်ထင်၊ ဤကြောင်းရေးကို၊ မွေးမိခင်တို့၊ မျက်မြင်ဆင်းရဲ၊ မကြံနိုင်ကေ၊ မှိုင်ကာငေးလို့၊ အခဲမကျေ၊ ရှိတော့သည်ဟု၊ ရင်စည်ခတ်တီး၊ ရေးတကြီးဖြင့်၊ မွေးမိမာတာ၊ ငိုကြခါဝယ်၊ သားတော်ရာမ၊ တရားပြလို့၊ သောကကိုသိမ်း၊ စိတ်သံဝေဖြင့်၊ ဖြေကာထိန်းလို့၊ ဆုတောင်းလိုက်ပါ၊ ဆိုသောခါလျှင်၊ သာဓုသာဓု၊ သနားစဖွယ်၊ သားငယ်ငယ်ကေ၊ မေမျက်ရှုတို့၊ အာယုရှည်စွာ၊ သပြေညာဝယ်၊ ရွှေကြာမန္တမ်း၊ ပဒုမ္မာလေ၊ ရေမှာလန်းသို့၊ တင့်ဆန်းကျက်သရေ၊ ပွင့်လန်းဝေလျက်၊ သွားလေရာရာ၊ သားသက်လျာတို့၊ စကြာရထား၊ ခြေရင်းတော်မှာ၊ လက်ယာရစ်ကေ၊ ဆိုက်စေသောဟု၊ မိမာတာတို့၊ ပဏ္ဏာလောင်းပျာ၊ ဆုတောင်းပြုရေ။

၁၀၈။ ဆုတောင်းပြုကေ၊ နှစ်ဦးညီနောင်၊ မေနှင့်မောင်တို့၊ ဘုံဆောင်ကနက်၊ စံမြန်းပျော်ကေ၊ နန်းတော်ထက်က၊ ဆင်းသက်မနေ၊ ယာဉ်ရထားနှင့်၊ သွားကြလေ သော်၊ ပြည်သူပြည်သား၊ မှူးမတ်များတို့၊ သနားစုံမက်၊ စစ်စက်ခေါ်ကြ၊ တိုင်ပင်ခံပျာ၊ အကြံပြောက၊ နှိပ်နှောကြလို့၊ ရာမဘုရား၊ တို့ထိပ်ထားလျှင်၊ မြိုင်ဖျားရဂုံ၊ ထွက်တော် မူကေ၊ အတူမကွာ၊ ငါတို့သာလျှင်၊ လိုက်ပါကြမည်၊ ဤသည်ပြည်မှာ၊ နေလို့မတော်၊ ကျိုးအပြစ်ကို၊ စီစစ်ရှာသော်၊ တောင်ညာမိဖုရား၊ တောသို့ရှို့ပျာ၊ သားကိုထားလို့၊ တခြားမဟော၊ မယားငယ်လေ၊ ကေကေမိဖုရား၊ ဘုန်းပါရမီ၊ မပြည့်ညီကေ၊ သက်ဝေ သားကို၊ တို့သားဘယ်သို့၊ မင်းတစ်ဆူဟု၊ထီးဖြူမိုးပျာ၊ ရှိခိုးဖို့ဟု၊ ဤသို့ပြောဟော၊ တသောသောဖြင့်၊ အများဗိုလ်ပါ၊ နောက်တော်၌လျှင်၊ လိုက်ကြပါကေ၊ တောင်ညာနန်းမ၊ ကောသလ္လနှင့်၊ သုမိတ္တာတွင်၊ မွေးမိခင်တို့၊ သေရှင်မတတ်၊ ရွှေရင်ပြင်ကို၊ လက်တင်ခတ်လို့၊ သားမြတ်သားကောင်း၊ မကိုင်မှုသရဖူ၊ စိုက်ကာထူလို့၊ ထီးဖြူ ဆောင်းကေ၊ နန်းလောင်းရတနာ၊ မေ့သည်းချာကို၊ ဇေယျာတံဆိပ်၊ ကောင်းကျိုးဆောင်ကေ၊ အောင်နိမိတ်နှင့်၊ ဘိသိက်မင်္ဂလာ၊ သားနန်းညောက်ကို၊ မြောက်မည်ခါ၌၊ မြောက်ညာနန်းနေ၊ ဂြိုဟ်စနေသို့၊ ကေကေမိဖုရား၊ သူ၏သားကြောင့်၊ သဘောမ ဖြောင့်၊ သီတာခွင်မှာ၊ ဝင်ကာနှောင့်လို့၊ မှောက်ထောင့်ဗလာ၊ ဖျက်ခြင်းရာကြောင့်၊ ငါ့မှာသားလှ၊ မွေးဒမိခင်နှင့်၊ ကြင်မည်ဆဲမှာ၊ ကွဲကွာရဟု၊ နောက်ကတစိုက်၊ မိဖုရားနှဗစ်ဖော်၊ များဗိုလ်ပါနှင့်၊ ငိုကာလိုက်တေ။

၁၀၉။ ငိုကာလိုက်ကေ၊ ပန်းဟိုက်နွမ်းရိ၊ မှန်းမသိဘဲ၊ မွေးမိဒေဝီ၊ မဟေသီတို့၊ ရင်ဆီသောက်စား၊ နှစ်ယောက်သားကြောင့်၊ များစွာပူဆွေး၊ အသည်းပျိုအောင်၊ ငိုကာကြွေးလို့၊ ပုလဲပတ္တမြား၊ ကဲ့အလားသို့၊ သားလှညီနောင်၊ လတ်ရိုးထောင်သော်၊ ဘုန်းရောင်ထွန်းတောက်၊ ယခုဝယ်လေ၊ အရွယ်ရောက်လို့၊ ချစ်လောက်မငြီး၊ သားတော်ကြီးက၊ ထီးနန်းစည်းစိမ်၊ ငါ့ချွေးမက၊ လှမေသီကို၊ ဒေဝီဘွဲ့တပ်၊ တပြောင်ပြောင်လေ၊ အဆောင်ခန်းနှင့်၊ တောင်နန်းအပ်လို့၊ မတ်လက္ခဏာ၊ သားငယ်လှကို၊ နန်းမအိမ်ရှေ့၊ ဘုန်းတော်ရောင်လေ၊ ပြောင်ပြောင်လေ့ကေ၊ ဤကဲ့သို့လျှင်၊ သားရွှေ စင်ကို၊ မိခင်ငါတို့၊ စည်းစိမ်အင်ကို၊ မြင်ရဖို့ဟု၊ နှစ်လို့သာရွှင်၊ ရွှေနို့ရှင်တို့၊ အားအင်တိုးတက်၊ မှတ်လို့နေကေ၊ ဤအချက်တွင်၊ လှိုင်းဂယက်တူ၊ ကျွတ်ကျွတ်ဆူအောင်၊ ပူမည်စနက်၊ အကောက်ကြံကာ၊ မြောက်ညာပျော်လျှင်၊

ဝင်ကာဖျက်လို့၊ အသက်တ မျှ၊ လက္ခဏနှင့်၊ ရာမခေါ်တွင်၊ သားရွှေတုံးကေ၊ ဂမုန်းပင်နှင့်၊ မိခင်တို့သည်၊ နန်းရဝေမှာ၊ မနေရဘဲ၊ ကွဲကြရမည်ဟု၊ သေရှင်မတတ်၊ ရွှေရင်အုံကို၊ လက်စုံခတ် လို့၊ ရူးသွပ်မည်လို၊ မိမာတာတို့၊ မြေမှာလဲကေ၊ လူး၍ငိုရေ။

၁၁၀။ လူး၍ငိုကေ၊ ထိုသည်အခါ၊ နန်းနှင့်ကွာကေ၊ တစ်ဂါဝုစ်ခန့်၊ ရောက်လေပါ သော်၊ ထိုခါတန်၍၊ တွန့်ရွံ့ စိတ်မှာ၊ မိမာတာကြောင့်၊ များစွာနှောက်ယှက်၊ စိတ်ဝိတက်နှင့်၊ အုတ်ကျက်ဗိုလ်ပါ၊ နောက်တော်ပါကို၊ ရာမ မင်းသား၊ လိုက်လို့ လာသည်၊ ကြောင်းရာရေးကို၊ မေးလေ ငြားက၊ ရှင်သားနှင့်မူ၊ အတူထူကေ၊ ရေပူ ရေချမ်း၊ ပေးကမ်းအင်ငှာ၊ နောက်တော်သာသို့၊ လိုက်ပါကြသည်၊ လျှောက်တုံလေကေ၊ ဗိုလ်ခြေပရိသတ်၊ ငါ့ကိုကြည်ညို၊ မေတ္တာပိုကေ၊ အိုမှူးမတ်တို့၊ နောက်ထပ်မကွာ၊ လိုက်လို့လာကေ၊ တော်မည် မထင်၊ တို့ကိုလျှင်လေ၊ ချစ်ခင်ဇာကန်၊ တကယ်မှန်မူ၊ နိုင်ငံမြို့ပြည်၊ မိမာတာကို၊ ဆောင်ခေါ်ငြားလို့၊ ပြန်သွားလေဟု၊ ဆိုပေတုံငြား၊ ထိုစကား၊ ကြားကနားမှာ၊ မိမာတာတို့၊ များစွာပူဆွေး၊ ရာမတွင်ကေ၊ သားရင်သွေးက၊ ကျေးဇူးကဲပို၊ တောင်မြင်းမိုရ်သို့၊ နို့ချိုကျွေးတိုက်၊ ကျွန့်ကိုကြင်ကေ၊ မိခင်ချစ်တို့၊ သက္ကရာဇ်ကောဇာ၊ ဆယ့်နှစ်,နှစ်ကို၊ တွက်စစ်ကြာသော်၊ သားတော်တို့သည်၊ မြို့ရွှေပြည်ကို၊ ပြန်မည်မုချ၊ မိမာတာတို့၊ စိတ်သာချလို့၊ နန်မဝေယံ၊ ဖခင်ထံကို၊ ပြန်ပါလေကြ၊ အကြိမ်ကြိမ်လေ၊ ဦးနှိမ်ချကေ၊ သားလှ ရင်သွေး၊ နန်းလုံး ကြိုင်ကေ၊ ရွှေလည်ဆွဲကို၊ ခွဲမည် အတွက်၊ အသွယ်သွယ်ကေ၊ မျက်ရည်စက်နှင့်၊ စုံမက်မပြေ၊ ကိုယ့်သည်းအူကို၊ ကြုကြုနမ်းပျာ၊ လွမ်းစိတ်ဖြေရေ။

၁၁၁။ လွမ်းစိတ်ဖြေကေ၊ ဗိုလ်ခြေများစွာ၊ နောက်တော်ပါတို့၊ မျက်နှာနွမ်းလျ၊ မိန့်တော်အာဏာ၊ မဆန်သာ၍၊ မင်းရာမကို၊ ဦးချတုံပြီး၊ မှူးမတ်ကြီးတို့၊ မွေးမိနှစ်ဖြာ၊ တောင်ညာပျော်ကို၊ ဆောင်ကာမနေ၊ နန်းဝေယံလေ၊ စံဌာနကို၊ ပြန်ကြလေသော်၊ မွေးမေမာတာ၊ သားသက်လျာကြောင့်၊ မျက်နှာချီလှည့်၊ မသွားလိုဘဲ၊ နောက်ကိုကြည့်လို့၊ ပြန်ငဲ့ပြန်ကွက်၊ တသက်သက်နှင့်၊ စိတ်စက်မရွှင်၊ သားရုပ်သွင်ကို၊ မမြင်ကြတို့ရှု၊ ရွှေရင်အုံကို၊ လက်စုံထုလို့၊ ဦးပြေဆံပြေ၊ နှစ်ဖက်ချီလျှင်၊ မြေမှာမကျ၊ ပူဗျာပါကြောင့်၊ ခုန်ကာကလို့၊ မသွားတော့နိုင်၊ မိန်းကာမှိုင်၍၊ လဲထိုင်ထူထ၊ များဗိုလ်လူတို့၊ ကူကာမလို့၊ ယုယမြတ်လေး၊ စံမြန်းပျော်ကေ၊ နန်းတော်ထဲကို၊ ကဆွဲကငင်၊ ရောက်လေကျင်သော်၊ မရွှင်ညှိုးခြောက်၊ တစ်မိုးသောက်လည်း၊ နှစ်ယောက်မိခင်၊ တစ်နေဝင်ကို၊ ရွှေရင်တော်သွေး၊ သားသည်းအူကြောင့်၊ ပူမစဲဘဲ၊ နန်းထဲနန်းပြင်၊ ကြည့်မမြင်လို့၊ မိခင်တို့သည်၊ သားကိုမျှော်ပျာ၊ ငိုကာတလို့၊

နေရလေကေ မောင်မယ် တူကွ၊ လက္ခဏဘုန်းခေါင်၊ လက်ရုံးဆောင်ကေ၊ နောင်ရာမ တို့၊ ထိုကာတစ်ဖြာ၊ ခြေဖဝါးဖြင့်၊ သွားလေပါ၍၊ ဂင်္ဂါမြစ်ကွေ့၊ တရားပြဟ္မစိုရ်၊ မှားမပိုအောင်၊ ပျော်ခို မွေ့ကေ၊ ရသေ့နာမ၊ တာပသဟု၊ ဝါဠမဂ္ဂ၊ အရည်ဖြင့်၊ မြိုင်ဝမိုကေ၊ သည်ီတွင် မြောက်၊ ဘိုးတော်ထံကို၊ တစ်ဖန်ရောက်က၊ ပန်လျှောက်တုံငြား၊ ဖြစ်ပုံပျက်ပုံ၊ ကြောင်းမျိုးစုံကို၊ အကုန်ပြောလို့၊ ပန်းမောလည်းဖြေ၊ မေသီတာလေး၊ ညီတော်လှနှင့်၊ နေကြရေလေ။

၁၁၂။ နေကြလေကေ၊ ရွှေပြည်သာလှ၊ ရုတ္တရမှာ၊ မွေးဖဘုန်းကြွယ်၊ သားသက်ဝေတို့၊ သွားလေသည်မှ၊ နေ့ကစ၍၊ ဗျာယကြီးမောက်၊ သားနှစ်ယောက်ကြောင့်၊ စားသောက်မမြိန်၊ စိတ်မငြိမ်၍၊ လွမ်းရှိန်မပျောက်၊ တခြောက်ခြောက်ကေ၊ တအောက်မေ့မေ့၊ တခွေခွေနှင့်၊ စေ့စေ့တွက်လျှင်၊ သားရုပ်သွင်ကို၊ စိတ်တွင်လည်းတွေ့၊ သဘောမှာဝင်၊ မနောတွင်လေ၊ ထင်တုံဘိ၍၊ မြင်မိမြင်ယောင်၊ နန်းတော်ဆောင်မှာ၊ ယမ်းယောင်ထိုင်ထ၊ အခါခါလေ၊ ခေါ်ကာတလို့၊ ရာမ-ရာမ၊ တ-တတနှင့်၊ ဗျာထစိတ်တတ်၊ ဥပါဒါန်လေ၊ အလွန်ကပ်လို့၊ ဥပါဒ်ကြီးလှ၊ စိတ္တဇဟု၊ ဘယရောဂါဝေဒနာနှင့်၊ ခန္ဓာရုပ်နာမ်၊ နတ်ရွာစံကေ၊ သေလွန်တုံငြား၊ လွမ်းတယူပျာ၊ ပူဒုက္ခနှင့်မိဖုရားတို့၊ ကြီးပွားလှိုက်ဆူ၊ သားအပူမှာ၊ လင်ပူလည်းရောက်၊ မီးမသေခင်၊ ဆီလျှင်လှောက်သို့၊ ကင်းပျောက်ခန္ဓာ၊ ခုနစ်ရက်ကို၊ စစ်တွက်ကြာသော်၊ စကြာမင်းနှုန်း၊ ဖုတ်သဂြိုဟ်ကေ၊ ထိုသည်ထုံးသို့၊ လေးလုံးဖော်ကျင်၊ တင်ကာထိုးလို့၊ ရိုးအကျန်ကို၊ ဆန်ခါတင်လို့၊ စုံလင်ခပ်သိမ်း၊ အမှုရှုပ်ကို၊ ပြုလုပ်ပြီးမှ၊ မတ်ကြီးပဏ္ဍိ၊ ဉာဏ်ဆီမီးနှင့်၊ ရှေ့သိနောက်မြင်၊ ပညာရှင်တို့၊ ဆင်ခြင်နှိုင်ညှိ၊ မင်းမရှိသည်၊ အကြင်ပြည်လည်း၊ မရှည်ပြိုပျက်၊ သည်အတွက်ကြောင့်၊ အက်ကတိ၊ တို့ဘုရင်လေ၊ ရှင်မင်းကြီးနှင့်၊ ရှိရင်းစကား၊ အချက်များလည်း၊ မပျက်ပြားရ၊ မိဖုရားကေကေ၊ လှမဟေလည်း၊ စိတ်ကျေနပ်အောင်၊ ဘဒရတွင်ခေါ်၊ သားမင်းကျော်ကို၊ ပင့်ခေါ်ပြီးထွေ၊ တိုင်းဌာနေလေ၊ ရွှေပြည်မြတ်ကို၊ အပ်ကြမည်လေ။

၁၁၃။ အပ်ကြမည်လေ၊ ပြောလေပြီးခါ၊ သုနန္ဒာကို၊ ကော်ကရာဇ်မည်၊ တိုင်းရွှေ ပြည်ကို၊ စေလေတုံမြောက်၊ ထိုဌာနေကို၊ အလွယ်ရောက်၍၊ ပန်လျှောက်ကာလ၊ ဘဒရနှင့်၊ ဝရုဏ္ဏမင်းကျော်၊ ခြင်းရာရေးကို၊ မေးသောအခါ၌၊ ပြည်မှာရောက်မှ၊ ကြောင်းခြင်းရာကို၊ သိပါရမည်၊ လျှောက်တုံပေ၍၊ မနေလျှင်မြန်၊ ရထားပျံနှင့်၊ ပြန်ကာလာမြောက်၊ ဥတ္တရမည်၊ ဖခင်နေကေ၊ ပြည်မှာရောက်က၊

မင်းမြောက်တန် ဆာ၊ စုံလင်စွာနှင့်၊ ဗိုလ်ပါပတ်ဝန်း၊ ဘိသိက်တင်ပျာ၊ ရေစင်သွန်းကေ၊ နန်းအပ် တော့မည်၊ ကြံသည်ကာလ၊ ဘဒရမှာ၊ ကနတစိ၊ စမသိ၍၊ နှိုင်းညှိဆင်ခြင်၊ ကြောင်းရေးရာကို၊ မေးလေကျေင်သော်၊ လျှောက်တင်ခြင်းရာ၊ မောင့်မာတာနှင့်၊ ထက်ကတိလျှင်၊ ရှိခြင်းအင်ကြောင့်၊ လိုချင်တုံရှောင်း၊ ရှင်မိမေမှာ၊ ပြည်ကိုတောင်း၍၊ မင်းကောင်းဘုရင်၊ ဖခင်ရာဇာ၊ နတ်ရွာပျော်လျက်၊ နောင်တော်နှစ်ပါး၊ မှော်ရုံမြိုင်လေ၊ ဂနိုင်တောကို၊ ထွက်သွားရကျင်၊ ကြောင်းကုန်စင်ကို၊ လျှောက်တင်ကာလ၊ဘဒရမှာ၊ ရာဇာဘိသိက်၊ နန်းဥဂ္ဂင်လေ၊ ပလ္လင်ထိပ်မှာ၊ သွင်းနှိပ်မခံ၊ ငြင်းပယ်ဆန်ပျာ၊ ဝေဖန်စဉ်းစား၊ ခမည်းတော်နှင့်၊ နောင်တော်များအကြောင်း၊ အားပါးကျလွယ်၊မျက်ရည်ယိုကေ၊ ငိုမိလည်လေ။

၁၁၄။ ငိုမိရေလေ၊ ရဝေနန်းထဲ၊ ညီလာဝမ်းကေ၊ သဘင်ပွဲမှာ၊ လေးပါးပဏ္ဍိ၊ မတ်ကဝိန္ဒာ၊ တတ်လိမ္မာကေ၊ ပညာရှိတို့၊ မွေးမိမာတာ၊ မလိမ္မာကေ၊ ပညာနည်းလိုက်၊ ဣတ္ထိယကေ၊ မိန်းမဖြစ်လို့၊ မထိုက်မတန်၊ နန်းဝေယံကို၊ ဧကန်ရကြောင်း၊ ကတိသစ္စာ၊ ရှိသည်တာကြောင့်၊ မယ်တော်လောင်းလည်း၊ မှူးကောင်းမတ်တော်၊ ရှိတုံပါလျက်၊ မာတာမည်တွင်၊ ကျွန့်မိခင်ကို၊ သက်ပြင်နားချ၊ မလျှောက်ကြလို့၊ မွေးဖရာဇာ၊ ကိုယ်နှုတ်ထွက်ကို၊ မဖျက်သာ၍၊ နောင်တော်နှစ်ပါး၊ အလားလားကေ၊ တောသို့ထွက်၍၊ ခမည်းတော်လေ၊ ရာဇာဖမှာ၊ စိတ္တဇရောဂါ၊ ဝေဒနာနှင့်၊ နတ်ရွာပြောင်းကြွ၊ ကြောင်းမလှအောင်၊ ဖြစ်ရခြင်းရ၊ လက္ခဏာကို၊ တွက်ကာနှိုင်းညှိ၊ ဤနန်းမှာလေ၊ ငါမရှိလို့၊ တွိမိကရ၊ ကရားကထား၊ အလားလားကေ၊ ပျက်ပြားရလို့၊ မွေးဖမင်းမြတ်၊ မြောက်ချီးကျူးကေ၊ ရာထူးအပ်လျက်၊ မတ်ကောင်းမှူးကောင်း၊ ထိန်းအကောင်းသို့၊ တိမ်းစောင်းလျှင်မတ်၊ နန်းရဝေနှင့်၊ ပြည်ကိုအပ်လို့၊ မှူးမတ်ခန့်ထား၊ အလကားကေ၊ အသားစားကြူး၊ တောဘီလူးသို့၊ ကျေးဇူးနိတ္ထိ၊ ပျိုမအောင်ကေ၊ မိုးခေါင်ညှိုးသို့၊ ကျိုးမရှိလေ၊ ဇာတိမျိုးမြတ်၊ အရိုးမှတ်လို့၊ နန်းရပ်ထီးဖြူကျွန့်ကိုလွှဲလို့၊ ပေးတော်မူလည်း၊ နှစ်ဆူနေ့လ၊ လောင်းရာမနှင့်၊ လက္ခဏာနောင်တော်၊ ဖရာဇာမှာ၊ သားတော်ကြီးတို့၊ ရှိလျက်ပါကို၊ ပြည်ရွာတိုင်းမြတ်၊ နန်းရွှေဘုံကို၊ ပေးတုံလတ်ကေ၊ မအပ်မရာ၊ ကျွန်တစ်မူလေ၊ ထီးဖြူမိုးပျာ၊ မစိုးပါလေ။

# မင်းသား ဘဒရသည် တောဝမှော်ရုံမှ နောင်တော်ရာမကို ပင့်ခေါ်ရန် ထွက်ချီစန်း

၁၁၅။ မစိုးပါလေ၊ မြောက်ညာနန်းမ၊ ဖွားမြော်မြင်ကေ၊ သားတော်လှဟု၊ ဘဒရ မင်းသား၊ ပြောစကားမှာ၊ သစ်ကြားဝါးပြိုက်၊ ပွတ်ကာ တိုက်သို့၊ အပြစ်မလွတ်၊ ပြောကာဆိုကေ၊ ဗိုလ်မှူးမတ်တို့၊ နောက်ထပ်တစ်ခါ၊ လျှောက်သည်မှာက၊ ကိုယ်တော်မင်းလှ၊ ဘဒရလည်း၊ အဖအမွေ၊ နန်းမဋ္ဌူမှာ၊ ရိပ်ဖြူမိုးလို့၊ မစိုးပေသော်၊ ရွှေပြည်သာလှ၊ ရုတ္တရသည်၊ ကြေမွထားညက်၊ မင်းမရှိပြည်၊ မြင့်တာရှည်ကေ၊ မတည်ပျက်မည်၊ သို့ဖြစ်သည်ကြောင့်၊ ကြီးငယ်မဟူ၊ အဘယ်သူကို၊ ထီးဖြူပိုင်စေ၊ တိုင်းဌာနေကေ၊ ရွှေပြည်မြတ်ကို၊ အပ်ပါမည်ဟု၊ လျှောက်သည်ကာလ၊ ဘဒရနှင့်၊ ဝရုဏ္ဏမင်းသား၊ ပြောစကားမှာ၊ နောင်ဖွားရာမ၊ လက္ခဏာကို၊ များလှဗိုလ်ပါ၊ စုံလင်စွာနှင့်၊ ပင့်ခေါ်ကြမည်၊ သို့ဖြစ်သည်ကြောင့်၊ မယ်တော်သုံးပါး၊ မှူးမတ်များက၊ ရထား မြင်း ဆင်၊ စီမံပြင်ပျာ၊ ဖခင်စီးငြား၊ အုပ်စိုးပိုင်ကေ၊ ယာဉ်ငါးပါးနှင့်၊ ပုဏ္ဏား ပုဏ္ဏေး၊ ကြေးငွေဟိန်နှင့်၊ ဂုဏ်သိန်မွှေးကေ၊ သူဌေးသူကြွယ်၊ ဟူသမျှကေ၊ လိုက်ရမည်ဟု၊ မိန့်ထွေအာဏာ၊ ချသောခါလျှင်၊ ဗိုလ်ပါပရိသတ်၊ မှူးကြီးမတ်တော်၊ သေနင်္ဂါကေ၊ မယ်တော်မြတ်နှင့်၊ ဆင်တပ်မြင်းစိုး၊ ရထားယာဉ်နှင့်၊ အဆင်သင့်စွာ၊ ချီ၍လာကေ၊ နောင်တော်ရာမ၊ လက္ခဏာညီတော်၊ မေသီတာတို့၊ နေပျော်ကြကေ၊ ဝါဠမိဂ္ဂီ၊ တာပသီလျှင်၊ ခိုမှီစံညောင်း၊ ရညကင်ကေ၊ မြိုင်ခွင်ကျောင်းကို၊ လူပေါင်းများစွာ၊ ရောက်လေပါကေ၊ ညီတော်ဘဒရ၊ ဝရုဏ္ဏတို့၊ မွေးဖခင်ကျော်၊ ခမည်းတော်လျှင်၊ ခန္ဓာရုပ်ပဟောင်း၊ နတ်ပြည်စံကေ၊ သေလွန်ကြောင်းကို၊ အလောင်းရာမ၊ လက္ခဏာအား၊ ညွတ်ခထုတ်မြောက်၊ များဗိုလ်ပါနှင့်၊ ငိုကာလျှောက်ကေ၊ သုံးယောက်မိခင်၊ သားရွှေစင်တို့၊ ပွဲတင်ထပ်မျှ၊ တောမြိုင်ညိုမှာ၊ ငိုတုံကြကေ၊ ယိုကျမျက်ရည်၊ ချောင်းလဟာလေ၊ သီတာမြစ်ယောင်၊ ဖြစ်တော့သည်လေ။

၁၁၆။ ဖြစ်တော့သည်လေ၊ မထေရ်တာပဿ၊ တရားပြလို့၊ သောကကိုဖြေ၊ ဘဒရ ညီတော်၊ နောင်ရင်းချာကို၊ ပန်ထွာမြှောက်ပျာ၊ လျှောက်လတ်တေက၊ မွေးမေမိဖုရား၊ မိန်းမသားမှာ၊ သိကြားနားလည်၊ မရှိခြေ၍၊ နန်းမွေရကြောင်း၊

အမှုရှာပျာ၊ ဆုတော်တောင်းလည်း၊ နောင်ကောင်း မင်းကျော်၊ စိတ်မနာနှင့်၊ ပြည်
ရွာနိုင်ငံ၊ အောင်နက်သံကို၊ ပြန်ကာအုပ်စိုး၊ များဗိုလ်လူကို၊ ထီးဖြူမိုးလို့၊ သတိုးရာ
ဇာ၊ တန်ခိုး ဖြာပျာ၊ စိုးတော်မူကြောင်း၊ နောင်မင်းမွန်ကို၊တောင်းပန်ရှောင်းကော၊နန်း
လောင်းညီလှ၊ ရတုံပေလည်း၊ ပြည်ကိုအုပ်မိုး၊ ကိုယ်မစိုးဘဲ၊ ရှိခိုးကျိုးနွံ၊ နောင်တော်
ရင်းကော၊ ငါမင်းမွန်ကို၊ တောင်းပန်တုံငြား၊ သင့်သဘောကို၊ ဘုရားမုနိ၊ မြတ်သူတော်
လေ၊ပညာရှိတို့၊ ပီတိဝမ်းမြောက်၊ ချီးမွမ်းလောက်လည်း၊ တစ်ယောက်ညီချစ်၊ ဇာ
မရီလေ၊ သာကီမျိုးလေ၊ ကတိုး၌လေ၊ နောင်ချစ်မလို၊ တိုင်းပြည်ကိုလျှင်၊ ညီပျိုမင်း
ငယ်၊ များဗိုလ်ပါကို၊ အာဏာမိုးပျာ၊ အုပ်စိုးလေဟု၊ ဆိုသည်ကာလ၊ ဘဒရမှာ၊ညှိုး
လှမျက်နှာ၊ မသက်သာ၍၊ ပန်ထွာတုပ်မြှောက်၊ နောင်မင်းပျိုကို၊ ငိုလို့လျှောက်တော။

၁၁၇။ ငိုလို့လျှောက်ကော၊ ဘုန်းတောက်တေဇာ၊ ဟေမဝါမှာ၊ ကေသရာ
မျိုး၊ မဟာဆွေကော၊ နွယ်သတိုးလေ၊ ကိုးရာမရှိ၊ ညှိုးဇာတိနှင့်၊ မသိမလိမ္မာ၊ ညီမင်း
ကျော်လျှင်၊ ပြည်ရွာနိုင်ငံ၊ အောင်နက်သံကို၊ ဆက်ဆံဘယ်နှယ်၊ နန်းပလ္လင်မှာ၊
မင်းလျှင် လုပ်ပျာ၊ အုပ်နိုင်မည်လေ၊ အကယ်၍သာ၊ စိုးတုံပါလည်း၊ နောင်တော်နှစ်
ပါး၊ ဖ-မိပမာ၊ သိလိမ္မာနှင့်၊ ရှိပါငြားလျက်၊ ညီတောသူငယ်၊ ဖ-မိပမာ၊ သိလိမ္မာနှင့်၊
ရှိပါငြားလျက်၊ ညီတောသူငယ်၊ ဖအမွေလေ၊ ပြည်ကိုချုပ်ပျာ၊ စိုးအုပ်တော့ဟု၊
အပြည်ပြည်ထောင်၊ သတင်းကြားက၊ မင်းများမြောင်တို့၊ နောက်နောင်ဥဒါန်း၊
ကမ္ဘာမြေလေ၊ ပျက်ကြေကျွမ်းလည်း၊ မော်ကွန်းစာတင်၊ ရာဇဝင်လျှင်၊ တွင်ပါလိမ့်
မည်၊ ညီမင်းငယ်မှာ၊ သည်ကိုတွက်ပျာ၊ ရှက်လှရေလေ၊ လူ့ပြည်လောက၊ ဝေါဟာရ
ဖြင့်၊ များလှလူဗိုလ်၊ ပြောအဆိုမှာ၊ အစ်ကိုကြီးက၊ ကျေးဇူးတင်အောင်၊ သုတ်သင်
ကျွေးကော၊ မွေးအဖဟု၊ နှစ်မကြီးလျှင်၊ ပုံအသွင်က၊ ဂုဏ်အင်ကြီးဘိ၊ စို့စေလို၍၊နို့ချို
ကျွေးကော၊ မွေးအမိဟု၊ ဒန္တိအနက်၊ အတီတေက၊ ရှိသည်ချက်ကြောင့်၊ အသက်တမျှ၊
လောင်းရာမကို၊ အဖလည်းမှတ်၊ ချစ်ကျိုးဆောင်ကော၊ နောင်လည်းမှတ်လို့၊ လေးမြတ်
ရိုသေ၊ နောင်ဘုန်းဝေ၊ ကျွန်နှုန့်နှယ်ပမာ၊ ချစ်စိတ်ဖြာ၍၊ မေတ္တာမမျှ၊ လက္ခဏာကို၊
ဆောက်မျှော်ဆက၊ ဖ-တစ်ဖတည်း၊ ဝမ်း၌ကြင်ကော၊ မိခင်ကွဲလို့၊ မြတ်လေးတွယ်တာ၊
မကြင်နာ၍၊ ဆိုပါသလော၊ တိုင်းနိုင်ငံကို၊ ပိုင်စံချုပ်ပျာ၊ မင်းလုပ်ငြားက၊ တရားဓမ္မ၊
အစစကို၊ ညီလှမင်းငယ်၊ နားမလည်လို့၊ ထွေထွေကိစ္စ ဟူသမျှမှာ၊ အဖပမာ၊
နောင်ဘုန်းဝေ တို့၊ ပြည်တော်စစ်ကို၊ လိုက်သင့်ပါရေ။

၁၁၈။ လိုက်သင့်ပါကော၊ ခါခါပြန်ပြန်၊ အဖန်ဖန်လျှင်၊ တောင်းပန်ကာ
လ၊ နောင် မင်းကျော်လေ၊ လောင်းရာမမှာ၊ ဘဒရင့်ညီ၊ ရှုမခန်းကော၊ ပန်းဒါလီလေ၊
ဌာနီနိုင်ငံ၊ တစ်ဆယ့်နှစ်နှစ်၊ စေ့တုံလိုက်မှ၊ နောင်ချစ်ပြန်၍၊ နန်းခံလိမ့်မည်၊
ယခုလက်ဝယ်၊ ငွေသည်ဖထိ၊ နောင်မင်းမွန်လုပ်၊ ဝန်ခံတုံဘိ၊ အချက်ရှိလို့၊
ကတိသစ္စာ၊ ဖျက်ကာပစ်လို့၊ မလိုက်သာကော၊ ညီတော်ကျေးဇူး၊ ဤရေးရာကို၊ တွေး
မျှော်ရှုက၊ အထူးငါ့တွင်၊ ဘက်မမြင်အောင်၊ တင်ပါပေလျက်၊ ရွှေပြည်နိုင်ငံ၊
ညီငယ်ပြန်လို့၊ နန်းစံတော့လေ၊ မလိမ္မာဟု၊ ပိန်ကာညှိုးကော၊ မစိုးပေနှင့်၊ အကယ်၍
ပင်၊ ညီလု လင်မှာ၊ စီရင်ခဲလို့၊ လွဲမည်ထင်ကော၊ မြေတွင်ချခင်း၊ ငါ့ခြေနင်းကို၊
ညီရင်းမောင်ငယ်၊ ဆောင်ယူလေလို့၊ မွေးသည်ဖခင်၊ ရွှေပလ္လင်မှာ၊ တင်ကာလည်း
ထား၊ တရား ကျူးလွန်၊ မှားကာလျှံ၍၊ မမှန်ငြားက၊ ဖဝါးခြေနင်း၊ နန်းတော်သာတွင်၊
ကြမ်းပေါ် တွင်းကို၊ လျှောဆင်းလိမ့်မည်၊ မှားမလျှံဘဲ၊ မှန်တုံခဲ့သော်၊ အမြဲတည်အံ့၊
သေသေချာချာ၊ မှာပြီးခါမှ၊ လောင်းလျာမှန်ကင်း၊ ဆိုမိဌာန်၍၊ သမံရွက်ကော၊
မြက်ခြေနင်းကို၊ ဆောင်းနှင်းကာအပ်၊ ညီမင်းပျိုကို၊ ကိုယ်ကိုပွတ်လို့၊ သုံးသပ်ပြီးခါ၊
များဗိုလ်ပါနှင့်၊ မယ်တော်မိဖုရား၊ သုံးယောက်အားလည်း၊ နားပါးချကာ၊ ပြောပြီးခါမှ၊
ပြည်တော် နိုင်ငံ၊ နန်းဝေယံကို၊ ပြန်ပါကြလေ၊ ဆိုတုံပေကော၊ မျက်ရည်စက်လက်၊
ညီလှမင်းပျို၊ များလူဗိုလ်တို့၊ ငိုမျက်ခွက်နှင့်၊ မသက်မသာ၊ လောင်းမင်းကျော်ကို၊
ပန်ထွာဦးချ၊ ပြုပြီးမှလျှင်၊ တိုင်းမ,ရွှေပြည်၊ မကြံသာကော၊ စံဌာနကို၊ ပြန်ကြရေလေ။

၁၁၉။ ပြန်ကြလေကော၊ ဗိုလ်ခြေအများ၊ မိဖုရားနှင့်၊ မင်းသားဘဒရ၊
ချစ်စိတ်ယုံကော၊ ဝရုဏ္ဏတို့၊ နန်းမရဝေ၊ ကန္တာရက၊ ပြန်ကြသည်တွင်၊ တိုင်းပြည်စပ်
ကြား၊ လမ်းအနား၌၊ ပန်းများဝေဝေ၊ လေပြည်လေညင်း၊ တသင်းသင်းနှင့်၊ တော
မင်းမဟာဟေမဝါတွင်၊ သေလာဂီရိ၊ မည်ရှိမြင့်ခေါင်၊ ထိုသည်တောင်ကို၊ ညီနောင်
မင်းသား၊ မြင်လေကျင်သော်၊ တိုင်ပင်ပြောဆို၊ နှိုပ်နှောပြီးတွယ်၊ မတ်ဗိုလ်ပါနှင့်၊
မယ်တော်များကို၊ ပြောလတ်တေက၊ ရွှေပြည်အောင်ချာ၊ နန်းဆောင်ကြာသို့၊ နောင်
တော်ဘုရင်၊ တောမြိုင်ခွင်က၊ မဝင်သမျှ၊ ဤဂနိုင်မှာ၊ အရညဖြင့်၊ သီလဆောက်
တည်၊ ထေရ်သခင်လေ၊ ရှင်ရသေ့သို့၊ ငါတို့နေမည်၊ သို့ဖြစ်သည်ကြောင့်၊ ရွှေပြည်
တိုင်းမြတ်၊ နန်းပြာသာဒ်ကို၊ မတ်ကြီးမှူးကြီး၊ အသီးသီးတို့၊ ထိန်းသိမ်းကြလေ၊
မှာတုံပေ၍၊ မနေလျှင်လျား၊ ညီနှင့်နောင်တို့၊ ထိုတောင်တောကို၊ ဝင်သွားကြလေ၊
ထိုခါဝယ်၌၊ ညှိုးငယ်မျက်နှာ၊ မနေသာကော၊ မယ်တော်သုံးယောက်၊ များဗိုလ်ခြေတို့၊
ပြန်လေ မြောက်က၊ ထီးအောက်ပလ္လင်၊ ရောက်ကြကျင်သော်၊ ဘုရင်အချုပ်၊
တိုင်းဌာနေလေ၊ ပြည်ကိုအုပ်လို့၊ မင်းလုပ်မည်သူ၊ တလူမရှိ၊ သို့ဖြစ်ဘိလည်း၊

မတ်ကြီးမတ်ငယ်၊ ပညာကျယ်ကော၊ ပြည်စွယ်ပြည်သွား၊ ဂစိန္ဒာလေ၊ လိမ္မာငြားကော၊ အမျှားမှုူးမတ်၊ လောင်းမင်းကျော်လေ၊ ပေးကာအပ်ကော၊ ဖိနပ်ကိုလျှင်၊ ရွှေပလ္လင်မှာ၊ တင်ကာထားမတ်၊ ရှေ့ကျမ်းဂန်လေ၊ ဓမ္မသတ်နှင့်၊ ကွပ်ညှပ်စီရင်၊ နန်းစည်ရှင်လေ၊ သားရင်သွေးတို့၊ မရှိကျင်လည်း၊ မိခင်သုံးပါး၊ မိဖုရားနှင့်၊ ပြည်သားပြည်သူ၊ အများ လူတို့၊ အားမှူ မယုတ်၊ ထုံးစဉ်လာလေ၊ သဘာဝကော၊ ကြက်မအုပ်သို့၊ အရု တ္တရ၊ သမုတ်ကြကော၊ နဂရသာစည်၊ များပြည်သူကို၊ မပူငြိမ်းအောင်၊ ထိန်းကြလေရေ။

၁၂၀။ ထိန်းကြလေကော၊ ဤဝယ်တစ်ရပ်၊ မိမာတာတို့၊ မျှော်အလွမ်းကို၊ တစ်ခန်း ဖြတ်လို့၊ နံပါတ်ကိုလျှော့၊ လောင်းဖူးငုံလေ၊ မှော်ရုံလမ်းကို၊ တစ်ခန်းပြမည်၊ ရာမ မောင်နှံ၊ ရသေ့ထံမှာ၊ ပျော်စံပြီးထွယ်၊ ခေတ္တာနေလို့၊ ညီငယ်မင်းလှ၊ လက္ခဏာနှင့်၊ ဝါဠမဂ္ဂီ၊ တာပသီကို၊ အညီတူတကွ၊ အဋ္ဌာလီကော၊ ချီပြီးမှလျှင်၊ ထိုက တစ်ခါ၊ တောရိပ်မြုံလေ၊ မှော်ရုံလမ်းကို၊ ချီလှမ်းလာကော၊ ဟေမာရဂုံ၊ မှိုင်းမှုန်မှုန်နှင့်၊ မှော်ရုံ အဝင်၊ စုံတစ်ခွင်မှာ၊ မြူးရွှင် အုတ်ကျက်၊ တကြော်ကြော်ကော၊ ခေါ်နှုတ်ဆက် လို့၊ ကျေးငှက်အပြင်၊ ထိုတောခွင်မှာ၊ ကြံ့ဆင်သစ်ကျား၊ သားရဲများက၊ ကျွဲနွားမြင်း ဆင်၊ ဘေးများဖြင်ကို၊ ဝေးခွင်ဌာန၊ တောမြိုင်ခွင်မှာ၊ မမြင်ရအောင်၊ အစကပင်၊ နတ်လုလင်လဲ၊ လွှင့်နှင့်တုံငြား၊ မြိုင်ရဂုံလေ၊ မှော်ရုံတောမှာ၊ မင်းသားရာမ၊ ညီမင်း ကျော်လေ၊ သီတာလှနှင့်၊ မှီထခိုဝင်၊ ရောက်မည်အင်ကို၊ သိမြင်တုံငြား၊ နတ်သား လုလင်၊ အသင့်ပြင်ပျာ၊ စီရင်ထားလို့၊ စားသောက်မငြီး၊ ချိုအီးအီးကော၊ သစ်သီးပန်း စုံ၊ မွှေးသင်းထုံကော၊ မြူးခုန်ကျေးငှက်၊ တကြော်ကြော်ကော၊ ခေါ်နှုတ်ဆက်သို့၊ အုတ် ကျက်သောင်းညံ၊ ပင်ခက်လံက၊ မြည်တွန်ကြော်ကြွေး၊ သံသာသာနှင့်၊ ပျံကာဝဲလို့၊ ရွှေကျေးမောင်နှံ၊ နွဲ့ပျော်ဟန်မှာ၊ ခေါ်သံလိုလို၊ သောတာရုံမှာ၊ ကြုံသူများတို့၊ နားမှာ ချိုလို့၊ အဖိုအမ၊ သကုဏခေါ်၊ သူ့ဘာသာကော၊ မာဂဓဖြင့်၊ ခေါ်တလူလို၊ သစ်မြုံ တွင်းက၊ ချစ်တင်းဆိုကော၊ ကြိုးညိုလင်းပြာ၊ ကျီးဆက်ရက်ကော၊ ငှက်ဟသ်ာနှင့်၊ ကိန္နရာဖို-မ တူမောင်နှံမှာ၊ ဟန်နှင့်ကလို့၊ မောရဂီဝါ၊ တွန်ကာကြွေးကော၊ ဝဲပျံကာ ဖြင့်၊ သံသာညောင်းညောင်း၊ တူကွမောင်မေ၊ မြရောင်ဝေကော၊ ရွှေဥဒေါင်းတို့၊ သောင်းသောင်းညံညံ၊ အိုးဝေသံနှင့်၊ တွန်သံကထူး၊ ဥသြမောင်နှင့်၊ ဖိုးခေါင်ကျူးကော၊ ကြည်နူးစရာ၊ တကြော်ကြော်နှင့်၊ ပင်ပေါ်ထက်က၊ ညနေညိုတွင်၊ မ-ဖိုတလို့၊ ချိုမြ အသံ၊ ကြားရပြန်သော်၊ နားခံမဝ၊ ထိုအခါလေ၊ မင်းရာမနှင့်၊ လက္ခဏာ သီတာ၊ မြိုင်ရဂုံလေ၊ မှော်ရုံလမ်းကို၊ လှမ်းလို့လာကော၊ မြို့ရွာထီးနန်း၊ ဝေးလို့ကွာပျာ၊ မျှော် ကာတမ်းလို့၊ လွမ်းသည်တစ်ချက်၊ ယရေထက်မှာ၊ ကျေးငှက်တိရစ္ဆာန်၊ မြူးပျော်ဟန်

ကို၊ မြင်ပြန်ကာလ၊ ညီအစ်ကိုတို့၊ ပြည်ကိုတကော၊ လှသီတာမေ၊ စိတ်နုပျိုပျာ၊ ငိုတော့ သည်လေ။

၁၂၁။ ငိုတော့သည်လေ၊ တားဆည်မရ၊ နန်းရိပ်သာပျို၊ လွမ်းစိတ်ပိုကော၊ ပြိုလို့ကျသို့၊ အလှသီတာ၊ ငိုလေပါကော၊ မတ်တော်လက္ခဏ ၊ အစစကို၊ တသ,မပြေ၊ ကျ မျက်ရည်ကို၊ တားဆည်မရ၊ မိမာတာကြောင့်၊ လွမ်းဗျာယနှင့်၊ လွမ်းစလည်းပွေ၊ ညီမင်းပျိုမှာ၊ ပြည်ကိုတမ်းပျာ၊ လွမ်းလတ်တေက၊ ရွှေပြည်အောင်ချာ၊ နဂရာတွင်၊ ရတနာပြောင်ရွှမ်း၊ တပြောင်ပြောင်ကော၊ ဘုံဆောင်နန်းမှာ၊ စံမြန်းပျော်သော်၊ ခုနေ ခါလျှင်၊ သီတာသဘင်၊ ညီလာခွင်ကို၊ ခိုဝင်တုံငြား၊ ဗဟိုရ်စည်လေ၊ မြည်သံဟီးကော၊ တီးသည်များကို၊ နားဝဌ်မှာ၊ သားအလှတို့၊ ကြားရပါရေ၊ ခုသော်တစစ်၊ နန်းနှင့်ကွာ ကော၊ တောမှာဖြစ်လို့၊ တောလိုက်တောဟန်၊ တောကြက်သံကို၊ ကြားပြန်ရငြား၊ တောမြိုင်ခွင်မှာ၊ ကယင်မျိုးကော၊ တောင်ရိုးသားလို့၊ နန်းဖွားနန်းသွေး၊ နန်းမွေး အစစ်၊ နန်းဝေယံမှာ၊ မစံထိုက်ကော၊ ကံညစ်ကာဆိုး၊ တို့ညီနောင်လေ၊ ခေါင်သတိုးတို့၊ အဖိုးမတန်၊ ရှေးကြမ္မာလေ၊ ဇာတာညစ်လို့၊ ဖြစ်ရဖန်ကို၊ တစ်ဖန်ဆွေးနွေး၊ အချက် ရှာပျာ၊ ထွက်ကာထွေးကော၊ မိထွေးကေကော၊ စနက်သွယ်၍၊ ပျက်ကြေစေဖို့၊ ဘဒရ ညီခင်၊ ကြည်မရွှင်အောင်၊ မီးတင်ရှို့ကော၊ ငါတို့ညီနောင်၊ ဇမ္ဗူတောင်မှာ၊ လူယောင် မပေါက်၊ မရီးတော်လေ၊ သီတာလှကော၊ မြပန်းညှောက်နှင့်၊ သုံးယောက်တူကွ၊ နန်း ဝေယံမှာ၊ မစံရဘဲ၊ ဤဂနိုင်လေ၊ စုံမြိုင်ထဲကို၊ ဝမ်းနည်းစဖွယ်၊ ရှေးကြမ္မာလေ၊ ဇာတာမှောက်လို့၊ ရောက်လာသည်ဟု၊ မျက်ရည်စီးယို၊ ညီမင်းပျိုလျှင်၊ ငိုလေသောခါ၊ နောင်မင်းကျော်က၊ ဖြေဖျော်နားချ၊ နန်းရွှေဘုံက၊ စုံမြိုင်ဝကို၊ ထွက်ရသည်မှာ၊ မိထွေးတော်ကို၊ မနာစိတ်က၊ သူ့သည်းချာလေ၊ ဘဒရကို၊ မရှုမျက်မာန်၊ မိမိကံလျှင်၊ စီမံသမျှ၊ လောကဓံတွင်၊ ဖြစ်ပြန်ရဟု၊ ဗုဒ္ဓရှင်စော၊ ရွှေနှုတ်တော်က၊ ထုတ်ဖော်ဟော ကော၊ တရားရှိသည်၊ လှသာကီလေ၊ ငါ့ညီလှမှာ၊ သောကဖြစ်လေ။

၁၂၂။ သောကဖြစ်လေ၊ ဆိုသည်ကာလ၊ ညီတော်ငြိမ်သော်၊ သီတာလှ က၊ စီးကျ မျက်ရည်၊ ပြောကာဆိုပျာ၊ ငိုလတ်တေက၊ ကြီးငယ်မဟူ၊ ခပ်သိမ်းသူကော၊ နတ်လူ အပေါင်း၊ ဖြစ်ပျက်ဟန်မှာ၊ ကံအကြောင်းကို၊ ငယ်ပေါင်းသိလျက်၊ စေ့စေ့ တွက်သော်၊ ဖြစ်ချက်မလှ၊ ချက်မကျအောင်၊ လက္ခဏာမတ်တော်၊ မေ့ဆွေလင်လေ၊ ကြင်မဆုံးကော၊ မောင်ဘုန်းမော်တို့၊ တောင်ညာမိဖုရား၊ မဟေသီလေ၊ ဒေဝီဖွားကော၊ သားကြီးစင်စစ်၊ နန်းမွေခံလေ၊ ဧကန်ဖြစ်လျက်၊ မထိုက်မရာ၊ မျောက်ပမာသို့၊

မြောက်ညာမိဖုရား၊ တစ်ယောက်သားလျှင်၊ မောက်ပွားဂုဏ်ကိုး၊ တရားမဖွေ၊ သားအငယ်က၊ ပြည်ကို စိုးကော၊ အဖိုးမထစ်၊ ကတိုးဆီလျှင်၊ မိုးရေဖြစ်သို့၊ ထောက်စိုက်ထီးဖြူ စိုးမည်သူကော၊ သည်းအူစင်စစ်၊ နန်းမွေခံပျာ၊ မစ်ထိုက်ဘဲ၊ မြိုင်တိုက်ရဂုံ၊ တောမှော်ရုံကို၊ ခိုလှုံရငြား၊ ဖြစ်ခြင်းဟန်မှာ၊ ကံမကောင်းကော၊ အကြောင်းများကို၊ နောက်သားနောင်လာ၊ ဖန်ခါ ခါလေ၊ ကမ္ဘာပတ်လုံး၊ အကြွင်သူလေ၊ ရှင်လူများတို့၊ ပြောမဆုံးအောင်၊ ထုံးရာဇဝင်၊ တွင်မည်အင်ကို၊ မြင်သည်တစ်ချက်၊ တကယ်ဆိုသော်၊ သည်ကိုတွက်၍၊ စိတ်စက် မကြည်၊ အဖြာဖြာကို၊ ဝန်းရံတွက်သော်၊ ရှက်စဖွယ်ဟု၊ မျက်ရည်ယို့ရွှမ်း၊ သီတာပျို မှာ၊ ငိုမြည်တမ်းက၊ ထိုလမ်းကခွာ၊ ရှေ့စခန်းကို၊ လှမ်းလေပါသော်၊ သေလေတောင်ထပ်၊ မြောင်သီတာလေ၊ ဖီလာပတ်လို့၊ ဝါနဗ္ဗဂုမ္ဘော၊ ရဂုံမြေမှာ၊ မွှေကာသွားလျက်၊ ပန်းမြိုင်ခွင်မှာ၊ တန်းတင်ထက်က၊ စမ်းမျက်ရည်ညို၊ တစိုစိုနှင့်၊ ပင်တိုပင်စောက်၊ ခင်စိုင်းဂနိုင်၊ အင်တိုင်းချိုင်မှာ၊ ပင်စည်ပေါက်လို့၊ ဖူးညှောက်ကိုင်းညွတ်၊ သစ်သီးများတို့၊ ပြားပြားဝပ်လို့၊ လှမ်းဆွတ်စေချင်၊ သီးချိုချို့လေ၊ ထိုထိုများတို့၊ ဆိုသောသွင်သို့၊ သစ်ပင်ကိုင်းညွတ်၊ မြေကမ္ဘာမှာ၊ ညာခွေဝိုက်ကော၊ တိုက်မတတ်လျှင်၊ သစ်က ဝတ်မျိုး၊ အရသာမှာ၊ ဖြာလို့ထိုးကော၊ ငှက်ပျိုးမကူလီ၊ မှယင်းနီနှင့်၊ သူတွီသူတွက်၊ အထပ်ထပ်ကော၊ တပွတ်ကနစိုး၊ ချိုအီးအီးနှင့်၊ ရှောက်သီးမျိုးတွင်၊ ခဖြိုးခဖြီ၊ အူနီ သံပရာ၊ မာလကာနှင့်၊ ပဒကာသဘော်၊ သစ်သီးများကို၊ ရွေးငြားဆွတ်ခါ၊ နောင် တော်ကြီးနှင့်၊ မရီးကျော်ကို၊ ညီတော်မင်းငယ်၊ လက္ခဏမှာ၊ ဆတ်သလေကော၊ မောင် မယ်ရွှင်ပြုံး၊ ပွဲတော်စာလေ၊ အာဟာရကို၊ ဝစွာသုံးလို့၊ နှလုံးသာယာ၊ မြိုင်ရဂုံလေ၊ မှော်ရုံတောမှာ၊ သွားလေပါရေ။

၁၂၃။ သွားလေပါကော၊ ဟေမာဂနိုင်၊ သေလာမြိုင်မှာ၊ တောင်စိုင်ပတ်ဝန်း၊ ချောင် ရွှေဝါလေ၊ ဝေဘာနန်းမှာ၊ ဗဟန်းမုက်လှိုင်၊ ပန်းရိပ်မြိုင်တွင်၊ နေထိုင်စလောက်၊ သောနုတ္တိုရ်ရုံတွင်၊ မုဆိုးလွင်ကော၊ ဥမင်ပေါက်နှင့်၊ ကျင်းချောက်အင်းအိုင်၊ ဂနိုင်တော ကြီး၊ ရှစ်မျက်နှာတွင်၊ ရစ်ကာဆီးလို့၊ ရှို့မီးအရောင်၊ တပြောင်ပြောင်နှင့်၊ ယာထောင် ကိုင်းတော၊ ကရင်ဘာသာ၊ လင့်စင်ပေါ်မှာ၊ စံပျော်ပါးလို့၊ သာမောစဖွယ်၊ တစ်တော ဝင်လေ၊ တစ်ပင်နားကော၊ သွားကြလေသော်၊ မြူခြေမှိုင်းမှိုင်း၊ တဆိုင်းဆိုင်းကော၊ အကိုင်းအခက်၊ တစ်ခုထက်တွင်၊ တစ်ခုတင်ကော၊ ပင်ချင်းယှက်လို့၊ အရွက်ချင်းစပ်၊ ခက်ချင်းထပ်လို့၊ မစွက်မိုးရေ၊ နေရောင်ခြည်လည်း၊ မှောင်ကွယ်မလင်း၊ ပန်းရိပ် မြိုင်လေ၊ ဂနိုင်တွင်းမှာ၊ နှင်းယွင်းဂိမှာန်၊ မြောက်လေပုံနှင့်၊ ဟေမာန်ကုန်ရှောင်း၊ ချိန်ရာသီလေ၊ ဂိမှာန်ပြောင်းကော၊ တပေါင်းချီးကျူး၊ ညာဟောင်းကြွေကော၊ နွေရတု မှာ၊ ပျိုနုသာယာ၊ ပန်းတကာတို့၊ အဝါအနီ၊ ညာစီစီနှင့်၊ ရာသီမလပ်၊ ရင့်ကာအငုံ၊ အသင့်စုံ၍၊ ပွင့်တုံလတ်ကော၊ ဇလပ်ခတ္တာ၊ ဆပ်သဝါနှင့်၊ နော်ဇာကြက်ရုန်း၊ နန်းတော်သူဆင်၊ ပန်တော်ဝင်ကော၊ သဇင်ကုံးနှင့်၊ ဂမုန်းစံကားဝါ၊ အဖြာဖြာကော၊ မာလာ ရင်ခတ်၊ ပင်ခက်လန်တွင်၊ ပွင့်ပြန်လတ်ကော၊ ဖက်ဆွတ်သရဖီ၊ ခိုင်ရွှေဖီနှင့်၊ ကတ္တရီ မြစ်ကိုင်း၊ ပန်းစံပယ်ကော၊ ထားဝယ်မှိုင်းနှင့်၊ တတိုင်းလည်းမွှေး၊ နမ်းတိုင်းအေးက၊ မြတ်လေးဝေယာ၊ ဒဝေညာနှင့်၊ စွယ်တော် သော်က၊ အချပ်တစ်ရာ၊ ကတ္တီပါကော၊ ကံ့ကော်စသား၊ ဒေါနမွှေးကြူ ကက္ကရူနှင့်၊ မဥ္ဇူတစ်ထူး၊ ပုဏ္ဏရိတ်ကော၊ ဆိတ်ဖလူးနှင့်၊ ထင်းရှူးငွေခိုင်၊ အင်ကြင်းပန်းကော၊ သင်းပျံ့ကြိုင်တို့၊ ဂနိုင်ကျက်သရေ၊ ပန်းမျိုး စုံကော၊ မှော်ရုံတောမှာ၊ ပျော်ပါးဖွယ်လေ။

၁၂၄။ ပျော်ပါးဖွယ်လေ၊ ညနေမှိုမှို၊ သုံးပိုချိန်နှင့်၊ လင်းချိန်ညဦးယံ၊ နေ့မကျန်ကို၊ ဝတ်ဆံသုံးစား၊ ခတ်တောင်ပံနှင့်၊ ပျံစုရုံးကော၊ ပိတုန်းပျားတို့၊ နားတုံပျံတုံ၊ ပန်းဝတ်မှုန်ကို၊ အာရုံခံစား၊ တွေ့ကြုံသူလေ၊ လူအများတို့၊ နှာဖျားအေးလှိုင်၊ တကြိုင်ကြိုင်နှင့်၊ ဂနိုင်ပတ်ကုန်း၊ ရှုမဆုံးအောင်၊ နှလုံးရမ္မာ၊ မြူးကာပျော်၍၊ မွေ့လျော်စလောက်၊ ပန်းမြိုင်လယ်ကို၊ မောင်မယ်ရောက်လို့၊ နှစ်ယောက်ညီညီ၊ သီတာပျိုတို့၊ ထိုထိုများဖြင့်၊ ပန်းမျိုးစုံတို့၊ အငုံရင့်လို့၊ ပွင့်ခြင်းအင်ကို၊ မြင်သည်ကာလ၊ သီတာပျိုမှာ၊ လိုချင်လှ၍၊ ဆိုဟရကြောင်း၊ ဆင်တော်ရုံလေ၊ ပန်းမှန်တောင်းကော၊ အလောင်းမင်းကျော်၊ လက်ဟတ္ထာနှင့်၊ အသာကိုင်းညွတ်၊ ယဉ်နန်းတော်သူ၊ ပန်းမဥ္ဇူကို၊ လှမ်းယူဆွတ်လို့၊ နဂါးပတ်ကျော့ရုံး၊ မေသက်နုံလေ၊ ကေဆံထုံးမှာ၊ သီကုံးပြီးလျှင်၊ အပြည့်ဆင်ကော၊ ကြည့်မြင်မဝ၊ မဆူမကြုံ၊ ရူပါရုံနှင့်၊ မူပုံရလို့၊တူကွသုံးယောက်၊ ဆန်းဂနိုင်နှင့်၊ ပန်းမြိုင်အောက်မှာ၊ စားသောက်နေထိုင်၊ သဇင်ဖြူကို၊ လေယူသွေးလို့၊ မွှေးကာလှိုင်ကော၊ ကြိုင်တသင်းသင်း၊ ပန်းမွေ့ရာကို၊ ကြကာခင်းသို့၊ ပင်ရင်းအောက်ဝယ်၊ တလင်းမြေမှာ၊ နင်းခြေမအား၊ ပန်းဝတ်မှုန်တို့၊ စုပုံငြားလို့၊ နှစ်ပါးညီနောင်၊ မေနှင့်မောင်တို့၊ မြိုင်ချောင်သာမော၊ ပန်းမြိုင်လယ်ကော၊ ထိုသည်တောက၊ မသွားကြချင်၊ မနော့ရွှင်၍၊ မြိုင်ခွင်သာယာ၊ ထိုတောမှာပင်၊ မွေ့လျော်ကြိုးပမ်း၊ ကမ္ဗဋ္ဌာန်းနှင့်၊ စီးဖြန်းနေချင်၊ သို့ရာတွင်မူ၊ မြိုင်ခွင်ရဂုံ၊ သစ်သီးမျိုးနှင့်၊ ပန်းမျိုးစုံကော၊ မှော်ရုံသာမော၊ ဆယ့်နှစ်တောမှာ၊ လှည့်ငြားတွက်စစ်၊ ဆယ့်နှစ်နှစ်လျှင်၊ တစ်နှစ်တစ်တော၊ မှတ်ပိုက်ငြားလို့၊ ပျော်ပါးကြလေ၊ ဖခမည်းလျှင်၊ မိန့်ခဲ့သည်ကြောင့်၊ မနေသာငြား၊ သစ်သီးပန်းစုံ၊ မွှေးသင်းထုံကော၊ ရဂုံတောမှာ၊ နှစ်ပါးညီ

နောင်၊ မေနှင့်မောင်တို့၊ မြိုင်ချောင်ကန္တာ၊ ယခုဆိုကော၊ ထိုစခန်းက၊ လှမ်းလေပါရေ။

၁၂၅။ လှမ်းလေပါကော၊ သေလာညိုပြောင်၊ ကြီးမြင့်ခေါင်နှင့်၊ တစ်တောင်ကျော်နင်း၊ တောမြိုင်ချောင်မှာ၊ တစ်ထောင်ဆင်းလို့၊ အိုင်အင်းချောက်မြောင်၊ တွေ့မရှောင်ဘဲ၊ ကတောင်ချောက်ချား၊ ပန်းရိပ်မြုံနှင့်၊ မှော်ရုံတောမှာ၊ လှချောသီတာ၊ ဒေဝီချာမှာ၊ ခါခါခေါက်ခေါက်၊ မင်းဘုန်းခေါင်လေ၊ ညီနောင်နောက်က၊ ခုန်မြောက်ပေ့ါပါး၊ မသွားနိုင်သူ၊ တောမြိုင်ငူမှာ၊ နန်းသူလှကော၊ မိန်းမသားလျှင်၊ ယောကျ်ားအဟန်၊ သွားရပြန်၍၊ အလွန်မောပန်း၊ ခရီးကြမ်းမှာ၊ ရိန္ဓမ်းပန်းဟိုက်၊ လှမေပျိုမှာ၊ ကိုယ်သက်ကစ်ကော၊ ပျစ်ပျစ်စီးယို၊ ချွေးစိုစိုနှင့်၊ ကပိုကပါး၊ လမ်းကျောက်ဆောင်နှင့်၊ ချောက်မြောင်ကြားမှာ၊ ဆူးတောချုံပုတ်၊ အရှုပ်ရှုပ်လျှင်၊ ခလုတ်များစွာ၊ အဖြာဖြာကော၊ ချုချာမရ၊ မေလှခြေမှာ၊ ပြေဖူးဖူးနှင့်၊ စူးကာရှလို့၊ နာလှနုထွား၊ ကပါးမြေမှာ၊ ခြေဖဝါးနှင့်၊ မသွားတော့နိုင်၊ ယိမ်းကာယိုင်၍၊ နားထိုင်းပြီးထွယ်၊ တိုင်းအောင်ချာကို၊ မျှော်ကာတမ်းလို့၊ လွမ်းလတ်တေကား၊ ရွှေပြည်အောင်ချာ၊ မိတ္ထိလာတွင်၊ ရာဇာ စောထီး၊ ဇနက္ကတွင်၊ ဖဘုရင်မှာ၊ ကြင်မငြိုးကော၊ သမီးရတနာ၊ မယ်သီတာဟု၊ အကျော်တစော၊ များခြွေရံနှင့်၊ စံမငြီးအောင်၊ အပြီးထားလို့၊ ဖဝါးမြေမှာ၊ တစ်ခဏ မျှ၊ မကျပါဘဲ၊ ရတနာမွမ်းဖြင်၊ စည်းစိမ်အင်နှင့်၊တစ်ပင်မင်းသမီ၊ ဖခင်ထံမှာ၊ စံမငြီးကော၊ ကြီးမြင့်တုံမြောက်၊ သက်နုနယ်ကော၊အရွယ်ရောက်လို့၊ တစ်ယောက်ကြင်ရာ၊ မေ့ထိပ်ချာကော၊ မေတ္တာဆပွား၊ ချစ်ကြိုးနှောင်ကော၊ မောင်ဘုရားနှင့်၊ နှစ်ပါးတူကွ၊ ဖူးစာဖန်ကော၊ ရှေးကံမျှက၊ နှမလိုက်ပါ၊ နန်းဆောင်ကြာမှာ၊ တောင်ညာနှင်းမည်၊ မောင်တို့နေကော၊ ရွှေပြည်သာလှ၊ ရုတ္တာရမှာ၊ ဥက္ကဋ္ဌတွင်၊ မောင်အပြင်ကို၊ အကြင် မရှိ၊ လိုက်တော်မူကော၊ နန်းသူမိဟု၊ သာကီဘုန်းမော်၊ ရအောင်ခေါ်ကော၊ မေ့ရွှာကို ပစ်၊ မောင်တို့နေလေ၊ ရွှေပြည်စစ်ကို၊ မေလိုက်လို့လာ၊ နန်းဆောင်ကြာမှာ၊ တောင်ညာနှင့်ဝေး၊ ဤဂနိုင်လေ၊ ရိပ်မြိုင်ထဲမှာ၊ ရင်သွေးဖြစ်သူ၊ သီတာဖြူလျှင်၊ နေပူမိုး စွတ်၊ မေသက်နုံလေ၊ ခံသည်ဝဋ်ကို၊ ပြည်မြတ်အောင်ချာ၊ မိတ္ထိလာက၊ ပီတာဖခင်၊ ကျေးဇူးရှင်လျှင်၊ မြင်ပါခလိုက်၊ ဤသို့ဖွဲ့ဆို၊ သီတာပျိုမှာ၊ ငိုလို့ဟိုက်တေ။

၁၂၆။ ငိုလို့ဟိုက်ကော၊ ပျစ်ပျစ်စီးထွက်၊ လှမေပျိုမှာ၊ ငိုမျက်ခွက်ကော၊ ယိုမျက်ရည် နှင့်၊ ရွှေပြည်ကိုမှန်း၊ တောဟေမာက၊ မျှော်ကာလွမ်းလို့၊ မြပန်းရိပ်မြိုင်၊ တစ်ပင်တိုင် ကို၊ အပိုင်စိုးထွယ်၊ ဖခင်ပြည်မှာ၊ နေသည်ကာလ၊ ဖဝါးခြေလျှင်၊ မြေမကျဘဲ၊မွေးဖ မင်းကြီး၊ ချစ်မငြီးကော၊ တစ်ထီးရတနာ၊ သမီးတော်ဟု၊ မနော်ပန်းကုံး၊ အုံ့မဆုံးကော၊ နန်းလုံးကျက်သရေ၊ ယခုပေက၊ အသရေသိမ်မွေး၊ ပင်နန်းသူလေ၊ ဖြူပုလဲလျှင်၊ အကဲမထစ်၊ ဆယ်ခါဥဖန်၊ ရွှေသုဝဏ်လေ၊ ဇမ္ဗူရစ်လျှင်၊ ခဲဖြစ်သည်ဟန်၊ တောမြိုင်ယံမှာ၊ ပူပန်ဆင်းရဲ၊ တိုင်းနှင့်ကွာကော၊ ရွာနှင့်ဝေးလို့၊ ဝတ်လေထဘီ၊ တိုင်းကာသိန်မှာ၊ အောက်ခြေစုတ်ပြတ်၊ ကျုတ်ဖွတ်ဖွတ်နှင့်၊ ငတ်မွတ်ခေါင်းပါး၊အလားလားကော၊ ဖဝါးဒူးခြေ၊ သွေးစက်ဖြာပျာ၊ ကွဲကာအက်လို့၊ ညက်ညက်ကြေ၍၊မျက်ရည်ယိုစီး၊ မေတို့နေက၊ ရွှေပြည်ကြီးမှာ၊ အထိန်းအယ၊ နန်းဝေယံမှာ၊ ရံကာခကော၊ ကုန်းမများ ဖြင်၊ မေဖြစ်အင်ကို၊ မမြင်လာကြ၊ အဖြာဖြာကို၊ မျှော်ကာတမ်းကော၊လွမ်းရှုတလို့၊ အလှသီတာ၊ သစ်ရိပ်ညိုပျာ၊ ခိုခါနားလို့၊ ငိုသောခါလျှင်၊ လောင်းတော်ရာမ၊ သီတာပျိုလေ၊ ညိုနှမကို၊ ချိုမြသာကြည်၊ ဆိုလတ်တေက၊ မျက်ရည်စီးယို၊အလိုလိုလေ၊ ငိုယိုနွမ်းရိ၊ လှမေပျိုမှာ၊ ကိုယ်မခိုကော၊ ရှိပြန်တော့မည်၊ ဤလူ့ပြည်မှာ၊ ကြီးငယ်မဟူ၊ ခပ်သိမ်းသူကော၊ နတ်လူအများ၊ မျောကြမကုန်၊ ဩဃဆုံကော၊ ဘုံသုံးပါး၌၊ သွားလာသမျှ၊ တထိန်ထိန်လေ၊ စိန်မှန်ကင်းမှ၊ ထင်းဖြစ်ရသို့၊ သုခတစ်ဖန်၊ဒုက္ခတစ်လှည့်၊ မကောင်းတွေ့မူ၊ အကောင်းဟုန်လည်း၊ ကြုံလို့တွေ့မည်၊ လှကေမှာ၊ ရွှေပြည်ကိုလွမ်း၊ ရွှေနန်းကိုတ၊ ငိုလို့နေသော်၊ ခြေမလှကော၊ ကိစ္စမကျီ၊ လှမေသီကော၊ ဒေဝီ ဖော့ပန်း၊ ရှေ့စခန်းကို၊ လှမ်းပါကြမည်၊ ဆိုတုံလေကော၊ မေသီတာလှ၊သားနုနယ်နှင့်၊ ခြေနာလှ၍၊ ထ-မသွားနိုင်၊ ဤတောမြိုင်မှာ၊နားထိုင်ပန်းမော၊ကျားသစ်ဆင်တို့၊ ကိုက်ငင်စားလည်း၊ပန်းမောနွမ်းယိုင်၊ခဏတာကို၊ထကာလားကော၊မသွားနိုင်လေ။

၁၂၇။ မသွားနိုင်ကော၊ နန်းစဥ်သခင်၊ မေ့ငယ်လင်လေ၊ မကြင်မသနား၊ မေသီတာ ကို၊ သည်မှာထားလို့၊ နှစ်ပါး ညီအစ်ကို တောမြိုင်ညိုမှာ၊ သွားလိုလျှင်သွား၊ သီတာ ပျိုမှာ၊ ခြေတစ်ဖဝါးမျှ၊ မသွားပါနိုင်၊ ထီးနန်းစိုင်ကို၊ လည်ကိုဖက်ကာ၊ ငိုလေပါကော၊ သီတာနှမ၊ မောင်ချစ်သူကော၊ လှရှုပကို၊ အစကပင်၊ ဤခြင်းအင်ကို၊ ရှုမြင်တုံငြား၊ မလိုက်ပါနှင့်၊ ခါခါတားလည်း၊ ထောင်နား မနာ၊ တောမှော်ရုံလေ၊ ရဂုံတိုက်ကို၊ လိုက်လို့လာကော၊ သီတာနှမ၊ ယနေ့ရက်မှာ၊ မေ့တွက်တာကြောင့်၊ ခက်ပါလှလို့၊ လက္ခဏာညီငယ်၊ ဤစခန်းမှာ၊ မောပန်းဖြေလို့၊ နေလျှင်ကောင်းမည်၊ မကောင်းမည်ကို၊ ညီငယ်စဥ်းစား၊ အကောင်းအဆိုး၊ ပေါင်းနှစ်မျိုးတွင်၊ ကြောင်းကျိုးများကို၊ ညီဖွားလိမ္မာ၊ သင့်သဘောကို၊ ပြောစမ်းပါဟု၊ မေးတော်မူက၊ လက္ခဏာမှာ၊ တွက်ဆ ဆင်ခြင်၊ လျှောက်ခြင်းအင်က၊ ဘုရင်မင်းဖျား၊ လက်ရုံးတော်ထောင်၊ ဘုန်းတော် ပြောင်ကော၊ နောင်ဘုရားလေ၊ ဤတော ဤတောင်၊ ဤမြိုင်ချောင်မှာ၊

သားကောင် လှီးဖျက်၊ သွေးစက်စက်နှင့်၊ မြိုင်နက် ကန္တာ၊ လက္ခဏာကို၊ တွက်ကာ ဆင်ခြင်၊ ဘီလူးယက္ခ၊ ကန္တာရဟု၊ စိတ်ကထင်ကော၊ နေလျှင်ခက်လှ၊ ဘေးဘယနှင့်၊ ဤက တစ်ခန်း၊ မြိုင်ညိုညိုမှာ၊ ရွှေ့ကိုလှမ်းသော်၊ သားချမ်းရိပ်မြိုင်၊ သီးချိုင်ချိုင်နှင့်၊ ဂနိုင် ကျက်သရေ၊ တောမှော်ရုံတွင်၊ ဂုဏ်သီရိနှင့်၊ ဘုမ္မိမြေဟု၊ အန္တရာယ် ခပ်သိမ်း၊ ကပ်မလိမ်းဘဲ၊ ကင်းငြိမ်းလွင့်ဝေး၊ ထေရ်သခင်လေ၊ ရှင်ရသေ့တို့၊ ပျော်မွေ့နေရာ၊ ထိုဟေမာကို၊ သွားပါကြမည်၊ ဆိုတုံလေကော၊ ညီငယ် လက္ခဏ၊ မောင်မရီးတော်၊ တစ်ထီးပျော်ကော၊ သီတာလှလျှင်၊ ပါဒခြေနာ၊ တစ်ဖဝါးမျှ၊ မသွားပါဟု၊ များစွာငြင်းခုံ၊ သို့ဖြစ်တုံ၍၊ ရဂုံသာလှ၊ တဲခိုမှီပျာ၊ ဤဌာနမှာ၊ ခေတ္တပန်းဖြေ၊ တစ်ခဏမျှ၊ နေကြမည်ဟု၊ ဆိုလေသည်နောက်၊ နှစ်ယောက်ညီနောင်၊ မေနှင့်မောင်တို့၊ မြိုင်ချောင်အောက်မှာ၊ ဆောက်လုပ်စံမြန်း၊ သစ်ခက်နန်းနှင့်၊ စခန်းကိုတွယ်၊ နောင်နှင့်ညီလေ၊ သီတာလှနှင့်၊ နေကြသည်လေ။

(တစ်ခန်းရပ်)

# ဟာနုမန်၏ အတ္ထုပ္ပတ္တိ

၁၂၈။ နေကြလေကော၊ ဆင်ခြေနိဒါန်း၊ နောင်နှင့်ညီငယ်၊ မောင်နှင့်မေတို့၊ ပြည်ထွက်ခန်းကို၊ လွမ်းအောင်လည်းဖွဲ့၊ စကားလမ်းမှာ၊ နားတန်ဆာဖြင့်၊ ဆန်းကာ ချဲ့လို့၊ ရွှေ့ဝတ္ထုကို၊ စပ်ပြုဆိုသော်၊ ဟိုအထက်က၊ စကားရနှင့်၊ ကိသကိန္ဓရာ၊ ဘွဲ့သညာနှင့်၊ အောင်ချာဌာနေ၊ မြို့ရွာတည်လို့၊ သုံးကုဋေကျော်၊ မျောက်များစွာတွင်၊ ထင်ပေါ်ကဲလွန်၊ သတ္တိဟုန်နှင့်၊ ဂုဏ်ပေါင်းစု ကော၊ ဟာနုမာန်ဟု၊ ပြင်းထန်တန်ခိုး၊ မျောက်အမျိုးတွင်၊ နွယ်ရိုးစဉ်လာ၊ သူ့ပီတာက၊ မဟာပရဝ၊ ဝဟာနကော၊ ကျော်ကြား ဂုဏ်ရှိ၊ သူ့အမိမှာ၊ ဟာရိမုဋ္ဌ၊ ရုပ်ရည်လှလို့၊ မည်ရတုံငြား၊ သူ့နာမည်မှာ၊ လေဟာစားနှင့်၊ ရောနှောတူကွ၊ အကြောင်းပါလို့၊ ပေါင်းဖော်ကြသော်၊ သားလှနုမန်၊ ရလေပြန်၍၊ လျင်မြန်ပေ့ပါး၊ စွမ်းသန်ငြားကော၊ ခွန်အားကြီးဘိ၊ ကိုယ်ခန္ဓာမှာ၊ နှစ်ဂါဝုတ် ကော၊ အဟုတ်ရှိလို့၊ သတ္တိပြည့်စုံ၊ တောရဂုံမှာ၊ မြူးခုန်ပျော်ပါး၊ ထွန်းပကျက်သရေ၊ လနှင့်ကြယ်ကော၊ နေရထားတို့၊ သွားလာမပြတ်၊ ဤကမ္ဘာလေ၊ ပေါ်ကတည်းက၊ ဆယ့်နှစ်ရပ်ကို၊ လှည့်ပတ်သွားရာ၊ မျောက်မဟာမှာ၊ မျှော်ကာ ကြည့်ကျင်၊ ထက်အာ ကာမှာ၊ ကျီးအာသီးသို့၊ ထူးထူးမြင်ကော၊ လိုချင်စိတ်တပ်၊ စိတ်သန်ဟုန်နှင့်၊ ခုန်ကာဆွတ်လို့၊ ပြာသာဒ်ဝေယံ၊ နေဗိမာန်ကို၊ မှောက်လှန်တုံငြား၊ လက်ဝါးပြင်တွင်၊ တင်က စားလို့၊ သွားလာမငြီး၊ ဆယ့်နှစ်လီကော၊ ရာသီမဖြောင့်၊ ဒက္ခိဏာဥတ္တရာ၊ ယာဉ်နှစ်ဖြာကို၊ ကူးကာသန်းကော၊ လမ်းမဖြောင့်ဘဲ၊ အနှောင့်အယှက်၊ ရှိသည်တွက်ကြောင့်၊ စက်ယန္တရား၊ လေးကျွန်းလေးပြည်၊ ထွန်းရောင်ဝေကော၊ နေနတ်သားတို့၊ သိကြားမင်းထံ၊ လျှောက်လေပြန်သော်၊ ပြင်းထန်လက်နက်၊ ဝရဇိန်လေ၊ အရှိန်တိုးကော၊ မိုးကြိုး စက်နှင့်၊ တစ်ချက်လျင်မြန်၊ ပစ်လိုက်ပြန်သော်၊ နုမန်ထိုမျောက်၊တောမြိုင်ချောင်တွင်၊ ချောက်မြောင်အောက်ကို၊ ဇောက်ထိုးမနေ၊ လက်နက်ဒဏ်လေ၊ ထိမှန်ရှုကော၊ ကျလေသည်လေ။

## ရာမစေကျွန် စစ်မှိုလ်မှူး
## ဟာနုမန်အကြောင်း

၁၂၉။ ကျလေပါကော၊ မဟာပရိ၊ မဟာပရိ၊ အမည်ရှိကော၊ အဖလေနတ်၊ ထိုခြင်း အင်ကို၊ မြင်ပြန်လတ်က၊ သည်းပွတ်ကြင်နာ၊ သားရင်းချာကြောင့်၊ လျင်စွာသွား မြောက်၊ သိကြားမင်းထံ၊ အကြောင်းပြန်ပျာ၊ တောင်းပန်လျှောက်လို့၊ မျောက်အာ ဇာနည်၊ ကျွန့်သက်ဝေကို၊ ဝရဇိန်လက်နက်၊ မလိမ္မာကော၊ တစ်ခါမိုက်လို့၊ မပစ်သင့်ပါ၊ ထောက်ချင့်စာနာ၊ များမကြာခင်၊ လောင်းတော်ရာမ၊ ခေါင်းဆယ်ခွနှင့်၊ မာနမျက် အိုက်၊ စစ်လျှင်ဖြစ်လို့၊ တိုက်ခိုက်ကြရာ၊ မျောက်များစွာနှင့်၊ ထိုခါစင်စစ်၊ ရာမမင်း မူ၊ အတူတူကော၊ စစ်ကူလိုက်လို့၊ တိုက်ခိုက်မည်သူ၊ အရေးယူလို့၊ သည်းအူစင်စစ်၊ ဖြစ်ပါတော့သည်၊ လျှောက်တုံပေကော၊ နတ်ပြည်စိုးခြင်း၊ သိကြားမင်းလည်း၊ အရင်း ဇာတိ၊ ဖြစ်ခြင်းရာကို၊ ငါမသိလို့၊ ပစ်မိတော့သည်၊ သို့ဖြစ်ပေလည်း၊ မသေစေရ၊ ရာမမင်းကျော်၊ သူ့တွက်တာကြောင့်၊ ငါလျှင် မ-မည်၊ ဆိုတုံပေ၍၊ မနေချက်ချင်း၊ ချောက်စမ်းအိုင်နှင့်၊ တောမြိုင်တွင်းကို၊ သက်ဆင်းပြီးလျှင်၊ နတ်ဘုရင်မှာ၊ ရေစင် သွန်းမြောက်၊ ဘေးကျမ်းကွာကော၊ ချမ်းသာရောက်လို့၊ မျောက်ဟာနုမန်၊ ရှင်လေပြန် ကော၊ ဇေယျာအောင်ဆု၊ ရန်သူဘောင်မှာ၊ အောင်စေကျူလို့၊ အမူကြံတွေ့၊ ယခုနေက၊ စ၍နောက်နောင်၊ အရေးကြုံသော်၊ မီးပုံကြီးကော၊ ညီးပြောင်ပြောင်လည်း၊ မလောင်မချစ်၊ သေစေချင်၍၊ ရေတွင်ပစ်လည်း၊ မနစ်မမွန်း၊ ဓားမပေါက်ဆိန်၊ ဝရဇိန်လေ၊ လိမ်ကာပဲ့ကော၊ မှည့်မစွမ်းဘဲ၊ ချမ်းချမ်းသာသာ၊ တစ်ကမ္ဘာကို၊ ရှည်ကြာ အသက်၊ ဟာနုမန်ကို၊ ဆုမွန်ရေးလျှင်၊ ပေးကာမြွက်လို့၊ အထက်နတ်ပြည်၊ ပြန်သွား လေကော၊ ထိုသည်ကာလ၊ ထိုနေ့ကလျှင်၊ စ၍တစ်ဖန်၊ ပေးသည်ဆုကြောင့်၊ ဟာနု မန်မှာ၊ လျင်မြန်ပေါ့ပါး၊ ပြည့်ဖြိုးစုံကော၊ စွမ်းဂုဏ်အင်နှင့်၊ ပြေးလွှားခုန်ပေါက်၊ စံကာဝါပျံ့ကြိုင်၊ ရန်နိုင်လှိုင်ကော၊ ပန်းမြိုင်အောက်မှာ၊ မျောက်ဟာနုမန်၊ နေပျော်စံကော၊ တစ်ရံရောခါ၊ ရသေ့ကျော်တို့၊ ဆရာကြီးထံ၊ စာကျမ်းဂန်ကို၊ သင်အံ့လေ့ကျက်၊ စျာန်မဂ်ဖိုလ်ကို၊ လိုသည်တွက်ကြောင့်၊ ဆောင်ရွက်ကျမ်းဂန်၊ ဆရာထံမှာ၊ စာအံသွားရာ၊ နုမန်ဆိုကော၊ ထိုသည်မျောက်မှာ၊ ခြောက်လှန့်ကာဖြင့်၊ စာရွက်စာအုပ်၊ စာထုပ်ကမွလွှ၊ ဆုတ်ပစ်ပေ၍၊ ပြက်ရယ်ပြုပြား၊ ရသေ့ငယ်လေ၊ မထေရ်များကို၊ အပွားဂျင်ရည်၊ ဟာနုမန်မှာ၊ လွန်သရမ်းကော၊ ဖျန်းတော့လေသည်။

၁၃၀။ ဖျန်းတော့သည်ကော၊ မထေရ်များစွာ၊ သွားလေပါ၍၊ ဆရာကြီးထံ၊ ရောက် လေပြန်သော်၊ ပန်ကာလျှောက်ငြား၊ ကြောင်းမျိုးစုံကို၊ အကုန်ကြားက၊ မြတ်ဖျား ဆရာ၊ ရသေ့ကျော်မှာ၊ မျှော်ကာချင့်ထောက်၊ ငဒုသီလေ၊ ဤသည်မျောက်က၊ နောက်ခါနောင်ခါ၊ ငါ့ကိုသော်လည်း၊ လော်မာပြုလျက်၊ သင်တို့ကိုမူ၊ အတူတူကော၊ သူနှောင့်ယှက်လို့၊ နှိပ်စက်တော့မည်၊ မှတ်တုံပေ၍၊ မထေရ်မြတ်မွန်၊ ရသေ့ပျံ့မှာ၊ ဓိဋ္ဌာန်သစ္စာ၊ ပြုခြင်းရာက၊ မိစ္ဆာမျောက်မျိုး၊ အားကိုယုံ၍၊ ဂုဏ်ကိုကိုးလို့၊ ဆိုးသွမ်း ညစ်ညူ၊ မကောင်းမှုလျှင်၊ ယခုပင်ရောက်၊ သင့်ခန္ဓာလေ၊ နှစ်ဂါဝတ်မှာ၊ တစ်ဆုပ် လျှောက်နှင့်၊ လန့်ကြောက်ခါတုန်၊ အားခွန်ကုန်၍၊ ပိန်ကြုံလျော့ပါး၊ ရဲစိတ်ပျောက် ပြေ၊ မျောက်ဖော်ရွှေကို၊ ကြောက်စေသောဟု၊ မနောဓိဋ္ဌာန်၊ ပြုလိုက်ပြန်သော်၊ ဘုန်းကံကြီးလှ၊ ရင့်ပါရမီ၊ ကျင့်စာဂီလေ၊ ညီအမျှဖြင့်၊ သီလသစ္စာ၊ ရှိပါတုံငြား၊ သူတော်ကောင်းကော၊ အလောင်းများတို့၊ ဆိုပြောသမျှ၊ တောင်ထိပ်ပေါ်မှာ၊ ကြာပင် ရောက်လို့၊ ပေါက်ပြန်ရသို့၊ ငဆနုမန်၊ အားခွန်ကုန်ပျာ၊ ပိန်ကြုံခြောက်လို့၊ ကြောက် အားသန်ပျာ၊ မျက်ဆန်သီသုတ်၊ ဖင်ပိန်ပိန်ကော၊ နံရေရှုပ်နှင့်၊ တစ်ဆုပ်လျှောက်သာ၊ ဖြစ်လေပါကော၊ များစွာလန့်ကြောက်၊ အရေးအရာ၊ ဘေးဘယာကို၊ တွေးမျှော် ထောက်လို့၊ မျောက်အပေါင်းတွင်၊ ဂုဏ်ပေါ်ထင်ကော၊ ဗေဒင်စကြာ၊ ဆေးပညာကို၊ လိမ္မာတတ်မြောက်၊ ပညာဟုန်နှင့်၊ သိမ်ဂုဏ်ထောက်ကော၊ မျောက်စကုမန်၊ ဆရာ ဝန်ကို၊ ဖြစ်ဟန်စကား၊ အကြောင်းပြန်ပျာ၊ တောင်းပန်ပြောလို့၊ ကြီးမားဝေဒနာ၊ ကျွန့်ရောဂါကို၊ ဆရာကုမှ၊ ဘေးကျမ်းကွာ၍၊ ချမ်းသာရမည်၊ ဆိုတုံလေကော၊ ဟို သည်မျောက်မွန်၊ စကုမံမှာ၊ ဖြစ်ဟန်ဓိပ္ပာယ်၊ သူလျှင်ပြောလို့၊ ကြားသိလေ၍၊ ဘယရောဂါ၊ သင့်မှာသော်လေ၊ ဖြစ်ငှာမဟုတ်၊ ရသေ့ကျော်လေ၊ သူတော်ကောင်း ကို၊ မကောင်းလုပ်လို့၊ ရုပ်ဝေဒနာ၊ ဖြစ်ခြင်းရာကို၊ ငါလျှင်ကိုယ်တိုင်၊ မကုနိုင်ကော၊ အရညကင်၊ သူတော်စင်ကို၊ အသင်ကန်တော့၊ အပြစ်ဒဏ်ကို၊ ဝန်လျှင်ချမှ၊ ဘယ ကင်းကွာ၊ လွတ်ချမ်းသာ၍ ကျန်းမာလိမ့်မည်၊ ဆေးဆရာမှာ၊ တွေးမျှော်ငြားပျာ၊ ပြောလိုက်တေလေ။

၁၃၁။ ပြောတုံလေကော၊ ယုံကြည်ပြီးခါ၊ ရသေ့ကျော်ကို၊ ပူဇော်သွားမည်၊ သို့ဖြစ် သည်ကြောင့်၊ လုံးငယ်လုံးကြီး၊ ပန်းသစ်သီးကို၊ အပြီးဖွေရှာ၊ ကျွန့်ကိုသာလျှင်၊ ကျောင်းတော်ရောက်အောင်၊ ဆရာဝန်လေ၊ လမ်းညွှန်ပြပျာ၊ ရှေ့ကဆောင်ပါ၊ နောက်နောင်အခါ၊ ကျေးဇူးတော်ကို၊ ဆပ်ပါတော့မည်၊ တောင်းပန်လေကော၊ မနေ

သာငြား၊ ဆေးဆရာနှင့်၊ အဖော်ပြုပျာ၊ နှစ်ဦးသွားက၊ မြတ်ဖျားဆရာ၊ ရသေ့ကျော်၏၊
ရွှေ့တော်မျောက်ကို၊ ရောက်သောခါလျှင်၊ ပစာယန၊ ပြုပြီးမှလျှင်၊ ကိစ္စတစစ်၊ ဤသို့
ရှိဟု၊ ဣသိမြတ်မွန်၊ ရသေ့ပျံတို့၊ သည်းခံကျင့်ဝတ်၊ အခွင့်လွှတ်မှ၊ သင့်မြတ်မည်
ကြောင်း၊ ဟာနုမန်မှာ၊ ကျူးလွန်ခြင်းကို၊ ခွင့်ပန်တောင်းက၊ ကျင့်ကောင်းသိမ်မွေ့၊
ထေရ်သခင်လေ၊ ရှင်ရသေ့မှာ၊ ရွှေ့အတိတ်က၊ ဉာဏ်ဆင် ခြင်ကေ၊ သိမြင်လတ်၍၊
ခွင့်လွှတ်ပြစ်ဒဏ်၊ လွတ်လိုပြန်မူ၊ ဘုန်းကံကြီးငြား၊ ဆောက် စိုက်ထူပျာ၊
ထီးဖြူဆောင်းကေ၊ လောင်းမင်းသားနှင့်၊ တွေ့ငြားသောခါ၊ သင့်ကျော ပေါ်ကို၊
ဟတ္တာနှင့်ပွတ်၊ လက်နှင့်ဟပ်၍၊ သုံးသပ်ကာလ၊ ကြီးမြင့်သံပျာ၊ အားခွန် ပြည့်ကေ၊
ဟိုရှေ့ကသို့၊ ဖြစ်ရလိမ့်မည်၊ ငါဆရာ၏၊ မှာစကားကို၊ မှတ်သားလေဟု၊
မထေရ်မြတ်မွန်၊ ပြော လေပြန်သော်၊ နုမန်ထိုမျောက်၊ အားခွန်ကုန်ကေ၊ ပိန်ကြုံ
ခြောက်၍၊ လန့်ကြောက်ထိတ်ရွံ့၊ ဖော်များရာလေ၊ ဘာသာကြားကို၊ မသွားဝံ့ဘဲ၊
ခိုင်ညွန့်ခက်ဖြာ၊ တောနက်ရာကို၊ ဝှက်ကာပုန်းကွယ်၊ ပန်းမြိုင်ချောင်မှာ၊ တစ်ကိုယ်
တည်းလျှင်၊ ရှောင်လွှဲနေကေ၊ ရေကြည်ပတ်ဝန်း၊ ကိဿခေါ်ကေ၊ ကိန္နရာနန်းကို၊
စံမြန်းနှင်းနှိပ်၊ သတင်းဟိတ်နှင့်၊ သုကြိတ်မင်းမှာ၊ မေဘတ္တာဟု၊ တောင်ညာမျောက်မ၊
အောက်ကွက်တွင်သည်၊ သား သက်ဝေကို၊ သန္ဓေရလို့၊ တည်စခါတွင်၊ မဖွားခင်ကို၊
အားအင်ကြီးလှ၊ မဟိံသဟု၊ ယက္ခတစ်ထူး၊ သူ့နဂိုမှာ၊ ဦးချိုဖြဲကေ၊ ကျွဲဘီလူးလျှင်၊
ရန်ဆူးရန်ငြောင့်၊ အနှောက်အယှက်၊ နန်းမြိုင်ခွင်ကို၊ ဝင်ကာဖျက်လို့၊ ထွက်ကာ
လည်းတိုက်၊ မျောက်ညီအစ်ကို၊ မကြည်ညိုဘဲ၊ ထိုအခိုက်တွင်၊ ဖြစ်ကာရန်ရ၊ စစ်ရန်
မလို၊ ဒေါသကဲမောက်၊ ညီနှစ်တေနာင်လေ၊ နှစ်ကောင်မျောက်တို့၊ တစ်ယောက်
တစ်ဖက်၊ လွန်ပြင်းထန်ကေ၊ မျက်မာန်ထွက်လို့၊ လက်နက်နှင့်ပစ်၊ သွားစကြာနှင့်၊
ဖက်ကာကိုက်လို့၊ တိုက်ခိုက်ကြရာ၊ ထိုအခါဝယ်၊ ဘောလီတွင်၊ ညီလုလင်က၊ အင်
အားတက်တုန်း၊ သုကြိတ်ခေါ်ကေ၊ နောင်တော်ရှုံးက၊ ပြည်လုံးဥက္ကဋ္ဌ၊ ကောလီလေ၊
ညီအရင်းလျှင်၊ မင်းအထွက်ဟု၊ နန်းရပ်ထီးဖြူ၊ သိမ်းကာယူလို့၊ ကြင်သူဘတ္တာ၊
မရီးတော်ကို၊ တောင်ညာထားပျာ၊ စံစားပျော်လို့၊ နောင်တော်ကိုလျှင်၊ ညီမင်းငယ်မှာ၊
မနေရဘဲ၊ ပြည်ကနှင်ကေ၊ ကြို့ပင်နန်းထိပ်၊ စိတ်မရွှင်ဘဲ၊ သစ်ပင်ရိပ်မှာ၊
သုကြိတ်မျောက်သည်၊ မကြံသာကေ၊ မာန်မာနနှင့်၊ နေရရေလေ။

၁၃၂။ ဤလည်းလည်းကေ၊ ဤလည်းတစ်ခန်း၊ တန်းခိုးရှာမှာ၊
နေစံပျော်ကေ၊ ဆရာထွန်းက၊ ဥဒါန်းသက်သေ၊ ရှေ့ဖြစ်မှုကို၊ ဝတ္ထုသွယ်လို့၊
ပဝေသဏီ၊ ထုံးကိုမှီပျာ၊ ကုံးစီပြသ၊ ရှေးဝေါဟာလေ၊ ပေါရာဏဖြင့်၊ ရာမသာခြင်း၊
ယခုထပ်မံ၊ ပုံနှိပ်ဟန်ကို၊ ညွှန်ကာလင်းမည်၊ မင်းအင်္ဂလိပ်၊ သတင်းဟိတ်နှင့်၊
နင်းနှိပ်စိုးထွယ်၊ ရခိုင်ပြည်တွင်၊ စစ်တွေသုမြို့၊ ပြည့်စုံလင်ကေ၊ အင်မချို့ဘဲ၊
မျိုးမင်္ဂလာ၊ နဂရာတွင်၊ ခေါ်ဝေါ်လူ များ၊ နာမည်တွင်ကေ၊ တင်တစ်ပါးနှင့်၊
ရွှေပြားရပ်နေ၊ မြို့စစ်တွေတွင်၊ ကုန်သည် မောင်မောင်၊ အကြင်သူလေ၊
ရှင်လူများကို၊ စီးပွားဆောင်လေ၊ ထိုနောင်တဝ၊ စိတ်ရည်သန်၍၊
ကြံတိုင်းမြောက်ကေ၊ ရူပရုပ်က၊ မောက်ကောက်ရတို့၊ ခနဥစ္စာ၊ ငွေသပြာနှင့်၊
သမ္မာဇီဝ၊ သက်မွေးရန်ကို၊ ကြံတုံကြလို့၊ လောကတံထွာ၊ ဓမ္မတာဖြင့်၊
ကိုယ်မှာရှိငြား၊ ရတနာလေ၊ သပြာများနှင့်၊ ဘင်္ဂလားရန်ကုန်၊ သွားလာစုန်လို့၊
ကုန်ငယ်ကုန်ကြီး၊ လိုရာရာကို၊ ရှာတုံပြီးမှ၊ သေးသေးသွယ်သွယ်၊ စုံအောင်ဝယ်၍၊
စစ်တွေမြို့ထဲ၊ အနောက်လမ်းကေ၊ အောက်တန်းဈေး၌၊ ရပ်ဝေးရပ်ပါး၊ ကျွန်းရွာ
သူလေ၊ လူအများကို၊ နှစ်ပါးအကျိုး၊ သဘောရိုးနှင့်၊ အဖိုးတန်ရာ၊ ဆိုင်ဒုက္ကန်မှာ၊
စံအပေါင်းကို၊ ရောက်ကြခါ၌၊ ကျွန်းရွာမြို့သူ၊ အချို့လူတို့၊ မူနိဿယ၊ လေ့လာဝသီ၊
ဖွဲ့ကာစီကေ၊ ဆေးပီယသို့၊ ရာမသာခြင်း၊ နေ့မကျန်ပင်၊ မေးပြန်လျှင်း၍၊ ခပင်း
ရှင်လူ၊ ဝယ်ချင်သူတို့၊ ရှေးရှုထောက်ရှု၊ တောင့်တခြင်းကို၊ အရင်းပြု၍၊ နှစ်ဦးနှီးနှော၊
ကောက်ရမောင်နှင့်၊ မောင်မောင်တို့မှာ၊ ကိုယ့်စီးပွားထက်၊ အများအကျိုး၊ နှစ်ပါးတိုး
အောင်၊ ရိုးရိုးမနှော၊ တို့သဘောဖြင့်၊ နှီးနှောတူကွ၊ တိုင်ပင်ခံ၍၊ ရှာကြံကြသော်၊
ရာမသာခြင်း၊ မူရင်းတစ်အုပ်၊ ရကေပြန်သော်၊ လွန်အယုတ်ကို၊ ကုန်းလုပ်စီမံ၊
ဆရာထံမှာ၊ တောင်းပန်ပြီးခါ၊ ဤကဗျာတွင်၊ အက္ခရာဝါကျ၊ ပုဒ်ပါဒတို့၊ ယုတ်လျော့
ယိုယွင်း၊ ချို့တဲ့ခြင်းကို၊ ဖြည့်သွင်းစီစစ်၊ မြို့ရန်ကုန်တွင်၊ ပုံနှိပ်တိုက်က၊ ရိုက်နှိပ်
ကောင်းစွာ၊ ဝယ်ချင်သူလေ၊ လူအပေါင်းကို၊ ရောင်းလိုက်ပါကေ၊ ဤမှာတစ်ရပ်၊
စခန်းသတ်၍၊ ရွတ်ဖတ်သူများ၊ ဆေးကွမ်းယာတွင်၊ လိုရာကောက်ကေ၊ သောက်ကာ
စားလို့၊ ပန်းမောလည်းဖြေ၊ ဖြစ်ပျက်ဟန်က၊ ပြန်ကာပြောကေ၊ နားကြကေလေ။

## မေဂမ္ဘီ ဘီလူးမနှင့် နှစ်ဦးနှစ်ဝ
## ဒုသ ခယ သားယက္ခတို့ အကြောင်း

၁၃၃။ စခန်းမယေရပ်ခို၊မောပန်းဖြေပျာ၊ နေပြီး၍လျှင်၊ ညဥ့်ဗဟိုမှာ၊ ရှေ့ကိုတစ် ခန်း၊ ဆန်းထက်ဆန်းလို့၊ အလွမ်းလည်းပို၊ အငိုလည်းစု၊ အနုလည်းကျ၊ ရထားနှင့်မူ၊ သီတာဖြူကို၊ ခိုးယူခန်းကို၊ လွမ်းလို့ပြမည်၊ သိယီပြည်ကို၊ စိုးသည်ယက္ခ၊ဂမ္ဘီမေလေ၊ ဆွေနှမမှာ၊ ငယ်ကကျွမ်းကြင်၊ ခင်ပွန်းလင်ကို၊ ခေါ်တွင်ကျော်စော၊ ပုဏ္ဏာဂါးသို့၊ ဂုမ္ဘောဒေဝ၊ မည်နာမနှင့်၊ ဧရာဘီလူ၊ ဂမ္ဘီမေနှင့်၊ ဂဟေဟပ်ကော၊ ခတ်မြင်းကူးလို့၊ စပ်ပူးတူကွ၊ ပေါင်းဖော်ကြကာ၊ ဒုသတွင်ခေါ်၊ သားတစ်ယောက်ကို၊ ဖွားမြောက်မြော် ၍၊ အတော်အတန်၊ ကြီးလေပြန်သော်၊ တစ်ဖန်နောက်မှ၊ သားသူငယ်ကို၊ ဖွားလေ ကလျှင်၊ ခယတွင်ငြား၊ ဘွဲ့တော်ခြေကာ၊ နာမည်ထားလို့၊ သားနှစ်ယောက်လျှင်၊ ရတုံကျင်သော်၊ ဖခင်ယက္ခ၊ ဂုမ္ဘောကလည်း၊ ရာဂတဏှာ၊ ကိလေမှောင်လေ၊ နှောင် အဖွဲ့ကို၊ မမွေ့လျော်လို့၊ သူတော်သူကောင်း၊ လုပ်လိုပြန်၍၊ ခွင့်ပန်တောင်းသော်၊ ငယ်ပေါင်းဂမ္ဘီ၊ မသတီ၍၊ မအီမသာ၊ နေခြင်းရာကို၊ ရာဇာဒသ၊ ဂီရိကလျှင်၊သိရ သောခါ၊ နှမတော်ကို၊ ခေါ်ဝေါ်စစ်ဆေး၊ ကြောင်းမျိုးစုံကို၊ အကုန်မေးက၊ ရင်သွေး တွင်မြောက်၊ သားနှစ်ယောက်ကြောင့်၊ စားသောက်ရန်သည်၊ စိုးလှုပေဟု၊ လျှောက် လေသောခါ၊ သူ့မောင်ရင်းကော၊ မင်းရာဇာက၊ သူတော်သူကောင်း၊ လုပ်မည်အင်ကို၊ သင်နှောင့်ယှက်ကော၊ မဖျက်ကောင်းလေ၊ ခွင့်တောင်းသည်ရေ၊ သင်၏လင်ကို၊ ခုပင် ပေးလော၊ ရင်သွေးနှစ်ယောက်၊ ပုလဲညှောက်တို့၊ စားသောက်ရန်ရေး၊ မြို့ကျေးရွာ ကို၊ ငါလျှင်ပေးမည်၊ ဆိုတုံလေ၍၊ မြိုင်ခြေရဂုံ၊ တောမှော်ရုံမှာ၊ နတ်လူတိရစ္ဆာန်၊ ထိုမြိုင်ယံမှာ၊ ရောက်ပြန်တုံငြား၊ လွယ်တကူကော၊ ဖမ်းယူစားဟု၊ ပေးငြားကာလ၊ ဥာဏ်ပလီနှင့်၊ ဂမ္ဘီမမှာ၊ အားရဝမ်းသာ၊ ထိုအခါမှ၊ သွားရာကြောင်းရေး၊ မိမိလင်ကို၊ ခွင့်လျှင်ပေးကော၊ ပြည်ထဲကခွာ၊ သားဖခင်လေ၊ လင်ဂုမ္ဘောမှာ၊ သွားလေပါ၍၊ ဟေမာမြိုင်တော၊ မွေ့လျော်ရာမှာ၊ ခိုကာနားလို့၊ တရားဆောက်တည်၊ နေတုံလေ ကော၊ မေဂမ္ဘီမ၊ သားဒုသနှင့်၊ ခယသည်းချာ၊ ဒွေးနှစ်ဖြာကို၊ မာတာမိခင်၊ ရွှေနို့ရှင် မှာ၊ သုတ်သင်မြတ်လေး၊ ညီနှင့်နောင်ကို၊ ကြီးအောင်မွေးကော၊ ဆယ့်လေးငါးခြောက်၊ လှတင့်တယ်ကော၊ အရွယ်ရောက်က၊ နှစ်ယောက်အတူ၊ သားသည်းအူကို၊ မှော်ရုံဂနိုင်၊ ရဂုံမြိုင်ကို၊ အပိုင်အပ်မည်၊ ဂမ္ဘီဉာဏ်နှင့်၊ ကြံလတ်တေလေ။

၁၃၄။ ကြံလတ်တေကော၊ သားငယ်အကြီး၊ နှစ်ယောက်စုကို၊ ခေါ်တုံပြီးမှ၊ မြိုင်ကြီး ရဂုံ၊ တောမှော်ရုံကို၊ လုံခြုံအပ်မည်၊ သို့ဖြစ်သည်ကြောင့်၊ ပိုင်လေကြငြား၊ ငါ့ချစ်သား တို့၊ တောမှော်ရုံမြိုင်၊ ထို ဂနိုင်မှာ၊ ကိုယ်ပိုင်နယ်ခြား၊ ဆောက်စိုက် ပြိုင်ပျာ၊ ကျောက် တိုင်စွဲကော၊ အမြဲထားလို့၊ နောင်သောအခါ၊ မမှားသာအောင်၊ သွားကာ ဝိုင်းဖြတ်၊ ထိုမြိုင်ခြေမှာ၊ နယ်လေးရပ်ကို၊ သတ်ကြတုံလေ၊ မိမာတာလျှင်၊ မှာလိုက်မည်က၊ ပြုဗ္ဗဒီသာ၊ ရှေ့မျက်နှာမှာ၊ သီတာပင်လယ်၊ အပြော ကျယ်ကော၊ မြစ်ရေသြဃ၊ မှော်ရုံမြေကို၊ ပတ်လည်ဝန်းကော၊ ကမ်းနားကျလေ၊ ထိုကဖြောင့်ဖြောင့်၊ ရှေ့တောင် ထောင့်နှင့်၊ ဒေါင့်စတုရန်း၊ ထိုနေရာက၊ ဖြတ်ကာဆန်းကော၊ ပတ်ဝန်းခွေမြောင်၊ ဒက္ခိတောင်မှာ၊ ကျောက်ဆောင်သေလာ၊ ယခုထိလျှင်၊ ရှိခြင်းရာကို၊ တွေ့ပါလိမ့်မည်၊ မိသက်ဝေတို့၊ မှတ်လေလုံးလုံး၊ ထိုတောင်ခြေလျှင်၊ နယ်အဆုံးဟု၊ နှလုံးပိုက်ပါ၊ ထိုကျောက်ဆောင်ကော၊ တောင်ဒက္ခိက၊ ခရီးလာသော်၊ နွယ်သာရစ်ဖုံး၊ ခ က်လက် မစုံ၊ ကျိုးပဲ့တုံကော၊ အကုန်ပြုံးလို့၊ ညွန့်တုံးဖျားတောင်း၊ ရစ်ပတ်အုံကော၊ ချုံပိတ်ပေါင်း နှင့်၊ ကျီးပေါင်ခြာအုံ၊ ခွမျက်ဆုံမှာ၊ နွယ်ချုံရစ်အုပ်၊ ဖြူဖြာဖြာကော၊ ချုချာရှုပ်လို့၊ သစ်ပုပ်ပင်ကြီး၊ တစ်ခုရှိ၏၊ သားကြီးသားငယ်၊ ထိုသစ်ပင်မှာ၊ ခိုဝင်မှားလို့၊ မနားလေ နှင့်၊ တားသည်စကား၊ နှစ်ပါးမောင်ကော၊ ညီနောင်သာလို့၊ အခြားမဟုတ်၊ ကုသေဆို ကော၊ ထိုတောအုပ်မှာ၊ လုတ္တကတွင်ငြား၊ မုဆိုးသားကို၊ တောကျားကိုက်ထွယ်၊ အစိမ်း သေ၍၊ တစ္ဆေဖုတ်စစ်၊ ထိုသစ်ပင်မှာ၊ ခိုဝင်ချမ်းကော၊ အကြမ်းဖြစ်လို့၊ သားချစ်နှစ် ယောက်၊ ထိုသစ်ပင်တွင်၊ ခိုဝင်ငြားလို့၊ အမောဖြေကော၊ နားနေမြောက်က၊ လန့် ကြောက်စဖွယ်၊ ခြောက်လိမ့်မည်ကြောင့်၊ ထိုသည်နေရာ၊ တန့်မနားဘဲ၊ သွားလေ ပါသော်၊ နှစ်ဂါဝုတ်လောက်၊ ခရီးပေါက်သော်၊ အနောက်မျက်နှာ၊ ရောက်လေပါက၊ သေလာဂီရိ၊ စိမ်းညိုမှောင်ကော၊ ထိုတောင်ကြီးလျှင်၊ ဆီးလို့ရှိလျက်၊ တွေ့ကြလိမ့်မည်၊ သားသက်ဝေတို့၊ သောလာညိုမှောင်၊ ထိုသည်တောင်တွင်၊ ယခင်ရှေ့ခါ၊ ဆေးဝိဇ္ဇာတို့၊ ဂါထာအင်းအန်၊ ဆေးမန္တန်ကို၊ စီမံလိုမြောက်၊ ကျောက်သေလာကို၊ ထွင်းကာ ဖောက်ကော၊ အကောက်တစ်ထောင်၊ အစောက်ဆောင်လို့၊ လိုဏ်ချောင်ဆိုတွင်း၊ ထိုဥမင်မှာ၊ ခိုဝင်ပြီးငြား၊ နှစ်ပါးသက်ဝေ၊ ကစားပေပျာ၊ မနေမှားနှင့်၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာနှင့်၊ တွေ့ပါလိမ့်မည်၊ ထိုတောင်ခြေလေ၊ နယ်စပ်ကြားက၊ သားသက်ဝေတို့၊ သွားလေသည်နောက်၊ လေးဂါဝုတ်ကျော်၊ ယူဇနာလေ၊ တာခရီးကို၊ အပြီးရောက်က၊ မြောက်ဥတ္တရာ၊ ရပ်ခန့်ဝါမှာ၊ သူတော် သူကောင်း၊ တရားမွေ့လျော်၊ ရှေ့အခါလေ၊ ပျော်ကျိန်းအောင်းကော၊ တောကျောင်းဝိဟာ၊ သခ်မ်းသာကို၊ တွေ့ပါလိမ့်မည်၊ ယခု

ဝယ်က၊ တောလည်မှုဆိုး၊ တစ်မျက်နှာက၊ ဖျက်ကာဆီးကေ၊ မီးနှင့်ရှို့လို့၊ တချို့ကြွင်းကျန်၊ သခ်မ်းဖန်ဝါ၊ ဖွတ်ရှိရာမှာ၊ ကျောက်ဖျာခင်းလို့၊ တွင်းရေကန်နှင့်၊ စကြံအနောက်၊ စိန်းလှညိုပြောင်၊ မြရိပ်ဆောင်ကေ၊ ပညောင်အောက်မှာ၊ နှစ်ယောက်သက်ဝေ၊ ညောင်းညာငြားက၊ မောပန်းဖြေလို့၊ နာနေပြီးခါ၊ များမကြာခင်၊ ပြန်လာတုံလတ်၊ မွေးမိမာတာ၊ သားနှစ်ဖြာကို၊ မှာပြန်လတ်တေ။

၁၃၅။ မှာပြန်လတ်ကေ၊ ထပ်ထပ်ခါခါ၊ မိမာတာလေ၊ ဇရာဝယ၊ သက်ဇီဝေလျှင်၊ အရွယ်ကျလို့၊ ဒုသုခယ၊ သားသက်စုကေ၊ ရှုမဝတို့၊ မိဘအမွေ၊ မှော်ရုံမြေကို၊ နယ်ပယ် ခွဲခြား၊ မိခင်မာတာ၊ မရှိပါသော်၊ သိသားငြားအောင်၊ မမှားစေနိုင်၊ကျောက်စာတိုင်ကို၊ ကိုယ်ပိုင်နယ်ခြား၊ သားချစ်ရတနာ၊ သွားပြီးခါမှ၊ စိုက်ကာထားဟု၊မှာကြားသောအခါ၊ မိမာတာကို၊ သဂါရဝ၊ နောင်နှင့်ညီလေ၊ ဦးနှိမ်ချလို့၊ ကန်တော့သောခါ၊ မိရင်သွေးကေ၊ ပုလဲညာတို့၊ သွားလာလှည့်လည်၊ မကြာစေနှင့်၊ မွေးမေငါက၊ သားလှနောင်ညီ၊ သတိုးစိတ်ကြောင့်၊ စိုးရိမ်လှဟု၊ပုန္န ပုန္နံ၊ အဖန်ဖန်လျှင်၊ မှာပြန်ကာလ မိခင်ထံမှာ၊ ခံအာမဖြင့်၊ ပြည်ကထွက်ခွာ၊သွား လေပါလို့၊ စံကားဝါငုံ၊ နံ့သာထုံကေ၊ မှော်ရုံဂနိုင်၊ ရဂုံမြိုင်မှာ၊ ထုံကြိုင်သင်းသင်း၊ ငုံအခိုင်လေ၊ လှိုင်ရနံ့ကေ၊မွှေးပျံ့ခြင်း ဖြင့်၊ မြိုင်တွင်းဟေမာ၊ မိမာတာလေ၊ မှာသည်လမ်းကို၊ လှမ်းလို့လာသော်၊သီတာမြစ်နား၊ လျှင်မနေကေ၊ ရောက်လေငြားက၊ ဆောက်ထားကြမ်းခိုင်၊ ကျောက်စာတိုင်နှင့်၊ ကိုယ်ပိုင်နယ်ခြား၊ ထိုကတစ်ခါ၊ နောက်မျက်နှာကို၊ လျှောက်ကာထား၍၊ ခြားနားသိုက်မြိုက်၊ ကျောက်စာတိုင်ကို၊ ခိုင်အောင်စိုက်လို့၊ ယက္ခိုက်ညီနောင်၊ မြောက်နှင့်တောင်ကို၊ ရောက်အောင်သွားလား၊ သေလာကျောက်တိုင်၊ ခိုင်ထက်ခိုင်အောင်၊ ပိုင်နက်ခြားလို့၊ ထား၍ပြီးခါ၊ မြိုင်သာယာလေ၊ မှော်ရုံသာမော၊ ဆယ့်နှစ် တောကို၊ လှည့်ငြားပတ်ထွေ၊ ညီအစ်ကို လေ၊ ထိုဘီလူးတို့၊ မြူးထူးပျော်ပျာ၊ လာကြသည်လေ။

၁၃၆။ လာတုံလေကေ၊ ထိုသည်အခါ၊ သစ်နန်းသာမှာ၊ လောင်းတော်ရာမ၊ လှသီ တာလေ၊ ညာပန်းခက်နှင့်၊ စက်ပျော်ကြလို့၊ လက္ခဏာညီငယ်၊ စောင့်လို့နေကေ၊ ထိုသည်အခိုက်၊ ညီအစ်ကိုလေ၊ ထိုနှစ်ဦးကေ၊ ဘီလူးမိုက်တို့၊ အလိုက်သင့်စွာ၊ ရှုမျှော် ကြည့်လို့၊ လှည့်လည်လာလေ၊ ရှေ့မှာခရီး၊ ဝေးမနီးတွင်၊ သမီးမောင်နှံ၊ စက်ပျော် ဟန်ကို၊ မြင်ပြန်ကာလ၊ ဘီလူးညီအစ်ကို၊ မြူးကြည်ညိုကေ၊ ပြောဆိုကြလို့၊ ညီလှရှုမျှော်၊ ထိုနေရာမှာ၊ ဒေဝါမနုဿ၊ အဝေးကကြုံ၊ တွေးဆတုံလည်း၊ လူနှင့်နတ်ကို၊ မှတ်မရဘဲ၊ တူကွသုံးယောက်၊ ရှိမြောက်တုံပြီး၊ ထိုလူကြီးကို၊ ကိုကြီးစားမည်၊ သည်လူငယ်ကို၊ ညီငယ်စားပါ၊ အလယ်မှာလျှင်၊ နေပျော်ရှိကေ၊ မိန်းမမှာက၊ ရှုမျှော်မဝ၊ ယခုမူလေ၊ သူ့ရှုပလျှင်၊ လှလည်းလှသည်၊ သို့ဖြစ်ပေ၍၊ အဝေမစေ့၊ ဖြစ်တုံဘိလို့၊ ကိုကြီးကြင်ရာ၊ ငါ့ညီထွေးမှာ၊ မရီးတော်လျှင်၊ ခေါ်ဖို့ထားမည်၊ ပြောတုံလေကေ၊ မဖွယ်မရာ၊ ညီယက္ခကေ၊ ယခုမှာက၊ နောင်တော်ဒုသ၊ သက်ခြောက်ဆယ်ကေ၊ အရွယ်ကျလို့၊ လှပရုပ်ရည်၊ ထိုမိမေလဆင်၊ ညီငယ်ကြင်ရာ၊ နောင်ဒုသမှာ၊ ခြေမသာလဆင်၊ တော်ပါလိမ့်မည်၊ ဤသို့ဝေလျှင်၊ ပြောနေတုံကြ၊ လက္ခဏာညီတော်၊ ကြားသောခါလျှင်၊ မျှော်ကာလှည့်ကေ၊ ကြည့်ကာလ၍၊ ယက္ခရုပ်သွင်၊ မြင်လေကျင်သော်၊ နင်တို့နွယ်ရိုး၊ တောမြိုင်လယ်မှာ၊ ဘယ် အမျိုးဟု၊ ရှိခိုးပြီးလျှင်၊ ငါဘုရင်ကို၊ လျှောက်တင်ရမည်၊ ဆိုတုံလေကေ၊ ထိုသည်ယက္ခ၊ ဘီလူးနှစ်ကောင်၊ နှစ်ဦးမောင်တွင်၊ နောင်ဒုသက၊ မာနတိုးပွား၊ နင်တို့များကို၊ ငါကားခုလျှင်၊ မစားခင်က၊ နားတင်လိုက်စေ၊ တို့မျိုးနွယ်ကို၊ သိလေရအောင်၊ ပြောပြမည်လေ။

၁၃၇။ ပြောပြမည်လေ၊ နားတည် မှတ်သား၊ ငါ့ခေတ်ကျောရိုး၊ ထုတ်ပြောမှသည်၊ ဒြပ်ဟုန်နှင့်၊ ဂုဏ်သတ္တိကို၊ သိတော့မည်လား၊ ကြီးကျယ်တေဇာ၊ တို့နွယ်လာက၊ ဗြဟ္မာအမျိုး၊ ပါရမီလေ၊ ထိန်ထိန်ကြိုးကို၊ တန်ခိုးကြီးဘိ၊ သိဃ်ီပြည်တွင်၊ ခေါင်းဆယ် ခွဟု၊ ငါ့ဦးရီးက စီးနင်းတုံငြား၊ မိုးတိမ်ယံကို၊ ပျံနိုင်ငြားကေ၊ ရထားစကြာ၊ ရတုံပါ၍၊ အသူရာမှန်ကင်း၊ ဒြပ်လင်းကေ၊ နတ်မင်းသော်မှ၊ တစ်ထီးရတနာ၊ သမီးတော်ကို၊ ဆက်ပါရလို့၊ ရာဇာမှန်ကင်း၊ ဦးရီးမင်းမှာ၊ ကိုယ်ရင်းနှမ၊ ဘွဲ့တော်ချီကေ၊ ဂမ္ဘီလှက၊ ယုယမြတ်လေး၊ ရွှေနို့ချိုနှင့်၊ တို့ကိုမွေးကေ၊ ရင်သွေးရတနာ၊ နောင်ဒုသနှင့်၊ ခယခေါ်ကေ၊ ညီတော်နောင်ရင်း၊ နှစ်ပါးမင်းဟု၊ သတင်းတစ်ထူး၊ တို့စွမ်းအင်ကို၊ သင်လူသားမှာ၊ မကြားဘူးလား၊ ဘီလူးမှန်ကင်း၊ ဦးရီမင်းမှာ၊ သားရင်းအသွင်၊ စိတ်ကထင်၍၊ မြိုင်ခွင်ရဂုံ၊ တောမှော်ရုံကို၊ အကုန်အပ်နှင်း၊ ငါတို့ပိုင်ကေ၊ ဂနိုင်တွင်း ကို၊ စာရင်းသည်နေ့၊ သက်ဇီဝိန်လေ၊ သေချိန်စေ့လို့၊ မရွှေ့မှန်စွာ၊ သင်တို့မူလေ၊ တူသုံးယောက်တို့၊ ရောက်လို့လာကေ၊ အစာအာဟာရ၊ ငါတို့ကလည်း၊ ဆာလှတုံ လိုက်၊ မွတ်လို့နေကေ၊ ဤအခိုက်နှင့်၊ အလိုက်သင့်စွာ၊ တို့ဝမ်းတိုက်မှာ၊ ကိန်းပိုက် ကာဖြင့်၊ နေပါရမည်၊ ဖြစ်တုံပေလျက်၊ မထီလေးစား၊ သက်ချမ်းသာရန်၊ အတောင်း ပန်လေ၊ ခံမပြောဘဲ၊ စကားမောက်မောက်၊ မလန့်ကြောက်ကေ၊ လျှောက်လေတင် လော၊ အပြောမော်ပျာ၊ ဝါမကြွားနှင့်၊ အစားခံငှာ၊ သင့်အဖော်ကို၊ ခေါ်ကာလည်းနှိုး၊ စားကောင်းဖွယ်လေ၊ ရေမိုးချိုးလို့၊ ရှိခိုးပြီးခါ၊ တို့ထံမှာလျှင်၊ အစားခံမည်၊ သာအယာဖြင့်၊ လာကြစေဟု၊ ဆိုသည်ကာလ၊ လောင်းသမ္ဘိန်လေ၊ ညီပန်းခက်ကေ၊ လက္ခဏာက၊

ပါးစပ်ကိုကိုး၊ ဘီလူးမျိုးတို့၊ တန်ခိုးကိုပြ၊ ငါ့ကိုသော်လေ၊ သာမညဟု၊ မှတ်ကြတော့သည်၊ တို့နွယ်လာလေ၊ ခြင်းဇာတိကို၊ မသိချေလေ။

၁၃၈။ မသိချေလေ၊ ဟယ်. . . ဘီလူးမျိုး၊ းသွားစွယ်မျှင်ကို၊ အားအင်ကိုးလည်း၊ အကျိုးဘယ်သို့၊ နင်တို့တွင်လေ၊ ထင်နိုင်မျိုလိမ့်၊ ငါတို့မျိုးနွယ်၊ ဘုန်းတော်ဟုန်နှင့်၊ ဂုဏ်သတ္တိကို၊ မသိချေလို့၊ မော်ပေသလား၊ တန်ခိုးတေဇာ၊ မျိုးနွယ်လာကို၊ ဖော်ကာ ပြောမည်၊ မှတ်သားပြီးလျှင်၊ မသတ်ခင်ကို၊ နင်တို့နားလည်၊ တပြောင်ပြောင်လေ၊ မြရောင်ထွန်းလို့၊ တောင်ကျွန်းမြေမှာ၊ ရွှေပြည်ရုတ္တရ၊ ဥက္ကဌတွင်၊ သမ္မတနွယ်ရိုး၊ ထီးနန်းတည်ပျာ၊ အရှည်စိုးကော၊ ဘေးဘိုးသန့်စင်၊ ဘုန်းတေဇာနှင့်၊ သမ္မာရှိကော၊ သာကီဝင်ဟု၊ ဖခင်မင်းလှ၊ ဒဋ္ဌရမှာ၊ မဂ္ဂမဟာ၊ တောင်ညာပျော်ကော၊ မယ်တော် မိဖုရား၊ ရွှေလင်ပန်းတွင်၊ ချင်းသန့်စင်ပျာ၊ မြင်မြော်ဖွားကော၊ သားကြီးရာမ၊ လက္ခဏဟု၊ ထွန်းပတေဇော်၊ တို့ညီနောင်လေ၊ ဘုန်းရောင်လင်းလို့၊ သတင်းတော်ကို၊ မိစ္ဆာဘီလူး၊ ကုယောင်ပင်လေ၊ သင်တို့နားမှာ၊ မကြားဘူးလား၊ ထူးဝိသေသ၊ မိတ္ထိလာမည်၊ ထီးနန်းတည်ကော၊ ပြည်ဌာနဥ်၊ အဋ္ဌစန္ဒာ၊ လေးစကြာကို၊ တင်ခါတုန်းက၊ မင်းပေါင်းငေးမှိုင်၊ မကြံနိုင်ကော၊ လက်မှိုင်ချလို့၊ ငါ့နောင်တော်ရင်း၊ ရာမ-မင်းက၊ သောင်းတွင်းစကြဝဠာ၊ သိမ့်သိမ့်ခါအောင်၊ စကြာရွှေလေး၊ ဆွဲကာငင်ပျာ၊ တင်နိုင် ရေးနှင့်၊ ရွှေလေးသခင်၊ နှုန်းနိုင်ပေါင်လေ၊ ဘုန်းရောင်ထွန်းလို့၊ စွမ်းဂုဏ်အင်ကို၊ နင်တို့ဦးရီး၊ ဘီလူးကြီးနှင့်၊ ကြောက်ကြိမ်း ကျငြား၊ ရှက်အားနှင့်သာ၊လက်ဖျားခါကော၊ ပြန်ကာသွားရ။

# အလောင်းတော်ရာမ၊ လက္ခဏနှင့် ဒုသ၊ ခယတို့ စစ်တိုက်ခန်း

၁၃၉။ ပြန်ကာသွားကော၊ ကြီးမားဂုဏ်အင်၊ တို့ညီနောင်လေ၊ ဘုန်းရောင်ထွန်းလို့၊ စွမ်းခြင်းအင်ကို၊ နင်တို့ဘီလူး၊ မပြောဘူးလား၊ နှစ်ဦးညီအစ်ကို၊ မြိုင်ညိုညိုကို၊ မှီခို၍သာ၊ သစ်နန်းသာမှာ၊ နောင်တော်ရာမ၊ မရီးကျော်ကော၊ သီတာလှနှင့်၊ တူကွ စက်တော်၊ ပျော်မွေ့ရာတွင်၊ ရုပ်ဝါဆိုးညစ်၊ သားစားကြူးကော၊ ဘီလူးမိုက်က၊ ကိုက်မည်စားမည်၊ ပြောလာပေကော၊ မထီးလေးစား၊ သံကျယ်ကျယ်ကော၊ မြေမပြောနှင့်၊ နောင်ဖွားကြင်ရာ၊ မရီးတော်လျှင်၊ နိုးကာလန့်မြောက်၊ နင်တို့ရုပ်သွင်၊ ဖြုတ်ချေး မြင်သော်၊ မရွှင်ညိုးတော၊ စိုးလန့်ကြောက်မည်၊ သို့ဖြစ်ပေ၍၊ အသေလတ်လတ်၊ ဤတစ်ခါကို၊ ငါမသတ်ဘဲ၊ သက်လွတ်စေရေး၊ သင်တို့ကိုသာ၊ ငါရာဇာလေ၊ ချမ်းသာပေး၏၊ ရပ်ဝေးကိုသည်၊ သွားကြလေဟု၊ ဆိုသည်ကာလ၊ ညီအစ်ကိုလေ၊ ထိုယက္ခတွင်၊ ဒုသနောင်တော်၊ ပြောခြင်းရာက၊ မှော်ရုံသာမော၊ ငါတို့တောမှာ၊ အစားခံငှာ၊ သင်တို့သုံးယောက်၊ ရှေ့ကံမှောက်၍၊ ရောက်လို့လာကော၊ သေခါနီးလိုက်၊ အရမ်းဆိုက်၍၊ ပရစ်ပဒေါက်၊ မလန့်ကြောက်ဘဲ၊ လှန်ခြောက်ခြိမ်းကာ၊ ပြောတုံပါလည်း၊ ငါ့တို့မလွှတ်၊ သွားစကြာနှင့်၊ ကိုက်ကာညှပ်လို့၊ ကြွပ်ကြွပ်ဝါးလိုက်၊ တို့ဝမ်းတွင်လေ၊ မစင်ဖြစ်မည်၊ အလစ်သင့်ငြား၊ မှော်ရုံမြိုင်သာ၊ တို့ပိုင်ရာကို၊ မှာကာထားလို့၊ အစားခံမည်၊ သနားဆွေလျှင်၊ ရောက်ပေတုံလျက်၊ သည်အတွက်ကြောင့်၊ အိပ်မ်ထင်ထင်၊ အစာအာဟာရ၊ လာဘ်လာဘကော၊ စုတ်ရချင်လို့၊ မြင်ပေတုံငြား၊ မဟာနွယ်လေ၊ မဟာဖွားကို၊ စားရမှာသာ၊ ဘုန်းတေဇာလေ၊ တိုးပါတော့မည်၊ သူ့စိတ်တွင်လေ၊ ထင်သဘောကို၊ ပြောကြသည်လေ။

၁၄၀။ ပြောလေပါကော၊ ညီတော်မင်းလှ၊ လက္ခဏက၊ မာနမျက်မာန်၊ ထွက်တုံပြန် ၍၊ သေကံလည်းဆိုက်၊ ဘီလူးမိုက်ကြောင့်၊ အပြစ်နောင်ခါ၊ မရောက်သာအောင်၊ ပါဏာတိပါတ်၊ သက်ခန္ဓာကို၊ ငါမသတ်ဘဲ၊ လွတ်ရာသို့သည်၊ သွားကြလေဟု၊ ဆိုပေ တုံလိုက်၊ သူတို့ကိုလေ၊ အလိုလိုက်ကော၊ အမိုက်သာပွား၊ပါယ်လေးတန်ကို၊ ပြန်ကာသွားအောင်၊ မြားတော်နှင့်သည်၊ စေကာလွှတ်လို့၊ သတ်တော့မည်ဟု၊ မနေလျှင်လျှား၊ ဆိတ်လူးမြားကို၊ ယူငြားပြီးလျှင်၊ ဆွဲကာတင်၍၊

ဒေါင်လျှင်လည်း တိုက်၊ လေးစန္ဒာနှင့်၊ ရော်ကာပစ်ကေ၊ သူမိုက်ဘီလူး၊ ညီအစ်ကိုလေ၊ ထိုနှစ်ဦးလည်း၊ အထူးအားသန်၊ ရှိလှပြန်၍၊ လျင်မြန်ခုန်သွား၊ သစ်ပင်ငယ်ကို၊ နှုတ်ပေပြောလျက်၊ ဆီးတားကာကွယ်၊ ဒိုင်းလွှားနှယ်သို့၊ ဖြစ်ပေရကား၊ လက္ခဏာမင်းမွန်၊ ပစ်ခြင်းဟန်ကို၊ ခုခံထားလို့၊ မြားစူးထောင်ရာ၊ မဝင်သာကေ၊ ထိုခါကာလ၊ မြားတော်သံကို၊ ကြားပြန်ကလျှင်၊ ရာမနောင်တော်၊ နိုးလေပါ၍၊ ရှုမြော်ကာလ၊ နှစ်ဦးစစ်ရန်၊ တိုက်ကြဟန်ကို၊ မြင်ပြန်ကလျှင်၊ အာဂဘီလူး၊ ငါ့ညီငယ်လေ၊ လွှတ်ပေပြောလည်း၊ မြားမစူးဘဲ၊ အထူးဂုဏ်ရှိ၊ သို့ဖြစ်ဘိ၍၊ သတ္တိထူးမြတ်၊ ငါတစ်မူလေ၊ ကူကာတိုက် လို့၊ ပစ်ခါလွှတ်မည်၊ ကြံတုံပေ၍၊ ကြီးကျယ်လက်နက်၊ သိကြားဆက်ကေ၊ မြားစက် နှင့်သည်၊ လွှတ်လိုက် ပေသော်၊ ကာကွယ်ဆီးတား၊မခံနိုင်ကေ၊ လွင့်စင်သွား၍၊ မြားတော်စကြာ၊ ဖောက်လာပါကေ၊ မြေမှာတုံးလုံး၊ ဘီလူးနှစ်ကောင်၊ ညီနှင့်နောင် မှာ၊ တောင်နှစ်လုံး သို့၊ ဆုံးပျက်ခန္ဓာ၊ သေလေပါကေ၊သီတာပျို့ချော၊ လေးမြားတော် သံ၊ ကြိုးခြင်းဟန်ကြောင့်၊ နိုးပြန်ပြောကာ၊ ထူးခြားရုပ်သွင်၊ တောဘီလူးကို၊ သေဆုံး မြင်သော်၊ တစ်ယောက်ကြင်ရာ၊ လှသီတာကို၊ ခြင်းရာစကား၊ ကြောင်းမျိုးစုံကို၊ ပြောတုံပြောက၊ စဉ်းစားဆင်ခြင်၊ မိမိလင်ကို၊ တင်ကာလျှောက်ထွယ်၊ ဤဘီလူးတို့၊ နှစ်ဦးသေသော်၊ မျိုးဆွေမိဘ၊ စစ်ကာရှာ၍၊ လိုက်လာကြက၊ ရန်စ-ကြီးကျယ်၊ နောင်အခါလေ၊ များစွာတွေ့ကေ၊ ရှိတော့မည်ဟု၊ ဤသည်နေရာ၊ သစ်နန်းသာက၊ လွတ်ရာတခြား၊ ရိပ်မြိုင်မြိုင်နှင့်၊ ဂနိုင်တောကို၊ သွားပါကြမည်၊ လျှောက်တုံလေကေ၊ နေဝင်ချိန်ကျ၊ မယ်သီတာနှင့်၊ ညီတော်လှတို့၊ ဤညတစ်ရက်၊ ဤနေရာမှာ၊ အိပ်ပျော်စက်လို့၊ နေထွက်ရောင်ဝါ၊ နက်ဖြန်ခါမှ၊ သွားပါကြမည်၊ ဆိုတုံပေ၍၊ ထိုသည်ထိုနေ့၊ ထိုတစ်ညဉ့်ကို၊ ခို၍မွေ့လျော်၊ ထိုဂနိုင်လေ၊ ထိုမြိုင်ရိပ်မှာ၊ အိပ်စက် ပျော်ရေ။

# မေဂမ္ဘီဘီလူးမသည် သားလှတို့ကို လွှမ်းတခန်း

၁၄၁။ အိပ်စက်ပျော်ကေ၊ ရှေ့မှာတစ်ခန်း၊ မိမာတာမှာ၊ ဗျာပါပွားကေ၊ သားကိုလွှမ်းလို့၊ ယို၍မျက်ရည်၊ ရှေ့ခြင်းရာကို၊ လက်ာဆန်းနှင့်၊ နိဒါန်းသွယ်မည်၊ ရေကြည်ပတ်ဝန်း၊ မှိုင်းညိုညိုနှင့်၊ သိယီကြွန်းကို၊ စံမြန်းစိုးရ၊ လွှန်ကြီးကျယ်ကေ၊ ခေါင်းဆယ်ခွမှာ၊ နှမဂမ္ဘီ၊ ဘုံနန်းအိမ်တွင်၊ မွေ့သိမ်အိပ်စက်၊ သုပိန္နာကေ၊ ပြလာချက်က၊ နှစ်ဖက်လက်ရုံး၊ ဘယ်နှင့်ညာလေ၊ ပြတ်ကာဆုံးလို့၊ နှလုံးအဆုတ်၊ သည်းနှင့်အူကို၊ ခွဲယူနုတ်ဟု၊ သရုပ်ထင်ထင်၊ မိုးသောက်ချိန်မှာ၊ မငြိမ်သက်အောင်၊ အိပ်မက်မြင်ကေ၊ မရွှင်နွမ်းညှိုး၊ စိတ်မငြိမ်ကေ၊ စိုးရိမ်တိုးလို့၊ နိုး၍ ထ-ခါ၊ မော်ရုံတောက၊ သားနှစ်ဖြာတို့၊ မလာမပြန်၊ မကြာတန်ဘဲ၊ ကြာဟန်ကိုထောက်၊ တွေ့လို့ကြုံ၍၊ စုံတစ်ခုကေ၊ ဥပဒ်ရောက်လို့၊ နှစ်ယောက်သက်ဝေ၊ မရောက်လာကေ၊ ကြာလီရေလား၊ တစ်သွယ်ထိုမှ၊ မဟုတ်ကမူ၊ ပုတ္တညီနောင်၊ မေ့သားမောင်တို့၊ တောတောင်ကန္တာ၊ လှည့်လည်ကာဖြင့်၊ ပျော်ပျော်ပါးပါး၊ ဂနိုင်အစုံ၊ မြိုင်ရဂုံလေ၊ မော်ရုံတောမှာ၊ ကစားပြီးထွေ၊ သားသက်ဝေတို့၊ နေလေသလား၊ မဟုတ်ပြောလည်း၊ ငါ့သားပုတ္တာ၊ ဒုသ-ခယ၊ ရှုမဝကေ၊ လှသည်းချာကို၊ ရန်ရှာစော်ကား၊ တခြားသူလေ၊ လူမင်းသားတို့၊ မီးပွားရန်စစ်၊ လေးနှင့်တင်ပျာ၊ စီရင်ပစ်လို့၊ သားချစ်နှစ်ယောက်၊ တစ်ဝမ်းပေါက်လို့၊ မရောက်မလာ၊ မပေါ်လာကေ၊ ကြာလီရေလား၊ သားကောင်းရတနာ၊ နန်းလောင်းလျာတို့၊ ကြောင်းဇာတို့ကို၊ မသိရဟု၊ စိတ်ကမယုံ၊ အိပ်မက်ပုံကို၊ တိတ္ထုံနှင့်ထောက်၊ သားနှစ်ယောက်ကြောင့်၊ လန့်ကြောက်စိုးရိမ်၊ စိတ်ငြိမ်ငြိမ်နှင့်၊ မနေနိုင်ကာ၊ မြိုင်တောနက်ကို၊ ထွက်လို့လာပျာ၊ လမ်းမှာတစ်ဖန်၊ ငိုခြင်းဟန်က၊ သက်နှံ့ပတ္တမြား၊ ရှေ့နောက်မြင်ပျာ၊ မိခင်ဖွားကေ၊ သားကြီးသားငယ်၊ မျက်စဆင်ပျာ၊ လည်တွင်ဆွဲကေ၊ ပုလဲသွယ်တို့၊ အငယ်ကပင်၊ မြင်းမိုရ်ရှင်ကေ၊ ဖခင်မရှိ၊ သားသက်လျာတို့၊ ညိုးဇာတိနှင့်၊ မွေးမိငါလျှင်၊ သုတ်သင်ကျွေးလို့၊ မွေးပါကျင်လည်း၊ မရွှင်မျက်နှာ၊ အသူရိန်လေ၊ ပူရှိန်ငွေ့နှင့်၊ နေတွေ့ကြာသို့၊ ငါ၏သည်းအူ၊ မိဘနှစ်ပါး၊ ရှိသောသားနှင့်၊ လားမတူကေ၊ အားလူလည်းယုတ်၊ ဇာတိဂုဏ်ရှိန်၊ မထောက်ထိန်ကေ၊ သိမ်လည်းနုပ်လို့၊ ပုတ္တရတနာ၊ မိရင်သွေးကေ၊ ပုလဲညာတို့၊ သည်းချာနှစ်ယောက်၊ မျက်ရှုသဖွယ်၊ သက်နုနယ်ကေ၊ အရွယ်ရောက်လို့၊ ချစ်လောက်ကြင်နာ၊ သားနှစ်ယောက်တို့၊ ကြီးမြောက်လာသော်၊ ရာဇာစောထီး၊ လက်ရုံးကိုထောင်၊

စက်ဘုန်းရောင်နှင့်၊ မောင်ဦးရီးမှာ၊ ကကျေးမြို့ရွာ၊ ပေးတုံပါ၍၊ ဝနာမှော်ရုံ၊ မြိုင်ရဂုံကို၊ လုံးခြုံပိုင်သ၊ အစိုးရလို့၊ သားလှနှစ်ယောက်၊ တစ်ဝမ်းပေါက်တို့၊ ဆောက်စိုက်ကျမ်းခိုင်၊ နောက်ပေါ်ထွန်းအောင်၊ မော်ကွန်းတိုင်ကို၊ ကိုယ်ပိုင်နယ်ခြား၊ ချစ်သက်နှံတို့၊ စိုက်ရန်သွားက၊ ရောက်ငြားချိန်တန်၊ သနားစလောက်၊ သားနှစ်ယောက်တို့၊ မရောက်ဟန်မှာ၊ ကြာရန်အခွင့်၊ မေသက်နှံတို့၊ မှန်မသင့်ဟု၊ ထောက်ချင့်စာနာ၊ ဟေမဝါကို၊ ခြေရာစစ်လို့၊ လိုက်၍လာလည်း၊ မသာသည်စိတ်၊ သည်းဘဝင်မှာ၊ မီးတင်အုံးသို့၊ နှလုံးထိတ်၍၊ အရိပ်အယောင်၊ သားညီနောင်သို့၊ ထင်ယောင်ထင်မှား၊ မေ့မျက်လုံးကော၊ လက်ရုံးသားလည်း၊ မနားမရပ်၊ တဖြုတ်ဖြုတ်လျှင်၊ လှုပ်တုံလတ်၍၊ ဥပဒ်ဖြစ်မည်၊ နိမိတ်အသွင်၊ စိတ်မရွှင်ကော၊ ထင်သိရေလေ။

၁၄၂။ ထင်သိရေကော၊ မြိုင်ခြေကိုလျှောက်၊ တောရဂုံလေ၊ မှော်ရုံရောက်က၊ ရွှေနောက်မျှော်ခေါ်၊ နေကိုလှည့်လို့၊ ကြည့်လေပါသော်၊ သားတော်နှစ်ပါး၊ ခြားနားစွာလေ၊ စိုက်ကာထားကော၊ ကြီးမားကျမ်းခိုင်၊ ကျောက်စာတိုင်ကို၊ ကိုင်ကာလည်းကြည့်၊ ငါ့သားပုတ္တာ၊ စိုက်လုပ်ရာကော၊ ဟုတ်ပါ၏ဟု၊ လှည့်၍မကြာ၊ မှော်ရဂုံတွင်၊ လာတုံခဲက၊ သူ့သည်းချာတို့၊ မြေမှာလဲလူး၊ ဝိညာဉ်ကွယ်ကော၊ စွယ်ပြူးပြူးနှင့်၊ ဘီလူးနှစ်ကောင်၊ ဖူးဖူးရောင်လို့၊ တောင်ပူစာမျှ၊ သူ့မိခင်လျှင်၊ မြင်လေကမူ၊ တွေးဆဆင်ခြင်၊ အဝေးမြင်၍၊ အသွင်မည်းမည်း၊ သဘောထဲမှာ၊ တောကျွဲနှစ်ဦး၊ ခိုက်ရန်ပြုလို့၊ မာန်ထုကြီးထွယ်၊ တောမြိုင်ချောင်တွင်၊ နှစ်ကောင်လုံးပင်၊ သက်ဆုံးသေဟု၊ မှတ်လေတုံမြို့၊ ငါ့သားမောင်ကော၊ ညီနောင်တို့က၊ ဤသို့မဟုတ်၊ အိပ်ပျော်ချင်လည်း၊ သစ်ပင်ခုတ်၍၊ နန်းလုပ်ပြီးခါ၊ ဤတောနက်မှာ၊ အိပ်စက်ပျော်မည်၊ သို့သော်ဖြစ်ငြား၊ ကျွဲဟု ဆိုကော၊ ထိုအနားမှာ၊ အပါးချဉ်းကပ်၊ သွားချင်ပါလည်း၊ ငါမဝံ့ခဲ၊ ရပ်တန့်ပြီးငြား၊ ဤနေရာက၊ လွဲကာသွားလည်း၊ နွားလားကျွဲလား၊ မကွဲပြားကော၊ ခွဲခြားမှုချမသိရဘဲ၊ ဒွိဟမကြည်၊ ငါမွေးမိမှာ၊ ရှိတော့မည်လေ၊ အနေခွဲခြား၊ သားမိခင်မှ၊ သိချင်ငြား၍၊ မသွားဝံ့ဝံ့ သွားဝံ့ဝံ့နှင့်၊ တွန့်ရွံ့ဆုတ်က၊ တဆုတ်ဆုတ်လျှင်၊ ဟပ်၍လာကော၊ ဒဏ်ရာမြားချက်၊ လက်နက်ရာက၊ ထွက်ကာစီးကော၊ သွေးစက်စက်နှင့်၊ ယကျိုက်မည်တွင်၊ သားရင်သွေးကို၊ မွေးမိခင်လျှင်၊ မမြင်ဝံ့ဝံ့၊ မြင်ဝံ့ဝံ့ကော၊ ရင်ညွန့်လှိုက်ဆူ၊ ဝမ်းထဲပူကော၊ သည်းအူသက်စု၊ နှစ်ယောက်ကျူသည်၊ သားဦးမိခင်၊ သေမည်သွင်လေ၊ သေလျှင်ဆို့လို့၊ ရွှေနို့ရှင်မှာ၊ ရှင်ရှင်လည်းကြွီး၊ သားသက်ဝေလေ၊ ငယ်အကြီးကြောင့်၊ ခတ်တီးရင်စည်၊ အဆွေးပွေပျာ၊ သဲမြေအထဲ၊ ဘီလူးညီနောငီ၊ အသေကောင်နှင့်၊ ပြောကာလဲလို့၊ ပူဆွေးဗျာလှိုင်၊ မနေနိုင်၍၊ လည်ကိုလည်းဖက်၊

သားဘယက်ကော၊ အသက်ပမာ၊ မိခင်ချစ်၍၊ လိုက်လို့လာကော၊ မယ်တော်နှင့်သား၊ ယနေ့ခါလေ၊ တွေ့ပါငြားလျက်၊ စကားတောင်ပင်၊ မပြောကျင်ကော၊ မိခင်မယ်တော်၊ ရွှေ့အခါသို့၊ ခေါ်ပါ တော့လား၊ တစ်ဝမ်းဝင်လေ၊ တစ်ရင်သောက်ကော၊ နှစ်ယောက်သားဟု၊ များစွာ ပူပင်၊ မွေးမိခင်မှာ၊ သေရှင်မတတ်၊ မနေသာအောင်၊ မြေမှာလူးပျာ၊ ရှူးကာ ဖြတ်လို့၊ ငိုလတ်ပြီးခါ၊ တသက်သက်နှင့်၊ တွက်ခြင်းရာက၊ ရတနာသည်းအူ၊ သားရွှေစင်ကို၊ မြားတင်လွှတ်လို့၊ သတ်သောလူကော၊ ရန်သူဖြစ်လျှင်၊ သူတို့နေကော၊ ရွှေပြည်ထဲသို့၊ မပြေးခင်ဘဲ၊ မြိုင်ခွင်သာယာ၊ ဤတောမှာပင်၊ ရှိပါလိမ့်မည်၊ ငါ့သက်ဝေနှင့်၊ သေသူ သေဖက်၊ သူ့အသက်လည်း၊ ပျက်တုံပျက်ချင်း၊ ဤဂနိုင်လေ၊ ဤမြိုင်တွင်းမှာ၊ အပြင်း လိုက်ငြား၊ မေ၏သားသို့၊ ပျက်ပြားလေစေ၊ တစ်ဖက်သားကို၊ လက်စားချေမည်၊ ရှုကြည့်လေသော်၊ ခြေရာအများ၊ သည်ကမ္ဘာလျှင်၊ လျှောက်ကာသွားဟု၊ မျက်ပွား မာန၊ ဘီလူးမလျှင်၊ ထိုခြေရာက၊ ဖွေရှာစစ်လို့၊ လိုက်လေကျင်သော်၊ အထင်အရှား၊ မင်းသုံးပါးတို့၊ ပျော်ပါးစံရွှင်၊ စက်တော်ခေါ်ပျာ၊ မနောသိပ်လို့၊ အိပ်ခြင်းအင်ကို၊ မြင်လျှင်မြင်ခြင်း၊ ဒေါသဝှန်ကော၊ မျက်မာန်ပြင်းလို့၊ အတင်းဝင်ငြား၊ အဆိုက်တိုကော၊ ကြံချိုဝါးယောင်၊ ငါကားမနေ၊ သားရန်သူလေ၊ လူမိုက်များကို၊ စားတော့မည်ဟု၊ ကြံစည်တုံလျက်၊ ကြောက်အားလည်းသန်၊ နောက်တစ်ဖန်လေ၊ ပြန်ကာထွက်လို့၊ လက်နက်အားသန်၊ ခားလုံလေးမြား၊ သုံးယောက်သူလေ၊ ဤလူများတွင်၊ ယောကျ်ား နှစ်ယောက်၊ ရှိမြောက်ခြင်းရာ၊ တစ်ယောက်မှာက၊စကြာလေးမြား၊ လက်မှာထားနှင့်၊ စွမ်းအားသတ္တိ၊ ပညာဟုန်လေ၊ ဂုဏ်အတိလျှင်၊ရှိ၍မှန်စွာ၊ ငါ့သည်းချာကို၊ လေးတော်နှင့်သည်၊ သတ်တုံခဲ့လည်း၊ မပြေးလေးဘဲ၊ ဤသည်နေရာ၊ သစ်ခက်နန်းကော၊ စခန်းမှာလျှင်၊ စံပျော်ပြီးထွယ်၊ နောက်လာရန်ကိုရွံ့မတွန့်ဘဲ၊ နေဝံ့ရေလေ။

၁၄၃။ နေဝံ့ရေလေ၊ မပြေမျက်မာန်၊ ထွက်တုံပြန်၍၊ ရန်ငြိုးပင်ကြီး၊ ကိုယ့်ကိုယ်ကိုလေ၊ ဆိုငိုညည်းလို့၊ ကြီးဂုဏ္ဍီ၊ နှစ်မည်ရကော၊ မေဂမ္ဘီမှာ၊ မထီလေးစား၊ သံမြားကောက်ကို၊ ကောက်ကာမျိုကော၊ ထိုသည်ငါးသို့၊ အလားတူမြောက်၊ မာန်လျှင်မူသော်၊ ရန်သူလက်ကို၊ ချက်ချင်းရောက်မည်၊ အထောက်မတန်၊ မိန်းမဖြစ်၍၊ မစွမ်းသန်ကော၊ အကြံတစ်ခု၊ မာယာဖန်ပျာ၊ မာန်နှင့်ပြုမည်၊ ယခုငါ့တွင်၊ ကြောင်းသနစ်ကော၊ ဖြစ်ခြင်းအင်ကို၊ ဘုရင်စောထီး၊ သားဦးရီးကော၊ မောင်ကြီးကိုလျှင်၊ လျှောက်ထားတင်သော်၊ မြိုင်ခွင်တောနက်၊ မျက်မာန်ပါ၍၊ နန်းတော်တွင်းက၊ ချက်ချင်းထွက်လို့၊ တိုက်ဖျက်လိမ့်မည်။ ထိုခါဝယ်၌၊ အလွယ်တကူ၊ ငါသည်းချာကို၊

ခန္ဓာဖျောက်ကေ၊ နှစ်ယောက်လူကို၊ အချစ်ကာမှ၊ ငါမဖောက်ဘဲ၊ အာချောက်ရမည်၊ ထိုမိန်းမမိုက်၊ သူ့ကိုဖြစ်လျှင်၊ မောင်ကြီးရှင်မှာ၊ ကြင်ရာပြုမြောက်၊ ဆောင်ကြဉ်း လာပျာ၊ နန်းမှာ ရောက်မှ၊ သေပျောက်လေစ၊ ကြက်မငယ်ကို၊ ဉာဏ်ကျယ်လူများ၊ အကျိုးနပ်အောင်၊ ပြီးသတ်စားသို့၊ ပျက်ပြားရမည်၊ ငါ့သားသေသော်၊ ဤမြေတလင်း၊ နင်တို့ရုပ်နာမ်၊ မြေသုသာန်က၊ ငါ့ခံတွင်းမှာ၊ အတင်းအကျပ်၊ နင့်ခန္ဓာကို၊ နှံ့ကာ သွင်းသို့၊ ငြင်းမလွတ်ဟု၊ ပြီးလတ်တုံငြား၊ မာနဝှန်ပျာ၊ မျက်မာန်ပွားလို့၊ အံ့သွားနှင့် ခြေ၊ နင်တို့မူ လေ၊ ရန်သူများကို၊ စားချင်ပေလည်း၊ လျှာရည်ကိုသိမ်း၊ သားသည်အူ ကြောင့်၊ ပူမငြိမ်း၍၊ တောင်ယိမ်းမြောက်ပွား၊ နှစ်ယောက်သားကြောင့်၊ မောက်ပွား အပူ၊ ငါ့သည်းအူနှင့်၊ အတူမိခင်၊ ဤလူ့ပြည်မှာ၊ မနေရစ်ဘဲ၊ သေလိုက်ချင်လည်း၊ မစင်ရန် ငုတ်၊ ငါမိခင်လျှင်၊ ထွန်ကာဖြုတ်မည်၊ စိတ်ရှုပ်ပွေ၍၊ ဆိုတုံပေပြီး၊ လောင်း မင်းကျော်တို့၊ အိပ်ပျော်ဆဲတွင်၊ ဝေးမနီးက၊ ပါးစပ်ကိုကိုက်၊ ကမ္ဘာမြေမှာ၊ ခြေနှင့် ဆောင့်ပျာ၊ ဖနောင့်တိုက်လို့၊ မူးမိုက်မပြေ၊ စိတ်မာန်ဇောနှင့်၊ သွားတုံလေ၍၊ မျက်ရည်ပျစ်ပျစ်၊ တရှိုက်ရှိုက်နှင့်၊ ယက္ခိုက်မေမှာ၊ ထိုအခါလျှင်၊ နန်းတော်သို့ရောက်၊ ဒသခေါ်ဆို၊ သူ့မောင်ကိုလေ၊ ငိုလို့လျှောက်တော၊ ထက်အောက်မြေချာ၊ ဘက်မပေါ် အောင်၊ စကြာသခင်၊ ဘုန်းတော်ရောင်လေ၊ ပြောင်ပြောင်ညီးကေ၊ မောင်ကြီးရှင် လေ၊ မြင်ပါ ဝံ့စ၊ ကျွန်ုပ်မမှာ၊ ဒုက္ခပင်လယ်၊ လွန်ကြီးကျယ်အောင်၊ သက်ဝေပုတ္တာ၊ မောင်ဘုန်းလူမှာ၊ တူတော်လှဟု၊ ကျွန်မသည်းချာ၊ ဒွေးနှစ်ဖော်မှာ၊ မောင်တော်အသိ၊ မနေသာအောင်၊ ငယ်ကတည်းက၊ ဖမရှိသား၊ ဖြစ်ခဲ့ငြား၍၊ တအားငယ်ငယ်၊ မိမာတာလျှင်၊ ရှာကြံကျွေးလို့၊ မွေးစားပေကော၊ အရွယ်နုနု၊ ငယ်ပုပုကော၊ ငွေဥအသွင်၊ သားသက်ရှင် ကြောင့်၊ အင်လည်းအဆုံး၊ ငါမိခင်မှာ၊ ရွှင်နှလုံးနှင့်၊ ရွှေတုရွှေပင်၊ စိတ်ကထင်၍၊ မိခင်မျက်ရှု၊ စက်ကသိုဏ်းယောင်၊ နေတိုင်းပြု၍၊ နုလည်းနုနယ်၊ ရှုစဖွယ်ကော၊ ငယ်လည်းငယ်သေး၊ ရှေ့နောက်မြင်ပျာ၊ မိခင်မွေးကော၊ ပုလဲပတ္တမြား၊ နှစ်ယောက် သားတို့၊ တစ်အားလည်းညိုး၊ မုဆိုးမကော၊ ဖတဆိုးတို့၊ အားကိုးစလောက်၊ ယခုဝယ်လေ၊ အရွယ်ရောက်လို့၊ ဘုန်းတောက်ပြောင်ညီး၊ တန်ဆောင်မီးမျှ၊ မောင် ကြီးလက်ရုံး၊ ကျွန်ုပ်မမှာ၊ မြပန်းကုံးသို့၊ နန်းလုံးရတနာ၊ ဒွေးနှစ်ဖော်ကို၊ မောင်တော် ဘုရား၊ ရိုက်အရာကို၊ အပ်ကာလွှဲကော၊ ပေးသနားလို့၊ မြိုင်ဖျားရဂုံ၊ တောမှော်ရုံကို၊ ခိုလှုံသွားလား၊ ကျွန့်သည်းအူလေ၊ မောင့်တူများကို၊ လူသားသတ်တွေ၊ ယခုခါလေ၊ ခန္ဓာတုံးကေ၊ ဆုံးပါရေလေ။

၁၄၄။ ဆုံးပါရလေ၊ မျက်ရည်ယိုစီး၊ နန်းမြည်ိုမှာ၊ ထိုင်ငိုညည်းလို့၊

မောင်ကြီးမင်းကျော်၊ ခုထွက်ပြီးလျှင်၊ ဖမ်းဆီးပါဟု၊ လျှောက်တော်မူက၊ ခေါင်ဆယ်ခွ ကေ၊ ဒသရာ ဇာ၊ ရင်ဆာဆာနှင့်၊ ကြင်နာဆပွား၊ ငါမင်းဖျားမှာ၊ ရင်းသားမြစ်မြေး၊ အင်အားနည်း လို့၊ ပုလဲမြကျောက်၊ နှမသည်းအူ၊ ငါ့နည်းတူလေ၊ တူနှစ်ယောက်ကို၊ အားမြောက် အားကိုး၊ တအားကိုးလျက်၊ သားသို့တစစ်၊ သူ့ဖခင်သို့၊ ငါလျှင်ချစ်လို့၊ မြိုင်တိုက်ရဂုံ၊ တောမှော်ရုံကို၊ လုံးခြုံအပ်နှင်း၊ ငါတစ်မူလေ၊ တူနှစ်ပါးကို၊ သားအရင်း သို့၊ ထားသွင်းနှလုံး၊ အမှုမသာ၊ ယခုခါလေ၊ ခန္ဓာဆုံးကေ၊ လက်ရုံးလက်မောင်၊ နှစ်ယောက် စုံလေ၊ ငါ့တူကောင်းတို့၊ အလောင်းကိုပင်၊ ငါမင်းကြီးကေ၊ ဦးရီးရှင်လျှင်၊ မမြင်လိုက် ရ၊ ထွက်တုံလေသော်၊ မျက်ရည်ကျလို့၊ မာနကဲမောက်၊ ဒေါသဝှန်ပျာ၊ စိတ်မာန် ပေါက်လည်း၊ ရှေ့နောက်တိုင်းထွာ၊ စဉ်းစားရာက၊ သာမညလူ၊ ငါ၏တူ ကို၊ ရန်သူ ရန်ဘက်၊ ဖြစ်ပြန်လျက်လည်း၊ နှိပ်စက်နိုင်မည်၊ ဇကဝုစ်ကေ၊ မဟုတ်ချေ တည်း၊ ပြည်ရုတ္တရ၊ ကြငှန်းသာကေ၊ နန်းဌာနေက၊ ရာမမျိုးနွယ်၊ တန်ခိုးစေကေ၊ ညီငယ်တို့သာ၊ ဖြစ်တုံပါက၊ ရန်ရှာမည်ချက်၊ ငါတစ်ဖန်ကေ၊ အလွန်ခက်ဟု၊ ကြံတွက် နေခါ၊ ဂမ္ဘီလှကေ၊ နှမ-မှာကေ၊ ကြန့်ကြာသည်ချက်၊ မောင်ကြီးမှာလျှင်၊ ဇာကို တွက်လေ၊ ထွက်ပြေးလိမ့်မည်၊ တို့ရန်သူလေ၊ ထိုလူစုကို၊ ခုဖမ်းချေဟု၊ လျှောက်လေ သောခါ၊ နှမတော်ကို၊ စစ်ကာဆေးလို့၊ မေးခြင်းရာက၊ လူပါမည်မျှ၊ သူ့ရုပမှာ၊ မူလဘယ်ပုံ၊ သတ်သောသူလျှင်၊ စွမ်းဂုဏ်ဘယ့်နှယ်၊ အဓိပ္ပာယ်ကို၊ အသေအချာ၊ စဉ်းစား လောက်အောင်၊ လျှောက်ထားပါမှ၊ ငါလျှင်တစ်ယောက်၊ ထိုရန်သူကို၊ဖမ်း ယူလောက်လည်း၊ အရောက်လွယ်ကူ၊ အလျင်ထွက်ပြီး၊ တစ်ချက်တည်းနှင့်၊ ဖမ်းဆီး ယူမည်၊ လူသာမည၊ မဟုတ်ကလည်း၊ များလှဗိုလ်ပါ၊ စစ်အင်္ဂါနှင့်၊ ချီပါရ မည်၊ အလျင်လိုဟု၊ ဆိုစကားနှင့်၊ ပြောမနေကေ၊ အသေအချာ၊ အစွမ်းဟုန်နှင့်၊ လူပုံများ ကို၊ ပြောစမ်းပါဟု၊ ဆိုတော်မူက၊ ထိုကာလ၌၊ နှမဂမ္ဘီ၊ နောက်တစ်ဖန်လေ၊ လျှောက် ပန်ပြုပျာ၊ လက်ဦးချီရေ၊ စိုးရိမ်စရာ၊ မေ့မောင်ကြီးမှာ၊ မရှိပါလေ၊ လူမှာသုံးယောက်၊ ဒသမောင်မှာ၊ ဇောင်မကြောက်နှင့်၊ တစ်ယောက်မိန်းမ၊ နှစ်ယောက်လူလေ၊ ပုရိသတွင်၊ ရူပလက္ခဏာ၊ တစ်ယောက်ကလျှင်၊ မြပမာသို့၊ မျက်နှာမရွှမ်၊ တစ်ယောက်ညီငယ်၊ သူ့ရုပ်ရည်က၊ ရွှေအဆင်းသို့၊ မယွင်းတူစွာ၊ က္ကတ္တိယကေ၊ မိန်းမမှာက၊ ရုပ်ဝါရူပ၊ သူ့အလှကို၊ လျှောက်ပြပမည်၊ မောင်ဘုရားမှာ၊ နားတော် တည်ဟု၊ ဆိုလေသောခါ၊ ဒသဂီရိ၊ သူ့ဇာတိကို၊ သိတုံပါ၍၊ တန်ပါနှမ၊ လျှောက် မပြနှင့်၊ အစကပင်၊ နင့်စကားကို၊ မကြားခင်ကို၊ အထင်စိတ်ရှိ၊ ဤခြင်းရာကို၊ငါရိပ် မိလျက်၊ ပြည်ကြီးဌာန၊ ရုတ္တရမှာ၊ ဥက္ကဌတွင်၊ သူ့ဖခင်လျှင်၊ ဘုရင်ရဋ္ဌ၊ ခတ္တိယလေ၊ သားတော်ရင်းကေ၊ မင်းရာမနှင့်၊ လက္ခဏသီတာ၊ ဇဝကန်လေ၊ မှန် စင်စစ်ကေ၊

ဖြစ်တုံပါရေ၊ မင်းကျော်ရာမ၊ ဘုန်းတေဇာကို၊ ငါပြောပြမည်၊ နှမနား တည်၊ ဆိုတုံလေကော၊ မဖွယ်မရာ၊ မနာပျော်အောင်၊ မောင်တော်မင်းမြတ်၊ ကိုယ်စွမ်းဟုန်နှင့်၊ ဂုဏ်ဒြပ်ကို၊ ဇာတ်မလှန်ခင်၊ တို့ရန်သူလေ၊ လူတစ်ထူးကို၊ သိဒ္ဓိတင်လို့၊ မဝင်နားထွင်း၊ မကြားချင်ပါ၊ စကားလာကို၊ ငါကြားပြင်းရေ၊ ဆိုတုံလေကော၊ မေဂမ္ဘီမ၊ မကြားချင်တွယ်၊ ငြင်းဆန်ပေလည်း၊ မနေရပါ၊ အခြေကျအောင်၊ ငါ့စကားကို၊ သင်နားထောင်လေ၊ တောင်ဇမ္ဗူပေါ်၊ မြရောင်ဝေလေ၊ သပြေရိပ်မှာ၊ မိတ္ထိလာတွင်၊ ရာဇာစောထီး၊ ဇနက္ကတွင်၊ ထိုဘုရင်မှာ၊ ကြင်မငြီးကော၊ သမီးရတနာ၊ တစ်ပင်ပျော်လေ၊ သီတာရင်သွေး၊ ပုလဲသွင်ကို၊ လေးတင်ပွဲမှာ၊ ငါလည်းတစ်ယောက်၊ အားကိုယုံ၍၊ ဂုဏ်မောက်မောက်နှင့်၊ ရောက်ပေါက်ကြခြင်း၊ အပြည်ပြည်လေ၊ ဌာနေတွင်းက၊ သတင်းကြော်ငြာ၊ မင်းတစ်ရာတို့၊ ထိုခါကာလ၊ စကြာသံတိုင်၊ မတင်နိုင်ကော၊ လက်မှိုင်ချလို့၊ ငါကထိုခါ၊ လေးစကြာကို၊ လက်မှာကိုင်မြှောက်၊ ယောကျ်ားဆိုပျာ၊ အားကိုလောက်က၊ ဒူးလောက်မြင့်နိုင်၊ မတင်နိုင်လည်း၊ ပင်တိုင်စိုးရ၊ သီတာဖြူလေ၊ လှရှုပကို၊ အရမှတ်ကျင်၊ ငါ့အပြင်ကို၊ တင်နိုင်သူသာ၊ ထွက်မပေါ်ကော၊ ဆိုခါကာလ၊ လက္ခဏာနှင့်၊ ရာမမင်းခေါင်၊ သတင်းပြောင်ကောညီနောင်နှစ်ယောက်၊ ရသေ့တော်လေ၊ ထေရ်ကျော်နောက်က၊ ကောက်ကောက်လည်းပါ၊ ရောက်ကြလာကော၊ သက်တော်နုနယ်၊ သူ့ညီငယ်က၊ မပြေကပ်စွဲ၊ ခပ်မည်းမည်းနှင့်၊ နှပ်ချေးတောင်ပင်၊ ပါးမှာတင်၍၊ မစင်တတ်သေး၊ တစ်ထောင်ဗိုလ်ကျိုင်၊ မတင်နိုင်ကော၊ သံတိုင်လေးကို၊ ဆွဲ၍ကိုင်ငင်၊ ရာမ-မင်းက၊ ချက်ချင်းတင်ကော၊ မြေပြင်ဝသုံ၊ ရေယမုန်လေ၊ လှုပ်တုံသွက်သွက်၊ မနေသာကော၊ စွာလိတ်လက်နှင့်၊ ရှက်ဖို့လည်းကျ၊ ငါတစ်ဖန်လေ၊ ပြန်ခဲ့ရလို့၊ ရာမဟုဆို၊ သူ့နှုဂိုမှာ၊ မြင်းမိုရ်တောင်လောက်၊ ဘုန်းရောင်ဖြာကော၊ တေဇာမောက်လို့၊ ငါကြောက်လှသည်၊ သူ့နာမည်ကို၊ ကြားလေ ရှောင်းသော်၊ ခေါင်းခဲရေလေ။

၁၄၅။ ခေါင်းခဲရေလေ၊ ဆိုသည်ကာလ၊ အကြံအစည်၊ ဉာဏ်ပလီနှင့်၊ ဂမ္ဘီမက၊ ဒသတွင်ခြင်း၊ သုံးရောင်ဖြာကော၊ မောင်တော်ရင်းလေ၊ မင်းတို့ဓမ္မတာ၊ ကေသရာ သို့၊ တေဇာထွန်းတောက်၊ ရှေးစဉ်လာလေ၊ မဟာမျိုးတို့၊ စိုးမကြောက်ပါ၊ လှိုင်းမောက်တုံပြီး၊ ရေအပေါ်မှာ၊ လေ့သာစီးလို့၊ တောင်ကြီးတုံမြောက်၊ ကျောက်အပေါ်မှာ၊ လျှောက်ကာသွားကော၊ ဖဝါးအောက်တာ၊ သို့ခြင်းရာလေ၊ ရှိပါတုံလျက်၊ ရှေးနည်းနာကို၊ လွှဲချော်ဖျက်လို့၊ အသက်ပမာ၊ မေ့ဝမ်းဝင်ကော၊ သားရင်သွေးမှာ၊ ဦးရီးတော်လေ၊ ရှိပါတုံလျက်၊ တို့ရန်သူကော၊ လူနှိပ်စက်လည်း၊ တစ်ချက်မတူမျိုးဉာတိကော၊ မရှိသူတို့၊ ကလူညှဉ်းဆဲ၊ မြပန်းပင်လေ၊ ငါ့ရင်သွေးမှာ၊ ခမည်းဖခင်၊ မရှိကျင်ကော၊ ကံလျှင်လည်းညစ်၊ ဖသားဆိုးကော၊ သားတို့ဖြစ်လို့၊ မစစ်မစား၊ မချစ်ပါကော၊ မျက်နှာမရှိ၊ သိယိုမှုးကော၊ ဘီလူးတူဟု၊ ပြည်သူသိလျက်၊ တေမိကရ၊ နှိပ်စက်ဟန်တို့၊ ခံနေရလို့၊ လောကလူ့ခွင်၊ ဇမ္ဗူပြင်မှာ၊ ဘုရင်ထွတ်ဖျား၊ ဘုန်းတော်ပြောင်ကော၊ မောင်ဘုရားထက်၊ သိကြားဘယ်သူ၊ စွမ်းသတ္တိမှာ၊ ရှိသိမူလေ၊ နတ်ဘုံလူ့ပြည်၊ တစ်ရာဇာဟု၊ ကြော်ငြာခြင်းနှင့်၊ မင်းဖြစ်ပေလျက်၊ ညိုးငယ်ဒြပ်၊ ခေါင်းဆယ်လုံးကော၊ ဘီလူးတူကို၊ လူလျှင်သတ်ဟု၊ နိပါတ်ပေါ်ထင်၊ ရာဇဝင်မှာ၊ စာတင်မည်ချက်၊ ရွှေနန်းစံမှာ၊ မှန်မရှက်လား၊ စုံမက်ကြင်နာ၊ မေ့မှာသော်က၊ မေတ္တာမချို၊ ကုတ္တိယစစ်၊ မိန်းမဖိုက်လျှင်၊ ဖြစ်ခဲ့လို့သာ၊ ယောကျ်ားသော်မူ၊ မောင်တော်ထံမှောက်၊ ဤနန်းတော်မှာ၊ လာမလျှောက်ပါ၊ ယောကျ်ားတံထွာ၊ စွမ်းအားအင်နှင့်၊ သာမန်ကြိုး၍၊ ဓားမိုးရှာမည်၊ ယခုဝယ်က၊ အားငယ်သိမ်နုပ်၊ မောင်ဘုရားမှာ၊ သားမဟုတ်လို့၊ ကျွန်ုပ်သည်းချာ၊ ဒွေးနှစ်ဖြာကို၊ မစာမစစ်၊ မတွယ်တာဘဲ၊ ပယ်ကာပစ်က၊ မကိုဋ္ဌ ပတ္တမြား၊ ဤနန်းဆောင်မှာ၊ မောင်ဘုရားထက်၊ အားကိုးစရာ၊ နှမတော်မှာ၊ ဘယ်မှာရှိမည်၊ လက်ရုံးထောင်သော်၊ ဘုန်းရောင်ဖြိုးကော၊ မျိုးနန်းနွယ်လေ၊ သွယ်သွယ်ဝဝ၊ အစစနှင့်၊ နှမလျှောက်ခါ၊ သူ့မောင်တော်ရင်း၊ ဘီလူးမင်းမှာ၊ ပြောခြင်းရာက၊ မာယာပရိယာယ်၊ အသွယ်သွယ်နှင့်၊ ထွေရာထိခိုက်၊ မိန်းမဖိုက်မှာ၊ အပြစ်အကျိုး ပေါင်းနှစ်မျိုးကို၊ ကောင်းဆိုးမသိ၊ ကျိုးမရှိဘဲ၊ ပရိယာယ်များစွာ၊ မာယာအပေါင်း၊ ငါ့မောင်ကြီးကို၊ ပျက်စီးကြောင်းနှင့်၊ မကြံကောင်းအံ့၊ ကြံပြီးခါလေ၊ နင်သာသတ်လို့၊ ပြည်ရပ်နိုင်ငံ၊ ဘယ်သူကိုပင်၊ နင်ချစ်ခင်၍၊ လင်လျှင်ပြုပျာ၊ ယခုစံမည်၊ သေကံလည်းဆိုက်၊ နင်မြင်ဖွားကော၊ သားငမိုက်တို့၊ လောင်းစစ်ဘုရင်၊ စကြာရှင်ကို၊ ကျော်ထင်ပ,လွှား၊ ပြုလေတုံကော၊ ဂုဏ်မောက်ငြားလို့၊ စောကားတုံတွေ၊ လေးစကြာနှင့်၊ တင်ကာပစ်ကော၊ ဖြစ်လိမ့်မည်လေ၊ ရွှေပြည်နိုင်ငံ၊ လွန်အေးချမ်းလို့၊ နန်းဝေယံမှာ၊ ငါစံနေခါ၊ အလိုလိုလေ၊ ငါ့ကိုနှောင့်ပျာ၊ မမှောက်လှာနှင့်၊ ရာမဆိုလျှင်၊ ကြောက်စိတ်ဝင်ဝေ၊ ငါလျှင်တုန်လျက်၊ နင်ပြောသံကို၊ ကြားပြန်ငြားသော်၊ အဖျားတက်ဟု၊ ယက္ခရာဇာ၊ ပြောသောခါလျှင်၊ မှိုင်ကာတစ်ဖန်၊ ဂမ္ဘီမမှာ၊ ဝက်ဉာဏ်နှင့်၊ ကြံဖန်ပြီးမှ၊ အားမတန်လည်း၊ မာန်မလျှော့ဘဲ၊ အလှသီတာ၊ သူ့ကိုပြလို့၊ လျှောက်ရသော်မူ၊ လိုက်ပါလိမ့်မည်၊ တစ်နည်းကြံပျာ၊ တွေးဉာဏ်လှေကော၊ လျှောက်ပမည်လေ။

၁၄၆။ လျှောက်ပမည်လေ၊ ကြီးကျယ်တန်ခိုး၊ ဘီလူးမျိုးကို၊ အစိုးလည်းရ၊ မေ့မှာ သော်လေ၊ မောင်တော်ရင်းကော၊ မင်းဒသကော၊ အလှသီတာ၊ သူ့ကိုသာလျှင်၊

မော်တော်မင်းလှ၊ ရလေအောင်ကို၊ ကြံဆောင်ပမည်၊ အဝေးရန်လေ၊ ဘေးဒဏ်မျိုးကို၊ မစိုးပေနှင့်၊ အလွယ်ခုလျှင်၊ ရမည်အင်က၊ ရွှေသမင်ယောင်၊ နှမတော်လေ၊ နာနာရုပ်ဖြင့်၊ လုပ်လို့ဆောင်ပျာ၊ တောတောင်ဌာန၊ သူကိုလျှင်လေ၊ မြင်အောင်ပြက၊ အလှသီတာ၊ ရလိုကြောင်းနှင့်၊ တောင်းသောခါလျှင်၊ လောင်းတော်ရာမ၊ လေးကိုဆောင်ပျာ၊ ဒေါင်လျှင်တိုက်ကေ၊ လိုက်ကာလ၌၊ တောဝမြိုင်အောက်၊ အဝေးရောက်အောင်၊ ရွှေသမင်ကေ၊ မေလျှင်ဆောင်လို့၊ ထိုနောင်ကာလ၊ လက္ခဏကို၊ မောင်ကရွံ့မြောက်၊ လွန်တိုးတွန့်ကေ၊ စိုးလည်းကြောက်လည်း၊ မရောက်ရောက်အောင်၊ သူ့နောင်ရင်းကေ၊ မင်းဘုန်းခေါင်သို့၊ ကြံဆောင်ပြီးခါ၊ မယ်နှမက၊ အရခေါ်မည်၊ ထိုခါကာလ၊ လှသီတာလေ၊ တစ်ကာယကို၊ မောင်ကလွယ်ကူ၊ ရသေ့ဟန်လေ၊ လျူခံပြုလို့၊ သူ့ကြင်သူကို၊ ဆောင်ယူပြီးခါ၊ ရထားမှာပင်၊ မောင်တော်စိတ်က၊ ထိုခါတွင်လေ၊ ချင်သမျှနှင့်၊ ပြည်မရောက်လျှင်၊ ဆောင်ကြငှန်းနှင့်၊ တောင်နန်းတင်ပျာ၊ ဘုရင်မောင်လှ၊ မယ်သီတာကို၊ ကြင်ပါရက၊ ဆယ်ဆတိုးလျက်၊ ဘုန်းသမ္ဘာနှင့်၊ တေဇာတက်လို့၊ အသက်လည်းရှည်၊ ကျက်သရေနှင့်၊ တက်နေမက၊ ဘုန်းတော်ဟုန်နှင့်၊ ဂုဏ်သိန်မြောက်ကေ၊ ထွန်းတောက်ပမည်၊ မိန်းမရတနာ၊ မယ်သီတာကို၊ မောင်တော်မင်းလှ၊ စက်ရာဘုံမှာ၊ တူစုံယောင်ပျာ၊ မပေါင်းရက၊ ရာဇဓိပတိ၊ သိဃ်ိပြည်ကို၊ စိုးသည်လို့လည်း၊ ကျိုးမရှိပါ၊ မေ့မှာရာဇဓိပတိ၊ သိဃ်ိပြည်ကို၊ စိုးသည်လို့လည်း၊ ကျိုးမရှိပါ၊ မေ့မှာသော်က၊ ပျက်ပါလေစ၊ လှသီတာကို၊ မောင်တော်ရအောင်၊ ဆောင်ရမည်ဟု၊ လျှောက်လေသောခါ၊ မ,ကိုချစ်လို့၊ မိုက်ဘက်ပါကေ၊ တဏှာစိတ်ရောက်၊ ရာမဆိုသော်၊ ထိုခါကြောက်လည်း၊ ပြေပျောက်ပြီးခါ၊ မှူးမတ်များကို၊ ပြောခြင်းရာက၊ သီတာကိုမူ၊ ငါဆောင်ယူလို့၊ အတူနှစ်ပါး၊ မိုးတိမ်ယံမှာ၊ ဈာန်ရထားနှင့်၊ ပျံသွားကြရာ၊ လှသီတာက၊ မောင်တော်ဘုန်းကြွယ်၊ တိမ်ဗဟိုတွင်၊ လေချိုသွေးလို့၊ ချမ်းအေးသည်ဟု၊ ဆိုမည်ကိုပင်၊ ငါလျှင်ထွက်ကေ၊ ရှက်လှကျင်ဟု၊ ဘုရင်မင်းကြီး၊ ဆိတ်မသေခင်၊ အရေနှိမ်းသို့၊ လောကြီးပြီးထွယ်၊ သီတာပျိုကို၊ လိုချင်ဇောနှင့်၊ ပြောတုံလေ၍၊ မေဂမ္ဘီမ၊ နင်ပြောရာကို၊ ငါစဉ်းစားသော်၊ သဘောကျလျက်၊ သွားရမည်ရေး၊ ရွှေသမင်၏၊ သွင်အကဲကို၊ ပွဲမဝင်ခင်နည်းကို၊ ပင်လေ၊ ပြင်ကကျင်းပ၊ ရှေးဝေါဟာလေ၊ ပေါရာဏသို့၊ မိဂ္ဂမည်တွင်၊ ရွှေသမင်၏၊ အသွင်ရှုပ၊ ဤနန်းတွင်လေ၊ ပြင်လို့ပြမှ၊ စိတ်ချယုံကြည်၊ တောမှော်ရုံလေ၊ စုံမြိုင်တိုက်ကို၊ ငါလိုက်မည်ဟု၊ ဆိုသည်ကာလ၊ ဂမ္ဘီမက၊ မိဂ္ဂအသွင်၊ ရွှေသမင်ကို၊ ဖန်ဆင်းပြီးထွယ်၊ ရွှေနန်းတော်လေ၊ သီတာလှ၌၊ ပြတုံလေကေ၊ မြင်လေသမျှ၊ ရွှေသမင်ကို၊ လိုချင်ကြလို့၊ ဒဿမင်းကျော်၊ ဆိုခြင်းရာက၊ တော်ပေသပ၊ သင့်စွမ်းအင်ကို၊ ငါမြင်ရပြီ၊ လျင်စွမနေ၊ သွားကြမည်ဟု၊ ဆိုသည်ကာလ၊ သမင်ဆိုကေ၊ ရုပ်ရှုပက၊ ယက္ခမျိုးစွယ်၊ ရှေးကဟန်သို့၊ မှန်စင်စစ်ကေ၊ ဖြစ်တုံလေသော်၊ ရွှေပြည်သေဌ်နင်း၊ သိဃ်ိမင်းမှာ၊ ကြောင်းရင်းမကျန်၊ ပြောခြင်းဟန်က၊ ကုမ္ဘဏ်ကုမ္ဘော၊ တာနော ယက္ခ၊ အမည်ရကေ၊ ဇေယျသတြူ ငါ၏ထံမှာ၊ ရန်ဆည်းကပ်ကေ၊ မတ်လေးဦးတို့၊ ယခုအခါ၊ တောခန္ဓာကို၊ သွားပါတော့မည်၊ သို့ဖြစ်ပေ၍၊ ရွှေပြည်နိုင်ငံ၊ အောင်နက်သံတွင်၊ ဘေးရန်ခပ်သိမ်း၊ များပြည်သူတို့၊ မပူငြိမ်းအောင်၊ ထိန်းသိမ်းလိုက်ပါ၊ မတ်ဝန်များကို၊ စကားမှာပျာ၊ နှစ်ဖြာတူကွ၊ မောင်နှမတို့၊ နန်းကသက်ပြီး၊ လေယာဉ်ပျံလေ၊ ဈာန်ရထားမှာ၊ တက်ငြားစီးရေ။

၁၄၇။ တက်လို့စီးကေ၊ ရပ်ဝေးမြေတာ၊ သွားမည်ခါတွင်၊ ရာဇာစက်သံ၊ ဘီလူးကြီး မှာ၊ ခြိမ်းပဟန်က၊ ကျွန်းရံနဂို၊ စိမ်းစိမ်းညို့ကေ၊ သိဃ်ိစိုးရ၊ တန်ခိုးပလို့၊ တေဇကွန့် မြူး၊ မျိုးမဟာလေ၊ သမ္ဘာမြတ်ကေ၊ နတ်ဘီလူးဟု၊ ဘွဲ့ထူးသညာ၊ မတစ်ထောင်မှာ၊ တစ်ကောင်ဖွားကေ၊ ယောကျာ်းငါကို၊ ဗြဟ္မာမွေးဖ၊ ဗျာဒိတ်တော်လေ၊ နှိပ်ကာပြုကေ၊ အောင်ဆုရလို့၊ မိုးဝကောင်းကင်၊ မြေပြင်တစ်လွှား၊ လေးကျွန်းခရိုင်၊ တောင်မဏ္ဍိုင်ကို၊ ရောက်နိုင်ငြားကေ၊ ရထားဗိမာန်၊ လေယာဉ်ပျံကို၊ ဘုန်းကံတောက်ပ၊ ငါရာဇာမှာ၊ ပိုင်ကာမိုးကေ၊ အစိုးရလို့၊ ထက်မှကောင်းကင်၊ မြေပြင်တစ်လျှောက်၊ စိတ်လိုရာကို၊ ငါလျှင်ရောက်လို့၊ တစ်ယောက်ရန်သူ၊ ထွက်မပြုကေ၊ လူသာမည၊ ရန်သူပုံနှင့်၊ မာန်ဂုဏ်ပြုပျာ၊ တုပြိုင်ကြက၊ ပါးစပ်ရန်ခွင်း၊ ငါ့ခံတွင်းမှာ၊ သင်းသု သာန်မြေ၊ ရုပ်နာမ်ကွယ်အောင်၊ အစွယ်ဝရဇိန်၊ ညာလက်မောင်းကို၊ တစ်ချောင်း ချီကေ၊ ပထဝီပံသု၊ တောင်မြင်းမိုရ်လေ၊ ကွဲပြိုလုမျှ၊ နှစ်စုမြေလွှာ၊ထိခိုက်အက်လို့၊ သွက်သွက်ခါအောင်၊ ရန်တကာရှုပ်၊ ဖက်ကာပြိုင်ပျာ၊ ရှုပ်လာလုပ်လည်း၊ မှုတ်ဇမလောက်၊ များဗိုလ်ပါလေ၊ လာသရွေ့ကို၊ ငါဟဲ့ဟောက်က၊ချောက်ချားအသံ၊ အောက်အထက်လေ၊ ဘဝဂ်ပျံမျှ၊ ထက်သန်ပါရမီ၊ အမှုဟောင်းက၊ ဆုတောင်းညီကေ၊ ဇာဂီဖြည့်ထူး၊ ခေါင်းဆယ်မွှာနှင့်၊ ငါဘီလူးမှာ၊ တစ်ဦးကြင်ရာ၊ လှသီတာကို၊ ဆောင်ပါတော့မည်၊ လေယာဉ်ပျံလေ၊ ဈာန်ရထားနှင့်၊ သွားတုံလေကေ၊ မြူခွေမှိုင်းမို့၊ တညို့ညို့နှင့်၊ စို့စို့ရွှန်းရွှန်း၊ တိမ်မိလ္လာမှာ၊ တိမ်ပြာသန်းလို့၊ တိမ်ပန်းတိမ်လွှာ၊ ထပ်ကိုခွာပျာ၊ တိမ်ဝါအကြား၊ ဝဲကာပျံကေ၊ ဈာန်ရထားနှင့်၊ သွားလေတုံမြောက်၊ ပန်းမျိုးစုံကေ၊ မှော်ရုံအောက်ကို၊ ရောက်လေသောခါ၊ မောင်တော်နှမ၊ ပြည်သိဃ်ိက၊ ထိုယက္ခတို့၊ တောဝမြိုင်စောင်း၊ လှသီတာကို၊ အသာချောင်းလို့၊ ပုန်းအောင်းကွယ်ကာ၊ ကြည့်လေပါသော်၊ ထိုခါကာလ၊ ညီမင်းကျော်လေ၊ လောင်း

ရာမနှင့်၊ အလှသီတာ၊ စက်မွေ့ပျော်သော်၊ မြင်လာအိပ်မက်၊ သုပန္နာလေ၊ ပြလာချက်က၊ လက်လက် တောက်ထိန်၊ အရှိန်ပြောင်ညီး၊ မီးနှစ်ပုံလေ၊ လောင်ဟုန်ကြီးလို့၊ နောက်ပြီးတစ်ခါ၊ နှစ်ဖက်ကြာမှာ၊ မီးပွားဝါလျှင်၊ ထွက်ပေါ်ပြီးထွယ်၊ ညီးပြောင်ပြောင်လေ၊ ရောင်မထိုးဘဲ၊ ညှိုးငယ်ငယ်နှင့်၊ တစ်နယ်တခြား၊ မတားနိုင်အောင်၊ လွင့်စဉ်သွားဟု၊ မြင်ငြား လေကျင်၊ ထိုအကြောင်းကို၊ လောင်းသခင်ထံ၊ လျှောက်တင်ကာလ၊ နိမိတ်ပုံကို၊ တိတ္ထုံကျမ်းနှင့်၊ စဉ်းစားကမူ၊ နှမဒေဝီ လှမယ်သီကြောင့်၊ စိုးရိမ်စရာ၊ အိပ်မက်ထင်ပျာ၊ မြင်အကြောင်းသည်၊ မကောင်းပါလေ၊ သို့သော်ဖြစ်ငြား၊ ဟုတ်မှန်ရာကို၊ ထုတ် ဖော်ပြောက၊ သောကစိုးရိမ်၊ နေမငြိမ်အောင်၊ မီးသို့ရှိန်မည်၊ ညှိုးပိန်ဗျာယ၊ သောက သုပိန္နမျိုး၊ အိပ်မက်ဆိုးလည်း၊ ကောင်းကျိုးမင်္ဂလာ၊ ဖြစ်စေငှာဟု၊ ခြင်းရာစကား၊ လောင်းဘုန်းမိုမှာ၊ မိန့်ဆိုပြောရေ၊ မေဖွားအိပ်ပျက်၊ မီးကိုပင်လေ၊ မြင်မက်ချက်မှာ၊ အထက်နိပါတ်၊ အလောင်းတော်လေ၊ မဟော်ဇာတ်၌၊ အမတ်လိမ္မာ၊ ပညာကျော်လျှင်၊ ထွက်ပေါ်လိုကြောင်း၊ မင်းဝိဒေကို၊ လျှောက်လေရှောင်းကေ၊ ထုံးဟောင်း လည်းရှိ၊ မောင့်ချစ်ဆွေကေ၊ မေအသိဟု၊ ဝီစိကိစ္စာ၊ မရှိပါအောင်၊ ဆိုတော်မူက၊သီ တာဖြူကေ၊ လှရူပလည်း၊ အားရဝမ်းသာ၊ နေသောခါလျှင်၊ ယက္ခာယက္ခ၊မာယာ ဆောင်ကေ၊ မောင်နှမတို့၊ တောဝမြိုင်ခွင်၊ ပြောတိုင်ပင်၍၊ သမင်မယောင်၊ပြုမာယာ လေ၊ နာနာရုပ်ဖြင့်၊ လုပ်ကာဆောင်လို့၊ မြင်အောင်မုချ၊ ရှေ့တူရူမှာ၊ သူလျှင်ပြရေ။

၁၄၈။ သူလျှင်ပြကေ၊ အလှသီတာ၊ မြင်သောခါလျှင်၊ မောင်တော်မင်းဖျား၊ သက်ဆုံးကြင်ကေ၊ လင်ဘုရားလေ၊ နီငြားအရောင်၊ ဤသားကောင်မှာ၊ စောင်ကမ္ဗလာ၊ ကတ္တီပါသို့၊ နီတျာတွေးတွေး၊ ခပ်ရဲရဲကေ၊ အမွေးမှင်ဆံ၊ တပြောင်ပြောင် လေ၊ အရောင်ဖိတ်ကေ၊ ချိပ်ရည်လျှံသို့၊ နှာတံလုံးလုံး၊ နှာခေါင်းဝမှာ၊ တစ်ဆံထုံးယောင်၊ ကုန်းထက်၌တွေ၊ လက်ယာရစ်လို့၊ ဝိုက်သန်းခွေကေ၊ သဝေအလား၊ ခွာလေးလုံးဝယ်၊ မှောက်ထားပေကေ၊ ရွှေဖလားသို့၊ သွားစိန်ရတီ၊ ပုလဲစီရောင်၊ နီနီတွေးတွေး၊ ဝင်းဝင်းဝါကေ၊ အာခံတွင်းမှာ၊ ဟင်္သာဆေးသို့၊ မည်းမည်းမျက်တောင်၊ ညိုရောင်မျက်ခုံး၊ မျက်လုံးပတ္တမြား၊ တစွင့်စွင့်ကေ၊ နှစ်ဖက်နားနှင့်၊ မြီးဖျားတိုတို၊ သူ့နဂိုမှာ၊ ဦးချိုချွန်းချွန်း၊ ခြူးပန်းခြူးနွယ်၊ ပမာနှယ်သို့၊ တွန့်ခွေလိမ်ကောက်၊ ကမ်းပါးမြေမှာ၊ တောဟေမာတွင်၊ သွားကာလျှောက်လို့၊ ထောက်သုံးချောင်းခွာ၊ တစ်ချောင်းနာနှင့်၊ စာမရီလား၊ ဇာကီလားကို၊ ခြားနားတစ်ထူး၊ သိမည်ပြင်ကေ၊ မမြင်ဖူး၍၊ ကြည်နူးစရာ၊ နန်းတော်သာကို၊ ဆောင်ကာတေးသီ၊ သားလိုလိုလေ၊ ကျောကိုပွတ်ပျာ၊ သုံးသပ်ပြီးမှ၊ ပြည်ကြီးဌာန၊ မွေးစားရအောင်၊ လောင်းလှမောင်တော်၊ ဤသားကောင်ကို၊ ဆောင်လိုရေးနှင့်၊ ဖမ်းပေးပါဟု၊ သီတာနွဲ့နှောင်း၊ အရတောင်းကေ၊ အလောင်း ရာမ၊ ထိုသမင်၏၊ သွင်အကဲကို၊ ကြည့်ကာလ၌၊ မူလမတူ၊ သမင်ဟူ၍၊ မယုံတစ်ဝက်၊ စိတ်အာရုံတွင်၊ ယုံတစ်ဝက်နှင့်၊ အိပ်မက်ကြောင်းအင်၊ ဤသမင်ဟု၊ အထင်စိတ်ရှိ၊ သူ့အဆင်လေ၊ သွင်နိမိတ်ကြောင့်၊ အရိပ်မကင်း၊ သို့ဖြစ်ခြင်းဖြင့်၊ သက်နှင်းကြင်ရာ၊ ပင်နန်းသူလေ၊ လှရူပကေ၊ နှမတော်လေ၊ မိဂ္ဂါတွင်ငြား၊ လှနဂိုမှာ၊ လိုမရှိနှင့်၊ ဗောဓိလောင်းလျာ၊ ဆိုသောခါလျှင်၊ မောင်တော်ဘုရား၊ မေ့ထိပ်ထားလေ၊ သနားစ ရာ၊ တို့ကိုသာလျှင်၊ ဘယ်ညာဝန်းလှဲ၊ မြက်နုမြေစာ၊ သူစားရာက၊ မော်ကာကြည့်လို့၊ ဖမ်း၍ယူငင်၊ မွေးပါချင်ဟု၊ ဆိုလျှင်ကာလ၊ လောင်းရာမမှာ၊ ကြောင်းစတစ်ဖန်၊ ပြောခြင်းဟန်က၊ သက်နှံ့နှမ၊ သုပိန္နလျှင်၊ မြင်ထတုံရှောင်း၊ ထိုအကြောင်းလည်း၊ မကောင်းလက္ခဏာ၊ ဤသမင်လျှင်၊ မြိုင်ခွင်အောက်မှာ၊ ရောက်တုံလာကေ၊ ထောက်မျှော်စဉ်းစား၊ အိပ်မက်ကောင်းပင်၊ ဤသမင်ဟု၊ ငါထင်ငြားသည်၊ မောင့် ချစ်ဆွေမှာ၊ တကယ်ရ-ကြောင်း၊ မာယာဖန်ပျာ၊ ကြံမတောင်းနှင့်၊ အလောင်းရာမ၊ သီတာပျိုကို၊ ဆိုကာလ၌၊ သာမိကတွင်၊ မေ့ထိပ်တင်မှာ၊ ယခင်ပထမ၊ သုပိန္နကို၊ သုဘမင်္ဂလာ၊ အိပ်မက်ထင်၍၊ မြင်အကြောင်းသည်၊ ကောင်းလှပါဟု၊ ဆိုတော်မူကျင်၊ ယခုတွင်က၊ မြင်သည်အိပ်မက်၊ ထိုအတွက်ကြောင့်၊ စိတ်စက်က-လေး၊ ဤသမင်ပင်၊ အထင်ထွေးကေ၊ အမေးအဖြေ၊ လွဲကာသွယ်လို့၊ ရှေးဝယ်တခြား၊ စကားကိုလေ၊ ဆိုပြီးငြားမှ၊ နောက်ကားတစ်ဖုံ၊ ပြောလေတုံကေ၊ မေမုန်ခုဝယ်၊ ဘယ်စကားကို၊ နားမှာထောင်ပျာ၊ ဆောင်ရ-မည်လေ၊ မထီလေးစား၊ ပြောခြင်းရာကို၊ ဆိုကာပြောလို့၊ မယားမမှတ်၊ သားမမှတ်၍၊ ချွတ်တုံနုတ်တုံ၊ ကိုချင်ရာကို၊ ဆိုကာငြားကေ၊ ပြောပါတုံဟု၊ မယုံ မကြည်၊ ဆိုတုံလေသော်၊ ညီငယ်မင်းလှ၊ လက္ခဏကို၊ ရာမနောင်တော်၊ ပြောခြင်းရာက၊ သီတာတွင်ပြီး၊ လှထိပ်ခေါင်လေ၊ မောင်မရီးကို၊ ကြောင်း ရေသာကြည်၊ ကောင်းကျိုးများကို၊ ပြောပါသည်ကို၊ နားဝယ်မနာ၊ ငါ့ကိုသာလျှင်၊ ထွယ်ရာထိခိုက်၊ သမင်ကိုလေ၊ လိုချင်ငြားဟု၊ ပြောမဖြစ်၍၊ ညီချစ်သက်မျှ၊ လက္ခဏ က၊ နားချပြီးခါ၊ ရှေးဖြစ်တုံလေ၊ ထုံးပုံများနှင့်၊ ပြောစမ်းပါလေ။

၁၄၉။ ပြောစမ်းပါလေ၊ နောင်တော်ရာမ၊ ဆိုကာလ၌၊ ညီလှတစ်ဖန်၊ မရီးကျော် လေ၊ ခြေတော်အောက်မှာ၊ လျှောက်လတ်ဟန်က၊ အလွန်မက်မော၊ ဤသည်မြိုင် လေ၊ ဂနိုင်တော၌၊ နှမြောစုံမက်၊ နှစ်သက်စရာ၊ မဟုတ်ပါဘဲ၊ မိဂ္ဂါခေါ်တုံ၊ သမင်ဟူ သော၊ ရူပါရုံကို၊ စွဲတုံကပ်ငြိ၊ နိပါတ်တော်လေ၊ ကျမ်းမှာရှိလို့၊

သတိမထား၊ တဏှာ အပုန်၊ ကာမဂုဏ်မှာ၊ အာရုံပွား၍၊ လေ့သားငါးရာ၊ ဘီလူးစား လျှင်၊ များစွာဖြစ်ဖူး၊ ရှေးလွန်လေကော၊ သက်သေထုံးကို၊ နှလုံးမှာသွင်း၊ ဤသမင်ကို၊ လိုချင်ခြင်း၌၊ ပြတ် ကင်းစွန့်ပစ်၊ မရီးတော်လှ၊ ဣတ္ထိယကော၊ မိန်းမဖြစ်လည်း၊ အသစ်အဟောင်း၊ အကောင်းအဆိုး၊ ပေါင်းနှစ်မျိုးတွင်၊ အကျိုးအပြစ်၊ မရီးတော်မှာ၊ ဆေးကာစစ်က၊ အပြစ်အလင်း၊ ဖြစ်တုံလျှင်းသည်၊ အရင်းအဖျား၊ အခါးအငန်၊ မှားအမှန်ကို၊ ဧကန် တိတိ၊ မိမိဉာဏ်နှင့်၊ ဝေဖန်ညှိက၊ သိလျက်နှင့်ပင်၊ သမင်ကို လေ၊ မလိုချင်နှင့်၊ ဆင်ခြင်သင့်သည်၊ လျှောက်တုံလေသော်၊ မေသီတာလှ၊ ထိုကာလ ၌၊ မိဂ္ဂမည်တွင်၊ ရွှေသမင်ကို၊ လိုချင်စိတ်တပ်၊ ဥပါဒါန်လေ၊ အလွန်ကပ်၍၊ မတ်လက္ခ ဏာ၊ တရား သဘော၊ ပြောစကားကို၊ နားမကျဘဲ၊ စိတ်ကမာန်ပါ၊ ငိုခြင်းရာကို၊ ငါ မိန်းမဆိုး၊  တောမြိုင်ခွင်မှာ၊ လင်ယောကျ်ားကို၊ အားလျှင်ကိုးလည်း၊ အကျိုးမရှိ ယခုမှသာ၊ မှားခြင်းရာကို၊ ငါလျှင်သိရေ၊ သာမိကသွင်၊ လင်သခင်က၊ မကြင်မချစ်၊ သို့ကိုပင်လေ၊ နင်အမိုက်မှာ၊ မြိုင်တိုက်ဟေမာ၊ လိုက်လို့လာကော၊ ငါလျှင်လည်းမှာ၊ မိသီတာကို၊ မေတ္တာတုံးကော၊ မုန်းရေလားလေ၊ လင်သားကြင်ရာ၊ ထင်ရှားစွာလျှင်၊ ရှိပါတုံရှောင်း၊ ဤသမင်ကို၊ လိုချင်ကြောင်းမှာ၊ မကောင်းရာကျ၊ တောင်းမရမှ၊ ကာလမြင့်ရှည်၊ နောင်နောင်ဝယ်၌၊ ကြီးကျယ်ဝတ္ထု၊ တွေ့လို့ကြုံကော၊ စုံတစ်ခုလျှင်၊ အမှုကိစ္စ၊ ရှိကာလ၌၊ ရမည်အရေး၊ ယခုနှင့်သော်၊ ရှု၍စာကော၊ လွန်စွာဝေးရေ၊ မျှော်တွေးလိုက်လျှင်၊ ဤလူ့ခွင်မှာ၊ လင်နှင့်မယား၊ အကြောင်းပါ၍၊ ပေါင်းဖော်ငြား လည်း၊ အားကိုးစရာ၊ စုံတစ်မျှ၊ မရှိပါလေ၊ ကြင်နာမသနား၊ ယခုခါလေ၊ ပြုရာများမှာ၊ နှစ်ပါးညီကို၊ သဘောလိုမှာ၊ နှစ်ကိုယ်တစ်စိတ်၊ မျက်စိမှိတ်၍၊ အရိပ်အခြည်၊ အဓိ ပ္ပာယ်ကို၊ မကွယ်မဝှက်၊ မိသီတာလျှင်၊ သိပါလျက်သာ၊ လင်မင်းကျော်က၊ မမှတ်ကျင် ၍၊ မေလျှင်အမှန်၊ ပမာပုံမှာ၊ ဂုန်အိတ်ဆိုးလှောက်၊ ဖိုးမတန်ပါ၊ ဧကန်မုချ၊ ရွှေသမင် ကို၊ လိုချင်ကြောင်းနှင့်၊ တောင်းမရက၊ မထမှန်စွာ၊ ဤနေရာမှာ၊ သီတာမိသည်၊ ရုပ်နာမ်ကွာ၍၊ ခန္ဓာဆုံးကော၊ တုံးပါစေဟု၊ မျက်ရည်ယိုစီး၊ ရေးတကြီးဖြင့်၊ ညည်း ညူကိုယ့်ကို၊ မြေကမ္ဘာမှာ၊ ခွေကာလဲကော၊ လူး၍ငိုသော်၊ ထိုခါကာလ၊ လင်မင်းကျော် ကော၊ လောင်းရာမမှာ၊ အလှသီတာ၊ နှမတော်ကို၊ ဖြေဖျော်မရ၊ ရှုးသလိုလို၊ လူးလဲငို သော်၊ ထိုကာလ၌၊ သောကဗျာပါ၊ စိတ်မသာ၍၊ ထိုခါကာလ၊ လက္ခဏာကို၊ ကြောင်း စသာချို၊ တစ်ယောက်ညီကို၊ ဤသို့ဆိုရေ။

၁၅၀။ ဤသို့ဆိုကော၊ အို-အို ငါ့ညီ၊ လှသာကီလေ၊ မေသီတာလှ၊ မြနန်း သူကော၊ လှရုပက၊ မိဂ္ဂမည်တွင်၊ ဤသမင်ကို၊ ခင်မင်စိတ်တပ်၊ ဥပါဒါန်လေ၊ အလွန်ကပ်လို့၊ ဥပဒ်ဖြစ်မည်၊ ယခုမြင်လေ၊ သမင်ဆန်းကို၊ မဖမ်းပေးသော်၊ တော် မည်မထင်၊ များလူရှင်တို့၊ တင်ကာအပြစ်၊ ရာမ-မင်းပျို၊ မယားကိုလျှင်၊ အလိုလိုက် ဟု၊ သောင်းတိုက်မြေပြင်၊ ဇမ္ဗူခွင်၊ ကျော်တွင်စကား၊ ယောကျ်ားဟူကော၊ လူအ များတို့၊ ကြားကြသရွေ့၊ အပြစ်ဖွဲ့လို့၊ ကဲ့ရဲ့သဂြိုဟ်၊ ငါမင်းပျိုမှာ၊ ဆိုမနည်ဆက်ဆက်၊ သို့ကိုပင်လေ၊ ထင်မြင်ခဲ့လည်း၊ မင့်ကွက်သာ၊ လှသီတာကို၊ ငါလျှင်မှန်စွာ၊ လွန်တရာ လေ၊ ကြင်နာချစ်ခင်၊ ထို့အပြင်ကို၊ မြိုင်ခွင်တောဝ၊ ညီနှင့်ငါလျှင်၊ ထွက်လာကြက၊ အလှ သီတာ၊ ငါမင်းကျော်ကို၊ ကြင်နာနှစ်ချစ်၊ နန်းရဝေမှာ၊ မနေရစ်ဘဲ၊ လိုက်၍တူ ကွ၊ တောရဂုံလေ၊ မှော်ရုံဝမှာ၊ မိန်းမ,မတန်၊ ယောကျ်ားဟန်သို့၊ ပူပန်ဒုက္ခ၊ ငါ့ တွက်တာကြောင့်၊ ခံပါရလို့၊ ကြင်ဆသနား၊ နောင်ကြီးရှင်မှာ၊ ကြင်မယားက၊ မိဖုရား အလျာ၊ ရတနာကော၊ တောင်ညာနန်းလောင်း၊ ဝတ်ငါးအင်ကို၊ စုံလင်ဘိကော၊ မိန်းမ ကောင်းဟု၊ ငယ်ပေါင်းလည်းဖြစ်၊ အဖြာဖြာလေ၊ ခြင်းရာပေါင်းကော၊ ကြောင်းသနစ် ကြောင့်၊ လိုက်ပါတော့မည်၊ ညီမင်းငယ်မှာ၊ ဤသည်ဤတော၊ မရီးနေကော၊ သည် အပါးက၊ တစ်ဖဝါးသာ၊ ထ,ကာသွားလို့၊ မလားပါနှင့်၊ ပြီတ္တာစုန်းဖုတ်၊ တောဟေမာ မှာ၊ နာနာရုပ်တို့၊ များရှုပ်လှပါ၊ ဤသမင်၏၊ သွင်ရုပကို၊ ထောက်ဆမျှော်သော်၊ နာနာရုပ်လို၊ ဝေဝုစ်လိုနှင်၊ တို့ကိုတည့်တည့်၊ မြက်နုမြေစာ၊ ဤစားရာက၊ မော်မော် ကြည့်လို့၊ မရွေ့တစ်ပါး၊ လှည့်မသွားဘဲ၊ ဤတောမှာပင်၊ သူနေကျင်ကော၊ သမင်ရုပ၊ မူမလှပါ၊ သို့တွက်တာကြောင့်၊ ညီမှာမရီး၊ သစ်ရိပ်မြုံတွင်၊ စောင့်တုံပြီးမှ၊ ကိုကြီးမှာ ပင်၊ ဤသမင်နှင့်၊ မြိုင်ခွင်တောတိုက်၊ မင့်စသာ၊ ယနေ့ခါတွင်၊ ဇာပင်ဖြစ်ဟု၊ လိုက်ပါတော့ မည်၊ ညီမင်းကျော်နှင့်၊ သီတာချောကို၊ မှာထားပေမှ၊ ဘုန်းကြွယ်ရာမ၊ အဋ္ဌစန္ဒာ၊ မြလျှံဝါကို၊ ချီကာမလို့၊ ခြိမ်းပြပလ္လွား၊ မတစ်ထောင်မှာ၊ ရအောင်ကောက် လည်း၊ တစ်ယောက်ရှားကော၊ ယောကျ်ားဟဲ့ငါ၊ ဤလူ့ရွာမှာ၊ နောင်ခါပွင့်မူ၊ ပါရမီကို၊ စုံညီ ပြည့်အောင်၊ ဖြည့်ကာစုလို့၊ အောင်ဆုပွင့်ညောင်း၊ ဗုဒ္ဓအရဟံ၊ ဗောဓိဉာဏ်ကို၊ ငါပန်တောင်းကော၊ အလောင်းရာမ၊ တောင်သပြေလေ၊ အောင်မြေကျွန်းမှာ၊ ထွန်း ကာပ,လို့၊ နေလတနှုန်း၊ ဖက်ကာယှဉ်ကော၊ ပြိုင်သူရှုံးလို့၊ ဘုန်းရှင်ကံရှင်၊ ဝတီပိုင် လေ၊ ကိုယ်တိုင်ဆက်ကော၊ စကြာရှင်ကို၊ သမင်မဂ္ဂ၊ ငါစွမ်းအင်ကို၊ နင်မသိလို့၊ ဇီဝိ မရဏံ၊ ဘယ်အကွက်မှာ၊ နင့်သက်-နှံမည်၊ ခုခံမည်လို၊ နှစ်ချောင်းချိုနှင့်၊ ခေါင်းကို ညိတ်ခါ၊ မှော်ရုံမြိုင်လေ၊ ဂနိုင်အောက်မှာ၊ ခြောက်တုံပါလည်း၊ ငါရွှေလေးရှင်၊ ထီမထင်ကော၊ ဤသမင်ထန်း၊ မိုက်သတ္တဝါ၊ မလွယ်သာအောင်၊ လိုက်ခါဖမ်းမည်၊ လေးကျွန်းဒီပါ၊ မြေကမ္ဘာမှာ၊ ခွာရာချင်းထပ်၊ စက္ကဝါကို၊ ဝှက်ခါပတ်မည်၊ မလွှတ် ငါသည်၊ တောမှော်ရုံလေ၊ ရဂုံတိုက်မှာ၊ လိုက်တော့မည်လေ။

# ရာမဘုရင် စကြာရှင်သည်
# သမင်လိုက်စန်း

၁၅၁။ လိုက်တုံလေကော၊ ရွှေသမင်ယောင်၊ အသွင်ဆောင်က၊ ပုန်းရှောင်ပြေး ကာ၊ ခြေလေးဘက်မှာ၊ တစ်ဖက်ခွာကို၊ နာဟန်လည်းပြု၊ မာယာဖန်ပျာ၊ ကြံစည်မှုကြောင့်၊ မြိန်လုမြိန်ချင်၊ တောမြိုင်ခွင်မှာ၊ သမင်ယက္ခ၊ ဥာဏ်ပလီနှင့်၊ ဂမ္ဘီ-မကို၊ ရာမလောင်းတော် လိုက်သောခါလျှင်၊ သေလာဂနိုင်၊ ဟေမာမြိုင်မှာ၊ တောင်စိုင်ကိုလျှောက်၊ လောင်းကျော်ထင်မှာ၊ သမင်နောက်က၊ တောင်အောက်ကိုတက်၊ တောရဂုံမှာ၊ လွှားခုန်တက်လို့၊ တောင်ထက်ကိုရောက်၊ အခေါက်ခေါက်ဖြင့်၊ နောက်ထပ်မကွာ၊ လိုက်ခြင်းရာကြောင့်၊ ညောင်းညာမောဟိုက်၊ ဝတ်လဲတော်လေ၊ တန်းဆာကောင်းကို၊ ခါးတောင်းကျိုက်လျက်၊ လိုက်၍ပိုင်ပိုင်၊ မမီနိုင်ကော၊ တောင်အင်တိုင်း၊ တောမှော်ရုံလေ၊ မြူမှိုင်းမှိုင်းတွင်၊ လေးကိုင်းကိုထောက်၊ သစ်ရိပ်ညိုလေ၊ ပင်ပျိုအောက်မှာ၊ တစ်ယောက်တည်းသာ၊ ညည်းညူကာဖြစ်၊ မှိုင်ကာနေကျင်၊ ထိုကြောင်းရေးကို၊ ဝေကမြင်သော်၊ သမင်-ယက္ခ၊ ဘီလူးမက၊ ရာမ-မင်းသား၊ လိုက်၍လာပျာ၊ မှိုင်ကာ နားကော၊ မောသလားလေ၊ မယားမျှော်က် မ၊ သူ့ကိုသာလေ၊ ပေးပါရအောင်၊ ငါ့ကိုစိုက်စိုက်၊ တောမြိုင်ခွင်မှာ၊ နင်ငမိုက်လျှင်၊ လိုက်ပါတော့လား၊ ခြေလက်ချော်ပျာ၊ မတော်ငြားက၊ မယားတို့သည်၊ နင်က-လျှင်လေ၊ သမင်ငါ့ကို၊ ရလိမ့်မည်လေ၊ တကယ်ဧကန်၊ ရာမ-မင်းဟု၊ လူတင်းခံကော၊ စိတ်မာန်မောက်မောက်၊ ငါ့ကိုတောင်ပင်၊ မမှိန်ကျင်ကော၊ ငါ့ဖနောင့်က၊ ဤလောက် ပျာလား၊ ရာမဆိုကော၊ အိုမင်းသားလေ၊ ငါးပါးအာရုံ၊ ကာမဂုဏ်ကို၊ နင်မုန်နှိုက်ချစ်၊ မယားကိုလေ၊ အလိုလိုက်လို့၊ မိုက်မိုက်မဲမဲ၊ ဤဂနိုင်နှင့်၊ ဤမြိုင်အောက်မှာ၊ တစ်ယောက်တည်းလျှင်၊ ငါလည်းတပ်ရပ်၊ နင့်ကိုခံပျာ၊ ပြန်ကာခတ်က၊ သက်ပြတ်ဇီဝေ၊ မရဏံလေ၊ ခန္ဓာဆုံးကော၊ တုံးရမည်လေ၊ ရိပ်ခြည်တစိ၊ ငါ့ကိုပင်လေ၊ နင်မသိကော၊ အရိပ်မကျ၊ မိုက်မဲ၍သာ၊လိုက်၍လာကော၊ ငါ့-ရာမဟု၊ ယက္ခမိဂ္ဂီ၊ မေဂမ္ဘီမှာ၊မထီ လေးစား၊ သားအငြိုးကြောင့်၊ ပြောဆိုငြားက၊ မင်းသားရာမ၊ ရာဇမာန်လေ၊ ပြင်းထန်ထလို့၊ ဒေါသအမျက်၊ ဤသမင်ကို၊ ငါလျှင်ထွက်လည်း၊ အသက်ကိုလွှတ်၊ ငါ့ကြင်ရာလေ၊ သီတာချောမှာ၊ ကျောကိုပွတ်လို့၊ မွေးစားလိုချင်၊ နင်သမင်ကို၊ ငါလျှင်တမ်းတမ်း၊ တောမြိုင်ခွင်မှာ၊ အရှင်ဖမ်းရ၊ ဆန်းသည်မိဂ္ဂ၊ အရိပ်ပြလို့၊ ယက္ခအသွင်၊ နင့်စောက်ဆင်ကို၊ ငါမြင်ပါလျက်၊ နာနာရုပ်လို၊ ဇကဝုစ်ကော၊ ဝေဝုစ်လိုနှင့်၊ ဦးချိုကောက်ကောက်၊ ဝှေ့မည်လိုလို၊ခတ်မည်လိုနှင့်၊ ငါ့ကိုခြောက်လည်း၊ ကြောက်မည်မထင်၊ နင့်ကိုပင်လေ၊ ငါလျှင် စင်စစ်၊ မစားရခဲ၊ ထိုအမဲကို၊ သဲနှင့်ပစ်လို့၊ ကံထိုက်ရာနား၊ ပါယ်လေးတန်ကို၊နင် ပြန်သွားဟု၊ မြားတော်စကြာ၊ လစန္ဒာကို၊ တင်ကာမနေ၊ အလောင်းတော်လေ၊ ရာမ မင်းက၊ ခွင်းလိုက်ပေသော်၊ ရေမြေတစ်ဝက်၊ ဒိုးဒိုးဒိန်းဒိန်း၊ ဂျိုးဂျိုးခြိမ်းကော၊ အိုး ထိန်းစက်သို့၊ သွက်သွက်လည်းလည်၊ ဤမြေဝသုန်၊ ရေယမုန်ကော၊ တုန်လှုပ်တေလေ။

၁၅၂။ တုန်လှုပ်တေလေ၊ ထိုသည်ကာလ၊ ဝက်န္တီနှင့်၊ ဂမ္ဘီမမှာ၊ ယက္ခမည်ထူး၊ စွယ်ပြူးပြူးနှင့်၊ ဘီလူးရုပ်ဝါ၊ ပကတိကော၊ ဇာတိပေါ်၍၊ ဒဏ်ရာမြားချက်၊ စန္ဒာစက် နှင့်၊ အသက်ခန္ဓာ၊ ကုန်မည်ခါတွင်၊ ကြံကာတစ်ဖန်၊ တောမြိုင်ခွင်မှာ၊ ရှင်ရှင်ကြီး၍၊ ညည်းညူဟန်က၊ သက်နှံ့သားလှ၊ ရန်လက်စနှင့်၊ ရာမမင်းကျော်၊ သူ့ကြင်ရာလေ၊ သီတာချောညက်၊ မွေးစားဖွယ်လေ၊ သည်အတွက်ကြောင့်၊ အသက်ကိုလျှင်၊ ညှာမည် ထင်၍၊ ရွှေသမင်ယောင်၊ ငါလျှင်တေဆောင်သော်၊ သေအောင်လည်းသတ်၊ လေးစန္ဒာကို၊ နှံ့ကာလွှတ်လို့၊ သက်ပြတ်ဇီဝေ၊ မရဏံလေ၊ ခန္ဓာဆုံးကော၊ တုံးရမည်လေ၊ မေဝယ် လုံးလုံး၊ ယခုခါလေ၊ ခန္ဓာဆုံးလည်း၊ ဆုံးပါလေစေ၊ သီတာမေကို၊ ယက္ခရာဇာ၊ မောင်ဒသလျှင်၊ ရလေပါအောင်၊ ငါလျှင်စင်စစ်၊ ယခုအခါ၊ သူ့နောက်တော်သို့၊ အော်လို့ဟစ်မည်၊ ငါတို့ဖန်က၊ အကြံလှော်ကသ၊ မြောက်ပါစေဟု၊ သေမည်အခါ၊ မာနသံကော၊ မျက်မာန်ရစ်၍၊ ဟစ်အော်ရာက၊ ညီတော်မင်းလှ၊ ငါဘုန်းခေါင်လေ၊ နောင်အသက်သို့၊ လက္ခဏလေ၊ ညီလှလုလင်၊ စိတ်အထင်နှင့်၊ စိတ်အထင်နှင့်၊ သမင်မဟုတ်၊ ဖန်ဆင်းပြင်ပျာ၊ အသွင်လုပ်ကော၊ ရုပ်နာနာပြ၊ ဘီလူးမလျှင်၊ မိဂ္ဂအသွင်၊ နာနာရုပ်ဖြင့်၊ လုပ်ကာပြင်၍၊ မြိုင်ခွင်တောရပ်၊ နောင်ကြီးရှင်ကို၊ သမင်ခတ်ကော၊ ညီမြတ်လက္ခဏ၊ သက်မသေခင်၊ ကယ်ပါတော့ဟု၊ ယက္ခမေမှာ၊ ဟစ်ကာအော် ပျာ၊ မကြာချက်ချင်း၊ မရဏံလေ၊ ခန္ဓာပျက်ပျာ၊ အသက်ကင်းက၊ လောင်းမင်းရာမ၊ ကြောင်းခြင်းအင်ကို၊ မြင်ကာလ၌၊ နှမသီတာ၊ သူ့ကြောင့်ပင်လေ၊ မရှင်ညှိုးကော၊ စိုးရိမ်သော်လည်း၊ ညီတော်လက္ခဏ၊ သူ့ကိုသာလျှင်၊ မှာထားခဲ့၍၊ မုချခုခါ၊ ငါရှိရာကို၊ လာမည်မထင်၊ သို့ဖြစ်ကျင်၍၊ သမင်ကိုဖမ်း၊ လောင်းဘုရင်မှာ၊ မရှင်နွမ်းကော၊ ပင်ပန်းလှသည်၊ သစ်ရိပ်ညိုမှာ၊ ခိုကာနားလို့၊ မောပန်းဖြေပျာ၊ နေသည်ကာလ၊ လောင်းမင်းကျော်မှာ၊ ကြင်ရာလှဟု၊ နှမသီတာ၊ ဟစ်အော်သံကို၊ ညံ့ညံ့နားမှာ၊ ကြားခြင်းရာကြောင့်၊ များစွာစိုးရိမ်၊ စိတ်မငြိမ်၍၊ ညီလက္ခဏ၊ ချစ်ကြိုးနှောင်ကော၊ မတ်မောင်လှလေ၊ ရာမနောင်တော်၊ သင့်ကိုခေါ်သည်၊ လိုက်ပါတော့လား၊ နှုတ်သံချိုနှင့်၊ ဆိုကာပြောသော်၊ နောင်ဖွားကြင်ရာ၊

ရှုမငြီးလေ၊ မရီးတော်လေ၊ ရာဇာမင်းလှ၊ ကျွန့်နောင် ကျွန့်နောင်ရင်းကို၊ နှိမ်နင်းနိုင်သူ၊ ကျွန်းဇမ္ဗူမှာ၊ တလူမရှိ၊ ဖြစ်တုံဘိ၍၊ မရီးသီတာ၊ စိတ်မငြိမ်ဘဲ၊ ပိန်ကာညှိုးကော၊ မစိုးပါနှင့်၊ ဟစ်အော်တုံပြန်၊ နောင်တော် လှလေ၊ ရာမသံကား၊ အမှန်မဟုတ်၊ အကျွန်ုပ်လျှင်၊ သရုပ်ဇာတိ၊ ခြင်းမျိုးစုံကို၊ အကုန်သိရေ။

## စည်းသုံးတန် ဝန်းရံခန်း

၁၅၃။ အကုန်သိကော၊ မရီးတော်လှ၊ နောင်သက်မျှကို၊ လက္ခဏာညီတော်၊ လျှောက် သောခါလျှင်၊ သီတာတစ်မေ၊ ပြောကာဆိုကော၊ ငိုလတ်တေကော၊ အကယ်မှန်စွာ၊ ယခုခါ၌၊ ကယ်ပါကူပါ၊ ညီမင်းကျော်ဟု၊ ဟစ်အော်တုံငြား၊ ခေါ်ဝေါ်သံကို၊ အမှန် ကြားလျက်၊ နောင်ဖွားအသံ၊ မဟုတ်ပြန့်ဟု၊ မတ်မွန်မောင်လှ၊ လက္ခဏာမှာ၊ နောင်လှ ဘုရင်၊ ကျွန်မ-လင်ကို၊ မကြင်မသနား၊ မနာလို၍၊ ဆိုသလားလေ၊ တခြားထိုမှ၊ မဟုတ်ကမူ၊ တောဝမြိုင်အောက်၊ နောင်တော်မင်းထံ၊ သွားလာရန်ကို၊ အလွန် ကြောက်လို့၊ တစ်ယောက်လုလင်၊ မငြင်းအင်၍၊ ပြောချင်သလား၊ ရေနစ်သူကို၊ ကူရွှေဝါးဖြင့်၊ ဆယ်ငြားထုံးစံ၊ အဝေးရန်လေ၊ ဘေးဒဏ်ရောက်ငြား၊ ပရန်လူလေ၊ သူတစ်ပါးမှ၊ သွားလာကာကူ၊ လဲသောသူကို၊ ထူပါစမြဲ၊ ရှေ့နည်းနာနှင့်၊ ကွာလို့ ဝေး၍၊ တစ်သွေးတည်းကြင်၊ တစ်ရင်တည်းနို့၊ သားမြတ်ရည်ကို၊ ဝေလို့စို့ကော၊ မချို့နောင်ရင်း၊ နှစ်ယောက်စုံမှာ၊ အူတုံဆင်းကော၊ ညီရင်းအစ်ကို၊ မျိုးမည်လိုကော၊ ကြည်ညိုစမြဲ၊ တစ်ယောက်ပင်လေ၊ ရန်လျှင်တွေ့လည်း၊ မငဲ့မရွံ့၊ သက်ကိုစွန့်၍၊ လုံ့ညွန့်ကိုပင်၊ ပန်းညွန့်သွင်သို့၊ အထင်စိတ်ယူ၊ ဝင်၍ကူကော၊ သေတူရှင်ဖက်၊ ညီ နှင့်နောင်မှာ၊ အင်ထောင်လျက်ကို၊ ရက်စက်စိမ်းကား၊ ဟစ်အော်သံကို၊ အမှန်ကြား လျက်၊ စကားလှည့်ရှောင်၊ မကြားယောင်သို့၊ မြောက်တောင်ကိုပြော၊ နေနိုင်တော် လေ၊ မူပေအားကော၊ မတ်ချောလူပျို၊ သင့်အလိုနှင့်၊ နဂိုကိုထောက်၊ ခုမျက်မြင်နှင့်၊ ဆင်ခြင်ကောက်က၊ တစ်ယောက်မောင်တော်၊ တောမြိုင်ခွင်မှာ၊ သမင်ခတ်၍၊ နတ်ရွာပျော်သော်၊ နောင်တော်ဆင်မြန်း၊ ဖောဇ္ဈဗ္ဗဟုန်၊ ဆွတ်မျှကြုံကော၊ အာရုံပန်း ကို၊ သူလှမ်းဆင်ချင်၊ မေ့ကိုပင်လေ၊ ဆိုလတ်သောခါ၊ လက္ခဏာမှာ၊ နားဝဆာလို့၊ ကြားကာဆတ်ဆတ်၊ ပမာဆိုသော်၊ သံမှိုခတ်သို့၊ မအပ်မရာ၊ ထဲဝမ်းတွင်လေ၊ အထင်ကပ်လို့၊ မှတ်ဝံ့ပါကော၊ ခန္ဓာသတ်ပြတ်၊ လူ့ရွာမနေ၊ ခုခါသေသော်၊ ငါဝယ်မြတ်၊ လှနတ်သီတာ၊ မရီးတော်ကို၊ ငါလျှင်စေ့စေ့၊ ဒူးထက်ကကျော်၊ နဖူးတော်ကို၊ မော်မကြည့်ကော၊ ယနေ့ထက်ထိ၊ ရှိတုံပြီးမှ၊ မရီးသီတာ၊ ကျွန့်ကိုသာလျှင်၊ ခန္ဓာဆုံး ဖြတ်၊ ဓားနှင့်ပင်လေ၊ စီရင်သတ်လော၊ မအပ်မရာ၊ ယခုလိုလေ၊ ဆိုစကားမှာ၊ဓား ဒဏ်ရာထက်၊ နာပါလှသည်၊ တွက်စာနာသော်၊ ရှက်ပါးငြားအောင်၊ ပြောဝံ့ရေလေ။

၁၅၄။ ပြောဝံ့ရေလေ၊ မျက်ရည်စီးကျ၊ လက္ခဏာမှာ၊ စိတ်ကလည်းနာ၊

ရှက်အားပို ၍၊ ငိုခြင်းရာက၊ သီတာတွင်ပြီး၊ မရီးကြီးကို၊ အမိလည်းထင်၊ နှမသွင်သို့၊ ငါလျှင်စုံမက်၊ မရီးနုပျို၊ ယခုလိုလျှင်၊ ဆိုချင်ထွက်ကြောင့်၊ တောနက်မြိုင်ခွင်၊ ရွှေသမင်ကို၊ လိုချင်တုံရှောင်း၊ နောင်မင်းကျော်လေ၊ လောင်းရာမကို၊ အရတောင်းကာ၊ ထုံးဟောင်းနည်းနာ၊ အဖြာဖြာနှင့်၊ နောင်တော်နှင့်ငါ၊ ဤကြောင်းအင်ကို၊ မြင်တုံငြား၍၊ တားမြစ်ပါလည်း၊ မနာထောင်နား၊ တို့ညီအစ်ကိုလေ၊ ထိုစကားကို၊ ပယ်ရှားတုံမြောက်၊ မှော်ရုံမြိုင်လေ၊ ဂနိုင်အောက်မှာ၊ အသက်လောက်ပင်၊ ရွှေသမင်ကို၊ လိုချင် တုံငြား၊ နောင်မင်းရာဇာ၊ သွားမည်ခါလေ၊ မှာတော်ထားလို့၊ နောင်ဖွားမှာပင်၊ ဤသမင်နှင့်၊ လုလင်ညီထွေး၊ လှမေသီလေ၊ သည်ခရီးကို၊ စောင့်ထိန်းလိုက်ပါ၊ အခါခါလျှင်၊ မိန့်မှာတုံလျက်၊ မရီးကျော်လေ၊ ပူဆာတွက်ကြောင့်၊ မသက်မသာ၊ နောင်ကြီးရှင်လေ၊ သမင်မိုက်ကို၊ လိုက်ရပါရေ၊ ဟစ်အော်တုံငြား၊ တခြားသံကို၊ ကြားပြန်ငြားလည်း၊ များစွာပူဆာ၊ ငါ့ကိုသာလျှင်၊ ဆိုကာထိခိုက်၊ စကားပြောသည်၊ ဓားနှင့်ထိုက်သို့၊ လိုက်ပါလိုက်ပါ၊ ဆိုခြင်းရာကြောင့်၊ ငါလျှင်လိုက်သွား၊ နောင်ဖွားထံကို၊ ရောက်ပြန်ငြားလည်း၊ စကားအာဏာ၊ မတည်ပါ ဟု၊ များစွာပြစ်တင်၊ ဆိုမည်အင်ကို၊ မြင်တုံပေငြား၊ ငါတစ်ဖန်လေ၊ မှန်စင်စစ်ကော၊ သစ်မြစ်ဝါးသို့၊ အလားနမူ၊ မခြားတူ၍၊ ငါ့မူထင်ရှား၊ ဘယ်စကားကို၊ ထောင်နားနာထွ၊ တည်ကြည်မူကို၊ ပြုရမည် ဟု၊ ကြံစည်၍သာ၊ နေတုန်းခါကို၊ သီတာပျိုချော၊ ပြောစကားမှာ၊ မောင်ဖွားအသွင်၊ စိတ်ကထင်ကော၊ လုလင်မတ်လှ၊ လက္ခဏာလေ၊ မိန်းမဘာသာ၊ မလိမ္မာ၍၊ ထွေရာစကား၊ ယုတ်အလွန်ကို၊ မှန်မသိလို့၊ ပြောမိမှားလည်း၊ သဘောမှတ်ကာ၊ စိတ်မနာနှင့်၊ ငါလျှင်ယခု၊ မတ်တော်မွန်ကို၊ တောင်ပန်ပြုလျက်၊ အမှုကိစ္စ၊ ငါ့တွက်တာကြောင့်၊ ပြစ်ပါရမှု၊ တောဝမြိုင်တာ၊ မောင်ဘုရားလျှင်၊ သွားလေရာကို၊ လိုက်ပါတော့မည်၊ မတ်တော်မောင်ကို၊ နောင်မင်းဖျားလျှင်၊ မှာထားပေမှု၊ ထားသည်တိုင်းသာ၊ ဤနေရာမှာ၊ နေပါတုံလိုက်၊ လက္ခဏာမှာ၊ ငါလျှင်မိုက်လို့၊ ဖြစ်ရတုံကျင်၊ ဇောင်နှင့်ပင်လေ၊ ငါ့လင်ဆုံးမည်၊ ဆိုတုံပေ၍၊ မနေယခု၊ သွားမည်ယောင်သို့၊ ဟန်ဆောင်ပြုက၊ အမူမထား၊ သူ့ခမျာမှာ၊ မျက်နှာမရ၊ လက္ခဏာမှာ၊ ရှေ့ကထက်သာ၊ စိတ်တော်နာ၍၊ သီတာတွင်ပြီး၊ ရှုမငြီးကော၊ မရီးကိုသာ၊ လျှောက်ခြင်းရာက၊ ကျွန်သာမနေ၊ နောင်မင်းကျော်ကို၊ ရှာကာစစ်ကော၊ လိုက်ပါမည်လေ၊ ဤသည်နေရာ၊ ဟေမဝါတွင်၊ နှံကာခြားနား၊ စည်းသုံးတန်လေ၊ ဝန်းရံထားမည်၊ မရီးကျော်လေ၊ စည်းတော်တွင်းမှာ၊ လုံးချင်းနေပါ၊ အကယ်၍မူ၊ တောမြိုင်ငူတွင်၊ ရန်သူများမြောက်၊ ဘီလူးယက္ခာ၊ ကျားဗျာ့ဃ္ဃာတို့၊ လာကာရောက်လည်း၊ လန့်ကြောက်၍ပေ၊ သည်ကနေဗျာ၊ ခြေတစ်ဖက်မျှ၊ မထွက်လေနှင့်၊ ဤမြေတလင်း၊ စည်းသုံးတန်လျှင်၊ ဝန်းရံခက်ကော၊ စက်အတွင်းမှာ၊ ဆင်မြင်းသစ်ကျား၊ ဘီလူးကိုလေ၊ မဆိုထားနှင့်၊ သိကြားမင်းလျှင်၊ရောက်လာကျင်လည်း၊ မဝင်နိုင်ဖွယ်၊ စည်းပြင်မှာလျှင်၊ မှိုင်ကာရစ်ပျာ၊ ငိုက်ရမည်လေ။

၁၅၅။ ငိုက်ရမည်လေ၊ မှာပေပြီးမှ၊ လက္ခဏာလျှင်၊ ဘယလွတ်ရန်၊ အဝေးဒဏ်နှင့်၊ ဘေးရန်မတွေ့၊ ပညာဟုန်လေ၊ သိန်ဂုဏ်ပြည့်ကော၊ ရသေ့ရှစ်သောင်း၊ ဆရာပေါင်း တို့၊ အင်းကောင်းယတြာ၊ ပရိတ်တော်နှင့်၊ ဂါထာမန္တန်၊ ဩြောင်ဦုံခံပျာ၊ နှံကာလည်း သ၊ စည်းသုံးတန်ကို၊ ရံကာချလို့၊ ပေတ-ကင်းသင်း၊ အင်းကြီးဆိတ္တကံ၊ စမ္ပနဝ၊ ရမထသေလာ၊ ဂုဏ်တေဇာနှင့်၊ ရွှေကြာအင်းကို၊ မြင်းသွားချ၍၊ ထိုကနောက်ဆုတ်၊ အဋ္ဌမုသ်လက်ယာ၊ အင်းစကြာကို၊ မြေမှာမြှုပ်လို့၊ မန်းမှုတ်သရဖ္လာယ်၊ ဩြောင်သဗ္ဗ ဗုဒ္ဓါနုဘာဝေန၊ စသည်သုံးတန်၊ အင်းမန္တန်ကို၊ ဝန်းရံပြီးမှလျှင်၊ ပထမနှင့်၊ ဒုတိယအမှန်၊ တတိယံဟု၊ သုံးတန်စည်းချ၊ ရံပြီးမှလျှင်၊ ဒသဒီသာ၊ ဆယ်မျက်နှာတွင်၊ ရှေ့မှာနေထွက်၊ နောက်ဘက်နေဝင်၊ မြောက်တွင်မူဝံ၊ တောင်မှာကွန်နှင့်၊ နံရံစက္ကဝါ၊ ဤနယ်ကွက်ကော၊ မြေမျက်နှာတွင်၊ များစွာဒေဝ၊ အသူရိန်ကော၊ ရဝိန္ဒနှင့်၊ တေဇကြီး မြတ်၊ ရုက္ခစိုးတွင်၊ မိုးဘုရင်ကော၊ အို-ရှင်နတ်တို့၊ စောင်ကြပ်ကြည့်ရှုတွင်တန်းပြု၍၊ အမှုကိစ္စ၊ စည်းသုံးတန်ကို၊ ရံကာငြား၍၊ ထားပြီးမှလျှင်၊ နောင်လှကြွင်ရာ၊ မရီးတော်ကို၊ မိန့်မှာထပ်ထပ်၊ ရာမလောင်းတော်၊ နောင်မင်း ကျော်လေ၊ သွားရာရပ်ကို၊ နောက်ထပ်မကွာ၊ ဟေမဝါတွင်၊ ခြေရာစစ်လို့၊ လိုက်လေပါသော်၊ ထိုခါကာလ၊ ချောင်း၍ တကော၊ ပုန်းအောင်းနေကော၊ ခေါင်းဆယ်ခွနှင့်၊ တာပသဟန်၊ နာနာရုပ်ဖြင့်၊ လုပ်စီမံ၍၊ လျှုခံကာလ၊ မေဒေဝီကော၊ သီတာလှသည်၊ ဒါနဟုဆို၊ လျှုကုသိုလ်ကို၊ အလိုလည်းရှိ၊ ရသေ့သွင်ကို၊ မြင်လေဘိသော်၊ နှစ်သိမ့်ဝမ်းသာ၊ လျှောက်ခြင်းရာက၊ တပည့်တော်မ၊ ချစ်ကြိုးနှောင်ကော၊ မယ်မောင်လှနှင့်၊ သာမိကလင်၊ တောမြိုင်ခွင်က၊ ရောက်ကျင်ကာလ၊ စိတ်ကြည်ဖြူနှင့်၊ တူတကွဖြင့်၊ လျှုပါရစေ၊ မြတ်မထေရ်လျှင်၊ ဤသည်နေရာ၊ သစ်ရိပ်သာတွင်၊ မွေ့လျော်ပြီးတွယ်၊ ပရိက်ံနှင့်၊ ဘိညာဉ်လမ်းကို၊ စီးဖြန်းနေပါ၊ လျှောက်သောခါလျှင်၊ ဒါယကာမိမြတ်၊ ဆင်းကိုယ်ပိုင်နှင့်၊ ယဉ်နု ထွတ်လေ၊ မအပ်မရာ၊ လာဘ်ကိုမျှော်လို့၊ သူတော်သူမြတ်၊ ဝိနည်းပရိယာယ်၊ မိန့်ရှိပေ၍၊ မနေအပ်ပါ၊ ဖြူဆွတ်စေတနာ၊ လျှုလိုပါမူ၊ သာမိကလင်၊ မရောက်ခင်ကို၊ လျှုချင်သမျှ၊ စိတ်ကြည်ဖြူနှင့်၊ လျှုပြီးမှလျှင်၊ ဒကာမကြွင်ရာ၊ မတ်တော်ရင်းကော၊ လင်မင်းကျော်တို့၊ ဟေမာမြိုင်လမ်း၊ သွားစခန်းမှာ၊ အေးချမ်းသာယာ၊ ဘေးတျမ်း ကွာအောင်၊ ပတ္ထာနာဆု၊ လျှုကောင်းမှုကို၊ တောင်းပြုလိုက်ပါ၊ ဆိုသောခါလျှင်၊ သီတာညိုမြ၊ သဘောကျ၍၊ ဖလဖယံ၊ ဆိမ့်ချိုဖန်ကော၊ ချိုချဉ်သစ်

သီး၊ ပေါင်းများစွာမှာ၊ ကောင်းရာရွေးလို့၊ တြိနဝင်း၊ ရန်ဆီးကာကေ၊ စည်တော်တွင်းကို၊ ရှင်ရင်းဘုန်း လူ၊ ရသေ့ကျော်လေ၊ တာပဿမှာ၊ ကြွတော်မူဟု၊ ကြည်ဖြူစေတနာ၊ မိသီတာက၊ စည်းတော်တွင်းကို၊ သွင်းပင့်ပါသော်၊ ရာဇာယက္ခ၊ သီတာပျိုကိုလိုချင်လှလို့၊ ရန်ထ ကောင်းခြင်း၊ သုံးတန်ကာကေ၊ စည်းတော်တွင်းကို၊ နင်း၍ ဝင်မည်ထိုအပါးကို၊ သွားတုံလေကေ၊ ကြီးကျယ်တန်ခိုး၊ အင်း မန္တန်နှင့်၊ ဝန်းရံထားကေ၊ များအကျိုးကြောင့်၊ မတိုးနိုင်ပါ၊ ကျောက်ထရံနှင့်၊ သံ တံတိုင်းကေ၊ ရံဝိုင်းကာသို့၊ ထိုခါကာလ၊ တပဿက၊ ဒကာမ သီတာ၊ ခြောက်ပြစ်ကင်းကေ၊ ဆင်းကလျာလေ၊သူတော်သူမြတ်၊ မိန်းမစံလွင်၊ အဆောင်ခွင်ကို၊ မဝင်အပ်ဟု၊ ပညတ်သိက္ခာ၊ ရှိခြင်းရာကြောင့်၊ ဒါယကာမ၊ သီတာလှတို့၊ နေထစံမြန်း၊ သစ်ခက်နန်းမှာ၊ ရံဝန်းပြီးခါ၊ စည်းသုံးထပ်နှင့်၊ သင့်မတ်တော်လျှင်၊ ထားပါတုံရှောင်း၊ ဤအကြောင်းက၊ အပေါင်းပြောထူ၊ တောရန်သူတို့၊ ကလူနှိပ်စက်၊ ပြုလိမ့်မည်ကို၊ စိုးသည်တွက်ကြောင့်၊ စက်သို့ရံ ပတ်၊ စည်းသုံးထပ်နှင့်၊ သင့်မတ်ထားသည်၊ ဇကေနစ်စစ်ကေ၊ ဖြစ်လိမ့်မည်ကေ၊ ငါ၀ယ်သော်လ၊ အာဇရကေ၊ သီလနှင့်သာ၊ ဤတောမှာပင်၊ များစွာကာလ၊ ငါလျှင်နေကေ၊ ရှည်လျားလှပြီ၊ ငါ့ကိုအတိ၊ စိုးရိမ်ရန်လေ၊ မှန်မရှိပါ၊ ရံဘိကောင်းခြင်း၊ စည်းအတွင်းကို၊ ကျော်နင်းပြီးလျှင်၊ သင့်ထံခွင်ကို၊ မဝင် တုံအပ်၊ ယခုမူလေ၊ မလှူကပ်လည်း၊ တောရပ်မြိုင်ခြေ၊ ခြားတစ်ပါးကို၊ ကြွသွားမည်လေ၊ လှူမည်စိတ်ပြတ်၊ ရှိတုံလတ်လည်း၊ စည်းတတ်ပြင်က၊ စိတ်ကြည်ဖြူနှင့်၊ လှူလိုက်တော့ဟု၊ ဖျောင်းဖျများစွာ၊ ပြောသောခါလျှင်၊ သီတာပျိုချော၊ သူ့သဘောက၊ တောဖျားမြိုင်ခြေ၊ မတ်နှင့်လင်လေ၊ သမင်မိုက်ကို၊ လိုက်သွားလေကေ၊ ဘယ်သည်မသိ၊ သို့ဖြစ်ဘိ၍၊ မထိဘေးရန်၊ ကင်းကေးပြန်အောင်၊ ပုည်ကောင်းမှု၊ ယခုငါလေ၊ ငါလျှင်ပြုမည်၊ ကြံတုံလေ၍၊ ကြီးငယ်မှည့်ရွှမ်း၊ သစ်သီးဆွမ်းကို၊ လှူဒါန်းလိုချင်၊ စည်းပြင်ဘက်ကို၊ ထွက်လေကျင်သော်၊ အကြင်ဥပမေ၊ ကြက်သူငယ်ကို၊ စွန်ဝယ်ချီဟန်၊ လေယာဉ်ပျံလေ၊ ဈာန်ရထားနှင့်၊ လွှားလို့ပျံကေ၊ ကြောက်ရွံ့အားကြီး၊ ဘီလူးရုပ်သွင်၊ ဖြုတ် ခြည်းမြင်သော်၊ ရှင်ရှင်ကြီးလို၊ ကြက်သီးချင်းထပ်၊ ရထားဆောင်တွင်၊ ယမ်းယောင် စမ်းလည်း၊ ဝမ်းပန်းရှုပ်မျှ၊ မတတ်ကြံရာ၊ လင်မင်းကျော်လေ၊ မောင်တော်ရာမ၊ လက္ခဏာတို့၊ လျင်စွ မကြာ၊ မေ့ကိုသာလျှင်၊ မြင်ပါခလိုက်၊ လှသီတာမှာ၊ အော်လို့ ဟစ်ကေ၊ သူမိုက်ဘီလူး၊ သိယ်ိမှူးလျှင်၊ စူးစူးမကြာ၊ ဆောင်လေပါကေ၊ မသာ သည်စိတ်၊ ကြို့ညိုတွင်ကေ၊ သစ်ပင်ရိပ်၌၊ သူကြိတ်မြောက်မင်း၊ စစ်ရှုံးခြင်းကြောင့်၊ လုံးချင်းတစ်ကိုယ်၊ ကြို့ပင် ထိပ်၌၊ သစ်ရိပ် ခိုကေ၊ ထိုသည်အခါ၊ မိန်းမဟန်လေ၊ ငိုသံများကို၊ ကြားရပါသော်၊ ဝန်းယာပတ်လှည့်၊ မျောက်မင်းရာဇာ၊ ထက်အာကာကို၊ မော်လို့ကြည့်ရေ။

၁၅၆။ မော်လို့ကြည့်ကေ၊ မြူငွေ့မှိုင်းရီ၊ မိုးတိမ်ဆီမှ၊ သိဂီပတ္တမြား၊ လေယာဉ်ပျံ လေ၊ ဈာန်ရထားနှင့်၊ သွားသည်ကြောင်းအင်၊ သူကြိတ်မျောက်က၊ အောက်က မြင်ကေ၊ လျှင်စွာခုန်လှမ်း၊ ရထားလေယိုင်၊ မသွားနိုင်အောင်၊ ကိုင်ကာဖမ်းလို့၊ ငါမှန်တစ်စိ၊ ယမ်းမသိဘဲ၊ ဒိဋ္ဌိဘီလူး၊ အစိမ်းမျိုးကေ၊ သိယ်ိမှူးမှာ၊ ထူးဝိသေသ၊ မိန်းမလှကို၊ နင်ကား တစ်မူ၊ သူ့မယားကို၊ ခိုးငြားယူပျှာ၊ ငါမူစံမြန်း၊ ကြို့ပလ္လင်လေ၊ သစ်ပင်နန်းက၊ ပျံသန်းပြီးငြား၊ ငါ့ကိုမှန်စွာ၊ အားမနာလို့၊ နင်ကျော်သွားဟု၊ ပြောငြားလေမူ၊ သေဘေးကြုံက၊ တုံကာလန့်မြောက်၊ ထိုဘီလူးလျှင်၊ အထူးကြောက်လို့၊ မျောက်မင်းဘုရင်၊ နေခြင်းအင်ကို၊ ကျွန်လျှင် နတ္ထိ၊ ဇဝကန်လေ၊ မှန်မသိလို့သွားမိသည်သာ၊ ဤတစ်ခါကို၊ ရာဇာသနင်း၊ မင်းချင်းချင်းမှာ၊ မသွင်ဒေါ်သ၊ သည်းညည်းခံပျှာ၊ ပြန်လွှတ်ကြောင်းကို၊ တောင်းပန် ခလို့၊ ကာလ နောက်နောင်၊ ရထားဆောင်နှင့်၊ တိမ်းရှောင်ပြီးခါ၊ လွတ်ရာရာက၊ သွားပါတော့မည်၊ တောင်းပန်လေကေ၊ ထိုသည်မျောက်မင်း၊ ခြိမ်းပခြင်းက၊ သတင်းသိန်ဂုဏ်၊ အင်ပြည့်စုံကေ၊ ရဂုံသာလှ၊ စိမ်းမြမြနှင့်၊ ကိဿကိန္ဓာ၊ မြို့အောင်ချာဟု၊ နဂရာဌာနေ၊ ထီးနန်းတည်၍၊ အရှည်ပိုင်စိုး၊ မျောက်ရာဇာလေ၊ ငါတို့မျိုးတွင်၊ တန်ခိုးထင်ပေါ်၊ ငါ့ကိုမူလေ၊ သုကြိတ်မင်းဟု၊ နင်းမကျော်လား၊ တင်းမာစော်ကား၊ သူ့မယားနှင့်၊ သူ့သားမရှောင်၊ ရထားနှင့်ထက်၊ ယခုမူလေ၊ လူမိန်းမနှင့်၊ ငါ့ခေါင်းထက်က၊ ဘုန်းကျက်သရေ၊ မတောက်ထိန်ကေ၊ သိန်းတန်ခိုးလျှင်၊ တိမ်းညိုးစေဟု၊ မှတ်ရေပြီးညား၊ ငါ့ကိုမှန်စွာ၊ အားမနာလို့၊ နင်ကျော်သွားကေ၊ စော်ကားဂုဏ်ပြု၊ ရထားဆိုးကို၊ အစိုးရက၊ ငါထက်လူမော်၊ ဇမ္ဗူပေါ်မှာ၊ သာသူမရှိ၊ နင့်စိတ်တွင်လေ၊ ထင်မှတ်ဘိ၍၊ မသိမမြင်၊ ငါ့ကိုပင်လေ၊ ကျော်ထင်ပလွှား၊ ဘာလီထံမှာ၊ ငါ့ကံညစ်လို့၊ စစ်ရှုံးငြားက၊ သားစားလည်းကြူး၊ စွယ်ပြူးပြူးနှင့်၊ ဘီလူးသဘက်၊ ခွေးဝက်ကပင်၊ ငါသုကြိတ်ကို၊ နှိပ်စက်ချင်ရေ၊ နင်လျှင်ဆိုးညစ်၊ ဘီလူးမိုက်ကို၊ နစ်၍သေစေ၊ သမုဒ်မြစ်မှာ၊ မြှုပ်နှစ်မည်ဟု၊ ဆိုလေသောခါ၊ ဘီလူးမင်းမှာ၊ ပြောခြင်းရာက၊ ရာဇမျောက်မင်း၊ ကြို့နန်းနေကေ၊ မိတ်ဆွေရင်းလေ၊ အတင်းအမာ၊ မြစ်ပင်လယ်တွင်း၊ နှိုက်မည်မှုကို၊ မပြုပါငဲ့၊ ငါဘာလီတွင်၊ မျောက်ဘုရင်ကြောင့်၊ အသင်းညိုးပိန်၊ စစ်ထိုးရန်ကို၊ ဆန်မြူကျိုးမျှ၊ မစိုးရိမ်နှင့်၊ ဝရဇိန်လက်နက်၊ ဘွဲ့ဖြူစက်နှင့်၊ သင့်ဘက်ကသည်၊ ငါတစ်မူလေ၊ စစ်ကူလိုက်ပျှာ၊ တိုက်ဖျက်မည်လေ။

၁၅၇။ တိုက်ဖျက်မည်လေ၊ ဆိုသည်ကာလ၊ သူကြိတ်ကြားသော်၊ သဘော

ကျ ၍၊ အားရတုံမြောက်၊ ကြို့နန်းပျော်ကော၊ ရာဇာမျောက်က၊ တစ်ယောက်လဲမူ၊ တစ် ယောက်ထူကော၊ နောင်မူကူတမ်း၊ သစ္စာတည်ကော၊ အရှည်မှန်းလို့၊ မိတ်ကျွမ်းဖွဲ့ကာ၊ မျောက်နှင့်ဘီလူး၊ နှစ်ယောက်ပူး၍၊ ပြောတုန်းခါတွင်၊ သီတာပုလဲ၊ သစ်ရွက်ပေါ်တွင်၊ မှာစာရေးလို့၊ ပေးခဲ့တစ်ဖန်၊ သုကြိတ်ထံက၊ ဝဲပျံသွားကော၊ ရထား ဈာန်နှင့်၊ မိုးစွန်ကို လျှောက်၊ လေသင်းထုံကော၊ မုန်တိုင်းအောက်က၊ လျှိုဖောက်ဝဲပျံ၊ တည်ညည်းနှင့်၊ ငိုသံ မပျောက်၊ ပြည်သိဃ်ိုကို၊ ထိုခါရောက်က၊ စိန်ကျောက်ရတနာ၊ရံစီကာကော၊ နန်း တော်အထွတ်၊ ခုနစ်တန်လေ၊ မှန်ပြာသာဒ်မှာ၊ လက်ထပ်တော့မည်၊ ပြုတုံလေကော၊ မေသီတာချော၊ တငိုငိုနှင့်၊ ဆိုစကားမှာ၊ ခြားနားတစ်ထူး၊ သိဃ်ိုမျှုးကော၊ ဘီလူးနှင့်လူ၊ ဘာဝချွတ်လို့၊ ဇာတ်မတူကော၊ မှတ်ယူစင်စစ်၊ သားစားကြူးကော၊ ဘီလူးမိုက်ကို၊ ကြိုက်စိတ်ချစ်စိတ်၊ ဆံတစ်ပင်ကို၊ ဆယ်မျှင်စိတ်လို့၊ တစ်စိတ်မျှပင်၊ ငါမကြင်ကော၊ အရှင်လတ်လတ်၊ မေ့ကိုပင်လေ၊ နင်ကသတ်လည်း၊ သတ်ပါအလျှင်၊ မေနှင့်ကြင်ကော၊ လင်ကလွဲကော၊ ဖွဲလောက်ထင်ရေ၊ များဖြင်ဒုက္ခ၊ ရှေ့ကိုတစ်ဖန်၊ နေ့မကျန်လျှင်၊ မခံရအောင်၊ ငါ့ကိုသတ်ဖြတ်၊ ယခုပင်လေ၊ စီရင်သတ်ဟု၊ လှုနတ်သီတာ၊ ဆိုသောခါ တွင်၊ ရာဇာဘီလူး၊ သိဃ်ိုမျှုးက၊ ရှေးဦးတစ်ခါ၊ ဂန္ဓဗ္ဗနတ်၊သမီးမြတ်ဟု၊ လှုထွတ်ချာကို၊ ငါလျှင်အတင်း၊ ကာမေသုကို၊ ပြုမိခြင်းကြောင့်၊ ပျက်ကင်းဇီဝိန်၊ အကြိမ်ကြိမ်လျှင်၊ ကျိန်စာလည်းတိုက်၊ မီးပုံ၌လျှင်၊ စင်စစ်မနေ၊ တစ်ဟုန်ချင်းဖြင့်၊ ခုန်ဆင်းသေ ကော၊ ခုဝယ်တစ်ခါ၊ မိသီတာကို၊ ငါလျှင်မချွတ်၊ ကာမေသုကို၊ ပြုရန်လတ်က၊ မှုူးမတ် အလယ်၊ ဣန္ဒြေလျှင်၊ မတည်ယွင်းကွက်၊ လှုသီတာကြောင့်၊ ငါလျှင်ပျက်မည်၊ သို့မှတ်ပေ၍၊ ယက္ခရာဇာ၊ ဘီလူးမင်းမှာ၊ ပြောခြင်းရာက၊ ကာလိဂန္ဓ၊ ကာဏာရဟု၊ နာမတွင်ခေါ်၊ ငါ၏ထံမှာ၊ ရံဆည်းကပ်ကော၊ မတ်မဟာတို့၊ သီတာမည်ထ၊ ငမိုက်မကို၊ သော်ကပန်းခိုင်၊ ရန့်လှိုင်ကော၊ ဥယျာဉ်အရပ်၊ လေညင်းခံကော၊ မှန်ပြာသာဒ်မှာ၊ ခုနစ်ထပ်ကွန်ချာ၊ ရံပြီးခါမှ၊ သာယာချောမော၊ အများသောင်းသောင်း၊ နားမ ညောင်းအောင်၊ ဖျောင်းဖျပြောလို့၊ ထားကြတုံလေ၊ ဒွေးမာသဟု၊ နှစ်လလည်လျှင်၊ အကယ်စင်စစ်၊ ငါ့ကိုပင်လေ၊ နင်မကြင်က၊ မိုက်အားလည်းကိုး၊ မှန်းမသိကော၊ မိန်းမဆိုးကို၊ အရိုးတခြား၊ အသားတကွဲ၊ ဓားနှင့်ခွဲ၍၊ အသည်းကိုလျှင်၊ အမဲတစ်သို့၊ ပျစ်နှင့်ကင်၍၊ ငါလျှင်နှိုက်သက်၊ သူရာပြည်က၊ သေအရက်နှင့်၊ ညက်ညက်ဝါးထွေ၊ နင့်အသားကို၊ စားတော့မည်ဟု၊ ငြိုးပေတုံပြီး၊ ဘီလူးကြီးလျှင်၊ ခြောက်ခြိမ်းပြီးခါ၊ သော်ကလှိုင်ကော၊ ဥယျာဉ်သို့လျှင်၊ ပို့လိုက်ပါရေ။

၁၅၈။ ပို့လိုက်ပါကော၊ များစွာယက္ခ၊ ဘီလူးမတို့၊ ဖြဖြဝန်းရံ၊ ဘုံဗိမာန်နှင့်၊

ကွန်ချာ ခုနစ်ထပ်၊ ကြီးနှင့်သံဘဇာ၊ လှုသီတာကို၊ ရံကာပတ်လို့၊ နဝရတ်စီရန်၊ ကျောက်သလွန်နှင့်၊ စံစံပပ၊ ထားပြီးမှလျှင်၊ ယက္ခမဟာ၊ မင်းရာဇာကို၊ ကြိုက်ပါစေကြောင်း၊ သုစိတ္တာက၊ ဘီလူးမကော၊ လှုပျိုပေါင်းတို့၊ ဖြားယောင်းပြောဆို၊ လောင်းသခင်လေ၊ ကြင်မိတ်ကျွမ်းကို၊ လွမ်းအားပို၍၊ မေပျိုသီတာ၊ ငိုခြင်းရာက၊ ကြမ္မာရှေးကံ၊ မေ့သနစ်ကို၊ တွက်စစ်ပြန်သော်၊ ဖြစ်ဟန်မလှ၊ ကမ္ဘာမြေက၊ မေကိုရလို့၊ မိလှမာတာ၊ မေ့မှာသော်လေ၊ မဟာမြေပြင်၊ ကျေးဇူးကြီးကော၊ မွေးမိခင်လေ၊ ဖခင်မင်းလှ၊ ဇနက္ကလျှင်၊ ယုယမြတ်လေ၊ မေ့ကိုပင်လေ၊ သုတ်သင်မွေးလို့၊ လူရေးလူရာ၊ မြောက် သောခါလျှင်၊ မောင်တော်မင်းလှ၊ လောင်းရာမနှင့်၊ မွေးဖရာဇ၊ လက်ထပ်ပါ၍၊ ပြည်တော်ဌာန၊ ရုတ္တရကို၊ မုချမကွာ၊ မောင်ဘုန်းမိုနှင့်၊ မေပျိုစစ်လျှင်၊ လိုက်လတ် ပါသော်၊ နှစ်ဖြာမောင်နှံ၊ နန်းဝေယံမှာ၊ မစံရဘဲ၊ တောမျော်ရုံလေ၊ ရဂုံထဲမှာ၊ ဆင်းရဲဒုက္ခ၊ တူတကွလျှင်၊ လက္ခဏာမတ်ကျော်၊ မေ့ကြင်ဖော်ကော၊ မောင်တော်မင်း လှ၊ နှစ်တစ်ရာကို၊ ချစ်စွာပေါင်းမည်၊ လောင်းရာမနှင့်၊ တူကွမကွာ၊ နေစံပျော်သော်၊ ယက္ခာစွယ်ပြူး၊ ဤဘီလူးလျှင်၊ ရည်စူးပြီးမူ၊ မေနှမကို၊ အရယူကော၊ ကြင်သူနှင့်ကွဲ၊ တိုင်းဌာနေလေ၊ ပြည်နှင့်ဝေးလို့၊ မိလည်းမမြင်၊ ဖခင်မရှိ၊ ဘီလူးထံမှာ၊ ဖြစ်ဟန်ဆိုး ကော၊ မျိုးမတွေ့ဘဲ၊ ညှိုးဘိမေ့မှာ၊ ဘီလူးမျိုးလျှင်၊ ခိုးခြင်းရာကို၊ မောင်တော်ရာမ၊ မေ့သခင်လေ၊ လင်မင်းလှနှင့်၊ လက္ခဏာမတ်တော်၊ မသိပါဘဲ၊ ဟေမာမြိုင်ခြေ၊ မေ့ကိုသာလျှင်၊ ကြာကြာမိန့်အောင်၊ ရှာလိမ့်မည်လေ၊ မဖွယ်မရာ၊ တောဟေမာ တွင်၊ ငါလျှင်မိုက်မ၊ ရွှေသမင်ကို၊ လိုချင်လှ၍၊ ကြောင်းစဘယ့်နှယ်၊ ဖြစ်လေသည် ဟု၊ နှမေကျွန်မ၊ ဤနေရာက၊ သီတာမိမှာ၊ မသိရပါ၊ လက္ခဏာဘုန်းခေါင်၊ မတ် တော်မောင်က၊ ရန်ဆောင်ကောင်းခြင်း၊ သုံးတန်ကာလေ၊ စည်းတော်တွင်းက၊ ကျော်နင်းပြီးတွယ်၊ ခြေတစ်ဖက်မျှ၊ မထွက်လေနှင့်၊ အသေအချာ၊ မှာတုံပါလျက်၊ ကြမ္မာလည်းငင်၊ ဇာဝင်ဖြစ်မည်ကို၊ ဘယ်တစ်မျှ၊ မသိကျင်၍၊ မေလျှင်တကယ်၊ ဘီလူးဟူကော၊ ရန်သူအောက်မှာ၊ ရောက်ရသည်လေ၊ ကြီးကျယ်လဟာ၊ ရေသီတာလျှင်၊ ရံကာလို့ဆီး၊ ယူဇနာလျှင်၊ ကွာလို့ဝေးကော၊ သိဃ်ိုဌာနေ၊ ဘီလူးပြည်မှာ၊ မေတစ်ယောက်တည်း၊ လင်သခင်လေ၊ ကြင်ရာမြတ်ကော၊ မတ်နှင့်ကွဲလို့၊ ရပ်ဝေးမြေ တာ၊ မေသီတာမှာ၊ ခန္ဓာသက်သက်၊ ဘီလူးဟူကော၊ ရန်သူလက်မှာ၊ ပျက်ရမည်ဟု၊ မျက်ရည်သွက်သွက်၊ တစ်စက်စက်နှင့်၊ တစ်ရက်မဟူ၊ သီတာဖြူမှာ၊ ကြူကြူငိုတမ်း၊ ပြည်သိဃ်ိုလေ၊ ထိုသည် ကျွန်းမှာ၊ မျှော်မှန်းပြီးထွေ၊ အထွတ်တင်ကော၊ လင်မိတ် ကျွမ်းကို၊ လွမ်းနေရေလေ။

**(သီတာဖြူသည်၊ ပူအလွမ်းနှင့်၊ တစ်ခန်းရပ်။)**

## လောင်းရာမနှင့် လက္ခဏညီတော်တို့သည် မေသီတာကို မွေ့ရှာစန်း

၁၅၉။ လွမ်းတနေကော၊ ဤဝယ်တစ်ရပ်၊ လှကလျာလေ၊ မျှော်အတမ်းကို၊ တစ်ခန်းဖြတ်လို့၊ နံပါတ်ကိုလျှော့၊ ညီနောင်နှစ်ဖြာ၊ မိသီတာကို၊ ရှာကာလွမ်းလို့၊ တစ်ခန်းပြမည်၊ ဩသရေဆုံ၊ သုံးပါးဂုံတွင်၊ ဆန်စုန်သွားလာ၊ လူနတ်ပြဟ္မာ၊ သတ္တဝါလေ၊ သူငါများတွင်၊ ဘုရားကောက်မျိုး၊ နိဗ္ဗာန်သောင်ကို၊ ဖောင်ကူတို့ဖြင့်၊ ဆောင်ပို့တော့မည်၊ စူးစူးရည်၍၊ သုံးဆယ်ဇာဂီ၊ ပါရမီကို၊ အညီပြည့်ကြောင်း၊ အဏုမြူဖြင့်၊ ဆုယူတောင်းကေ၊ အလောင်းတော်လှ၊ ဘုန်းသမ္ဘာလေ၊ ကြော်ငြာခြင်းနှင့်၊ မင်းရာမကို၊ လက္ခဏညီတော်၊ ရှာကာစစ်လို့၊ လိုက်လေခါဝယ်၊ ညီတော်လုလင်၊ လာကြောင်းရေးကို၊ ဝေးကပင်လျှင်၊ ဘုရင်ရာမ၊ နန်းစည်းရှင်မှာ၊ မြင်ကာလဉ်၊ နှမကြင်ရာ၊ မိသီတာသည်၊ ရှေးခါပကတိ၊ သစ်စက်နန်းထံ၊ ဇဝကန်လေ၊ မှန်မရှိဟု၊ သိလို့အမြင်၊ မကြည့်ခင်ကို၊ အထင်စိတ်ပေါက်၊ လက္ခဏတွင်၊ သက်မျှကြင်ကေ၊ ညီလျှင်ရောက်က၊ တစ်ယောက်ညီတော်၊ လိုက်၍လာသည်၊ အာဏာကိုဖျက်၊ အခါခါလေ၊ ငါမှာလျက်နှင့်၊ ဘယ်တွက်ကြောင့်သာ၊ မရီးတစ်ပါး၊ မိန်းမသားကို၊ ထားခဲ့ပါ၍၊ လိုက်လာသနည်း၊ အပြစ်တင်ပျာ၊ အလျှင်မေးက၊ ဩော်လည်းနောင်တော်၊ အပြစ်တင်ကို၊ အလျှင်စော၍၊ ကြောင်းရေးသာကြည်၊ လျှောက်ပါသည်ကို၊ နားဝယ်မနာ၊ နောင်မင်းကျော်လေ၊ ခေါ်သံများကို၊ ကြားခြင်းရာကြောင့်၊ လိုက်ပါစေလို၊ ကျွန်ုပ်ကိုလျှင်၊ ဆိုသည်မက၊ မရီးညာပိုင်၊ သဇင်ခိုင်လျှင်၊ ကိုယ်တိုင်ထ၍၊ တောဝမြိုင်ခွင်၊ လိုက်မည် ပြင်လို့၊ ကျွန်လျှင်မှန်စွာ၊ မနေသာကေ၊ နောင်တော် အထံ၊ လျှင်ခဏလျှင်၊ လာရပြန်လည်း၊ သုံးတန်စည်းတား၊ မရီးကျော်ကို၊ ရုံကာတား ဟု၊ လျှောက်ငြားကာလ၊ လောင်းရာမက၊ ညီလှလုလင်၊ ငါ့မှာလျှင်လေ၊ သမင်မ ဟုတ်၊ ဘီလူးယုတ်စွာ၊ ပြုလုပ်ပါကေ၊ နာနာရုပ်လျှင်၊ ဖြစ်ခြင်းအင်ကြောင့်၊ ညီခင်မရီး၊အိပ်ခန်းစံပျော်၊ ရိပ်နန်းသာမှာ၊ ပကတိလျှင်၊ ရှိမည်မထင်၊ မကြာခင်ကို၊ အလျှင်မနေ၊ တောဌာနက၊ သွားကြမည်ဟု၊ ဆိုထွေမကြာ၊ ညီနောင်ရင်းတို့၊ အပြင်းလာကေ၊ နေပျော်စံမြန်း သစ်ရိပ်သာလေ၊ ဆာယာနန်းကို၊ လှမ်း၍ရောက်ခါ၊ သီတာဖြူလေ၊ ကြင်သူမိကို၊ မတွေ့ပါကေ၊ စိမ်းပြာညိုမြ၊ နေစံခိုကေ၊ ထိုမြိုင်ဝမှာ၊ ဖို-မမောင်နှံ၊ ရွှေချိုးဖြူမှာ၊ ကြူကာတမ်းလို့၊ လွမ်းကာတွန်ကေ၊ ငှက်သံညောင်းညောင်း၊ နားမည်းအောင်၊ ကြားပြန်ရှောင်းသော်၊ အလောင်းရာမ၊ သီတာပျိုကို၊ ငိုလို့တကော၊ ဗျာယမပြေနိုင်တော့ဘူးလေ။

၁၆၀။ ဗျာယမယေမပြေ၊ ကျမျက်ရည်ကို၊ ဖြေဆည်မရ၊ သီတာဖြူလေ၊ လှရူပကို၊ မျှော်တတမ်းယမ်း၊ လောင်းဘုန်းမိုမှာ၊ ငိုလို့လွမ်းရေ၊ ငယ်ကျွမ်းကြင်ဖက်၊ သက်စု အသွင်၊ မျက်ရှုဆင်ကေ၊ သဇင်ခက်နှင့်၊ တစ်ရက်မတူ၊ အတူတူကေ၊ ကြည်ဖြူစုံမက်၊ တို့မောင်နှံမှာ၊ တောင်ပံယှက်ကေ၊ ကျေးငှက်ဟသာ၊ ကိန္နရာသို့၊ မကွာအတူ၊ ပါတော် မူကေ၊ နန်းသူဒေဝီ၊ လှမေသီနှင့်၊ နောင်ညီနှစ်ပါး၊ နန်းသိင်္ဂီလေ၊ ဌာနီမြို့က၊ ငါ တို့မြို့မှာ၊ မြိုင်ဖျားရဂုံ၊ သစ်ရိပ်မြုံကေ၊ မှော်ရုံသာမော၊ ဆယ့်နှစ်တောမှာ၊ လှည့် ငြားပတ်ကာ၊ နေ့မကြာလျှင်၊ မွေ့လျော်ပျော်ပါး၊ မြင့်တာရှည်လေ၊ နေလေငြားက၊ ထနားတစ်ဗီ၊ တစ်နာရီနှင့်၊ တစ်ဗီဇနာ၊ တစ်ခရာလေ၊ မကွာမကွဲ၊ ပုလဲသွယ်ကေ၊ ရွှေလည်ဆွဲသို့၊ ထလည်းတူပြိုင်၊ ထိုင်လည်းတူဖက်၊ လွန်တရာလေ၊ ကြင်နာလျက် နှင့်၊ ကျိုးဆက်ကြမ္မာ၊ ရှေးအကြောင်းလျှင်၊ မကောင်းပါ၍၊ သီတာကိုမူ၊ ဘယ်ရန်သူ လျှင်၊ ဆောင်ယူလေသည်၊ ယခုခါလေ၊ ကြောင်းဇာတိကို၊ မသိလေချေ၊ အစွယ်ခေါ် ခေါ်၊ ကျားသစ်ဆင်တို့၊ ကိုက်ငင်စားလည်း၊ သွေးသားကိုသာ၊ ပြကတော့ကေ၊ တွေ့သင့်ပါရေ၊ နာနာဘာဝ၊ ဘီလူးမလျှင်၊ မိဂ္ဂအသွင်၊ ရွှေသမင်သို့၊ ဖန်ဆင်းပြု မြောက်၊ အဝေးရောက်အောင်၊ တို့ညီနောင်ကို၊ ကြံဆောင်ပြီးခါ၊ ရုပ်ပိုင်ပြင်ကို၊ မြင်မဝကေ၊ လှသီတာကို၊ ယက္ခာစွယ်ပြူး၊ သားစားကြူးက၊ ဘီလူးခိုးသည်၊ ဇကန် စစ်ကေ၊ ဖြစ်လိမ့်မည်လေ၊ ရုပ်ရည်အင်္ဂါ၊ လက္ခဏာနှင့်၊ အမရာကိန္နရီ၊ မဒ္ဒီတမျှ၊ သမ္ဘူလသို့၊ မိန်းမရတနာ၊ ရှုမဝကေ၊ လှသီတာကြောင့်၊ ငါလျှင်တစ်မူ၊ ကျွတ်ကျွတ် ဆူအောင်၊ လောင်ပူကြွေကျွမ်း၊ အသည်းစိုင်မှာ၊ မီးတိုင်ထွန်းသို့၊ မြနန်းရိပ်ခို၊ လှယဉ်ညိုကေ၊ မေပျိုသီတာ၊ ယခုလာပျာ၊ မြင်ပါခလိုက်၊ လောင်းဘုန်းမိုမှာ၊ ငိုလို့ရှိုက်ကေ၊ ညီချစ်သက်မျှ၊ လက္ခဏက၊ နောင်လှဘုန်းဝေ၊ မင်းယောကျ်ားမှာ၊ တရားဖြေလော၊ သေလျှင်ကမေ့၊ ပျောက်သောသူကို၊ ရှာမူတွေ့ဟု၊ ဟိုရှေ့လူများ၊ ပြောသည့်ထုံးကို၊ နှလုံးထား၍၊ နောင်ဖွားကြင်ရာ၊ မရီးကျော်ကို၊ ရှာပါကြမည်၊ လျှောက်တုံလေကေ၊ အိုလည်းညီချစ်၊ ဇာမရီလေ၊ သာကီမျိုးကေ၊ ကတိုးနှစ်လေ၊ ဆိုးညစ်ကြောင့်ကံ၊ မကောင်းဟန်ကြောင့်၊ လူ့ထံလူ့ပြည်၊ ဒုလ္လဘမှာ၊ ကြုံကြပေ၍၊ ပရမေတန်ခိုး၊ တို့ညီနောင်လေ၊ ခေါင်သတိုးတို့၊ နေမျိုးအဆွေ၊ မဟာနွယ်ကေ၊ ဖြစ်ပေကတည်း၊ နန်းရဝေကေ၊ ပြည်နှင့်ဝေးလို့၊ တောထဲမြိုင်ယံ၊ ထွက်ရပြန်ကေ၊ မဟန်ပါသေး၊ နောင်မင်းငါမှာ၊ ကြင်ရာ ကွဲ၍၊ ဖြစ်နည်းကိုတွက်၊ လောင်းနန်းယံမှာ၊ ကြောင်းကံ

ဆိုးကေ၊ ကျိုးဝိပါက်ကို၊ ကြံတွက်ချေမိ၊ တရားတော်ကို၊ မှန်စွာသိလည်း၊ သတိယွင်းလို့၊ လွမ်းစိတ်ပို၍၊ ငိုယိုမိသည်၊ လှသက်ဝေလေ၊ နှမသီတာ၊ ပျောက်ခြင်းရာကို၊ ရှာပါကြမည်၊ ညီအစ်ကိုလေ၊ ထိုမင်းသားတို့၊ သွားလေသည်လေ။

၁၆၁။ သွားတုံလေကေ၊ မြိုင်ခြေတောအောက်၊ လမ်းတစ်လျှောက်မှာ၊ လွမ်းလောက်စရာ၊ ငှက်စင်ရော်တို့၊ အဖော်ကွဲ၍၊ ကြွေးကာကြော်ကေ၊ အပင်ပေါ်ထဲ၊ ကျေးတမာမှာ၊ စာခွံကျွေးလို့၊ ဝမ်းနည်းစလောက်၊ တောဂနိုင်လေ၊ စုံမြိုင်အောက်က၊ နှစ်ယောက်ညီအစ်ကို၊ တငိုငိုနှင့်၊ လေးညို့ထမ်းကာ၊ မေသီတာလေ၊ ကြင်ရာချစ်ကို၊ လိုက်၍ရှာကေ၊ ဟေမာတောအောက်၊ သုကြိတ်နေကျင်၊ ကြို့ပလ္လင်ကေ၊ သစ်ပင်အောက်ကို၊ ရောက်သည်ကာလ၊ နောင်မင်းကျော်လေ၊ လောင်းရာမက၊ လက္ခဏာညီတော်၊ ယခုခါ၌၊ များစွာနွမ်းလျ၊ တောမြိုင်ခွင်မှာ၊ မရှင်နွမ်းကေ၊ ပင်ပန်းကြလျက်၊ ညီလှရင်ခွင်၊ နောင်ကြီးရှင်လေ၊ ခေါင်းတင်ပြီးလျှင်၊ ဤသစ်ရိပ်တွင်၊ အိပ်စက်ချင်ဟု၊ ဆိုကျင်ပြီးမှ၊ လောင်းရာမသည်၊ မေသီတာကို၊ လွမ်းပျာစိတ်နှင့်၊ အိပ်လေကျင်ကေ၊ မှတ်ခြင်သောင်းကျန်း၊ ကြက်မတန်းမျှ၊ သောသောအုံ၍၊ ကိုက်တုံကြက၊ လက္ခဏာညီငယ်၊ နောင်ဘုန်းဝေလျှင်၊ နိုးမည်ကိုတွက်၊ ကိုက်တုံကျင်ကေ၊ ခြင်နှင့်မှတ်ကို၊ တစ်ချက်မလိုက်၊ နောင်မင်းကျော်ကို၊ မေတ္တာရစ်ကေ၊ ချစ်သည်ကြောင်းအင်၊ ရွက်စိမ်းညိုကေ၊ ထိုကြို့ပင်က၊ မြင်လေတုံမြောက်၊ နှလုံးပူကေ၊ သုကြိတ်မျောက်လျှင်၊ စိတ်နောက်မရှင်၊ တသက်သက်နှင့်၊ တွက်ခြင်းအင်က၊ လုလင်နှစ်ယောက်၊ ငါနေကျင်ကေ၊ ကြို့ပင်အောက်က၊ ဤမျှလောက်ပင်၊ လွန်တရာလေ၊ မေတ္တာရစ်ပျာ၊ ချစ်ကြကျင်၍၊ ကြင်ကြင်နာနာ၊ ငါတို့မှာက၊ များစွာရက်စက်၊ သစ်နန်းဆောင်မှာ၊ ညီနောင်စစ်ကေ၊ ဖြစ်တုံကြလျက်၊ ဒေါသမျက်မာန်၊ နေ့မကျန်ကို၊ ခဲရန်ဖြစ်ခါ၊ ငါ့မှာဝယ်၌၊ သေမတတ်နှင့်၊ နေရပါဟု၊ ပင်ပေါ်ထက်က၊ ကိုယ့်ဖြစ်ဟန်နှင့်၊ ယှဉ်ကာတွက်သော်၊ မျက်ရည်ကျက၊ ရာမမင်းကျော်၊ ကိုယ်ခန္ဓာမှာ၊ ထိုခါကာလ၊ ယိုထွက်လေကေ၊ မျက်ရည်ပေါက်လျှင်၊ ကျောက်ခဲကျသို့၊ ရာမဘုရင်၊လောင်းကျော်ထင်မှာ၊ နာကျင်ဆွတ်ဆွတ်၊ စက်အိပ်ရာက၊ နိုးပါလတ်ကေ၊ ညီမြတ်မင်းငယ်၊ နောင်ဘုန်းဝေကို၊ ဘယ်တွက်ကြောင့်သာ၊ ကြင်မချစ်ကေ၊ ရိုက်သတ်ပါဟု၊ ဆိုတော်မူက၊ နောင်မင်းကျော်လေ၊ လောင်းရာမလေ၊ ညီလှကျွန်လျှင်၊ သက်ထက်ကြင်၍၊ ချစ်ခင်သည်ဖြင့်၊ တောမှတ်ခြင်တို့၊ ကိုယ်တွင်ကိုက်လည်း၊ မလိုက်မနှင့်၊ သို့ခြင်းအင်ကြောင့်၊ ကိုယ်တွင်အတိ၊ အထုထုကေ ၊ ယခုရှိလို့၊ ရှုကြည့်တုံပါ၊ သစ်ပင်ထက်က၊ ရေစက်သာလျှင်၊ ကျပါသည်မြင်၊ လျှောက်လေကျင်သော်၊ ဘုရင်ရာမ၊ သစ်ပင်ပေါ်ကို၊ မော်ကာလှည့်ပျာ၊ ကြည့်ကာလ၌၊ ဇရာမျောက်လျှင်၊ မြင်လေကျင်သော်၊ ရုပ်သွင်အထူး၊ သားစိမ်းစားကေ၊ တောဘီလူးဟု၊ မြားစူးစက်ရှိန်၊ ဝရဇိန်ကို၊ ချိန်ကာလည်းမြှောက်၊ လောင်းရာဇာမှာ၊ သမ္ဘာစက်နှင့်၊ တစ်ချက်ငေါက်က၊ မျောက်သုကြိတ်၊ ကြောက်သည်စိတ်နှင့်၊ ဖိမ့်ဖိမ့်တုန်ကာ၊ ကြောင်းခြင်းရာကို၊ လျှောက်ပါရစေ၊ ရှေ့တော်သာမှာ၊ ပန်ထွာပြုလို့၊ လက်ဦးချီကေ၊ အဥ္ဇလီကမ့်ကရောတိလေ။

၁၆၂။ ကရောတိကေ၊ ဗောဓိလောင်းလျာ၊ ရာမမင်းကို၊ လျှောက်ခြင်းရာက၊ တေဇာရောင်ဖြိုး၊ ခတ္တိယာကေ၊ မဟာမျိုးလေ၊ အရိုးအရာ၊ ကျွန်ုပ်မှာက၊ ကိန္နရာနန်းမြိုင်၊ နယ်တစ်ရိုးကို၊ အုပ်စိုးပိုင်ကေ၊ ပင်စည်ရိပ်ချမ်း၊ သာမျိုးစုံကေ၊ သစ်မြုံနန်းကို၊ စံမြန်းနေကျင်၊ ငါ့ဘာလီဟု၊ ညီတစ်ယောက်ကေ၊ မျောက်လုလင်က၊ လိုချင်စိတ်တပ်၊ သုကြိတ်ဆိုကေ၊ ကျွန့်ကိုကိုက်ပျာ၊ တိုက်ခိုက်လတ်၍၊ နန်းရပ်ထီးဖြူ လုကာယူကေ၊ မေသုဘတ္တာ၊ ကျွန့်ကြင်ရာလေ၊ တောင်ညာရကေ၊ မျောက်မကိုသိမ်း၊ ကျွန့်ကိုမူလေ၊ ပူမငြိမ်းအောင်၊ စိမ်းကားရက်စက်၊ ညီမင်းငယ်က၊ ပြုသည်တွက်ကြောင့်၊ အသက်ကို ညှာ၊ တိမ်းရှောင်ကာဖြင့်၊ ကိုယ်တော်ခိုဝင်၊ ကြို့ပလ္လင်ကေ၊ သစ်ပင်၌ဝေ၊ တိုင်း၌ာနေလေ၊ ပြည်ကထွက်လို့၊ ဝှက်ခါနေကေ၊ တာရှည်မြင့်ကြာ၊ ယနေ့ခါ၌၊ ကိုယ်တော်နှစ်ပါး၊ ဤကြို့ပင်မှာ၊ ခိုဝင်ရှောင်းကေ၊ လောင်းမင်းသားတို့၊ သနားချစ်ခင်၊ ရှိခြင်းအင်ကို၊ ကျွန်မြင်ကာလ၊ ကိုယ်ဖြစ်ဟန်ကို၊ ပြန်ကာတွက်ကေ၊ မျက်ရည်စလျှင်၊ ကျမိသည်သာ၊ သုကြိတ်ကျွန်ကို၊ မျက်မာန်ရဲလျှင်၊ သည်းခံပါဟု၊ ပန်ထွာကာလ၊ လောင်းရာမ က၊ ငါ့မှာလေ့လျှင်၊ သင့်အသွင်သို့၊ ပုံပြင်တူရှောင်း၊ ညီမင်းငယ်က၊ ပြည်ကိုတောင်း၍၊ နန်းလောင်းနန်းလျာ၊ တို့နှစ်ပါးသည်၊ တောမြိုင်ချာကို၊ ထွက်ခွာပြီးခါ၊ နေကြပါကေ၊ မြင့်ကြာတုံမြောက်၊ ယခုအခါ၊ ငါ့မှ၅သော်လေ၊ ကြင်ရာပျောက်၍၊ တောအောက်မြိုင်ငူ၊ ဘယ်ရန်သူလျှင်၊ ဆောင်ယူလေသည်၊ ကြောင်းအတိကို၊ မသိချေ၍၊ ရှာဖွေပတ် နှောက်၊ သင့်ကြို့ပင်ကို၊ ခိုဝင်ရောက်ဟု၊ မျောက်သုကြိတ်ကို၊ လောင်းမင်းဆိုသော်၊ အိုအိုဘုရား၊ ခေါင်းဆယ်လုံးဆို၊ သူ့နဂိုမှာ၊ သိယီစားလျှင်၊ ရထားနှင့်မူ၊ ဆောင်ကြဉ်း ယူကေ၊ လူက္ကတ္ထိယ၊ ရှုမဝကေ၊ လှပရုပ်ဝါ၊ ပါခြင်းရာကြောင့်၊ ကျွန်တော်ခုန်လှမ်း၊ ရထားယာဉ်ကို၊ လိုက်ကာဖမ်းလို့၊ ကြမ်းတမ်းဆိုးညစ်၊ ဘီလူးမိုက်ကို၊ မြစ်ကြီးအလယ်၊ ခုမလွှတ်ဘဲ၊ မြှုပ်သတ်မည်ဟု၊ ကြံလေသောခါ၊ သူနှင့်ပါကေ၊ လက္ခဏာရုပ၊ သူ၏နဂို၊ ရွယ်နုပျိုနှင့်၊ ထိုမိန်းမက၊ လစန္ဒရာ၊မြလျှံဝါသို့၊ မျက်နှာလှပ၊ ရှုမဝအောင်၊ ကာယ ရုပ်ရည်၊ ဘီလူးဟူကေ၊ ရန်သူခိုး၍၊ ညိုးငယ်ငယ်နှင့်၊ ထိုသည်ကာလ၊ ရထားထက်မှာ၊ မျက်ရည်ကျလို့၊ တ,သငိုလျက်၊

သစ်တစ်ရွက်ကို၊ လက်ဖြင့်ကိုင်ငြား၊ ကျွန်တော့် အားကို၊ ပေးထားခဲ့သည်၊ ယခုထိလျှင်၊ သိရှိရေလေ၊ ဘုန်းကြွယ်ရာဇာ၊ မယုံသော် မူ၊ ရှုပါခဏ၊ သစ်ခေါင်းထဲက၊ ထုတ်၍ပြကေ၊ ရာမဘုရင်၊ စာကိုမြင်သော်၊ မရွှင် ညှိုးနွမ်း၊ ပဒုံကြာကို၊ နေဝါသန်းလို့၊ အလွမ်းဗျာပို၊ ငိုတော့သည်လေ။

၁၆၃။ ငိုတုံလေကော၊ ထိုသည်အက္ခရာ၊ လင်မင်းကျော်က၊ မှာစာသွင်း၍၊ ပါခြင်း ရာက၊ မေ့ထိပ်တင်ကော၊ လင်မင်းဖျားလေ၊ သားစားလည်းကြူး၊ ခေါင်းဆယ်လုံးကော၊ ဘီလူးခိုးထွယ်၊ မိသီတာလေ၊ ကျွန်တော်မ,လျှင်၊ ပါရရေလေ၊ ချစ်ကြည်မေတ္တာ၊ ရှိတုံပါမူ၊ ဆောင်ပါခလိုက်၊ သက်ဆုံးကြင်၊ မြင်မဝကေ၊ ငယ်ကချစ်ဟု၊ သနား ကြောင်းရာ၊ မိသီတာ၏၊ မှာစာလည်းဆုံး၊ လောင်းဘုရင်မှာ၊ ရွှင်မပြုံးကေ၊ နောင်ဘုန်းလည်းငို၊ ညီလည်းငိုလို့၊ ထိုသည်အခါ၊ သုကြိတ်မျောက်မှာ၊ လျှောက်ခြင်း ရာက၊ ကျွန်တော်တစိ၊ ကိုယ်တော်ရှင်မှာ၊ ငယ်ကြင်ကျွမ်းဟု၊ မှန်းမ သိ၍၊ ဂီရိဒသသူ့ကို ပင်လေ၊ ငါမသတ်ဘဲ၊ လွှတ်လိုက်ရလို့၊ အစကပင်၊ ခြင်းဇာ တိကို၊ သိပါကျင်မူ၊ အရှင်မယား၊ သီတာဖြူကို၊ ယူကာထားလို့၊ သားစားကြူးလိုက်၊ ဘီလူးမိုက်ကို၊ ရေမြစ်ဂင်္ဂါ၊ မလွှတ်လိုက်ဘဲ၊ နှစ်သက်တော်မူ၊ တော်ပါလေဖို့၊ ငါ တစ်ဖန်လေ၊ အလွန်မှားဟု၊ အားကျလို့လေ၊ သို့ပင်ဖြစ်ငြား၊ ကျွန့်အရှင်မှာ၊ ကြင်မ ယားကြောင့်၊ နွမ်းပါးညှိုးပိန်၊ ဆံမြူကျိုးမျှ၊ မစိုးရိမ်နှင့်၊ ဘာလီဆိုငြား၊ ကျွန့်ညီအားကို၊ သွား၍ကိုက်ခါ၊လေးစကြာနှင့်၊ ပစ်ပါမုချ၊ သီတာဖြူလေ၊ လှရှုပကို၊ ရအောင် မနေ၊ ဆောင်ယူကာဖြင့်၊ ကိုယ်တော်လက်မှာ၊ ကျွန်ဆက်မည်ဟု၊ လျှောက်လေသောခါ၊ အလောင်းတော်လေ၊ ရာမမင်းမှာ၊ မိန့်ခြင်းရာက၊ မတော်မတရား၊ သူ၏ကြင်သူ၊ လုကာယူ၍၊ ပြုသူများကို၊ ငါကားမနေ၊ သက်ဝိညာဉ်ကို၊ ကျန်မကြွင်း အောင်၊ ခွင်းသတ်မည်ဟု၊ ဆိုသည်ကာလ၊ သုကြိတ်ကြားသော်၊ အားပါးရ၍၊ လျှောက် ထားခြင်းရာ၊ ကျွန့်ညီတော်က၊ ခန္ဓာဂါဝုတ်၊ ခန္ဓာဂါဝုတ်၊ မှန်မယွင်းအောင်၊ ဖန်ဆင်းလုပ်က၊ အဟုတ်ကြီးကျယ်၊ ခွန်အားဝယ်နှင့်၊ ငါးဆယ်ယူဇနာ၊ အရေမှာမူ၊ ခုနစ်စဉ်လေ၊ ထန်းပင်လောက်လျှင်၊ အစောက်ထူလျက်၊ နောက်မူရှေ့တက်၊ လျှပ်တစ်ပြက်မှာ၊ အစောက်ထူလျက်၊ နောက်မူရှေ့တက်၊ လျှပ်တစ်ပြက်မှာ၊ အချက်တစ်ရာ၊ ခုန်ကာလွှားလို့၊ သွားနိုင်ပါ၍၊ ကိုယ်တော်ဘုရား၊ အစွမ်းအားကို၊ မြင်ငြားမှသာ၊ အားကိုးကာဖြင့်၊ ယုံတော်မူထွေ၊ ငါ့ဘာလီလေ၊ ကျွန့်ညီမိုက်ကို၊ ကိုက်ဝံ့မည်ဟု၊ လျှောက်လေတုံကျင်၊ လောင်းဘုရင်က၊ ထန်းပင်ခုနှစ်၊ လေးစကြာနှင့်၊ အသာပစ်က ပြစ်ပြစ်မနေ၊ ဖောက်တုံလေကော၊ ဆိုသည်အခါ၊ သုကြိတ်မှာက၊ ဝမ်းသာအားရ၊ စိတ်ယုံယုံနှင့်၊ ခုန်ကာကလို့၊ ကိသကိန္ဒရာ၊ မြို့အောင်ချာကို၊ လျင်စွာမနေ၊ မျောက် လျှင်ဆောင်၍၊ ညီနောင်လှတို့၊ သွားကြလေရေ။

၁၆၄။ သွားကြလေကော၊ ရောက်သည်ချက်ချင်း၊ သုကြိတ်မင်းက၊ ညီရင်းဘာလီ၊ မျောက်သာကီကို၊ မထီလေးစား၊ တိုက်ခိုက်လိုဟု၊ ဆဲဆိုငြားက၊ ဒေါသမာန်ယစ်၊ ငါ့ဘာလီလေ၊ ညီကလိုက်၍၊ ကိုက်ကြသောခါ၊ လေးစန္ဒာနှင့်၊ လောင်းတော်စစ်မှာ၊ မပစ်သာကော၊ နှစ်ဖြာတူကွ၊ မျောက်နှစ်ကောင်လေ၊ ညီနောင်လှတို့၊ ရှုပရုပ်ရည်၊ နှစ်ဦးစုံလေ၊ တူမကွဲကော၊ မလွဲချေ၍၊ ခွဲဝေမရ၊ လောင်းမင်းကျော်နှင့်၊ ညီတော်လှတို့၊ တွေးဆ၍သာ၊ ကြည့်နေခါဝယ်၊ ကြံရာမတတ်၊ သုကြိတ်မျောက်မွန်၊ ကိုယ့်ရှင်ထံကို၊ ပြန်ပြေးလတ်၍၊ ထွတ်ထွတ်လည်းကြီး၊ ဘာလီလေ၊ မျောက်ညီဖွားကို၊ အားမမြိန်၍၊ အရေစုတ်ပြတ်၊ ကျုတ်ဖွတ်ဖွတ်နှင့်၊ လျှောက်လတ်ခြင်းရာ၊ လစန္ဒာကို၊ ဝိုင်းကာစိုးကေ၊ သတိုးညာလေ၊ မျောက်ညီဖွားကို၊ အားမမြိန်၍၊ အရေစုတ်ပြတ်၊ ကျုတ်တဖွတ်ဖွတ်နှင့်၊ လျှောက်လတ်ခြင်းရာ၊ လစန္ဒာကို၊ ဝိုင်းကာစိုးကေ၊ သတိုးညာလေ၊ ကျွန်တော့်ကိုလေ၊ သေပါစေဟု၊ မှတ်ရည်ပြီးခါ၊ လောင်းမင်းကျော်လျှင်၊ ကြံပါသလား၊ မဟုတ်ငြားလည်း၊ နောင်ဖွားညီငယ်၊ ကိုက်ကြသည်ကို၊ ကြည့်နေဖို့သာ၊ ကောင်းခြင်းရာကြောင့်၊ ကိုယ်တော်မင်းဖျား၊ သူ့ကိုတကယ်၊ မသတ်လေဘဲ၊ နေသလားဟု၊ မေးငြားလေကျင်၊ ရာမ-မင်းမှာ၊ ပြောခြင်းအင်က၊ သင်တို့နှစ်ပါး၊ ရုပ်ရည်မူလေ၊ တူမဝေးကော၊ မကွဲပြား၍၊ လေးမြားမှာမည်၊ သင့်ကိုညာကော၊ ငါလျှင်နေလို့၊ ဆိုပေပြီးငြား၊ သင်တို့မူလေ၊ ပုံကွဲပြားအောင်၊ ငါစားလို့နေ၊ ဤကွမ်းရည်နှင့်၊ သေသေချာချာ၊ ခွဲသိသာအောင်၊ ငါလျှင်မင်းမြတ်၊ တံဆိပ်ခတ်၍၊ အမှတ်ခုသည်၊ ထင်ထင်ရှားရှား၊ သင့်တင်သားမှာ၊ ထားလိုက်မည်ဟု၊ ဘုန်းကြွယ်မင်းမြတ်၊ နောင်မပြေအောင်၊ ကွမ်းရည်ပွတ်၍၊ ခပ်သတံဆိပ်၊ ယခုထိလျှင်၊ တချို့မျောက်မှာ၊ ရှိတို့ကျင်ကော၊ နောင်လျှင်တခါ၊ လွှတ်လိုက်ပါသော်၊ ကိုက်ရာကိုပွတ်၊ မြို့ရိုးပေါ်မှာ၊ ခုန်ကာရပ်၍၊ ခတ်တုံဖျောက်ဖျောက်၊ လက်ပမ်းပေါက်ဖြင့်၊ နင့်လောက်ကိုပင်၊ ထီမထင်ကော၊ အလျင်တစ်ချက်၊ လျှင်းမနေလေ၊ တင်းကေထွက်ဟု၊ ခေါ်လျက်အညီ၊ အရဲပြပျာ၊ ဆဲလို့နေသော်၊ ဘာလီထိုမျောက်၊ စိတ်မာန်ပေါက်၍၊ တစ်ခေါက်ထိုခါ၊ အစ်ကိုဖြစ်၍၊ အကိုက်ညာပျာ၊ ငါလွှတ်လိုက်သည်၊ ယခုဝယ်၌၊ အသေလတ်လတ်၊ မကြာခင်ကို၊ ငါလျှင်သတ်မည်၊ မှတ်တုံလေ၍၊ မနေလျင်ဆော၊ လိုက်တုံပေ၍၊ ကိုယ်နေငြားက၊ မင်းဖျားဘုရင်၊ လေးနှင့်တင်ကော၊ ထိုတွင်မနေ၊ မခံနိုင်ကော၊ မှိုင်ကာငေးပျာ၊ လဲတုံရေလေ။

၁၆၅။ လဲတုံရေလေကော၊ သေမည့်အခါ၊ ဘာလီလေ၊ ညီမင်းဖျားမှာ၊

ပြောခြင်း ရာက၊ ခြင်းရာဘယ်သို့၊ ရှိတုံမြို့၌၊ ငါတို့ညီကို၊ မျက်မာန်ပိုလို့၊ ရန်ငြိုးဒေါသ၊ ဖြစ်လေ မူ၍၊ ကိုက်တုံကြက၊ ငါ့ကိုဘယ်သူ၊ ယခုမူ၍၊ သတ်တုံသနည်း၊ ကိုယ့်ကိုယ်ကိုလေ၊ ဆိုငိုမေးက၊ ရွှေလေးသခင်၊ စကြာရှင်မှာ၊ ငါလျှင်ခုမူ၊ မတရားမှု၊ မယားလု၍၊ ပြုကျင့်သူကို၊ လွယ်ကူမနေ၊ လေးစကြာနှင့်၊ ခန္ဓာပြတ်အောင်၊ သတ်ပါမည်ဟု၊ ဆိုလေသောခါ၊ ဘောလီလေ၊ သူ့ညီရင်းမှာ၊ ပြောခြင်းရာက၊ ခန္ဓာ ပျက်ကွယ်၊ ငါလျှင် သေသော်၊ သန္ဓေကလလ၊ နောင်မင်းကျော်နှင့်၊ မှန်စွာရလျက်၊ ငါ့လက်ထက်တွင်၊ ဖွားမြော်မြင်ကေ၊ သားရှင်အောင်ကွတ်၊ နောင်ဘောဒါလီ၊ ကျွန်ုပ် သက်ဝေကို၊ အိမ်ရှေ့ အပ်လို့၊ နန်းရပ်ထီးဖြူ၊ နောင်တော်ယူ၍၊ အတူမနေ၊ သားနှင့် နောင်တို့၊ အားအင်ကိုး၍၊ စိုးကြလေဟု၊ သေမည်သောခါ၊ သုကြိတ်ဆိုကေ၊ အစ်ကို အားကို၊ စကားမှာပျား၊ ခန္ဓာရုပ်အိမ်၊ ချုပ်ဇီဝိန်နှင့်၊ ဘာလီသေနောက်၊ တစ်မင်းမူ လေ၊ သုကြိတ်မျောက်လျှင်၊ ယူကောက်မနေ၊ ရွှေပြည်ထီးနန်း၊ အခန်းခန်းကို၊ သိမ်းမြန်းစိုးထွေ၊ ညီသက်ဝေ ကို၊ အိမ်ရှေ့အပ်၍၊ အောင်ကွတ်ကိုသာ၊ ထားပြီးခါမှ၊ ခြင်းရာကိစ္စ၊ များစုံလင်လေ၊ အောင်မြင်ငြိမ်းကေ၊ ပြီးစီးကြသော်၊ ရာမကြင်ရာ၊ လှသီတာကို၊ ဆောင်ပါတော့မည်၊ လောင်းဘုန်းကြွယ်ဟု၊ ဆိုလေတုံဘိ၊ ထိုကတိ ကြောင့်၊ သုကြိတ်မင်းမှာ၊ မျောက် များစွာကို၊ ခေါ်ပါတုံမြောက်၊ နန်းဘုံသာလေ၊ရှေ့ တော်ရောက်သော်၊ ဘုန်းတောက် ဘုရင်၊ ရာမမင်းမှာ၊ မိန်းခြင်းအင်က၊ ပင်လယ် သမုဒ္ဒရာ၊ ပြည်သီဟိုဠ်လေ၊ ထိုသည် ဘက်၌၊ လှည်ကျပြာသို့၊ သီတာပျို့မိ၊ ရှိမရှိကို၊ သိရအောင်မူ၊ အဘယ်သူလျှင်၊ လွှား ခုန်ရောက်မည်၊ မေးတုံလေကေ၊ ထိုသည်အခါ၊ တစ်ကောင်မျောက်မှာ၊ လျှောက်ခြင်း ရာက၊ ကျွန်တော်အကယ်၊ တစ်ဟုန်ချင်းဖြင့်၊ ခုန်လွှားပေသော်၊ ဆယ်ယူဇနာ၊ ဤမျှလောက်သာ၊ ရောက်နိုင်ပါဟု၊ လျှောက်တော် မူပြန်၊ မျောက်တစ်ကောင်က၊ ရောက်အောင်လွှား၍၊ သွားရပြန်သော်၊ အကျွန်ုပ် သည်၊ မလွဲသွယ်ပဲ၊ လေးဆယ်ယူဇနာ၊ တစ်ကောင်မျောက်မှာ၊ လျှောက်ခြင်းရာက၊ ယူဇနာငါးဆယ်၊ ရောက်နိုင်တယ်ဟု၊ မှတ်တုံပယ်ရေ၊ ထိုနောက်ဝယ်၌၊ မျောက်ငယ် တခြား၊ လျှောက်စကားမှာ၊ သဘောနှင့်သာ၊ ဖြစ်တုံပါမူ၊ ကျွန်တော်ရောက်မည်၊ တစ်ယောက်ဝယ်က၊ ကျောက် ဆယ်တန်းထား၊ ခင်းပေးငြားသော်၊ ကူးငြားအလွယ်၊ ပြည်သီဟိုဠ်လေ၊ ဟိုဘက်ကမ်းကို၊ လှမ်းနိုင်မည်ဟု၊ မျောက်ငယ်မျောက်ကြီး၊ အသီးသီး နှင့်၊ မိမိစွမ်းဂုဏ်၊ ခုန်အမြောက်ကို၊ လျှောက်လေတုံသော်၊ ယမုန်ထိုမြစ်၊ ယူဇနာ ကေ၊ သချာစစ်သော်၊ သမိုက်စည်လာ၊ ဟုန်းသီတာဟု၊ ကညာကြီးကျယ်၊ မှိုင်းဝေဝေ နှင့်၊ လှိုင်းရေမောက် ဖြိုး၊ ကျွတ်ကျွတ်ဆူကေ၊ ရေပူအိုးသို့၊ အခိုးမှုန်ပြာ၊ ယူဇနာလေ၊ တာကိုလောင်းသော်၊ ပေါင်းတစ်ရာလျှင်၊ ကျယ်စွာယမုန်၊ သုံးကုဋေမျောက်၊

စုံတစ်ယောက်မျှ၊ မရောက် တုံသော်၊ ငါမုံဘယ့်နှယ်၊ ကြင်သက်လျာလေ၊ သီတာလှကို၊ ရနိုင်မည်ဟု၊ ဘုန်းကြွယ် မင်းစစ်၊ လေးစန္ဒာကို၊ မြောက်ကာပစ်ပျာ၊ စိတ်ညစ်ဗျာပို၊ ငိုတော့သည်လေ။

## ဟာနုမန်ကို ရှာကြံကြ၍ သိမ်းချိပြည်ကို ကျောက်ဆယ်တံတား စင်းစန်း

၁၆၆။ စိတ်ညစ်မယေပိုကေ၊ ရွှေကိုယ်တော်လှ၊ သီတာမောင်လေ၊ ဘုန်းရောင် လင်းကေ၊ ရာမမင်းက၊ မာနစိတ်ပေါက်၊ ငါ့ကိုမူလေ၊ သုကြိတ်မျောက်မှာ၊ မလောက် မလေး၊ အလျှောက်ရဲလို့၊ ပုလဲဒါယူ၊ သီတာဖြူကို၊ ဆောင်ယူမည်ထား၊ ရေယမုန်ကို၊ ခုန်ကာလွှားလို့၊ သွားနိုင်မည့်သူ၊ တစ်လူမရှိ နှင့်အစွမ်းအင်ကို၊ ငါလျှင်သိဟု၊ ဗော ဓိလောင်းလျာ၊ လေးစန္ဒာနှင့်၊ မာန်ပါညစ်ကျူ ချိန်ခါရွယ်ပျာ၊ ပစ်မည်ပြုက၊ သေမှု လည်းရောက်၊ သုကြိတ်မျောက်မှာ၊ လန့်ကြောက်မနေ၊ လျှောက်လတ်လေက၊ ဘုန်းကြွယ်ရာဇာ၊ ခဏာတာကို၊ ချမ်းသာရေးလျှင်၊ ခွင့်ပေးပါလေ၊ ကြံပါရစေ၊ လျှောက်တုံလေ၍၊ မနေလျင်လျှား၊ သူ၏ထံမှ၊ ရံကာပတ်ကေ၊ အမတ်များနှင့်၊ နှီးနှောကြရာ၊ အိမ်ရှေ့ပျော်ကေ၊ ညီတော်သာလေ၊ သားသက်ဝေက၊ မှိုင်းရီညိုမှုန်၊ မြစ်ယမုန်ကို၊ ခုန်၍ကရောက်၊ နောက်တစ်ဖန်သာ၊ ပြန်သောခါ၌၊ ငါမရောက်ဟု၊ မျောက်ငအောင်ကွတ်၊ လျှောက်ဆိုလတ်က၊ အတတ်ပညာ၊ ဆေးဆရာမှာ၊ လိမ္မာ ကျွမ်းကျင်၊ မျောက်ဥာဏ်ရှင်ဟု၊ ဗေဒင်စကြာ၊ ဖြိုဟတ်ကျမ်းကို၊ ကျွမ်းလိမ္မာ၍၊ များစွာတတ်ပွန်၊ ပညာလုံလေ၊ ဂုဏ်ပေါင်းစုကေ၊ ဇမ္ဗုမ်က၊ လျှောက်ပြန်တုံငြား၊ ကျွန်ုပ်မူလေ၊ လွှားခုန်ငြားက၊ လေး,ငါး,ခြောက်ဆယ်၊ ဤမျှလောက်သာ၊ ရောက်နိုင်ပေရေ၊ မေသီတာလှ၊ မြနန်းစံကို၊ မှန်မရက၊ ရာမဘုန်းကြွယ်၊ လေးစန္ဒာနှင့်၊ ငါတို့မျောက်သည်၊ သက်ပျောက်သေမည်၊ သို့ဖြစ်ပေ၍၊ မသေရအောင်၊ မျောက်ဘုန်းခေါင်လျှင်၊ ကြံဆောင်စရာ၊ တစ်ခုမှာက၊ မဟာပရဝ၊ လေနတ်လှ၏၊ ပုတ္တသက်နှံ၊ ဂုဏ်ပေါင်းစုကေ၊ ဟာနုမန်လျှင်၊ ဘုန်းကံမမျှ၊ ရှင်ရသေ့တို့၊ ဆဲကျိန်ကြ၍၊ ကြီးလှသောမျောက်၊ သူ့ခန္ဓာလေ၊ တစ်ဂါဝုတ်မှာ၊ တစ်ဆုပ်လောက်လျှင်၊ ဖြစ်မြောက်သောခါ၊ ရသေ့ကျော်လေ၊ ဝိဟာကျောင်းမှာ၊ တောင်းပန်ခါဝယ်၊ ငါလည်းမနေ၊ ဟာနုမာန်ခေါ်၊ သူနှင့်သာလျှင်၊ ပါခဲ့ရကေ၊ ခုဝယ်အခါ၊ သူ့ခမျာလျှင်၊ များစွာလန့်ကြောက်၊ ခန္ဓာရုပ်ကေ၊ တစ်ဆုပ်လောက်နှင့်၊ ကမ်းချောက်တောတောင်၊ စုံမြိုင်ချောင်မှာ၊ တစ်ကောင်တည်းသာ၊ ယခုထိလျှင်၊ ရှိလေပါရေ၊ သူသာတစ်ယောက်၊ ယူဇနာလေ၊ နှစ်ရာခြားလည်း၊ ခုန်လွှားပေါက်က၊ လောက်မည်ယောင်ပင်၊ ငါမထင်ဟု၊ လျှောက်ကျင်ကာလ၊ သုကြိတ်တွင်ခေါ်၊ မျောက်ရာဇာမှာ၊ အာဏာချ၍၊ ခဏမနေ၊ ရှာကြမည်ဟု၊ ကိုးကုဋေကျော်၊ မျောက်အပေါင်းလျှင်၊ ခြောက်သောင်းကျော်ကို၊ ခေါ်ဝေါ်ပြီးထွယ်၊ ဟာနုမန်ကို၊ အမြန်ရအောင်၊ ရှာကြရေလေ။

၁၆၇။ ရှာကြလေကေ၊ ရေကြည်တောတောင်၊ ပိတောက်ချောင်နှင့်၊ ချောက် မြောင်ကုန်းပုတ်၊ တောအုပ်မကျန်၊ သစ်တစ်ရွက်ကို၊ ရှစ်ချက်လှန်ပျာ၊ ရှာကြံကာလ၊ မည်နာမနှင့်၊ ပုပ္ဖကရသိ၊ စန်းကျမြောင်လေ၊ တောင်ဂီရိမှာ၊ ပုလိထွတ်တာ၊ တွေ့ပြန် ပါကေ၊ ခန္ဓာတစ်ဆုပ်၊ နံ့ရေရှုံ့နှင့်၊ သေရုပ်သေရေ၊ တွေ့တုံလေသော်၊ အလွယ်တကူ၊ ဟာနုမန်လေ၊ နံ့ရေရှုံ့ကို၊ ဆုပ်လိုယူပျာ၊ လွယ်ကူလာမြောင်၊ ကိဿကိန္နရာ၊ ကျွန်း အောင်ချာတွင်၊ နန်းမှာရောက်က၊ ဘုန်းတောက်ပဝင်း၊ အလောင်းတော်လေ၊ ရာမ မင်းကို၊ ကြောင်းခြင်းမကျန်၊ မျောက်ဗိုလ်ပုံတို့၊ လျှောက်တုံမှုကြောင့်၊ ဟာနုမန်ကို၊ ရှုပြန်သနားလိုနှင့်၊ ကျောကိုပွတ်က၊ ကြီးလတ်တုံပါ၊ အားသန်ကာဖြင့်၊ ခန္ဓာဂါဝုတ်၊ ရှေ့ကဟန်လေ၊ မှန်မယုတ်ကေ၊ အဟုတ်ဖြစ်ပေါ်၊ ဤခြင်းရာလျှင်၊ ကျမ်းစာအရ၊ တချို့သူလေ၊ လူကြီးများတို့၊ ပြောဟောပြသည်၊ ရာမမင်းကျော်၊ မျောက်နှင့်သာလျှင်၊ ပွဲတော်တည်ငြား၊ ငှက်ပျောဖက်ကို၊ လက်နှင့်သား၍၊ အကြောအလယ်၊ ယခုထိလျှင်၊ ရှိသိရေဟု၊ သွယ်သွယ်ဝဝ၊ တချို့များလျှင်၊ ပြောဆိုကြလျက်၊ ရာမကိုသာ၊ ဟာနုမန်လေ၊ ဆုပန်မျောက်မှာ၊ လျှောက်ခြင်းရာက၊ မဟာနွယ်ရိုး၊ ထွတ်သတိုးဟု၊ တန်ခိုးပရမေ၊ နတ်တို့ထုံးကေ၊ မြတ်ဘုန်းကြွယ်လေ၊ ဘယ်သည်ကိုမျှ၊ သတိုးစိန်မှာ၊ စိုးရိမ်နှောင်ကေ၊ မကြောင့်ကြနှင့်၊ လောင်းလှရာဇာ၊ ဘုန်းသမ္ဘာကြောင့်၊ ကျွန်တော်ပကတိ၊ ရှေ့ကဟန်သို့၊ အားခွန်ရှိ၍၊ ကြီးဘိကျေးဇူး၊ ဂုဏ်အထူးကို၊ ယခုမနေ၊ မှန်မချွတ်ကေ၊ ကျွန်ဆပ်မည်ဟု၊ လျှောက်လေသောခါ၊ လောင်းမင်းကျော်မှာ၊ ပျော်ရွှင်လန်းလို့၊ ဝမ်းပန်းသာကေ၊ မင်္ဂလာကောင်းစွာ၊ မင်းတို့ထွက်ကေ၊ ရက်ရာဇာမှာ၊ လဟာမြစ်နား၊ ဟုန်းသီတာကို၊ ချီကာသွားမည်၊ ပြောတုံကေလေကေ၊ ကြီးငယ်မကျန်၊ လောင်းတော်မြတ်ကို၊ ပတ်ကာရံ၍၊ လိုက်ပြန်ရမည်၊ သုကြိတ်မင်းက၊ အပြင်းစေကေ၊ င-မေမျောက်မ၊ င-ဆမျောက်ကြီး၊ င-ထီးမျောက်မွန်၊ ဆေးဆရာဟု၊ ခေါ်ဝေါ်ပြုကေ၊ ဇမ္ဗုမံနှင့်၊ ခေါ်ပြန်နာမ၊ ကာကွန္နဟု၊ မက္ကတနန္ဒီ၊ အမည်ရှိကေ၊ ဟာရိတွင်မြောက်၊ ဗန္ဒာအကျယ်၊ မျက်တောင်ရှည်ကေ၊ ထိုသည်မျောက်နှင့်၊ ခေါင်းဆောင်ကစ၊ ဝနာရက၊ နာမခေါ်တွင်၊ အုန်းကိုးပင်နှင့်၊ ဗောက်စင်ငစတ်၊ ငကျောက်ရှည်ဟု၊ နာမည် တပ်ကေ၊ အောင်ကွက်ထစ၊ များလှမျောက်ပေါင်း၊ ထောင်သောင်းသိန်းသန်း၊

ဂဏန်းသချော်၊ သုံးကုဋေ့ငွေ၊ ရေသော် စွန်းကော၊ ခြောက်သန်းကျော်ကို၊ ခေါ်ပါစု ဆောင်း၊ တစ်ထောင်သောင်းကော၊ မျောက်ပေါင်းများစွာ၊ ကြီးအငယ်တို့၊ မနေရဘဲ၊ ရောက်ကြခါဝယ်၊ နှစ်ဖြာညီနောင်၊ မင်းသားမောင်တို့၊ အောင်မင်္ဂလာ၊ ဇေယျတုဟု၊ ချီးကျူးပြန်၍၊ ဟာနုမန်ခေါ်၊ ကျောပေါ်ထက်မှာ၊ တက်ပြီးခါမှ၊ ဘယ်ညာဝန်းရံ၊ မျောက်အများနှင့်၊ သွားလေပြန်ကော၊ ယက်သံမစဲ၊ တသဲသဲနှင့်၊ ရေအေးသီတာ၊ မြစ်ကမ်းနားကို၊ ရောက်သောခါလျှင်၊ မဟာရုက္ခော၊ ရွက်ညွှန့်ဝေနှင့်၊ သပြေပင်ရင်း၊ မြေတလင်းမှာ၊ နေခင်းသာလှ၊ များဗိုလ် ပါကို၊ နေရာအပ်ကော၊ အောင်တပ်ချ တေရေ။

# လောင်းရာမနှင့် လက္ခဏာညီသည် စစ်ချီခန်း

၁၆၈။ အောင်တပ်ချကော၊ ရာမမျောက်မှန်၊ ဟာနုမန်က၊ ထိပ်ပန်ဘုရား၊ တို့ထွတ် တင်ကော၊ အရှင်သားလှ၊ လှချောသီတာ၊ ရုပ်ပုံတော်ကို၊ ကျွန်သာတစ်ထူး၊ မျက်နှာ ပြင်ကို၊ မမြင်ဖူး၍၊ ထူးလေသောခါ၊ သီတာရှင်ကို၊ မြင်ကတည်းက၊ သိပါရအောင်၊ လက္ခဏာရူပ၊ ရုပ်ပုံတော်ကို၊ ပြောကာပြပဟု၊ ထိပ်စလက်တင်၊ လျှောက်လေကျင် သော်၊ ဘုရင်ရာဇာ၊ ရာမ-မင်းလျှင်၊ မှာခြင်းရာက၊ သီတာတွင်ပြီး၊ ငါ့သခင်မှာ၊ ကြင်ဇနီးက၊ မကြီးမငယ်၊ ဇမ္ဗူရစ်ကော၊ ဦးသစ်ရွှေသို့၊ မရှည်မတို၊ မညိုမဖြူ၊ ယဉ်နန်း သူလျှင်၊ မဆူမကြုံ၊ ရူပါရုံနှင့်၊ ရုပ်ပုံကကွဲ၊ ကာယကိုယ်မှာ၊ ကြာညိုပန်းရောင်၊ ရနံ့ မွှေးလျက်၊ ဂွမ်းခဲပမာ၊ အသားတော်က၊ ဝါဝါဝင်းဝင်း၊ ကျမိုးမှောင်မှာ၊ လရောင်ချဉ်း သို့၊ ကျောနှင့်ပါးပြင်၊ နဖူးတွင်လည်း၊ ထွက်ဝင်မရှိ၊ လက္ခဏာနှင့်၊ ညီညာညွတ်ကော၊ နတ်ဇာတိသို့၊ သီရိအသရေ၊ အမြဲတေမှာ၊ အနေအထိုင်၊ အယဉ်အကျေး၊ ကွမ်းမစား ဘဲ၊ နှုတ်ခမ်းဖျားမှာ၊ ဟင်္သာဆေးသို့၊ ပုလဲရတနာ၊ သွားလှစွာနှင့်၊ မျက်နှာပပ၊ ပုဏ္ဏမီလေ၊ ဒိမီစေ့ကော၊ ပြည့်သည့်လသို့၊ စိမ်းမြကေသာ၊ ခုနစ်ထွေမှာ၊ သွယ်ကာမြမြ၊ ဖြေချသောခါ၊ ဖျားတစ်ထွာမှာ၊ မော်၍ကွလို့၊ သျှတ္တရဝင်၊ ညှင်းပွင့်ဆင်၍၊ အမြင်နု ထွတ်၊ စနေတွင်ကော၊ ရွှေရင်ဘတ်မှာ၊ သားမြတ်ကျေ၊ ပန်းဖူးငုံလေ၊ ပုံတမျှသို့၊ မိန်းမဓလေ့၊ ဣန္ဒြေလေ၊ လွန်သိမ်မွေ့ကော၊ နွဲ့သည်ခါးမှာ၊ ကိန္နရာကော၊ မနော်တမျှ၊ ခြောက်ပြစ်စင်ကော၊ အင်ငါးဝနှင့်၊ ရူပကလျာ၊ လှသီတာမှာ၊ ညီညာထူးဆန်း၊ လှမျိုး စုံတွင်၊ ယဉ်ပုံပန်းကော၊ တိုက်ခန်းလေးတောင်၊ ပန်းကြာညောင်မှာ၊ တန်ဆောင်မ ယွင်း၊ မီးမမြှောင်ဘဲ၊ ကိုယ်ရောင်လင်း၍၊ ပြောင်းဝင်းမြမြ၊ လှတစ်မေမှာ၊ လနှယ်ပ လို့၊ တွေ့ရလိမ့်မည်၊ ထိုခါဝယ်၌၊ နှမေသီတာ၊ ဟာနုမန်မှာ၊ မှန်မချွတ်ကော၊ မှတ်လေ ပါလေ၊ အသာအယာ၊ သီတာပျိုလျှင်၊ လိုက်လိုကလည်း၊ ဆောင်ခင့်ါကျွန်၊ မလိုက်ပြန် ဘဲ၊ ငြင်းဆန်တုံငြား၊ ငါမင်းကျော်လျှင်၊ မှာစကားကို၊ ပြောထားခဲ့ပါ၊ မယုံသော်မူ၊ ရတနာကျောက်မြတ်၊ နဝရတ်ကော၊ လက်စွပ်ပြည်တန်၊ ဝေဘူပျံကို၊ ငါကျွန်မနေ၊ နှမတော်လေ၊ သီတာလှကို၊ ထုတ်ပြလေဟု၊ ထွေထွေများလှ၊ ကြောင်းကိစ္စကို၊ ရာမ မင်းမွန်၊ မေသီတာလေ၊ ကြင်ရာချစ်ကို၊ မှာလိုက်ပြန်ရေ။

၁၆၉။ မှာလိုက်ပြန်ကော၊ မကျန်စကား၊ ခြင်းမျိုးစုံကို၊ အကုန်ကြားကော၊

မှတ်သား၍ သာ၊ သွားမည်ခါတွင်၊ မျောက်ကျော်နှုမန်၊ များဗိုလ်ပါလေ၊ အဖော်သားကို၊ မှာထား ဟန်က၊ ခုန်ပျံပေါ့ပါး၊ သိဃီပြည်ကို၊ ငါဝယ်သွားလို့၊ ပြန်ငြားတုံမြောက်၊ ဤဘက်ကမ်း ကို၊ လှမ်း၍ရောက်မှ၊ ယူကောက်အစာ၊ ငါစားပါမည်၊ သစ္စာဓိဋ္ဌာန်၊ ပြုလေပြန်ကော၊ ကြွင်းကျန်သည်မျောက်၊ ဟာနုမန်လေ၊ ပြန်မရောက်ခင်၊ မြောက်သုံးချောင်းခြေ၊ တစ်ချောင်းဝယ်ကို၊ မြေမှာထောက်ကာ၊ မြစ်ကမ်းပေါ်က၊ ငါတို့များလျှင်၊ စောင့်ငြား မျှော်မည်၊ ဆိုတုံလေကော၊ ကြီးကျယ်အားခွန်၊ ဂုဏ်ပေါင်းစုကော၊ ဟာနုမန်လျှင်၊ မြီးတံနဂါး၊ ပုံ-အလားသို့၊ သားမွေးတော်စောင်၊ တစ်ကိုယ်လုံးမှာ၊ လွှမ်းဖုံးယောင်သို့၊ ပြိန်းပြောင်အမွေး၊ နီတွေးတွေးကော၊ ခြသေ့်အဟန်၊ ကျောလည်တံမှာ၊ မှင်ဆံကြွကြွ၊ မျက်လုံးမှာလေ၊ အာကာသဥ္ဘ၊ လနှင့်ကနေ၊ မြနှင့်စိန်ရောင်၊ ညိုရွှီရှုးရှုး၊ ဟာနုမန်မှာ၊ အံ့စွယ်သွားလျှင်၊ ငှက်ပျောဖူးသို့၊ ထူးဝိသေသ၊ ငှက်ဟသ်ာလေ၊ ကြာအိုင်တွင်းကို၊ ဆင်းကာကျယောင်၊ ခဏမနေ၊ ခုန်တုံလေကော၊ ရေနတ်သမီး၊ ရှုမငြီးကော၊ စံသီးဒေဝါ၊ မေခလာက၊ လောင်းတော်ရာမ၊ မှုကိစ္စကြောင့်၊ စေထတမန်၊ စစ်ဗိုလ်မှူးကော၊ ဟာနုမန်ဟု၊ သိပြန်တုံမြောက်၊ ဗောဓိလျာလေ၊ သူတော်ကောင်းကို၊ အကြောင်းထောက်လို့၊ မရောက်လတ်မည်၊ မိနတ်နွယ်မှာ၊ စိုးသည်တွက်တာ၊ မြစ်လယ်ချာမှာ၊ ရတနာရောင်သွင်၊ သဲပြင်ကျွန်းကို၊ ဖန်ဆင်းပြသော်၊ မြင်လေသောခါ၊ ထိုမျောက်ကျော်က၊ ယက္ခာစွယ်ပြူး၊ ဘီလူးများကော၊ သားစားကြူးတို့၊ ကူးလျှင်နားစေ၊ စားတော့မည်ဟု၊ ထားသည်ဧကန်၊ မာယာဥာဏ်နှင့်၊ ကြံကာပြုဟု၊ ဟာနုမန်မှာ၊ မြိန်တံနှင့်သာ၊ သမုဒ်မြစ်မှာ ပုတ်ရိုက်ပါသော်၊ ပြိုကာထွားညက်၊ ထိုကျွန်းစွယ်မှာ၊ ရေနောက်ကျိနှင့်၊ တစ်စိတ်ပျက်က၊ လှုညက်ဖြူပျာ၊ မေခလာမှာ၊ ရယ်ကာပြုံးပြုံး၊ ခဏတာကို၊ နားပါဦးလေး၊ ဘီလူးယုတ်မာ၊ ပြုလုပ်ပါက၊ မှန်စွာမဟုတ်၊ ဒေဝတီတံ၊ မေတစ်ဖန်လေ၊ ဧကန်လုပ်ကော၊ သမုဒ်မြစ်တွင်၊ မျောက်လုလင်ကော၊ မပင်ပန်းအောင်၊ သောင်ကျွန်းပြင်ဟု၊ ကိုယ်ထင်လည်းပြ၊ ထိုအခါလေ၊ ဆိုကာလဥ္ဘ၊ ရာမစေကျွန်၊ ဟာနုမန်မှာ၊ ဓိဋ္ဌာန်သစ္စာ၊ ရှိတုံပါလည်း၊ စိတ်နာမည်တွက်၊ လက်တစ်ဖက်လျင်၊ ထောက်လျက်မနေ၊ ခုန်သွားလေကော၊ ရေမှာကျက်စား၊ မြစ်ပင်လယ်မှာ၊ ရေနဂါးနှင့်၊ သားငါးများစွာ၊ ပေါ်ကာပြုလို့၊ ရှုကြည့်မျှော်လျက်၊ အာကာသစိုး၊ ဘုမ္မစိုးဟု၊ နတ်တို့စောင်မ၊ ညိုဆိုင်းတိမ်နီ၊ မှုန်မှိုင်းရီနှင့်၊ သီဟဠကို၊ ရာမမျောက်သည်၊ နေညိုညိုနှင့်၊ သုံးပဟိုရ်လောက်မှာ၊ ရောက်လေရေလေ။

၁၇၀။ ရောက်တုံလေကော၊ ထိုသည်အခါ၊ လောင်းဘုရင်လေ၊ အင်ထောင်လောက် ကော၊ မျောက်မင်းကျော်က၊ ငယ်စွာကြောင်ရုပ်၊ ဖန်ဆင်းလုပ်လို့၊ မိုးချုပ်မှလျှင်၊ ဘီလူးနေကော၊ ရွှေဘုံနန်းကို၊ လှမ်းလို့ဝင်သော်၊ မွမ်းဖြင့်မလျှား၊ ကိုယ်လုပ်ကျွန်ကော၊ အိပ်ဖန်သားတို့၊ လုံခေးကိုင်ဆွဲ၊ ကျက်သရေတွင်၊ အဆောင်ခွင်ကို၊ ခိုဝင်ကြည့်က၊ ပျော်မွေ့စရာ၊ သလွန်သာမှာ၊ မီးဝါထွန်းလင်း၊ ကျောက်နှင့်စိန်လေ၊ ထိန်ထိန်ဝင်း ကော၊ မှန်ကင်းအသွင်၊ စက်ရာခွင်မှာ၊ မျက်ရှင်ပတ္တမြား၊ သဋ္ဌာဆောင်လေ၊ ကြာ ညောင်ယပ်မှာ၊ တပ်ခါထားလို့၊ မြသားဖန်ငွေ၊ သုဝဏ္ဏောတို့၊ အရည်စက်စက်၊ မီးအ ရောင်နှင့်၊ ညီးပြောင်ထွက်လို့၊ ထိန်လက်ကေတောက်လျှံ၊ ကျောက်သလွန်မှာ၊ ခြွေရံ များပြား၊ သိဃီစားလျှင်၊ ပျော်ပါးစံလျက်၊ လက်တစ်ဖက်မှာ၊ လှုညက်ရုပ်ဝါ၊ နတ်မိ တာလေ၊ ကညာတစ်ကျိပ်၊ သူကြွင်ရာတို့၊ မွေ့လျော်ကြောင်းကို၊ ခေါင်းအုံးအိပ်လို့၊ သူစိတ်ကိုဖျော်၊ ဝဲလက်ယာက၊ ကညာပေါင်းတို့၊ စက်လျှောင်းပျော်ကော၊ သီတာလှ ချော၊ ထိုနေရာမှာ၊ မပါငြားလို့၊ တခြားမှာရှာ၊ တောင်ညာနန်းကို၊ လှမ်း၍မျှော်သော်၊ အသူရာတွင်ပြီး၊ နတ်မင်းကြီးမှာ၊ သမီးဖြစ်ငြား၊ မိဖုရားခေါင်၊ မြကြာညောင်မှာ၊ တောင်ညာထားကော၊ မန္ဒောဒနီ၊ မည်ရှိတွင်ငြား၊ လှမြကေလေ၊ အသရေရှိကော၊ မိဖုရားမှာ၊ ပတ္တမြားလက်စွပ်၊ လက်သူကြွယ်မှာ၊ ခြွေကာဝတ်လို့၊ မြတ်သောနေရာ၊ တိုက်ခန်းဆောင်တွင်၊ ကြာညောင်ထက်မှာ၊ အိပ်စက်ပျော်သော်၊ ဝါဝါဝင်းဝင်း၊ ကျောက်အရောင်လေ၊ တောက်ပြောင်လင်း၍၊ မျောက်မင်းမြင်လျှင်၊ ကိုယ်ရောင်ထင်လို့၊ ဆင်ခြင်ကြံစည်၊ ကြည့်တုံလေကော၊ ရုပ်ရည်ချင်းမူ၊ လှကလျာလေ၊ သီတာချောနှင့်၊ ယောဆွဲတူလို့၊ မျောက်ဖြူတမန်၊ မှတ်ခြင်းဟန်က၊ ထိပ်ပန်ဘုရား၊ ငါအရှင်လေ၊ ဘုရင်ငြားနှင့်၊ ထားရင်းသစ္စာ၊ ပကတိကော၊ ရှိကြပါလျက်၊ ယုတ်မာဆိုးညစ်၊ ဘီလူးမိုက်ကို၊ ကြိုက်ရန်မသင့်၊ မျောက်မင်းကျော်လျှင်၊ ထောက်မျှော်ချင့်လို့၊ နတ်နှင့်နှိုင်းလျော်၊ တို့ထိပ်တင်လေ၊ သခင်မကော၊ လှသီတာသည်၊ ဟုတ်ပါမည်လျှင်၊ ငါမထင်ဟု၊ တောင်ခွင်ဒဝေ၊ မြောက်ဒဝေနှင့်၊ ဆောင်ငယ်ဆောင်ကြီး၊ သီးသီးများစွာ၊ တစ်ရာတိုက်ပေါင်း၊ နန်းရဝေမှာ၊ ရှာလေရှောင်းက၊ အပေါင်းပျိုတော်၊ မွေ့လျော်စိတ်နှင့်၊ အိပ်စက်ပျော်လို့၊ မတော်ဝတ်စား၊ တချို့ဟူလေ၊ နန်းသူများသို့၊ ကားရားမှောက်လှန်၊ ကျောက်ကန်ကုန်းကွ၊ တချို့သူလေ၊ လျှာရည်ကျလို့၊ တချို့ကသော်၊ ဆံကေသာလေ၊ ပြေလပေကာဖားလျား၊ ခါးဝတ်စားလည်း၊ လပ်ငြားဗလာ၊ မတော်ရာပေါ်ကာကွက်ကွက်၊ မျောက်လုလင်လေ၊ အမြင်ခက်လို့၊ စပ်ယှက်ဒွေဘော်၊ ငါတကယ်လေ၊ ကာမေသုကို၊ ပြုလိုက်ပါသော်၊ နန်းတော်အထဲ၊ ယက္ခမေတို့၊ မျောက်ငယ်မွေးလို့၊ သွားကဲ့မျိုးနွယ်၊ ခုတစ်ဖန်လေ၊ မှန်စင်စစ်ကော၊

ဖြစ်နေမည်လေ။

၁၇၁။ ဖြစ်နေမည်လေ၊ မဖွယ်မရာ၊ စိတ်လျှင် ကူးကေ၊ မြူးထူးကာဖြင့်၊ ငါလျှင် တကယ်၊ ကြာကြာနေသော်၊ တော်မည်မထင်၊ မုဒိမ်းမှုသည်၊ ပြုမိချေသော်၊ ရွံ့ဖွယ်မြင် ဟု၊ ဆောင်ခွင်လည်းစေ့၊ ရာမကြင်ရာ၊ လှသီတာကို၊ ရှာမတွေ့၍၊ညဉ့် အရုဏ်နည်း၊ မိုးသောက်ယံတွင်၊ ဗိမာန်ထက်မှာ၊ စက်ပျော်မှေးက၊ ပေးအိပ်မက်ပြု၊ သုပိန္နမှာ၊ သော်ကဥယျာသ်၊ ရန့်လှိုင်ကေ၊ ပန်းခိုင်ပျံ့မွှေး၊ မနော်မာလာ၊ မေစံ ပျော်ကေ၊ နန်းတော်ထဲဟု၊ အိပ်ပေးမက်ပြ၊ သတိရသော်၊ ထ၍လျင်မြန်၊ သွားလေ ပြန်ကေ၊ ခြွေရံဝန်းပတ်၊ သံကွန်ချာလေ၊ ကာလို့ရစ်ကေ၊ ခုနစ်ထပ်နှင့်၊ ဆင်းနတ် ရွှေလှာ၊ မေသီတာကို၊ မြင်တော်မူက၊ မျောက်မင်းကျော်မှာ၊ အသာချောင်းကေ၊ တစောင်းကလျှင်၊ ပုန်းထဝှက်ကွယ်၊ ရှုကြည့်နေသော်၊ ထိုသည်အခါ၊ မေသီတာကို၊ ဖြေဖျော်နားချ၊ ဘီလူးဟူကေ၊ သုစိတ္တမှာ၊ ရှင်မမှောက်တော်၊ ခြောက်ပြစ် စင်ကေ၊ အင်ငါးဝနှင့်၊ လှသီတာလေ၊ မောင်တော်ဘုရား၊ သိဃ်ိစားက၊ မယားသားပေါင်း၊ သည်းညည်းခံကေ၊ အလွန်ကောင်းလို့၊ နွဲ့နှောင်းကလျာ၊ ကြိုက်ပါသော်က၊ မဟာဒေဝီ၊ မဟေသီဟု၊ ဘွဲ့ချီသတ်မှတ်၊ အစေ့အပြောင်၊ ရှစ်သောင်းဆောင်တွင်၊ အခေါင်တပ်လို့၊ အထွတ်လည်းတင်၊ ခေါင်းဆယ်စကေ၊ ရှင်မလင်က၊ ဘုရင်ဓိပတိ၊ တုမရှိကေ၊ သီရိယောက်ျား၊ ဖပီတာလေ၊ ပြဟ္မာကြီးကေ၊ ရင်သွေးသားလေ၊ ရထား စကြာ၊ ထက်အာကာကို၊ ပျံကာတက်နိုင်၊ လေယာဉ်ပျံကို၊ အပိုင် စိုးရ၊ တန်ခိုးပလို့၊ မြခဲ စိန်ခဲ၊ ရတနာများမြောင်၊ တပြောင်ပြောင်ကေ၊ ကြောင်မျက်ရွဲနှင့်၊ ပုလဲပတ္တမြား၊ နတ်အလားသို့၊ ဝတ်စားမကုန်၊ နန်းရွှေဘုံမှာ၊ စုပုံထားမြောက်၊ တထိန်ထိန်လေ၊ စိန်နှင့်ကျောက်ကို၊ ဇယ်တောက်တမ်းပင်၊ ကစားချင်လည်း၊ ရှင်သီတာလှ၊ များထိုထို ကို၊ လို မတဘဲ၊ သုခရိပ်ငြိမ်၊ နတ်စည်းစိမ်နှင့်၊ နှိုင်းချိန်မပြား၊ ဝတီဘုံလေ၊ ပုံအလား သို့၊ ခံစားရမည်၊ ခါတစ်ပါးလျှင်၊ ပျင်းငြားပေလည်း၊ နတ်ပြည်သို့သာ၊ လည်ချင်ပါ လည်း၊ မောင်တော်ဘုရား၊ လေယာဉ်ပျံလေ၊ ဈာန်ရထားနှင့်၊ ပျံသွားရမည်၊ သို့ဖြစ် ပေ၍၊ မြင့်ရှည်မကြာ၊ တို့သခင်လေ၊ ရှင်မင်းမြတ်ဟု၊ နတ်ရာဇာကို၊ ကြိုက်ပါရှင်မ၊ ငယ်ကကြင်သည်၊ လင်မကောင်းကေ၊ လောင်းရာမနှင့်၊ ပေါင်းရကတည်း၊ ဒုက္ခခံပျာ၊ ဟေဝန်ထဲမှာ၊ ဆင်းရဲခံလည်း၊ ဘုံဗိမာန်မှာ၊ စံမည်တထူး၊ နန်းဥဂ္ဂင်ကို၊ မမြင်ဖူးဘဲ၊ ကျေးဇူးနတ္ထိ၊ ရပိုင်လင်ကို၊ ကြင်သည်လို့လည်း၊ ရှိပါကျိုးမ၊ ဆိုးဘိရုပ်သွင်၊ တို့ရှင်မ မှာ၊ ငယ်ကလင်ကို၊ သမင်ခတ်တွေ၊ တောမှော်ရုံလေ၊ ရဂုံရုပ်မှာ၊ သက်ပြတ်သေဟု၊ ဤပြည်သူများ ပြောဟောသကို၊ အမှန်ကြားလို့၊ ငယ်သားငယ်လင်၊ သေပါကျင် လည်း၊ မေလျှင်တစ်မူ၊ တစ်ပင်လဲက၊ တစ်ပင်ထူကေ၊ ကြင်သူငယ်ပေါင်း၊ တကယ် ကောင်းလည်း၊ အဟောင်းကိုပစ်၊ ငယ်ကလင်ကို၊ ကြင် မချစ်ဘဲ၊ လင်သစ်တည် ထောင်မူပါဦးလေ။

၁၇၂။ အသစ်မယေတည်ထောင်၊ မေကိုလျှောင်၍၊ သွယ်ဆောင် စကား၊ တဖြောင် ဖြောင်ကေ၊ ဖြားယောင်းပြောက၊ နားပါးလည်းဆာ၊ လှသီတာမှာ၊ ပြန်ကာ မပြော၊ ကိုယ့်ကိုယ်ကိုလေ၊ ငိုယိုငြားလို့၊ သနားစရာ၊ ပမာဆောင်သော်၊ တစ်ကောင် ကြွက်ကေ၊ တစ်မျက်နှာမှာ၊ ကိုးရာမရှိ၊ ခဲခဲမွန်လို့၊ သတိကိုဆည်၊ စိတ်ကိုဖြေပျာ၊ မနေပါရ၊ ကြိုက်ပါချစ်ပါ၊ အခါခါလျှင်၊ ပြောလာကြလို့၊ ဗျာရကြီးမောက်၊ မီးမသေ ခင်၊ ဆီလျှင် လျောက်လို့၊ မပျောက်ဆက်လက်၊ နေ့နှင့်ရက်ကို၊ မျက်ခွက်မျက်ရည်၊ မကင်းပေ၍၊ သေလျှင်ကမြတ်၊ ဤလူ့ပြည်မှာ၊ နေလျှင်ကတ်မည်၊ သတ်ခပ်နှိပ်နင်း၊ မရဏမည်ကေ၊ ရှင်သေမင်းတို့၊ အပြင်းလာမူ၊ သီတာဖြူကို၊ ဆောင်ယူကြပါ၊ ဘီလူး ဟူကေ၊ ရန်သူဘေးနှင့်၊ ဝေးကွာရအောင်၊ ဇီဝအသက်၊ ယခုပင်လေ၊ မေလျှင်ထွက် ဟု၊ စိတ်စက်လည်းပူ၊ ယဉ်နန်းသူမှာ၊ တရူလွမ်းလျက်၊ တကြူကြူကေ၊ ချိုးဖြူငှက်သို့၊ ကြင်ဖက်ချစ်လင်၊ မျက်နှာပြင်ကို၊ မြင်ခဲရ၊ ငါတစ်ဖန်လေ၊ ကံညစ်မဟု၊ တသငိုကာ၊ မေသီတာကေ၊ ယသော်အလောင်း၊ လွမ်းစိတ်လည်းပို၊ နန်းရိပ်ခိုကေ၊ ညိုနွဲ့နှောင်း မှာ၊ ဖယောင်းနေထိ၊ ပျောင်းကာအိသို့၊ နွမ်းရိညှိုးသုန်၊ ရတနာကို၊ သွန်းလာရုပ်သို့၊ ရွှေရုပ်ပုံလေ၊ ပိန်ကြုံလျော်ပါး၊ စိုးရိမ်ပွားလျက်၊ စားသောက်မမြိန်၊ စက်ပျော်အိပ် လည်း၊ စိတ်မငြိမ်ကေ၊ နေ၍မကောင်း၊ မြစ်ပင်လယ်မှာ၊ ရေခနောင်းသို့၊ ကပြောင်း ကပြန်၊ မြသလွန်မှာ၊ သက်နှံ့နှမ၊ စိတ်ဒုက္ခနှင့်၊ လင်လှမင်းကျော်၊ အဘယ်ခါလျှင်၊ ရောက်ပါစနိုး၊ လှသီတာမှာ၊ မျှော်လင့်ခိုးလို့၊ တစ်မိုးသောက်လျှင်၊ တစ်နေဝင်မှာ၊ လင်ကိုလွမ်းထွေ၊ ညာနှင့်ဘယ်မှာ၊ မျက်ရည်ကျလို့၊ ငိုတေနေကေ၊ ထိုသည်အခါ၊ ဟာနုမန်လေ၊ စေကျွန်ကောင်းလျှင်၊ ချောင်းကြည့်ပါသော်၊ ကြောင်းရာဇာတိ၊ များစုံ လင်ကို၊ ကုန်စင်သိက၊ ကြောင်၏ရုပ်ဆင်၊ ဖျက်ကာဖျောက်ကေ၊ မျောက်အသွင်ဖြင့်၊ မမြင်ဘက်နှုန်း၊ ပမာဆောင်ကေ၊ တောင်တစ်လုံးသို့၊ ဖြုန်းခနဲသာ၊ ဝင်၍လာသော်၊ များစွာယက္ခ၊ သီတာထံမှာ၊ ဝန်းရံပြုကေ၊ ဘီလူးမတို့၊ မြင်ကလန့်ကြောက်၊ နှလုံး ခြောက်မျှ၊ တောင်မြောက်ယိမ်းကာ၊ သဲသဲဆူပျာ၊ လဲသူလဲလို့၊ ပြေးကြပါကေ၊ ထိုခါ အမှန်၊ ဟာနုမန်မှာ၊ ကျိုးနွံ့ခယ၊ မေသီတာလေ၊ မောင်တော်လှကို၊ ဦးချပြီးထွေ၊ အစေခံလေ၊ တမန်မျောက်မှာ၊ လျှောက်လတ်တေလေ။

၁၇၃။ လျှောက်လတ်တေကေ၊ ရုပ်ရည်အင်္ဂါ၊ လက္ခဏာနှင့်၊ လောင်း

တော်ရာမ၊ ကြင်သက်မျှကော၊ နှမသီတာ၊ ခြောက်ပြစ်ကင်းကော၊ ဆင်းသက်လျာလေ၊ ခြင်းရာများလှ၊ ကြောင်းကိစ္စမှာ၊ လောင်းလှသခင်၊ ရှင်မလင်ဟု၊ ဘုရင်ရာမ၊ လက္ခဏာတို့၊ ရှင်မသီတာ၊ ရှိမရှိကို၊ သိလိုပါဟု၊ စေတော်မူမြောက်၊ ဟာနုမန်လေ၊ အကျွန်မျောက်လျှင်၊ တစ်ယောက်တည်းသာ၊ ဤဌာနကို၊ ရောက်ရပါရေ၊ ကြင်ရာသက်မျှ၊ လင်မင်းကျော်နှင့်၊ မတ်တော်လှတို့၊ ဒီပအောင်မြေ၊ သပြေတောင်ကျွန်း၊ ပြည်သိယ်ဃီလေ၊ ဟိုဘက်ကမ်းက၊ မျှော်တမ်း၍သာ၊ ယခုခါ၌၊ ရှိပါတော့သည်၊ သို့ဖြစ်ပေ၍၊ မေသီတာလှ၊ ကျွန်နှင့်သာလျှင်၊ လိုက်ပါတော့ဟု၊ ထိပ်စလက်တင်၊ လျှောက်လေကျင်သော်၊ မေ့လင်စေကျွန်၊ ငါ့ကိုသာလျှင်၊ ခေါ်လာပြုကော၊ ဟာနုမန်လေ၊ မြိုင်ယံသာမော၊ ရှေ့ခါတစ်မုန်၊ တွေ့ကာကြုံကော၊ မော်ရုံတောမှာ၊ ပျော်ပါးကာလ၊ ဤသည်ပြည်က၊ ခေါင်းဆယ်ခွလျှင်၊ တာပသယောင်၊ အသွင်ဆောင်၍၊ ရအောင်တစ်ခါ၊ ငါ့ကိုခိုးကော၊ သို့ခြင်းရာကြောင့်၊ မောင်တော်စေကျွန်၊ သင်ဆိုပြန်လည်း၊ အမှန်ငါမုန်း၊ ရှေးကကြုံ၍၊ မယုံနိုင်ပါ၊ ဆိုသောခါလျှင်၊ သီတာထိပ်တင်၊ မယုံကျင်သော်၊ ရှင်မလင်မြတ်၊ ကျွန့်ကိုသာလျှင်၊ ပေးကာအပ်ကော၊ လက်စွပ်ရောင်လျှံ၊ ဖိုးပြည်တန်ကို၊ ထိပ်ပန် ရှင်မ၊ ယခုခါလေ၊ ရှုပါတော့ဟု၊ ပြတော်မူလျှင်၊ မေကမြင်သော်၊ လင်ကိုလွမ်းဆွတ်၊ ဖိုးသဃီလေ၊ ဤလက်စွပ်ကို၊ ဝတ်၍ဆင်ကော၊ မေ့ထိပ်တင်လေ၊ ကြင်ရာမြတ်မှာ၊ နတ်ပမာသို့၊ မောင်တော်ရာမ၊ မြမျက်နှာကို၊ မေသာရှုပျာ၊ မဖူးရဟု၊ တသ၍လျှင်၊ ငိုပြီးကျင်မှ၊ မေလင်အထံ၊ အသုံးခံကော၊ တမန်တစ်ယောက်၊ အသုံးခံလေ၊ စေကျွန် မျောက်လေ၊ မဖောက်သစ္စာ၊ မေ့ကိုသာလျှင်၊ မေတ္တာကဲလွန်၊ လင်မင်းစစ်က၊ ချစ်ရိုး မှန်လျှင်၊ နိုင်ငံရဋ္ဌ၊ ဘီလူးနေကော၊ ပြည်ဌာနကို၊ လင်လှမင်းကျော်၊ စစ်အင်္ဂါနှင့်၊ ချီကာတုံရှောင်း၊ အစိမ်းမျိုးကော၊ သိယ်ဃီမှုုးဟု၊ ဘီလူးခေါင်းကို၊ ထက်ကောင်းကင်က၊ ထန်းသီးကျသို့၊ အထစန္ဒာ၊ လေးစကြာနှင့်၊ ခန္ဓဆုံးဖြတ်၊ ဘီလူးမိုက်ကို၊ ပစ်ကာသတ် လို့၊ လင်မြတ်ဘုန်းခေါင်၊ မေချစ်မောင်လျှင်၊ ဆောင်ပါခလိုက်၊ မိသီတာလျှင်၊ မှာတုံ လိုက်ဟု၊ သနစ်ကြောင်းအင်၊ နင့်သခင်ကို၊ လျှောက်တင်တုံလေ၊ ဤဘီလူးလျှင်၊ ဆုံးမသေသော်၊ ရွှေပြည်နိုင်ငံ၊ မေမပြန်ဟု၊ ရုပ်ဟန်ရှုပ၊ မဆူမကြုံ၊ ဥက္ကာကူလေ၊ ပုံတမျှသို့၊ လှသီတာမေ၊ လောင်းသခင်လေ၊ လင်မင်းစစ်ကို၊ မှာလိုက်တေလေ။

၁၇၄။ မှာတုံပြန်ကော၊ တမန်ယောက်ျား၊ မျောက်မင်းသားလျှင်၊ စကားဥသုံ၊ အလုံးစုံကို၊ အကုန်လည်းမှတ်၊ လှမေသီကော၊ ဒေဝီထွတ်လျှင်၊ ကျည်းကျက်ရုံကာ၊ နေရပါဟု၊ ကွန်ချာခုနစ်ထပ်၊ ကြေးနှင့်သံလေ၊ ရံသည်တပ်ကို၊ ကြွတ်ကြွတ်ဖျက်ချိုး၊ ဝါးရောင်းဆိုးသူ၊ ပိုင်းချိုးပျက်ကာ၊ ဖျက်ပြီးခါမှ၊ မဟာနွယ်မျိုး၊ ကျွန့်သခင်လေ၊ ကြင်မိတ်ကျွမ်းကော၊ ပန်းကတိုးမှာ၊ တညိုးပိန်ပိန်၊ ဆံမြူကျိုးမျှ၊ မစိုးရိမ်နှင့်၊ မမြိန်စားသောက်၊ အလိုလိုလေ၊ မေပျိုချောမှာ၊ သွေးသားခြောက်မည်၊ မျောက်အာဇာနည်၊ ငါမထီကော၊ ဌာနီတိုင်းမ၊ ပြည်သိယ်ဃီကို၊ ဖြိုပြီးမှလျှင်၊ ရှင်မကိုသည်၊ မောင်တော်နှင့်သာ၊ နောင်လျှင်လာပျာ၊ ဆောင်လာမည်ဟု၊ ဆိုပေပြီးမှ၊ ငါ့သတ္တိကို၊ သိအောင်ပြမည်၊ သော်ကမည်တွင်၊ လမ်းမရှင်အောင်၊ ပန်းပင်ကိုဆုတ်၊ အပုတ်ပုတ်ကော၊ နှစ်ကာကိုင်ချိုး၊ ထင်းလှိုင်းပမာ၊ မဆိုင်ပါဘဲ၊ ပိုင်းကာကျိုးမျှ၊ ဖရိုးဖရာ၊ လေးမျက်နှာကို၊ ကြဲကာလည်းပစ်၊ အငုတ်ထက်မှာ၊ ချီတက်စစ်တို့၊ အမြစ်နှင့်လျှင်၊ ပန်းပင်ကြီးကို၊ နုတ်ပြီးကျင်မှ၊ မြို့ခွင်အလယ်၊ ပစ်လိုက်ပေသော်၊ ရဝေသိယ်၊ ခေါင်းဆယ်လုံးပျော်၊ နန်းရှေ့မှာလျှင်၊ ထိုးကာကျလို့၊ လှသီတာမိ၊ မေ့အထံတွင်၊ ဝန်းရံရှိကော၊ ဂုမ္ဘိဂုမ္ဘိ၊ ဘွဲ့ချီမည်ရ၊ စွယ်ပြူးပြူးနှင့်၊ ဘီလူးမတို့၊ ပုန်းထဝှက်ကွယ်၊ အဖော်များကို၊ ပြောလတ်တေက၊ လွန်လေညခါ၊ ငါမြင်ချက်ကော၊ အိပ်မက်မှာလျှင်၊ ယက္ခာတွင်ပြီး၊ တို့မင်းပျိုလေ၊ သိယ်ဃီမှုုးကော၊ ဘီလူးကြီးလျှင်၊ ပန်းစိန်းပန်ထွယ်၊ သချိုင်းဝကို၊ သွားရသည်ဟု၊ မြင်ပေတုံမြောက်၊ ရာမစေကျွန်၊ ဟာနုမန်ဟု၊ တို့ထံရောက်ကော၊ လန့်ကြောက်စရာ၊ ငါတို့သာလျှင်၊ ခန္ဓာဆုံးမည်၊ ပုန်းကြပါဟု၊ ဝှက်ခါကွယ်ခါ၊ နေသောခါလျှင်၊ ဖွေရှာတုံမြောက်၊ အလောင်းတော်လေ၊ ရာမမျောက်က၊ နှစ်ယောက်တူပြိုင်၊ အုန်းသီးခိုင်ကို၊ ကိုင်ကာထုခွဲ၊ သွေးရဲရဲနှင့်၊ ကွဲခါဦးခေါင်း၊ တချို့တို့မှာ၊ ဝှက်တုံပါလည်း၊ စွာဒိုးပေါင်းနှင့်၊ ချငေါင်းတို့ကျောက်၊ ဟာနုမန်လေ၊ စေကျွန်မျောက်လျှင်၊ မွှေနှောက်ဖျက်ဆီး၊ တချို့တို့မှာ၊ ဝှက်နေရာက၊ ထွက်ကာပြီးလို့၊ မင်းကြီးဒသ၊ ဘီလူးဘုရင်၊ သူတို့ရှင်ကို၊ လျှောက်တင်ကြလို့၊ ဧရမျောက်ကြီး၊ ဥယျာဉ်တော်ကို၊ ဖျက်ကာဆီးလို့၊ ပျက်စီးတုံတွေ၊ ကျွန်ုပ်မတို့၊ သေရမည်ဟု၊ လျှောက်လေကာလ၊ ခေါင်းဆယ်ခွမှာ၊ က္ကန္ဒစိတ္တ၊ အိမ်ရှေ့ပျော်လေ၊ သားတော်လှကို၊ လျင်စွမနေ၊ အပြင်းစေသော်၊ ဗိုလ်ခြေရဲမက်၊ ဝန်းရံပြီးခါ၊ ဥယျာဉ်တော်ကို၊ ချီကာထွက်တေ။

၁၇၅။ ချီကာထွက်ကော၊ ချိုးဖျက်မျောက်လှန်၊ ဟာနုမန်လျှင်၊ ဥယျာဉ်ထဲမှာ၊ သစ်ငုတ်ထက်၌၊ တက်ပြီးခါမှ၊ ထိုင်ကာနေကျင်၊ ဘီလူးမင်းမှာ၊ သားရင်းမြင်သော်၊ အရင်စင်စစ်၊ အဝုဓစက်၊ ထိန်ပြိုးပြက်ကော၊ လက်နက်ပစ်က၊ မျောက်စစ်ထံပါး၊ ကျတုံငြားလည်း၊ အယားတောင်ပင်၊ မပြေကျင်ကော၊ တစ်ပင်အမွေး မလဲချေဘဲ၊ သေမည်ဝေးလို့၊ နေမြဲတိုင်းသာ၊ နေသောအခါ၌၊ ဗိုလ်ပါယက္ခ၊ ကြောက်ကြိန်းကျလည်း၊ များလှ၍သာ၊ ဝန်းရံပြီးကော၊ ဖမ်းဆီးပါသော်၊ နန်းတော်အထဲ၊ ငါ့စွမ်းရဲကို၊ အကဲဂုဏ်ပြ၊ ဘီလူးပျက်တို့၊ အရှုက်ရအောင်၊ ငါကမနေ၊ ပြုတော့မည်ဟု၊ မှတ်ရည်

ပြီးခါ၊ ထိုနေရာမှာ၊ များစွာကြောက်ဟန်၊ ပြုလေပြန်သော်၊ ဝန်းရံဖမ်းလျက်၊ မြီးတုံးရင်းဖျား၊ ဘီလူးများတို့၊ ငါးကျိပ်ရွက်လို့၊ နန်းထက်၌ဝယ်၊ ဆက်ကြလေသော်၊ ခြွေကာပတ်ပြု၊ သူ့မြီးတုံးကို၊ တုံးသို့ပြုလျက်၊ ခု၍ထိုခါ၊ ထိုင်တုံပါသော်၊ ယက္ခာဒသာ၊ ခေါင်းဆယ်ခွထက်၊ ရာမမျောက်လျှင်၊ ထိုနန်းဆောင်တွင်၊ တစ်တောင်လောက်ပင်၊ မြင့်မောက်ကျင်လို့၊ ဘုရင်ဒသာ၊ မျက်မာန်ရှုလျက်၊ နင့်ဘနင့်ဘိုး၊ နင့်အမျိုးနှင့်၊ နွယ်ရိုးဝံသ၊ နင်လျှင်နေကော၊ ဘယ်ဌာနလည်း၊ နေ့ညရေမိုး၊ မလိုက်ရအောင်၊ စိုက်ချပျိုးလို့၊ မညိုးစေရ၊ သော်ကခိုင်နှင့်၊ ဥယျာဉ်လှကို၊ နင်ကညက်စွာ၊ ပျက်ကာစီးအောင်၊ ဖျက်ဆီးကာဖြင့်၊ လွန်စွာမိုက်လှ၊ သက်မရှင်ကော၊ နင့်ဖင်ကလျှင်၊ နင့်အသက်ကို၊ ထွက်စေချင်လို့၊ ဖျက်ကျင်သလား၊ သိဃ်ာစားလျှင်၊ မိန့်ပြောလေကျင်၊ မျောက်လုလင်မှာ၊ ဂုဏ်အင်မညှိုး၊ မိနှင့်ဖကော၊ ငါတို့မျိုးက၊ တန်ခိုးတေဇာ၊ ဖြိုးဝေဖြာလို့၊ မဟာပရဝ၊ လေဟာဇကော၊ မိလှမာတာ၊ ငါ့မှာတစ်ဖန်၊ ဂုဏ်ပေါင်းစုကော၊ ဟာနုမန်ဟု၊ နှိုင်းစံ ဘက်ကင်း၊ ငါ့သတင်းကို၊ သင်မင်း ဘီလူး၊ အထက်ကျော်လေ၊ ထိုကာလက၊ မကြားဘူးလား၊ နှိုင်းတုမမြင်၊ ငါ့-အရှင်က၊ ဂုဏ်အင်သတင်း၊ ဌစန္ဒာကို၊ ပိုင်ကာရကော၊ ရာမ-မင်းမှာ၊ သက်နှင်းကျွမ်းဝင်၊ သီတာရှင်ကို၊ နင်ဘီလူးမင်း၊ မှော်ရုံမြိုင်လေ၊ ဂနိုင်ရိုးက၊ ခိုးယူခြင်းကြောင့်၊ အလင်းသိချင်၊ ငါ့ကိုပင်လေ၊ အသင်သွားချေ၊ သခင်ရင်းကော၊ ရှင်မင်းစေလို့၊ ငါဝယ်ရောက်ဘိ၊ စွမ်းသတ္တိကို၊ သိပါလေစေ၊ သော်ကခိုင်နှင့်၊ ဥယျာဉ်ဆိုးကို၊ ချိုးဖျက်တေဟု၊ ဆိုသည်ချက်ချင်း၊ ဘီလူးမင်းမှာ၊ ထန်ပြင်းအမျက်၊ ဒေါသမာန်လေ၊ အလွန်ကြီးကော၊ ယမ်းမီးစက်သို့၊ သက်ဆုံးစီရင်၊ ငါ့ရှေ့တွင်၌၊ မျက်မြင်ထင်ရှား၊ ရာမကျွန်ဟု၊ ခံတုံမြောက်ကော၊ မျောက်မိုက်အားကို၊ အသားကိုဖျက်၊ ထောင်မှူးတရဝါ၊ သင်တို့မှာလေ၊ ကင်ကာချက်လို့၊ အရက်အုန်းရည်၊ မျောက်သားခြောက်နှင့်၊ သောက်ကြချေလေ၊ ကြွင်းပေတုံရှောင်း၊ ခြေလေးချောင်းနှင့်၊ ဦးခေါင်းကိုဖုတ်၊ လက်သုပ် သုပ်၍၊ ငရုတ်ဆီကြော်၊ ကြက်သွန်မွှေးကို၊ ထည့်ပြီးခါမှ၊ ငါလျှင်စားမည်၊ ထိုနောက်ဝယ်၌၊ ကြွင်းပေတစ်လီ၊ သူ့အရေကို၊ ဗေဟီစည်ကြီး၊ ဤနန်းမှာလျှင်၊ ဝန်းယာကြက်ပျာ၊ ချက်ချင်းတီးလေ။

၁၇၆။ ချက်ချင်းတီးလေ၊ မင်းကြီးအာဏာ၊ ချသောခါလျှင်၊ ဝန်းရံကိုင်ကြ၊ မျောက် မင်းကိုလေ၊ ထို ယက္ခတို့၊ ခေါးမပေါက်ဆိန်၊ သူ့ ရင်ဝကို၊ ပေါက်ကြချိန်လည်း၊ ပဲ့လိမ် ကျိုးထွေ၊ ပေါက်ဆိန်ခေါးတို့၊ အသွားကြွေကော၊ အံ့ဖွယ်ရကား၊ အချို့များမှာ၊ ဒေါသမာန်ရစ်၊ လှံနှင့်တင်ပျာ၊ ငင်ကာတိုက်လည်း၊ ပြစ်ပြစ်ကျိုးထွေ၊အကုန်ရွဲ့လို့၊ ပဲ့တုံလေကော၊ အစွယ်ပြုံးပြုံး၊ အစားကြုံးကော၊ ဘီလူးမင်းဖျား၊ အသွားထံပျာ၊ အလွန်ထက်ကော၊ သန်လျက် ခေါးနှင့်၊ ဖျက်ပြေားတုံပြီး၊ လက်နှင့်ကိုင်ကော၊ ကိုယ်တိုင်လှီးလည်း၊ အမွေးတစ်ပင်၊ မကျွတ်ကျင်ကော၊ ရှင်သိကြားထံ၊ ဟာနုမန်မှာ၊ ဆုမွန်သုံးချက်၊ ရသည့်တွက်ကြောင့်၊ လက်နက်ခေါးလှံ၊ ထိမမှန်ကော၊ မီးလျှံမချစ်၊ ရေမနစ်ဘဲ၊ ဇကန်မုချ၊ ပကတိလျှင်၊ ရှိလေကမူ၊ ယက္ခအများ၊ မကြံနိုင်ကော၊ လက်မှိုင်ချပျာ၊အံ့သြပြေားက၊ မျောက်များတံခွန်၊ ဟာနုမန်မှာ၊ အလွန်မိုက်ပြေား၊ ငါ့ကိုပင်လျှင်၊ နင်တို့ပြုလည်း၊ မှုမထားတည်း၊ အယားတောင်သည်၊ ငါမပြေဟု၊ ဆိုလေသောခါ၊ ဘီလူးကြီးမှာ၊ မိန့်သည်မှာက၊ ငရာမတွင်၊ နင့်သခင်ဝယ်၊ နင်ကဲ့သို့သာ၊ မျောက်များ စွာတွင်၊ အရာခုဝယ်၊ ခေါးလှံမထိ၊ စွမ်းသတ္တိနှင့်၊ ရှိသိရေလား၊ မေးလေသောခါ၊ နုမန်ဆိုကော၊ ထိုသည် မျောက်မှာ၊ လျှောက်ခြင်းရာက၊ ငါလျှင်တကယ်၊ ရှင်ထံဝယ် ၌၊ ထင်းခွေရေခပ်၊ ထားလေတုံပြန်၊ အစေခံလျှင်၊ မှန်မချွတ်ကော၊ သတ္တိဗလ၊ စွမ်းပကားနှင့်၊ ဆယ်ဆထောင်ရာ၊ ငါ့ထက်သာကော၊ များစွာ မျောက်ပေါင်း၊ ငါ့ရှင်ထံဝယ်၊ ရှိပြန်ရှောင်းကော၊ တစ်သောင်းခြောက်ထောင်၊ များမြောင်တုံဘိ၊ ငါးရာကျော်လေ၊ စွမ်းပေါ်မျောက်ကော၊ တစ်ယောက်ရှိဟု၊ ခိပတိမျောက်မွန်၊ ခြောက်လေပြန်သော်၊ အလွန်ကြောက်လှ၊ ဘီလူးကြီးမှာ၊ ကြက်သီးထလို့၊ ရာမမျောက်မွန်၊ ပြောလတ်ဟန်က၊ တမန်တွင်မြောက်၊ ငါ့တစ်ယောက်ကို၊ သေလောက်အောင်ပင်၊ ပြုတုံကျင်လည်း၊ မပင်မပန်း၊ ကြာနှင့်ရေသွင်၊ ငါ့မှာလျှင်လေ၊ သာရွှင်လန်းလို့၊ ဇာမှန်းတစိ၊ ယမ်းမသိလို့၊ ဇီဝိတိန္ဒြေ၊ သေလိုစေမူ၊ တစ်ထည်ပုဆိုး၊ အဝတ်တို့က၊ ဆွတ်လို့စွတ်ထွေ၊ ထောပတ်ရည်နှင့်၊ ဆီစည်မှာနှစ်၊ ငါ့ကိုလျှင်လေ၊ ကိုယ်တွင်ရစ်လို့၊ မီးတိုက်သောခါ၊ ငါ့ခန္ဓာသည်၊ ပြာလျှင်ဖြစ်မည်၊ ကြောင်းခြင်းအင်ကို၊ နင်ဒိဋ္ဌိတို့၊ မသိချေဟု၊ ဆိုလေသည်တွင်၊ ဘီလူးယုတ်တို့၊ အဟုတ်ထင်၍၊ ဆီတွင်ဆွတ်နှစ်၊ ပုဆိုးကိုပင်၊ မျောက်ကိုယ်တွင်လေ၊ ရစ်ကျင်ပြီးကော၊ မီးလျှင်တိုက်က၊ စိုက်စိုက်ပြေးလျက်၊ ကျွမ်းကာလောင်အောင်၊ နန်းခေါင်ထက်ကို၊ ခုန်တက်ပြီးခါ၊ မီးတိုက်ပါသော်၊ ဝန်းရံလိုက်ကြ၊ ဘီလူးများတို့၊ ဟောကြော်ကြကော၊ ထိုကစစ်စစ်၊ စိုင်ဒရစ်ဖြင့်၊ တိုက်ကာတိုက်ကာ၊ ခုန်လေပါကော၊ များစွာရိပ်ငြိမ်၊ မြို့ဌာနေ၌၊ တိုက်အိမ်ဗိမာန်၊ ခုမကျန်အောင်၊ နုမန်ဗိုလ်မှူး၊ တစ်အိမ်ကျွမ်းတုံ၊ တစ်နန်းဘုံကို၊ လှမ်းခုန်ကူးက၊ ဘီလူးထိုထို၊ ကြွေးကြော်ငိုလို့၊ သိဃ်ာမြို့ကြီး၊ ပြိုလုနီးအောင်၊ မီးတပြောင်ပြောင်၊ အလုံးစုံလေ၊ အကုန်ပြုန်းကော၊ မြို့လုံးလောင်ရေ။

## ရာမမင်းထံသို့ ဟာနုမန် ပြန်လှမ်း၍ ကျောက်တန်းဆည်စန်း

၁၇၇။ မြို့လုံးလောက်ကေ၊ ပြောင်တညီးညီး၊ နုမန်ဆိုကေ၊ ထိုမျောက်ကြီးမှာ၊ဆီနှင့်မီးစာ၊ ကုန်သောခါလျှင်၊ ကိုယ်မှာမထိ၊ မွေးတစ်ပင်ကို၊ မီးဝင်သန်းကေ၊ စွမ်းမငြိဘဲ၊ ပကတိအေးစွာ၊ ရှိလေပါက၊ သီတာအထံ၊ လျင်တဆောကေ၊ သွားလေပြန်၍၊ ကျိုးနွံတုပ်မြောက်၊ ရာမထံကို၊ လိုက်ပြန်ကြောင်းနှင့်၊ ခွင့်တောင်းလျှောက်က၊ မျောက် ဟာနုကျော်၊ ယခုခါလေ၊ ငါလျှင်ဖြစ်က၊ မလိုက်သာကေ၊ ယူပါလေကျင်၊မေ့ထံခွင်က၊ ဆံပင်ဆယ်ချောင်း၊ မေနှင့်ကြင်ကေ၊ လင်မင်းကောင်းကေ၊ ငယ်ပေါင်းကိုသည်၊ ပေးဆက်လေဟု၊ မှာပေပြီးခါ၊ မျောက်မဟာနှင့်၊ မတ်တော်ရင်းကေ၊ လင်မင်းကျော်တို့၊ ကျန်းမာစေကြောင်း၊ ပန်းသပြေနှင့်၊ ညောင်ရေလောင်းကေ၊ ဆုတောင်းလိုက်မည်၊ ဆိုတုံလေကေ၊ ထိုသည်မျောက်မွန်၊ ရှင်မထံက၊ လျင်မြန်မကြာ၊ မြစ်ယမုန်ကို၊ ခုန်ကာလွှားလို့၊ သွားလေပါကေ၊ ဒီပါတောင်ကျွန်း၊ ဤဘက်ကမ်းက၊ မျက်ရမ်း မျှော်ဆ၊ မျောက်များစွာကေ၊ လောင်းရာမနှင့်၊ လက္ခဏညီတော်၊ နေသောခါလျှင်၊ မျောက်ကျော်နုမန်၊ ရောက်လေပြန်သော်၊ မကျန်စကား၊ သီတာမှာတုံ၊ ခြင်းမျိုးစုံကို၊ လျှောက်တုံငြားက၊ မင်းဖျားရာဇာ၊ ရွှင်ဝမ်းသာကေ၊ များစွာသစ်သီး၊ ဟာနုမန်ကို၊ ဆုမွန်ပေးကေ၊ ကျွေးမွေးပြီး၊ အမိန့်အာဏာ၊ မှတ်ခြင်းရာက၊ လဟာပြင်ကျယ်၊ ဤပင်လယ်ကို၊ ကျောက်ဆယ်တန်းထား၊ ပြုလုပ်ငြား၍၊ ငါကားမနေ၊ ဘီလူးမိုက်ကို၊ တိုက်တော့မည်ဟု၊ ဆိုလေတုံမြောက်၊ ကိုးကုဋေပေါ်၊ ခြောက်သန်းကျော်ကေ၊ များစွာမျောက်တို့၊ ကျောက်ကိုချီထမ်း၊ ထိုကနေပျာ၊ ဆည်ရိုးတန်းကို၊ စွမ်းအားလည်းသန်၊ ဟာနုမန်မူ၊ လျင်မြန်သွားကာ၊ တောင်ပူစာလေ၊ သေလာကျောက်ကို၊ တစ်ခေါက်မှာမုန်၊ ချီကာလည်းရွက်၊ ပခုံးထက်၌၊ တစ်ဖက်တစ်လုံး၊ ဘက်မန္တံးအောင်၊ ယူကျုံးထမ်းဆောင်၊ နောက်လိုက်ငြားကေ၊ မျောက်များမြောင်တို့၊ တစ်ယောက်နှစ်ယောက်၊ ထမ်းချီမြောက်ကေ၊ သုံးယောက်တစ်တောင်၊ ရွက်ချီဆောင်လို့၊ လေးကောင် ဝိုင်းဝန်း၊ တချို့ထမ်း၍၊ ကျောက်တန်းကြီးကျယ်၊ နတ်ဒေဝါတို့၊ ကူကာမကေ၊ ပြီးကြလေသော်၊ ထိုသည်အခါ၊ မြစ်သီတာမှာ၊ မဟာမျောက်ကို၊ နှစ်ယောက်ကိုင်ကာ၊ ယူလေပါကေ၊ ပြင်မှာလည်းရောက်၊ ဘီလူးဆိုကေ၊ ထိုနှစ်ယောက်ကို၊ မျောက်ငအောင်ကွတ်၊ လက်ကတီးမှာ၊ အပြီးညှပ်၍၊ မတ်တတ်ရပ်ကာ၊ ခုန်လေပါသော်၊ တစ်ဂါဝုတ်မျှ၊ မြင့်ပြီးခါမှ၊ အာကာသက၊ အောက်ကကျောက်ဖျာ၊ ရှိရာ၌လျှင်၊ ချလိုက်ပါကေ၊ ယက္ခာဘီလူး၊ ထွက်ထွက်ကြီးပျာ၊ ဇီဝိန်ဆုံးက၊ ယူကျုံးမရ၊ ဘီလူးဟူကေ၊ သူခပ်သိမ်းတို့၊ ကြောက်ကျိန်းကြ၍၊ ယက္ခရာဇာ၊ ထိုစကားကို၊ ကြားသောခါ၌၊ များစါမျက်မာန်၊ တိုးပွားပြန်၍၊ မကျန်သီးသီး၊ မှူးမတ်ဗိုလ်ပါ၊ ရှိလေရာကို၊ ခေါ်တုံပြီးမှ၊ ဘိဘိသန၊ သူ့ညီလှကို၊ ဒသမင်းကျော်၊ မေးသည်မှာက၊ များစွာ စစ်သည်၊ ရာမ-တစ်ယောက်၊ တောသားမျောက်နှင့်၊ရောက်ကြသည်ကို၊ အလွယ်တကူ၊ အောင်တော်မူအောင်၊ ဘယ်ပုံကြံစည်၊ ရောက်တုံပြန်ကေ၊ ဤရန်စစ်ကို၊ တိုက်ရမည်ကို၊ မေးလေသောခါ၊ ညီတစ်ယောက်မှာ၊ လျှောက်ခြင်းရာက၊ ပြဟ္မာမွေးဖ၊ နောင်မင်းကျော်ကို၊ ဆုတော်ပေးက၊ ရှေးဦးစက၊ အဋ္ဌစန္ဒာ၊ စကြာတစ်ဆူ၊ မျောက်နှင့်လူကို၊ သည်းအူရှောင်လေ၊ မွေးသည်ဖက၊ မှာခပေကေ၊ ခုဝယ်အခါ၊ ရောက်သည်မှာလည်း၊ များစွာသောမျောက်၊ ဘုန်းတောက်ရာမ၊ အဋ္ဌစန္ဒာ၊ မှန်စင်စစ်ကေ၊ ဖြစ်ခြင်းရာကြောင့်၊ သီတာတွင်ငြား၊ သူ့မယားကို၊ နောင်ဖွားရာဇာ၊ မာန်မကဲနှင့်၊ ပေးဆက်ပါ မှ၊ ပြည်ရွာအေးချမ်း၊ ဆွေခင်ပွန်းကေ၊ မိတ်ကျွမ်းဖြစ်မည်၊ အဖြာဖြာကို၊ မျှော်ကာ ထောက်ကေ၊ လျှောက်တုံလေရေ။

၁၈၀။ လျှောက်တုံလေကေ၊ ထိုသည်စကား၊ အကြောင်းများကို၊ ကြားကနားမှာ၊ မနာပျော်ကေ၊ များစွာမောင်းမဲ၊ တစ်ဖက်ရန်ကို၊ မျက်မာန်ကဲ၍၊ ဟိန်းဟဲဆဲဆို၊ ရာမသားကို၊ ငါစားလို၍၊ နင့်ကိုယခု၊ တိုင်ပင်ခံကေ၊ အကြံပြုလျက်၊ တစ်ခုမသိ၊ နင်ဒိဋ္ဌိကေ၊ ဘိဘိသန၊ ငါ့ဗာလမှာ၊ ရာမအထံ၊ ငါ့မင်းဖျားကို၊ အမှားခံ၍၊ ကျေးကျွန်သဖွယ်၊ ငါ့ကြင်ရာလေ၊ သီတာလှကို၊ ဆက်သချေဟု၊ မဖွယ်မရာ၊ နင်လျှောက်လှာကေ၊ ထွေရာတစိ၊ ပညာကန်းမှာ၊ မှန်းမသိဘဲ၊ ကူဗ္ဘိကုမ္ဘော၊ လွန်ထင်ရှားကေ၊ ငါ့သားနှစ်ယောက်၊ နာမ်ခန္ဓာလေ၊ မှန်စွာကျောက်လို့၊ မျောက်အောင်ကွတ်ကေ၊သင်ပြစ်ဘေးကို၊ နင်ဝယ်ထင်ရှား၊ ယခုပင်လေ၊ အမြင်သားနှင့်၊ သနားကြင်နာ၊ ရင်မဆာဘဲ၊ ရာမဘက်ကို၊ နင်ဝင်လို၍၊ ငါ့ကိုလှည့်မြောက်၊ နင်တမူလေ၊ ရန်သူများကို၊ အားပေးလှောက်လို့၊ ဤလောက်တောင်ပင်၊ ငါ့ရာမကေ၊ နင့်ဖခင်ကို၊ ချစ်ခင် ပြီး ထွေ၊ သူ၏ကျွန်လျှင်၊ ခံချင်ပေကေ၊ မနေလျင်လျား၊ ယခုပင်လေ၊ အလျင်သွားဟု၊ ထငြားတုံမြောက်၊ ခေါင်းဆံကေကို၊ ခြေနှင့်ကျောက်ကေ၊ ရှေ့နောက်ဝန်းပတ်၊ အထပ်ထပ်ထိ၊ မှူးမတ်အလယ်၊ သူ့ငယ်ညီမှာ၊ မျက်ရည်လည်းကျ၊ အရှက်ရ၍၊ ထလေလျင်မြန်၊ လောင်းတော်လှကေ၊ ရာမထံမှာ၊ ထိပ်စွန်လက်မိုး၊ လွန်ရိုကျိုး၍၊ ရှိခိုးဝပ်စင်း၊ သူ့နောင်ထံမှာ၊ ပန်လျှောက်ခြင်းကို၊ အရင်းကပင်၊ ပြောပြီးကျင်မှ၊ အရှင်မင်းမြတ်၊ မှန်မယွင်းကေ၊ ကျွန်ရင်းမှတ်ပါ၊ ကျွန်တော်ဆက်မည်၊ လျှောက်တုံ လေကေ၊ ယုံကြည်

သဖြင့်၊ သင့်မသင့်က၊ ထောက်ချင့်စဉ်းစား၊ ညီနန်းစည်ကို၊ တိုင်ပင် ပြောက၊ သဘောလည်းတူ၊ ထိုခါမှ၍၊ ပြည်သူဆီမီး၊ ဗုဒ္ဓဉာဏ်ကို၊ ပန်ကာတောင်းကေ၊ လောင်းဗေဓိမှာ၊ ဘိဘိသန၊ ပြည်သိယီကြ၊ ထိုယက္ခကား၊ ငါ့ကိုနှုတ်မြွက်၊ သင်လျှောက်ချက်နှင့်၊ လက်ရုံးကိုထောင်၊ ငါ့အကျိုးကို၊ သယ်ပိုးဆောင်လျှင်၊ နောက်နောင်အခါ၊ ဤပြည်ရွာကို၊ အပ်ပါခမည်၊ သစ္စာရေကို၊ တိုက်ပေတုံပြော၊ တံရင်းတော်မှာ၊ သိမ်းကာထားမှ၊ မျောက်များသခင်၊ သီတာလင်မှာ၊ ဆင်ခြင်စဉ်းစား၊ထို မျောက်များတွင်၊ ရွေးပြောခေါင်းခေါက်၊ အသီးသီးကေ၊ အကြီးကောက်၍၊ တစ်ယောက်တစ်တပ်၊အပ်တုံပေ၍၊ တိုက်လေလွှတ်က၊ ဝန်းပတ်သောင်းသောင်း၊ပြားမုန့် ဆောင်းမှ၊ မျောက်ပေါင်းများစွာ၊ တိုက်ဖျက်ပါသော်၊ ဣန္ဒာစိတ္တ၊ ဩရသကို၊ ယက္ခ မင်းကြီး၊ နန်းရွှေဘုံကို၊ ခေါ်တုံပြီးမှ၊ ငါစီးတုံပြန်၊ ရထားပျံနှင့်၊ ဝဲပျံသွားလျက်၊နဂါး ပတ်ကေ၊ နတ်လက်နက်နှင့်၊ တိုက်ဖျက်တုံလေ၊ မျောက်တို့သေသော်၊ ငါဝယ်မင၊ သူမရဟု၊ ဝေငှမကြည်၊ ရှိစေနှင့်၊ နောင်ညီနှစ်ဝ၊ လက္ခဏနှင့်၊ ရာမကိုလျှင်၊ ငါ့ရှေ့ ခွင်သို့၊ အရှင်ယူခ၊ သိယီပြည်မှာ၊ ခေါင်းဆယ်ခွက၊ သားလှကိုသည်၊ တစ်သက်ရန်ကို၊ လှန်ကာတိုက်ဟု၊ လွှတ်လိုက်တေလေ။

၁၈၁။ လွှတ်တုံလေကေ၊ ဗိုလ်ခြေမျုးမတ်၊ အထပ်ထပ်တိ၊ ဆင်တပ်မြင်းထိုင်၊ ရထားစိုင်နှင့်၊ ဆွဲကိုင်လက်နက်၊ စစ်အင်္ဂါနှင့်၊ သားတော်ရင်းလျှင်၊ စီးနင်းထွက်က၊ နှစ်ဖက်တူပြိုင်၊ ရင်ချင်းဆိုင်ပျာ၊ အနိုင်တိုက်မြောက်၊ ပထဝီမည်တွင်၊ မြေအပြင်မှာ၊ ပွဲတင်ချောက်မျှ၊ မျောက်နှင့်ဘီလူး၊ နှစ်ဦးပူး၍၊ ထွေးလုံးရောယှက်၊ ဗရပွက်ကေ၊ ကျွတ်ကျွတ်ဆူဟိုက်၊ စစ်မက်အင်္ဂါ၊ နှစ်မျက်နှာတွင်၊ ဖက်ကာကိုက်၍၊ တိုက်ခိုက်ကြရာ၊ ဘီလူးသားမှာ၊ ရထားသာက၊ မကြာအလျင်၊ လောင်းတော်စစ်ကို၊ ပစ်မည်ပြင်ကေ၊ ဘုရင်ရာမ၊ အဋ္ဌစန္ဒာ၊ မြားစကြာကို၊ တင်ကာလ၍၊ ယက္ခသားတော်၊ ဥပရာလျှင်၊ အာကာဘုံထဲ၊ ရထားချာန်နှင့်၊ ပျံကာ ပြေးလို့၊ ညိုမည်းမှိုင်းရီ၊ မင်းလွင်ချီ၍၊ တိမ်ဆီတိမ်ကြား၊ မိုးတိမ်ခြေမှာ၊ နေလေပြောကေ၊ မင်းသားရာဇာ၊ ရှုကြည့်သော်လည်း၊ မမျှော်တုံမြောက်၊ လောင်းဘုန်းမိုမှာ၊ ငါ့ကိုကြောက်၍၊ အရောက်မနေ၊ နန်းတော်ထဲကို၊ ပြေးခရေဟု၊ မှတ်ရွှတ်ပြီးထွယ်၊ မေ့လျော့လျော့ဖြင့်၊ နေကြလေသော်၊ ထိုသည်ဣန္ဒ၊ ခေါင်းဆယ်ဝ၏၊ သားလှဘီလူး၊ မိုးတိမ်ကြားမှာ၊ ရထားဦးက၊ စူးစူးလည်းရပ်၊ ရှုကြည့်လတ်၍၊ နဂါးပတ်မည်၊ ကျော့ကြိုးခွေနှင့်၊ မနေမုချ၊ မိုးတိမ်ဆီက၊ ထိန်ထိန်ရစ်အောင်၊ ပစ်ကာချကေ၊ ရာမဘုရင်၊ ရွှေလေးရှင်ကို၊ ရစ်ကျင်ထပ်ထပ်၊ လက်နက်ပျံလျှင်၊ မှန်ပြန်လတ်ကေ၊ မူးမိုက်ပျောင်းခွေ၊ သေငယ်ဇောနှင့်၊ မြောနေလေကေ၊ ထိုသည် ဘီလူး၊ မိုးတိမ်ဦးက၊ စိတ်ကူးခြင်းရာ၊ နက်ဖြန်ခါမှ၊ ငါလျှင်ထွက်ပြီး၊ မျောက်များစွာကို၊ ဗိုလ်ပါတို့အား၊ ဝေပြားပေးမည်၊ ယနေ့အာရုဏ်၊ ရက်လေကုန်ဟု၊ နန်းဘုံသို့သည်၊ ဗိုလ်ခြေများနှင့်၊ ဝင်သွားလေကေ၊ ရွှေရည်ဆင်းမျှ၊ မယွင်းလှကေ၊ လက္ခဏ မင်းပျို၊ နောင်ဘုန်းမိုကို၊ ကိုယ်ကိုဖက်ပျာ၊ ရှိုက်လျက် ငိုသော်၊ ထိုခါဝန်းရံ၊ သုကြိတ်ဆိုကေ၊ စစ်ဗိုလ်မှူးကေ၊ ဟာနုမန်တို့၊ မကြံတတ်ထွေ၊ မှိုင်၍နေကေ၊ ကြီးကျယ်ပညာ၊ ဆေးဆရာဟု၊ တွင်ခေါ်နာမ၊ မကျန်းမာသော်၊ ချမ်းသာပြုကေ၊ စကုမန်ဟု၊ ပြောပြန်ခြင်းရာ၊ တို့မင်းကျော်ကို၊ ဆေးဖော်ကုထွယ်၊ မကြာခင်လေ၊ ရှင်နိုင်စေလျက်၊ ထိုသည်ဆေးပင်၊ ရှာတုံကျင်လည်း၊ သည်တွင်မရှိ၊ ဤတစ်ခါလေ၊ ကြံရချက်ကေ၊ ခက်လှဘိ၏၊ တောင်ကြီး ဌာန၊ ဂန္ဓမာဟု၊ သောလာသ၌၊ သုဝဏ္ဏပဗ္ဗတ၊ နာမတွင်ခေါ်၊ ဆေးတကာတွင်၊ ဒေဝါသုံးကေ၊ တောင်လုံးကျော်ကို၊ ခုန်သော် တကယ်၊ ထိုဌာနက၊ ရနိုင်ပေသော်၊ ဘုန်းကြွယ်မင်းလှ၊ ယခုပင်လေ၊ ရှင်ကာထဟု၊ အာမငါသည်၊ ခံဝန်ရေလေ။

၁၈၂။ ခံဝန်ရေကေ၊ အဘယ်သူလျှင်၊ ထိုဆေးပင်ကို၊ မျောက်ခပင်းတွင်၊ မျောက် မင်းတံခွန်၊ ဂုဏ်ပေါင်းစုကေ၊ ဟာနုမန်လျှင်၊ ခံသည်အာမ၊ ဆေးကိုသာကေ၊ သိပါ ပြောအောင်၊ ပြောလို့ပြပြဟု၊ တုပ်ကွရှိသေ၊ မေးတုံလေကေ၊ တောင်ခြေဂန္ဒန၊ ပဗ္ဗတ တွင်၊ ရိုးလှသန္တာ၊ အရွက်ကမူ၊ မြပမာသို့၊ ရတနာငြေးငြီး၊ အသီးရွှေရောင်၊ ထိုသည် တောင်မှာ၊ ထိပ်ခေါင်ကသာ၊ ဟော၍ခေါ်ကေ၊ ထူးပါလိမ့်မည်၊ လျင်မြန်စွာလေ၊ မကြာစေနှင့်၊ ကြာလေတုံကျင်၊ မိုးလင်းစင်သော်၊ မရှင်နိုင်ပြီ၊ နေဝင်တော့မည်၊ ယင်လှစီဟု၊ အလီလီမှာ၊ ဟာနုမန်မှာ၊ ခုန်ပျံလွှားလို့၊ သွားလေပါကေ၊ ဂန္ဓမာဒန၊ သေလာတောင်မှာ၊ ထိပ်ခေါင်ထက်ကို၊ တက်ပြီးမှလျှင်၊ ခဏမနေ၊ ခေါ်တုံလေကေ၊ တောင်ခြေအောက်ပါး၊ တညံညံနှင့်၊ ထူးသံကြားက၊ ခုန်လွှားဆင်ကာ၊ အပြင်းလာကေ၊ ဖွေရှာမရ၊ ထိုနေရာက၊ ခေါ်ပြန်ကလည်း၊ တောင်ထိပ်ကသာ၊ ထူးခြင်းရာကြောင့်၊ တက်ကာလိုက်လျှင်၊ ရှာစဉ်တွင်း၌၊ နေဝင်တုံထ၊ တောရိပ်မှုန်လေ၊ ချုံးကာ ကျလို့၊ မရနိုင်ပါ၊ ကြာသောခါလေ၊ ရာဇာဘုရင်၊ ငါ့သခင်လျှင်၊ ရှင်မည်မဟုတ်၊ ဗလသန်ကေ၊ ခွန်အားထုတ်၍၊ သုတ်သုတ်မဆိုင်း၊ နှစ်ပိုင်းပိုင်းကေ၊ တစ်ပိုင်းကိုဖမ်း၊ ထိုသည်တောင်ကို၊ ဆောင်ကာထမ်း၍၊ အပန်းတကြီး၊ လွှားကာခုန်ကေ၊ တစ်ဟုန်တည်းဖြင့်၊ လာပြီးရောက်ခါ၊ ဆေးဆရာလျှင်၊ ရွေးကာနှုတ်ပြီး၊ ဆေးမင်းမဟာ၊ တောင်လုံးကျော်ကို၊ သွေးကာလိမ်းက၊ မှိန်းမိုက်မူးဝေ၊ နဂါးဟိတ်လျှင်၊ အဆိပ်ပြေ ကေ၊ မနေခဏ၊ လောင်းရာဇာမှာ၊ အသာထလို့၊ အဋ္ဌစန္ဒာ၊ စိုးပိုင်ပါ

လည်း၊ အာကာ ထက်တွင်၊ နေခြင်းအင်ကို၊ ငါလျှင်မင်းမြတ်၊ သူ့ကိုပင်လေ၊ မမြင်တတ်လို့၊ နဂါးပတ် စက်ခွေ၊ ပစ်လေရဟု၊ မိန့်ဟလေသော်၊ ပြည်သိဃီြနတ်၊ အတ္ထုပ္ပတ်ကို၊ ကြတ်ကြတ် စိစိ၊ ကြွင်းမကျန်အောင်၊ အလွန်သိ၍၊ ဘိဘိသန၊ လောင်းဘုရင်ကို၊ ဦးတင်သလို့၊ ယက္ခရာဇာ၊ မိုးတိမ်တွင်း၌၊ နေခြင်းရာကို၊ မြင်ပါမည့်သူ၊ ကျွန်းဇမ္ဗူမှာ၊ မေထုန် ဝါသ၊ မကောင်းမှုကို၊ မပြုကြဘဲ၊ မိန်းမမျက်နှာ၊ ဆယ့်နှစ်နှစ်ကို၊ တွက်စစ်ကြအောင်၊ တစ်ခါတစ်ထူး၊ တွေ့တုံ့ခဲ့လည်း၊ မကြည့်ဖူးမှ၊ ဘီလူးရာဇာ၊ နေခြင်းရာက၊ မြင်ပါ နိုင်မည်၊ လျှောက်တုံလေသော်၊ ဘုန်းကြွယ်ရာမ၊ မိန့်ခွန်းဟ၏၊ ခက်လှတုံရှောင်း၊ ဤအကြောင်းက၊ တစ်သောင်းဇမ္ဗူ မြေအငူဝယ်၊ ဘယ်သူရှိမည်၊ ညှိုးငယ်ငယ်နှင့်၊ ဆိုလေသောခါ၊ လက္ခဏာမှာ၊ မြွက်ဟဖော်၍၊ နောင်တော်ညှိုးပန်း၊ မဟာဆွေလေ၊ နွယ်သတိုးမှာ၊ မစိုးရိမ်နှင့်၊ ညီတော်သက်မျှ၊ လက္ခဏာလျှင်၊ ရှိပါတော့သည်၊ မြတ် နောင်တော်ကို၊ ဆယ်ဖြာမြောက်ပျာ၊ လျှောက်တော့သည်လေ။

၁၈၃။ လျှောက်တုံလေကော၊ နွယ်သီကီယ၊ မျိုးသမ္ဘိန်ကော၊ ငါ့ညီလှလေ၊ ဤမျှများ စွာ၊ ဆယ့်နှစ်နှစ်ကို၊ တွက်စစ်ကြာအောင်၊ ဟေမာမြိုင်ဖျား၊ ပန်းမျိုးစုံကော၊ မှော်ရုံ တော၌၊ ပျော်ပါးကြရာ၊ မရီးကျော်ကို၊ ညီတော်မင်းငယ်၊ ခါတစ်နေ့မျှ၊ မကြည့်လေလော၊ မေးလေသောခါ၊ မေသီတာကို၊ ညီတော်တစ်ထူး၊ လှတစ်မျက်နှာကို၊ မော်ကာ လှည့်ကော၊ မကြည့်ဖူးဟု၊ ရှိဦးပန်ထွာ၊ လျှောက်လေပါကော၊ ကေသရာမျိုး၊ ညီမင်းငယ် လေ၊ နွယ်သတိုးကို၊ အားကိုးလောက်စွာ၊ ယခုခါ၌၊ လာပါစေလေ၊ ဘီလူးဟူကော၊ ရန်သူမိုက်ကို၊ ပစ်သတ်မည်ဟု၊ နေလေသောခါ၊ ရှေ့မျက်နှာက၊ စကြာနေမင်း၊ တောင်သပြေမှာ၊ ရောင်ခြည်ချင်လို့၊ မိုးလင်းသောခါ၊ သိဃီြစားမှာ၊ သားယက္ခာလျှင်၊ အဂ်ီလေးပါး၊ ဘီးလူးစစ်သည်၊ သောင်းကုဋေကော၊ ဗိုလ်ခြေများတို့၊ စားလေကြစေ၊ ထိုသည်ညက၊ ရာမသေသော်၊ မျောက်ငယ်မျောက်ကြီး၊ အသီးသီးကို၊ ဝေပေးတော့မည်၊ လာတုံလေသော်၊ မေသီတာလင်၊ လောင်းရာမကို၊ ယက္ခမြင်သော်၊ ကောင်းကင် တလတ်၊ မိုးတိမ်ညိုကို၊ ခိုကာလပ်လို့၊ နဂါးပတ်ကြိုးခွေ၊ ရှေ့ကနှယ်သို့၊ ပစ်မည်ပြင်ဆင်၊ ထိုခါတွင်၌၊ ညီခင်လက္ခဏာ၊ နောင်မင်းကျော်ကို၊ ညွှန်ကာပြသော်၊ အင္ဂစန္ဒာ၊ မြားစကြာနှင့်၊ ဆာကာထက်ရပ်၊ သွက်သွက်ခါအောင်၊ ပစ်ကာလွှတ်သော်၊ သက်ပြတ်ဇီဝိန်၊ မြေကမ္ဘာမှာ၊ ခန္ဓာကျလို့၊ ယက္ခသေကော၊ ဗိုလ်ခြေအများ၊ ထိုအကောင်ကို၊ ယူဆောင်သွားလို့၊ နှစ်ပါးမိဘ၊ ထိုရာဇာကို၊ လာကာပြသော်၊ ဗျာယကြီး ကျယ်၊ စီးမျက်ရည်နှင့်၊ အစွယ်မြမြ၊ ခေါင်းဆယ်ခွမှာ၊ ပါးစပ်ဆယ်ပေါက်၊ ကျောက်လိုဏ်ဂူမှာ၊ ပြူပေါက်ဖောက်သို့၊ ယောက်ယက်ခတ်ကာ၊ ငိုပြီးခါမှ၊ ဗိုလ်ပါစုံစင်၊ မှူးအကြီးကို၊ ခေါ်ပြီးကျင်သော်၊ တိုင်ပင်ခံကြ၊ ထိုရာဇာမှာ၊ အာဏာ ချလို့၊ ရာမမင်းဖျား၊ သူ့အသားကို၊ ဝါး၍ကြွပ်ကြွပ်၊ ငါတစ်မူလေ၊ ဖမ်းယူပြီးမှ၊ စိမ်းလတ်လတ်လျှင်၊ ကိုယ်ပြတ်ဝဝ၊ စားပါရအောင်၊ မိဘကိုးကွယ်၊ ယဇ်နတ်ကျော်ကို၊ ပူဇော်မှုလျှင်၊ ပြုကြလေဟု၊ မိန့်ပေတုံပြီး၊ အသီးသီးက၊ အကြီးအမှူး၊ ထိုဘီလူးတို့၊ ထူးဝိသေသ၊ များစုံလင်ကို၊ စီရင်ကြလို့၊ ဒွါရအများ၊ မြို့တံခါးကို၊ ဆို့ထားပိတ်ကာ၊ ယဇ်ဒေဝါကို၊ ပူဇော်မှုလျှင်၊ ပြုနေခါဝယ်၊ များစွာမှိုင်းလွင်၊ မီးခိုးမြင်၍၊ ဘုရင်သာကီ၊ ကြောင်းမိပ္ပာယ်ကို၊ မေးသည်ရှိသော်၊ ဘိဘိသန၊ ကြောင်းကုန်စင်ကို၊ လျှောက်တင် သရေမိဘ စဉ်လာ၊ ဘီလူးမျိုးကော၊ တို့ဘာသာမှာ၊ ပြုရာအထူး၊ ကြောင်းတစ်ခုက၊ ရန်ဆူးရန်ငြောင့်၊ တိုင်းပြည်ခွင်မှာ၊ ဝင်ကာမှောင့်၍၊ အနှောင့်အယှက်၊ စစ်မက် အဂ်ီ၊ ရန်သူ စီးလို့၊ ကြီးသောခါလျှင်၊ ပူဇော်ရိုညွှတ်၊ ယဇ်နတ်စာလေ၊ ကျွေးပါလေ လတ်၊ နတ်မင်းရာဇာ၊ လာလို့တိုက်ကော၊ စစ်အဂ်ီလည်း၊ ရှုံးပါရမည်၊ ယခုဝယ်၌၊ ပြုဖွယ်အကျိုး၊ ယဇ်နတ်စာကို၊ ပူဇော်ကိုး၍၊ မီးခိုးကိုမြင်၊ သုံးရက်တွင်း၌၊ အောင်မြင်လိမ့်မည်၊သို့ဖြစ်သည်ကြောင့်၊ အဘယ်သူသာ၊ ဤအချက်ကို၊ ဖျက်နိုင်ပါမည်၊ မေးတုံလေကော၊ ကြီးကျယ်အားခွန်၊ ဟာနုမန်က၊ ဝန်ခံပြီးလျှင်၊မြို့တံခါးကို၊ခုန်လွှားဝင်ရေ။

၁၈၄။ ခုန်လွှားဝင်ကော၊ မြို့ပြင်ကမျောက်၊ သို့အခြင်းနှင့်၊ မြို့တွင်းရောက်က၊ တင်းမောက်စိတ်မာန်၊ ဟာနုမန်ကို၊ ခုခံမနိုင်၊ ကျွဲနွားဆိတ်ဝက်၊ ဘဲကြက်ငှက်ကို၊ လက်နှင့်ကိုင်၍၊ ချိုင်ကြိုးကိုဖြတ်၊ ပူဇော်လိုရန်၊ ထားခြင်းဟန်ကို၊ ကျန်မလပ်အောင်၊ လွှတ်ကာလည်းပစ်၊ နတ်စင်ထက်မှာ၊ ချီတက်စစ်လို့၊ ယဇ်နတ်ယစ်ခြင်း၊ ထိုခါတွင်း၌၊ လွှင့်စဉ်ပြေးငြား၊ အိုးခွက်ကြားမှာ၊ အပွားရေစွန့်၊ စိမ့်အိုးအင်တုံ၊ အလုံးစုံမှာ၊ အကုန်နှံ့၍၊ ဝံ့ဝံ့ကားကား၊ ပူဇော်ရန်လေ၊ စီမံပြုကော၊ ဝတ္ထုများကို၊ ဖဝါးနှင့်ကျောက်၊ ဒူးနှင့်ပေါက်၍၊ ကြေပျောက်ပျက်စီး၊ ဖျက်တုံပြီးမှ၊ မျောက်ကြီးနုမန်၊ ကိုယ့်ရှင်ထံကို၊ ပြန်လေသောခါ၊ သိဃီြမှူးကော၊ ဘီလူးမှာက၊ ပမာပုံထောက်၊ ကျွတ်ကျွတ်လည်းဆူ၊ ထိပ်မှာမူလေ၊ ရေပူဆောက်တို့၊ တောက်တောက်လည်းခေါ်၊ မှူးမတ်များကို၊ ပြောခြင်းရာက၊ သေလာပထဝီ၊ မြေဆီကိုစား၊ သုံးနှစ်လုံးသာ၊ အိပ်စက်ပျော်မှ၊ နိုးပါငြားကော၊ စားသောက်မကြေ၊ တစ်ယောက်ညီဟု၊ ဂုမ္ဘိဂန္ဒ၊ ဘီလူးကြီးကို၊ နှိုးပြီးမှလျှင်၊ ရာမကိုသည်၊ တိုက်ရမည်ဟု၊ စေလေသောခါ၊ အမတ်ကြီးတို့၊ သွားပြီးခါမှ၊ များစွာစည်ကြီး၊ နားအနီး၌၊ ခတ်တီးတုံမြောက်၊ ထိုသည်နောက်မှ၊ အမြောက်စိတ်ပြောင်း၊ ဖောက်ကြရှောင်းလည်း၊ ဝင်းနည်းတူ၊ ဆီပူရည်သာ၊ နားကိုစောင်း၍၊ လောင်းလိုက်

ပါသော်၊ အသာတယ၊ နိုးတုံမြောက်၍၊ ငေါက်ငေါက်ထမှ၊ အာဟာရများစွာ၊ ငါလျှင်ငတ်၍၊ မွတ်တုံပါရေ၊ လျှင်စွာမနေ၊ ငါ့အစာကို၊ ရှာကာကျွေးလို့၊ ပေးရမည်ဟု၊ ဆိုလေသောခါ၊ မျောက်ရှိရာကို၊ ခေါ်ကာတစ်ဖန်၊ တစ်ချက်ထိုး၍၊ လက်ညှိုးညွှန်သော်၊ အမြန်သွားလျက်၊ လက်နှစ်ဖက်နှင့်၊ လုံးလျက်လည်းထည့်၊ သူ့ပါးစပ်ကိုဟုလို့ဖွဲ့သော်၊ လေးငါးခြောက်တောင်၊ တိုက်တံခါးကို၊ လှိုက်ထားယောင်သို့၊ မျောက်ကောင်အများ၊ တွေ့ရာကိုလေ၊ လုံးမျိုပြောင်းက၊ နားနှာခေါင်းဝ၊ မျောက်များစွာတို့၊ ထွက်လာကြလျက်၊ အချို့ကလွတ်၊ တချို့များလည်း၊ သွားကြားညပ်လို့၊ ကျပ်ကျပ်ရုန်းထွေ၊ လွတ်တုံလေကော၊ ဘုန်းကြွယ်ရာမ၊ ကြည့်နေကျင်သော်၊ မြင်ပြင်းလှ၍၊ ရင်ဝကိုတည်၊ မြားတော်စေသော်၊ သည်းခြေကိုဖောက်၊ ကြီးမြင့်ခေါင်ကော၊ တောင်တစ်လုံးသို့၊ ဒုံးပေါက်ဆောင်လျက်၊ မျောက်၍မကြာ၊ တံခါးဝမှာ၊ ပိတ်ဆို့ကာဖြင့်၊ ထိုခါကာလ၊ ပန္နရဟု၊ မဝထခေါ်ပါ၊ မျောက်များစွာတို့၊ ဝင်ကာထွက်သွား၊ တံခါးဝမှာ၊ မရပြောင်းက၊ ဓားနှင့်လှီးတိုက်၊ တမန်းခဲသို့၊ တူး၍ပစ်လို့၊ မြစ်တွင်မနေ၊ ချကြပေလျက်၊ သီသေခေါင်းခွံ၊ ထိုဌာန၌၊ ကျကာကျန်၍၊ အမှန်မုချ၊ ခုကာလတိုင်၊ ဧရကန်ကြီးဖြစ်တုံပြီး၍၊ ခရီးဓွန့်ရှည်၊ ယခုထိလျှင်၊ သိရှိရေဟု၊ သက်သေထင်ရှား၊ စကား ပရိယာယ်၊ အတီတေကော၊ ယုံဖွယ်နတ္ထိ၊ တစ်ဧကန်လေ၊ မှန်အဟုတ်ကော၊ ကျွန်ုပ်တွေ့ရေ။

၁၈၅။ ကျွန်ုပ်တွေ့ကော၊ သိကြစုံစေ့၊ ခေါင်းဆယ်လုံးမှာ၊ ဘီလူးညီလျှင်၊ ဂုမ္ဘီဂန္ဓ၊ ထိုအခါလေ၊ ခန္ဓာဆုံးကော၊ တုံးလေကလျှင်၊ ဘရိယချစ်ဆွေ၊ ကာလိဂန္ဓ၊ ဘီလူးမကော၊ ယက္ခမေမှာ၊ သန္ဓေရှိထ၊ ဆယ်မာသဖြင့်၊ ရက်လစေ့ကျင်၊ ကိုယ်ဝန်သားကို၊ မဖွားခင် လျှင်၊ သူ့လင်ယောက်ျား၊ စစ်ချီရာမှာ၊ ခန္ဓာပြောင်းကော၊ ကြောင်းစကားကို၊ မယားမေမှာ၊ ခန္ဓာပြောင်းကော၊ ကြောင်းကိစ္စကို၊ မယားမေမှာ၊ ကြားသောခါလျှင်၊ များစွာပူ ဆွေး၊ မိမိလင်ကြောင့်၊ ရင်ကိုထုကော၊ လူးကာလဲလို့၊ အရေးကြီးစွာ၊ ခန်းဆောင်တိုက်က၊ ထွက်လိုက်လာကော၊ အိမ်ပေါ်တက်က၊ လင်သခင်ကို၊ မြင်ချင်ရူးကော၊ လူးကာကျက၊ ကမ္ဗဇမည်၊ ဝါယောလေလျှင်၊ လှုပ်ပေသဖြင့်၊ အဆင်သင့်ကော၊ အရင့်အမာ၊ ဝမ်း၌တည်ကော၊ သန္ဓေသားလျှင်၊ ဖွားလေပါ၍၊ စိုင်ကာလည်းကျ၊ထိုနေရာက၊ အသာထလို့၊ အဖဇာတိ၊ ကြောင်းမျိုးစုံကို၊ အကုန်သိက၊ ဘုန်းရှိယောက်ျား၊ မမွေးခင်လေ၊ အသွင်ထူးကော၊ ဘီလူးသားမှာ၊ စိတ်ထားကြီးကျယ်၊ ဖခင်လေသော်၊ မနေစင်စစ်၊ ဖရန်သူကို၊ ငါမူတိုက်မည်၊ မကိုဋ်သတိုး၊ ခေါင်းဆယ်လုံးကော၊ ဘီလူးမျိုးဟု၊ တန်ခိုးကိုပြ၊ ကျေးဇူးရှင်လေ၊ မိခင်နို့ကို၊ မစို့ခဘဲ၊ လျှင်စွလိုက်ကျင်၊ မျောက်စစ်သည်လေ၊ ဗိုလ်ခြေများကို၊ ထင်ရှားမြင်ကော၊ လေရှင်မုန်တိုင်း၊ ခတ်ချိုးလှိုင်းသို့၊ ရပ်ဆိုင်း ခြင်းငှာ၊ မတတ်သာအောင်၊ များစွာလျင်လျား၊ မျောက်များဖြင့်ကို၊ ဝင်ကာလိုက်ကာ၊ တိုက်လေပြောက၊ ရှောသားလက်မှာ၊ မျောက်များစွာတို့၊ အတော်အတန်၊ ပျက်စီးဟန်ကြောင့်၊ ဟာနုမန်လျှင်၊ ထွက်ကာလိုက်လို့၊ တိုက်လေကျင်ကော၊ ဖမ်းငင်မရ၊ လွန်တ ရာလေ၊ ချော်ရော်လှ၍၊ ရာမဘုန်းတောက်၊လေးကိုင်ငင်ပျာ၊ ဒေါင်လျှင် တိုက်၍၊ မပစ်လောက်ကော၊ မျောက်ဟာနုမန်၊ ဖခင်မြတ်လေ၊ လေနတ်ထံမှာ၊ ခဏမကြာ၊ လေသွေ့တိုက်လို့၊ လွှတ်လိုက်ပါကော၊ များစွာထောင်သောင်း၊ မြူမှုန်ပေါင်းတို့၊ ဝှင်းယက္ခော၊ ဘီလူးရှည်မှာ၊ လူးလေပြောက၊ ကျီချောလည်းစင်၊ ထိုပါတွင်မှ၊ လုလင် မျောက်မွန်၊ ဟာနုမန်မှာ၊ လျင်မြန်ဖမ်းပြား၊ ဘီလူးဆိုကော၊ ထိုရှောသားကို၊ လက်ဝါးပေါ်တွင်၊ ကြိတ်လိုက်ကျင်ကော၊ ဆံမျှင်ဆန်မှုန့်၊ အနုမရ၊ မွမွကြေပျာ၊ ထုံးနှယ်ဖြစ်မှ၊ ပစ်လိုက်ကလျှင်၊ ဒသဂီရိကြောင်းမျိုးစုံကို၊ အကုန်သိက၊ ပါးစပ်ကိုကိုက်၊ ဒေါသဝှန်ပျာ၊ မျက်မာန်ယစ်၍၊ သားချစ်သက်ဝေ၊ ကုန္ဒစိတ္တာ၊ ညီကစ၍၊ အလုံးသေကော၊ မနေနိုင်ဘဲ၊ စံမြန်းပျော်ကော၊ နန်းတော်ထဲမှာ၊ ဟိန်းဟဲ၍သာ၊ စစ်တန်ဆာကို၊ ကိုယ်မှာဆင်လတ်၊ ချပ်တန်ဆာကို၊ ခြုံကာဝတ်၍၊ အထွတ်မကိုဋ်၊ ဆယ်ခုစိုက်လျက်၊ တိုက်ခိုက်တော့မည်၊ ပြည်သိဃီလေ၊ ထိုဘီလူးမှာ၊ စူးစူးရေကော၊ ကြီးကျယ်ဘွဲ့ဖြူ ဆောင်ယူလက်နက်၊ ရထားပျံမှာ၊ မာန်နှင့်တက်၍၊ အထက်တိမ်ယံ၊ ပြင်းတောင်ဟုန်နှင့်၊ ဂဠုန်ငှက်ယောင်၊ တက်ကာပျံရေ။

၁၈၆။ တက်ကာပျံကော၊ လေယာဥ်ရဟတ်၊ မိုးတိမ်ညိုမှာ၊ ခိုကာကပ်၍၊ အောက်ရပ်မြေတွင်၊ လောင်းသမ္ဘိန်နှင့်၊ ညီအိမ်ရှေ့ကို၊ ကြည့်လေကျင်သော်၊ မြင်သည်ချက်ချင်း၊ သိဃီမှူးကော၊ ဘီလူးမင်းမှာ၊ ပြင်းစွာလက်နက်၊ လွန်ကြီးကျယ်လေ၊ မီးနှယ်ထွက်လို့၊ လက်နက်စကြာ၊ အာနုဘော်က၊ စကြဝဠာလေးပိုက်၊ မြေအပြင်မှာ၊ ထင်ကာပစ်က၊ မြစ်ကြီးရေယဉ်၊ မခံနိုင်ကော၊ ခုနစ်အိုင်ခန်းခြောက်၊ ညီးထိန်ထိန်လေ၊ အရှိန်ကြီးကော၊ မီးလျှင်တောက်မျှ၊ မြောက်ကာစင်စစ်၊ အာကာပြင်မှာ၊ တင်ကာပစ်ကော၊ ခုနစ်နှစ်တောင်၊ မိုးမင်းခေါင်ကော၊ လျှံပြောင်လက်နက်၊ ဘက်မတူကော၊ ဘွဲ့ဖြူစက်နှင့်၊ အထက်ကသာ၊ ပစ်ချပါသော်၊ လောင်းတော်ရာမ၊ ရွှေကိုယ်တော်မှာ၊ ထိုခါကျကော၊ ခဏမနေ၊ မြေကမ္ဘာမှာ၊ မှိုင်ကာငေးလို့၊ လဲတုံလေကော၊ ထိုသည်ချက်ချင်း၊ ဘီလူးမင်းမှာ၊ ဆင်း၍လာကျင်၊ ရထားတွင်း၌၊ ဆောင်တင်တော့မည်၊ ချီတုံလေကော၊ ကြီးကျယ် တုံမြောက်၊ မနိုင်းသာကော၊ ဘုန်းတော်တောက်၍၊ ချီကောက်မပါ၊ သံကျောက်ဖျာသို့၊ များစွာလေးမြောက်၊ ကပျာကယာ၊ ဘီလူးမှာလေ၊ ကုန်းကာကောက်က၊ မျောက်ဟာ နုမန်၊ မြင်လေပြန်သော်၊ လျင်မြန်စင်စစ်၊ မင်းယက္ခာကို၊ ပြေးကာလိုက်ကော၊ ပစ်ခါမနှေး၊ မိုးတိမ်ယံကို၊ ပြန်တက်ပြေးက၊ ညီထွေးသက်မျှ၊

လက္ခဏာလျှင်၊ မ,ကာတစ်ဖန်၊ သာယုယလို့၊ ထူလေပြန်ကော၊ စကု မန်ခေါ်၊ ဆေးဆရာက၊ မဟာသြသဋ္ဌ၊ တောင်လုံးကျော်နှင့်၊ ကုကာသလို့၊ နရဘုန်း လူ၊ ဆိုတော်မူကော၊ ရန်သူလက်နက်၊ ငါ၏ထံမှာ၊ မှန်သည်ချက်ကြောင့်၊ ရှက်ကြောက် စရာ၊ ငါမင်းကျော်မှာ၊ နှစ်ခါလည်းကျ၊ ကြာကြာနေသော်၊ ချေမလှလေ၊ လက္ခဏာ ညီတော်၊ သူ့ကိုသာလျှင်၊ ရှုမျှော်ခဏ၊ မြင်တုံပြန်သော်၊ ညွှန်ကာပြဟု၊ ရာမဆိုသော်၊ ထိုအခါဝယ်၊ ညီတော်ကြည့်လျှင်၊ မိုးတိမ်ထပ်ကို၊ ကပ်ကာဝင်၍၊ မထင်တစ်ချက်၊ ခေါင်းဆယ်လုံးတွင်၊ သူ့ရုပ်သွင်ကို၊ မြင်တစ်ချက်ကြောင့်၊ လက်ညှိုးလမ်းညွှန်၊ နောင်တော်လှကို၊ ပြလေပြန်ကော၊ ဟာနုမန်ခေါ်၊ မျောက်မင်းကျော်၏၊ ကျောပေါ်ထက်က၊ လောင်းကိုယ်တော်မှာ၊ သမ္ဘာစက်နှင့်၊ တက်ပြီးမှလျှင်၊ အဋ္ဌစန္ဒာ၊ သိကြားဆက်ကော၊ မြားစကြာကို၊ ငင်ကာ စစ်ပစ်၊ ညီသက်နှံ့လေ၊ အာကာတစ်ရိုး၊ မိုးတိမ်ဆီမှာ၊ထိန်ထိန်ကြိုးလို့၊ အမျိုးယက္ခ၊ ခေါင်းဆယ်လုံးမှာ၊ မိုးတိမ်ဆီမှာ၊ ထိန်ထိန်ကြိုးလို့၊ အမျိုးယက္ခ၊ ခေါင်းဆယ်လုံးမှာ၊ တစ်လုံးသာလေ၊ ပြတ်ကာကျက၊ အောက်ကမြေတွင်၊ မရောက်ခင်ကို၊ နောက်မြင် ညီလှ၊ ဘိဘိသနမှ၊ မ၍လွယ်ကူ၊ ပုဆိုးဖြူနှင့်၊ ခံယူထားငြား၊ သူပိုင်စံကော၊ ဈာန်ရထားလည်း၊ ပျံငြားပိုင်ပိုင်၊ ခြားတစ်ပါးကို၊ မသွားနိုင်ကော၊ဥက္ကိုင်စိုးရ၊ ဘုန်းတော်ရောင်လေ၊ ပြောင်ပြောင်ဝင်းကော၊ မင်းရာမလည်း၊ ရှေ့ကအသွင်၊ စကြာလေးကို၊ ဆွဲကာ တင်ကော၊ မြားတွင်ဆိပ်ခတ်၊ ပြညွှန်ရာကို၊ ပြစ်ကာလွှတ်ကော၊ ပြတ်ကာလည်းကျ၊ ရှေ့အနှုန်းကော၊ နှလုံးရက၊ ဒဿမည်ရှောင်း၊ ဆယ်ချောင်းစကြာ၊ ဆိပ်မြားစူးနှင့်၊ နောက်ဆုံးမှာလျှင်၊ ကမ္ဘာဝသုန်၊ ဖိန့်ဖိန့်တုန်ကော၊ အဟုန်ကြီးလှ၊ ယက္ခရာဇာ၊ ကိုယ်ခန္ဓာလေ၊ မှန်စွာကျရေ။

၁၈၇။ မှန်စွာကျကော၊ ဒသဂီရိ၊ ထန်းသီးပမာ၊ ခေါင်းဆယ်မြွာလေ၊ ကြွေကာရှိက၊ ဘိဘိသန၊ သူ၏ညီလျှင်၊ လောင်းသခင်ကို၊ လျှောက်တင်သရေ၊ကျွန်ကကြည်ညို၊ နောင်ဘုန်းမိုကို၊ သင်္ဂြိုဟ်သင့်ပါ၊ လျှောက်သောခါလျှင်၊ လောင်းတော်မြတ်လေး၊ အခွင့်ပေးက၊ ပြည်ထဲသိင်္ဃီ၊ ဘီလူးပေါင်းနှင့်၊ အလောင်းကိုလျှင်၊ ထိုခါကာလ၊ ယွင်းမယိုအောင်၊ သင်္ဂြိုဟ်ကြက၊ ရာမ-မင်းဖျား၊ မျောက်ဗိုလ်ပါကို၊ ထိုခါသိမ်းကော၊ အပြီးထားလို့၊ ကြီးမားသဘင်၊ ခံတုံကျင်ကော၊ များဖြင်သောသော၊ တချို့သူလေ၊ အမူတူးကော၊ ဘီလူးများတို့၊ တောကြားမြိုင်ခြေ၊ ကြောက်သည်ရေးနှင့်၊ ပြေးကြလေ၍၊ ပုန်းကွယ်ပြီးလျှင်၊ နေခြင်းအင်ကို၊ ခေါ်ကျင်ရမည်၊ ရာမ-မင်းက၊ အပြင်းစေကော၊ ခေါင်းဆယ်လုံးမျိုး၊ ဘီလူးတို့က၊ သတိုးရာမ၊ လောင်းရာဇာကို၊ ကြောက်ပါလှ၍၊ အာလပ္ပတောင်၊ တောမြိုင်ချောင်မှာ၊ ပုန်းရှောင်နေငြား၊ ဘီလူးများတို့၊ ရောက်ငြား ကာလ၊ လောင်းရာဇာလေ၊ ခြေတော်ဦးကို၊ ဖူးလှာကြကော၊ ယက္ခမည်ရှိ၊ ကျော်ကိတ္တိ နှင့်၊ ဘိဘိသန၊ ဘီလူးပေါ်မှာ၊ ပညာရှိကော၊ ပဏ္ဍိတကို၊ နဂရရွှေဘုံ၊ အလုံးစုံကို၊ အကုန်နှင်းအပ်၊ ဘီလူးများကို၊ သနားလတ်၍၊ သက်လွန်ချမ်းသာ၊ ပေးသောခါလျှင်၊ ဘိုးတော်ဟုဆို၊ ဘီလူးအိုက၊ မြေးကိုတစ်မူ၊ ခန္ဓာဖြတ်၍၊ သတ်သောသူကို၊ ငါမူခုလျှင်၊ မြင်ချင်ပါဟု၊ ဆိုကျင်ကာလ၊ အသက်ကြီးတိုင်၊ မျက်စိမှိုင်းကော၊ မျက်ပြိုင်းကျ၍၊ ကိုင်ကြတုံမြောက်၊ ဆွဲလားကိုယ်ဟန်၊ ဝါးနှင့်လှန်၍၊ ကန်ကာထောက်မှ၊ ဘုန်းတောက်ရာမ၊ ရွှေရုပ်သွင်ကို၊ မြင်ပြန်ရကော၊ ဒေဝသေဠ်နင်း၊ သိကြားမင်းနှင့်၊ အဆင်းတစ်မူ၊ ရာမ-မင်းသည်၊ မယွင်းတူဟု၊ နှုတ်ပျူသာချို၊ အဘိုးအိုမှာ၊ ဆိုလေပြီးမှ၊ လောင်းရာမမှာ၊ အလှသီတာ၊ နှမတော်ကို၊ ဆောင်ကာယူမြောက်၊ ထိုအခါလေ၊ ရှေ့တော်ရောက်သော်၊ အလျောက်သာကြည်၊ မိန့်လတ်တေက၊ ဤပြည်သေဠ်နင်း၊ ဘီလူးဟူလေ၊ ရန်သူမင်းနှင့်၊ မှားယွင်းစပ်ယှက်၊ မေတစ်မူလေ၊ မစုံမက်လည်း၊ ခြေလက်နှိပ်နှယ်၊ သိင်္ဃီစားနှင့်၊ ပျော်ပါးယှက်စပ်၊ လွတ်မလွတ်ကို၊ အတပ်သိချင်၊ မေးလေကျင်ကော၊ မေ့လင်မင်းမြတ်၊ ငယ်ကပင်လေ၊ ကြင်သက်မျှကော၊ လောကနတ် ကော၊ ပြစ်လွှင်ခပ်သိမ်း၊ လှမေပျို့မှာ၊ ကိုယ့်ကိုထိန်းကော၊ မယိမ်းဘူးပါ၊ မယုံသော်မူ၊ မှန်စွာယခု၊ လောင်မီးဟုန်လေ၊ ပုံကာပြုပါ၊ သေမှုမကြောက်၊ မေကသာလေ၊ သစ္စာဖောက်ကော၊ မီးတောက်လောင်ပါစေ သတည်းလေ။

# ရာမမင်းသားသည် သီတာမိဖုရားကို ဆောင်ယူပေ၍ သိဃ်ိုပြည်က ပြန်လေခန်း

၁၈၈။ တောက်လို့ကေလောင်စေ၊ ကြီးအဟုန်နှင့်၊ မီးပုံတွင်းကို၊ ဆင်းပြမည်ဟု၊ ဆိုလေပြီးခါ၊ လှသီတာက၊ သစ္စာဓိဋ္ဌာန်၊ ပြုလေပြန်ကော၊ အလျှံကြီးစွာ၊ ပေါ်လေတုံ ကော၊ မီးပုံတွင်းကို၊ ဆင်းမည်ခါ၌၊ ခြင်းရာတစ်ထူး၊ သိဃ်ိုပြည်က၊ သည်ဘီလူးနှင့်၊ မြူးထူးဧကန်၊ မကောင်းရာကို၊ ပေါင်းဖော်မူလျှင်၊ ပြုသည်မှန်လျှင်၊ မီးလျှံပြောင် ပြောင်၊ မကြွင်းအောင်လျှင်၊ လောင်ပါစေသား၊ ဓိဋ္ဌာန်ဆိုပျာ၊ ထိုမီးတွင်းကို၊ ဆင်း လေငြားက၊ ရွှေသားအတူ၊ သီတာဖြူမှာ၊ မပူအေး ချမ်း၊ မီးခိုးပင်လေ၊ ထင်မစွမ်း ကော၊ ကြင်ကျွမ်းချင်လင်၊ ရာမမင်းလေ၊ အထင်မြင် သော်၊ ယခင်ကထက်၊ မေတ္တာ ဟုန်နှင့်၊ ချစ်စုံမက်လို့၊ နှစ်သက်ချီးမွမ်း၊ ရုတ္တရမည်၊ ချက်မြှုပ်ကြွေကော၊ ရွှေပြည်နန်း ကို၊ ချီလှမ်းတော့မည်၊ ပြင်တုံလေကော၊ ထိုပြည်စိုး လိုက်၊ လောင်းရာဇာနှင့်၊ ပေါင်း ဖော်ပြုကော၊ ဘီလူးစစ်က၊ မကိုင်ရှုပတ္တမြား၊ မင်းဝတ် စားနှင့်၊ ရထားယာဉ်သာ၊ ဆက်ပြီးခါမှ၊ သီတာကမ်းစ၊ ကျောက်တန်းကျအောင်၊ နောက်ကလိုက်ခါ၊ ထိုအခါ လေ၊ ဗိုလ်ပါများနှင့်၊ ပို့ငြားလာကော၊ လောင်းတော်မင်း ဖျား၊ လှမေသီလေ၊ ညီမင်းသားနှင့်၊ သုံးပါးညီညာ၊ ရထားကြီးမှာ၊ စီးပြီးခါမှ၊ ကူးတော်မူငြား၊ ပြည်သိဃ်ိုက၊ ထိုဘက်ရောက်သော်၊ မျောက်အများနှင့်၊ သဘော်ာ နာဝါ၊ နောက်နောင်ခါ၌၊ သွား လာခက်မည်၊ သင်တို့ဆည်လေ၊ သည်းကျောက်များ ကို၊ ဖျက်ထားချေဟု၊ ဆိုလေသောခါ၊ မျောက်များစွာတို့၊ ဝန်းရံကိုင်ကြ၊ ချက်ချင်း ပျက်အောင်၊ ဖျက်ပြီးမှလျှင်၊ ကိဿကိန္ဒရာ၊ တောမြိုင်လမ်းမှာ၊ နန်းအောင်ချာကို၊ ထိုခါလည်းရောက်၊ သုကြိတ် မျောက်နှင့်၊ ထိုနောက်တစ်ရပ်၊ အောင်ကွတ်နုမန်၊ စကုမံတို့၊ လျှောက်ပြန်လတ်တော၊ မိုးနတ်ပမာ၊ တန်ခိုးကျော်ကော၊ ကိုယ်တော်ဘုရား၊ ရှင်သီတာလေ၊ ညီတော်ရင်းကော၊ မင်းသုံးပါးတို့၊ စံစားပျော်မြောက်၊ သမိုင်းတည် ကော၊ ရွှေပြည်ရောက်အောင်၊ နောက်ကလိုက်ထွေ၊ မျောက်များစွာနှင့်၊ ကျွန်တော် တို့သည်၊ ပို့တော့မည်ဟု၊ လေဆာက်လေ တုံကျင်၊ ရာမမင်းမှာ၊ ပြောခြင်းအင်က၊ ဂုဏ်အင်မချို့၊ မှိုင်းညို့ညို့နှင့်၊ သိဃ်ိုမြို့မှာ၊ သင်တို့ကြံဆောင်၊ ငါ့အမှုလျှင်၊ ယခုအောင်၍၊ များမြောင်ကျေးဇူး၊ ရှိပေဖူး၍၊ ရာထူးရာခံ၊ ဟာနုမန်လေ၊ ငါ့ကျွန်မျောက်ကို၊ ချီးမြှောက်တန်၍၊ ဉာဏ်နှင့်ထောက် ချင့်၊ ချီးမြှောက်သင့်လည်း၊ မျောက်နှင့်ကလူ၊ ဘဝချွတ်၍၊ ဇာတ်မတူကော၊ မှတ်ယူ ၍သာ၊ ဟာနုမန်ကို၊ သုကြိတ်မင်းမှာ၊ ထံရင်းမကွာ၊ စစ်သူကြီးဟု၊ ပြုပြီးခါမှ၊ မျောက်ဘာသာလေ၊ အဖော်များနှင့်၊ မျော်ပါးနှစ်ချစ်၊ ယခုအခါ၊ သင်တို့မှာလေ၊ နေပါလိုက်လေ။

၁၈၉။ နေပါလိုက်လေ၊ လောင်းစစ်ရာဇာ၊ ဆိုလေပါကော၊ များစွာခပင်း၊ မျောက် သခင်လေ၊ ဘုရင်မင်းနှင့်၊ ကျွန်ရင်းလည်းမှန်၊ ဟာနုမန်က၊ ကျိုးနွံခ,ယ၊ အကြိမ်ကြိမ် လေ၊ ဦးနှိမ်ချသော်၊ များလှသောင်းသောင်း၊ မျောက်အပေါင်းလည်း၊ အလောင်း ရာမ၊ လှသီတာနှင့်၊ လက္ခဏတွင်၊ သူတို့ရှင်ကို၊ ချစ်ခင်ကြည်ညို၊ တောမြိုင် အောက်က၊ မျောက်ထိုထိုတို့၊ ကိုယ်စီကိုယ်စီ၊ လက်ဦးချီး၍၊ အညီအညာ၊ သဲသဲရုတ်ရုတ်၊ စည်းဝေးပြုလို့၊ ကြည့်ရှုမျှော်ကော၊ သီတာရာမ၊ ညီမင်းဖြူမှာ၊ တူသုံးပါးကော၊ သွား လေကြက၊ ငါလမိဂ္ဂီ၊ တာပဿီဟု၊ စာဂီစုပေါင်း၊ ရသေ့ကျော် လေ၊ ဝိဟာကျောင်းကို၊ မညောင်းမညာ၊ တူသုံးပါးတို့၊ ရောက်ငြားခါဝယ်၊ များစွာစ ကား၊ ခြင်းမျိုးစုံကို၊ အကုန်ပြောလို့၊ ပန်းမောလည်းဖြေ၊ နေကြလေကော၊ ရွှေပြည်ဌာန၊ ရုတ္တရက၊ များလှ ဗိုလ်ပါ၊ အလောင်းတော်၏၊ ကြောင်းဇာတိကို၊ သိလေပါကော၊ မယ်တော်မိဖုရား၊ ကျေးဇူးရှင်လေ၊ မိခင်များတို့၊ ရထားမြင်းဆင်၊ စီမံပျာ၍၊ အုတ်အင်သောင်းသောင်း၊ နန်းတွင်းသူကော၊ ပြင်လူပေါင်းနှင့်၊ မှူးကောင်းမတ်တော်၊ ဘဒရကို၊ ခေါ်ကြပါ၍၊ မကွာတူကွ၊ သွားလေကြကော၊ များလှဗိုလ်ပါ၊ ကျောင်းဝိဟာကို၊ ရောက်တော်မူကြ၊ ညီအညာလေ၊ ပန်ထွာပြုကော၊ ဆံဦးလျှော့လို့၊ ကန်တော့ပြီးခါ၊ လောင်းတော်မင်းကို၊ လျှောက်ခြင်းရာက၊ စကြာစိုးငြား၊ တို့ထိပ်တင် ကော၊ အရှင်သားလေ၊ သည်းကြား ရင်သွေး၊ ရှုမငြီးကော၊ သားကြီးလည်းမှန်၊ နန်းဝေ ယံမှာ၊ ပျော်စံပါကြောင်း၊ မတ်တော်ဝန်တို့၊ ပန်လျှောက်တောင်းကော၊ အလောင်း ကိုယ်တော်၊ များဗိုလ်ပါကို၊ မေတ္တာလည်းရှု၊ အခွင့်ပြုကော၊ ဗိုလ်စုနှင့်သာ၊ ရသေ့ကျော ်ကို၊ ပဇာယန၊ ပြုပြီးမှလျှင်၊ လက္ခဏညီ၊ လှမေသီနှင့်၊ အညီမကွာ၊ မင်းသုံးဆူတို့၊ ဆင်ဖြူကြီးမှာ၊ စီးပြီးခါမှ၊ ပြည်တော်ကိုဝင်၊ မကြာခင်ကို၊ ဘုရင်ရာဇာ၊ ရောက်လေပါ ကော၊ ရတနာပလ္လင်၊ ဘုန်းဥက္ကင်မှာ၊ သဘင် ရွှေနန်း၊ ရွှေးထုံးစံဖြင့်၊ ပြည်သဘန်းမှာ၊ ဆွတ်ဖြန်းရေစင်၊ ပုရောဟိတ်တို့၊ ဘိသိက် တင်ကော၊ ဘုရင်တစ်ဆူ၊ ဆောက်စိုက်ထူ ကော၊ ထီးဖြူအောက်မှာ၊ မြှောက်တော်မူရေ။

၁၉၀။ မြှောက်တော်မူကော၊ ပြည်သူပြည်သား၊ မှူးမတ်များနှင့်၊

သုံးပါးမိခင်၊ ထိုခါ တွင်၌၊ ကြင်လင်ရှင်ပျ၊ ပဒေသာကို၊ ပိုင်ကာစိုးကော၊ ရွှေအိုးရသို့၊ ရာမဘုရား၊ လောင်းမင်းသားလည်း၊ သနားမြှောက်ချီ၊ လှမေသီကို၊ ဒေဝီဘွဲ့တပ်၊ တပြောင်ပြောင်လေ၊ အဆောင်ခန်းနှင့်၊ တောင်နန်းအပ်၍၊ မှူးမတ်ရံကာ၊ နန်းသီဟာ မှာ၊ ညီတော် များနှင့်၊ စံစားပျော်သော်၊ သီတာတွင်ငြား၊ ညာနန်းဆောင်တွင်၊ ခေါင်ထွတ်ဖျားမှာ၊ သားပဋိသန်၊ ရှိလေပြန်သော်၊ ထိပ်စွန်လက်မြှောက်၊ လောင်းဘုရင် ကို၊ ဦးတင် လျှောက်ကော၊ ရောက်ခိုက်လည်းကြုံ၊ သန္ဓေလှုံသော်၊ မယုံတစ်ဝက်၊ စိတ်အာရုံတွင်၊ ယုံတစ်ဝက်နှင့်၊ ဝိတက်ဝိဇာ၊ ရှိတုန်းခါကို၊ မြို့ရွာလူများ၊ ပြောကြသည်ကို၊ ရိပ်ခြည်ကြားက၊ စကားအရင်း၊ ကြားသည်တိတ်လျှင်၊ စိတ်မကောင်း၍၊ အလင်းသိချင်၊ ခါတစ် နေ့ဝယ်၊ ညဥ့်အချိန်တွင်၊ ရုပ်သွင်ကိုဖျောက်၊ မြို့ပြည်ရွာမှာ၊ လည်ကာလျှောက်၍၊ တစ်ယောက်တည်းသာ၊ စနည်းနာသော်၊ ခြင်းရာမကြား၊ ရှေ့မျက်နှာကို၊ လှည့်လာငြားက၊ မယားနှင့်လင်၊ တစ်အိမ်တွင်၊ နေဝင်မှိုင်ရီ၊ အိပ်မည်ချိန်တွင်၊ မငြိမ်သဘော၊ သည်းမခံဘဲ၊ ခဲရန်စစ်လျှင်၊ ဖြစ်ကြငြား၍၊ ယောကျ်ားသားလင်၊ မနေရဘဲ၊ အိမ်က နှင်ကော၊ မကြင်မယား၊ ပြောစကားမှာ၊ ငါကားမာန၊ ဤအိမ်တွင်းက၊ ဆင်းသွားလေကော၊ မြင့်ရှည်မကြာ၊ တစာစာနှင့်၊ ခေါ်လာပြန်တို့၊ ဤခြင်းရာကြောင့်၊ ငါမဆင်းကော၊ မြင်ပြင်းလို့ဟု၊ ထိုသို့ဆိုလျှင်၊ ယောကျ်ားလင်မှာ၊ နင်လျှင်မချွတ်၊ ငါ့ကိုခုပင်၊ ရာမသွင်သို့၊ အထင်ကပ်၍၊ မအပ်မရာ၊ ဤစကားကို၊ မပြောပါနှင့်၊ ဤရွာတိုင်းမ၊ အစိုးရကော၊ ရာမမင်းသား၊ မေသီတာကို၊ ပြန်ကာရမူ၊ သိဃီပြည်မှာ၊ စစ်သည်များနှင့်၊ တိုက်ငြားယူရေ၊ ထို့တူတစ်ဖန်၊ ငါတို့မူက၊ သူပန်ဟောင်းကို၊ တောင်းမပန်နှင့်၊ မယုံသော်မူ၊ ကွာ၍ပင်သွား၊ တပိုင်စွာလေ၊ တုံပြာမကို၊ မတငြားဘဲ၊ မယားအငယ်၊ ငါတစ်ဖန်လေ၊ ရှာကြံလတ်ပျာ၊ နေဇတ်မည်လေ။

# မိပွားသီတာကို တောဝသို့ထုတ်ခန်း

၁၉၁။ နေဇတ်မည်လေ၊ ဆိုပေတုံငြား၊ ထိုကြောင်းရာကို၊ လောင်းတော်လှ ကော၊ ရာမကြီးက၊ မယားသီတာ၊ လှညက်ပြာကို၊ မေတ္တာငဲ့ကွက်၊ ပြန်ငြားလာထွယ်၊ နန်းမှာနေကော၊ ထိုသည်ချက်တွင်၊ အထက်ရန်စ၊ ဖြစ်ခဲ့ကြကော၊ ဒသဂီရိမည်ရှိနာ မ၊ ပြည်သိဃီက၊ ထိုယက္ခမှာ၊ သုစိတ္တမည်၊ နှမငယ်က၊ မပြေအမျက်၊ ငါ့မောင်တော်လေ၊ သီတာတွက်ကြောင့်၊ အသက်သေရ၊ သင့်ကိုပင်လေ၊ လင်နှင့်ကွဲအောင်၊ ငါခွဲပမည်၊ သိဃီပြည်က၊ လာပေပြီးမှ၊ ပြုအမူနှင့်၊ တောသူမသို့၊ ယက္ခမေမှာ၊ ဖန်ဆင်းကာဖြင့်၊ သီတာထံဝယ်၊ ခစားလေ၍၊ ထိုသည်အခါ၊ တို့ရှင်မကော၊ လှမောက်တော်လေ၊ ရုပ်ဝါလွန်ထူး၊ သိဃီမှူးကော၊ ဘီလူးယက္ခာ၊ ကိုယ်တစ်ခုမှာ၊ ခေါင်းဆယ်မြွာဟု၊ ဝေါဟာစကား၊ ဟောပြောသံကို၊ ကျွန်ုပ်မတို့၊ ကြားရငြားလျက်၊ ထင်ရှားတစ်ထူး၊ တစ်ခါပင်လေ၊ မမြင်ဖူး၍၊ ဘီလူးရုပ်ဝါ၊ ခေါင်းဆယ်မြွာကို၊ ပြင်များခဏ၊ လှသီတာလေ၊ ရေးကာပြဟု၊ ခယတောင်းပန်၊ လှသက်နုံက၊ ငြင်းဆန်လုံးလုံး၊ သူ့ရုပ်သွင်ကို၊ ငါလျှင်မုန်းဟု၊ မပြုံးမရယ်၊ ပြောတုံပေလည်း၊ ထိုနှယ်ပမာ၊နေ့စဥ်သာလျှင်၊ ခါခါမပျက်၊ ယက္ခမေမှာ၊ လျှောက်သည်တွက်ကြောင့်၊ ပျဥ်ပျက်မှာပင်၊ ရေးပြကျင်၍၊ မေလင်ရောက်ခါ၊ ဤခြင်းရာကို၊ သိပါလတ်မည်၊ ခုချက်ချင်းလျှင်၊ ဖျက်ပစ်ချေ ဆိုလေသောခါ၊ သေချာစွာလျှင်၊ ကြည့်ပါရစေ၊ ကျွန်ုပ်မတို့၊ ရေနှင့်ပွတ်ပျာ၊ ဖျက်ပစ်မည်ဟု၊ လျှောက်သည်တွက်တာ၊ လှသီတာမှာ၊ ဆောင်တော်ကိုဝင်၊ အိပ်ပျော်ကျင်ကော၊ ယခင်ကျွန်မ၊ ထိုရုပ်ပုံကို၊ နန်းဘုံဝမှာ၊ ရာမလာခါ၊ ကြောင်းခြင်းရာကို၊ သိပါလေစေ၊ မှောက်ထားလေကော၊ ဘုန်းကြွယ်ရာဇာ၊ ဥယျာဉ်တော်က၊ပြန်လာပြီးလျှင်၊ ပျော်စံမြန်းကော၊ နန်းကိုဝင်၍၊ ပျဉ်တွင်ခြေစုံ၊ ရပ်ခါမှုံ၍၊ လုပ်တုံဆတ်ဆတ်၊ သီတာလင်မှာ၊ ဆင်ခြင်လတ်၍၊ ပျဉ်ချပ်ကိုသည်၊ လှန်ကြည့်လေသော်၊ နှမရေးလုပ်၊ ဘီလူးရုပ်ကို၊ အဟုတ်တွေ့မြင်၊ ကြောင်းရေးရာကို၊ မေးစစ်ကျင်သော်၊ ယခင်ကျွန်မ၊ တခြားသူလျှင်၊ မတင်ခင်ကို၊ လျှောက်တင်သလို့၊ ရှင်မသီတာ၊ ရေးပြီးခါမှ၊ ရေးပြီးခါမှ၊ ရှုမျှော်စေ့စေ့၊ နေ့တိုင်းကြည့်ဟု၊ မျက်လှည့်၍သာ၊ လျှောက်လေပါကော၊ လောင်းတော်ရာမ၊ မျက်မာန်ရှလို့၊ ငါကစုံမက်၊ မေသီတာကို၊ ကြင်နာချက်ကြောင့်၊ အသက်နှင့်စပ်၊ စစ်ကြီးဆင်ပျာ၊ ငါလျှင်သတ်၍၊ လေးမြတ်ချစ်ကြည်၊ ဆောင်ယူလေကော၊ သူဝယ်တစ်မူ၊ ကာမဂုဏ်မှာ၊ အာရုံစိတ်၍၊ စိတ်မကုန်လို့၊ရုပ်ပုံရေးကာ၊ တစေ့စေ့နှင့်၊ ရှုကြည့်မျှော်သော်၊ ငါသာထင်ရှား၊ ဆောင်ယူပြန်သည်၊ အလွန်မှားဟု၊ အားကျ မကုန်နိုင်တော့ဘူးလေ။

၁၉၂။ အားကျမယေမကုန်၊ သီတာတွင်လေ၊ ကြင်ဇနီးကို၊ ခေါ်ပြီးတုံမှ၊ နန်းဘုံက သည်၊ သစ်ရိပ်မြုံနှင့်၊ ရဂုံတောကို၊ ထွက်သွားလေဟု၊ မိန့်ရွှေအာဏာ၊ ချသောခါလျှင်၊ သီတာတွင်ငြား၊ မိဖုရားမှာ၊ သားပဋိသန်၊ ရှိခြင်းဟန်ကြောင့်၊ တောင်းပန်တုပ်ကွ၊ လင်မင်းကျော်လေ၊ ခြေတော်ဦးမှာ၊ နဖူးခလို့၊ ဦးချကျိုးနွံ၊ အကြောင်းပြန်ပျာ၊ တောင်းပန်မရ၊ တောဂနိုင်လေ၊ စုံမြိုင်နက်ကို၊ ထွက်ဖို့ကျလို့၊ နန်းမသီတာ၊ တောင်ညာပျော်မှာ၊ ဆောင်တော်တွင်းက၊ ဆင်းသက်လာ၍၊ လမ်းမှာတစ်ဖန်၊ ဝမ်းနည်းကွဲပြို၊ အသည်းပြိုအောင်၊ ငိုလတ်ဟန်က၊သက်နှံပတ္တမြား၊ ပဋိသန်လေ၊ ကိုယ်ဝန်သားကို၊ မြင်ဖွားချိန်တန်၊ နန်းဝေယံမှာ၊ အမှန်မုချ၊ စံတစ်ဆွေမှာ၊ သန္ဓေသားကို၊ မဖွားရဘဲ၊ တောဝမြိုင်ခွင်၊ ချစ်ငယ်လင်လျှင်၊ နှင်ကာထုတ်ပစ်၊ မေ့ကိုပင်လေ၊ ကြင်မချစ်လည်း၊ ဝမ်း၌သန္ဓေ၊ ရပါသည်ကို၊ စေ့ငယ်မတွက်၊ လင်မင်းကျော်လေ၊ မေတ္တာဖျက်လို့၊ ရက်စက်စိမ်းကား၊ ယခုခါလေ၊ ပြုရာများကို၊ စဉ်းစားလိုက်လျှင်၊ လူတို့ ပြည်၌၊ မနေချင်လေ၊ သေလျှင်မြတ်မည်၊ ဒုက္ခကောင်မှာ၊ လောင်စာထပ်လို့၊ မှတ်တော့သည်လေ၊ ရှေ့ဝယ်ပထမ၊ မော်ရုံမြိုင်လေ၊ ဂနိုင်ဝမှာ၊ ဒုက္ခပူဖန်၊ နေရပြန်လေ၊ ဇေကန်လည်းဆိုး၊ နွယ်မတူလေ၊ တစ်မူထူးကော၊ ဘီလူးမျိုးလျှင်၊ ခိုးယူဆောင်လေ၊ တစ်တိုင်းနေကော၊ တစ်ပြည်ရပ်ကျေး၊ ဦးထိပ်တင်ကော၊ လင်နှင့်ကွဲလို့၊ ဆင်းရဲကြီးစွာ၊ နေသောခါလျှင်၊ မောင်တော်ဘုရား၊ စစ်အင်္ဂါနှင့်၊ ဆောင်လာငြားလည်း၊ ယုံမှားသ င်္ကာ၊ ရှိခြင်းရာကို၊ မေသာရှင်းလင်း၊ ကြီးအဟုန်နှင့်၊ မီးပုံတွင်းကို၊ ခုန်ဆင်း၍ပြ၊ လင်မိတ်ဆွေမှာ၊ စိတ်နေကျလျက်၊ ခုမှတစ်ဖန်၊ ပဋိသန်လျှင်၊ ရှိပြန်တုံငြား၊ ကိုယ့်သန္ဓေလေ၊ တည်သည်သားကို၊ ယောကျ်ားမေ့လင်၊ ဘီလူးမျိုးနှင့်၊ ယိုးစွပ်ကျင် ကော၊ အထင်လည်းမှား၊ သီတာပျိုကို၊ တောလျှိုငြားဟု၊ ညှိုးပါးရုပ်ဝါ၊ မေသီတာမှာ၊ မျက်နှာကိုဝှက်၊ လှသက်နှံမှာ၊ အလွန်ရှက်၍၊ ယိုထွက်မျက်ရည်၊ စီးထွေထွေနှင့်၊ သွားလေတုံမြောက်၊ ဝါဠမိဂ္ဂီ၊ ရသေ့ဆီကို၊ တပ်မှီရောက်က၊ ပန်လျှောက်ဦးတင်၊ ကြောင်းကုန်စင်ကို၊ စုံလင်စကား၊ ရသေ့ကျော်ကော၊ ဘိုးတော်သကြားက၊ တရားပြသ၊ ညာနန်းပျော်ကော၊ သီတာလှမှာ၊ နွမ်းလျှညှိုးခွေ၊ စိတ်ငယ်ငယ်နှင့်၊ နေလေတုံရှောင်း၊ လှပြုံးချိုလေ၊ ညိုနွဲ့နှောင်းမှာ၊ သားကောင်းရတနာ၊ နန်းလောင်းလျာကို၊ မာတာမိခင်၊ မျက်နှာမြင်ကော၊ သုတ်သင်ကျွေးမွေး၊ မငိုစေလို၊ မြနန်းခိုမှာ၊ နို့ချိုကျွေး၍၊ တစ်နေ့သောခါ၊ ကျောင်းဝိဟာနှင့်၊ မကွာအနီး၊ တောအောက်မြိုင်တွင်၊ ကျောက်အိုင်ကြီး၌၊ အနီးလျှော်ရန်၊ သွားလိုပြန်၍၊ ငိုသံကိုပိတ်၊ သားရွှေစင်ကို၊ မိခင်လွှဲကော၊ ကျူးဧသိပ်တော။

၁၉၃။ ကျူးဧသိပ်ကော၊ အိပ်ပါအိပ်ပါ၊ ပုလဲညှာလေ၊ သည်းချာသက်စုံ၊ သားမျက်ရှု ကော၊ ငွေဥပုလဲ၊ ထီးနန်းစည်လေ၊ လည်ဆွဲကို၊ ခမည်းဖခင်၊ မချစ်ကြင်ဘဲ၊ ထုတ်နှင်တုံလိုက်၊ ပုံဒန္ဓိမှာ၊ အိမ်ကြက်မလို၊ ဥနပစ်သို့၊ မချစ်မကြင်၊ နင့်ဖခင်က၊ ထုတ်နှင်တုံရှောင်း၊ ပါရမီကို၊ စုံညီဖြည့်ကော၊ ရသေ့ကျောင်းမှာ၊ နန်းလောင်းယောကျ်ား၊ သားရွှေစင်ကို၊ မိခင်ဖွားလို့၊ ပတ္တမြားမျက်ရှင်၊ ပုခက်ပြင်မှာ၊ မတင်ရဘဲ၊ ပုဆိုးပိုးချည်၊ ကာသိန်ထည်ကို၊ နွယ်နှင့်ဆွဲလို့၊ ဇလည်းယင်းယင်၊ ရသေ့ပျော်လေ၊ ကျောင်းတော်ထဲမှာ၊ လွှဲရကျင်ကော၊ မိခင်ကံဆိုး၊ သားနန်းစည်လေ၊ ခိုင်ကတိုးမှာ၊ အမျိုးသန့်စင်၊ ကေသရာသို့၊ နွယ်ဇာတိကော၊ သာကီဝင်ဟု၊ ရွှေစင်အလား၊ နရဏီလေ၊ သိင်္ဂီထဲမှာ၊ ကြေးမရောပါ၊ ရတနာလေ၊ စစ်ပါတုံလျက်၊ နင့်ဖခင်မှာ၊ အထင်မှား၍၊ သားပန်းခက်သည်၊ နန်းဆက်ဇေကန်၊ ဖမွေခံလျှင်၊ မှန်ပါတုံလျက်၊ ပုဆိုးထည်နှင့်၊ နွယ်ပုခက်မှာ၊ အိပ်စက်မွေ့လျော်၊ နန်းနှင့်ကွာ၍၊ ပျော်ပါယခု၊ မွေးမိခင်မှာ၊ ဧယင်ကျူး၍၊ သားဦးအိပ်ခါ၊ ရသေ့ကျော်ကို၊ ကြည့်ပါအပ်ထား၊ စမ်းရေကြည်မှာ၊ ထည်အဝတ်ကို၊ ဖွပ်မည်သွားက၊ တောသားမျောက်မ၊ သားနှစ်ကောင်ကို၊ ဆောင်ပြီးမှလျှင်၊ ကျောကတဖြာ၊ ရင်မှာတစ်ယောက်၊ ကိုယ်နှင့်တမူ၊ အတူတူလေ၊ ဆောင်ယူမြောက်လို့၊ တောမျောက်ဘာသာ၊ လာခြင်းရာကို၊ သီတာမြင်လျှင်၊ ပြောခြင်းအင်က၊ နင်လျှင်မိုက်လှ၊ တောမျောက်မမှာ၊ ကျောကလည်းသား၊ နင့်မှာလျှင်လေ၊ ရင်ကသားနှင့်၊ သွားလာမတော်၊ နင်နေပါကော၊ ရေမှာခဏ၊ မတော်သော်လေ၊ လွှတ်ကာကျက၊ မျောက်မမိုက်ကော၊ အလိုလိုလေ၊ ကိုယ်၏သားနှင့်၊ သွားလာနေဟု၊ ဆိုလေသောခါ၊ မေသီတာကို၊ ပြန်ကာမနေ၊ ပြောလတ်တေက၊ ဟေဟေမိန်းမ၊ ငါ့ကိုသာလေ၊ မိုက်ရာချလို့၊ နင်ကငါ့ထက်၊ မိုက်ခြင်းဟန်ကို၊ မှန်မသိဘဲ၊ မိန်းမပျက်မှာ၊ မထွက်မစား၊ တခြားမှာပင်၊ သားရွှေစင်ကို၊ နင်လျှင်ထားကော၊ ကျားသားကင်းမြွေ၊ ကိုက်လေသည်ကို၊ နင်ဝယ်မသိ၊ ငါ့မှာလျှင်လေ၊ ငါ့ရင်ကြားမှာ၊ ငါ့သားရှိလျက်၊ မွေးမိငါလျှင်၊ သေပြီးကျင်မှ၊ သားရှင်နောက်က၊ မတော်ကေလျှင်၊ သေပါရမည်၊ ဆိုတုံလေကော၊ မိမေသီတာ၊ တွက်ကာစာသော်၊ နည်းနာပြဋ္ဌန်၊ မျောက်မပြောသည်၊ စကားမှန်ဟု၊ ပြန်၍မနေ၊ သူ၏သားကို၊ ယူငြားလေကော၊ ထိုသည်အခါ၊ ရသေ့ကျော်လျှင်၊ အိပ်ပျော်နေခိုက်၊ ထိုခြင်းရာလေ၊ ကြောင်းဇာတိကို၊ မသိလိုက်၍၊ စင်စစ်မနေ၊ နိုးတုံလေကော၊ သူငယ်မရှိ၊ ရသေ့ကျော်ကော၊ ကျောင်းတော်ထဲမှာ၊ ခဲခဲမွဲလို့၊ သူမိသီတာ၊ ပြန်၍လာသော်၊ ငါတာပသ၊ သူ့သည်းချာကို၊ ကုရွှာတောင်းကော၊ ကျောင်းကသာလျှင်၊ ပြေးပါရမည်၊ သို့ဖြစ်သည်ကြောင့်၊ ငါဝယ်ထင်ရှား၊ သူ့သည်းချာသို့၊ နာနာရုပ်လျှင်၊ လုပ်ခါ

ထားမည်၊ ရသေ့ကျော်မှာ၊ ကျော်တော်တွင်းက၊ ဆင်းခရေလေ။

၁၉၄။ ဆင်းတုံလေကော၊ ထိုသည်အခါ၊ ခေါင်းဆယ်လုံးကော၊ ဘီလူးကျော်ကို၊ ရာမ မင်းသား၊ လေးစန္ဒာနှင့်၊ ခန္ဓပြတ်အောင်၊ သတ်လေငြားက၊ ဒေါသမပြေ၊ နောင်ဘဝမှာ၊ သတ်ရစေဟု၊ မှတ်ရည်ဓိဋ္ဌာန်၊ ပြုခြင်းဟန်ကြောင့်၊ ဝိညာဉ်ဆုံးကာ၊ ရသေ့ကျော်၏၊ ကျောင်းတော်နားဝယ်၊ သမန်းမြက်မှာ၊ အသက်တည်၍၊ သန္ဓေတစ၊ မျိုးဇာတ် အနွယ်၊ စွဲကပ်ထွေပျာ၊ တည်လေကလျှင်၊ တာပသသပုံ၊ ရှာတုံပြန်၍၊သမန်းမြက်ပင်၊ ထိုအဖုတ်ကို၊ နုတ်လေကျင်ကော၊ လက်တွင်လည်းပြတ်၊ ဘီလူးသေသော်၊ သန္ဓေရှိ၍၊ ထိကာကပ်လျက်၊ မြတ်ရသေ့ထေရ်၊ လျင်မနေကော၊ သူငယ်အရုပ်၊ ဆေးဝါးမန္တန်၊ ဂါထာပျံနှင့်၊ စီမံလုပ်၍၊ မန်းမှုတ်သောခါ၊ တကြော်ကြော်နှင့်၊ ငိုကာတမ်းယမ်း၊ ရသေ့ကျော်ကို၊ ရှာကာဖက်ကော၊ လက်နှင့်စမ်းလို့၊ ရော်ရမ်းပြီးခါ၊ မဆိုင်ရာကို၊ ကိုင်ကာဖက်စုပ်၊ နို့ချိုချိုကို၊ စို့လိုငြား၍၊ သားမြက်ဖုတ်ကို၊ ပြုလုပ်ပြီးခါ၊ ပုခက်ပေါ်မှာ၊ တင်ကာသိပ်ထား၊ အတန်ကြာသော်၊ ကန်တော်နားက၊ သားကိုရွက်ကာ၊ မေသီတာလျှင်၊ လာကရောက်ကျင်၊ ပြုလုပ်ပြန်ကော၊ သမန်းမြက်ကို၊ ပုခက်တွင်း၌၊ မြင်လေသောခါ၊ မိသီတာက၊ ဘိုးတော်ဘုရား၊ ရသေ့ကျော်မှာ၊ မွေးကာထားလား၊ မေးသောခါလျှင်၊ သီတာမေလှ၊ မတော်ရာကို၊ ဖော်ကာမေးသည်၊ ရိုင်းပေစွ့ဟု၊ ကြောင်းစဖြစ်ဟန်၊ ပြောတုံပြန်၍၊ သမန်းမြက်ကို၊ ဖျက်မည်ဆိုသော်၊ ညီကိုနှစ်ဖြာ၊ မေ့သည်းချာမှာ၊ အဖော်အဖက်၊ ဘုသိုက်ကြုံလေ၊ စီမံသလို့၊ ရတုံလျက်နှင့်၊ မဖျက်ရထွယ်၊ ထိုသူငယ်ကို၊ ကိုယ်၏သားနှင့်၊ မွေးစားလေကော၊ အမည်နာမ၊ မောင်လောနနှင့်၊ ဂုရှကုမ္မာ၊ ရသေ့ထေရ်မှာ၊ နာမည်မှည့်လို့၊ ဖွဲ့ပြီးခါမှ၊ ကျောင်းတော်၌သည်၊ မွေးစားလေသော်၊ အရွယ်ရောက်ခါ၊ တတ်ပညာလေ၊ အဋ္ဌာရသ၊ အစစကို၊ ပြသသင်မှတ်၊ ပညာဟုန်လေ၊ ဂုဏ်ဒြပ်နှင့်၊ သတ္တိစွမ်းအား၊ ပြည့်စုံငြား၍၊ သားလှညီနောင်၊ လူရေးမြောက်ငြား၊ ယောကျ်ားသားကော၊ နှစ်ပါးမောင်တို့၊ တောတောင်ခရီး၊ မြိုင်အငူလေ၊ လူမနီးတွင်၊ သစ်သီးပန်းမန်၊ စမကျန်အောင်၊ ဥယျာဉ်စိုက်ပျိုး၊ နွယ်ဝံသာလေ၊ မဟာမျိုးကော၊ သတိုးသည်းချာ၊ ဒွေးနှစ်ဖြာနှင့်၊ သီတာမဟေ၊ ရသေ့ရှင်လေ၊ ကျောင်းသခ်မ်းမှာ၊ စံမြန်းနေရေ။

၁၉၅။ စံမြန်းနေကော၊ ရွှေပြည်သာလှ၊ ရုတ္တရမှာ၊ ရာမမင်းကျော်၊ များဗိုလ်လူကို၊ ထီးဖြူမိုးလို့၊ စိုးစံပျော်သော်၊ တစ်ရာပြည်ထောင်၊ မင်းကုန်အောင်သို့၊ လက်ဆောင် ဘဏ္ဍာ၊ ရတနာကို၊ ပဏ္ဏာဦတ်ခ၊ ဆက်သရန်လေ၊ ထံတော်မှောက်မှာ၊ မရောက်ကြ လို့၊ အသဏာနည်၊ မြင်းလည်ဝယ်၌၊ စာခွေဆွဲကာ၊ အပြည်ပြည်လေ၊ နယ်မလ ပ် အောင်၊ လှည့်ပတ်ခါဖြင့်၊ နဂရာပတ်ကုန်း၊ နေမီးပမာ၊ ဝေညီးဖြာကော၊ ငါ၏ဘုန်းနှင့်၊ လက်ရုံးစွမ်းအင်၊ ဖက်နှုန်းချင်သော်၊ အလျင်လည်းထွက်၊ မဟုတ်သော်မူ၊ ဘဏ္ဍာဆက်ဟု၊ ဂနက်စစ်သည်၊ အပြည်ပြည်ကို၊ စာခွေနှင့်စွပ်၊ မြင်းသည်ကျော်ကို၊ စေကာလွှတ်က၊ မှူးမတ်ဗိုလ်ပါ၊ သွားလေပါ၍၊ နဂရာဌာနေ၊ အပြည်ပြည်တွင်၊ စာခွေကိုပြ၊ ဘုန်းတော်ဒဏ်ကို၊ မခံဝံကော၊ ကြောက်ရွံ့ကြလျက်၊ ဆက်သဘဏ္ဍာ၊ ဇမ္ဗူမြေလေ၊ နယ်ကိုစေ့အောင်၊ လှည့်၍လာသော်၊ မြိုင်ချာတောဝ၊ မေသီတာမှာ၊ သည်းချာရင်း ကော၊ သားမင်းလှတို့၊ စိုက်ထနေပျော်၊ ဥယျာဉ်နားကို၊ ရောက်သောခါလျှင်၊ နင်းကာ ခုန်လွှား၊ မြင်းဖြူစင်ကို၊ ဝင်ကာသွားက၊ ကိုင်ငြားမြဲမြဲ၊ သားမင်းပျိုတို့၊ ဇက်ကိုဆွဲ လျက်၊ ဖမ်း၍မနေ၊ ထားကြလေကော၊ တိုင်းပြည်ကွပ်နှီး၊ အမတ်ကြီးတို့၊ သွားပြီးတုံရှောင်၊ အကြောင်းဆိုပျာ၊ မြင်းကိုတောင်းက၊ ပြန်ပြောင်းမရ၊ ရာမမင်းကျော်၊ အမိန့်တော်ကို၊ ထုတ်ကာပြသော်၊ ရာမကိုကား၊ မဆိုထားနှင့်၊ သိကြားကိုတောင်၊ တို့ညီနောင်မှာ၊ မရှောင်မကြောက်၊ သားမင်းကျော်လေ၊ မဟာသွေးတို့၊ ရဲစိတ်ပေါက်၍၊ နှစ်ယောက်မင်းသား၊ ဖခင်ပြည်က၊ ဗိုလ်ခြေများနှင့်၊စွမ်းအားပြိုင်လိုက်၊ ဖက်ကာ ယှဉ်ပြိုင်၊ ဆိုင်လို့တိုက်ကော၊ ပြစ်ပြစ်ရှုံးထွေ၊ ပြေးကြလေကော၊ တိုင်းပြည်ရောက်လျှင်၊ ကိုယ်တို့ရှင်ကို၊ လျှောက်တင်ကာလ၊ ရာဇမာန်လေ၊ အလွန်ပြင်းကော၊ မင်းရာမက၊ များလှဗိုလ်ပါ၊ စစ်အင်္ဂါနှင့်၊ လျင်စွာမနေ၊ လက္ခဏာနှင့်၊ ထွက်ကြလေသော်၊ ရုပ်ရည်ချင်းမူ၊ သားရင်းချာလျှင်၊ ရာမမင်းနှင့်၊ မယွင်းတူညီ၊ ညီလက္ခဏာ၊ မျိုးနန်းနွယ်ကို၊ မေးလေကေလျှင်၊ ရာမသားရင်း၊ ထိုအခါတွင်၊ ဆိုပါခြင်းက၊ အခင်းဖွေရှာ၊ စစ်မြေတာမှာ၊ ရင်းချာဆွေမျိုး၊ ကြောင်းအကျိုးကို၊ မေးရိုးမရှိ၊ စွမ်းသတ္တိကို၊ သိရအောင်သည်၊ လက်ရုံးထောင်ပျာ၊ ဘုန်းရောင်လှိုက်ကော၊ တိုက်ကြမည်ဟု၊ ဆိုလေသောခါ၊ ရာမမင်းမှာ၊ ပြင်းထန်စွာလျှင်၊ စည်ဆော်တုံမြောက်၊ ဖစစ်သည်လေ၊ ဗိုလ်ခြေပေါင်းကော၊ နှစ်သောင်းလောက်ကို၊ နှစ်ယောက်ခုခံ၊ တိုက်လေပြန်ကော၊ ပြင်းထန်လက်နက်၊ သူ့မွေးဖကော၊ ရာမဘက်က၊ ဓားစက်ကိုသာ၊ ပစ်လိုက်ပါသော်၊ သားတော်ရှေ့၌၊ စားစရာလေ၊ များစွာမုန့်ကော၊ စုပုံဖြစ်လို့၊ သားစစ်ကသာ၊ ပစ်လိုက်ပါလည်း၊ ပီတာဖထံ၊ ကျလေပြန်သော်၊ ပန်းမန်ပေါက်ပေါက်၊ရှိလေမြောက်ကော၊ ချစ်လောက်ကြင်နာ၊ သားအဖတို့၊ တော်ကြရာကို၊ မှန်စွာမသိ၊ ပရန်လူလေ၊ ရန်သူစစ်သို့၊ တိုက်ကြသိရေ။

# သားနှင့်အဖ စစ်ရေးပြ၍ တိုက်ကြခန်း

၁၉၆။ တိုက်ကြသိကော၊ ဂီရိဒသ၊ စုတေလေသော်၊ သန္ဓေရလို့၊ ဂုသျှ တွင်ငြား၊ ရသေ့ပျံလေ၊ သမန်းမြက်ကို၊ သက်သွင်းထားကော၊ ထိုသားတစ်ဖန်၊ ပစ်လိုက်ပြန်သော်၊ ပြင်းထန်လက်နက်၊ ရာမထံမှာ၊ မှန်သည်တွက်ကြောင့်၊ အသက် ဇီဝေ၊ သေငယ်ဇောနှင့်၊ မြောလို့နေကော၊ ညီငယ်မင်းလှ၊ လက္ခဏက၊ မရကြံစည်၊ ကျမျက် ရည်နှင့်၊ ဘုန်းကြွယ်ရာမ၊ ချစ်ကြီးနှောင်ကော၊ နောင်မင်းလှကို၊ မကွာတူတွဲ၊ မကြံနိုင် ကော၊ မှိုင်ကာငေး လို့၊ ဆေးမင်းမဟာ၊ တောင်လုံးကျော်လည်း၊ သီတာမေထံ၊ ပါလေပြန်၍၊ အလွန်ခဲခက်၊ မရီးမဟေ သီတာမေမှာ၊ မနေရဘဲ၊ ပြည်ကထွက်၍၊ တောနက်မြိုင်ခြေ၊ ဘယ်ဌာနေမှာ၊ ရှိသည်ကြောင်းစ၊ တောင်နန်းပျော်လေ၊ သီတာ မိကို၊ မသိရ၍၊ များလှမှူးမတ်၊ အထပ်ထပ်နှင့်၊ နှီးကပ်တိုင်ပင်၊ ထိုခါတွင်၌၊ လုလင် ရွှယ်ရောက်၊ လှသီတာလေ၊ မြင်မြော်ဖွားကော၊ သားနှစ်ယောက်က၊ အားမြောက်အား ကိုး၊ ကိုယ့်နွယ်ရိုးနှင့်၊ တန်ခိုးကိုပြ၊ ကိုယ့်ကိုကိုလေ၊ ထိုခြိမ်းပလို့၊ အာဂယောကျ်ား၊ ငါတို့မူလေ၊ ဂုဏ်မချို့ကော၊ တောမြို့သားလျှင်၊ ထင်ရှားလည်းဖြစ်၊ အရိုးအရာ၊ မျိုးနွယ်လာကို၊ ရှာစိစစ်သော်၊ အမြစ်မူလ၊ တို့မွေးဖက၊ ရာမခေါ်တွင်၊ မိမာတာမှာ၊ သီတာတွင်ငြား၊ တို့ညီနောင်မှာ၊ ဘုန်းရောင်တောက်ကော၊ နှစ်ယောက်သားကိုမြတ် ဖျားဘိုးတော်၊ ရသေ့ကျော်က၊ ပညာသိပ္ပ၊ အဖြာဖြာလေ၊ ဌာရသကို၊သင်ပြ ပြည့် စုံ၊တို့ကို မုန်လေ၊ မယုံလျှင်စမ်း၊ နောက်နောင်တစ်ဖန်၊ အမှားခံပျာ၊ မပြန်တမ်းလေ။

၁၉၇။ မပြန်တမ်းငေလေ၊ အစွမ်းကိုပြ၊ သားညီတို့ကို၊ ဆိုခြိမ်းပက၊ ကြားရ ခြင်းရာ၊ တို့ရာဇာလေ၊ ရာမမင်းမှာ၊ သားရင်းချာဟု၊ ညီတော်ကစ၊ လက္ခဏတို့၊ သိကြသော ခါ၊ သားနှင့်ဖတို့၊ ဖြစ်ကြရာကို၊ ရွှေစာသဝဏ်၊ စ-မ ကျန်ကို၊ နှံကာ လည်းရေး၊ မြားစူးမှာလေ၊ ပူးကာဆွဲလို့၊ ပေးကမ်းပစ်မြောက်၊ မြားစူး၌တွင်၊ စာကို မြင်ကော၊ လုလင်ချောဟု၊ သားနှစ်ယောက်တို့၊ ယူကောက်ဖတ်ကျင်၊ ကြောင်းခြင်း အင်ကို၊ ဖခင်သားချစ်၊ ဇဝကန်လေ၊ အမှန်ဖြစ်လျက်၊ တိုက်ခိုက်ကြငြား၊ တို့တစ်ဖန် လေ၊ အလွန်မှားဟု၊ သား၏ဘက်က၊ လက်နက်ချသော်၊ ရာမဘက်သား၊ ထိုအခါ ဝယ်၊ ဗိုလ်ပါများလည်း၊ ချငြားလက်နက်၊ နှစ်ဦးယှက်၍၊ ဖြစ်ပျက်သမျှ၊ တတ်ကျေ ပွန်ကော၊ မတ်ဝန်များနှင့်၊ ပြောဟောကြလို့၊ သားဖမသိ၊ ရန်စစ်မူလေ၊ ဖြစ်ကုန်ဘိ၍၊ ထိမှန် လက်နက်၊ ဖမင်းကျော်လေ၊ ခန္ဓာပျက်မည်၊ သို့ဖြစ်ပေ၍၊ မဟေတောင်ညာ၊ မောင့်မာတာလျှင်၊ ဘယ်မှာရှိသည်၊ မတ်လေးဝတို့၊ မေးကြလေသော်၊ သားငယ်နှစ် ပါး၊ ပြောစကားမှာ၊ မေဖွားမာတာ၊ မိသီတာလျှင်၊ ဟေမာမြိုင်ဖျား၊ ဝေးမပါးတွင်၊ တောရပ်နေပျော်၊ ရသေ့ကျော်၏၊ ကျောင်းတော်၌သည်၊ တို့မွေးမိလျှင်၊ ရှိတုံပေဟု၊ ဆိုလေသောခါ၊ များဗိုလ်ပါနှင့်၊ ညီတော်လက္ခဏ၊ နောင်မင်းကျော်လေ၊ လောင်း ရာမကို၊ ဆောင်ထမကြာ၊ သားနှစ်ပါးနှင့်၊ သွားလေပါ၍၊ ကျောင်းတော်ရောက်လျှင်၊ သီတာရှင်ကို၊ မြင်သည်ကာလ၊ လက္ခဏမှာ၊ စီးကျမျက်ရည်၊ ငိုတုံလေ၍၊ ထွေထွေ များလှ၊ ကြောင်းကိစ္စနှင့်၊ သားဖမသိ၊ စစ်သဘင်မှာ၊ စွမ်းအင်ပြကော၊ တိုက်ကြဘိ၍၊ ထိမှန်လက်နက်၊ နောင်မင်းကျော်ကော၊ ခန္ဓာသက်လျှင်၊ ပျက်ခါလုနီး၊ လက်နက်ဒဏ် လေ၊ အလွန်ကြီးကော၊ မရီးသီတာ၊ တောင်လုံးကျော်ဟု၊ မဟာနတ်ဆေး၊ ရှိခြင်းရာကို၊ ထုတ်ကာပေးပါ၊ တောင်းသောခါလျှင်၊ သီတာစင်စစ်၊ လင်မင်းမွန်ကို၊ မျက်မာန်ယစ် လည်း၊ မုန်းချစ်သနား၊ သေဘေးလည်းကြုံ၊ အရေးဆုံပျာ၊ ဖြစ်တုံငြား၍၊ လင်ဖျားမင်း ကျော်၊ ဘီလူးရန်ကို၊ တိုက်လှန်ပြုကော၊ ကျေးဇူးတော်ကို၊ မျှော်ကာထောက်တွေး၊ ဆေးမင်းမဟာ၊ တောင်လုံးကျော်ကို၊ ထုတ်ကာပေးရေ။

၁၉၈။ ထုတ်ကာပေးကော၊ သွေး၍လျင်စွာ၊ သမားကျော်တို့၊ လောင်း တော်ရာမ၊ လက်နက်ဒဏ်မှာ၊ လိမ်းကျံကြသော်၊ ဩသဓဆေးကျော်၊ အာနုဘော် ကြောင့်၊ ဒဏ်ရာကြီးကျယ်၊ သေငယ်ဇောနှင့်၊ မြောလို့နေလည်း၊ ပြေကာလျင်ဆွ၊ ရာမမင်းကျော်၊ ဘေးဘျမ်းကွာ၍၊ အသာထကော၊ သားလှနှစ်ဖြာ၊ ဖ-ပီတာကို၊ ပဥ္စာနန္တရိ၊ ထိုငါးပါးဝင်၊ မွေးဖခင်ကို၊ လက်လျှင်ထိက၊ အဝီစိကံ၊ ခံရကြောင်းကို၊ ကျမ်းဟောင်း ညွှန်၍၊ ပြစ်ဒဏ်လွတ်ကြောင်း၊ ဖခင်ထံမှာ၊ တောင်းပန်ရှောင်းကော၊ သားကောင်းရွှေ စင်၊ ရှုမဆုံးကော၊ ဂမုန်းပင်တို့၊ ဖခင်နှင့်သား၊ ဇဝကန်လေ၊ မှန်ကုန်ငြားလျက်၊ သနားကြည်ဖြူ၊ သားသည်းအူနှင့်၊ အတူတကွ၊ နန်းရွှေပြည်မှာ၊ မနေရဘဲ၊ အဖတစ်ခြား၊ သားတစ်ပါးကော၊ ကွဲပြားတုံကြ၊ ယခုဝယ်လေ၊ သည်ကိစ္စ ကြောင့်၊ သားဖမသိ၊ ပရန်လူလေ၊ ရန်သူစစ်သို့၊ ဖြစ်ကြဘိ၍၊ တေမိကရ၊ သေဘေး ဆုံပျာ၊ တွေ့ကြုံကြ လျက်၊ ခုမှခါလျှင်၊ သားရွှေစင်နှင့်၊ ဖခင်လည်းသိ၊ သို့ဖြစ်ဘိ၍၊ ဤနေ့ကစ၊ သားလှသည်းချာ၊ ဖနှင့်မူလေ၊ တူတကွလျှင်၊ နေရပါအောင်၊ ရွှေနန်း ဆောင်ကို၊ သားမောင်တူကွ၊ မိကိုခေါ်ပျာ၊ ပြည်တော်ထဲကို၊ လိုက်ခဲ့ကြဟု၊ မွေးဖခင် ကျော်၊ ချော့မေ့ခေါ် ကော၊ နှစ်ဖြာတူကွ၊ သားရွှေစင်တို့၊ လိုက်ချင်ကြ၍၊ မိလှမာတာ၊

ထံတော်ပါးကို၊ သွားပြီးခါမှ၊ လိုက်ပါကြမည်၊ ဖပီတာလေ၊ မှာစကားကို၊ ပြောကြလေသော်၊ မေသီ တာမ၊ လင်မင်းကျော်ကို၊ စိတ်နာလှ၍၊ ရာမခေါ်တွင်၊ သင့်ဖခင်က၊ မကြင်မချစ်၊ မိမာတာကို၊ နှင်ကာပစ်လျက်၊ စင်စစ်ခုခါ၊ လိုက်ဟုခေါ်လည်း၊ မယ်တော်မလိုက်၊ ဤသို့ဆိုသော်၊ ထိုသားချစ်တို့၊ လိုက်ပါလိုက်ပါ၊ အခါခါလျှင်၊ ခေါ်ဝေါ်ကာလ၊ နင့်ဖခင်ကို၊ သင်တို့ချစ်ကေ၊ လိုက်ကြလော၊ ငါ့ကိုခါခါမခေါ်လှာနှင့်၊ မာန်ပါစိတ်ညစ်၊ အရာတစ်ခါ၊ လာကာခေါ်သော်၊ နာအောင်ရိုက်မည်၊ ဆိုတုံပေကေ၊ ဆိုသည်စကား၊ အကြောင်းများကို၊ အဖအထံ၊ မလိုက်လိုဟု၊ ဆိုစကားကို၊ ပြောကြပြန်သော်၊ သက်နှံ့ ညီလှ၊ လက္ခဏက၊ သက်မျှကြင်နာ၊ မရီးတော်ကို၊ လိုက်ပါလိုကြောင်း၊ အဖန်ဖန်လေ၊ တောင်းပန်ရှောင်းကေ၊ မတ်ကောင်းလိမ္မာ၊ သင့်နောင်တော်လျှင်၊ များစွာရက်စက်၊ မရီးမေကို၊ ပြုသည်တွက်ကြောင့်၊ ရှက်ပလှသည်၊ တိုင်းရွှေပြည်ကို၊ လိုက်မည်စကား၊ မရီးတော်ကို၊ မခေါ်ငြားနှင့်၊ ဆိုပြောလေသော်၊ ထိုအခါတွင်၊ ဗိုလ်ပါပရိသတ်၊ လွန်လိမ္မာကေ၊ မဟာမတ်တို့၊ ထပ်ကာတစ်ဖန်၊ မေသီတာလေ၊ ထံတော်မှောက်မှာ၊ လျှောက်လတ်ဟန်က၊ ညာစံထွတ်တင်၊ တပြောင်ပြောင်လေ၊ အဆောင်ခန်းနှင့်၊ တောင်နန်းရှင်လေ၊ လင်နှင့်မယား၊ စကားထာမှာ၊ ပမာချင့်ကေ၊ လျှာနှင့်သွားသို့၊ မမှားရှေ့နေ၊ ဤလူ့ပြည်မှာ၊ မသေသမား၊ ရှာတုံပြန်သော်၊ အလွန်ရှားလျက်၊ လင်သားဇကန်၊ ကျူးလွန်ခဲ့လည်း၊ သည်းညည်းခံပျာ၊ ပြန်ပါလိုကြောင်း၊ မတ်တော်ဝန်တို့၊ ပန်လျှောက်တောင်းလည်း၊ သူကောင်းလိမ္မာ၊ ရွှေကြိုးသွယ်ပျာ၊ စလွယ်ဝတ်ကေ၊ မတ်မဟာတို့၊ ရာဇာပြည်ရှင်၊ ငါဘုရင်ဟု၊ မကြင်မချစ်၊ စင်စင်စစ်ကေ၊ နှင်ပစ်ပြီးမှ၊ ခုတစ်ဖန်လေ၊ ပြန်ကာစစ်ကေ၊ လိုက်ပါတော့ဟု၊ မင်းလှရာဇာ၊ ယခုခေါ်လည်း၊ ရှက်ပါတော့သည်၊ တိုင်းရွှေပြည်မှာ၊ မဟေညာစံ၊ မေမခံကေ၊ နိဗ္ဗာန်ရမှု၊ ဘိက္ခုနီလေ၊ ထေရီပြုပျာ၊ ယခုနေမည်၊ လေးပါးမတ်ဝန်၊ အတောင်းပန်လေ၊ မခံငြားနှင့်၊ အားနာသည်ဟု၊ ဆိုလေကာလ၊ သီတာဖြူကို၊ စုံတစ်ယောက်မျှ၊ လျှောက်မရကေ၊ တာပဿခေါ်၊ ရသေ့ကျော်လျှင်၊ တွေးမျှော်ငြား၍၊ ပြောခြင်းရာက၊ ဒကာ ဒကာမ၊ မေသီတာနှင့်၊ ငါ့ရာမတို့၊ ဝါဒကွဲပြား၊ငါလျှင်ဆိုမည်၊ ထိုစကားကို၊ ထောင်နားလည်းနာ၊ နောက်နောင်ခါ၌၊ ခြင်းရာတစိ၊ ပြစ်မရှိဘဲ၊ ပြည်ကြီးဘုရင်၊ ထီးနန်းရှင်ဟု၊ မင်းပင်ဖြစ်ငြား၊ ငယ်ကျွမ်းဝင်လေ၊ ကြင်မယားကို၊ မင်းဖျားပြည်ရှင်၊ ရွှေနန်းခွင်က၊ မနှင်ပေအပ်၊ ငါဆရာလေ၊ မှာစကားကို၊မင်းဖျားမှတ်လော၊ လှနတ်သီတာ၊ ငါ့မြေးမှာလည်း၊ ခေါ်လာသည်စစ်၊ ကာလမြင့်ရှည်၊ငါ့ကျောင်းဝယ်၌၊ မနေထိုက်ကေ၊ လိုက်သွားတော့လေ၊ ရသေ့ကျော်လေ၊ ဆရာမြတ်မှာ၊ ပြောလိုက်တေလေ။

၁၉၉။ ပြောလတ်တေလေ၊ နှမသီတာ၊ ရသေ့ကျော်လေ၊ ပြောပါခြင်းကို၊ မငြင်းသာလည်း၊ များစွာစိတ်ညစ်၊ နန်းဝေယံကို၊ ပြန်လိုက်ဘဲ၊ သေလိုက်ချင်ဘိ၊ စိတ်လျှင် ရှိလည်း၊ ဣသိဆရာ၊ မြတ်ဘိုးအိုလေ၊ ဆိုနှုတ်ထွက်ကို၊ မဖျက်သာ၍၊ လိုက်ပါဖို့ကြ၊ များဗိုလ်ပါနှင့်၊ မင်းရာမနှင့်၊ သားလှနှင့်သာ၊ ရသေ့ကျော်ကို၊ ညီညာတူကွ၊ အဉ္စလီလေ၊ တင်ချီပြုပျာ၊ ဆံဦးလျှော့လို့၊ ကန်တော့ပြီးခါ၊ တောကန္တာတွင်၊ သွားရာလမ်းကေ၊ စခန်းမှာ၌၊ တန်ဆာလည်းဆင်၊ တောမြိုင်ခြေက၊ ရွှေပြည်နန်းကို၊ လှမ်းကာဝင်လို့၊ ပလ္လင်သီဟာ၊ ရောက်လေပါသော်၊ သီတာညိုမြ၊ သားမိခင်လေ၊ ကြင်ရာလှကို၊ ရှေ့ကထက်ပင်၊ မကကြင်ကေ၊ ဘုရင်မင်းကြီး၊ အဂ္ဂရွှေညီ၊ မဟေသီဟု၊ ဒေဝီမြှောက်အောင်၊ ချီးမြှောက်ပြီးမှ၊ သားကြီးတစ်သွယ်၊ သားငယ်တစ်ဝ၊ လက္ခဏခေါ်၊ အိမ်ရှေ့ပျော်ကေ၊ ညီတော်လှနှင့်၊ ရာမသတိုး၊ တိုင်းပြည်တောင်ကို၊ အခေါင်ချုပ်ပျာ၊ အုပ်ခါ စိုးလို့၊ တန်းခိုးလည်းပေါ်၊ ဟိုးဟိုးကျော်ပျာ၊ ဘုန်းတော်ကြီးကျယ်၊ သီတာဖြူနှင့်၊ တူတကွကေ၊ စံကြသည်ဟု၊ သက်သေတစ်ခု၊ ရှေးပဝေဏီ၊ ပုံဒဏ္ဍီလေ၊ ဤဝတ္ထုကို၊ စပ်ပြုသည်မှာ၊ ပိုဒ်များစွာလျှင်၊ နှစ်ရာကျော်၍၊ ဤထက်ကျယ်အောင်၊ ချဲ့လိုဖွဲ့က၊ သုံးညဥ့်နှင့်ပင်၊ ဆုံးမည်အင်ကို၊ မထင်တုံငြား၊ ပြောဆို ရန်လည်း၊ အလွန် များလည်း၊ ဉာဏ်ခေးချင့်ချိန်၊ ကြိုးသိဂီနှင့်၊ ထိုးသီစုရုံး၊ ပန်းများစွာကို၊ ညာပြိုင်ကုံးသို့၊ စာလုံး မာလာ၊ ဤကဗျာကို၊ ဇေယျာချီးကျူး၊ ထုံးကိုမှီ၍၊ ကုံစီပြုကေ၊ ဦးရာဇ်ခတ်တော်၊ ထွတ်မြတ်စွာလျှင်၊ ရောင်ဝါပြောင်ရွှမ်း၊ သာသနာလျှင်၊ ပေါ်ကထွန်းလေ၊ ကျွန်းဦး ရာဇာတောင်၊ ထွန်းသစ်ပြောင်ကေ၊ အောင်မြေမင်္ဂလာ၊ အရှွာရွာတွင်၊ ကြော်ငြာဟိုး ဟိုး၊ ဘုရား တရား သံဃာ၊ သုံးဖြာထီးကို၊ ညီးညီးကာကေ၊ ရွာတန်ခိုးမှာ၊ အမျိုးနွယ်ယဉ်၊ တို့အစဉ်လျှင်၊ ရခိုင်ဘာသာ၊ ဖြစ်တုံရှစ်နှစ်၊ သက္ကရာဇ်က၊ တွက်စစ်အညီ၊ တေးခြင်းကဗျာ၊ သာခြင်းစာကို၊ ဆရာလုပ်လို့၊ ကျွန်ုပ်စီကေ၊ ခုဤအခါ၊ ငါးဆယ်ကျော်ကေ၊ ဇီဝါအာယု၊ သက်မွေးရန်ကို၊ ဉာဏ်နှင့်ပြု၍၊ ရှေးဦးစာစီ၊ နောက်တစ်လီ၌၊ ဂမ္ဘီရွှေစာ၊ ဒေသနာကို၊ ကြားနာချင်ငြား၊ အကြင်သူလေ၊ ပညာလိုလား၊ ကစားရွှယ်လေ၊ သူငယ်များကို၊ သင်ကြား၍သာ၊ အစိုးရတို့၊ ထောက်မကာဖြင့်၊ လစာသနား၊ တပည့်များကို၊ သင်ကြားပညာ၊ သို့ခြင်းရာကြောင့်၊ ဆရာ ဆရာ၊ အဖြာဖြာကေ၊ ခေါ်လို့မဆုံး၊ နာမည်တွင်ကေ၊ ထင်တစ်လုံးနှင့်၊ စာကုံးစာစီ၊ ဉာဏ် ပလီနှင့်၊ ဒဏ္ဍီသရုပ်၊ နှိုင်းဆရာက၊ ကိုင်းယာခုတ်၍၊ လယ်လုပ်သည်ဟန်၊ ကလောင်တံကို၊ ထွန်ကိုင်းပြုလုပ်၊ နေ့ညဥ့်မဟူ၊ ဘွဲ့စက္ကူမှာ၊ ခြူယောင်ခြုတ်လို့၊ ကျွန်ုပ် သက်မွေး၊ အစွမ်းဟုန်နှင့်၊ ဂုဏ်ကိုစွဲ၍၊ စာရေးလိမ္မာ၊ ထွန်းဆရာဟု၊ ခေါ်ဝေါ်တုံမြှောက်၊ မိဘဖွဲ့သည်၊ ဘွဲ့နာမည်လျှင်၊ ရွှေ့ဖယ်ဖောက်လို့၊ မပျောက်

စကောင်း၊ ထောက်အကြောင်းဖြင့်၊ အပေါင်းရှင်ထူ၊ အကြင်သူတို့၊ သိသူကရှား၊ မသိသူလေ၊ လူလျှင်များမည်၊ သို့ဖြစ်ပေ၍၊ ငယ်ခါနာမ၊ ပညာရှင်တို့၊ ဆင်ခြင်ညို၍၊ သိပါကြလော၊ မိဘ ခေါ်ဝါ၊ ဘွဲ့သညာက၊ ပြောင်နာဂီထိပ်၊ သောရီနှိပ်လို့၊ နှိပ်သည် သောရီ၊ အမိပွါယ် တို့၊ ရိပ်ခြည်မှတ်အောင်၊ သတ်ကိုမှီလော၊ နာဂီဒသာ၊ အန္တိမတွင်၊ ဓဇဂ္ဂဆင့်၊ ထူအလံ လေ၊ တံခွန်လွှင့်လို့၊ ပုလဲပွင့်ဟန်၊ ခွေးနှစ်ဆင့်ကို၊ တေးဖြင့်ရံလော၊ တစ်ဖန်နောက်မှ၊ ဝဂ်ငါးတန်နှင့်၊ ဌာန်ငါးဝတွင်၊ အုန္တုရဇာတ်၊ ဒုတိယမှာ၊ ရကိုအပ် လို့၊ အောက်ရပ်၌တွင်၊ ဂရုထင်အောင်၊ ငင်သည်ကာလ၊ ဤကဗျာဖြင့်၊ ကျွန်နာမ သည်၊ အမိပ္ပာယ်လျှင်၊ မကွယ်မဝှက်၊ ပိဋကတ်ဗေဒင်၊ ပညာရှင်တို့၊ ဆင်ခြင်တွက် က၊ ကွက်ကွက် ကွင်းကွင်း၊ ယူဇနာလေ၊ တာခရီးကို၊ ကာဆီးကင်းလို့၊ အလင်းမြင်ရ၊ ပမာနသို့၊ သိကြလိမ့်မည်၊ ရှေးစဉ်လာလေ၊ ဆရာလမ်းနှင့်၊ ညွှန်ပြရေလေ။

၂၀၀။ ညွှန်ပြလေကော၊ ဤသည်နိပါတ်၊ ရာမဇာတ်ကို၊ ဖတ်ရွတ်တုံငြား၊ ရက္ခမဏ္ဍာ လေ၊ ရွှေခိုင်ပြည်မှာ၊ မိတ်ဆွေများတို့၊ စဉ်းစားစရာ၊ အကြောင်းမှာက၊ လင်္ကာဒီပ၊ သီဟာဠသို့ ရာမရောက်သည်၊ မရောက်သည်မှာ၊ ကျောက်ဆည်တန်း ထား၊ ဟာနုမန်လျှင်၊ စီမံငြားလို့၊ ထင်ရှားပကတိ၊ ခုတိုင်အောင်လေ၊ ကျောက် ဆောင်စွန်းလျှင်၊ တန်းလို့ရှိ၏။ အိန္ဒိယခေါ်၊ နယ်ပုံမှာ၌၊ ကြည့်ပါကြလေ၊ ရှိ မရှိကို၊ သိလိမ့်မည်လေ၊ သေသေချာချာ၊ သို့ပါသော်လည်း၊ မြတ်စွာဘုရား၊ ရွှေနှုတ်တော်က၊ ထုတ်ဖော်ဟောသည်၊ အများကျမ်းဂန်၊ လမ်းမညွှန်၍၊ အမှန်အမှား၊ ဤနှစ်ပါးကို၊ စဉ်းစားထောက် ချင့်၊ သင့် မသင့်ဟု၊ အရင့်အနု၊ ရာမဇာတ်တော်၊ နိပါတ်လာကို၊ ထောက်မျှော်ရှုက၊ ဝတ္ထုဆင်ခြေ၊ မောဂ္ဂလီကျီထိုး၊ စကားမျိုးလည်း၊ အဖိုးမတန်၊ ယုတ်အလွန်ဖြင့်၊ ဟုတ်မှန်ဖြစ်စေ၊ ဖတ်နာသူတို့၊ မှတ်ယူရေးကို၊ နည်းပြမည်က၊လွန် လေရှေးက၊ ဖြစ်သမျှမှာ၊ မိန်းမ ယောကျ်ား၊ ကုသိုလ်ဟုန်နှင့်၊ ပြည့်စုံလောကခံလေ၊ မှန်မျက်မှောက်၌၊ တစ်ယောက်တကွဲ၊ ပျက်စမြဲဟု၊ ဤနည်းဤနာ၊ အဖြာဖြာကို၊ မျှော်ကာ ထောက်သော်၊ တို့သူငါမှာ၊ ဆိုရာမရှိ၊ မိမိဉာဏ်နှင့်၊ ဝေဖန်ညှိလို့၊ သတိသံ ဝေ၊ ဖတ်နာသူလေ၊ ဟူသမျှတို့၊ ရကြစေလေ၊ ဤသည်ဝတ္ထု၊ နိပါတ်နုကို၊ ဖတ်ရှုရ အောင်၊ မြို့တစ်လျှောက်လမ်း၊ အောက်ဈေးတန်းကို၊ လှမ်း၍ယောင်ပျာ၊ (အောင် သာဦး-ကောက်ရ)နှစ်ယောက်မူပိုင်၊ တစ်ယောက်ဆိုင်မှာ၊ ထိုင်ပြီးမှလျှင်၊ ရာမသာ ခြင်း၊ နားတော်သွင်းကို၊ လက်ရင်းရှင်ထံ၊ ဝယ်ယူပြန်သော်၊ အတန်နည်းငယ်၊ မူးပဲမျှလျှင်၊ လျှော့လိမ့်မည်လေ၊ ဤသည်ကဗျာ၊ သာခြင်းစာကို၊ ဇေယျာချီးကျူး၊ ဉာဏ်ကွန်ချာ နှင့်၊ စီကာပြုကော၊ ခု-ရက်-လ-နှစ်၊ လူ့ဝေါဟာလေ၊ အတာတက်ကော၊ သက္ကရာဇ် က၊ ဇော်အစပြု၊ မုအဆုံးချ၊ နှစ်လုံးမဖွေ၊ ဂဏန်းခြေမှာ၊ အလယ်ကလျှင်၊ ဆနှင့်ဓမ္မာ၊ ဥတုမှာက၊ ဟေမာကုန်းရှောင်း၊ နွေရာသီလေ၊ ဂိမှာန်ပြောင်းကော၊ တပေါင်းခေါ် လျက်၊ ကျော်ခြောက်ရက်တွင်၊ ကြွက်နံဒီဝါ၊ ဤအခါဝယ်၊ အက္ခရာပုဒ်၊ ဤကဗျာကို၊ စီကာဆုံးကော၊ နိဂုံးချုပ်တော။

## အဆုံးတစ်ပုဒ် နိဂုံးချုပ်ငိုခြင်း

မြေမဟီပထပျာ၊ အပေါင်းရွှာဌာနတွင်ဖြင့်၊ မေသီတာလောင်း ရာမကိုလား၊ အကြောင်းဖော်ကာပြပါလို့ စပ်ကဗျာ၊ အပေါင်းသဟာယရေတို့ ဖတ်စရာ၊ ဆရာထွန်းရေက၊ သာဆန်းကာ ငိုကာဆင်လို့၊ သီတာရှင် ခင်တစ်ပါးကိုဖြင့်၊ လေယာဉ်ပျံ ချာန်ရထားရယ်နှင့်၊ တင်ပြောကာဆောင်ယူခဲ့သော်ကြောင့်၊ ကွဲကွာရရှာ၊ နတ်မမီရင်အလှသာပ၊ မြတ်ညီတော်လက္ခဏာရယ်နှင့်၊ လောင်းရာမလိုက်ကာရှာတော၊ ဖီလာပရေဝေး၊ မှိုင်းရီညိုလေလေ၊ တိုင်းသီဟိုဠ် တစ်ဖက်ကမ်းကိုလား၊ ကျောက်တန်းဆည်ကာကူးပါလို့၊ ဟာနုမန် စစ်ဗိုလ်မှူးရယ်နှင့်၊ ဘီလူးမိစ္ဆာ ခန္ဓာကင်းတေအောင်၊ အလောင်းတော်ရာမမင်းရယ်က၊ အမယ်မင်း၊ လေးတော်နှင့်ခွင်းပါလို့၊ ရွှေခိုင်ပြည်၊ မိတ်ဆွေပေါင်းတို့ရေ ကွဲကွာတဲ့ခန်း။

**အလောင်းတော်ရာမ သာခြင်းကြီး**
**ဤတွင် ပြီးပြီ။**

**စာရေးသူ ဆရာထွန်း**
**စာအုပ်ရှင် အောင်သာဦး–ကောက်ရ၊**
**စစ်တွေမြို့**